www.burmeseclassic.com

# မဟူရာ

(လှိုင်ကော်)

## သစ္စာတည်ကြည်အချစ် ချန်ရစ်ခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com


ကိုကိုသည် …
ညီမလေး၏ မျက်ရည်တွေ
တိတ်သွားအောင်
ချော့မည့်သူဖြစ်ပါသည် …။
ကိုကို ငိုသည့်အခါ …
ကိုကို့ မျက်ရည်တွေ
ရပ်သွားတိတ်သွားအောင်
ညီမလေး သုတ်မပေးလျှင်လ
အရေးမကြီးပါ …။
ကိုကို့အတွက်ကတော့ …
ညီမလေး၏ မျက်ရည်တိတ်ဖို့
မျက်ရည်မကျဖို့သာ
အရေးကြီးပါသည် ….။

မျက်ဝန်း၏ …
ညှိုးဖျော့သိမ်ငယ်သော
အရိပ်တွေကို …
ကျွန်ုပ်သည် …
ကျွန်ုပ်၏ - မျက်နှာထင်နေသော
မှန်ထက်မှာမြင်ခဲ့တာ
နှစ်များစွာကြာခဲ့ပြီ ….။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မျက်ဝန်းဆီမှ...

ကျနေသော မျက်ရည်သည်

တစ်ကိုယ်လုံးရှိ

အားအင်တွေကို

ရိုက်ချိုး၍...

နှလုံးအိမ်ကို

ထိုးဖောက်၍...

ကျလာသော မျက်ရည်... ။

ကျွန်ုပ်၏နှလုံးသားသည်

အရေထူအသားမာတွေ

တက်ကုန်သည်အထိ

စိတ်ခံစားရာ

ဒဏ်ရာအပြင်းစားတွေဖြင့်

ရှင်သန်ခဲ့ရသည် ... ။

www.burmeseclassic.com

www.burmeseclassic.com

ညီမလေးကို စွဲနေသည့်စိတ်ဖြင့်
ညီမလေးလာနေသည်ဟု
ကိုကို ထင်ယောင်ထင်မှား
မြင်နေလျှင်လည်း
ညီမလေးကိုနှုတ်ဆက်ခဲ့သည့်
အပြုံးဟု ကိုကို မှတ်ယူခဲ့ပါသည်...။
အကယ်၍များ...
ညီမလေးရှိနေတာမှန်နေလျှင်
ညီမလေးကို...
ကိုကိုပြုံးပြခဲ့ခြင်းဟု
မှတ်ယူပါလေ ညီမလေး...



# မဟူရာ

(လှိုင်ကော်)

သစ္စာတည်ကြည်အချစ် ချန်ရစ်ခဲ့သည်



www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)

အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်
၂၀၁၅ ခုနှစ်၊ ဩဂုတ်လ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅ဝိ/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
မဟူရာ(လှိုင်ကော်)
သစ္စာတည်ဤအချစ် ချန်ရစ်ခဲ့သည်/မဟူရာ(လှိုင်ကော်)၊ ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၁၅။
၂၈၈ စာ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) သစ္စာတည်ဤအချစ် ချန်ရစ်ခဲ့သည်

www.burmeseclassic.com

ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်။

# မဟူရာ
## (လှိုင်ကော်)

# သစ္စာတည်ဤအချစ် ချန်ရစ်ခဲ့သည်

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com





ညီမလေးရေ ...

ပေးဆပ်ရချေမည်လား

အသက်အများကို နှင်းအပ်

မြို့မြှတ်ရာနလုံးသား

ခရီးရှည်သွားတဲ့ မေတ္တာ

တစ်သက်တာမိုင်တိုင်အဆုံး၏တစ်ဖက်

တမလွန်ပန်းခက်နဲ့ လှောငယ်

ချောင်းစွယ်အထိရောက်ရောက်

အစ်ကိုတစ်ယောက်ရဲ့အချစ်

ညီမရင်နှစ် ရွှေစင်နှစ်အတွက်

ထားရစ်ခဲ့လျက်ထွက်ခွာမည် ...

သစ္စာတည်ဤအချစ် ချန်ရစ်ခဲ့မည် ....။

ဪ ...

သစ္စာတည်ဤအချစ် ချန်ရစ်ခဲ့သည် ....။





www.burmeseclassic.com

www.burmeseclassic.com









## အခန်း (၁)

"သူဟာ သမီးရဲ့ ညီမလေးဖြစ်တယ် .. သူ့ကို မမွေးလို့မရဘူး ငွေ .. သမီးလေး နဲ့သာပျို မှာ အမေမရှိတော့ဘူး .. အမိမဲ့သမီးလေး တစ်ယောက်ဖြစ်တာကို စာနာစိတ်မွေးပါ သမီးငွေ .. ဒီတစ်ခေါက် ဖေဖေဟိုမှာ ရက်ကြာသွားခဲ့ရတာကိုက .. ယုယုမာ ရဲ့ မီးဖွားဖို့ကိစ္စ .. အဲသလိုရှိရာက .. ယုမာ သမီးလေးကိုမွေးရင်း ဆုံးသွားတော့ .. ဖေဖေ ဟိုမှာ လုပ်စရာကိုင်စရာရှိတာတွေအားလုံး လုပ်ကိုင်ပြီးမှ .. သမီးလေး နဲ့အတူ .. ပြန်လာခဲ့တာပဲ ငွေ .. သမီးငွေ လက်ခံချင်သည်ဖြစ်စေ .. လက်မခံချင်သည်ဖြစ်စေ .. ဖေဖေ့ သမီးလေး နဲ့သာပျို ကို .. ဖေဖေ ဒီမှာ မွေးကိုမွေးရလိမ့်မယ် .. ဘာလို့လည်းဆိုတော့ .. ဖေဖေဟာ .. နဲ့သာပျို ရဲ့ အဖေဖြစ်နေလို့ပဲ .."

"အို .. လက်မခံနိုင်ဘူး ဖေဖေ .. သူဟာ .. ဘယ်လိုနည်းနဲ့မှ ငွေ ရဲ့ ညီမလေးအဖြစ် ရောက်လာစရာမရှိတာပဲ .. မေမေမဟုတ်တဲ့ တခြား မိန်းမတစ်ယောက်က မွေးဖွားလာတဲ့ကလေးကို .. ငွေ့ ညီမလေးအဖြစ် ငွေ လက်မခံနိုင်ဘူး ဖေဖေ .. ပြီးတော့ .. ဒီအိမ်ဟာ .. မေမေ့အိမ် .. မေမေ့အိမ်မှာ .. အဲဒီ ဖေဖေ့ .. နောက်မိန်းမရဲ့သမီးကို .. ငွေ .. တင်မထား



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူး ဖေဖေ .."

ကျောင်းအပြန် အိမ်ရှေ့ပေါ်တီကိုအောက်မှာ ဖေဖေ့ကား ရပ်ထားတာ မြင်တာမို့ ..။ ဖေဖေ ပြန်လာပြီဟုသိရင်း ဝမ်းသာဇောဖြင့် အိမ်ထဲပြေးဝင်လာမိသည့် သူ့မှာ မြင်ကွင်းကြောင့်ရော ..။ ကြားရသည့် စကားများကြောင့်ရော မှင်တက်ငြိမ်ကျသွားရပါပြီ ..။ သူ နားကြားမလွဲ ..။ ဟုတ်သည် ..။ မလွဲ ..။ ဖေဖေသည် .. တခြားသောမိန်းမတစ်ယောက်နှင့် သမီးလေးတစ်ယောက်ရခဲ့ပြီတဲ့လား ..။ ညီမလေး ..။ ဟုတ်သည်။ ဖေဖေ့ စကားထဲမှာ ညီမလေးဆိုတာ .. သူ သေသေချာချာကြားခဲ့ရသည်ပဲလေ ..။ ရင်ထဲမှာ ထူးခြားသောခံစားချက်တစ်ခုက တိုးဝင်၏။ ကြည်နူးခြင်း ..။ ဟုတ်သည် ..။ ကြည်နူးနေခြင်း ..။ သူ့မှာ .. သူ့မှာ .. ညီမလေးရှိနေသည်တဲ့လား ..။ မမငွေ လို မျက်နှာထားကြီး တင်းချီထားမှာမဟုတ်သည့် ညီမလေးတစ်ယောက်ကို သူ ပိုင်ဆိုင်ခွင့် ..။ ချစ်ခွင့်ရတော့မည် ..။ စကားတွေ ပြောခွင့်ရတော့မည် ..။ ဟင့်အင်း ..။ မဟုတ်သေး ..။ ဖေဖေပြောသည့် အထဲမှာ ညီမလေးဆိုတာက မွေးဖွားခါစ ပေါက်စနလေးပဲရှိနေသည့် သဘောတွေပါနေသည်။ အလောတကြီး ဧည့်ခန်းမှာကြည့်မိတော့ ..။ ခေါက်ပုခက်လှလှလေးကို ပြန့်ပြန့်ခင်းကျင်းထားပါသည့်အရာ ..။ ပန်းနုရောင်ပုခက်လေး ..။ ထိုပုခက်လေးထဲမှာ ညီမလေးနံ့သာပျို ဆိုတာရှိ နေပေလိမ့်မည် ..။ ပြေး၍ ကြည့်လိုက်ချင်သည်ဒါပေမယ့် .. ခက်သည်က .. လောလောဆယ်မှာ ဖေဖေနှင့် မမငွေတို့ အချေအတင်ဖြစ်နေကြသည်။ အစကတည်းက .. သူ့အပေါ် မျက်နှာထားကြီးဖြင့် ခပ်တည်တည် နေတတ်ပါသည့် မမငွေ ကို သူ လန့်ရသည်လေ ..။ ခုလို .. မမငွေ လိုလားမှုမရှိသော ကလေး ..။ လက်မခံနိုင်သောကလေး ..။ မကြည်မဖြူရှိနေသည့် ညီမလေးကို မမငွေ ရှေ့မှာ သူပြေး၍ကြည့်ဟယ်မွှေ့ဟယ် လုပ်လျှင်ဖြင့် မမငွေ ၏ ဒေါသနှင့် တေးမှတ်ထားခြင်းတွေက သူ့အပေါ် မြားအစင်းစင်းစိုက်သည့်နှယ် ရှိကုန်ချေလိမ့်မည်





သာ ..။

"နင်ဟာ .. ဂြိုဟ်ကောင် .. နင့်ကို မွေးလို့ ငါ့အမေသေရတာ .. မေမေ ဆုံးရတာ .. နင်က .. ထွားလွန်းလို့ရော .. ကန့်လန့်ဖြစ်နေလို့ရော .. မြို့ဆေးရုံကိုပို့ပြီး မွေးရတဲ့ကိစ္စပေါ်လာတော့ .. ပို့တာကလည်းနောက်ကျ .. ဟိုမှာ အလုအယက် ကလေးကိုပဲ အရယူအသက်ယူပြီးခွဲမွေးပေးရသလိုတွေဖြစ်ကုန်ရတာကိုက .. နင့်ရဲ့ ကောင်းသောလာခြင်းမဟုတ်တဲ့ နက္ခတ်ကြောင့်ပဲ ထိန်သာ .. နင့်ကို မေမေက သားလေးမွေးရင် ထိန်သာ လို့ထားမယ် .. သမီးလေးမွေးရင် .. ချောမွေ့ လို့ထားမယ်လို့ အမြဲပြောပြောနေတာဟဲ့ .. နင်က ထိန်သာ အဖြစ်ရောက်လာတာမဟုတ်ဘူး .. မွဲပြာ အဖြစ်ရောက်လာတာ .. မေမေ့အသက်ကို ခြွေသွားတဲ့ကောင် .. အစကတည်းက နင့်ကို ဝမ်းမှာလွယ်ထားကတည်းက ဆရာဝန်ပြပါဆိုလည်း ဆေးရုံဆေးခန်းလန့်တဲ့ မေမေက ငါ့သမီးလေး .. ငွေမြမြ မွေးသလို အမွေးလွယ်မှာပါ .. အမွေးလွယ်မှာပါနဲ့ .. ရှိခဲ့တာ .. ဖေဖေက .. ဆရာဝန်ပြမယ် .. အပ်မယ်ဆိုရင်လည်း မေမေကငြင်းငြင်းနေတာလေ .. နင်ကိုက .. ငါ့လို ကောင်းသောလာခြင်းမျိုးနဲ့လာတာမှမဟုတ်တာ .. ဗိုက်နာအမွေးခက်တော့မှ .. ဆေးရုံပို့မယ့်ကိစ္စအားလုံးဝိုင်းနားချတော့မှ .. မေမေ ခေါင်းညိတ်ခဲ့တာလေ .. နင့်ကိုအသက်နဲ့ရင်းပြီး မေမေ မွေးခဲ့ရတာတဲ့ .. နင့်ကိုမြင်ရတာ .. ငါ .. မျက်စိထဲနစ်သဟဲ့ .. သောကတွေနဲ့ နစ်သဟဲ့ .."

အမြဲလိုလို .. စိတ်ထဲမခံနိုင်သမျှ .. ပြောချင်သည့်အခါတွေမှာ ပြောပြောချတတ်ပါသည့် မမငွေ ၏ စကားတွေက သူ့ရင်ထဲမှာ ကြေကွဲနေစေခဲ့သည်ပါပဲ။ သူသည် .. မေမေ့အသက်ကို နှုတ်သိမ်းခဲ့သော သား တစ်ယောက်အဖြစ် လူ့ဘဝကို စတင်ဝင်ရောက်လာသူ ဂြိုဟ်စီးဂြိုဟ်နင်း မကောင်းသည့်သတ္တဝါအဖြစ် မမငွေ အသေမှတ်ထားသည်ပါပဲ ..။ မေမေဆုံးတော့ မမငွေ က ဆယ့်ကိုးနှစ်အရွယ်ရှိနေပြီ ..။ သူနှင့်အသက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကွာသည်။ နှောင်းမှရသည့် နောက်တိုးကလေးဟူ၍ မေမေက အရမ်းကိုမျှော်လင့်ထားသည်တဲ့ ...။ တကယ်က .. မေမေ့ကို အသက်နှုတ်သည့်သားဟူ၍ မေမေ မသိထားခဲ့ပါ .. ဟု မမငွေ အမုန်းတွေဖြင့် သူ့ကိုကြည့်ရင်း ပြောပြောနေတတ်သမျှ ...။ သူ့မှာ နားရေလည်း ထူအောင်ကြားရ ...။ နှလုံးသားလည်း အရေထူအောင် အသားမာတွေတက်ကုန်သည်အထိ စိတ်ခံစားရာ ဒဏ်ရာအပြင်းစားတွေဖြင့် ရှင်သန်လာခဲ့ရပါသည့်အဖြစ် ....။ ခုလည်း .. ဖေဖေနှင့် မမငွေ တို့က အချေအတင်ဖြစ်နေကြသည့် မြင်ကွင်းကို ရင်ဆိုင်တိုးနေရသည့်ကာလထဲ တိုးဝင်နေရပြန်ပြီ...

"ဖေဖေက မေမေ့ ဆန်စက်မှာ စာရေးလုပ်တဲ့သူပါ .. ဘိုးဘိုးရဲ့ ဆန်စက်ဆိုတာ မေမေ့ ဆန်စက်ပဲပေါ့ ဖေဖေ .. ခု .. ဖေဖေ ချမ်းချမ်းသာသာနေရတာဟာလည်း မေမေ့ရခဲ့တဲ့ အမွေအနှစ်တွေကြောင့်ပါ .. မေမေ့ကြောင့် ချမ်းသာရတဲ့ ငွေကြေးတွေနဲ့ .. ခုလို .. ဖေဖေ မြို့ပေါ်တက်ပြီး ကန်ထရိုက်အလုပ်လုပ်နိုင်တာကိုတော့ ဖေဖေ ငြင်းနိုင်မှာမဟုတ်ပါဘူးဖေဖေ .. တကယ်တော့ ဖေဖေဟာ ကွယ်လွန်ခဲ့ပြီဖြစ်တဲ့ မေမေ့အပေါ်မှာ သစ္စာရှိဖို့ကောင်းပါတယ် .. မေမေ့ ချမ်းသာစည်းစိမ်ကြောင့် လူချမ်းသာကြီးအဖြစ် ဂုဏ်မြင့်နေရတဲ့ ဖေဖေဟာ .. အဲဒီ ချမ်းသာဂုဏ်ကို မက်နေတဲ့မိန်းမတစ်ယောက်နဲ့ လက်ထပ်လိုက်တာကိုက .. မေမေ့ကို .. သစ္စာဖျက်ခြင်းပဲ ဖေဖေ .. တကယ်က .. ဖေဖေဟာ တခြားမိန်းမတစ်ယောက်ကို လက်ထပ်လိုက်တာထက် .. မေမေ့ကို လွမ်းဆွတ်နေတဲ့သူ ဖြစ်နေသင့်တာပါ ဖေဖေ .. ဖေဖေ သိပ်ရက်စက်တာပဲ .. မေမေ့အပေါ် သိပ်ရက်စက်တာပဲ ဖေဖေရယ် .."

မမငွေ ပြောလာသည့်စကားကြောင့် ဖေဖေ တွေတွေကြီး မမငွေကို ငေးကြည့်နေသည်။ မျက်ဝန်းဝယ် ကြေကွဲရိပ်ထင်၏။

"သြော် .. သမီး ငွေ က .. ဒီစကားတောင်ပြောတတ်နေပြီကိုး .. ဘာတဲ့ .. ဖေဖေ ချမ်းသောင့်ချမ်းသာ ခုလို နေနေရတာဟာ .. မိန်းမ





အမွေကြောင့် .. ဟုတ်လား .. ကြည့်စမ်း .. ငါ့ရှေ့မှာ ရပ်နေတဲ့သူဟာ ငါ့သမီး စင်စစ်ဖြစ်နေပြီး .. အဖေကို .. ခြူးတစ်ပြားမချမ်းသာ .. ခြူးတစ်ပြားမတန်တဲ့လူတစ်ယောက်လို့ မထောက်မရက်ပြောနေတာပါလား .. အတ္တတယ်ကြီးသကိုး သမီး ငွေ .. အဲသလောက်ကြီးနေတဲ့ အတ္တအမှောင်ကြောင့် အဖေမှန်းမသိ .. ရှိသေရမှန်းမသိ .. ကျေးဇူးတရားမသိ .. လုံးလုံးကြီး အမှောင်ထဲရပ်နေသလိုဖြစ်နေပါလား .."

ဖေဖေ ကြေကြေကွဲကွဲပြောနေချိန်မှာ မမငွေ သည် မျက်နှာကို ခိုထားတာမပျက်။ မျက်ဝန်းတွေမှာ ခေါင်းမာရိပ်တွေမပျက် ...။ နောင်တရဖော်လည်းမရှိ။ ထုံးစံအတိုင်း အရာရာသည် မမငွေ သည်သာ အမှန်ဆိုသည့် အချိုးမျိုးပဲ ဆက်လက်ရှိနေဆဲ ...။

"ဟုတ်တယ် .. ဖေဖေဟာ ငယ်ကတည်းက မိဘမဲ့တစ်ကောင်ကြွက် .. အစကတည်းက လူချမ်းသာသားမဟုတ်တဲ့ ဖေဖေဟာ .. ဒီရွာက .. ဘကြီးဘုန်းတော်ကြီးကျောင်းကို ရောက်လာရတယ် .. ဒါကလည်း .. မြို့ပေါ်မှာ မိဘမဲ့ဖြစ်နေတဲ့ တူတော်မောင်ကို ဘဘုန်းကြီးက ခေါ်ပြီး စောင့်ရှောက်ရတော့တာကိုး .. ရွာမှာနေ .. ရွာမှာစာသင် .. မြို့ပေါ်တက် .. ကိုးတန်းဆယ်တန်းကျောင်းသားဖြစ် .. ဆယ်တန်းအောင်တော့ မွှေးချို ရဲ့ အဖေဖြစ်တဲ့ ဦးလေး ဦးသူအောင် ရဲ့ အောင်ချမ်းသာဆန်စက်မှာ စာရေးဝင်လုပ်ခဲ့ရတယ် .. ဒါကလည်း ဦးလေး ဦးသူအောင်က လိုလိုလားလားခေါ်ပြီး စာရေးဝင်လုပ်ဖို့ပြောတာမို့ .. ဘဘုန်းကြီးက အလုပ်အဝင်ခိုင်းခဲ့တာပါ သမီးငွေ .. ငါဟာ မွေးကင်းစအရွယ်မှာ အမိမဲ့ခဲ့ရတယ် .. ဆယ်နှစ်သားမှာ အဖမဲ့ခဲ့ရတယ် .. ဒီရွာကို ဘဘုန်းကြီးအားကိုးပြီး ရောက်ခဲ့ရတယ် .. ဦးလေး ဦးသူအောင် ရဲ့ မျက်စိရှေ့မှာပဲ ကြီးပြင်းလာခဲ့ရသလိုဖြစ်နေခဲ့တာမို့ .. ရိုးသားတဲ့ ကြိုးစားတဲ့ .. မောင်သီလဆိုတဲ့ ကောင်လေးနဲ့ သမီးဖြစ်သူ မွှေးချို ကို နေရာချပေးချင်တာ ဘဘုန်းကြီးဆီမှာ လာလျှောက်တာမို့ .. ငါ .. ဟောဒီက ငမဲ သီလ ဆိုတဲ့ကောင်



www.burmeseclassic.com

www.burmeseclassic.com



ဟာ .. ညည်းရဲ့ အမေ မွေးချို နဲ့ ညားခဲ့တယ်ဆိုပါတော့ .. ညည်းပြောတဲ့ အပြောအတိုင်း ပြောရရင် .. ဟောဒီ ငမွဲ .. ဟောဒီက မိဘမဲ့ .. ဟောဒီက .. ဘာမှ ပနီတစ်ပြား မချမ်းသာတဲ့ကောင်က .. ဒီအိမ်ကြီးပေါ် ရောက်လာရတယ်ဆိုပါတော့ ငွေ .."

ဖေဖေ ပြောနေရင်း မျက်ရည်ကျနေသည်။ စိတ်နောက်ကိုယ်ပါ ရင်ကိုဖြန်းဖြန်းပါအောင် ထု၍ထု၍ မချိတရိပြောနေတာကိုမြင်နေ တော့ သူ မျက်ရည်လိုက်ကျလာသည်။ ဖေဖေ ငိုနေသည်ကိုးလေ .. ဖေဖေ့ကို သနားစိတ်ဖြင့် လိုက်၍ ငိုနေမိခြင်း ..။ ငိုနေရင်းဖြင့်လည်း အဝင်တံခါးမကြီးဘက်ကို နောက်ဆုတ်၍သွားမိရကာ ကိုယ်လေး တံခါးပြင်ဘက်ရောက်တော့မှ တံခါးကျည်းဆောင်ကို မျက်နှာလေးတစ်ခြမ်းဖော်၍ မြင်ကွင်းကို ကြည့်နေမိရပြန်ပါသည့်အဖြစ်။ စောစောက သူ အခန်းထဲရောက်နေခဲ့တာကို ဘယ်သူ့ဘယ်သူမှ ဖေဖေရော မမငွေရော မမြင်ခဲ့ကြ ..။ သူ့ဖော ကိုယ့်ဖောဇွေ့တင်နေရင်း တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြ ..။ ပြောနေကြတာမို့ ဘေးဘီကို အာရုံပင်ထားမိကြပုံမရ..။ သူကတော့ တံခါးကျည်းဘောင်ကြီးမှာ မျက်နှာတစ်ခြမ်းလေးပေါ်ရုံ ခေါင်းလေးပြူ၍ ကျိတ်ငိုရင်း မြင်ကွင်းကိုကြည့်နေမိရဆဲ..

"ဒါပေမယ့် မိငွေ .. ငါ့မယားဖြစ်တဲ့ .. မွေးချို ဟာ ငါ့ကိုဘယ်တုန်းကမှ မတူမတန်မလုပ်ခဲ့ဖူးဘူး .. တစ်သက်လုံး ချစ်မြတ်နိုးရတဲ့.. ရှိသေရတဲ့ ခင်ပွန်းသည်အဖြစ် ငါ့အပေါ်မှာ တလေးတစားရှိခဲ့တယ်.. ငါကလည်း မွေး ကို .. မြတ်မြတ်နိုးနိုးချစ်ခဲ့တာပါပဲ .. မွေး ဆုံးတော့.. ငါ .. အရှုံးတစ်ပိုင်းခံစားရတာ ညည်း အမြင်ပါ .. ညည်း ငယ်တော့ တာမှမဟုတ်တာ .. ဆယ့်ကိုးနှစ်သမီးဖြစ်နေပြီပဲ .. ငါ့လက်ထဲမှာ .. ခင်နှီးထုပ်ဖွေးဖွေးလေးနဲ့ သားလေးကျန်ခဲ့တယ် .. ဥမမယ်စာမမြောက်.. အမေ့နို့ချိုမှ မသောက်စို့ရပဲ လောကကြီးမှာ-အဖေ့ရင်ခွင်ထဲကျန်ခဲ့ရှာတဲ့ ငါ့သားလေးကို ငါ သနားတယ် .. အသက်ငယ်ငယ်လေးနဲ့ လောက





ကြီးက ထွက်ခွာသွားတဲ့ မွေး ကို ငါ .. မခွဲနိုင်ဘဲဖြစ်နေတယ် .. အဲဒီတုန်းက .. ညည်း .. ညည်းရဲ့ မောင်လေးကို ယောင်လို့တောင် ပွေ့ဖော်ရခဲ့လား .. ဒီကလေးကို မွေးလို့ အမေ သေရတယ်ဆိုပြီး ကလေးအပေါ်မှာ မဆီမဆိုင် အတောအမုတ်ကြီး .. အညှိုးတကြီးကြီး .. အမုန်းတခါးခါးနဲ့ ညည်းနေရက်ခဲ့တာပဲ .. နေရက်ခဲ့တာပဲ မိငွေ .. ဟင် .."

ဖေဖေ ပြောရင်း ရင်ကိုထပ်ထုချိန်မှာ သူ ခေါင်းလေးပါ တစ်ဖက်သို့ ပြန်ကွယ်ပုန်းလိုက်ပြီး မျက်ရည်တွေ ပေါက်ပေါက်စက်စက်ထိန်းမရအောင် ကျနေရပါပြီ။ ဆယ့်သုံးနှစ်အရွယ် ထိန်သာ ဆိုသည့် ကောင်လေးတစ်ယောက်၏ ငယ်ဘဝ ..။ လူလောကထဲ ရောက်ခါစအရွယ်လေးမှာ ခင်နှီးထုပ်လေးဖြင့် .. အဖေဆိုမှ အဖေတစ်ယောက်တည်း၏ ရင်ခွင်တစ်ခုသာ ခိုဝင်ခွင့်ရခဲ့သည့်ဘဝကို ကြေကွဲနေမိသည်။ တကယ်ဆို .. မငွေ သည်လည်း သူ့ကို ချီပွေ့သင့်သည်မဟုတ်ပါလားလေ ..။ တကယ့်ကို .. မမငွေ သည် သူ့ကို တစ်ခါဖူးသော်မှ မချီခဲ့ ..။ သူ လူမှန်းသိတတ်အရွယ်ကတည်းက မှတ်မိနေရသည်ကတော့ မမငွေ ၏ မာကြောသော မျက်နှာထားကြီးပဲဖြစ်နေခဲ့ရသည်တည့် ..။

"အို .. သူ့ပါးမှာလည်း အနီမှတ်ကြီးကပါလာသေးတယ် .. ရုပ်ကလေးချောချင်ပါရက်ကယ်နဲ့ .. အဲဒီ အနီမှတ်ကြီးက ပါးပေါ်မှာ တစ်ဝက်လောက်ရှိနေတဲ့ဥစ္စာ .. မျက်နှာကို မီးခဲတင်ထားသလို ရင်ထဲခံစားရတယ် ဖေဖေ .. သူဟာ .. မွေးကတည်းက သေသင့်တာ .. မေမေသာ ကျန်သင့်တာ .. မေမေ ကျန်ခဲ့တယ်ဆိုရင် .. နောက်ထပ်မောင်လေးချောချောတစ်ယောက်ကို မွေးပေးနိုင်တယ်လေ .. မှင်စာကောင်ကိုချန်ပြီး အမေက နတ်သမီးလေးလို ထွက်သွားရတာလေ .."

"မိငွေ .. တန်တော့ .. ရပ်တော့ .. ညည်း .. ဒီထိ .. ဒီကလေးအပေါ်မှာ ဒီလောက်ထိ ခါးသီးနေတာကို ရပ်တော့ .. အဲဒါ .. အဲဒါ .. ငါ့သားဘွ .. မင်း အမေ့ရဲ့သား .. ချန်ခဲ့ရာ သား .. ညည်းနဲ့ ဆိုရင် မောင်အရင်း..



www.burmeseclassic.com

www.burmeseclassic.com

သူ့ကို မွေးလို့ အမေသေရတယ်ဆိုတာဂ ို လိုရာဆွဲပြီး .. ဒီအထိ ရင်ထဲမှာ အမုန်းမီးတွေသိမ်းထားတာ ညည်း ကိုယ်တိုင်ဖြစ်နေတယ် .. အဲဒီမီးဟာ .. ငါ့ကိုလည်း လောင်တယ် .. ငါ့သားလေး ထိန်သာ ကိုလည်း လောင်တယ် .. ညည်း .. ရပ်တော့ ..''

ဖေဖေ ထအော်နေသံတွေကို သူ ကြားနေရသည်။ ဒါပေမယ့် သူ ခိုး၍ချောင်း၍ပင် မကြည့်ဖြစ်တော့ ..။ ကိုယ်လေး လျှောချလိုက်ဂ ံ နံရံကိုမှီ၍ လက်ကလေးပိုက်ကာ ခြေဆင်း၍ထိုင်နေရင်း ငိုနေမိရပါ၏။ နောက်တော့ လက်ပိုက်လေးကို ဖြည်မိကာ ပါးပြင်ကိုစမ်းမိသည်။ ပါးပြင်ပေါ်မှာ ရှိနေသည့် အနီမှတ်ဆိုတာက အသားပေါ် နည်းနည်းပင် ဖောင်းကြွ၍ထင်နေသည့် အမှတ် ..။ နီရဲရဲလည်းရှိနေသည့်အမှတ် ..။ ကျောင်းမှာက သူငယ်ချင်းတွေက မှတ်ကြီး ဟု နောက်ပြောင်ကြည့်စယ်၍ပင် ခေါ်ခေါ်နေကြပါသည့်အဖြစ်။ ဒါပေမယ့် မမငွေ လို .. မှင်စာဟုတော့ ဘယ်သူ့ဘယ်သူကမှ ခေါ်ဖူးကြတာမရှိခဲ့။

''ဟုတ်တယ် .. ငါက မှင်စာပဲ .. မေမေ့ကို .. ဒုက္ခပေးတဲ့မှင်စာ..''

သူ ငို၍ ရင်ထဲမှ ပြောနေမိခြင်း။ လက်ဖဝါးလေးတွေက ပါးပေါ် အုပ်ထားမိရပါ၏။ သူ့ ဘယ်ဘက်ပါးနေရာထက်မှာ လက်ဖဝါးလေးက အလိုလိုအုပ်မိုးထားမိလျက်သား ဖြစ်သွားရပါပြီ။ ပါးပြင်၏ အရေပြားထက်မှာ ထူထူထဲထဲကြီး မျက်နှာပြင်ထဖ်မှု ရှိနေပါသည့် အမှတ်ကြီး၏ အနားသတ်တွေကိုလိုက်၍လိုက်၍ လက်ချောင်းလေးတွေဖြင့် တောက်လျှောက်ထိမိနေရပါ၏။ ငိုလည်းငိုနေမိဆဲ ..။ တကယ်လည်း အရုပ်ဆိုးနေသည့် အမှတ်ကြီးတစ်ခုဖြစ်နေသည်ဆိုတာ ကိုယ့်မျက်နှာမှန်ထက်မှာ ထင်နေသမျှ ကြည့်မြင်နေခဲ့ရပါသည့် ဘဝပေမို့ ..။ ရုပ်ဆိုး ထိန်သာ ဆိုသည့် ခံစားချက်ကြီးက နှလုံးသားကို ခွဲခွဲရှရှလှီးဖြတ်နေသည့် ဓားတစ်စင်းနှယ်ရှိခဲ့သည်ကလည်း ကြာခဲ့ပြီပဲလေ ..။ ဘယ်တော့မှ ဤအမှတ်နီကြီး မပျောက်တော့ပြီဆိုတာကိုလည်း အလိုလိုနားလည်





သိထားရသည်မို့ ..။ အရွယ်တူကလေးတွေ၏ မျက်နှာပြင်ချောချောမွေ့မွေ့ကိုမြင်ရတိုင်း အားကျမိတတ်ခဲ့ရသည့်နှယ် ..။ ကိုယ့်အနီမှတ်ကြီး ထင်းထင်းထင်နေရာ ရုပ်အဆင်းကြောင့်လည်း အလိုလိုလိမ်ငယ်ခဲ့ရသည်ကလည်း ထိန်သာ ဆိုသည့် ကောင်ငယ်လေးတစ်ယောက်၏ သိတတ်စအရွယ်မှသည် ယခုတိုင်သည်အထိ နှစ်သက်ကြာခဲ့ပြီကောလေ..။

''ဟုတ်တယ် .. ငါက မှင်စာပဲ .. မမငွေ ကြည့်တဲ့အကြည့်တွေထဲမှာ .. ငါ့ကို မြင်တိုင်း သရဲတွေ့သလိုကြည့်ကြည့်နေတာ .. ငါ .. ငါ.. အစကတည်းက သေသွားရင်ကောင်းမှာ .. ငါ့လို ရုပ်ဆိုးကြီးက သေသွားပြီး .. မေမေက နောက်ထပ်အရုပ်ချောချောနဲ့ သားလေးတစ်ယောက် ထပ်မွေးခဲ့ရင် ကောင်းမှာ .. ကောင်းမှာ ..''

သူ မျက်ရည်စက်လက်ဖြင့် ရင်ထဲဆို့နေရင်း တွေးနေမိစဉ်မှာ အိမ်ဧည့်ခန်းဆီမှ ဖေဖေနှင့် မမငွေ တို့၏ စကားသံတွေကလည်း တိတ်သွားသည်မရှိ ..။ ဆက်၍ တစ်ယောက်နှင့်တစ်ယောက် ပြောနေကြမြဲ ..။

''ဖေဖေက မေမေနဲ့ အိမ်ထောင်ကျ .. ဘိုးဘိုးက ဆက်ပြီး ပညာသင်ပေးလို့ .. အင်ဂျင်နီယာဘွဲ့လည်းရ .. လူရာဝင် လူရိုသေခံရတဲ့ ပညာတတ်ကြီးဖြစ်ခဲ့ရတာပါ ဖေဖေ .. အဲဒီပညာနဲ့ ဖေဖေ မြို့ပေါ်မှာ ကန်ထရိုက်အလုပ်ကြီးတွေ လုပ်ကိုင်နိုင်ခဲ့တာပါ .. အဲဒါ .. ဘိုးဘိုးရဲ့ မေတ္တာနဲ့ ကျေးဇူး .. မေမေ့ အချစ်တွေ .. မေမေ့ ကျေးဇူးတွေကြောင့် ဆိုတာ ဖေဖေ ငြင်းရဲလို့လား ဖေဖေ .. ဟင် .. ခုလို .. ခုလို .. မေမေဆုံးပြီး ဆယ့်သုံးနှစ်ရောက်မှ နောက်မိန်းတစ်ရေ ာက်ယူထားတာကိုက ဖေဖေ မေမေ့အပေါ် သစ္စာဖောက်တာ .. သေသွားကြပြီဖြစ်တဲ့ ဘိုးနဲ့ မေမေလည်း ဒီအဖြစ်ကို ခွင့်လွှတ်မှာမဟုတ်သလို .. ပျံလွန်တော်မူသွားပြီဖြစ်တဲ့ ဘဘုန်းကြီးကလည်း ခွင့်လွှတ်မှာမဟုတ်ဘူး ဖေဖေ .. ဒီကလေးကို .. တခြားနေရာမှာမွေးပါ ဖေဖေ .. ဒီအိမ်မှာတော့ အမွေးမခံနိုင်ဘူး.. မေမေ့ ဝိညာဉ်လေးမြင်ရင် .. ရင်ထုမနာဖြစ်မှာ .. မေမေက သေသည်



www.burmeseclassic.com

www.burmeseclassic.com



အထိ ဖေဖေ့အပေါ် သစ္စာတည်ခဲ့တဲ့သူပါ ဖေဖေ .."

မမငွေ အော်ပြောနေတော့ ဖေဖေထံမှ အသံထွက်မလာတော့ဘဲ ကြမ်းပေါ်တစ်ခုခုကို ရိုက်ချလိုက်သံ ..။ တစ်ခုခုကျိုးသံထွက်လာတာမို့ အလန့်တကြား သူ ခေါင်းလေးပြူ၍ စောစောကနှယ်ပင်ခိုးကြောင်ခိုး ဝှက်လေး ချောင်းခန်းကိုကြည့်မိရပါပြီ ..။ ထိုင်ခုံတစ်လုံးသည် ကြမ်းပေါ်မှာ ခြေထောက်ကျိုးသည့်ပုံဖြင့် တုံးလုံးပက်လက်ဖြစ်နေသည်။ ဖေဖေကလည်း မျက်တောင်မခတ် မမငွေ ကိုကြည့်နေရင်း လက်သီးကိုဆုပ်ထားကာ အံခဲ၍ပြောချနေပါသည့်အဖြစ် ..။

"ညည်းသိထားဖို့က .. ငါဟာ အဖေဖြစ်တယ် မိငွေ .. သမီးဆိုတာ သမီးနေရာမှာ နေရတယ် .. နားလည်လား .. ဒီအိမ်မှာ .. ဘာလုပ်ရမယ် .. ဘာကိုမလုပ်ရဘူးဆိုတာ ဆုံးဖြတ်နိုင်ခွင့်အရှိဆုံးသူဟာ ငါဖြစ်တယ် .. ငါက ညည်းရဲ့အဖေ .. နားလည်ရဲ့လား .. ဒီမှာ .. ငါ့သမီးကို ဒီအိမ်မှာ ငါမွေးမယ် .. ညည်း .. မကျေနပ်လည်း ငါ ဂရုမစိုက်ဘူးဆိုတာ ရှင်းရှင်းလင်းလင်းနားလည်ထား .. နေစမ်းပါဦး .. ဦးလေးဦးသူအောင် .. ညည်းရဲ့ ဘိုးဘိုးက ငါ့ကို ခွင့်မလွှတ်ဘူးတဲ့ .. မွေး က ငါ့ကို ခွင့်မလွှတ်ဘူးတဲ့ .. ဘဘုန်းကြီးက ငါ့ကို ခွင့်လွှတ်မှာမဟုတ်ဘူးတဲ့ .. အဲသလောက်ထိ ညည်းကို ဘယ်သူက ထင်မြင်ချက်တွေ ပေးခွင့်ပေးထားသလဲ .. ဦးလေး ဦးသူအောင် နဲ့ မွေး တို့အပေါ်မှာ ငါက ဘာတွေများ သစ္စာဖောက်နေလို့လဲ .. မွေး ဆုံးပြီး .. ဒီလောက်ကြာမှ ငါ နောက်အိမ်ထောင်ထူခဲ့တာပါ .. ညည်း မသိအောင် ငါ မြို့ပေါ်မှာပဲ ယုမာကိုထားတယ်ဆိုတာက လည်း ညည်း စိတ်ကိုသိလို့ပဲ .. ညည်းဟာ .. အဖေဖြစ်သူရဲ့ အိမ်ထောင်ထူရာမိန်းမကို မဆိုထားနဲ့ .. အမိမဲ့ မောင်အရင်းပေါ်မှာတောင် .. မေတ္တာမထားဘဲ နေရက်တဲ့အကျင့်ရှိတဲ့သူပဲလေ .. ငါ့မယား ယုမာ ကို .. ငါ ဒီအိမ်ကိုခေါ်မလာတာကိုက .. ညည်းနဲ့ အဆင်မပြေနိုင်ဘူးဆိုတာသိလို့ပဲ .. ဒီမှာ မိငွေ .. လူတစ်ယောက်





- အချစ်ဆိုတာ .. ရှင်သန်နေခွင့်ရှိတယ် .. မွေး ဆုံးသွားခဲ့တာကတည်း နောက်အိမ်ထောင်ထူဖို့ဆိုတာ ငါ ဘယ်တုန်းကမှ မစဉ်းစားခဲ့တာ နဲ့ပဲ .. ဒါပေမယ့် .. ငါ့ ကန်ထရိုက်အလုပ်လုပ်ရာ အိမ်တစ်လုံးရဲ့ ဘက်မှာရှိနေတဲ့ ယုမာ ကို ငါ တွေ့ခဲ့ရတော့ .. မိန်းမသားတစ် ကတည်း အားမာန်နဲ့ .. စက်ချုပ်ဆိုင်လေးဖွင့်ပြီး ဘဝကိုရပ်တည် ရှာတာ၊ မြင်ရင်း .. သူ့ရဲ့ ရိုးသားတည်ငြိမ်မှု .. သူ့ရဲ့ လှပကျော့ရှင်း - အနေအထိုင်လိမ္မာမှုတွေကို မြင်မြင်နေရင်းက .. သူ့ကို .. မေတ္တာ လို့ .. ရပ်ရွာလူကြီးတွေဆီမှာ .. ခွင့်ပန် .. စကားကမ်းစေပြီး .. ငါ .. သိရှင်ကြား လက်ထပ်ခဲ့တာပဲ မိငွေ .."

"အို .. မရဘူး .. ဘယ်ပိုပဲ လက်ထပ်လက်ထပ် .. မြို့ပေါ်က ..မြို့ပေါ်မှာပဲချန်ခဲ့ .. ဒီကို သယ်မလာပါနဲ့ ဖေဖေ .. အို .. မရိုး ားကြပုံများ .. ဖေဖေ့ လူယုံကြီးဖြစ်တဲ့ ဘဘယုန် လည်း သစ္စာမရှိ ာပဲ .. တကယ်ဆို .. ဘဘယုန် ဟာ ဘိုးဘိုးရှိကတည်းက ဘိုးဘိုးရဲ့ ယုံကြီးအဖြစ် ဆန်စက်မှာရှိခဲ့တာပါ .. ဖေဖေ အင်ဂျင်နီယာကြီးဖြစ် မြို့မှာ ကန်ထရိုက်လုပ်တော့မှ ဖေဖေနဲ့ .. ပါသွားရတာပါ .. တကယ် .. ဒီကိစ္စ .. အဲဒီမိန်းမအကြောင်းတွေ .. ဘဘယုန် ငွေ့ ကို ပြောပြ ကောင်းတာပေါ့ .. အို .. ဘဘယုန် ကိုလည်း မထားဘူး .. အလုပ်က တ်ပစ်မယ် .. ထုတ်ပစ်မယ် .. ငွေ့ မှာဖြင့် .. ဖေဖေ ဟိုမှာ အလုပ် ဖြောင့်အကိုင်ဖြောင့်ရှိစေဆိုပြီး အောင်ချမ်းသာဆန်စက်ကြီးကို ဦးစီးနေ လိုက်ရတာ .. ဆယ်တန်းအောင်တာတောင်မှ အဝေးသင်နဲ့ပဲ ဘွဲ့တစ်ခု ယူခဲ့ရတာ .. တကယ်ဆို .. တက္ကသိုလ်တက .. ဟိုမှာပညာသင် .. ်သူရှိခဲ့ရင်လည်း ဘွဲ့ရတာနဲ့ လက်ထပ် .. ဒီဆန်စက်ကြီးကို ငွေ ကဦးစီး .. အဲသလိုရှိသင့်တာ .. ငွေ့ မှာ ခင်ပွန်းသည်လည်းရှိ .. ခရိ အချိန်မှာ .. တစ်ယောက်တည်းမဟုတ်တဲ့ ငွေ .. ခင်ပွန်းသည်ရဲ့ ရပ် ရှိနေတဲ့ ငွေ အဖြစ်ဖြင့် .. ရှိနေသင့်တာ .. ဖေဖေ့ကို .. ငွေ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်းအားနဲ့ ရင်ဆိုင်နေရတောမှာ မဟုတ်ဘူး ဖေဖေ .. ငွေ ကတော့
ပြော် .. ငါ့အဖေ .. မုဆိုးဖိုဘဝ .. သားသမီးနှစ်ယောက်ရဲ့ တာဝန်
ယူရရှာတဲ့ဘဝ .. မေမေ့ကို ဖေဖေ အရမ်းတမ်းတရင်း စိတ်ဆင်းရဲ
ရရှာတယ် .. ငါ အိမ်ထောင်ပြုရင် .. ငါ့ အိမ်ထောင်က ငါ့အဖေ
စိတ်ဆင်းရဲအောင်လုပ်ရင် ဘယ့်နှယ်လုပ်မလဲ .. ဖေဖေ စိတ်ထိခို
ပင်ပန်းရရှာမယ်ဆိုပြီး .. ငွေ့ အသက်သုံးဆယ့်နှစ်နှစ်ထဲ ရောက်တဲ့အထိ
အိမ်ထောင်ရေးကို လုံးဝထည့်မထားခဲ့တဲ့ သမီးပါ ဖေဖေရဲ့ .."

မမငွေ ငို၍ပြောနေသမျှ ဖေဖေ ဘာမျှတုန့်ပြန်ပြောနေတာ
မကြားရသေး ..။ မမငွေ ကို တွေတွေကြီး ဖေဖေ ငေးစိုက်ကြည့်
သည်။ စောစောက ဖေဖေ့ထံမှာ မြင်ခဲ့ရပါသည့် ကြေကွဲဒေါသမျိုး
ထပ်မတွေ့ရတော့ ..။ ဖေဖေ ငိုင်နေပါ၏။ ရုတ်ချည်းပင် ဖေဖေသည်
ပို၍ အိုစာလာသည်သို့ဖြစ်လာသည်။ အားကုန်ကြိုးပြတ်ကြီး ဆိုဖာထ
မှာ ဖေဖေ ထိုင်ချလိုက်ပါ၏။ မျက်နှာကို လက်ဖဝါးတွေဖြင့် အုပ်မိုးထား
ကာ အငြိမ်ကြီးငြိမ်ကျနေသည်က ဖေဖေပါ ..။ သူ .. ဖေဖေ့ကို သနား
ပြီ။ ဖေဖေ ငိုနေသည်ဟု သူသိနေသည်။ အော်ဟစ်ငိုနေတာမဟုတ်
မယ့် ဖေဖေ မျက်ရည်တွေ တိတ်ဆိတ်စွာကျနေသည်ဟု သိနေရသည်
သူသည်လည်း မမငွေ ကြောင့် .. ဘယ်သူမှမသိအောင် တိတ်တိတ်လေး
အခန်းထဲမှာငြိမ်နေရင်း ငိုတတ်ဘူးသည်ပဲလေ ..။ ထိုအတွေ့အကြုံသည်
ကြိမ်ဖန်များစွာ လူ့ဘဝထဲမှာ ခေါက်ရိုးတကျ ဖြတ်သန်းခဲ့ပြီးခဲ့ပြီ
အသားတကျဖြစ်နေခဲ့ပြီးပြီ။ ဘာမျှ ပြောင်းလဲနိုင်ခွင့်လည်း ရှိမှာမဟုတ်
ဘာကြောင့်ဆို .. မမငွေ သည် အလွန်မျက်နှာမာလျက် စိတ်ခတ်အား
ဖြင့်လည်း ပြင်းထန်ကာ တဇွတ်ထိုးရှိတတ်သည်ကိုးလေ ..။ မမငွေ
ကို ဒေါ်ကြီးထား မှ မကြာခဏကြိုးစား ဖျောင်းဖျဖူးသည်။ ထိန်သာလေး
ကို ချိုချိုသာသာလေး ပြောဆိုပါကွယ် .. ဟု ပြောလေသမျှ ဘယ်တုန်း
ကမှ မမငွေ ပြောင်းလဲခဲ့ဖူးတာမဟုတ်။ ဒေါ်ကြီးထား က သူ့ကို ညအိပ်





ဝင်ပုံပြင်တွေပြောပြရင်းမှ ..

"ငွေ့ ကို ဒေါ်ကြီးထား စိတ်တွေပြောင်းလာအောင် ကြိုးစားကြည့်
သကွယ် .. မောင်နှမပဲ ထိန်သာလေး ရယ် .. တစ်နေ့ သူချစ်လာမှာ
ပါ .. ကိုယ့်အစ်မကို ရိုရိုသေသေရှိရမယ်နော် .. စိတ်နဲ့တောင် အပြစ်မမြင်
နဲ့ .. ကြားလား .."

ဟု ပြောတတ်စမြဲ ..။ ခုကိစ္စကျတော့ .. ဖေဖေ့ အပေါ်မှာ အရမ်း
ဖြတ်သားလွန်းစွာ ပြောဆိုနေသည့် မမငွေ ဖြစ်နေပြန်သည်မို့ ..။

"အဲသလိုတော့ ဖေဖေ့ကို ငိုအောင်မလုပ်ပါနဲ့ မမငွေ .."

ဟု အော်ပြောလိုက်ချင်သည်။ ဒါပေမယ့် .. ငယ်ကြောက်ဖြစ်နေ
ပါသည့် မမငွေ ကို သူ လက်တွေ့မှာ အသံပင်ဟ၍ မပြောရဲ ..။ အော်ဖို့
ဆိုတာ ဝေလာဝေးဖြစ်နေရပါ၏။

"ခုတော့ .. ဖေဖေရယ် .. အသက်ဆုံးဆယ့်နှစ်နှစ်ထဲရောက်တဲ့
အထိ အိမ်ထောင်မပြုဘဲ အိမ်အတွက်စဉ်းစား .. အဖေအတွက် စဉ်းစား
ရှိနေခဲ့တဲ့ ငွေ့ ကိုမှ မထောက် .. အသက်ငါးဆယ့်သုံးနှစ်အရွယ်
အဖေက နောက်ထပ်မယားယူလို့ .. ကလေးတစ်ယောက်တောင်ရပြီး
ပါရောလား .. မုဆိုးဖို နှစ်ထပ်ကွမ်းကြီးတောင်ဖြစ်လို့လေ .."

ခနဲ့တဲ့တဲ့စကားကို မမငွေ ပြောချိန်မှာ ဖေဖေ ခေါင်းမတ်မလာ
သား။ ငြိမ်နေဆဲ။

"ကြာတယ် ဖေဖေ .. အပြတ်ဖြတ်မှဖြစ်မယ့်ကိစ္စပေမို့ .. ဒီကလေး
ကို ဒီမှာ ညမသိပ်နိုင်ဘူး ဖေဖေ .. သူ့ကို .. မိဘမဲ့ဂေဟာတစ်ခုခုကို
ဖြစ်လိမ့်မယ် .. ဒါမှမဟုတ်ရင်လည်း ဖေဖေ တခြားနေရာမှာ ဒီကလေး
နေမှဖြစ်မယ် ဖေဖေ .."

ရှေ့တွင်ထိုင်နေသည့်သူမှာ အဖေအရင်းခေါက်ခေါက်ကြီးဆိုတာ
သိဆိုးဝါးနိုင်စွာ သတိမထားနိုင်လောက်အောင် အပြောတွေရိုင်းရိုင်းလာ
ချိန်မှာ ဖေဖေ ထရပ်သည်။ တည်ငြိမ်စွာ မမငွေ ကို ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ .. အဲသလိုမလုပ်နိုင်ဘူး မိငွေ .. ငါ့မှာ စောင့်ရှောက်ရမယ့် သားတစ်ယောက်ရှိသေးတယ် .. ထိန်သာလေး ကို အဖေတစ်ယောက် အနေနဲ့ .. တာဝန်ကျေရဦးမယ် .. ညည်း ဒီအိမ်မှာ ငါ့သမီးနဲ့ တူတူ မနေနိုင်ရင် .. တခြားကြိုက်ရာနေရာမှာ သွားနေနိုင်တယ် မိငွေ .. ဆန်စက် ရုံးခန်းက အိပ်ခန်းနဲ့ တွဲရက်ရှိတာပဲမဟုတ်လား .. အဲဒီရုံးခန်းကို အရင် တုန်းက ငါ ထိုင်ခဲ့တဲ့နေရာပါ မိငွေ .. အဲဒီမှာ ငါ ညအိပ်ပြီး အလုပ်တွေ မနားမနေလုပ်ခဲ့ဖူးတာပေါ့ .. ဒီတော့ .. ညည်းကိုအပြတ် ငါကလည်း ပြောမယ် .. ငါ့သားလေးကိုလည်း ငါ့သမီးလေးနဲ့အတူကြီးပြင်းစေရဦး မယ် .. သမီးဆိုလို့ .. ညည်းကိုပြောတာမဟုတ်ဘူးနော် .. ထိန်သာလေး နဲ့ နံ့သာပျိုလေး ကို ပြောတာ .."

ဖေဖေ အပြတ်ပြောချိန်မှာ မမငွေ ရင်ကိုထု၍ ငိုချေသတည်း ..။

"အဲဒီမှင်စာလေးက .. မေမေ့ကို သတ်ခဲ့တယ် .. အခု .. တချွေမ လေးက သူ့အမေကိုသတ်ခဲ့ပြီးပြီ .. အမေသတ်တဲ့သူနှစ်ယောက် ဒီအိမ် ကြီးထဲမှာ တူတူရှိနေမှတော့ ဘယ်မှာလာပြီး ကျက်သရေမင်္ဂလာရှိတော့ မှာလည်း ဖေဖေရဲ့ .. ဟင် .. ဟိုကောင်က လာကတည်းကိုက .. ရုပ် ပျက်ဆင်းပျက်အနီမှတ်ကြီးတစ်ဖက် ပါးပေါ်တင်လာတဲ့ကောင် .. ဒီ ကလေးကလည်း .. သူ့အမေ ဝမ်းကကျွတ်ချိန်မှာ အမေသေပြီးနေပြီ .."

မမငွေ ပြောနေချိန်မှာ သူ ကိုယ်လေးပြန်၍ စောစောကနှယ် တံခါး ရွက်ကြီးဖွင့်ထားရာ၏ တစ်ဖက်ကို ပြန်ရွေ့ ..။ ကိုယ်လေး လျှောထိုင် ချလိုက်ကာ မျက်ရည်ကျလာရသည်ပါပဲ ..။ ထိုစဉ်ခိုက် ဈေးခြင်းတောင်း ကြီးဆွဲ၍ ရှေ့မှာရပ်လာသည်က ဒေါ်ကြီးထား ပါ ..။ ဒေါ်ကြီးထား ၏ နောက်မှာက ဘဘညို ..။ ညနေဈေးဘက်သွား၍ ချက်ပြုတ်ရာတွေ ဝယ်ပြန်လာပါသည့် ဒေါ်ကြီးထား ..။ ဘဘညို က ကားမောင်း၍ လိုက် ပို့စမြဲ ..။ ဘဘညို နှင့် ဒေါ်ကြီးထား က မောင်နှမတော်သည်။ အိမ် ထောင်လည်းမရှိကြ ..။ ဘိုးဘိုးနှင့် ဘွားဘွား အိမ်ထောင်ကျကတည်း



က အလုပ်ဝင်ခဲ့ကြသည်တဲ့ ..။ ဒေါ်ကြီးထား က ထမင်းချက်အိမ်သိမ်း ..။ ဘဘညို က ကားမောင်း ..။

"အလိုလေးလေ .. ဒေါ်ကြီးထား ရဲ့ ထိန်သာလေး ငိုနေပါလား .. ဘယ်လိုများရယ်လို့ မမေးချင်တော့ပေါင် သားလေးရယ် .. မမငွေ တစ် ခုခုပြောလိုက်ပြီမဟုတ်လား .. ကြည့်ပါဦး အစ်ကိုညို ရယ် .. ကလေး က ကျောင်းပြန်လာတာ အိမ်ထဲတောင် သေချာမဝင်ရသေးဘူး .. လွယ် အိတ်လေးတန်းလန်းနဲ့ အိမ်အဝင်လှေကားထစ်မှာ ငိုနေရပြီ .."

"မမငွေ က သားကို မှင်စာတဲ့ .. မေမေ့ကိုသတ်တဲ့ မှင်စာတဲ့.."

ပြောရင်း ဒေါ်ကြီးထား ရင်ခွင်မှာ ကလေးလို ခေါင်းဝှေ့၍ ငိုတော့ ဒေါ်ကြီးထား ၏ ဖြူအိအိလက်တုတ်တုတ်ခဲခဲကြီးတွေက ပွေ့ပိုက်ထား သည်ပါပဲ ..။

"ဟောဒီအမှတ်ကြီးက .. တချွေမျက်နှာတဲ့ .."

"အလိုတော် .. အနီမှတ်များရှိချင်တိုင်းရှိကြတယ်မှတ်လို့ .. ဒါ .. ချမ်းသာတဲ့အမှတ်ကွယ့် .. ဒေါ်ကြီးထား တို့ရွာမှာ သူဌေးကြီးဦးမှတ် ဆိုတာ အဲသလိုပဲ မျက်နှာမှာ အမှတ်နီကြီးနဲ့သိလား .. ချမ်းသာလိုက် သမှ .. ဒေါင်ဒေါင်လန် .. လယ်တွေကလည်း လက်ညှိုးထိုးမလွဲ .. ထီ ကလည်း ဟောခနဲ .. ဟောခနဲ .. ပေါက်ပေါက်ဖောက်သလို ပေါက်တာ သိလား .. အဲဒါ .. ခြံထဲအပင်စိုက်မလို့ ကျင်းတူးသတဲ့ .. ရွှေအိုးတွေ့ ပြန်ရော .. အိုးကလည်း ရွှေအစစ် .. အထဲမှာလည်း ရွှေမကျည်းသီးတောင့် တွေမှ လင်းလဲ့ဝင်းမွတ်နေတာတဲ့ .. အဲဒါနဲ့ ဆက်တူးတော့ .. ကျောက် ချက်ရတနာတွေနဲ့ လုပ်ထားတဲ့ ပက်ဝတ်လက်စားတွေ တစ်ပြည်တောင်း လောက်ရှိတဲ့ ရွှေအိုးကြီးထဲ မောက်ခဲနေအောင်ရှိတာ တွေ့ပြန်ရော .. အဲသလိုကို တစ်ကျော့ပြီးတစ်ကျော့ .. ချမ်းသာပုံများ .. နောက်ဆုံးတော့ .. ဦးမှတ်ကြီး ဆိုတာ .. သဘောသူဌေး .. ကားသူဌေး .. ဟိုတယ်သူဌေး .. ရွှေငွေရတနာဆိုင်သူဌေး .. အိမ်သူဌေး .. အိုး .. ချမ်းသာသမှ မောက်

www.burmeseclassic.com

www.burmeseclassic.com



မောက်ပါလို့ .. အဲဒါ .. သူ ဆုံးခါနီးမှာ .. သူ့လိုအမှတ်ပါတဲ့လူအဖြစ် လူ့ပြည်ကို လူချမ်းသာအဖြစ် နောက်တစ်ခေါက်ထပ်ရောက်ချင်တယ်လို့ .. ဆုတောင်းတောင်းသွားသတဲ့ .. ကဲ .."

"ဟဲ့ .. မယ်ထား .. တော်တော့ .."

ညီမဖြစ်သည့် မယ်ထား ဆိုတာ ဘယ်တုန်းကမှမရှိဖူးသည့် သူဌေးဦးမှတ် ဆိုတာကို .. ချမ်းသာတကာ့ တစ်ရာဆိုသလိုဖြစ်အောင် ပြောနေသမျှ ..။ နုနယ်သည့်ကလေးရင်ထဲ .. နေရင်းထိုင်ရင်း သူဌေး ဦးမှတ် ဝင်စားသည်ဆိုတာတွေ ဖြစ်မလာအောင် လှမ်း၍တားရသည်က ဦးညို ပါ ..။

"ကဲပါတော် .. မျက်ရည်တွေသုတ်ပေးပါ့မယ် .. ငိုမနေနဲ့ .. ချမ်းသာတဲ့သူဆိုတာ .. မျက်နှာမှာ အမှတ်ပါတဲ့လူက ခပ်များများရယ်၊ ဘာမှ အားမငယ်နဲ့သိလား .. ဘယ်ကမှင်စာရမှာမလဲ .. ရွှေစာ .. ရွှေမျက်နှာ .. ရွှေနှုတ်ဖူးစာ .. ရွှေကံ .. ရွှေဘဝ .. အဲဒါယုံ .."

ဒေါ်ကြီးထား ကတော့ အပြောမလျှော့ ..။ ကလေး၏လွယ်အိတ်ကို ကောက်၍လွယ်သည်။ လက်ကိုဆွဲ၍ အိမ်ထဲခေါ်သည်။ ဆွဲခြင်းကြီးချန်ထားခဲ့ဟာမို့ ဘဘညို ခြင်းနှစ်ခြင်းဆွဲ၍ အင့်အင့်ပါအောင် သယ်လာရရှာ၏။

ဧည့်ခန်းရောက်တော့ ကလေးပုခက်တွေဘာတွေ တွေ့၍ထင့်။ ဒေါ်ကြီးထား ဧေးခနဲဖြစ်ကာ ရပ်လိုက်ပါပြီ။

"ဒေါ်ထား .. ဒါ .. ကျွန်တော့်သမီးပဲ .. နံ့သာပျို လို့ နာမည်ပေးထားတယ် .. အဖြစ်စုံကိုတော့ နောက်မှာပဲ ကျွန်တော် ပြောပြပါ့မယ်.. ကလေးကို ကျွန်တော့်အခန်းထဲပို့ပေးပါ .. ဒေါ်ထား မွေ့ခေါ်သွားပါ.. သားလည်းလိုက်သွား .. အဲဒါ .. သား ညီမလေးပဲ .."

ဟု ဖေဖေပြောတော့ မမငွေ ဒေါ်ကြီးထား ကိုကြည့်ကာ လက်ကာသည်။

"ကာတဲ့လက်ကို ပြန်ချပါ ငွေ .. ပြောမယ့်စကားကို ရပ်လိုက်ပါ..





ဒါ .. ငါ့အိမ် .. ငါ့မှာ ညည်း ကြည့်မရတဲ့သားတစ်ယောက်ရယ် .. ညည်း အသိအမှတ်မပြုနိုင်တဲ့ သမီးလေးတစ်ယောက်ရယ်ရှိနေတယ် .. ငါ့သားနဲ့ ငါ့သမီးအတွက် .. ငါ .. ဒီမှာ နေကိုနေရလိမ့်မယ် .. အဓိကကျတာကတော့ ညည်းအခန်းထဲကို .. ငါ့သမီးလေး မဝင်အောင်ပဲလိုတာပါ.. ကဲ .. ဒေါ်ထား .. ကလေးကိုခေါ်သွား .. ဦးညို .. အဲဒီခြင်းတွေချပြီး ကလေးပုခက်လေးယူသွားပေးပါဗျာ .. ဒီက ကလေးအဝတ်အစားအိတ်လေးလည်း ဆွဲသွားလိုက်ပါ .. ကျွန်တော် .. ငွေ နဲ့ ဆက်ပြီးပြောသင့်တာပြောဖို့ကို လိုနေလိမ့်ဦးမယ်ထင်တယ် .."

ဒါကြောင့် ဖေဖေ ကျန်နေခဲ့ခြင်းဆိုတာ သူ နားလည်လာသည်။ ရင်ထဲမှာ ပျော်သွားသည်ကဖြင့် ညီမလေးကိုအိမ်မှာထားမည်။ ဖေဖေလည်း အိမ်မှာနေမည်။

ဖေဖေက .. မမငွေ ကို အရှုံးမပေး ..။ ဤအတွက် .. သူ ပျော်သွားရသည်လေ ..။

"ငွေ .. လက်မခံနိုင်ဘူး ဖေဖေ .. လက်မခံနိုင်ဘူး ဖေဖေ .. ပတ်ဝန်းကျင်ကဘာတွေပြောကြမလဲ .. ခုမှ ကလေးတစ်ယောက် မွေ့ပြီး.. ကလေးတစ်ယောက်အဖေ ထပ်ဖြစ်လာတဲ့ကိစ္စ .. လူတွေငြိမ်နေကြမယ် ထင်သလား .. ရှက်စရာကောင်းတယ် ဖေဖေ .."

"ငါ့သမီးကို ငါမွေးတာ .. ဘာရှက်စရာလည်း ငွေ .. ပတ်ဝန်းကျင်ဆိုတာ .. အကောင်းပြောသူလည်းရှိမှာပဲ .. လူတိုင်းမကောင်းမြင်မကောင်းကြည့် .. မကောင်းပြောဆိုတာ မဖြစ်နိုင်ဘူး ငွေ .. သူတို့နားလည်ကြမှာပါ .. ဒါပေမယ့် .. နားမလည်ပေးကြသူတွေအတွက်လည်း ဖေဖေ ထည့်မတွေးနိုင်ဘူး ငွေ .. ဝန်းကျင်ဆိုတာ .. ကိုယ့်အိမ်သူအိမ်သား .. ကိုယ့်သမီးသားနဲ့ဆိုရင်တော့ တစိမ်းပဲ .. သွေးသားရင်းချာ သမီးသားကိစ္စမှာ တစိမ်းဆိုတာကို အဓိကထားလို့မရဘူး .."

ဖေဖေနှင့် မမငွေ အချီအချဖြစ်ကျန်ချိန်မှာ ဒေါ်ကြီးထား ကဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ခပ်ထွေးထွေးပိုက်ပွေ့၍ ခပ်သုတ်သုတ်အပေါ်တက်နေပြီ..။ လှေကားထစ်တွေအတိုင်း နောက်မှလိုက်လာသည့် ဘဘညို ကလည်း...

"လှည့်မကြည့်နဲ့ မယ်ထား .. မျက်လုံးချင်းဆုံရင် .. ငွေ လှမ်းတားနေလိမ့်မယ် .. ခြေလှမ်းကလည်း တယ်နှေးသကိုး .. သုတ်သုတ်တက်စမ်းပါဟ .. ငါ့ဖြင့် .. ကလေးမျက်နှာလေးမြင်ချင်စမ်းပါ့ဟယ် .."

ဟု မချင့်မရဲပြောနေတော့ ဒေါ်ကြီးထား ခြေကုန်သုတ်တက်သည်။

ဖေဖေ့အခန်းထဲရောက်တော့ ခုတင်ထက်မှာ တန်းစီ၍ ထိုင်ကြပါ၏။ အလယ်မှာ ဒေါ်ကြီးထား ထိုင်၏။ ဘေးတစ်ဖက်တစ်ချက်မှာ ဘဘညို နှင့် သူ ထိုင်သည်။ ကျောင်းစိမ်းဘောင်းဘီရှည်လေးနှင့် အင်္ကျီဖြူ လက်စကလေး မီးပူကျဝတ်ထားပါသည့် သူ့မှာ အဝတ်အစားပင် မလဲနိုင်သေး။

"မယ်ထား .. အနှီးစလေးမျက်နှာမှာ နဖူးလေးနည်းနည်းအုပ်နေသကွ .. ညင်ညင်သာသာလေး ဖယ်လိုက်စမ်းပါ့ကွယ် .. မျက်နှာလေး တစ်ခုလုံးကြည့်ချင်လိုက်ပုံများ .. စိတ်ထဲလောနေသလေ့ .."

ဘဘညို ပြောသခိုက်မှာ ဒေါ်ကြီးထား ကလည်း ကလေး၏အနှီးစလေးကို မျက်နှာလေးပေါ်အောင် ပင့်တင်သည်။ သူကတော့ မျက်တောင်မခတ် စိတ်လှုပ်ရှားစွာကြည့်နေမိရပါပြီ။

"ညီမလေး .. ငါ့ညီမလေး..."

စိတ်သည် အေးမြနေ၏။ လှုပ်ရှားနေသော ခံစားချက်သည် အေးမြခြင်းဘက်ကိုချည်း သက်သက်ဖြစ်တည်၏။ အရုပ်လေးနှယ် လှလိုက်ပါသည့် ညီမလေး ...။ မျက်ခုံးလေးက နက်မှောင်နေသည်။ မျက်နှာလေးက ဖြူဥနုဖန့်နေလျက် ..။ မျက်ခွံလေးတွေက ပန်းနုရောင်လေးပင်ဖြစ်နေသည်အထိ နုအိနေ၏။ နှုတ်ခမ်းလေးက မသိမသာလေးစုထားသည်။ အိပ်မောကျနေသည်ကလည်း နှစ်နှစ်ခြိုက်ခြိုက် ..။

"အံမယ်လေးလေ .. ရုပ်လေးကတော့ အတော်ချောတဲ့ကလေး..





မျက်ခုံးလေးကဖြင့် အဖေတူလေးရယ်တော့ .. နှာတံလေးကဖြင့် ဟောဒီက ဒေါ်ကြီးထား ရဲ့ အသည်းကျော်လေး ထိန်သာ နဲ့ တစ်ထေရာတည်းရယ် .. တန်းနေထင်းနေတာရှင့် .."

ရင်ထဲကြည်နူး၏။ သူ့ညီမလေး၏ နှာတံလေးကို မျက်တောင်မခတ် ငေးကြည့်နေရင်း ပီတိတွေအလုံးအရင်းနှင့် ရင်ထဲတည်မြဲသည်။ ဟုတ်သည် ..။ နှာတံလေးက သူနှင့်တူနေသည်ဟု ထင်လာ၏။ သူက ဖေဖေနှင့် ရုပ်ချင်းဆင်သည်တဲ့ ..။ ဒေါ်ကြီးထား ပြောပြောနေတတ်ဖူးသည်လေ ..။ တကယ်က .. ညီမလေး၏ နှာတံသည် ဖေဖေနှင့် ရော သူနှင့်ရော တူနေသည်ဟု ပြောလျှင် ပို၍ပြည့်စုံမည်။

ရုတ်ခနဲ အထိတ်တလန့်ဖြင့် ညီမလေး၏ မျက်နှာလေးကို စေ့စေ့ပါအောင် နှံ့နှံ့စပ်စပ်ကြည့်ပစ်လိုက်သည်ပါပဲ ..။

သူ့လက်တွေကလည်း ညီမလေး၏ မျက်နှာလေးလုံအောင် ထုပ်ပတ်ထားရာ အနှီးလေးကို ဘေးဘက်သို့ ဖွဖွလေးဖယ်နေမိသည်။ ရင်သည် တထိတ်ထိတ်နိုင်နေ၏။

တော်သေးသည်ကောလေ ..။ ညီမလေး၏ မျက်နှာမှာ ဘယ်လိုအနီစက် .. အမှတ်ဟူ၍မရှိ ..။ အမှတ်နက်နက်လည်း မပါ။ အမှတ်နီနီလည်း မပါ ..။ သေးသေးငယ်ငယ်လေးမျှပင် အမှတ်ဟူ၍ ရှိမနေ ..။ ထိုအခါမှ သူ့ရင်အေးသွားရပါသည့်အဖြစ် ..။

"တော်သေးတယ် .. သားလို .. အမှတ်ကြီးပါမလာလို့ သိလား.. မျက်နှာလေးကို မြင်တာနဲ့ မပါဘူးဆိုတာတော့ သိနေပါတယ် .. ဒါပေမယ့် သေးသေးလေးပဲဖြစ်ဖြစ် အနှီးလေးအုပ်ထားတဲ့နေရာမှာ ပါနေရင် .. အရုပ်ဆိုးကုန်မှာဗျ .. ဒေါ်ကြီးထား ရ .."

သူ ရင်ထဲထင့်နေတာတွေ လျှောခနဲပြောကျသွားရာမှ ဒေါ်ကြီးထားကို မော့ပြောတော့ မျက်ရည်ဝဲနေရင်း ငေးကြည့်နေတာနှင့်ကြုံသည်။ ဘဘညို လည်း ငြိမ်၍ သူ့ကို ထိထိနိုက်နိုက်ကြည့်နေတာကိုလည်း သူ မြင်နေရသည်ပါပဲ ..။ ထိနိုက်ခံစားရင်းကြည့်သော မျက်လုံးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကို သူ ခွဲခြားနားလည်နေတတ်သည်လေ ..။ မမငွေ ၏ မာမာထန်ထန် သူ့ကို ကြည့်စဉ်ခိုက် .. ပြောစဉ်ခိုက်များမှာ .. ကြုံရချေတိုင်း ထို့နှယ်ပင် ဒေါ်ကြီးထား နှင့် ဘဘညို တို့၏ မျက်ဝန်းတွေမှာ မြင်မြင်နေရဖူးသည် ပဲလေ ..။ နှစ်များပင်ချီ၍ ကြာနေသည်မို့ ..။ စိတ်ထိခိုက်၍ကြည့်သည့် အကြည့်ဆိုတာကို သူ ခွဲခြားခံစားနားလည်နေတတ်ခဲ့ပြီးခဲ့ပြီ ..။ ပြီးတော့.. ညိုးဖျော့သိမ်ငယ်သော မျက်ဝန်းဆိုသည့် အရိပ်တွေကိုလည်း သူသည် သူ့မျက်နှာလေးထင်နေတတ်သော မှန်ထက်မှာ မြင်ဖူးခဲ့တာလည်း နှစ်များစွာကြာခဲ့ပြီးနေပြီ။ မမငွေ အော်ငေါက်လျှင် ငယ်စဉ်ကတည်းက ကိုယ့်အခန်းကိုယ်ပြေး.။ ခုတင်ထက်မှာထိုင်၍ ကျိတ်ငို ..။ ခုတင်နှင့် မျက်နှာချင်းဆိုင်မှာရှိနေသည့် မှန်တင်ခုံကြီးရှိရာ မှန်သားပြင်ထက်မှာ မျက်ရည်ကျနေသည့် ကောင်လေးတစ်ယောက်၏ မျက်နှာနှင့် မျက်ဝန်းတွေကို သူမြင်မြင်နေခဲ့ရဖူးတာလည်း နှစ်နှင့်ချီခဲ့ပြီပဲလေ ..။

ခု .. ညီမလေးအတွက် .. မျက်နှာထက်မှာ အမှတ်နီကြီးတစ်ခုမပါဖို့ ..။ အို .. အမှတ်နီငယ်ငယ်လေးတစ်ခုပင်မျှ မပါလာဖို့ဆိုတာက သူ့အတွက် အရေးကြီးဆုံးကိစ္စဖြစ်နေသည်။ စိတ်ထင့်သမျှ ပြေကျသွားရင်းမှော၍ ရင်ထဲရှိရာ ဒေါ်ကြီးထား ကို ပြောမိသမျှ ..။ ခုကျတော့လည်း ဒေါ်ကြီးထား သူ့ကို ဆံစလေးသပ်ပေးနေရင်း မျက်ရည်ကျလာသည်။

"အစွဲကြီးလိုက်တာ သားရယ် .. ထိန်သာလေး ရဲ့ ရင်ထဲမှာ .. ဒီအမှတ်ဆိုတာကြီးက .. ဒုက္ခပေးနေတာမှ နုတ်မရအောင်ပါလားနော်.. ဒီမှာ သား .. အမှတ်ဆိုတာ .. ဘယ်သူ့ကိုမဆို .. နေဦး .. အမိဝမ်းထဲ ရှိနေတဲ့ ဘယ်ကလေးမဆို .. တစ်ယောက်ယောက်မှာ ပါလာတတ်ကြတယ်၊ ပါလာနိုင်တယ် .. အဲဒါ မွေးရာပါအမှတ်ပဲ .. ဘယ်သူမှ တားလို့မရဘူး၊ သားထိန်သာလေး တစ်ယောက်တည်းမှာပဲ ဒီအမှတ်နီဆိုတာရှိနေတာ မဟုတ်ဘူး .. လူတွေတော်တော်များများမှာလည်း ရှိကြတာပါပဲ .. တစ်ခုတော့ရှိတာပေါ့ကွယ် .. အများအားဖြင့် အမှတ်မပါကြတဲ့ သူကများနေတော့ .. ကိုယ့်မှာ အမှတ်ပါလာရင် .. ထူးနေတာပေါ့ ..





ဒါပါပဲ .. အဲဒါကို ရင်ထဲစွဲမထားရဘူး .. ကြားလား .."

ဟု ပြောတော့ သူခေါင်းပဲညိတ်ပြရသည်။ ညီမလေးကို ပွေ့ချီချင်တာမို့ လက်ကလေးတံတောင်ကွေးဖြင့် လုပ်ပြတော့ ဒေါ်ကြီးထား သူ့ရင်ခွင်ထဲကလေးကို ညင်ညင်သာသာ ထည့်ပေးသည်။

"ညီမလေးမှာ အမေမရှိတော့ဘူးတဲ့ ဒေါ်ကြီးထား .. ဆုံးသွားပြီတဲ့ .. စောစောက ဖေဖေ မမငွေ နဲ့ ပြောနေတဲ့အထဲမှာပါတယ် .. သားအပြင်ဘက်မှာရှိနေရင်း ကြားလိုက်တာ .."

စုံစေ့နေအောင်တော့ သိထားသမျှတွေကို သူ မပြောပြ ..။ ဖေဖေကိုယ်တိုင် ပြောပြမည်ဟု ဒေါ်ကြီးထား နှင့် ဘဘညို ကို စောစောက ပြောထားတာရှိသည်လေ ..။ ညီမလေးမှာ အမေ မရှိတာလောက်ပဲ သူ ပြောပြလိုက်ခြင်း ..။

"အေး .. ဘာတွေဖြစ်ခဲ့ကြပါလိမ့်မလဲနော် .. အစ်ကိုလေး အိမ်ထောင်ကျနေတာတောင် ငါတို့မသိခဲ့ကြတာပါပဲလား .. အေးလေ .. ဒီလောက် တစ်ယောက်တည်း အထီးကျန်နေရတာပဲလေ .. ပြုမှာပေါ့ အိမ်ထောင် .."

တစ်ချက်ခပ်ညည်းညည်း ဒေါ်ကြီးထား ပြောကာ ကလေး၏ ဆံစလေးကို သပ်ပေးသည်။ နဖူးပြင်ထက် ခွေတင်နေသည့် နုသောဆံပင်နက်နက်လေးကို သပ်ခြင်း ..။

"သားတို့မောင်နှမ .. တယ်ပြီး ကံတူကြသကိုး .."

အမေဆုံးသည့်အဖြစ်ကို ရည်ရွယ်ခြင်းဆိုတာ သူသိနေသည်။ ဒေါ်ကြီးထား မျက်ရည်လည်၍ ပြောရာမှ ဘဘညို ၏ လက်ထဲပါလာသည့် အိတ်ကိုယူသည်။ အဝတ်အစားလေးတွေ ထုတ်သည်။ လောလောဆယ် ဗီရိုထဲအဝတ်ပေါက်စနှ ..။ အနီးဖြူဖြူလေးတွေကို နေသားတကျ ထားသိုနေချိန်မှာ သူကတော့ ညီမလေးကို နဖးလေးဖွဖွ လက်ပြင့်ထိကြည့်လိုက် ..။ နှုတ်ခမ်းလေးဝိုင်းစုစုလုပ်ထားရင်း အိပ်နေသည့် ချစ်စိတ်ဖြင့် နဖူးလေးငုံ့နမ်းလိုက်ဖြင့်ရှိနေရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခုလို .. ချောချောလှလှညီမလေးတစ်ယောက် .. သားရဲ့ ရင်ခွင်ထဲ အရုပ်လေးလို ရောက်လာမယ်လို့ မသိဘူးဗျ ဘဘညို ရ .. လှလိုက်တာနော် .. သားတော့ .. ညီမလေးရပြီ .. ကံကောင်းတယ်ဗျ သိလား .. ညီမလေးနဲ့ စကားပြောလို့ရပြီ .. တူတူအိပ်လို့ရပြီ .. ညီမလေးကြီးလာရင် .. တူတူဆော့မယ် .. ညီမလေးအတွက် ပန်းလေးတွေခူးပေးမယ်.. ပန်ပေးမယ်သိလား .. ညီမလေးက အသားဖြူတော့ .. ဖိနပ်အနီရောင်စီးပေးရင် ကောင်းမယ်သိလား .. အဝတ်လေးတွေကလည်း အရောင်စုံဝတ်ပေးမှာ .. ဘဘညို စိုက်တဲ့ပန်းခြံထဲက ပန်းရောင်စုံလေးလို .. သိပ်လှမှာ .. ဟောဒီ ညီမလေးက သိပ်လှမှာ .."

ဟု ပြောကာ ပါးချင်းအိပ်မိရာမှ အလန့်တကြား နိုးမိသွားရပြန်သည်။ အပ်မိသည့်ပါးက သူ့အမှတ်နီပြန့်ပြန့်ထူထူ .. အနားတွန့်ကြီးတွေရှိရာ ပါးပြင်ကြီးဖြစ်နေသည်ကိုးလေ ..။

"ဒုက္ခပဲ .. ဒုက္ခပဲ .. ဒေါ်ကြီးထား .. သားရဲ့ အမှတ်ကြီးနဲ့ ညီမလေးပါး ထိသွားပြီ .. အဲဒါ .. အဲဒါ .. ကူးတတ်လားဟင် .. ကူးတတ်လားဟင်.."

ထိတ်ထိတ်လန့်လန့် သူ မေးတော့ ဒေါ်ကြီးထား မျက်ရည်ကျချေသတည်း။ သူ့ကိုလာ၍ ဆံစသပ်ပေးသည်။ ခေါင်းလေးကို ရင်ခွင်မှာကပ်သည်။ သူ နားလည်တတ်ချိန်ကတည်းက သူ သိခဲ့ရပါသည့် ရင်ခွင်ဆိုတာက .. ဖေဖေ့ ရင်ခွင် ..။ ဒေါ်ကြီးထား နှင့် ဘဘညို တို့၏ ရင်ခွင်ပဲဖြစ်နေခဲ့ရသည်။ သူ ငိုနေလျှင် ဒေါ်ကြီးထား ၏ ရင်ခွင်သည် ခေါင်းတိုးမှီနှံ့ရာ ငိုကြွေးရာ .. မျက်ရည်ကို ဘယ်လူးညာလွန့်ဖြင့် ရင်ခွင်မှာ ပွတ်လူးသုတ်ရာဖြစ်ခဲ့သည်ချည်း။ တစ်ခါတစ်ခါကျတော့လည်း ဘဘညို ၏ ဥယျာဉ်သို့ပြေးမိကာ ချွေးရနံ့စွဲနေတတ်သည့် စွပ်ကျယ်ရှိရာ ရင်ဘတ်ကျယ်ကြီးမှာ ခေါင်းလေးတိုး၍ ငိုမိရတတ်သည်။ မမငွေ ကြောင့်ချည်း ငိုရသည့် ထိုမျက်ရည်ဆိုတာက ခုထိ မပြောင်းလဲတတ်သေး။ ဖေဖေ အလုပ်မှ ပြန်လာတတ်ချိန် ..။ မြို့မှ ပြန်လာချိန်တို့မှာလည်း .. မမငွေ သည် .. မပြောင်းလဲစွာ သူ့ကို ရိုက်ချင်သည့်အခါရိုက်..။





ပေါက်ချင်သည့်အခါ ပေါက်ဖြင့်ရှိနေတတ်သမျှ ဖေဖေ့ ရင်ခွင်မှာ သူငိုခဲ့သည်ချည်း ..။ ငယ်ဘဝ ခြေသလုံးတုတ်ခဲခဲလေးဖြင့် ပြေးဝင်နိုရာ ရင်ခွင်ထဲမှာ ဘယ်တုန်းကမျှ ရှိမလာတတ်သည်ကတော့ မမငွေ ၏ ရင်ခွင်တစ်ခုပဲဖြစ်ခဲ့ပါ၏။ ခုလည်း .. ဤညီမလေးအတွက် ခိုမှီရာ ရင်ခွင်အဖြစ် ဘယ်သောအခါတွင်မှ မမငွေ ကြည်ဖြူမှာမဟုတ်တာကို သူ ကြိုတင်သိထားရပြီးပြီ။ မမငွေ သည် ဤအိမ်ကြီးမှာပင် ညီမလေးကို နေခွင့်မပြုချင်သူ ..။ သို့ဆိုမှဖြင့် .. မမငွေ ၏ ရင်ခွင်သည် ဘယ့်နှယ်လုပ်၍ ညီမလေးအတွက် ခိုမှီရာ ရင်ခွင်ထစ်ခုဖြစ်လာနိုင်ပါမည်တဲ့လဲလေ..။

ရင်ထဲမကောင်း ..။ သူ ငုံ့မိုးငေးစိုက်ကြည့်နေရရင်းမှ ညီမလေး၏ ရင်ဆိုင်ရမည့်ကာလများအတွက် ထိခိုက်နာကျင်ခြင်းဝေဒနာ ကြိုတင်ခံစားဖြစ်လာပြီ ..။ သြော် .. ဤအိမ်ကြီးမှာနောက်ထပ် ထိန်သာ အငယ်စားလေးအဖြစ် ညီမလေး ရောက်လာရချေသည်တကား ..။ တစ်ခုပဲတွေ့ညီ ..။ သူက .. မမငွေ ၏ အမုန်းကိုခံရခြင်းက .. သူ့ကြောင့် မေမေဆုံးခဲ့၍ .. ဆိုသည့်အစွဲအလမ်း ကြောင့်ဖြစ်ရခြင်း ..။ ခု .. ညီမလေးကျတော့ မမငွေ ၏ အမုန်းက .. ညီမလေးသည် တခြားမိန်းမတစ်ယောက်နှင့် ဖေဖေ အိမ်ထောင်ပြုရာမှ မွေးဖွားလာသော ညီမလေးဖြစ်နေခြင်းကြောင့် အမုန်းတွေ ခါးသီးစွာရှိနေခြင်း ..။ တူတာကတော့ မမငွေသည် သူ့ကိုရော ညီမလေးကိုရော အသေအကျေမုန်းနေခြင်းပဲဖြစ်လေသည်။ ညီမလေးကို မိဘမဲ့ဂေဟာတစ်ခုခုကိုပို့ဖို့အထိ ပြောခဲ့သည့် မမငွေ၏ စကားများကိုတော့ဖြင့် လောလောဆယ်မှာ ဒေါ်ကြီးထား နှင့် ဘဘညိုတို့ကို သူ ဖွင့်မပြော ..။ ပြောရမှာကိုပင် ရှက်နေမိရသည်။

"ငါ့အစ်မရင်းတစ်ယောက်လုံးမှာ .. ဒီလောက်ထိ ရက်စက်တဲ့စိတ်ရှိတာ .. အညှာအတာကင်းတာတွေကို .. ငါ ကိုယ်တိုင်ဖွင့်ပြောရမှာရှက်လိုက်တာ .. ငါက ဆယ့်သုံးနှစ်အရွယ်လေးနဲ့ ဒီလို ရှက်တတ်နေသေမယ့် .. မမငွေ က ရှက်ရမှန်းကိုမသိတာ .. ဖေဖေ ပြောတဲ့အထဲမှာပါတဲ့ .. အတ္တဆိုတာကြောင့်ပဲဖြစ်ရမယ် .. မမငွေ က အတ္တကြီးတယ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ .. ဖေဖေ ပြောတယ်လေ ..''

သူ ညီမလေး၏ နဖူးလေးပေါ် ဖွဖွလက်ဖြင့် ဖေးသပ်ပေးနေမိရင်း စိတ်ထဲမှာ တွေးနေမိရခြင်းပါ။

ထိုစဉ်ခိုက် အခန်းတွင်းသို့ဝင်လာသည်က မမငွေ ..။ မျက်နှာရဲ့နေ၏။ မျက်ခွံတွေမို့နေသည်။ မမငွေ ဖေဖေနှင့် ဘာတွေပြောဆိုခဲ့သည်တော့ သူလည်း မသိနိုင်တော့ပြီ ..။ ကြည့်ရတာ မမငွေ ငိုထား တော့ရနေသည်။ ဖေဖေကတော့ တက်မလာသေး ..။ ဧည့်ခန်းမှာ ကျန်ခဲ့သည်လား။ မမငွေ အပေါ်ထပ်တက်သွားတာကို လိုက်တက်မလာချင်၍များ ချန်နေခဲ့ခြင်းလား။ ပန်းခြံဘက်ပဲ ထွက်သွားချေပြီလား မသိ ..။ မမငွေ ကတော့ အခန်းထဲရှိရာ လူကုန်တံကစ်ကို မျက်နှာတည်၍ ကြည့်လာသည်။

''ဒီကလေးကို .. ငွေ့ ညီမအဖြစ် အသိအမှတ်မပြုဘူး .. ဒေါ်ကြီးထား .. သူ့ကို .. ဘယ်တော့မှ ငွေ့ မျက်စိရှေ့ ရောက်မလာပါစေနဲ့ .. မတော်တဆ ရင်ဆိုင်ကြုံရင် .. ချက်ချင်း နောက်ကြောင်းလှည့်ရှောင်ပေးပါ .. သူဟာ .. ငွေ့ မေမေ မွေးတဲ့ သမီးမဟုတ်တဲ့အတွက် .. ငွေ့ ညီမလေး ဘယ်တော့မှ ဖြစ်မလာနိုင်ဘူး .. ပြီးတော့ .. ထိန်သာ ငါပြောတာ သေချာနားထောင် .. ငါ့မျက်စိရှေ့မှာ ဒီကောင်မလေးကို ငါ မျက်စိနောက်အောင် မြူလိုက် .. ချော့လိုက် .. ပွေ့လိုက်နမ်းလိုက်နဲ့ လုပ်မပြနဲ့ .. နင့်ကို ငါ ကိုင်ဆောင့်ပစ်မယ်သိရဲ့လား ..''

အကြည့်သည် မာကြော၏။ မျက်ဝန်းတွေ လက်တောက်နေသည်။ အံခဲထားရင်း သွားကိုစေ့၍ ပြောနေသည်က ဒေါသဟန်ပါနေသည်။ အသားဖြူဖြူ၊ ဆံပင်သန်သန်နက်နက်တွေ ဒူးခေါက်ကွေးကျအောင် ရှည်လျက် ..။ ချောမွေ့သော မမငွေ သည် ဘာကြောင့် စိတ်တွေမနူးညံ့နိုင်ပဲဖြစ်နေရပါသလဲဟု တစ်ခါတစ်ခါကျတော့လည်း မမငွေ ၏ စိတ်မာတက်ကြောင့် မမငွေ ၏ အလှကို သူ နှမျောမိတတ်ရသည်ပါပဲ .. စိတ်ထားလေး နူးညံ့လျှင် မမငွေ သည် အလွန်ချစ်ဖို့ကောင်းသော ရုပ်





ချောချော မမငွေ အဖြစ် ရှိကိုရှိနေရမည်သာ ..။ ခုကျတော့ ချောမွေ့မွေ့ ငွေ ကို ရင်ဆိုင်ကြုံရတိုင်း သူ့မှာ လန့်နေရတာပဲရှိရှိနေရတတ်သည်။ နည်းဆုံး .. သူ့ကို ခေါင်းခေါက်ပစ်တတ်သည့် မမငွေ ..။ အလကား ရင်း အသားလွတ်ခေါက်သည့်ဒဏ်သည် ခေါင်းပူထူကျန်ရအောင် ကြင်းထန်ခဲ့သည်ချည်း ..။ ခုကျတော့ မမငွေ ကို ရှောင်နိုင်သမျှ ရှောင် ရသည့်အထဲမှာ ညီမလေးလည်း ပါလာပြီ။

''ဖေဖေက .. ဒီကောင်မလေးနဲ့ မနေချင်ရင် .. ဆန့်စက်ကိုပြောင်း တဲ့လေ ဒေါ်ကြီးထား ရဲ့ .. အဲသလိုပြောတယ် .. ဘာလို့ ငွေ က အဲသလို ပြောင်းနေရမှာတဲ့လဲ .. နောက်မှလာတဲ့လူကြောင့် ငွေ က ဒီအိမ်ကဆင်း သွားပေးရတယ်ဆိုရင် .. အရှုံးပေးရာရောက်တာပေါ့ .. ပြီးတော့ ရောက် လာတဲ့သူကလည်း ငွေ့ မိထွေးကမွေးခဲ့တဲ့ ကလေးပေါက်စနလေးလေ .. သူ့ကို .. ဒီလောက် အငယ်ပုစိကွေးလေးကတည်းက .. ငွေ က အရှုံး ပေးခဲ့လိုက်ရတယ်ရယ်လို့ .. ငွေ ဦးချိုးခံ ဘယ်ဖြစ်နိုင်လိမ့်မလဲ .. ဒေါ် ကြီးထား တို့လည်း .. ဒီကလေးကို .. ငွေ့ ရှေ့မှာ .. ဖေဖေ့အားကိုးနဲ့ .. နစ်ပြမနေကြပါနဲ့ .. ဒါပါပဲ ..''

ဟု တောက်လျှောက်မနားစတမ်းပြောကာ ..။ ဘယ်သူ့ဘယ်သူထံ ၏ အဖြေစကားကိုလည်း မစောင့် ..။ ချာခနဲ လှည့်ထွက်သွားပါ၏။ ထိုအကယ့်ကို .. မမငွေ သည် .. ညီမလေးကို .. ယောင်၍ပင် မျက်နှာလေး ကိုကြည့်ဖော်ပင်မရခဲ့ ..။ တံခါးဝအရောက်မှာ မမငွေ တစ်ချက်ရပ် သည်။ ကလေးပွေ့ထားသော သူ့ကိုကြည့်သည်။ ကလေးနှင့် သူ့ကိုကြည့် နေသည်က ရောနှော၍ကြည့်နေခြင်း ..။ မမငွေ ကြမ်းပြင်ကို ဖနောင့် တစ်ချက်ပေါက်သည်။ တံတွေးတစ်ချက်ထွီခနဲပါအောင် လှည့်ထွေးသည်။

''အဲဒါ .. ငါ့ကို ဘယ်တော့မှ ကျော်မတက်အောင် .. နင်နဲ့ နင့် ညီမကို .. ငါ .. နာမ်နှိမ်တာပဲ ထိန်သာ ..''

ဟု ပြောပြီးတာနှင့် မမငွေ ခြေလှမ်းကျဲဖြင့် ထွက်ခွာသွားပါ၏။ တံခါး၏အကွယ်ရောက်တာနှင့် မမငွေ ၏ ပုံရိပ်လည်း ပျောက်ကွယ်



www.burmeseclassic.com

www.burmeseclassic.com



သွားရသည်ပါပဲ ..။ ဒေါ်ကြီးထား မှ ကမန်းတတမ်း သူ့နဖူးကို
ညီမလေး၏ နဖူးကိုရော တံငေ့ေးဆွတ်၍တို့ပြန်၏။

"ဪ .. နာမ်နှိမ်တာတွေ ကင်းစေလွတ်စေ .. ငွေ့ နယ်လေ ..
လောက်ထိ ရက်စက်ရတယ်လို့ .. ရန်သူရန်ဘက်ကြီးကျလို့ကွယ် ..

ဟု ညည်းရှာ၏။ ဘဘညို ကတော့ ခေါင်းခါနေသည်။ ရင်
ကောင်းပုံမရ ..။ သိပ်မကြာခင်မှာပင် ဖေဖေ ရောက်လာပါ၏။ ညီမ
ကို ပွေ့ထားသော သူ့ကိုကြည့်ကာ ပြုံး၍ သူ့ပခုံးလေးကိုပုတ်ပေးသည်

"သားအတွက် .. ညီမလေး ရောက်လာပြီ .. ဖေဖေ့သားဟာ
ညီမလေးအပေါ်မှာ ချစ်တဲ့သူ .. တာဝန်ယူရဲတဲ့သူ .. စွန့်လွှတ်စရာ
ရင် .. အနစ်နာခံ စွန့်လွှတ်ပေးမယ့်သူဆိုတာ ဖေဖေသိတယ် .. ဘာ
လည်းဆိုတော့ .. သားဟာ .. နှလုံးသားလှတဲ့သားမို့လို့ပေါ့ .."

ဟု ဖေဖေ နူးညံ့စွာပြောလာပါ၏။

သူ .. ဖေဖေ ထွေးပွေ့ရာ ရင်ခွင်တွင်းဆီသို့ ညီမလေးနှင့်အ
ရောက်သွားရပါပြီ။ သူ့ကို ဖေဖေ ပြောခဲ့သည်လေ ..။ သူသည် .. နှ
သားပျသည့်သူတဲ့ ..။

ညီမလေးအတွက်ဆိုလျှင် .. စွန့်လွှတ်အနစ်နာခံမည့်သူတဲ့လားလေ ..
ဟုတ်သည် ..။ သူ .. ညီမလေးကို ချစ်သည်။

ညီမလေးကို ချစ်မည့်သူဟုလည်း ဖေဖေက ယုံကြည်စွာပြော
သည်တည့် ..။

ဖေဖေ့ကိုလည်း ချစ်ပါသည်။





## အခန်း (၂)

"ဟောဒီ နံ့သာတုံးလေးက .. ရေမချိုးလည်းမွှေး .. ရေချိုးပြီး
လည်း မွှေး .. မွှေးမဆုံးတဲ့ကလေး .. ရုပ်ကလေးကလည်း ကြွေရုပ်လေး..
အသားလေးကလည်း နို့နှစ်လေး .. နှုတ်ခမ်းလေးကလည်း နှင်းဆီပန်းဖူး
လေး .. ရွှေကုံးရွှေခဲလေး .."

ဒေါ်ကြီးထား မှ ရေနွေးဖြင့် နံ့သာပျိုလေး ကို ရေချိုးပေး ..။
သနပ်ခါးလေး ပါးပေါ်တင် ..။ ခင်းနှီးထုပ်လေးထုပ်ဖို့ပြင်နေရင်း တရွှံ့ရွှံ့
နမ်းရင်း ပြောနေသမျှ ဘေးမှာထိုင်ရင်း အပျော်တွေ အတောမသတ်ဖြစ်
နေရသည်က ထိန်သာ ပါ ..။ ဤနေ့ ကျောင်းလည်းပိတ်သည်။ စနေ
နေ့ ..။ နှစ်ရက်တော့ ညီမလေးနှင့် အချိန်ပြည့်နေခွင့်ရပြီ ..။

"အလိုတော် .. ဒီပေါက်စနလေးက ခင်းနှီးထုပ်ထဲလက်အထည့်
မခံဘူး တော်ရေ .. အားသန်ပါ့ .. ကဲပါတော် .. ကဲပါတော် .. ရာသီ
ဥတုကလည်း ပူနေသပါ့ရှင် .. အင်္ကျီလေးပဲဝတ်ပေးပါ့မယ် .. ဘောင်းဘီ
ပွလေးနဲ့နေပေါ့ .. နေပေါ့ .. ခုကတည်းက အလိုလိုက်နေရသနော် ..
ဒီကောင်မလေးကြီးရင် .. တော်တော်ဖွတ်တရှတ်နိုင်မယ့် ကလေး ..
ခုကတည်းကကြည့် .. လက်ကို အနှီးထုပ်မခံတဲ့ ဖွတ်ဆိုမှ ဖွတ် .."



www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း နံ့သာပျိုပေါက်စနလေးက လက်ကို ကလန်ကလန် လုပ်ကာ ခင်းနှီးထုပ်ကို မခံပဲပြု ဖြစ်နေတော့ ဒေါ်ကြီးထား ရယ်ကာ မောကာ ချည်သားဂါဝန်သေးသေးပေါက်စနလေးကို ဝတ်ပေး ..။ ချည်သား ဘောင်းဘီရှည်လေးဝတ်ပေးနှင့် ရှိနေသမျှ သူကတော့ မျက်တောင် မခပ် ကြည့်နေမိရဆဲ ..။ ဒေါ်ကြီးထား မှ သနပ်ခါးထပ်သွေးကာ နံ့သာပျို ၏ လက်လေးတွေကို လိမ်းပေးလူးပေးနှင့် ရှိနေပြီးချိန်ကျတော့မှ သူ့ညီမလေးကို ပွေ့ချီခွင့်ရလိုက်သည်ပါပဲ ..။

"ချီပါတော် .. ချီပါ .. ဒီကလေးကလည်း .. အစ်ကို့လက်ကိုသိနေတဲ့အတိုင်းပါပဲ .. မျက်နှာကိုလည်း တမော့မော့ကြည့်ကြည့်နေတတ်သေး .. အသက်လေးကဖြင့် တစ်လကျော်ပဲရှိသေးတာ .. လူလည်လေးကိုဖြစ်လို့ .."

ညီမလေး ရောက်လာတာ တစ်လရှိပြီ ..။ တကယ်လည်း သူ့လက်ကို ကောင်းကောင်းသိနေသည့် ညီမလေး ..။ အစ်ကို၏ ရင်ခွင်မှာ အငိုကင်းကင်းဖြင့်ရှိတတ်သည်။ မျက်နှာကို တမော့မော့ကြည့်တတ်သည်။ နို့ဘူးလေးဖြင့် သူ နို့တိုက်လျှင်လည်း နှစ်နှစ်ခြိုက်ခြိုက်စို့၏။ ဘူးတစ်ဝက်ကျိုးလုလုဆို အိပ်ပြီ ..။ ဤနေ့လည်း ရေမိုးချိုးပြီးစ ညီမလေးကို သူ ပွေ့ကာ ပြတင်းဘက်ကိုသွား၏။ လန်းလန်းဆန်းဆန်းဖြင့် ရေချိုး ထားရလေသမျှ မျက်စိလေးကျယ်နေရင်း အိပ်ဖို့လောလောဆယ် အရိပ် ပင်မသန်းသေးသည့် ညီမလေးကို သူ ငုံ့၍ နမ်းသည်။ ဒေါ်ကြီးထား ကတော့ ကျောက်ပျဉ်ကို ရေချိုးခန်းဘေစင်သို့ယူသွားကာ ဆေးကြော နေ၏။ ဤသည်ကလည်း ညီမလေးကို သန့်သန့်ရှင်းရှင်း သနပ်ခါးလေး လူးပေးပါသည့် ဒေါ်ကြီးထား ၏ အစီအမံ ..။ သနပ်ခါးမသွေးခင်လည်း ကျောက်ပျဉ်ကို ရေဆေးသည်။ သနပ်ခါးတုံးကိုဆေးသည်။ ဟော .. လိမ်းပြုပေးပြီးလျှင်လည်း ပြန်ဆေးပြန်သည်။ ပြီးလျှင် မှန်တင်ခုံသို့ ယူလာ ..။ ပလတ်စတစ်အုပ်ဆောင်းလေးဖြင့်အုပ် ..။ အပေါ်မှ လက်





သုတ်ပဝါသန့်သန့်ကိုပြန်၍အုပ် ..။

"ကလေးဆိုတာ အလွန်နုနယ်တာ .. သန့်မှဖြစ်မယ်သိရဲ့လား.. သနပ်ခါးလူးပေးဘယ်ဆိုတာ .. ကျောက်ပျဉ်မှာ ဖုံတင်နေရင် .. ဖုံတွေ ဘာတွေကျနေရင်.. သနပ်ခါးသွေးတဲ့အခါကျတော့ .. ရောထွေးသွေး သလိုဖြစ်ကုန်ရော .. အသားနုနုလေးဆိုတာ ပျက်စီးကုန်မယ်ကွယ် .. ဒေါ်ကြီးထား တို့ကဖြင့် .. ဟောဒီက ငချွတ်လေး ထိန်သာ ကိုလည်း ငယ်တုန်းက ဒီလိုပဲ သနပ်ခါးလူးပေးရသတော့ .. ငွေ့ကိုလည်း အဲသလို ပဲ ဒေါ်ကြီးထား သနပ်ခါးလူးပေးတာပါပဲ .. ဒါပေမယ့် .. ငွေ က ငယ်ကတည်းက မျက်မှောင်လေးခပ်ကုတ်ကုတ်ရယ် .. သနပ်ခါးလူး ပေးရင်လည်း ခံချင်မှခံတာ .. မလူးဘူးဆိုပြီးပြောတဲ့နေ .. ဘယ်လို ချော့ချော့ .. ခေါင်းခါတာမရပ်ဘူး .. တကယ့်ကို မလူးတာ .. ခေါင်း လေးက ခပ်မာမာရယ် .. ဒေါ်ကြီးထားက အဲဒီတုန်းက .. ခုလို တုတ်ဖိုင့် ဖိုင့်မဟုတ်ဘူးသိလား .. ငယ်ဂုဏ်နဲ့လှတာပေါ့လေ .. ခုကျတော့လည်း တုတ်ဖိုင့်ဖိုင့် ဒေါ်ထား ဆိုတာက .. ဟောဒီက .. ဖြူဥဥ .. နံ့သာတုံး နံ့သာခဲလေးကို သနပ်ခါးလူးပေးရပြန်ရော .."

ဒေါ်ကြီးထား ပြောရင်းလှမ်းကြည့်ကာ ကြည်ကြည်နူးနူးရယ်၏။ တကယ်လည်း သူသည် ဒေါ်ကြီးထား လက်ထဲကြီးခဲ့ရသည်ပါပဲ ..။ ပြောနေရင်းဖြင့် ဒေါ်ကြီးထား ၏ စကားထဲမှာ မမငွေ အကြောင်းပါလာ တော့ သူ ငိုင်ခနဲဖြစ်သည်။ မမငွေ သည် ငယ်ကတည်းက ခေါင်းမာ သည်ဟု ခုလိုပဲ ဒေါ်ကြီးထား ပြောပြတတ်သည်ပါပဲ ..။

"မေမေ ကတော့ သဘောကောင်းတယ်ဆို .. ဓာတ်ပုံထဲမှာ လှ သည်းလှတယ်နော် မေမေ့အကြောင်းတွေ .. အရင်တုန်းကလိုပဲ ပြောပြ မပါဦး ဒေါ်ကြီးထား ရဲ့ .."

"အေး .. ထိန်သာလေး ကို .. အဲဒီနာမည်ပေးမယ်ဆိုတာလည်း မေလေး မွေးချိန် က .. အကယ်၍ သမီးလေးမွေးတယ်ဆိုရင် .. ချောမွေ့

www.burmeseclassic.com

www.burmeseclassic.com



လို့ပေးမယ် .. သားလေးမွေးရင် .. ထိန်သာ လို့ပေးမယ်တဲ့ .. ဟိုးကောင်းကင်က လမင်းကြီး ထိန်ထိန်သာသလို .. ဘဝအေးအောင်တဲ့လေ .. အဲသလိုပြောတာ .. တကယ်လည်း သားလေးမွေးခဲ့တာပါ .. မမလေးမွေး က .. သားလေးပဲမွေးမှာပဲလို့ အဲသလိုပြောပြောနေခဲ့တာလေ .. သား ထိန်သာ ကို မမွေးခင်ကတည်းက .. စိတ်ကူးနဲ့ .. ပုံဖော်ပြီး ကြည့်တတ်သလိုလည်း တကယ့်ကို အသားဖြူဖြူနဲ့ သားလေးတစ်ယောက်ရတာကွယ့် .. နာမည်လည်း ထိန်သာ ဆိုတာကို .. စိတ်ကူးကောင်းကောင်းနဲ့ ကြိုတင်ပေးထားတာလေ .. အစ်ကိုလေးက လည်း .. အဲဒီ နာမည်ကိုပဲ မှည့်ခဲ့တာပေါ့ .. သား ထိန်သာ ကလည်း .. ဟောဒီကနဲ့သာပျိုလေး လိုပဲ .. အနေအလွန်အေးတာ .. သနပ်ခါးလူး ပေးလည်းခံတာပဲ .. ပြောတာဆိုတာလည်း နားထောင်တာပဲ .. ငယ်တုန်းကဆိုဖြူခဲခဲလေးနဲ့ သိပ်ချစ်ဖို့ကောင်းတာ .. ခုတော့ .. ဒေါ်ကြီးထား ရဲ့ထိန်သာလေး က အရပ်လေးရှည်မျော့မျော့ဖြစ်နေပြီ .. ခုနစ် တန်းကျောင်းသားကြီးကိုဖြစ်လို့ .. ဘိုကေလေးထူထူနဲ့ .. ချစ်စရာလေးရယ်တော့ ..

ဒေါ်ကြီးထား ပြောသည့်အထဲမှာ .. သူ့မျက်နှာထက်က ထူထဲကျယ်ပြန့်သော အမှတ်နီကြီးကို တမင်ချန်ထားတာသူသိသည်ပေါ့ ..။

"မမလေးမွေး က ရုပ်ကလေးလည်းချော .. သဘောလေးကလည်းကောင်း .. အရုပ်လေးလို ကျနေတာပဲ.. ငွေလေး ဆယ့်ရှစ်နှစ်ထဲရောက်မှ .. ငွေ့ မောင်လေးဖြစ်တဲ့ ဟောဒီ ထိန်သာလေး ကိုထပ်ပြီး ကိုယ်ဝန်တော့ .. ပျော်လိုက်တာမှလေ .. ကလေးတွေအများကြီးနဲ့ မမလေးက နေချင်တာတဲ့ .. အဲသလိုပြောတာ .. သမီးလေးတစ်ယောက်ပဲရတော့မယ်ဆိုပြီး စိတ်ထဲထင်ခဲ့ရှာတာလေ .. နောက်ထပ် ရင်သွေးလွယ်ရပြီဆိုတော့ .. အို့ကွယ် .. သူ့ကိုယ်ဝန်ကို သူ အလွန်ဂရုစိုက်တာ .. ရေချိုးခန်းထဲ ချော်ပြုလဲမှာတို့ဘာတို့ ဖြစ်မှာလည်း အလွန်သတိထားတာ .. အစ်ကိုလေးကလည်း တူတူပါပဲ .. ကိုယ်ဝန်ကို အလွန်ဂရုစိုက်တာ .. ဒါပေမယ့်



ခဲ့တာက .. မမလေးကို .. ဘယ်လိုမှ အိုဂျီတို့ .. ဆရာဝန်တို့နဲ့ပြလို့ မရဘဲ ဖြစ်တဲ့အချက်ကွယ့် .. ကလေးမွေးလွယ်မှာပါ .. သူသိပါတယ် .. သူ သိပါတယ်နဲ့ နေခဲ့တာလေ .."

ဒေါ်ကြီးထား စကားပြောနေရင်းမှ စကားကိုတိခနဲဖြတ်ချလိုက်ပါ၏။ မှားပြီကော .. ဟု နောင်တဖြစ်ပုံဖြင့် သူ့ကိုကြည့်လာသည်။ သူ ငေး၍ ပြတင်းအပြင်ဘက်ဆီမှ မြင်ကွင်းကိုကြည့်မိ၏။ ပန်းဥယျာဉ်မှာ ပန်းတွေအသွေးစုံစုံဖြင့် ပွင့်နေကြသည်။ ပြီးတော့ .. မေမေ ချစ်သည်ဆိုသော ပန်းစံကားပင်တန်းဆီမှလည်း ပန်းစကားဖြူနှင့် နီနီတို့ .. ပွင့်ဝေနေကြပါချေ၏။

"မေမေချစ်တဲ့ပန်းစကားတွေက .. သိပ်မွှေးတာပဲနော် ဒေါ်ကြီး.. အခန်းထဲထိ အမွှေးနံ့တွေ ရောက်ရောက်လာတတ်တယ်သိလား .. သားကတော့ .. မေမေ ရောက်လာတယ်လို့ကိုထင်တာ .. ဒါပေမယ့်.. မငွေ ကပြောတယ် .. အဲဒီ ပန်းစံကားပန်းတွေက အပေါစားတွေတဲ့.. ဘယ်သူမှ ဝယ်မပန်ကြဘူးတဲ့ .. သစ်ခွတို့ နှင်းဆီတို့ .. တခြားပန်းအဖိုးတန်တွေကိုသာ ဝယ်ကြ .. ပန်းအိုးထိုးကြ .. ပန်ကြတာတဲ့ .."

သူပြောတော့ ဒေါ်ကြီးထား သက်ပြင်းရှိုက်သည်။

"တကယ်ဆိုရင် .. မေမေ ချစ်တဲ့ပန်းတွေကို .. မမငွေ .. အဲသလို မပြောရင်ပိုကောင်းမှာနော် .. မေမေ ကြားရင် ဘယ်စိတ်ကောင်းပါ့မလဲ.. အဖေကပြောဖူးတယ် .. မေမေ့ ဝိညာဉ်လေးက .. ဒီအိမ်ကို လာလာနေမှာတဲ့ .."

သူ ပြောကာ စံကားပင်တန်းဘက်ကို ငေးကြည့်နေမိပြန်၏။ မေမေ့ ဓာတ်ပုံတွေက .. ဧည့်ခန်းနံရံမှာ အများကြီးရှိသည်လေ ..။ အဖေနှင့် တူတူတွဲ၍ ရိုက်ထားတာလည်း ရှိသည်။ မမငွေ နှင့် သားအမိ သားအဖသုံးယောက် ရိုက်ထားတာတွေလည်းရှိသည်။ ပန်းကြိုက်သော မေမေသည် ဓာတ်ပုံတိုင်းမှာ ပန်းတစ်မျိုးမျိုးကိုတော့ပန်၍ရိုက်ထား



www.burmeseclassic.com

www.burmeseclassic.com



သည်ပါပဲ။ အများဆုံး ပန်ထားတတ်သည်က ပန်းစံကားဖြူနီတို့ဖြစ်မေ တတ်သည်ချည်း။ နှင်းဆီနှင့် စံပယ်ကို ပန်တတ်သော မေမေ ..။ ဇီဇဝါ နှင့် သစ်ခွပန်းလေးတွေကိုလည်း ပန်ထားတတ်ပါလေသော မေမေ .. အမြဲတမ်းပြုံးချိုအေးချမ်းစွာ လှပနေတတ်ပါသည့် မေမေသည် .. ပန်း ကားဖြူ .. ပန်းစံကားနီတို့ကို ဆံထုံးထက်မှာ ပန်ထားသည့်ပုံတွေမှာ ပို၍ပင် လှနေသည်ဟု သူ ထင်သည်။

"ဒါပေမယ့် ဒေါ်ကြီးထား ရယ် .. ဧည့်ခန်းမှ ချိတ်ထားတဲ့ဓာတ်ပုံ တွေထဲမှာ .. သားရဲ့ပုံ .. မေမေနဲ့ တူတူရိုက်ထားရတာမရှိခဲ့ဘူးနော် .. သားလေ .. မေမေနဲ့ တူတူ ဓာတ်ပုံတူတူရိုက်ခဲ့ခွင့်ရတဲ့ .. ဘဝကိုလိုချင် လိုက်တာ .."

သူ ပြောတော့ ဒေါ်ကြီးထား သူ့ဘေးမှာ ရပ်လာကာ ဆံစလေးတွေ သပ်ပေးနေသည်။ မျက်ရည်ဝဲရင်းလည်း ကြည့်ကာ ...

"သားရဲ့ မေမေ့ကို .. ဓာတ်ပုံတွေမော့မော့ကြည့်ရင်း .. စကားပြော လို့ရနေတာပဲ သားရယ် .. ကန်တော့လို့လည်း ရနေတာပဲ .. အံမယ် .. သား ညီမလေး ငိုက်ချင်နေပြီ .. နို့ဘူးလေးတိုက်မှ .. ကဲ .. ကဲ .. နို့ဘူး လေးဆင်းယူလိုက်ဦးမယ် .. ဟုတ်ပလား .."

ဟု ပြောကာ ဒေါ်ကြီးထား အခန်းထဲမှထွက်၏။ သူ့အခန်းထဲမှာ ညီမလေး၏ ပုခက်လေးရောက်နေသည်။ သနပ်ခါးကျောက်ပျဉ်လည်း ရောက်နေပြီ ..။ ညဘက်ဆို .. သူ့အခန်းမှာ ဒေါ်ကြီးထား လာအိပ်သည် ဖေဖေက ခုတလော .. မြို့တက်လိုက် ..။ ပြန်လာလိုက်ဖြင့် အလုပ်များ နေတတ်ပါ၏။ တစ်နေ့ကမှ ရောက်လာသော ဖေဖေသည် ဤနေ့မှာ လည်း မြို့တက်ဦးမည်တဲ့ ..။ ငွေကျွန်းဆိုသည့်မြို့သည် ပင်လယ်ကမ် ခြေမြို့ပေမို့ ဟိုတယ်တွေ အဆောက်များသော မြို့ ..။ တည်းခိုခန်းတွေ အများအပြားရှိသောမြို့ ..။ ခု .. ဖေဖေသည် ဟိုတယ်တစ်လုံးကို လက် စသတ်နေပြီဟုပြောသည်။ ဤဟိုတယ်အလုပ်အပ်ပြီးလျှင် ရွာမှာပဲ ဆ





စက်မှာ ပြန်ဦးစီးလုပ်ကိုင်မည်တဲ့ ..။ နံ့သာပျိုလေး ငယ်သေးတာမို့ တူတူနေမည်တဲ့ ..။ မနေ့ကပဲ ညမှာ ဖေဖေ့ကို ကန်တော့စဉ်ခိုက် ဖေဖေ သူ့ကို ပြောခဲ့ပါ၏။ ညီမလေးကို ဖေဖေ့အခန်းမှာ တူတူမထားဖြစ်ရ သည်ကလည်း ဖေဖေသည် ဆက်တိုက်မျှ မြို့တက်အလုပ်လုပ်နေရ၍ပါ ..။ ဖေဖေနှင့် တူတူ အချိန်ပြည့်နေရတော့မည်မို့ သူကတော့ ပျော်နေသည် ပါပဲ ..။

မနက်ဘက် ညီမလေးကို ရေမိုးချိုးပေးနေချိန်မှာပင် တစ်ချက် ဖေဖေ ရောက်လာသေးသည်။ ရေနွေးဇလုံကြီးထဲ ညီမလေးကို ဖွဖွထည့် ထိန်း၍ ဒေါ်ကြီးထား ရေချိုးပေးနေချိန်မှာ သူကလည်း ညီမလေးကို လိုက်၍ လက်ဖြင့်ထိန်းပေးနေသမျှ ဖေဖေ ပျော်ခဲ့ရှာပါ၏။ ဒေါ်ကြီးထား နို့ဘူးနှင့် ရောက်လာကာ သူ့လက်ထဲထည့်ပေးသည်။

"ထိန်သာလေး .. ညီမလေးကို နို့ဘူးတိုက်ထားလိုက်နော် .. ဒေါ် ကြီးထား ထမင်းပွဲပြင်လိုက်ဦးမယ် .. အစ်ကိုလေး ဒီနေ့ မြို့တက်မှာ လေ .. တစ်ပတ်လောက်နေပြီးရင် .. ပြန်လာမယ်ပြောတာပဲ .. ဟိုမှာက .. အလုပ်ကအားလုံးလက်စသတ်နေပါပြီတဲ့ .. ဟိုတယ်ပိုင်ရှင်လက်ထဲ စာရွက်စာတမ်းတွေအပ်ဖို့ပဲ ကျန်တာပါတဲ့ .. အဲသလိုပြောတာပဲ ထိန်သာ ရေ .. အဲဒါ .. မနက်စောစောပဲ ထမင်းစားသွားနိုင်အောင် ဒေါ်ကြီးထား ဒီနေ့စောစော ထချက်တာကွယ့် .. အစ်ကိုလေးကြိုက်တဲ့ .. ကြက်သား ရယ် .. ငါးကြော်ရယ် .. ဆယ့်နှစ်မျိုးဟင်းချိုရယ် .. ဆိတ်သားနှပ်ချက် ရယ် .. အာလူးသက်သတ်လွတ်အခြောက်နှပ် အိုးကပ်ရယ် .. မြင်းခွာ ရွက်သုပ်ရယ် .. ချက်သကွယ့် .. ကဲ .. ကဲ .. ညီမလေးကို ဖေဖေ့အခန်း ပွေ့သွား .. ဟိုမှာ သားအဖနှစ်ယောက် ဟောဒီက နံ့သာပျိုလေး နဲ့ နေ .."

ဟု ဒေါ်ကြီးထား ပြောကာဆိုကာဖြင့် အောက်ထပ်သုတ်သုတ်ဆင်း ၏။ သူ ညီမလေးကို ပွေ့ကာ ဖေဖေ့အခန်းသို့ရောက်တော့ သားရေ အိတ်ပြားတစ်ခုမှာ စာရွက်စာတမ်းတွေထည့်ရာ ဖိုင်တွဲခုကို ထည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် ဖေဖေ့ကို တွေ့ရပါ၏။ သူ ရောက်လာတော့ ပြုံးကာ ခုတင်ထက်မှာ ထိုင်သည်။ သူလည်း ညီမလေးကိုပွေ့ရင်း ဖေဖေ့ ခုတင်ထက်မှာ တူတူယှဉ်ထိုင်ဖြစ်၏။ ညီမလေးကို နို့ဘူးတိုက်နေတော့ ဖေဖေ သူ့ကို ဆံစသပ်ပေးသည်။

"ညီမလေးကို အမြဲချစ်ရမယ်နော် သား .. ညီမလေးမှာ အစ်ကိုရဲ့ အချစ်ကိုပဲ ရခွင့်ရှိမှာလေ .. မမငွေ က ချစ်မှုမချစ်တာ .. ဒါပေမယ့်.. ဘယ်တော့မှ သားရဲ့ မမငွေ နဲ့ ညီမလေးတို့နှစ်ယောက်ကြားမှာ .. မမငွေ ဟာ ညီမလေးကို မချစ်ဘူးလို့မပြောမိစေနဲ့ .. သိရဲ့လား .. ညီမလေးကို မမငွေ မချစ်ဘူးဆိုတာ ညီမလေးကိုယ်တိုင် သူ့ဘာသာသူ သိချင်သိနေနိုင်မယ့်အရွယ်လေးရောက်လာတယ်ပဲရှိစေ .. သားရဲ့ နှုတ်ကတော့ ဘယ်တော့မှ အဲဒီစကားကိုမပြောမိစေနဲ့ .. သမီးလေးပိုခံစားရလိမ့်မယ်.. နားလည်လား သား .."

ဖေဖေ ပြောတော့ သူ ခေါင်းလေးညိတ်ပြရသည်။

"ငွေကျွန်းမြို့မှာ .. သမီးလေးရဲ့ မေမေ ယုမာ ရဲ့ နှစ်ထပ်တိုက်တစ်လုံးရှိတယ် သား .. ဖေဖေ ဆောက်ပေးထားတာဖြစ်ပေမယ့် .. အဲဒီအိမ်ဟာ ယုမာ ရဲ့ အိမ်ဖြစ်တယ် .. ဒီတော့ .. အဲဒီအိမ်ဟာ .. သမီးလေး နံ့သာပျို ရဲ့အိမ်လည်းဖြစ်တယ် သား .. သမီးလေးကြီးလာတဲ့အခါ .. သမီးလေးရဲ့ မမငွေ .. အမြဲတင်းမာနေရင်တော့ .. အဲဒီအိမ်မှာ နံ့သာပျိုလေးကို ထားရမှာပေါ့ သားရယ် .. အဲဒီအခါကျတော့လည်း .. ဖေဖေရယ်.. သားရယ် .. သမီးလေးရယ် .. အဲဒီကိုပြောင်းကြတာပေါ့ .. လောလောဆယ်တော့ .. သမီးလေးက သိပ်ငယ်သေးတယ် .. ကလေးပြုစုတတ်တဲ့ ဒေါ်ကြီးထား နဲ့တူတူနေမှဖြစ်မှာလေ .. ဒေါ်ထား ကို .. မြို့ပေါ်က သမီးလေးရဲ့အိမ်ကို ခုကတည်းက ခေါ်သွားပြီး .. ဖေဖေတို့ တူတူနေကြမယ်ဆိုရင်လည်း .. သမီးငွေ တစ်ယောက်တည်း ဒီမှာကျန်ခဲ့မှာ .. မိန်းမပျိုတစ်ယောက်ဆိုတာ တစ်ယောက်တည်း ဒီလောက်ကြီးတဲ့အိမ်





ကြီးမှာ အဖော်သဟဲမရှိပဲ နေလို့မဖြစ်ဘူးလေ .."

ဟု ဖေဖေပြောနေသည်။ ဖေဖေ စိတ်ညစ်နေသည်လားဟု တွေးမိရပါ၏။ မမငွေ မှ ညီမလေး နံ့သာပျို ကို အရမ်းကင်းကင်းနေတာ ဖေဖေလည်း မြင်နေသည်ပဲလေ။ စိတ်ထိခိုက်ချေမည်သာ ..။ ညီမလေးကို ခေါ်သွားမည်ဆိုတော့လည်း ဒေါ်ကြီးထား ပါမှဖြစ်မည်မို့ ..။ လောလောဆယ်မှာတော့ ဤ စံကားမြိုင်အိမ်ကြီးမှာပဲနေဖို့ ဖေဖေ ဆုံးဖြတ်ထားပုံရပါ၏။

"တစ်နေ့မှာ .. သားရဲ့ မမငွေ ဟာ .. ညီမလေး နံ့သာပျို ကို .. ချစ်လာနိုင်မလားလို့တော့ မျှော်လင့်ချင်ပါရဲ့ သားရယ် .. ဒါပေမယ့်.. သားအပေါ်မှာတောင် ဒီလောက် တင်းမာနေရင် .. အမေ မတူတဲ့ .. ဒီကလေးကိုတော့ .. ချစ်နိုင်မယ် မထင်နိုင်ပြန်ပါဘူးလေ .. စိတ်လျှော့လိုက်တာပါပဲ .. ဖေဖေ့ မျှော်လင့်ချက်တွေက ဖြစ်လာနိုင်မယ်မထင်ပါဘူး .. ဒါပေမယ့် .. ဒီက သား ထိန်သာလေး ကတော့ ညီမလေးကို သိပ်ချစ်တာမို့ .. ဖေဖေ .. စိတ်ချမ်းမြေ့ရပါရဲ့ .. ဖြေသာနိုင်ပါရဲ့ .."

ဖေဖေပြောကာ သူ့နဖူးကို နမ်းသည်။ အိပ်မောကျစ ညီမလေး၏ နို့ဘူးကို သူ သိမ်းလိုက်ချိန်မှာ ဖေဖေ ညီမလေးကို ဖွဖွညင်ညင်ပွေ့၏။ မနိုးအောင် တကျွတ်ကျွတ်စုတ်သပ်သံပေးသည်။ နောက်တော့ ဖေဖေ့ ခုတင်ထက်မှာပဲ ညီမလေးကို ဖေဖေ သိပ်လိုက်သည်ပါပဲ ..။ ညီမလေးကတော့ အိပ်မောကျနေပြီ ..။

ထိုစဉ်ခိုက် ဒေါ်ကြီးထား ရောက်လာကာ ..

"ထမင်းပွဲပြင်ပြီးပါပြီ အစ်ကိုလေး .."

ဟု ပြောလာတော့ ဖေဖေ ခေါင်းညိတ်သည်။ အိပ်နေသည့် ညီမလေး၏ ဘေးတစ်ဖက်တစ်ချက်မှာ ခေါင်းအုံးတွေ ရံထားလိုက်သည်ကလည်း ဖေဖေပါ။ ညီမလေး ဟိုသည်လူးလွန့်၍ နေရာရွှေ့ကာ ခုတင်ထက်မှ ပြုတ်မကျအောင်ပါ ..။ ခြင်ထောင်ကို ဖေဖေချသည်။ သူ့လက်

www.burmeseclassic.com



ကိုဆွဲ၍ တူတူဆင်းသည်။ သားအဖနှစ်ယောက် ထမင်းတူတူစားဖြစ်ကြ၏။ မမငွေ ကတော့ မဆာသေးဟုဆိုက ဝင်မစား ...။ အပေါ်ထပ်မှလည်း ဆင်းမလာ။ ဖေဖေ မျက်နှာမလန်းရှာပါ။ ညီမလေးရောက်လာကတည်းက ပို၍ မမငွေ သည် သူ့ကို ခပ်ကင်းကင်းနေသည်။ ညီမလေးကို တပွေ့ပွေ့တချီချီရှိသည့် သူ့ကို မျက်စိထဲမတွေ့ဘဲဖြစ်နေတာ သေချာ၏။ ဖေဖေ့ကိုကျတော့လည်း နောက်မိန်းမ ယူရကောင်းလားဆိုသည့် ခံစားချက်ကို သိသိသာသာနေပြသည်။ ကင်းကင်းနေပြသည်။ စကားပင် ဟက်ဟက်ပက်ပက်မပြော ...။ ဖေဖေ တစ်ခုခုမေးလျှင် ထိုအမေးကိုပဲဖြေသည်။ ဤသည်ကလည်း ညစာစားချိန်မျိုး သားအဖဆုံကြချိန်မှာပါ ...။ မနက်စာကိုတော့ ဘယ်တော့မှ တူတူ မမငွေ မစား...။ ဖေဖေ ထမင်းကို မြိန်မြိန်စားသည်။ ဤနေ့မှာ ဒေါ်ကြီးထား ချက်ပြုတ်ထားတာတွေကို ဖေဖေ ခံတွင်းတွေ့ပုံရပါ၏။ သူ့ ပန်းကန်ထဲလည်း ဟင်းတွေ ခပ်ထည့်ပေးသည်က .. ခါတိုင်းနေ့တွေထက် ပို၍ များပြားလွန်းနေသည်။

"ညီမလေးကို ဂရုစိုက်နော် သား .. ညီမလေးမှာ သားပဲရှိတာနော် .."

ထမင်းစားအပြီး ရေသောက်နေရာမှ ရုတ်ခနဲ ဖေဖေပြောလာသည်။ သူ ခေါင်းညိတ်ပြရပါ၏။ ခုနစ်တန်းကျောင်းသားအရွယ် သားငယ်လေးကို လူကြီးလေးလိုထား၍ ညီမလေးကို ဂရုစိုက်ဖို့ ဖေဖေ မှာနေရသည်။ အသက်သုံးဆယ့်နှစ်နှစ်အရွယ် မမငွေ ကို ဖေဖေမှာဖို့ စိတ်ထဲပင်မရှိနိုင် ...။ ဤအတွက် သူ ရင်ထဲမကောင်းပါ။ ဖေဖေ့ကို သနားရသည်ပါပဲ။ ဤသို့ပါပဲလေ ...။ ဖေဖေ အလုပ်သွားတော့မည်ဆိုလျှင် မြို့မှာ ကြာရမည့်ရက်တွေအတွက် ညီမလေးကို စိတ်မချစွာ သူ့ကိုချည်း ဂရုစိုက်ဖို့ မှာခဲ့ရသည်ချည်း ...။ ဖေဖေ ဧည့်ခန်းသို့သွားကာ ဖိနပ်စင်မှ ဖိနပ်ကိုယူသည်။ ခြေအိတ်စွပ်တော့လည်း တော်တော်နှင့် အဆင်မပြေဘဲဖြစ်နေ၏။ ဖိနပ်စီးတော့လည်း တစ်ဖက်ကိုယူ၍စီး ...။ ဖိနပ်ကြိုးချည် ...။ နောက်





ထပ် ဖိနပ်တစ်ဖက်ကို ဖိနပ်စင်မှယူ၍စီးတော့ ...။ အနက်ရောင်ဖိနပ်က ညာဘက် ...။ အညိုရောင် ဖိနပ်က ဘယ်ဘက် ...။ ရှူးဖိနပ်တွေ ဖိနပ်စင်မှာ စီ၍ချထားသည့်အထဲမှာ အရောင်မှား ...။ ဘက်မှား၍ စီးမိတာမို့ သူ ရယ်ကာ ဖေဖေ့ကိုကြည့်တော့မှ ဖေဖေလည်း လိုက်၍ရယ် ...။ ဖိနပ်ကိုပြန်၍ အနက်ကိုယူ။ ပြန်စီးနှင့် ရှိသွားရပါ၏။ ပေါ်တီကိုအောက်မှာ ရပ်ထားသော လင့်ရိဘာကားပေါ် ဖေဖေ တက်သည်အထိ သူ လိုက်၍ပို့၏။ ကားစက်နှိုးတော့ မနိုး။

"ဟာ .. ဘက်ထရီဝပ်သွားပြီထင်တယ် .. ဖြစ်ရလေ .."

ဟု ဖေဖေ တစ်ချက်ညည်း၏။ နောက်တော့ သားရေအိတ်ပြားကိုယူ၍ဆင်းသည်။ ဒေါ်ကြီးထား ရေသန့်ပုလင်းတွေဘာတွေထည့်ထားရာ၊ စားစရာသောက်စရာထည့်ထားရာခြင်းကိုယူ၍ ရောက်လာချိန်မှာ ဖေဖေက —

"ယူမနေတော့ဘူး ဒေါ်ထား .. ကားက ဘက်ထရီဝပ်နေတယ်.. လိုင်းကားစီးပြီးသွားလိုက်မယ် .."

ဟု ပြောကာ သူ့ကိုပြုံး၍ကြည့်၏။ နဖူးကိုထပ်၍နမ်းသည်။ ဆံစကို သပ်ပေးသည်။

"ညီမလေးကို .. ဂရုစိုက်နော် သား .. ညီမလေးကို အမြဲစိတ်ချမ်းသာအောင်ထား .. အလိုလိုက် .. ချစ် .."

ဟု ထပ်ပြောသည်။ နောက်တော့ ဖေဖေ လမ်းလျှောက်၍ ခြံထဲမှ ထွက်သွား၏။ ဘာကြောင့်ရယ်မသိ ...။ သူ .. ဖေဖေ့နောက် ပြေးလိုက်သွားမိသည်။ ဖေဖေ့ လက်တစ်ဖက်ကို သူ့လက်က တွဲထားမိသည်။ ခြံပေါက်ဝရောက်မှ ဖေဖေ့လက်ကို သူ လွှတ်ပေးလိုက်ရပါ၏။ ကားဂိတ်ရှိရာဘက်သို့ ဖေဖေ လျှောက်သွားချိန်မှာ သူ ခြံဝမှာ ရပ်ငေးကျန်ခဲ့သည်ပါပဲ။ မြို့တက်သည့် ကားဂိတ်က လမ်းထိပ်မှာပဲရှိသည်လေ ...။ ခပ်လှမ်းလှမ်းရောက်တော့ ဖေဖေ တစ်ချက်လှည့်ကြည့်လာသည်။ ရပ်နေဆဲ သူ့ကိုမြင်တော့ ပြုံး၍ လက်ဝှေ့ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ့ အမြန်ဆုံးပြန်လာမယ် .. ညီမလေးကို ချစ်ရမယ်ဆိုတာ.. မမေ့နဲ့ .. ညီမလေးမှာ သား ပဲရှိဟာ .. နားလည်လား .."

ဟု တစ်ချက်ပြန်ရောက်လာကာ ဖေဖေ နောက်တစ်ကျော့မှာပြန်သည်။ သူ ခေါင်းလေးညိတ်ကာ ဖေဖေ့ကို ဖက်ထားမိသည်။ ဖေဖေ့ကို သူ ဖက်ထားချင်နေသည်။ လွှတ်ကိုမလွှတ်ဘဲ ဖက်ထားချင်နေတာက ခါတိုင်း ဖေဖေ မြို့တက်သွားချိန်နှင့် မတူပဲ ထူးနေသည်။ ခုဥစ္စာက ဖေဖေ့ကို .. လွှတ်ကိုမလွှတ်စတမ်း ဖက်ထားချင်နေခြင်း ..။ ဖေဖေ ထပ်၍ သူ့ကို ဆံစသပ်ပေးကာ နဖူးကို နမ်းသည်။

ဖေဖေ နောက်ဘက်ပြန်လှည့် လျှောက်လာချိန်မှာ သူကလည်း ခြံတံခါးဆံမှ ပြေး၍ ဖေဖေ့ထံ သွားမိခဲ့ခြင်း။ ထို့အခါ ဖေဖေလည်း ပြေးလာလိုက်သည်တည့်။ ဖေဖေ ဤတစ်ကြိမ်မှာ သူ့နဖူးကိုနမ်းပြီး နောက်ကို ပြန်မလှည့်တော့ .. မကြည့်တော့ဘဲ တောက်လျှောက် ကားဂိတ်သို့ လျှောက်သွားတော့ သူ ရပ်နေရာမှ မရွေ့ဘဲ ရပ်ငေးကြည့်ကျန်ခဲ့ပါ၏။ လမ်းထိပ်အချိုးဘက်ကို ဖေဖေသည် သားရေအိတ်ပြားကိုဆွဲ၍ ကွေ့သွားကာ ပျောက်ကွယ်သွားသည်အထိ .. သူ ရပ်ငေးကျန်ခဲ့ဆဲ..။

တကယ်က .. ထိုနေ့သည် .. ဖေဖေ .. သူတို့အားလုံးကိုချန်ခဲ့မည်ဖြစ်သောနေ့ဆိုတာ သူလည်း မသိခဲ့ ..။ ဖေဖေလည်း မသိခဲ့ ..။

ဖေဖေ စီးသွားသော လိုင်းကားသည် .. တိုင်းရှေ့ပြုတ်ကာ .. လမ်းဘေးချောက်ထဲ ထိုးကျသွားခဲ့သည်။ ဒရိုင်ဘာအပါအဝင် ခရီးသည်ဆယ်ဦးဆုံးသည်။ ဆယ့်တစ်ဦး ပြင်းထန်စွာ ဒဏ်ရာရသည်။

ဆုံးသည့်အထဲမှာ .. ဖေဖေ .. ပါ .. ခဲ့ .. လေ .. သည် ...။





ဝေးရပြီကော ဖေဖေရေ ...
ရင်တွေကွဲကြေရင်း သိနေရချိန်မှာ
ဖြေဆည်ရာမရ
မျက်ရည်စတွေဝေ
တကြွေကြွေတဖြောက်ဖြောက်
မခန့်ခြောက်နိုင်ပဲရှိဆဲမှာ
ဤကတိသစ္စာကိုဆိုပါသည် ဖေဖေ ....။

ဖေဖေ ပေးခဲ့ပါလေသည့် ဤတာဝန်
ကျေပွန်ခြင်းတွေ မလွဲသွေစေရ
ဤညီမလေး၏ ဘဝလေး
နွေးလည်းနွေးထွေးစေရပါမည်
အေးလည်းအေးချမ်းစေရပါမည် ....။

သား၏အသက်စွာကို ရင်းတည်၍
ဘယ်လိုမှ မရွေ့မနှာ ဤသစ္စာ ဤကတိ
လိုက်နာပါမည့် သားတစ်ယောက်အဖြစ်
ကျန်နေရစ်ခဲ့ရပါပြီ ဖေဖေ ....။

သားရင်ခွင်မှာနေ ဤညီမလေးအတွက်
ရတက်မအေး ရင်ထဲမဆွေးပါနှင့် ဖေဖေ
ဖေဖေ စိတ်အေးရစ်ပါလေ ...။
ဪ ...
ဖေဖေ စိတ်ချရစ်ပါလေ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"အိမ်ကမထွက်စေချင်လို့ .. ကားကိုက စက်နှိုးမရဖြစ်ပေးနေတဲ့ကြားက .. အလုပ်ကိုသွားလိုက်တာ .. နိမိတ်ပြနေပါရက်ကယ်နဲ့ အစ်ကိုလေးရယ် .. အဖြစ်ဆိုးကြုံရတာ .. မယ်ထား ဖြင့် ရင်ထဲမချိဖြစ်ရတာပါပဲ .. မကြည့်ရက်စရာပါလားနော် .. အဖြစ်ရယ်ဆိုးလိုက်ပါရဲ့ အစ်ကိုလေးရယ် .."

ဖေဖေ့ကို ဂူသွင်းထားရာ ခြေရင်းမှာ သူ ရပ်နေသည်။ ဒေါ်ကြီးထားကတော့ မချိတင်ကဲ ပြောလိုက်ငိုလိုက်ဖြင့် ရှိနေ၏။ အနက်ရောင်ဝတ်စုံကို ဝတ်ထားသော မမငွေ ကတော့ ငြိမ်သက်စွာ ဖေဖေ့ဂူကိုပဲ ငေးစိုက်ကြည့်နေသည်။ အသုဘပို့သူများ သိပ်မကျန်တော့ပြီ ..။ ခြောက်သွေ့ခြင်းမရှိသေးသည့် ဖေဖေ့ အုတ်ဂူခြေရင်းမှာ စံကားမြိုင်မှ လူတို့နှင့် အတူ အလွမ်းရင်းချာသည့် မိတ်ဆွေတစ်ချို့တလေသာ ကျန်ရှိနေကြပြီ။ ဖေဖေ့ကိုချစ်သော မိတ်ဆွေများက ပန်းခွေပန်းခြင်းတွေ ဖေဖေ့ဂူမှာ တင်ထားရင်း ..။ ဖေဖေ့ဂူပတ်လည်မှာ ချထားရင်းဖြင့် နောက်ဆုံးနှုတ်ဆက်ခဲ့ကြပြီ ..။ ဖေဖေ့ အဖြစ်ဆိုးသတင်းကြီး ရောက်လာချိန်မှာ မမငွေ





သည် ဆန်စက်မှာရှိနေပြီ။ ဖုန်းဝင်လာတာမို့ မြို့သို့ လင့်ရှိဘာဖြင့် မမငွေ ထွက်သွားပါ၏။ အံ့သြဖို့ကောင်းသည်က လင့်ရှိဘာသည် ထိုအခါကျသော့ စက်နှိုး၍ရနေခြင်းပဲဖြစ်လေသည်။ ဘက်ထရီဝပ်သည်ဟု ဖေဖေ ဆင်မှတ်ချွန်ရစ်ခဲ့ရာ ကားသည် ဘက်ထရီဝပ်နေခြင်းမဟုတ်တာကို သူနားလည်လိုက်ရချိန်မှာ ..။ ဖေဖေ့ ကို မြို့သို့မသွားဖို့ ဘာကြောင့် သူ မပူဆာမိခဲ့ရပါလိမ့်ဟု နောင်တစိတ်ဖြစ်ခဲ့ရသည်ပါပဲ ..။

ဖေဖေ့ ရုပ်ကလပ်ကို မမငွေ ပြန်၍သယ်လာသည်။ အိမ်မှာ ဖေဖေ့ကို ရေချိုးတာတွေ၊ အဝတ်အစားလဲပေးတာတွေ ..။ အလောင်းစံထားတာတွေအားလုံးကို သူ တုန်လှုပ်ချောက်ချားစွာ မယုံနိုင်သလို ငေးစိုက်ကြည့်ရင်း ..။ ဖေဖေ မရှိတော့ပြီဆိုတာကို မယုံနိုင်ပဲဖြစ်ခဲ့ရသည်။ ဖေဖေသည် .. စံကားမြိုင်မှာပဲ နေတော့မည်။ သမီးလေးတွေနှင့် သားလေးတွေနှင့် နေတော့မည်ဟု ဆုံးဖြတ်ခါမှ ..။ ဤအဖြစ်ဆိုး၏ အောက်မှာ ခန်းစုန်းမြုပ်ခဲ့ရသည်တကား ..။ ထိုစဉ်တုန်းကလည်း ညီမလေးသည် သူ့ရင်ခွင်မှာရှိနေခဲ့ပါ၏။ ဘာဆိုဘာမျှ မသိနားမလည်တတ်ရှာသေးသည့် ညီမလေးသည် .. ဖေဖေ့ကို ဆုံးရှုံးရချိန်မှာ အစ်ကို၏ ရင်ခွင်ထဲမှာ မျက်လုံးနက်လေးတွေဖြင့် အစ်ကို့မျက်နှာကို တမော့မော့ကြည့်နေတတ်သည်။ အနေအေးသော ညီမလေးသည်သာလျှင် တိုးသဲ့သဲ့လေး ငိုပြတတ်သည်။ နို့ဘူးလေးတိုက်ရင်း ဖေဖေ့ ခြေရင်းမှာ သူအချိန်ပြည့် ရှိနေတတ်ခဲ့ရကာ ..။ ခုကျတော့လည်း .. ဖေဖေ့ကို ဂူသွင်းမြှုပ်နှံရာ နေရာ ..။

သူ .. ရင်ခွင်မှာရှိနေသည့် ညီမလေးကို ကြည့်မိသည်။ သူ့လွယ်အိတ်ထဲမှာ အရာနှစ်ခုပါလာပါ၏။ တစ်ခုက ညီမလေးအတွက် နို့ဘူး..။ နောက်တစ်ခုက .. သူ ကိုယ်တိုင်သီကုံးထားရာ ပန်းစံကားဖြူနီကုံး ဖြစ်လေသည်။

"ပြောတယ် .. ပြောတယ် .. ဒီတစ်ခေါက် ဟိုမှာအလုပ်စာရွက်



www.burmeseclassic.com

www.burmeseclassic.com



စာတမ်းတွေ ဟိုတယ်ပိုင်ရှင်လက်ထဲအပ်ပြီးရင် .. မြို့ပေါ်မတက်တော့ဘူးတဲ့ .. ကန်ထရိုက်အလုပ်ကိုလည်း လက်စဖြတ်ပြီးပြီမို့ .. ကြာကန်ရွာမှာပဲ ဆန်စက်အလုပ်ရယ် .. စပျစ်ခြံတွေရယ်ကိုပဲ ဦးစီးတော့မယ်တဲ့.. အဲသလိုပြောခဲ့တာ .. အဲသလိုပြောခဲ့တာ .."

ဒေါ်ကြီးထား ကတော့ ပြောလိုက်ဒိုလိုက်ဖြင့် ရှိနေဆဲ ..။ သူ .. လွယ်အိတ်ထဲမှ ပန်းကုံးတွေကို တုန်ခါနေသည့် လက်ဖြင့်ထုတ်ယူလိုက်မိရပါ၏။ မေမေ ချစ်သော ဤပန်းတွေကို ဖေဖေလည်း ချစ်သည်ဟု မကြာကြာပြောပြောပြတတ်ပါသည့် ဖေဖေ ..။ မေမေ ဤပန်းတွေကို ချစ်မှန်းသိသည်မို့ ..။ မနက်တိုင်းမှာ ဖေဖေသည် ပန်းစံကားဖြူတစ်ကုံး ..။ ပန်းစံကားနီတစ်ကုံး ..။ အဖြူနှင့် အနီတစ်ပွင့်ခြားစီ သီသည့် ပန်းကတစ်ကုံး ..။ အမြဲသုံးကုံး အခန်းရှိ မှန်တင်ခုံမှာထားထားပေးတတ်သည်။

ခုတော့ .. ဖေဖေ့ဂူထက်မှာ ထိုသို့သော ပန်းသုံးကုံးကို သူ သီကုံး၍ တင်လိုက်မိရပါပြီတည်း။ ဖေဖေ ချစ်သောပန်း ..။ မေမေချစ်သော ပန်းတို့နှင့် အတူရှိနေရစ်ပါလေ ဖေဖေ။ သူ .. မျက်ရည်ကျလာပါပြီတည်း ..။

မမငွေ တင်ထားရာ နှင်းဆီဖြူပန်းခြင်းက ဖေဖေ့ဂူထက်မှာမွှေးဥစ္စာ ရနံ့တသင်းသင်းဖြင့်ရှိနေသည့်နှယ် ..။ ပန်းစံကားဖြူနီတို့၏ ရနံ့ကလည်း သင်းတမြမြရှိနေပါ၏။

"ကဲ .. ကဲ .. ကလေးတို့ ဖေဖေ့ကို ကန်တော့ကြ .."

ဘဘညို အသံတုန်တုန်ဖြင့်ပြောစဉ်ခိုက် မမငွေ တစ်ချက်သူ့ကို ကြည့်သည်။ မျက်ဝန်းသည် မာကျောစွာ ညီမလေးထံသို့လည်း ရောက်၏။

"အဲဒီကောင်မလေးကို .. ပွေ့ထားစမ်းပါ ဒေါ်ကြီး .. ဖေဖေ့ကို ကန်တော့တာ .. ငွေ နဲ့ ထိန်သာ ပဲဖြစ်ရမယ် .. ငွေ .. အဲဒီကြိုဟ်ကောင်မလေးနဲ့ တူတူ မကန်တော့နိုင်ဘူး .. သူဟာ .. ငွေ့ မေမေရဲ့ သမီးလေး





လည်းမဟုတ်ဘူး .. ခု ကြည့်စမ်း .. သူ ရောက်လာလို့ .. ဖေဖေ ဆုံးရတာ .. ကံဆိုးခြင်းကို သယ်လာတဲ့ ကောင်မ .. ခြေနှစ်ချောင်းဝင်လာတယ် .. ဖေဖေ ဆုံးရပြီ .. အိမ်မှာလူတစ်ယောက်တိုးလာတယ် .. လူတစ်ယောက်လျှော့ပေးလိုက်ရပြီ .."

ဟု အံခဲ၍ပြောတော့ သူ ရင်ထဲဆို့ခနဲဖြစ်၏။

"တစ်နေ့မှာ .. သားရဲ့ မမငွေ ဟာ .. ညီမလေး နံ့သာပျို ကို .. ချစ်လာနိုင်မလားလို့တော့ မျှော်လင့်ချင်ပါရဲ့သားရယ် .. ဒါပေမယ့် သားအပေါ်မှာတောင် ဒီလောက်ဟင်းမာနေရင် .. အမေ မတူတဲ့ ဒီကလေးကို ချစ်နိုင်မယ်မထင်ပါဘူးလေ .."

ဖေဖေ မဆုံးခင် .. နောက်ဆုံးနေ့၏ မနက်မှာ ပြောခဲ့ပါလေသော စကား ..။ လတ်လတ်ဆတ်ဆတ် ပြန်၍ကြားရသယောင်ရှိလာသည်။ ဖေဖေသည် သူ့ဘေးမှာရပ်နေချေပြီလား။ မမငွေ ပြောနေသည့် စကားတွေကို ဝိညာဉ်ဘဝဖြင့် ကြေကြေမွမွကြားနေချေပြီလားဟု သူ ထိထိခိုက်ခိုက်ခံစားဖြစ်၏။ သူ .. ညီမလေးကို ဒေါ်ကြီးထား ထံ မကမ်း..။ ပေး ..။ ကိုယ်ကို နောက်သို့ဆုတ်သည်။

ခုလို .. သူ .. အတိအလင်း မမငွေ ၏ စကားကို ငြင်းဆန်ပြလိုက်တာကို ခံလိုက်ရ၍လား မသိ ..။ မမငွေ ၏ မျက်နှာ ပို၍တင်းမာလာပါ၏။ သူ့ကို မျက်တောင်မခပ် တစ်ချက်စိုက်ကြည့်သည်။ ဤတစ်ကြိမ်မှာတော့ မမငွေ ၏ မာကြောကြောမျက်ဝန်းတွေရှေ့မှာ အနေခက် ထိတ်လန့်ရတတ်စမြဲစိတ်တွေကို သူ အားစိုက်၍ ရင်ဆိုင်လိုက်ရပါပြီ။ ရင်မဆိုင်၍လည်း မဖြစ်တော့ပြီကောလေ ..။ ညီမလေးအတွက် .. သူသည် .. တံတိုင်းတစ်ခုအဖြစ် မမငွေ ၏ မာကြောသောမျက်လုံးများ၏ ဒဏ်ကို ရင်ဆိုင်ခံရမည့်လူတစ်ယောက်အဖြစ် အားမွေးယူဖို့ပဲ ရွေးချယ်ရာရှိတော့သည်တည်း ..။

"ကောင်းပြီလေ .. ဒါဆို .. ငါ အရင်ကန်တော့မယ် .. ငါက အကြီး

www.burmeseclassic.com



ပဲ .. နင်နဲ့ .. အဲဒီကောင်မလေးနဲ့ .. နောက်မှ ကန်တော့ .. နင့် ရင်ခွင်ထဲ ထားပြီး ကန်တော့ ..''

ဟု ပြတ်ပြတ်ပြောကာ မမငွေ ဖေဖေ့ကို ကန်တော့သည်။ ကန်တော့ ရင်းလည်း မမငွေ မျက်ရည်တွေထိန်းမရအောင် ကျလာရှာသတည်း...။ နောက်တော့ ကိုယ်ကိုပြန်မတ်၍ ထိုင်သည်။ ဖေဖေ့ဂူကို အတန်ကြာ ငေးစိုက်ကြည့်သည်။ ခြေရင်းကို နဖူးဖြင့် ခိုက်သည်။ မျက်ရည်ကို လက်ဖမိုးဖြင့် ပွတ်သုတ်ပြီးတာနှင့် မမငွေ ကျုံး၍ထရပ်ပါ၏။ ချက်ချင်းရပ်ထားသော ကားရှိရာသို့ အပြေးထွက်သွားတော့ သူ ငိုင်၍ကျန်ရစ်ခဲ့ရသည်ပါပဲ။ မမငွေ သည်လည်း ဖေဖေ့သမီးပေပဲလေ ...။ ဖေဖေ မရှိတော့သည့်အဖြစ်အတွက် ရင်တွေကွဲကြေမဆုံးရှိနေရရှာမည်သာ ...။ ခုလောက်ထိ မမငွေ ထိခိုက်ခံစားတာ သူ ဘယ်တုန်းကမှ မြင်ဖူးခဲ့တာမဟုတ်။ မေမေ ဆုံးတုန်းက သူက မွေးကင်းစလေးပေမို့ .. မမငွေ ၏ သောကဗျာပါဒကို မမြင်နိုင် ...။ ခု .. သူ အရွယ်လေးရလာချိန်မှာ ဖေဖေ ဆုံးသည်မို့ ...။ အဖေ့အတွက် ကြေပြုန်းအောင်ခံစားရရှာပါသည့် မမငွေ၏ ရင်ကျေရင်ကွဲအဖြစ်ကို မြင်ရတော့ သူ ရင်ထဲပို၍ ထိခိုက်လာရပါ၏။ မမငွေ ကိုလည်း သနားရသည်ပါပဲ။ ဘယ်လောက်ပဲ မမငွေ သူ့ကို မာတင်းတင်းရှိခဲ့ရှိခဲ့ ...။ မမငွေ သည် သူ့အစ်မပဲလေ ...။ ခုလို .. ကိုယ့်အစ်မ ခံစားရတာတွေမြင့်ရတော့လည်း ရင်ထဲမကောင်းနိုင်။ ဖေဖေ စိုက်ခဲ့ရာ ပန်းစကားဖြူပင်ကြီးတစ်ပင်အောက်ရှိ မေမေ့အုတ်ဂူကို မမငွေ သွားကန်တော့နေပြီ ...။

''ညီမလေး နဲ့သာသျှိုလေး ရေ .. ဖေဖေ့ကို ကန်တော့ကြရအောင်နော် .. ကိုကို့ ရင်ခွင်ထဲမှာရှိနေရင်း .. ကန်တော့ပေါ့ .. ဖေဖေ .. ဖေဖေ ရေ .. သားနဲ့ ညီမလေး .. ဖေဖေ့ကို ကန်တော့ပါတယ် ဖေဖေ .. မနက်ဖြန်ကျရင် .. သား လာခဲ့ဦးမယ် ဖေဖေ .. ဖေဖေနဲ့ မေမေ တို့ ချစ်ကြတဲ့ ပန်းစကားကိုင်းတွေယူလာပြီး .. ဘဘညို နဲ့အတူ .. ဖေဖေ့ ခေါင်း





ရင်း .. ခြေရင်းနဲ့ ဘေးဘက်တွေမှာ တစ်ပင်စီ လာစိုက်မယ် ဖေဖေ .. အပင်တွေကြီးလာတဲ့အခါ .. ပန်းတွေပွင့်ကြမှာ ဖေဖေ .. မွှေးကြမှာပါ.. အခု .. ဖေဖေ့ကို ကန်တော့ပြီးရင် .. မေမေ့ကိုလည်း သား သွားကန်တော့ ပါ့မယ် ဖေဖေ ..''

သူ စိတ်ထဲမှ ပြောနေမိရင်း ဂူခြေရင်းမှာထိုင်သည်။ ပေါင်ပေါ်မှာ ညီမလေးကို ညင်ညင်သာသာတင်သည်။ ဖေဖေ့ကို လက်အုပ်ချီ၍ ကန်တော့ရပါ၏။ မျက်ရည်ကဆည်မရ။ တန့်မရ ...။ အင်အားနှင့် ပြိုကျလာနေသည်။ မျက်ရည်စက်သည် ညီမလေး၏ မျက်နှာထက်သို့ ကြွေသက်၏။ သူ ရင်ထဲပို၍ ထိခိုက်လာရသည်က .. အိပ်ပျော်နေသည့် ညီမလေးသည် .. ခုလို ဖေဖေ့ကို သူ ကန်တော့နေချိန်မှာ နိုးလာ၏။ ပြီးတော့ .. သူ ငိုနေချိန်မှာ ညီမလေးသည်လည်း ငိုကြွေးလာနေချေသည် တကား ...။ သူ့လက်တွေက ညီမလေး၏ ဆံစလေးကို သပ်ပေးနေမိသည်။ မျက်ရည်ကို သုတ်ပေးနေမိသည်။ သူ့အာရုံထဲ ဖျောက်မရနိုင်သည်က .. ဖေဖေ့ နောက်ဆုံးနေ့ မနက်ကအဖြစ် ...။ ခြံဝမှာ သူ ရပ်ငေးကျန်ချိန်မှာ ဖေဖေ နောက်တစ်ကျော့ပြန်လှောက်လာသည့် မြင်ကွင်း...။ သူလည်း ဖေဖေ့ထံ ပြေးသွားမိကာ သားအဖနှစ်ယောက် ပွေ့ဖက်မိကြသည့်အဖြစ်များ ...။ ပြီးတော့ .. ဖေဖေ မှာခဲ့သည့်စကား ...။

''ဖေဖေ အမြန်ဆုံးပြန်လာမယ် .. ညီမလေးကို ချစ်ရမယ်ဆိုတာ မမေ့နဲ့ .. ညီမလေးမှာ သားပဲရှိတာ .. နားလည်လား ..''

ဖေဖေ့ နောက်ဆုံးစကား ...။ ဪ .. ထိုစဉ်က သူ ဖေဖေ့ကို ဖက်ထားမိသည်။ ဖေဖေ့ကို ဖက်ထားတာ လွှတ်ကိုမလွှတ်ချင်ပဲဖြစ်နေမိခဲ့သည်။ ထိုစဉ်က ဖေဖေသည် သူ့ဆံစတွေကို သပ်ပေးခဲ့သေးသည် တကား...။

ကားဂိတ်ဘက်သို့ ချိုးကွေ့သောလမ်းကွေ့လေးဆီသို့ ဖေဖေ ရောက်ပြီး ပျောက်ကွယ်သွားသည်အထိ သူ ငေးကျန်ခဲ့သည့်အချိန်က ...။ သူ မြင်ခဲ့ရသည့်မြင်ကွင်းသည်လည်း ရင်ထဲမှ ဖျောက်မရ ...။ သားရေအိတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြားကို လက်မှာဆွဲထားရင်း လျှောက်သွားနေခဲ့ပါလေသော ဖေဖေ့ နောက်ကျောပြင်ကို ပျောက်ကွယ်သွားသည်အထိ ငေးကြည့်ခဲ့ရခြင်းသည် နောက်ဆုံးအကြိမ်ဟု သူ ဘယ်လိုမှ မထင်ခဲ့ ...။ မသိနိုင်ခဲ့ ... မျက်ရည်သည် ထပ်၍ကျလာ၏။

ထိုနေ့က .. ဖေဖေသည် ဖိနပ်တွေလည်း မှားစီးခဲ့သည်။ ကားကိုလည်း စက်နှိုးတော့ မရပဲဖြစ်ခဲ့သည်။ သူသည်လည်း ဖေဖေ့ကို .. ခြံ အထိလိုက်၍ ပို့ချင်စိတ်ဖြစ်ခဲ့ရသည်။ နောက်တော့ .. ဖေဖေ လမ်းအတိုင်း လျှောက်သွားရာမှ နောက်တစ်ကျော့ပြန်၍ လျှောက်လာကာ .. ညီမလေးကို ဂရုစိုက်ဖို့ ...။ ချစ်ဖို့ ...။ စိတ်ချမ်းသာအောင်ထားဖို့ .. တရရမှာခဲ့သည်။ သူကလည်း ခေါင်းညိတ်ခဲ့သည်တည့် ...။ ဖေဖေ့ကို ဖက်ထားရင်း ခေါင်းညိတ်ခဲ့သည့်အဖြစ်တစ်ခုသည် ...။ ဖေဖေ့ကို .. ဖေဖေ့ နောက်ဆုံးအချိန်မတိုင်မီလေးမှာ ...။ ဖေဖေ့ နောက်ဆုံးအချိန်ဆိုတာ ရောက်လု ရောက်ခင်လေးမှာ သူ ပေးခဲ့လေသော ကတိဆိုတာ .. ခုကျတော့ နားလည်နေရပါပြီတည်း ...။ သချိုင်းမြေမက၍ ဘာမြေပဲဖြစ်ဖြစ် ... ဖေဖေ့ ခြေရင်းမှာမို့ ...။ ဖေဖေ့ သမီးလေးကို သူ နို့ဘူးလေးတိုက်လိုက်သည်ပါပဲ ...။ မျက်ရည်လေးတွေ စိုစွတ်နေသည့် ညီမလေး၏ ပါးပြင်လေးထက်မှ လက်ကိုဖွဖွတင်၍ သုတ်ပေးမိသည်။ ညီမလေးကို ပွေ့၍ ဖေဖေ့ဂူ ခြေရင်းမှာ သူ နို့ဘူးလေးတိုက်နေရင်းမှ ...

"ဖေဖေ ..."

သူ တိုးတိုးခေါ်မိရပါ၏။ ဒေါ်ကြီးထား နှင့် ဘဘညို တို့ကတော့ မြင်ကွင်းကို မကြည့်ရက်နိုင်သည့်နှယ် အသံထွက်၍ ငိုနေကြပါပြီ ...။

အသက်ဆယ့်သုံးနှစ်အရွယ် ကလေးသာသာ ကောင်လေးတစ်ယောက်က လသားအရွယ် ညီမလေးကို ပွေ့ထားရင်း ဖခင်၏ ဂူခြေရင်းမှာ နို့ဘူးလေးတိုက်နေသည့် မြင်ကွင်းသည် အဘယ်သူ၏ ရင်ကိုမှ မဆို့ပဲ မနေနိုင် ...။ မျက်ရည်ကို မတားဆီးနိုင် ...။



"ငေးကြရပြီလို့ သိနေရတဲ့ သား ရဲ့ ရင်တွေ ကြေမွနေကြတယ် ဖေဖေ .. သားမှာလည်း .. ဖေဖေပဲ ရှိတာပါ ဖေဖေရယ် .. သား ချစ်ရတဲ့သူ .. သား ခိုဝင်ရတဲ့ရင်ခွင် .. အဲဒါဟာ ဖေဖေ့ဆီကပဲရတာပါ .. အခု .. ဖေဖေ့ကို သား .. ဘယ်တော့မှ .. မတွေ့နိုင်တော့ဘူး .. ဖေဖေ့ ရင်ခွင်ကို ဝင်ခွင့်မရတော့ဘူး .. အားကိုးရတဲ့ ဖေဖေ .. မရှိတော့ဘူး.. သား .. အားငယ်လိုက်တာ ဖေဖေရယ် .. ဖေဖေ့ကို မခွဲနိုင်ဘူး ဖေဖေ.. သားခွဲလို့မရနိုင်ဘူးဖြစ်နေတယ် ဖေဖေ .."

သူ .. ဤတစ်ကြိမ်မှာတော့ ဖေဖေ့ကို တိုင်တည်၍ အသံလေး တိုးတိုးဖြင့် ပြောငိုနေမိရပါ၏။ ရင်ထဲမှာ ဆို့နေသည်။ လည်ချောင်းတွေဆို့ခဲနေသည်။

"သား .. ငိုနေရင်း .. သစ္စာဆိုပါတယ် ဖေဖေ .. ဖေဖေ ပေးခဲ့တဲ့ တာဝန် .. ကျေစေရပါမယ် .. သား အသက်ကိုရင်းပြီး ကတိသစ္စာပြုပါတယ် ဖေဖေ .. ညီမလေးအတွက် .. ဖေဖေ စိတ်မလေးပါနဲ့တော့၊ ညီမလေး အတွက် .. သား .. အမြဲရှိနေမှာပါ ဖေဖေ .. ညီမလေးကို စိတ်ချမ်းသာအောင် ထားပါ့မယ် .. ချစ်ပါ့မယ် .. ဖေဖေ စိတ်ချပါ .. ဖေဖေ စိတ်ချပါ.."

သူ ဆောက်လျှောက်ပြောနေသည်။ ပြောနေရင်းကလည်း ဖေဖေ့ ဂူကို အသံထွက်အောင် ငိုယိုပစ်မိရင်းမှ မျက်တောင်မခပ် ကြည့်နေမိရပါ၏။

"ဒါပေမယ့် .. ဒါပေမယ့် .. သား .. ဖေဖေ့ကို မခွဲနိုင်ဘူး ဖေဖေရဲ့ .. မခွဲနိုင်ဘူး ဖေဖေရဲ့ .. ဖေဖေ့ကို .. ဒီနေရာမှာ သား .. သား .. ချန်ခဲ့ချင်ဘူး ဖေဖေ .. မချန်ခဲ့ချင်ဘူး ဖေဖေ .."

သူ .. ညီမလေးကို ပွေ့ရင်းမှ ဖေဖေ့ဂူခြေရင်းမှာ နဖူးဖြင့်ထိရင်း စိတ်ကိုလွှတ်ချ၍ ငိုလိုက်ပြောလိုက် ရှိနေရပါပြီတည်း။

နို့ဘူးလေးစို့နေသည့် ညီမလေးကလည်း နို့ဘူးစို့တာကိုလွှတ်၍ အသံလေးနုနုလေးဖြင့် ရှတ်ချည်းငိုကြွေးလာသည်။ ဒေါ်ကြီးထား ကလေးကို ပွေ့ဖို့လက်ကမ်းလာတော့ သူ ခေါင်းခါ၏။ ညီမလေးသည်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့သမီးပေပဲလေ ...။ လိပ်ပြာချင်းတွေ့နေ၍ ငိုနေကာလည်း ဖြစ်ချေ မည်သာ ...။ ဖေဖေသည်လည်း သမီးလေးကိုလက်ဖြင့် လှမ်းထိငိုကြွေး နေနိုင်ပါသည်။ သူဆံစလေးတွေကိုလည်း ဖေဖေ သပ်ပေးနေနိုင်ပါသည်။ သူ့ဆံစတွေကို လေအေးအေးလေးတွေ ဖြတ်တိုက်သွားတာ ခံစားနေရ သည်။ ညီမလေး၏ ကိုယ်ထက်ကို ပန်းစံကားဖြူလေးတစ်ပွင့် လေနှင့် အတူ လွင့်၍ လာတင်တာကိုလည်း သူ မြင်နေရသည်။ သူ သိခဲ့သော ပန်းကုံးဆီမှ ဤပန်းတစ်ပွင့်သည် အသီမပြေ၍များ ပန်းသီကြိုးဆီမှ ပြုတ် ကျသွားခဲ့ချေသည်လား မသိ ...။ ထိုပန်းလေးတစ်ပွင့်သည် လေအနေ အတိုက်မှာ သူ့ရင်ခွင်သို့ လွင့်ဝဲကျလာသည်။ ဪ .. သူ၏ ညီမလေး ကိုယ်ပေါ်သို့ ကြွေလွင့်၍ ကျလာချေသည်တကား ...။

သူ .. တုန်ခါနေသည့်လက်ဖြင့် ပန်းလေးကို ယူမိသည်။ အင် အိတ်ကပ်ထဲ ထည့်မိသည်။ ဤပန်းတစ်ပွင့်သည် .. ဖေဖေ .. သူ့ကိုရော ညီမလေးကိုရော .. ပေးလာသည့် ပန်းဟု ခံစားမိလာရသည်တည့် ...

ဖေဖေသည် .. ညီမလေးနှင့် သူ့ကို .. မျက်ရည်ဖြင့်ငေးစိုက်ကြည့် နေသည်ဟုလည်း .. အလိုလိုယုံကြည်စိတ်ကဲလာမိရရင်းမှ မျက်ရည်များ တန့်ဆည်မရ ကျလာမိရပြီ ...။

ညီမလေးကိုလည်း .. ဖွေ့ပိုက်ပြမိသည်။ ပါးလေးကို နမ်းပြမိသည်။

ဖေဖေ .. ကြည့်ပါလေ ...။ ဖေဖေ မြင်ပါလေ ...။ မြင်ပါလေလို့ ဖေဖေ .. ရေ ...။ ဤတစ်ကြိမ်မှာတော့ .. သူ .. ခေါင်းကိုမော့မိသည်။ လက်ကိုဆန့်မိသည်။ မျက်စိကို စုန်မှိတ်ပစ်မိသည်။

"ဖေဖေ ရေ .."

သူ အော်ဟစ်၍ .. ရင်ကျေရင်ကွဲ .. ခေါ်မိလိုက်ရပါချေသည် တကား ...။



## အခန်း (၄)

"ဒေါ်ကြီးထား .. သူတို့မောင်နှမ နှစ်ယောက်နေဖို့ အောက်ထပ် မှာ အခန်းပြင်ပေးလိုက်ပါ .. အပေါ်ထပ်မှာ သူတို့အခန်းကို ဒီနေ့က စပြီး မရှိစေရတော့ဘူး .. တစ်ယောက်က အမေရဲ့ အသက်နဲ့ သူ့ အသက် ကိုလဲပြီး လောကကြီးကို ဝင်လာတယ် .. နောက်တစ်ယောက်က .. ဖေဖေ့ အသက်ကိုတိုစေဖို့အတွက် သမီးတစ်ယောက်အဖြစ် ဒီအိမ်ကို ရောက်လာတယ်၊ သူတို့နှစ်ယောက်စလုံးဟာ မိဘကို နိုက်တဲ့သတ္တဝါ တွေဖြစ်လို့ .. သူတို့ကိုမြင်ရတာ နေလိုမီးလိုပူတယ် .. အောက်ထပ်က ဖေဖေ အနားယူတဲ့အခန်းက ကျယ်ပါတယ် .. အဲဒီကို အားလုံးပြောင်း ပေးလိုက်ပါ .. အပေါ်ထပ်ကို ဘုရားရှိခိုးဖို့ ဘုရားခန်းဝင်တာတစ်ခုက လွဲပြီး .. သူဘို့နှစ်ယောက် ဘယ်တော့မှ မလာပါစေနဲ့ .. ဒါပါပဲ .."

အိမ်ပြန်ရောက်တာနှင့် စာကြည့်ခန်းထဲ *ဒေါ်ကြီးထား* နှင့် သူ့ကို ခေါ်ကာ မမငွေ ပြောခြင်းပါ ...။

သူ့ရင်ခွင်မှာ ပါလာသည့် ညီမလေးကိုလည်း မမငွေ ဤတစ်ကြိမ် မှာ စေ့စေ့ကြည့်သည်။ အကြည့်သည် အမုန်းဖြင့် ခဲသက်နေ၏။ ပူ



www.burmeseclassic.com

www.burmeseclassic.com



လောင်နေ၏။ လက်တောက်နေ၏။

"မဟုတ်သေးပါဘူး ငွေလေး ရယ် .. ဒီနေ့မှ အစ်ကိုလေး မြေချ တာပါ .. သူ မရှိခိုက် .. ဒီလောက်ထိ မြန်မြန်ဆန်ဆန်ကြီး ကလေးတွေ ရဲ့နေရေးထိုင်ရေးကအစ ပြောင်းလဲကုန်တာတော့ မသင့်ဘူးလို့ ဒေါ်ကြီး ထား တားပါရစေ .."

ဒေါ်ကြီးထား မျက်ရည်ကျရင်း ပြောနေတော့ မမငွေ ခပ်တည်တည် စိုက်ကြည့်လာပါ၏။

"ဒီ စံကားမြိုင်အိမ်ဟာ ငွေ့ အိမ်ပါ .. ငွေ ဦးစီးနေရပြီဖြစ်တဲ့ အိမ်ပါ .. အဆုံးအဖြတ်ကို ငွေ ပဲ ချခွင့်ရှိပါတယ် .. ဒေါ်ကြီးထား လုပ် ရမှာက .. ငွေ ပြောတဲ့အရာတွေကို လိုက်နာပေးဖို့ပါပဲ .. ဒီအိမ်ကြီး မှာ ရက်လည်ဆွမ်းကျွေးချိန်မှာ .. ဒီနှစ်ယောက်ဟာ .. ငွေ့ အိပ်ခန်းရှိ ရာ အပေါ်ထပ်နဲ့ ကင်းပြီးသားဖြစ်နေဖို့လိုပါတယ် .. ငွေ .. သူတို့ရဲ့ ဖြတ်သန်းသွားလာနေတဲ့ ခြေသံတွေကို .. ငွေ့ အခန်းကနေပြီး မကြား ချင်နေဘူး .. ဒါပါပဲ .. ဒါပါပဲ .."

"ရပါတယ် မမငွေ .. သား အောက်ထပ်မှာနေပါ့မယ် .. မမငွေ မကြိုက်တာ သားလည်း မလုပ်ချင်ပါဘူး .. ဖေဖေ အနားယူတတ်တဲ့ အခန်းဟာ .. ဖေဖေ့ အခန်းဖြစ်တာမို့ .. ဖေဖေ့ အရိပ်မှာ ဖေဖေနဲ့အတူ နေနေရသလိုပါပဲ .. ဒေါ်ကြီးထား .. သားတို့ မောင်နှမနှစ်ယောက် အောက်ထပ်မှာ နေချင်ပါတယ် .."

ဤတစ်ကြိမ်မှာတော့ ခါတိုင်းလို သူ ခေါင်းလေးငုံ့ကာ ..။ မျက် ရည်လေးဝဲကာ ..။ မမငွေ ကို ဘာဆိုဘာမျှ တုန့်ပြန်မပြောတတ်သည့် ကောင်လေးတစ်ယောက်ဖြစ်မနေ။ မမငွေ ပြောသမျှကို တည်ငြိမ်စွာ နားထောင်ပြီးတာနှင့် မျက်ရည်တစ်ချက်မဝဲဘဲ ဒေါ်ကြီးထား ကို ပြော လိုက်တာ ..။ မမငွေ ကို တုန့်ပြန်လိုက်တာတွေကို မမငွေ လည်း အံ့ဩ သွားပုံရသည်။ အထူးသဖြင့် အရမ်းကို အေးစက်တည်ငြိမ်နေသည့်



အကြည့်တွေကို မယုံနိုင်သလို မမငွေ ကြည့်နေပါ၏။ နောက်တော့ မမငွေ ပြုံးလာသည်။ အနက်ရောင်ထက်အောက်ဝတ်စုံကို ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ခုထိ ဝတ်ထားဆဲ မမငွေ သည် လောလောဆယ် မှာ ဖေဖေ့သားတစ်ယောက်နှင့် သမီးတစ်ယောက်သည် မမငွေ ၏ ရှေ့မှာ ရပ်နေသည်ဟု သိပေးဖို့စိတ်ရှိနေပုံမရ။ မုန်းဖို့ပဲရှိနေဆဲ ..။

"အလိုလေးလေ .. ဒီ ချွတ်လေးက .. ငွေ့ ကို .. ခပ်တည်တည် တွေ ဘာတွေနဲ့ စကားရင်ဆိုင်ပြောတတ်နေပါလား .. နေစမ်းပါဦး.. နင်က ဘာအလုပ်အကိုင်ရှိလို့ .. ဘယ်သူ့လုပ်စာ စားရမှာမို့ .. ဘယ်သူ့ အားကိုးနဲ့ .. ဒီလောက်ထိ ငါ့ကို အာခံနေတာလဲ ထိန်သာ .. ဟင် .. အခု .. ငါပဲရှိတော့တာလေ ..ငါရှာတာကို နင်စားရမှာ .. ငါ့ အိမ်အရိပ် မှာ နင်နေရမှာ .. နင့်မှာ ဘယ်သူ့အားကိုးစရာရှိနေလို့လဲ .."

ခါးလေးထောက်၍ ခပ်ထေ့ထေ့ပြုံးကာ မေးလာပါသည့် မမငွေ ကို သူကလည်း ခပ်တည်တည်တုန့်ပြန်ကြည့်လိုက်သည်ပါပဲ။

"ဖေဖေ့ကို အားကိုးပြီးပြောတာပါပဲ မမငွေ .. ဖေဖေဟာ မရှိတော့ ပေမယ့် .. ဖေဖေ ရှာဖွေစုဆောင်းခဲ့တဲ့ချမ်းသာမှုတွေကတော့ ကျန်နေ ရစ်ပါတယ် မမငွေ .. အခု မမငွေ လုပ်နေတဲ့အလုပ်တွေက .. ဘိုးဘိုး ချန်ခဲ့တဲ့ ဆန်စက်နဲ့ စပျစ်ခြံအလုပ်ပါ .. မမငွေ တစ်ယောက်တည်း စုဆောင်းထားတဲ့ ပိုက်ဆံမှမဟုတ်တာ .. ဒီအိမ်ဟာ မမငွေ ရဲ့ အိမ် ဖြစ်သလို .. ဖေဖေ့ အိမ်လည်းဖြစ်ပါတယ် .. ဖေဖေ့ သမီးလေးဖြစ်တဲ့ ယောဒိက ညီမလေး နဲ့သားပျို လည်း နေရမှာပါ .. သားလည်း နေရမှာ ပါ .. ဒါပါပဲ .. ဒါပေမယ့် .. အကယ်၍ မမငွေ က .. ဒီအိမ်မှာ မမငွေ လုပ်စာမို့ မစားရဘူးဆိုရင်လည်း .. သား .. ကြာကန်ရွာထဲမှာ အလုပ် လုပ်ပြီး ညီမလေးကို ရှာကျွေးမှာပါပဲ .."

သူ ကိုယ်တိုင်လည်း အံ့ဩနေမိသည်မှာ အမှန်ပါ။ မမငွေ ကို မရှိသေတာမဟုတ်။ ဒါပေမယ့် ခါတိုင်းလိုအကြောက်တရားတွေဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မမငွေ ကို မျက်နှာငယ်လေးဖြင့် ကြည့်ရပါသည့် အားငယ်စိတ်တွေ အတော်ကြီး လွှင့်စင်ပျောက်ဆုံးကုန်ကြတာကိုတော့ ကိုယ့်ခံစားချက်ကို ကိုယ်သတိမထားပဲကိုနေ၍မရနိုင်ပဲဖြစ်နေပါ၏။

မမငွေ ရင်ကို ဖြန်းခနဲရိုက်ကာ ..

"အလိုလေးလေ .. သင်းလေးက အဖေမရှိတော့ပြီဖြစ်တဲ့ အစ်မကို ပြောရဲဆိုဝံ့ဖြစ်လာနေပါရောလား .. အဖေ ဆိုတဲ့ အကြောက်တရားတစ်ခု .. အစ်မနဲ့ မောင်လုပ်သူကြားမှာ ပျောက်ဆုံးသွားတာနဲ့ .. မထီလေးစားလုပ်ရဲလာနေသကိုး .. ဟဲ့ .. ထိန်သာ .. နင် .. ဘာအချိုးပြောင်းတာလဲ .. ဟင် .. ပြောစမ်း .. ဖေဖေ မရှိတော့တာနဲ့ .. အစ်မကို အာခံရဲနေပြီပေါ့လေ .. ငါ ရိုက်လိုက်ရ .."

မမငွေ အံ့ခဲ၍ပြောခိုက် သူ အေးစက်စွာကြည့်သည်။

"ဖေဖေ မရှိတော့လို့ .. မမငွေ က .. သားနဲ့ ညီမလေးကို .. မတွေ့တန်ထားပြီး အောက်ထပ်ပြောင်းနိုင်းတာပါ မမငွေ .."

သူ တုန့်ပြန်ပြောလိုက်သည့် စကားက မမငွေ ၏ မျက်နှာကို သွေးရောင်တောက်လာစေပါ၏။ ဒေါသတကြီး ရှေ့တိုးလာခိုက် သူ ညီမလေးကို ဒေါ်ကြီးထား လက်ထဲထည့်လိုက်ပါပြီ။

"ဒေါ်ကြီးထား .. ညီမလေးကို အပြင်ခေါ်သွားပါ .. မတော်တဆ မမငွေ ကြောင့် ထိခိုက်ရိုက်မိတာခံလိုက်ရသလိုဖြစ်ကုန်မှာ စိုးတယ်.."

သူသည် အရပ်လေးအတန်မြင့်လျက် ..။ ခပ်ပိန်ပိန်ကောင်လေးတစ်ယောက်အဖြစ် သိမ်ငယ်နေဖို့အချိန်မရ။ လူကြီးလေးလို ချက်ချင်းအားမွေးယူလိုက်ရပြီ။ ဒေါ်ကြီးထား ခမျာ မျက်ရည်ကျရင်း ကလေးကိုပွေ့၍ အခန်းပြင်ထွက်သွားတော့ မမငွေ ရှေ့သို့ တိုးလာနေပြီ။ တောက်လျှောက် ကြည့်နေသည်ကလည်း ဒေါသမျက်ဝန်းဖြင့်ပါ ..။

"ဟဲ့ .. မေမေ ရင်ကျိုးမယ့်ကိစ္စ .. ငါ အဖြစ်မခံဘူးသိရဲ့လား .. အဲဒီတစ္ဆေမလေးကို .. မေမေ မြင်ရင် .. ဘယ်လိုခံစားရမလဲ .. မေမေ





သေသည်အထိ ဖေဖေ့ကို သစ္စာရှိရှိ လက်တွဲသွားတာ .. ဖေဖေက အခု .. နောက်မိန်းမတွေ့သွားတွေ့ရပြီး .. သမီးတစ်ယောက်ရလာတာ ဆိုရင် .. မေမေ့ ဝိညာဉ်လေး ဘယ်လောက်ထိ ကြေမွခံစားနေရမလဲ.. နင် မသနားဘူးလား .. ဘယ်သနားမလဲ .. နင်က .. အစကတည်းက .. အမေ သတ်တဲ့ကောင်ပဲ .."

မမငွေ အော်ပြောတော့ သူ ခြေစုန်ရပ်ရင်း မမငွေ ကို ကြည့်သည်။ သူ့အကြည့်ကလည်း အေးစက်လွန်းနေသည်။ သူ .. ညီမလေးအတွက် အရာရာကို ရင်ဆိုင်မှုဖြစ်မည်။ မမငွေ ကို အရှုံးပေး၍မဖြစ်။ ညီမလေး၏ရှေ့မှာ သူ့ရင်ကို တံတိုင်းပမာထား၍ ကာထားပေးရမည်။ ပြောဆိုပေးရမည်။ ညီမလေး နှင့်သာဆိုသည် တစ်ယောက်တည်း ကျန်ခဲ့တာပေတာ။ အစ်ကိုတစ်ယောက်ကျန်နေသေးသည်။ ဒါကို .. မမငွေ သိဖို့လိုအပ်နေသည်တည် ..။ ဤသို့ ဆုံးဖြတ်ရဲဖို့လည်း ဘဝအသိက သူ့ကို သင်ပေးလိုက်ခြင်း ..။ ဘဝအသိမှ တွန်းပေးလိုက်ပါသည့် သတ္တိတွေလည်းရှိလာခြင်း..။

"မေမေ့ ဝိညာဉ်လေးသာ ဒီအိမ်မှာရှိနေရင် .. မေမေ မွေးခဲ့တဲ့ ထိန်သာ ဆိုတဲ့ ဒီသားတစ်ယောက်ကို .. မမငွေ အလွန်မုန်းနေတာမြင်ကိုမြင်နေရမှာပေါ့ မမငွေ .. အဲသလို မုန်းတာကို မေမေ မြင်နေရတဲ့အခါ စိတ်ချမ်းသာပါ့မလား .. ဖြေစမ်းပါ မမငွေ .."

သူ ပြောချလိုက်တော့ မမငွေ အမ်းခနဲဖြစ်သွားသည်။ ဘာဆက်ပြောရမှန်းမသိသလို တစ်ချက်ငြိမ်သွား၏။ မယုံနိုင်သလို သူ့ကိုလည်း အံ့တန်ကြာ စေးစိုက်ကြည့်သည်။ သူ .. တစ်ချက်မျက်ရည်ဝဲလာ၏။ ပြောရမယ့်စကားအတွက် .. ဝဲတက်လာသည့် မျက်ရည်သည် .. မေမေနှင့် ဖေဖေ့ကို သနား၍ပါ ..။ မေမေ့ကို မမြင်ဖူးလိုက်ရပါသည့် မိတဆိုးသားတစ်ယောက် မေးလိုက်ပါသည့် မေးခွန်းကို မေမေကြားလျှင် မျက်ရည်ကျမည်။ ပြီးတော့ .. လက်ရှိအဖြစ်တွေကို ဖေဖေ၏ ဝိညာဉ်က မြင်နေရသည်ဆိုလျှင်လည်း ရင်ထဲကျေပြန်းနေအောင် ခံစားရှာတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေ ကတော့ ရှေ့မှာရပ်နေသည့် အရင် လေး ပိန်ရှည်ရှည်ဖြင့် ပိန်ပါးပါး ကောင်လေးတစ်ယောက်ထံမှာ ခုမလောက်ထိ သေားမှာ အားကိုးရာကြီး တစ်ခုရပ်နေသည့်နှယ် ခံစားနေရပုံဖြင့် ရင်ဆိုင်ရဲနေသမျှကို အံ့ဩနေဆဲ.

"ဖေဖေလည်း .. သားရဲ့သေားမှာရပ်နေတယ်လို့ သား ခံစားနေရတယ် မမငွေ .. သားတို့နဲ့ ခုမှ ဖေဖေက စခွဲရတာပါ .. ဒါပေမယ့် .. ဒါပေမယ့် .. မမငွေ ပြောသလိုပေါ့ .. မေမေတောင်မှ နှစ်များစွာ နီး အိမ်မှာရှိနေတယ်လို့ မမငွေ ယုံကြည်နေတယ်ဆိုရင် .. ဖေဖေလည်း ဒီအိမ်ကြီးမှာရှိနေတယ်လို့ မမငွေ ယုံကြည်ပေးဖို့ မမေ့ပါနဲ့ မမငွေ .. မေမေဟာ .. မေမေ မွေးခဲ့တဲ့သားကို .. ကိုယ်တိုင်ကိုယ်ကျ နို့ချိုလေး တောင်မှ ဝကျက်ကျွေးခွင့်မရဘဲ .. ကွယ်လွန်ခဲ့ရသလို .. သားကလည်း .. မေမေ နို့ကို စို့ခွင့်မရ .. မေမေ့ ရင်ခွင်မှာ နေခွင့်မရဘဲ ကြီးလာရတာပါ .. မမငွေ က မေမေ့ ရင်ခွင်မှာလည်း နေခွင့်ရခဲ့တယ် .. မေမေ့ နို့ချို ကိုလည်း စို့ခဲ့ရတယ် .. မေမေ ပြောပြတဲ့ပုံပြင်တွေကိုလည်း နားထောင် ခဲ့ရတယ် .. ဒါပေမယ့် .. အဲဒါတွေတစ်ခုမှ .. မခံစားရတဲ့ ထိန်သာ ကို သနားရမှန်းမသိဘဲ .. မုန်းနေတာမို့ .. မေမေ မြင်ရင် စိတ်ချမ်းသာ ပါ့မလား မမငွေ .. အမေဆိုတာ .. ကွယ်လွန်သွားလိုက်ရပေမယ့် .. သားကိုတော့ ချစ်နေတာဟာ ချစ်နေတာပါပဲ .."

သူ ပြောတော့ မမငွေ တစ်ချက်ငြိမ်နေသည်။ နောက်တော့ ခေါင်း ထောင်မတ်လိုက်ကာ ...

"ဟဲ့ .. ငါက သဘောပြောတာဟဲ့ .. သဘောပြောတာဟဲ့ .. လူဆို တာ သေသွားရင် .. သူ့ဘဝနဲ့ ဒီလူ့ဘဝ .. ဓာတ်ငြိမ်းပြီ .. စခန်းသိမ်း ပြီ နားလည်လား .."

စကားကို အနိုင်ရလိုဓောဖြင့် ခေါင်းတည်၍ ချက်ချင်း စောစော က ပြောနေသမျှတွေနှင့် ဆန့်ကျင်ရာဘက်ကိုပြောင်း၍ မမငွေ ပြောလာ ပါ၏။ စောစောကတော့ မေမေ့ ဝိညာဉ်ရှိနေသည်။ မေမေ ရှိနေသည်ဟု





ပြောသည်။ ခုကျတော့ .. မရှိနိုင်ဟု ပြောလာသည်။ စကားအဖြစ်သာ ပြောခြင်းဟု ချက်ချင်းစကားတွေပြင်ကုန်ပြီ။

"သားကတော့ .. မေမေရှိနေတယ်လို့လည်း ယုံတယ် .. ဖေဖေ ရှိနေတယ်လို့လည်း ယုံတယ် .. အဲဒါက .. ချစ်လို့ပါ .. အဲဒီယုံကြည်မှု ဟာ .. မမငွေ လို .. ငါပြောတဲ့စကား .. အနိုင်ပိုင်းမယ်ဆိုတာမျိုးအတွက် အသုံးချဖို့မဟုတ်ဘူး မမငွေ .."

သူ အလိုလိုသိလာရသည်က ..။ မမငွေ ကို ရင်ဆိုင်ရဲသည့်သူတစ် ယောက်အဖြစ် ရှိရုံမျှမက .. စကားကို ချက်လက်နှင့်ပြောတတ်နေခြင်း ပဲဖြစ်နေသည်။ ဒါကလည်း .. သူ .. စာအုပ်တွေ အရမ်းဖတ်ခဲ့၍ဟု နားလည်စပြုလာပါ၏။ မမငွေ နှင့် ကင်းအောင်နေရပါသည့် အထီး ကျန်ကောင်လေးတစ်ယောက်၏ အဖော်သည် ဖေဖေ ဝယ်ပေးရာ စာအုပ်တွေဖြစ်ခဲ့လျက် ..။ စာတွေဖတ်လွန်းခဲ့တာမို့ ..။ ဤသို့ တကယ် တမ်းတစ်ယောက်တည်းအားဖြင့် မမငွေ ကို ရင်ဆိုင်ရသည့်ကာလမှာ..။ စကားလုံးတွေ သူ့ နှုတ်ဖျားဆီမှ စီးကျပွင့်လာနိုင်ချေသည်ပဲဟု သဘော ပေါက်စပြုလာရပါ၏။

"ဒီမှာ ထိန်သာ .. နင်သိဖို့က .. နင် လက်ကမချပဲ တမွှေ့မွှေ့လုပ် နေတဲ့ကောင်မလေးကို .. ငါ မချစ်ဘူး .. ညီမလေးလို့လည်း မသတ်မှတ် ဘူး .. ဒီအိမ်က အမွေလည်း တစ်ပြားမှမပေးဘူး .. နားလည်လား .. ဒါ .. ငါ့အခွင့်အရေးပဲ .. ငါ မုန်းချင်တဲ့သူကို မုန်းခွင့်ရှိတယ် .. ငါ့ အမွေစာထဲက မပေးချင်တာ ငါ့ပိုင်ခွင့် .. အေး .. နင် သဘောရင် ..နင် ရတဲ့ အမွေထဲက နင့်ညီမကို တစ်နေ့ကျရင် အမွေပေး .. ဒါပဲ .. ဒါပဲ.."

ဟု ပြတ်ပြတ်ပြောကာ သူ့ကို လက်ဖြင့် တွန်းတိုက်၍ အခန်းထဲမှ ခြေလှမ်းကြဲကြီးဖြင့် ထွက်သွားတော့မှ သူ စိတ်ကိုလျှော့ချလိုက်မိရသော ကြမ်းပေါ်ထိုင်ချလိုက်ရပါပြီ ..။ ခုကျတော့လည်း စိတ်တွေအရမ်းထိခိုက် ရင်း အားအင်တွေကုန်ခမ်းလာသည့် ထိန်သာ ဆိုသည့် ကောင်ငယ်လေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အဖြစ်သို့ ရုတ်ချည်းရောက်သွားရပြန်သည်။

"အခုပဲ .. ဖေဖေ့အုတ်ဂူကို သား ကန်တော့ပြီး .. အိမ်ကိုပြန်ရောက်စပါ ဖေဖေ .. မမငွေ က .. သားတို့ကို .. အောက်ထပ်ပြောင်းနိုင်းနေပြီ .. ဒါပေမယ့် .. မစိုးရိမ်ပါနဲ့ ဖေဖေ .. သား . ရင်ဆိုင်ရဲပါတယ် .. ညီမလေးကို အမြဲစောင့်ရှောက်မှာပါ .. ဂရုစိုက်မှာပါ .. ချစ်မှာပါ .. မမငွေ မချစ်လည်း ကိစ္စမရှိပါဘူး ဖေဖေ .. သားတောင်မှ မမငွေ မ... တဲ့ ထိန်သာ အဖြစ် ကြီးလာနိုင်သေးတာပဲ ဖေဖေ .. ဘာလို့လည်းဆိုတော့ .. ဖေဖေ ရှိတာကိုး ဖေဖေရဲ့ .. ဖေဖေက သားကိုချစ်တယ်လေ.. ခု .. ညီမလေးကျတော့လည်း .. မမငွေ ဘယ်လောက်ပဲ မချစ်ပဲရှိနေပါစေ .. သား ရှိတာပဲ ဖေဖေ၊ သားချစ်မှာပေါ့ .. သား ဂရုစိုက်မှာပေါ့ ဖေဖေ .. ဖေဖေ ပြောဖူးတယ်နော် .. မေမေ မရှိပေမယ့် .. ဖေဖေ ရှိပါတယ် .. ဖေဖေဟာ သားအတွက် အဖေလည်းဖြစ်တယ် .. အမေလည်းဖြစ်တယ်ဆို .. သားလည်း .. ညီမလေးကို .. အစ်ကိုလိုလည်း ချစ်ပါမယ် .. အမိမဲ့ အဖမဲ့ရတဲ့ ညီမလေးကို .. အစ်ကိုတစ်ယောက်အနေနဲ့ သုံးမျိုးချစ်ပါ့မယ် ဖေဖေ .. စိတ်ချပါ .. စိတ်ချပါ .. စိတ် .. ချ .. ပါ.."

သူပြောနေရင်းမှ မျက်ရည်ကျလာသည်။ ရှိုက်၍ ငိုလာသည်။ ရင်သည် ဆို့နေ၏။ တကယ်တော့ မမငွေ ကို ရင်ဆိုင်ရဲသည့်သတ္တိတွေ မွေးယူပြီး ပြောခဲ့ရင်ဆိုင်ခဲ့ပေမယ့် ..။ ခုလို စိတ်ကိုလျှော့ချလိုက်ချိန်မှာ အလွန်တရာကိုမှ ပင်ပန်းသွားရသည်ပါပဲ။ ဖေဖေ့ကို မြေချသည့်အဖြစ်မြင်ကွင်းကြောင့် .. သူ့ရင်တွေ .. ကြေမွကြေကွဲနေချိန်။ ဖေဖေ၏ သက်ရှိအရိပ်တစ်ခုကို .. လက်လွှတ်ဆုံးရှုံးလိုက်ရချိန်မှာ ..။ ရင်သည် .. အထိကြီးထိ ..။ အားအငယ်ကြီးငယ် ..။ ကြေကွဲခြင်းတွေ မဆန့်ရင်ကာန်ခံစားနေရချိန်မှာ ..။ မမငွေ ကိုထပ်၍ ရင်ဆိုင်ရခြင်းက .. ရင်ကို ထောင်းထောင်းကျေနေစေသည့်အဖြစ် ..။

ကြမ်းပြင်ကို ငုံ့မိုးငေးစိုက်ကြည့်နေရင်း သူ မျက်ရည်တွေတ...





...ဆည်မရ ကျနေချိန်မှာ အခန်းတံခါးပွင့်လာသည်။ ဒေါ်ကြီးထား ပါ...တကား ..။ မျက်ရည်ကျရင်း ဒေါ်ကြီးထား လျှောက်လာသည်။ သူ ...ထရပ်လိုက်ပါ၏။ ဒေါ်ကြီးထား ရင်ခွင်မှ ညီမလေးကို ပွေ့ယူသည်။ ...ပါးလေးကိုနမ်းသည်။ နဖူးလေးကို နမ်းသည်။

သူ့ရင်ခွင်သည် .. အစဉ်အမြဲ .. ညီမလေးအတွက် လုံခြုံခြင်းကို ...ပေးသည့်ရင်ခွင် ..။

ညီမလေးကို မေတ္တာတွေပေးသည့် ရင်ခွင် ..။

ချမ်းမြေ့ခြင်းတွေကို ဆောင်ကြဉ်းပေးမည့် ရင်ခွင်ပဲဖြစ်နေရပါမည်။

"ကိုကိုလည်း .. ညီမလေးလိုပဲ .. မေမေ မရှိဘဲကြီးလာရတာ .. အခု .. ဖေဖေလည်း ကိုကိုတို့ မောင်နှမမှာ မရှိတော့ဘူး .. အမေရော.. အဖေရော မရှိတော့ပေမယ့် .. ညီမလေး အားမငယ်နဲ့ သိလား .. ကိုကို ရှိတယ် ညီမလေး .. ကိုကို ရှိတယ် .."

သူ .. ညီမလေးကို သနားစိတ်ဖြင့် ငုံ့မိုးကြည့်ကာ တိုးတိုးပြော၏။ ...ပါးလေးကို ငုံ့နမ်း၏။ နို့ဝ၍ မျက်စိလေးကျယ်နေသည့် ညီမလေး ..။ ...သူ့ရင်ခွင်မှာ နေပါသည့် ညီမလေး။ သူ .. လက်တွေပို၍ ကွေးပိုက်လိုက်...ကာ နုနုဥဥ .. ဖြူဖြူနုစ်နုစ် .. ညီမလေးကို ထွေးပိုက်ထားမိလိုက်ရပါ၏။ ...သနုအေးက တစ်ချက်နှော့၏။ ပန်းစံကား၏ ရနံ့က ဝေ့ခနဲပျံ့၏။ သူ့ဆံစ...တို့ကို လေနုအေးတို့ ဖျတ်ခနဲဝေ့တိုက်သွားချိန်မှာ ..။ ဆံစတို့ကို နူးညံ့စွာ ထိ...တွေ့သပ်ပေးရာ ဖေဖေ့ လက်ဖဝါးအစုံကို တမ်းတလွမ်းဆွတ်မိရသည်။

သူ မျက်ဝန်းတွေကို ပိတ်ချလိုက်မိရင်းမှ ...

"သားရဲ့ ကိုယ်ထဲကို .. ဖေဖေ့ အားမာန်တွေထည့်ပေးပါ ဖေဖေ.. ...ထည့်ပေးလိုက်ပါ ဖေဖေ .."

ဟု တောင့်တောင့်တတ .. ပြောမိရပါပြီ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ကလေးဆိုတာ သီချင်းကြိုက်သကွယ့် .. သီချင်းလေး ညည်းညည်း သိပ်ရင်အိပ်သကွယ့် .. ဟောဒီက ထိန်သာလေး ကို ဆိုရင်ဖြင့် .. ဒေါ်ကြီးထား ဟာ .. ထိန်သာ ဆိုတော့ လမင်းကြီးထိန်ထိန်သာဆိုတဲ့ သဘော မမငေ ်က ကြိုတွေးအမည်ပေးထားတာမို့ .. ဒီ သီချင်းလေးဆိုဆိုပြီး ထိန်သာ ခင်နှီးထုပ်လေးကို ချော့ချော့သိပ်ခဲ့တာ သိရဲ့လား .. အံမယ် လေးလေ .. ငယ်ပေမယ့် အသိတော်ရဲ့ .. လနဲ့ ပတ်သက်တဲ့သီချင်းဆို မို့လား မသိပေါင်တော် .. အိပ်သမှ .. မြိုက်မြိုက်မြိုက်မြိုက်ရယ် .."

သူ ပြုံးနေ၏။ ဒေါ်ကြီးထား ရေမိုးချိုးပြီး ခင်းနှီးထုပ်ဖြင့် ထုပ်ပတ် ထွေးထားရာ ညီမလေးကိုလည်း ကြည့်မိသည်။ လောလောဆယ်တော့ မျက်လုံးကျယ်လေးနှင့် ဖြစ်နေ၏။ ထုံးစံအတိုင်း လက်တွေခြေတွေ ထုပ်သေးထားတာကို မကြိုက်၍ဖြစ်မည်။ တအီအီတအင့်အင့်ဖြင့် ခင်းနှီး ထုပ်ခြေရင်းပိုင်းကို ခြေဖဝါးလေးတွေဖြင့် ကန်နေသည်။ လက်ကလည်း တလှုပ်လှုပ် ..။ ဟိုတိုးသည်တိုး အထဲထဲက လှုပ်ရှလှုပ်လှုပ်နေ၏။ နောက်ဆုံးတော့ ဒေါ်ကြီးထား မနေရက်နိုင်ရှာ ကလေးခင်းနှီးကိုဖြေ ၍ဖြည် ..။ အင်္ကျီလက်ရှည်လေးထပ်၍ ဝတ် ..။ ဘောင်းဘီလေးဝတ်နှင့်





ရှိသွားရပါ၏။

ထိုအခါကျတော့မှ ညီမလေး၏ လက်လေးတွေ ခြေထောက်လေး တွေက ဟိုလှုပ်သည်လှုပ် ..။ ဟိုဘက်ကား သည်ဘက်ရွေ့ဖြင့် စိတ်ကြည် လက်ကြည်ရှိသွားတာ တအီအင့်အင့်အသံလေးလည်း ပျောက်ချေ၏။ သူ ချစ်စနိုးလေးဖြင့် ညီမလေး၏ နှာဖျားလေးကို လက်ညှိုးလေးဖြင့် အဖွဖွထိတို့လိုက်သည်ပါပဲ။ အတော်လည်သည့် ညီမလေး .. ဆိုသည့် စိတ်ဖြင့်ပါ။

"ခုကတည်းက ပါးပါးနပ်နပ် အတော်တတ်တဲ့ ကလေးတော်ရေ .. ကြည့် .. အဲဒါလည်း ဒီက ထိန်သာလေး နဲ့ တူသတဲ့ .. ငယ်ကတည်းက ခင်နှီးထုပ်ပြီဆို .. ခုလိုပဲ အီအင့်အီအင့် .. ဟိုရုန်းသည်ကန်လေးလုပ်တဲ့ ကောင်လေးပေါ့ .. မောင်နှမလို့ မပြောရဘူး .. တယ်တူသကိုး .."

ဟု ပြောကာ အလိုက်တသိဖြင့် လှ့လက်ထဲ ကလေးကိုထည့်၏။

"ချီပါတော် .. ချီပါ .. ကျောင်းတက်မယ့်ကိစ္စ .. ဇောမကပ်ဘူး.. ညီမ ချီဖို့ပဲသိတဲ့ကောင်လေး .."

ဒေါ်ကြီးထား ပြောပြီး သီချင်းလေးညည်းသည်။ ညီမလေး၏ မျက် ဝန်းနက်နက်လေးတွေက သီချင်းသံကြားရာဘက်ဆီသို့ရောက်၏။

"ရွှေလမှာ ယုန်ဝပ်လို့ .. ဆန်ဖွတ်တဲ့အဘိုးအို .. ဟော .. ကြည့်ပါ ဆို .. ဆိုသာဆို .. ပိုမိုတဲ့စကား .. ကလေးအငိုတိတ်အောင် .. အရိပ် အယောင်ပြတယ် .. ဖိုးလနှတ်သား .."

ဟုတ်သည်။ သူ မှတ်မိသည်။ ဤသီချင်းကို ဒေါ်ကြီးထား သူ့ကို ငယ်တုန်းက ဆိုဆိုသိပ်ခဲ့သည်ပဲလေ။ သူ မှတ်မိစအရွယ်ကတည်းက ဤသီချင်းကို သူ ကြားကြားနေရသည်ပဲ ..။

"ရှိသေးတယ်နော် ဒေါ်ကြီးထား .. အဲဒီဥစ္စာကို .. သား .. ညီမလေး ကို ညမှာ ချော့သိပ်တယ်လေ .. ဖိုးလမင်းရေ .. ထမင်းဆီဆမ်း ရွှေလင်ပန်း နဲ့ ဆေးပါဟေ .. ဖိုလမင်းရေ .. ထမင်းတဆုပ် ရေတမှုတ်နဲ့ ကျွေးပါဟေ..



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလေ .. သား .. သိပ်ကြိုက်တာ ဒေါ်ကြီးထား ရ .. ထမင်းကို ရွှေလင်ပန်းနဲ့ စားရတာကိုလေ .."

ဟုတ်သည်။ ငယ်တုန်းကတည်းက ထိုသီချင်းလေးကို သူကြိုက်သည်။ ထမင်းကို ရွှေလင်ပန်းနှင့် စားရသည်ဆိုတော့ .. လှလည်းလှမည်၊ အဘိုးလည်းတန်သည်။ အပြင်မှာ တကယ်ရွှေလင်ပန်းနှင့် မစားရပေမယ့် ..။ ဒေါ်ကြီးထား ဆိုဆိုပြသည့် ထိုသီချင်း အေးအေးချိုချိုလေးကို သူ အလွန်ကြိုက်ခဲ့သည်ပဲလေ။ ဒါကြောင့်လည်း .. ညီမလေးကို ညဘက်မှာ ရင်ခွင်ထဲထွေးပွေ့ပိုက်ထားရင်း ခပ်တိုးတိုး ဤသီချင်းဆိုဆိုသိပ်ခဲ့သည်ချည်း။

"စောစောက ရွှေလမှာယုန်ဝပ်လို့ဆိုတဲ့သီချင်းလေးကိုတော့ .. ညီမလေးဆိုပြဖို့ မေ့နေတယ်ဗျ .. ရွှေလင်ပန်းပဲ သတိရတာလေ .. မမငွေ က ပြောဖူးတယ် .. ဒေါ်ကြီးထား သားကို ရွှေလင်ပန်းသီချင်းလေးဆိုဆိုသိပ်ခဲ့တာ .. သား အရွယ်လေးရလာတဲ့အထိမဟုတ်လား .. မမငွေ က မဲ့ပြီး ပြောတယ်သိလား .. အဲဒါ သီချင်းမှမဟုတ်တာတဲ့ .. ကဗျာတဲ့ .. ကဗျာကို သီချင်းလုပ်ဆိုတာတဲ့ .. သားကို လာကဲ့ရဲ့နေတာလေ .."

"အလိုတော် .. ကဗျာလည်း ကဗျာ .. သားချော့တေးရယ်လို့ရှိပါတော် .. ကဲပါ .. သူ ကဲ့ရဲ့တာကိုများ အမှတ်တရလုပ်လို့ .. အဆန်းလုပ်လို့ ထိန်သာလေး ရယ် .. ဘယ်တုန်းကများ သူက .. ကျုပ်တို့နှစ်ယောက်ကို .. တချစ်ကကြင် .. သီချင်းလေးညည်းလို့ဆိုလို့လုပ်ရှင်ကြည့်ရဖူးလို့တုန်း .."

ဒေါ်ကြီးထား ၏ ဖြူအိအိလက်တွေက သူ့ခေါင်းကိုလာသပ်၏။ သူ့နဖူးကိုနမ်း၏။ ညီမလေး၏ နဖူးလေးကိုလည်း နမ်း၏။

"ရွှေလမှာယုန်ဝပ်လို့ .. ဆန်ဖွတ်တဲ့အဘိုးအို .. ဟော .. ကြည့်ပါဆို .. ဆိုသာဆို .. ပိုမိုတဲ့စကား .. ကလေးအငိုတိတ်အောင် .. အရိပ်





အရောင်ပြတယ် .. ဖိုးလနတ်သား .."

သူ သံနေသံထားဖြင့်ဆိုတော့ ညီမလေး သူ့ကို မော့ကြည့်လာ၏။ လက်သေးသေးဖြူဖြူလေးတွေ အပေါ်သို့မြှောက်တက်လာကာ သူ့မျက်နှာကို လက်ဖြင့်ထိဖို့ကြိုးစားနေသည်ဟု သူ ထင်လာရင်း ခေါင်းကိုငုံ့ချပေးမိ၏။ သူ့လက်တစ်ဖက်က ညီမလေး၏ လက်သေးသေးတာတာနုနုပန်းပန်းလေးကို ဖွဖွကိုင်ကာ အလိုက်သင့် သူ့မျက်နှာကို ထိစေ၏။ ဒါပေမယ့် သူ အမြဲသတိထားသည်က သူ့ဘယ်ဘက်ပါးကို ဘယ်တော့မှ မထိစေရ ..။ ညီမလေး၏ ပန်းနုရောင်ဥဥလက်နုနုလေးတွေ သူ့အမှတ်ကြီးကို မထိစေရ ..။ သူ့ကို မှင်စာဟု မမငွေ ခေါ်ခေါ်နေစေသည့် ဤအမှတ်ကြီးကို .. ညီမလေး၏လက် မထိစေချင် ..။ ကူးစက်ခံလိုက်ရမှာကို စိုးရိမ်ဇောသည် ရင်မှာထင်၏။ စွဲ၏။ ထိတ်လန့်ချောက်ချားချင်၏။

"အဲဒီကလေးအငိုတိတ်အောင် အရပ်အယောင်ပြတယ် .. ဖိုးလနတ်သားဆိုတော့ .. အဲဒီသဘောက .. ဟောဒီက ထိန်သာလေး ကလနတ်သားလေးပေါ့ .. ထိန်ထိန်သာတဲ့ ဖိုးလမင်းကြီးရယ်လို့ မမလေးသားလေးကို မမွေးခင်ကတည်းက မှည့်ခဲ့သလေ .. ခု .. ညီမလေးကို အရိပ်အယောင်ပြနေတဲ့ ဖိုးလနတ်သားကိုကိုပေါ့ .."

ဟုပြောတော့ သူ့ရင်ထဲ ပျော်သွားသည်။ အံမယ် ..။ ဤသီချင်းလေး .. ညီမလေးအတွက် .. သူ့အတွက် စပ်ထားတာကျလို့ .. ဟု တွေးမိသည်။ ပို၍ ရင်ထဲပျော်ချင်သလောက် ပျော်တက်သွားသည့်အရှိန်မြင့်မြင့်ဖြင့် ပိတ်ဖုံး၏။ ညီမလေးကို နဖူးချင်း သူဖွဖွထိသည်။

"ဟုတ်တယ် .. ကိုကိုက .. ဟောဒီညီမလေးရဲ့ ကိုကိုဖိုးလနတ်သား .. ထိန်ထိန်သာတဲ့ ဖိုးလနတ်သား .. ချစ်တဲ့ဖိုးလနတ်သား .."

ပါးလေးနမ်းကာပြောရင်းမှ ဒေါ်ကြီးထား သနပ်ခါးသွေးနေတာကြည့်မိသည်။ ညီမလေးကို သနပ်ခါးလူးပေးဖို့ဆိုတာ သူသိနေရပါသူ့အခန်းထဲမှာ ဒေါ်ကြီးထား နှင့် တူတူ အေးအေးချမ်းချမ်း ညီမလေး

www.burmeseclassic.com

www.burmeseclassic.com



ကိုချစ်နေရ ..။ ညီမလေးနှင့် ပတ်သက်ရာတွေပြောနေကြရသည်ကိုက အေးအေးချမ်းချမ်းနိုင်နေသည်။

"ဖေဖေက ပြောတယ်သိလား .. လဆိုတာ .. မိုးကောင်းကင်ကြီးမှာ အားလုံးအတွက် အေးအေးချမ်းချမ်းနေကြဖို့ဆိုပြီးရှိနေတာတဲ့ .. အဲသလိုဖြစ်ဖို့ကို .. လမင်းဆိုတာက ဖြစ်ကိုဖြစ်လာရတာတဲ့ .. ထိန်သာလေး လည်း .. အဲသလို .. လူတိုင်းကို အေးချမ်းအောင်ထားရမယ်တဲ့ .. အဲသလိုဖြစ်ဖို့ဆိုတာက .. စိတ်ကောင်းမွေးဖို့ပဲလိုတာတဲ့ .. စိတ်ကောင်းမွေးရင် .. ကျန်တာတွေက အလိုလိုအကောင်းတွေချည်းဖြစ်လာမှာတဲ့ .. ကောင်းတာတွေချည်းလုပ်နေတာဖြစ်မှာတဲ့သိလား .. ဖေဖေက .. ပြောပြောပြတယ်လေ .."

ရတ်ခနဲ ဖေဖေ့ကို တမ်းတမ်းတတပြောမိလာရင်းမှ သူ့မျက်ဝန်းတွေ ရီဝေမှိုင်းညို့သွားရသည်ပါပဲ။ သူ့ရင်ထဲမှ ထွက်ကိုမထွက်နိုင်သည်က .. ဖေဖေ .. ထိုနေ့က နောက်တစ်ကြော့လှည့်၍ သူ့ထံလျှောက်လာသည့်မြင်ကွင်း ..။ ဖေဖေသည် .. သူ့ကို .. ပွေ့ဖက်ချင်စိတ် ..။ စကားပြောချင်စိတ် ..။ ညီမလေးအတွက် မှာချင်စိတ်တွေ ရုတ်ချည်းဖြစ်ပေါ်လာ၍ဖြစ်မည်။ ဒါကြောင့် ပြန်လှည့်လျှောက်လာခြင်း ..။ ဤသို့ သူ နားလည်သည်။

"အဲဒီနေ့က .. ဖေဖေ့ကို နောက်ဆုံး .. နောက်ဆုံး .. စကားပြောရတာ .. ဖေဖေ့ ရင်ခွင်ကို နောက်ဆုံးဝင်ခဲ့ရတာ .. ဖေဖေ့ကို နောက်ဆုံးဖက်ခဲ့ရတာလို့ .. သား .. မထင်မိဘူး ဖေဖေရယ် .."

စိတ်ထဲမှာ တဆွေးဆွေးမြေ့မြေ့ .. လိုက်ခါဆို့နှင့်နေရင်း ငေးခနဲ ငြိမ်ကျသွားရသည်ပါပဲ။ ညီမလေးကို ဒေါ်ကြီးထား သနပ်ခါးလူးပေးနေတော့ သူ ပွေ့ထားပေးပါ၏။ နောက်တော့ ကျောင်းတက်ဖို့ရှိတာ ရေချိုးခန်းဝင်ရ ..။ အဝတ်အစားလဲရ ..။ ကျောင်းတက်လွယ်အိတ်ထဲ စာအုပ်တွေထည့်ရနှင့် အလုပ်ရှုပ်ကုန်ရသည်ပါပဲ ..။ နေ့လယ်စာထ





ကို အိမ်ပြန်စားတာမို့ ညနေဘက်သင်မည့် စာအုပ်တွေကိုတော့ နေ့လယ်ထမင်းစားပြီးမှထည့်ဖို့ အဆင်သင့်စီထပ်၍ စာကြည့်စားပွဲပေါ်တင်သည်။ ဤနေ့သင်မည့် စာအုပ်တွေကို အချိန်ဇယားကိုကြည့်၍ သူ ထည့်ခြင်း..။ ဒေါ်ကြီးထား ညီမလေးကို ပုခက်ထဲထည့်ပြီး သူ့ထံရောက်လာကာ ခေါင်းကို အုန်းဆီလူးပေးနေသည်။ ခေါင်းဖြီးပေးသည်။ ဤသည်ကသည်း တစ်ရက်မှ ခေါင်းဆီမလူး၍ကို မရ ..။ ဒေါ်ကြီးထား က အမြဲလူးပေးနေကျ ..။

"ကျုပ်ရဲ့ ထိန်သာလေး ဆီမလူးဘာမလူးနဲ့ ဒီဆံပင်တွေနီကြောင်နေရင်ဖြင့် .. ကြီးလာတဲ့အခါ အသက်လေးရလာတိုင်း ဆံပင်တွေကျွတ်ကုန်ပြီး ထိပ်ပြောင်ကြီးဖြစ်မှာ စိုးလို့တော်ရဲ့ .. ဘာသိသတုန်း.."

ဟု ဒေါ်ကြီးထား ထုံးစံအတိုင်း ပြောပြန်၏။

"အဲဒါကို ဘော်လ်ဟက်လို့ခေါ်တယ် ဒေါ်ကြီးထား ရဲ့ .."

"တော်လေးလို .. ကျောင်းစာမတတ်တော့ တော်ပြောတဲ့ .. အဲဒီဟာက်ကြီးဆိုတာကို မမှတ်မိပေါင်တော် .. ထိပ်ပြောင်ဆိုတာက ရှင်းရှင်းလင်းလင်းရှိတယ် .. ဘိုလိုလာညှပ်ပြော မသင်ချင်စမ်းပါနဲ့ ကျောင်းသားတော်သား ခွန်တန်းကြီးရဲ့ .."

ဒေါ်ကြီးထား ပြောကာ သူ့ကို ပါးနမ်းသည်။ ဘာပဲဖြစ်ဖြစ် ..။ သူ့မှာ ဒေါ်ကြီးထား နှင့် ဘဘညို ရှိ၍ တော်သေးသည်။ သူ့ကိုချစ်ကြသည်လေ ..။ ချစ်မည့်လူ နှစ်ယောက်ကြီးများကျန်နေသေးသည်။ အရင်တုန်းကဆို .. ဖေဖေနှင့် သုံးယောက် ..။ သူ့အကြည့်က ရုတ်ခနဲ ညီမလေးကို ကြည့်မိပြန်၏။ ပုခက်ထဲ နေရင်း ..။ မအိပ်သေးပဲ လက်ကလေးလှုပ်လှုပ်ဖြင့်ရှိနေသည့် ညီမလေး ..။ အခန်းထဲ ပန်းစံကားရနံ့တွေ ဝင်လာသည်မို့ ဖေဖေများ ရောက်လာသည်လား ..။ ညီမလေးကို ကြည့်နေသည်လားဟု စွဲလန်းစိတ်ဖြင့် တွေးထင်မိချင်ရာတွေ တွေးပြန်၏။

"သားကလေ .. နေ့တိုင်း .. မမငွေ ကို ကျောင်းသွားတော့မယ်

www.burmeseclassic.com



မမငွေ လို့ ပြောချင်တာ .. ညဆိုရင်လည်း ကန်တော့အိပ်ချင်တာ .. အဲဒါ - အရင်ကတည်းကပါ ဒေါ်ကြီးထား ရယ် .. ဒါပေမယ့် .. ကြောက်တယ်- မမငွေ က .. သူ့ရှေ့သွားရပ်ရင်တောင် သိပ်ကြိုက်တာမဟုတ်ဘူး -

သူ လွယ်အိတ်လေးလွယ်လိုက်ရင်း တစ်ချက်ရင်ထဲခံစားသမျှ လွှတ်ခနဲ ပြောမိသွားရသည်။ ဒေါ်ကြီးထား ငေး၍ သူ့ကိုကြည့်၏။ သက်ပြင်းရှိုက်ကာ ..

"ဘာပဲဖြစ်ဖြစ် .. သူ့ကျေးဇူးရှိတယ်ဆိုတာ မမေ့နဲ့ ထိန်သာလေး- သူ ရှာကျွေးနေတာလေ .. ကဲ .. ကဲ .. သူမှမကြိုက်တာ သားရယ် - စိတ်ထဲကနှုတ်ဆက် .. စိတ်ထဲကန်တော့ .. ရတာပဲမဟုတ်လား .."

ဟု သူ စိတ်သက်သာရာရအောင် ရှာ၍ပြောပေးသည်က ဒေါ်ကြီးထား ပါ ..။ ထိုစဉ်ခိုက် တံခါးဝမှာ ရပ်လာသည်က မမငွေ ဖြစ်နေသည်။ အကြည့်သည် သူ့ထံမှာ တန့်နေ၏။ စောစောက ပြောမိသည့်စကားကို များ မမငွေ ကြားသွားပြလား မသိ ..။ သူ .. ပြောသည့်အထဲမှာ မမငွေ ကို နှုတ်ဆက်ချင်တာ .. ကန်တော့ချင်တာပဲရှိခဲ့ပါခဲ့တာမဟုတ်။ မမငွေ ကို ကြောက်တာလည်း ထည့်ပြောမိသည်။ မမငွေ က .. အကြောက်ခံ နေရသည်ဆိုတာကိုကြိုက်မှာမဟုတ် ..။ သူ .. လန့်လန့်ဖြင့် မမငွေ ကို ကြည့်မိပြန်၏။ မမငွေ မကြိုက်တာကို သူ မပြောမိဖို့လိုသည်ဆို တာ နောင်တဖြင့် တွေးမိပြန်သည့်အဖြစ် ..။ ခုလို .. မမငွေ သည် သူ့ အခန်းသို့ ရောက်လာနိုင်သည်ဆိုတာ လောက်တော့ အစကတည်းက ဆင်ခြင်ဖို့ကောင်းသည်ဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိရပြန်သည်ပါ ပဲ ..။ ဒါပေမယ့် ခက်သည်က .. မမငွေ သည် .. သူ့အခန်းတံခါးသို့ ရောက်လာဖူးတာ လုံးဝမရှိခဲ့။ ခု .. ပထမဆုံးအကြိမ် ရောက်လာခြင်း-

"ဒေါ်ကြီးထား ကို အရင်ရှာသေးတယ် .. မတွေ့လို့ ဒီကိုလိုက်လာ တာ .. ထင်တဲ့အတိုင်းပဲ .. ဒီထဲမှာပဲ အဲဒီကောင်မလေးနဲ့ အလုပ်ရှုပ်နေ ကြတယ်ပေါ့ .. ပုခက်နားမှာ ပျားအုံကို ပျားဝဲနေကြသလိုပါပဲလား -





ကဲ .. ဒေါ်ကြီးထား .. ဒီပိုက်ဆံ .. သူ့ကိုပေးလိုက် .. ကျောင်းမှာသုံးဖို့ စာအုပ်တို့ ဘောလ်ပင်တို့ .. ဘာတို့ .. အခြားလိုတာကအစ .. ငွေ့ ဆီ မှာ လာလာတောင်းရဲမှာလည်း မဟုတ်ဝ.ဘသိလို့ .. ငွေငါးထောင် လာ ပေးထားတာ .. ကုန်ရင် .. နင် .. ဒေါ်ကြီးထား ကိုပြော .. ငါ ထပ်ပေး မယ် .. ကြားလား .. ဒါကလည်း ဖေဖေ မရှိတော့လို့ .. ဒီ တာဝန် ငါ ယူရမယ်ဆိုတာ အသိစိတ်နဲ့ပေးတာ .. မုန့်လည်းဝယ်စားချင်တာစား.. ကျောင်းမှာ မုန့်ဆိုင်တန်းမှာ သူများတကာဝယ်စားနေကြချိန်မှာ နင်က.. ငါ့အဖေ မရှိတော့တာနဲ့ .. အာခြောက်ပြီး ငတ်နေရတာတော့ အဖြစ်မခံ နိုင်ဘူးလေ .. ဒီပိုက်ဆံနဲ့ ဝယ်စား .. လိုတာဝယ် .. မကုန်ခင်ပြော .. ဒေါ်ကြီးထား ကို ပြော .. ငါပေးမယ် .. နားလည်လား .. စည်းနဲ့ကမ်း နဲ့ ပိုက်ဆံကိုသုံး .. မသထာလို့ပြောတာမဟုတ်ဘူး .. စည်းကမ်းပျက် မှာကို မကြိုက်လို့ပြောတာ .. ကဲ .. ဒေါ်ကြီးထား လာယူ .."

ပြောသာပြောဆိုနေပေမယ့် ..။ လက်ထဲပိုက်ဆံအပ်ဖို့ ခေါ်သည် က သူ့ကိုမဟုတ်။ ဒေါ်ကြီးထား ကိုပဲဖြစ်ပါ၏။ သူ့ကို တုတ်နိုင်သမျှ တင်းအောင် မမငွေ နေတာကို သူပို၍သိလာရလေ။ ရင်ထဲကြေကွဲခံစား ရလေပါ ..။

"နောက်တစ်ခု .. သတိပေးမယ် .. ဟိုနေ့ကလို .. ငါ့ကို .. ပခုံး တိုက် .. ခေါင်းတိုက် .. ခွာတိုင်း .. ခြေရာတိုင်းပြီး .. နှုတ်လှန်မထိုးနဲ့.. ငါ .. မကြိုက်ဘူး .."

မမငွေ ရည်ရွယ်သည်က ဖေဖေ့ ဂူမှအပြန် ညီမလေးနှင့်ပတ်သက် ၍ အိမ်မှာပြောဆိုခဲ့ကြသည့်အဖြစ်ကို မမေ့နိုင်ဘဲ အခဲမကျေပြောနေ ခြင်းဆိုတာ သူ နားလည်လိုက်ရသည်ပါပဲ။ ချာခနဲလှည့်ထွက်သွားသော မမငွေ ကို သူ ငြိမ်သက်စွာရပ်ရင်း ကြည့်ကျန်ခဲ့ရပါ၏။ ဒေါ်ကြီးထား သူ့လက်ထဲ ပိုက်ဆံထည့်တော့ သူ ခေါင်းခါသည်။

"လောလောဆယ် .. သား မလိုသေးပါဘူး ဒေါ်ကြီးထား ရယ် ..



www.burmeseclassic.com

www.burmeseclassic.com



မုန့်ဖိုးတွေ ဖေဖေ ပေးထားတာ ကျန်နေပါသေးတယ် .. ဒေါ်ကြီးထား-သိမ်းထားပေးပါ .. လိုသလောက် သား တောင်းပါ့မယ် ..''

ဟု ပြောပြီး ကျောင်းလွယ်အိတ်ထဲမှ သချာၤစာအုပ်ကိုထုတ်သည်။ လေ့ကျင့်ခန်းစာအုပ်၏ နောက်ကျောအဆုံးစာရွက်မှာ စတင်၍ နေ့စွဲကို ရေးသည်။ နောက်ဆက်ရေးသည်က ''ဤနေ့မနက်မှာ .. ငွေငါးထောင် မမငွေ ပေးသည် ..'' ဆိုသည့် စာသား ..။ ဒေါ်ကြီးထား ကြည့်ကာ မျက်နှာထက်မှာ ထိခိုက်ရိပ်ထင်၏။

''မမငွေ .. သားကို ဒီနေ့ကစပြီး .. ဘယ်လောက်ဘယ်လောက် ငွေတွေပေးသွားတယ်ဆိုတာ .. သား ဗလာစာအုပ်လေးတစ်အုပ် အသစ် ထပ်ဝယ်ဦးမယ် ဒေါ်ကြီး .. အဲဒီအခါ .. အဲဒီစာအုပ်မှာ .. ရေးထားမယ်-သိမ်းထားမယ် .. သား ပညာတတ်ဖြစ်တဲ့အခါ .. အလုပ်ရတဲ့အခါ -ပြန်ဆပ်မယ် ..''

ဟု ပြောတော့ ဒေါ်ကြီးထား ခေါင်းခါသည်။

''အဲသလို ကိုယ့်အစ်မကို မပြောရဘူး ထိန်သာလေး .. သူ .. ရှာ ကျွေးနေတာပဲကွယ် .. သူ .. သူက .. လောလောဆယ်မှာ .. ဒီအိမ်မှာ အကြီးဆုံးလေ .. သူ ဆုံးဖြတ်တာကို နားထောင်ရမှာပေါ့ ..''

ဟု ချော့ချော့မော့မော့ပြောလာချိန်မှာ သူ မျက်ရည်ဝဲနေသည်။ ပိုက်ဆံပေးရင်း .. ပြောသွားသည့်စကားက အရမ်းကို မေတ္တာတွေကင်း မဲ့နေသည်ဟုထင်သည်။ တာဝန်တွေကြောင့် မလွဲရှောင်သာ၍ လုပ်ပေး ရတာဆိုတာကိုလည်း ပြောင်ပြောင်တင်းတင်းပွင့်ပြောခဲ့သည်ပဲလေ -ပြီးတော့ .. သူကိုယ်တိုင်ရှိနေပါလျက်ကယ်နှင့် သူ့ကို ခေါ်မပေးဘဲ ဒေါ်ကြီးထား လက်ထဲ ပိုက်ဆံကိုထည့်သည်ကိုက .. အဘယ်မျှထိ မမငွေ ဘက်မှ အမုန်းတွေကို သိနေစေပါသလဲ။ အမုန်းငွေ့သည် နှလုံးသားသို့ တိုင် အရှိန်နှင့် လာထိသည်သို့ခံစားရသည်။ ခုလို .. ဖေဖေ မရှိတော့ သည့်အချိန်မှာ .. သူ့အပေါ် စာစာနာနာ မမငွေ ရှိလာလျှင် .. အဘယ်မျှ





ထိ သူ့မှာ အားကိုးရာတစ်ခုရချေမည်လဲလေ ..။

ဖေဖေ့ရက်လည်ဆွမ်းရင်း ပြီးရုံပဲရှိသေးသည်။ မမငွေ သည် .. ဩဇာ အရှိဆုံးသော နေရာတစ်ခုကို ပြတ်ပြတ်သားသားယူပြသည်။ သူ့အပေါ် လည်း တာဝန်ရှိသူတစ်ယောက်အဖြစ် တာဝန်ကျေအစ်မတစ်ယောက် နေရာမှာ မလွှဲသာမရှောင်သာ၍ နေပေးရသည်ဆိုတာကိုလည်း အတိ အလင်းဖွင့်ပြောပြသည်အထိ ပြောထွက်ပြောရက်နိုင်စွမ်းသည်တည့်။ သူ လွယ်အိတ်ကိုလွယ်၍ အခန်းပြင်သို့ထွက်သည်။

ခါတိုင်းကျောင်းတက်နေ့တုန်းကလို အပေါ်ထပ်ဆီမှ ဆင်းလာရ တာမျိုးမဟုတ်တော့ပြီပဲ။ သူ .. အောက်ထပ်အခန်းဆီမှ ထွက်ရတာမို့ ဧည့်ခန်းသို့ ဦးတည်၍ ချက်ချင်းရောက်နိုင်သည့်နေရာရှိရာ အခန်းထဲမှ ထွက်ရခြင်း ..။ လှေကားကြီးကို မော့ကြည့်မိသည်။ လူမှန်းသိတတ်စ အရွယ်ကတည်းက .. အပေါ်ထပ်ဆီမှ အောက်ထပ်သို့ ..။ အောက်ထပ် ဆီမှ အပေါ်ထပ်တို့ ကြိမ်ဖန်များစွာ ဖြတ်နင်းတက်ဖူး .. ဖြတ်နင်းဆင်းဖူး ရာလှေကားထစ်များ ..။ တစ်ခါတစ်ခါ မှန်မှန်တက်တာရှိသည်။ ပြေး တက်တာရှိသည်။ မှန်မှန်ဆင်းတာရှိသည်။ ပြေးဆင်းတာရှိသည်။ ထိုသို့ ကိုယ့်စိတ်ဆောင်ရာအတိုင်း အကန့်အသတ်မဲ့သွားလာခဲ့ရာ လှေကား တစ်ခု ..။ လှေကားထစ်များ ..။ ထိုသို့သော အခွင့်အရေးကို မမငွေ ရုပ်သိမ်းခဲ့သည်မှာ .. ဖေဖေ့ကို သင်္ဂြိုဟ်သောနေ့ကပင် စခဲ့ချေသည် တကား ..။ ရင်ထဲမှာ နာကျင်လာသည်။ ဒါပေမယ့် .. သူ .. ဖေဖေ အနား ယှဉ်တတ်ရာ အခန်းတစ်ခုမှာ ပြောင်းရွှေ့နေခဲ့ရသည့်အတွက်တော့ ရင် ထဲမှာ ဖေဖေနှင့်အတူ ရှိသည့်နှယ်ခံစားရသည်ပါပဲ။ မမငွေ ၏ မတူတန် အားခြင်းခံရသော အထိမ်းအမှတ်တစ်ခုအဖြစ် ပြောင်းပေးပြေါ်သည့် အခန်းသည် ဖေဖေ့အခန်းဖြစ်နေသည်ပဲလေ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ကျောင်းနှင့် အိမ်ကလည်း သိပ်ဝေးတာမဟုတ်၍ နေ့လယ်ထမင်းစားကျောင်းဆင်းချိန်တိုင်းမှာ သူ အိမ်ပြန်၍ စားနေကျ ..။ ခုလည်း အိမ်ပြန်ရောက်တော့ ဒေါ်ကြီးထား ကို မျက်စိမျက်နှာပျက်ပျက်ကြီးဖြင့် ပေါ်တီကိုအောက်မှာ ရပ်နေတာမြင်နေရပါ၏။

သူကတော့ ထမင်းစားဖို့ထက် ညီမလေးကို အရင်ပြေးချီဖို့ စောကပ်ပြီး ခြံဝင်းတွင်းသို့ ပြေးဝင်လာခြင်း။ ခုလို .. မျက်နှာမလန်းဘဲ ဒေါ်ကြီးထား ရပ်နေပုံက အဓိပ္ပာယ်ကြီးသောကာဖြစ်နေသည့်ပုံဖြစ်နေသည်။ အိမ်မှာ ဘာတွေများဖြစ်ပြန်ပြီမသိ။ မမငွေ တစ်ခုခုများ ဒေါ်ကြီးထားကို ပြောထည့်လိုက်ချေပြီလား မသိ ..။

ဘာကြာသေးလို့လည်းလေ ..။ သူ့ကို အောက်ထပ်ပြောင်းနေဖို့ မမငွေ ပြောခဲ့စဉ်က ဒေါ်ကြီးထား ဝင်ပြောတော့ ..။ အိမ်ကိစ္စဝင်မပါနဲ့ မျက်နှာထားတင်းတင်းဖြင့်ပင် မမငွေ ပြောရက်ခဲ့သည်ပဲ ..။ ဖေဖေရှေ့မှာလျှင် ထိုသို့ မမငွေ ဘယ်ပြော၍ရမည်တဲ့လဲလေ။ ဖေဖေက .. ဒေါ်ကြီးထား နှင့် ဘဘညို ကို တကယ့် ဒေါ်ကြီးဘကြီးနှယ် ထားခဲ့သူပါ ..

"ထိုင်ပါဦး ထိန်သာလေး ရယ် .. ညီမလေးဆီသွားမလို့လား ..



ညီမလေးမရှိဘူး .. ငွေလေး ခေါ်သွားတယ် .. သား ကျောင်းသွားပြီး မကြာဘူး .. ကလေးကို ပေးဆိုပြီး အဝတ်အစားတွေရော .. ကလေးရော .. ပုခက်ရော .. အားလုံး ကားပေါ်တင်ခေါ်သွားတာပဲ .. မေးလည်း မေးရဲတော့ ထည့်ပေးလိုက်ရတယ် ထိန်သာ ရယ် .. အဲဒါ .. ခုထိကားရော ကလေးရော ငွေလေး ရော ပြန်မရောက်ပဲရှိနေလွန်းလို့ စိတ်ပူပြီး .. ဆန်စက်ကိုတော့ ကိုကြီးညို လိုက်အကြည့်ခိုင်းထားပါရဲ့ .. ဟော .. လာပြီ .. ကိုကြီးညို လာနေပြီ .."

စက်ဘီးနင်း၍ နေပူထဲပြန်လာသည့် ဘဘညို ကို မြင်တော့ ဒေါ်ကြီးထား ပြောရှာ၏။ ဘဘညို ပေါင်းထားသော တဘက်ဖြင့် မျက်နှာသုတ်ကာ ပေါ်တီကိုအောက်မှာ စက်ဘီးရပ်သည်။ မျက်နှာလုံးဝမကောင်း။

"မယ်ထား .. ဆန်စက်ကိုလိုက်ကြည့်တော့ ငွေလေး ကိုလည်း ရုံးခန်းမှာ မတွေ့ရဘူး .. ကလေးရော ပုခက်ရော .. မရှိဘူး .. ငါ .. အေးယောင်မလည်နဲ့ .. ဆန်စကထောင့်နားက မန်ကျည်းပင်အောက်မှာ ထိုင်စည်ကြီးကွယ်ပြီး စောင့်နေရတာဟ .. အဲဒါကြောင့် .. ငါဟိုမှာကြာနေတာ .. ငါ စောင့်နေတာ နောက်ထပ်နာရီဝက်လောက်ကြာတော့မှ .. ငွေလေး ကားမောင်းဝင်လာတယ် .. ကလေးလည်း ပွေ့မဆင်းဘူး .. ကားပေါ်က တစ်ယောက်တည်းဆင်းတာဟ .. အဲဒါနဲ့ .. ငါက .. ငွေလေး ဆန်စက်ရုံးခန်းရှိတဲ့ အပေါ်ထပ်ကိုတက်သွားတုန်း .. အောက်ထပ်က ခင်နဲ့ ညည်းဆီဖုန်းဆက်မေးမိတာ .. အဲဒီကို ကလေးလာပို့သွားသလား ဆိုတော့ .. မပို့ဘူးလို့ ညည်းဖြေလိုက်ကတည်းက .. ရင်ထဲမကောင်းတော့ဘူးဟာ .. ဒါကြောင့် .. ညည်းကိုဘာမှမပြောပြတော့ဘဲ .. ငါ လာခဲ့မယ်ဆိုတာပဲ ဖုန်းထဲပြောပြီး စက်ဘီးနင်းပြန်လာရတာ .. ကလေး ဘယ်ပို့ခဲ့တယ်မသိဘူး မယ်ထား ရယ် .. ညည်းပြောတဲ့အတိုင်းဆို .. ကလေးကို ညည်းဆီကခေါ်သွားတာကလည်း .. အဝတ်အစားဆိုလည်း



www.burmeseclassic.com

www.burmeseclassic.com



အကုန်ထည့်ခိုင်း .. ပုခက်ကအစ .. နို့ဘူးကအစယူတာဆို .. ဘာသဘော လည်းကွာ .. နေ့ကလေးထိန်းတစ်ခုခုပို့တယ်ဆိုရင်လည်း ဒီလောက် အဝတ်အားလုံးသယ်သွားဖို့မှ မလိုတာပဲ .. ကလေးခေါ်သွားတုန်း ငါ ကလည်း .. ဈေးထဲရောက်နေတာဆိုးတာ .. ညည်းကလည်း .. ချက်စရ ပြုတ်စရာ တစ်ပတ်စာလောက်ဝယ်ထားတယ်ကိုမရှိဘူး .. ချက်ပြီးဟော့ ဆိုရင် .. အစ်ကိုလုပ်တဲ့သူကို .. ဟိုဟာလေးပြေးဝယ်စမ်းပါ .. ဒီဟာလေ ပြေးဝယ်စမ်းပါနဲ့ .. ခိုင်းဖို့ပဲတတ်တဲ့ ညီမ .. ခု .. ငါရှိနေရင် .. မယောင် မလည်နဲ့ .. လိုက်ချောင်းနိုင်တာပေါ့ဟ .."

ချွေးဘွေမျက်နှာထက်မှာ တင်နေတာသုတ်နေလိုက် ..။ ချွေးက ပြန်ထွက်လာလိုက်ဖြင့် ဘဘညို ခမျာ ချွေးတွေမတိတ်နိုင်အောင် စိတ် ပူဇောကပ်နေရှာ၏။ စိတ်ပူသမျှ ဇောချွေးတွေမနိုင်အောင် ပြန်နေခြင်း..

"ကိုကြီးညို က ဘာနဲ့လိုက်ချောင်းမှာတဲ့တုန်း .. စက်ဘီးနဲ့ လိုက် ချောင်းမှာလား .. အစ်ကိုလေးစီးတဲ့ လင့်ရိုဘာကြီး မောင်းပြီး ပေါ်တင် လိုက်ချောင်းရဲလို့လား .. ဘယ့်နှယ်လုပ်မိနိုင်ပါ့မလဲ .. ကားနဲ့လိုက်ရင် လည်း ငွေလေး က အကင်းဒီလောက်ပါးတာ .. သိမှာပေါ့ .. သူ့ကား ရပ်ပြီး ဆင်းရန်တွေ့တာပဲ ကိုကြီးညို ခံရမှာ .."

ဒေါ်ကြီးထား တင်ိုငိုတယိုယိုဖြစ်နေပြီ။ သူ အံခဲထား၏။ ရတ်ခနဲ လှည့်သွားခနဲ ဘဘညို ၏ စက်ဘီးကို သူနင်း၍ ဆန်စက်သို့သွားတော့ နောက်မှ ဘဘညို နှင့် ဒေါ်ကြီးထား တို့၏ ခေါ်သံတွေကျန်ခဲ့ပါ၏။

နေပူကျဲတဲမှာ သူ ဆန်စက်သို့ရောက်၏။ မျက်နှာမှာ ချွေးတွေ နစ်နေသည်။ စက်ဘီးကို ဒေါက်ထောက်ထောင်ထားခဲ့ကာ တောက် လျှောက် မမငွေ ၏ ရုံးခန်းသို့ပြေးတက်လာပါ၏။ ရုံးခန်းစားပွဲမှာ စာအုပ်မှာ ဘာတွေမှတ်နေမှန်းမသိသည့် မမငွေ ကို သူမြင်၏။ သူ ရင်ထဲမှာ ဆူပွက်နေသည်။ သူ့တစ်ကိုယ်လုံးမှာ ညီမလေး၏ဖောပဲ နေသည်။ ပြေးဝင်လာသည့် ခြေသံကြောင့် မမငွေ လှမ်းကြည့်လာပါ၏





သူ့ကိုမြင်တော့ ဂရုပင်မစိုက် ..။

"ငါ မအားဘူး ထိန်သာ .. ဒီမှာ စာရင်းတွေလုပ်နေရတယ် .. ဒီ ဂို့တဲ့စာရင်းတွေက ပွဲရုံတစ်ရုံတည်းမဟုတ်ဘူးဆိုတာ နားလည်စမ်း .. ဒီထိ ဘာလာလုပ်တာလဲ .."

သူ ခပ်တည်တည်မျက်တောင်မခတ် မမငွေ ကို စိုက်ကြည့်နေပါ ။ လက်သီးကို ဆုပ်ထားမိသည်။ ရှေ့သို့တိုးသွားသည်ကလည်း အား ကန်ပါသည်။ မမငွေ လုပ်နေသည့်စာရင်းစာအုပ်ကို ရုတ်တရက် ဆွဲယူ လိုက်ကာ ရုံးခန်းထောင့်သို့လွှဲ၍ ပစ်ထည့်လိုက်တော့ ထိုသို့ သူလုပ်လိုက် ည်ဟု ထင်ထားပုံမရသော မမငွေ ကလည်း ဝုန်းခနဲထရပ်သည်။ သူ့ကို ိုက်ဖို့လက်လှမ်းရွယ်ချိန်မှာ သူ ခပ်တင်းတင်းစိုက်ကြည့်၏။ တင်းမာ းရှလျက် အကြောက်ကင်းနေသည့် အကြည့်ကို မမငွေ သဘောပေါက် သွားပုံဖြင့် ရွယ်ထားသည့်လက်ကို ပြန်ရုပ်သည်။ အေးအေးဆေးဆေး ပြန်ထိုင်သည်။ ဒါပေမယ့် .. သ ကိုတော့ လုံးဝဂရုစိုက်စရာမဟုတ်သည့် သဘော ..။ အရေးပင်မစိုက်သည့်မာန်ဖြင့် ပြုး၍ကြည့်လာသည်။ မထေ့ ထေ့အပြုံး ..။

"နေဦး .. နင် မေးမယ့် မေးခွန်း ငါသိတယ် .."

မမငွေ ခပ်အေးအေးပြောလာတော့ သူ ငြိမ်မနေ ..။ မမငွေ က မေးနဲ့ .. ဆိုရုံဖြင့် သူက နာခံ၍ မမေးဘဲနေသည့် ထိန်သာ ဖြစ်ရမည် လား ..။ မရ ..။ မမငွေ ၏ ဩဇာကိုငြိမ်ခံပေးလိုက်သည့် ထိန်သာ အဖြစ် ်နိုင် ..။ တည်ငြိမ်စူးရှသောအကြည့်ဖြင့် မမငွေ ကို သူကြည့်ကာ ...

"ညီမလေး ဘယ်မှာလဲ .."

ဟု အေးစက်မာကြောနေသည့် အကြည့်ကို လုံးဝမရုပ်သိမ်းပဲ သူ သစ္စာအသံမာကြီးဖြင့် မေးလိုက်တော့ မမငွေ ပခုံးတွန့်ပြသည်။

"သူ့ကို .. မိဘမဲ့ဂေဟာပို့လိုက်တယ် .. မနက်ကခေါ်သွားတာ.. ပေါ်မှာ ထားခဲ့ပြီ .. သူ့မှာ မိဘမှမရှိတော့တာ သူ .. အဲဒီမှာ နေရ



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့ ..”

အေးအေးဆေးဆေးဖြေကာ သူ့ကိုစိုက်ကြည့်လာရင်းမှ ..

“မင်း ပစ်ထည့်လိုက်တဲ့ ငါ့စာအုပ်ပြန်ကောက်ပေးစမ်း ထိန်သာ .. ငါ့ရုံးခန်းမှာ ဒီလိုအဖြစ်မျိုး နောက်ထပ်လာမလုပ်ပါနဲ့ .. အခု .. အိမ်ကို ပြန်ပါ .. နင့်ကျောင်းနင်ပြန်တက် .. နင် စားရမယ့်နေ့လယ်စာကို အရင်စား .. ကျောင်းသွား .. ညနေကျောင်းဆင်းချိန်ပြန်လာ .. စာကျက်[illegible] ဒါပဲရှိတယ် .. နင့်အလုပ်က အဲဒီအလုပ် ..”

သူ ရှေ့တိုးသွားကာ မမငွေ ၏ စားပွဲပေါ်မှ တယ်လီဖုန်း .. စာအုပ်တွေ ..။ ဖိုင်တွေ ..။ စာဖိတုံးဖန်လုံးတွေ ..။ တွေ့ရာမြင်ရာအားလုံး သိမ်းကျုံးယူ၍ ကိုင်ပေါက်သည်။ စားပွဲရှေ့မှ ကုလားထိုင်ကိုဆောင့်၍ ကြမ်းပေါ်အကြိမ်ကြိမ်ရိုက်ချိုးပစ်သည်။ ကုလားထိုင်ခြေထောက်တွေလည်း ဖျောင်းဖျောင်းပါအောင် ကျိုးကုန်ပြီ ..။ ကျိုးသွားသည့် ကုလားထိုင်ခြေထောက်တစ်ချောင်းသည် အနားချွန်ဖြင့်ရှိနေ၏။ သူ ကုန်း၍ ကောက်ကိုင်သည်။ မမငွေ ရှေ့တိုးမည်ပြင်ပြီးမှ သူ့လက်ထဲက သစ်သား ချွန်ချွန်ထောင်ထောင်ကြီးဖြစ်နေသည့် ကုလားထိုင်ခြေထောက်ကျိုးကို ကြည့်ကာ နေရာမှာ ရပ်မြဲရပ်နေသည်။ စောစောကလို အေးစက်စက် အကြည့် ..။ မထိတ်ထိအပြုံး ..။ ဂရုမစိုက်သည့်အချိုးတွေတော့မရှိ တော့ပြီ ..။ နည်းနည်းလန့်နေတာ သိသာလာနေသည်ပါပဲ ..။

“နင် .. နင် .. ထွက်သွားစမ်း ..”

မမငွေ အော်ချိန်မှာ သူ့လက်ထဲမှ သစ်သားကျိုးကို ဖျောင်းခနဲပါအောင် စားပွဲပေါ်ရိုက်ချလိုက်သည်။ စားပွဲပေါ်တင်ထားသော မှန်ချပ်ကြီးကွဲချေ၏။

“မအော်နဲ့ .. ဘာမှ စကားမဆက်နဲ့ .. ကျွန်တော်မေးတာကိုဖြေ .. ကျွန်တော်ပြောတာကို သေချာနားထောင် .. ဒီအချိန်မှာ .. ဘာမဆိုလုပ်ရဲတဲ့ ထိန်သာ ဖြစ်နေတယ်ဆိုတာကိုလည်း မမေ့ပါနဲ့ ..”

သူ အော်တော့ မမငွေ မခံမရပ်နိုင်သလို စိုက်ကြည့်နေပါ၏။





[illegible]သမယ်ပ် .. တကယ်တမ်း သူ ကြမ်းလာတော့ လန့်နေပုံတော့ရနေ[illegible]သည်။ ငြိမ်နေ၏။ ထိုစဉ်ခိုက် ဆူညံပွက်ထနေသည့် အသံပလံတွေကြောင့် [illegible]န်စက်ထဲမှ အလုပ်သမားတွေ ပြေးတက်လာကြ ..။ ရုံးခန်းတံခါးမှာ [illegible]ပြုံလာကြတော့ မမငွေ တင်းတင်းကြည့်ကာ ...

“ဘာကြည့်နေကြတာလဲ .. သွားကြ .. ကိုယ့်အလုပ်ကိုယ်လုပ်ကြ..”

ဟု အော်တော့ သူလှည့်၍ ...

“ဘာလို့သွားကြရမှာလဲ .. မသွားနဲ့ .. ကြည့်ကြ .. နားထောင်ကြ [illegible]မ်းပါ .. သူပြောတာတစ်ခုတည်း နားထောင်နေဖို့မလိုပါဘူး .. ဒီဆန်[illegible] [illegible]က်ဟာ မမငွေ တစ်ယောက်တည်းပိုင်တာမဟုတ်ဘူး .. ကျွန်တော် [illegible]ည်း ပိုင်တယ် .. ငယ်သေးလို့ အလုပ်မလုပ်သေးတာပဲရှိတာ .. မမငွေ [illegible] ဒီဆန်စက်ရဲ့ သခင်ဆိုရင် .. ကျွန်တော် ထိန်သာ လည်း သခင်ပဲ.. [illegible]ကို ဘာကြောင့် ကျွန်တော်လာရသလဲသိလား .. ကျွန်တော့်ညီမလေး [illegible]ကို ဟောဒီက မမငွေ က .. မိဘမဲ့ဂေဟာကို ပို့လိုက်လို့ပဲ .. ဘယ် [illegible]လောက် .. ရက်စက်သလဲ .. စဉ်းစားကြည့်ကြစမ်းပါ ..”

ဟု သူအော်ပြောတော့ တစ်ချို့ကျတော့လည်း မမငွေ ကို ကြောက် [illegible]န်ဖြင့် နောက်သို့ဆုတ်၍ သွားကြပေမယ့် ..။ တစ်ချို့ကျတော့လည်း [illegible]လို .. မမငွေ လုပ်တာကို မကြိုက်ပုံဖြင့် ဝိုင်းကြည့်ကြတာတွေလည်း [illegible]ကုန်ရပါ၏။ သူ မမငွေ ကို လှည့်၍ပြန်ကြည့်သည်။ မမငွေ ၏ မျက်နှာ [illegible]မ်းအမ်းကြီးဖြစ်နေပါ၏။ ခုလို .. ဖြစ်ပျက်လာလိမ့်မည်ဟု မျှော်လင့် [illegible]ားပုံမရ ..။ ညီမလေးကို သူ မသိအောင် မိဘမဲ့ဂေဟာမှာထားလိုက်ပြီး [illegible]ျှင်လည်း အရာရာသည် .. မမငွေ ၏ ဩဇာရိပ် အောက်မှာပဲ ငြိမ်သက် [illegible]ွာ ခေါင်းငုံ့ခံခြင်း အလုံးစုံဖြင့် ရပ်ဆိုင်းငြိမ်ခံကုန်ကြမည်ဟု ထင်ထား [illegible]ပုံရသည်။

“ထိန်သာ ဟာ ခုမှ ဆယ့်သုံးနှစ်ပဲရှိသေးတယ်လို့ လျှော့မတွက် [illegible]ါနဲ့ .. မမငွေ .. ထိန်သာ့ ကို ဖေဖေက .. အားမာန်တွေပေးခဲ့သလို..



www.burmeseclassic.com

www.burmeseclassic.com



ထိန်သာ ကလည်း .. အဲဒီအားမာန်တွေနဲ့ သတ္တိဆိုတာကို မွေးမြူထား ပြီးနေတဲ့ ထိန်သာ ဖြစ်နေပါပြီ .. ဒီမှာ မမငွေ .. မမငွေ ပြောတဲ့အထဲမှာ ညီမလေးမှာ မိဘမရှိတော့ဘူးလို့ပါတယ် .. ဒါပေမယ့် .. အစ်ကိုရှိနေ သေးတယ် မမငွေ .. ဟောဒီက ထိန်သာ ဆိုတဲ့ အစ်ကိုရှိနေသေးတယ် မမငွေ က အစ်မတစ်ယောက်လိုမနေချင်ဘူးဆိုရင် .. မမငွေ သဘော ပါ .. ထိန်သာ ဟာ ညီမလေးရဲ့အစ်ကိုဖြစ်တာကိုတော့ ပိတ်ပင်လို့မရ ပါဘူး .. ညီမလေးကို ပြန်ခေါ်ဖို့တာဝန် .. ထိန်သာ့ မှာရှိတယ် .. စောင့်ရှောက်ဖို့တာဝန် ထိန်သာ့ မှာရှိတယ် .. ထိန်သာ ညီမလေးကို ချစ်လည်းချစ်တယ် .. ဒီတော့ .. ညီမလေးကို ပြန်ခေါ်မယ် .. ဘယ်မှာ ထားသလဲ .. မိဘမဲ့ဂေဟာနာမည်ပြောပါ .. အခုပြောပါ .."

သူ အော်တော့ မမငွေ တစ်ချက်ကြည့်ကာ ...

"ငါ .. လစဉ်အလှူငွေတွေ အဲဒီမှာ ထည့်ဖို့ ကတိပေးထားပြီးသား.."

ဟု ပြန်အော်၏။

"လှူပေါ့ .. ကောင်းတာပေါ့ .. ဒါပေမယ့် .. ထိန်သာ့ ညီမလေး ကိုတော့ ပြန်ခေါ်ရလိမ့်မယ် .. အကယ်၍ မမငွေ ငြင်းနေရင် .. ထိန်သာ မြို့တက်မယ် .. ရဲစခန်းမှာ မမငွေ ကို အမှုဖွင့်မယ် .. ထိန်သာ့ ညီမလေး ကို မတရားခေါ်သွားတယ် .. မိဘမဲ့ဂေဟာမှာ သွားထားခဲ့တယ် .. ဖေဖေက ဒီကြာကန်ရွာက စံကားမြိုင်အိမ်ကြီးမှာ ညီမလေးကို ထားဖို့ စီမံ .. ထားလည်းထားခဲ့တာကို .. မမငွေ က .. ဘယ်သူမှမသိအောင် အဲသလိုခေါ်သွားတယ်ဆိုတာ ပြောမယ် .. ထိန်သာ့ ကို ကြည့်ပါ မမငွေ.. ဖေဖေ မရှိတော့ပေမယ့် .. ဟောဒီက ဆယ့်သုံးနှစ်သား ထိန်သာ ဟာ ညီမလေးအတွက် .. ဖေဖေ့ကိုယ်စား ရင်ခွင်လည်းပေးမယ် .. အစ်ကို တစ်ယောက်ရဲ့ ရင်ခွင်လည်းပေးမယ် .. သိထားပါ .. သိထားပါ .."

ဟု အော်ပြောတော့ မမငွေ ငိုင်ခနဲဖြစ်၏။ မယုံနိုင်သလို သူ့ကို လည်း စိုက်ကြည့်နေသည်။ ဤမျှအထိ သူ သတ္တိတွေကောင်းနေတာ





ကိုလည်း အံ့ဩနေသည်။ ချက်ကျလက်ကျပြောနေတာကိုလည်း အံ့ဩ နေသည်။ အလုပ်သမားတွေကိုလည်း မမငွေ ကြည့်နေ၏။ သူလည်း ကြည့်ကြည့်သည်။ လူတွေ၏ မျက်နှာထက်မှာ သူ့အပေါ် နှစ်ထောင်အား ဖြစ်နေကြတာ သိသာနေ၏။ ခုကျတော့လည်း .. အားလုံးသည် မမငွေ ကို မနှစ်မမြို့ဖြစ်နေသမျှ ပိုင်းကြည့်နေကြသည်။

"မမလေးငွေ .. အလုပ်မားဆိုတာ ပိုင်ရှင်ကိုတော့ လေးစားကြ တာပါပဲ .. ဒါပေမယ့် .. ဒီလောက်ကြီးထိ မမလေး လူစိတ်ကင်းနေရင် တော့ .. ကျွန်တော် .. တခြားတစ်နေရာမှာပဲ အလုပ်သွားလုပ်တော့မယ်.."

ဟု တစ်ယောက်က မခံနိုင်သလိုပြော၏။

"ဟုတ်တယ် .."

ဟု အော်သူက အော်၏။ မမငွေ အံဆွဲကိုဖွင့်သည်။ ကားသော့ကို ထုတ်သည်။ သူ့ကိုကြည့်၏။

"လိုက်ခဲ့ .. နင့်ညီမ .. ငါ ပြန်ခေါ်ပေးမယ် .."

ဟု ခပ်တည်တည်ပြောတော့ အလုပ်သမားတွေ၏ ဝမ်းသာအားရ ပြုံး၍ လက်ခုပ်တီးသံတွေပေါ်လာပါ၏။ မမငွေ ရှေ့မှထွက်တော့ သူ နောက်မှလိုက်သည်။ လက်ထဲမှာ ကုလားထိုင်ခြေကျိုးက ပါလာဆဲ ..။ မမငွေ ထွက်နိုင်အောင် အလုပ်သမားတွေ နောက်ဘက်သို့ ဆုတ်ပေးကြ ၏။ တံခါးဆီမှ သူ အထွက်မှာ ဝိုင်း၍ သူ့လက်ကိုယ့်လက်တွေက သူ့ ခေါင်းကိုပုတ်ကြ ..။ ကျောကိုပုတ်ကြမှင့် ကောင်းချီးဩဘာပေးကြသည်။

"အဖေတူသားပဲကွ .."

ဟု တစ်ယောက်က အော်ပြော၏။ သူ ထို အလုပ်သမားဦးလေးကြီး ကို ပြုံးပြလိုက်မိရပါ၏။ ဟုတ်သည်။ သူသည် .. ဖေဖေ့တာဝန်တွေကို ထမ်းရည့်သား ..။ ညီမလေးကို စောင့်ရှောက်သည့် သား ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ညီမလေးကို ပွေ့၍ ခပ်တည်တည် အိမ်ထဲဝင်လာပါသည့် သူ့ကို ဒေါ်ကြီးထား မှ မျက်ရည်တွေ ရစ်ဝဲနေရင်း ကြည့်လည်းကြည့် လျှောက်လည်း လျှောက်လာ ..။ ဟန်မျှပင်မဆယ်နိုင်ပဲ ညီမလေးကို ပွေ့ချီ ာ တရှုံ့ရှုံ့နမ်းရှာ၏။

နောက်မှ သတိရသည့်နှယ် အလန့်တကြား ဟိုဟိုသည်သည်ကြည့် နှင့် ရှိသွားရသည်ပါပဲ။

"ထိန်သာလေး ရဲ့ မမငွေ ရော .."

'ခြံတံခါးရှေ့မှာ ကားရပ်ပေးပြီး .. ထိန်သာ ဆင်းတာနဲ့ မောင်း ထွက်သွားတာပဲ .. ထိန်သာ့ ညီမလေးကို မိဘမဲ့ဂေဟာပို့လိုက်တာ ဒေါ်ကြီးထား ရ .. ဘယ်ရမလဲ .. သားရအောင် ပြန်ခေါ်ခိုင်းတာပေါ့-'

ထိုအခါမှ ဒေါ်ကြီးထား ခမျာ မမငွေ အတူလိုက်မလာသည်ပဲ စိတ်ထဲအေးသွားရပုံဖြင့် ညီမလေးကို တရှုံ့ရှုံ့နမ်းသည်မှ စိတ်လွတ်လက် လွတ်ပါ ..။

"တော်သေးတာပေါ့ နံ့သာလေးရေ .. အမွှေးတုံးလေးရေ .. အစ် လေးရဲ့ ချန်ရစ်ခဲ့ရာ ဒီကလေးကိုဖြင့် .. တွေ့ခွင့်မကြုံတော့ဘူးလားရ





လို့ ရင်ထဲထိတ်သမှလေ .. ရင်မီးတောက်တယ်ဆိုတာ ဒါမျိုးဖြစ်မှာ.. နေစမ်းပါ့ ထိန်သာလေး ရယ် .. ဘယ့်နှယ်လုပ်ပြီး ဒီကလေးကိုရအောင် ပြန်ခေါ်လာသတုန်း .. ကြားချင်စမ်းပါ့ သားရယ် .. နားထဲရင်ထဲအရသာ တော်တော်ပြည့်မှာ သိရဲ့လား .."

ဒေါ်ကြီးထား မေးတော့ သူ အားလုံးပြောပြသည်ပါပဲ။ ဘဘညို လည်း သောမှာလာထိုင်၍ နားထောင်သည်။ အိမ်မှာ မမငွေ မရှိသည်မို့ စိတ်လွတ်လက်လွတ် .. စိတ်ကိုဒုန်းဒုန်းချ၍ ပျော်ကြရ ..။ ပြောကြ ..။ နားထောင်ကြဖြင့် ပျော်စရာဖြစ်နေသည်ပါ။

"အံ့မယ်လေး .. သတ္တိခဲလေးပါလား ကိုကြီးညို ရဲ့ .. ထိန်သာလေး ခုလိုသတ္တိရှိလာတာတော့ မယ်ထား ဝမ်းသာတယ် ကိုကြီးညို .. ဒါမှ.. ကြီးလာတဲ့အထိ ဒီကလေးကို ငွေလေး အမြဲအနိုင်ယူနေတာမျိုးတွေဖြစ် မလာနိုင်တော့မှာ .. ကောင်းတယ် .. ကောင်းတယ် .."

ဒေါ်ကြီးထား သဘောတကျကျဖြင့် သူ့ဆံစလေးကိုဖွ၍ ပြောနေခိုက် အိမ်တံခါးဝမှာ မမငွေ ရပ်လာပါသတည်း ..။ အကြည့်သည် ခပ်စူးစူး နိုင်စွာ ဒေါ်ကြီးထား ထံမှာ တန့်နေသည်။ ဘဘညို ကတော့ အပြော အဆို မဆင်ခြင်ရကောင်းလားဟု ညီမဖြစ်သူ ဒေါ်ကြီးထား ကို ကြည့်နေ တာ သူ မြင်နေရပါ၏။

"ဘင်ထားသလိုပါပဲလား ဒေါ်ကြီးထား .. ကလေးကို မြှောက်ပေး တာ ဒေါ်ကြီးထား လက်ချက်ပေါ့လေ .. ဟင် .. ငွေ့ ရုံးခန်းထိလာပြီး သောင်းကျန်းရဲအောင် .. သွေးဆွပေးတယ်ဆိုပါတော့ .."

မမငွေ ဧည့်ခန်းတွင်း ်လာကာ ဒေါ်ကြီးထား ကို တည့်တည့် ကြည့်၍ ပြောတော့ သူ ခေါင်းခါ၍ ဒေါ်ကြီးထား ရှေ့မှာရပ်လိုက်ပါပြီ။ နှုရလက်တောက်နေသည့် မမငွေ ၏ အကြည့်သည် ဒေါ်ကြီးထား အပေါ်မှာ အဘယ်မျှထိ အမုန်းတွေပြည့်နေသည်ဆိုတာ သိသာနေသည် ပါပဲ ..။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ကြီးထား ဘာမှ မြှောက်ပေးတာမဟုတ်ဘူး မမငွေ .. သား ဘာသာ သား .. လိုက်လာတာ .. ကျောင်းက သား ပြန်လာတော့ ညီမလေး ကို မေးတော့ .. ဒေါ်ကြီးထား က မမငွေ ခေါ်သွားတယ်ဆိုလို့ လိုက်လာ တာ .. ဆန်စက်မှာ ညီမလေးမှမရှိတာ .. သား မမငွေ ကို မေးတော့ မိဘမဲ့ဂေဟာပို့လိုက်တယ်လို့ပြောတာ .. သား စိတ်မဆိုးဘဲနေမလား ဒါ .. သားရဲ့ ညီမလေး .. မမငွေ ဘက်က ညီမလေးအဖြစ် လက်မခံ ချင်နေ .. သားကတော့ ညီမလေးကို ချစ်လည်းချစ်တယ် .. ဖေဖေ လည်း .. ဒါ .. သားရဲ့ ညီမလေး .. ညီမလေးကို ချစ်ရမယ်လို့ သေခါ မှာထားတာ .."

သူ ပြောတော့ မမငွေ ခနဲ့တဲ့တဲ့ပြုံး၍ သူ့ကိုလည်းကြည့်သည်။ ဒေါ်ကြီးထား နှင့် ဘဘညို ကိုလည်း ကြည့်သည်။ ထုံးစံအတိုင်း ထီမထင် သောအကြည့် ..။ အပေါ်စီးနိုင်နေသောအကြည့် ..။

"ဒီကလေးကို ပြန်ခေါ်လာပေးတဲ့အတွက် .. နင့်ကိုယ်နင် .. သိပ် ပြီးလည်း ထင်တစ်လုံးဖြစ်မနေနဲ့ ထိန်သာ .. ဆန်စက်မှာ .. အလုပ်သမား တွေရှေ့ နင် .. အားလုံးဖောက်သည်ချ .. ငါ့ကို အထင်သေးအောင်လုပ် လို့ .. ငါ .. ပြန်ခေါ်လာပေးတယ်ဆိုတာ မမေ့ပါနဲ့ .. နင့်ညီမ .. အောက် တန်းစားကို .. နည်းနည်းလေးမှ မေတ္တာမရှိဘူးသိလား .. ဒီမှာတစ်ဆက် တည်းပြောလိုက်မယ် ဒေါ်ကြီးထား .. ငွေ ပထမဆုံး .. အလုပ်ဖြုတ်ရ တဲ့သူဟာ .. ဖေဖေ မရှိတော့တဲ့နောက်ပိုင်းမှာ ဘဘယုန် ကို ဖြုတ်ရ တာပဲ .. မြို့ပေါ်မှာ ဖေဖေနဲ့အတူရှိနေပါရက်ကယ်နဲ့ .. ဖေဖေ့ကို မထိန်း လို့ .. ဖေဖေ နောက်အိမ်ထောင်ထူလိုက်နိုင်တာပေါ့ .. တစ်ပင်လဲလို့ တစ်ပင်ထူတယ်ဆိုတာ ငွေ လက်မခံနိုင်ဘူး .. မေမေ မရှိတော့ပေမယ့် ဖေဖေဟာ မေမေ့အပေါ်မှာ .. ဟောဒီစည်းစိမ်တွေအပေါ်မှာ .. သစ္စာ ထားသင့်တယ် .. ဘေးတစီမ်းမိန်းမတစ်ယောက်ရဲ့ကလေးက .. ဖေဖေ့ သားသမီးလုပ်ပြီး ဒီအိမ်ပေါ်တက်လာတာမျိုး .. ဖေဖေ့ အမွေအနှစ်





ပြီး .. ဒီမှာ စည်းစိမ်ချမ်းသာတွေပိုင်ဆိုင်သွားတာမျိုး .. ငွေ အဖြစ်မခံ နိုင်ဘူး .. ဒါပေမယ့် .. အဲဒီ ဘဘယုန် ဖေဖေ့ကို မထိန်းပေးဘဲ .. မြှောက် ပေးလို့သာ .. ဖေဖေ အဲဒီ ယုမာ ကို လက်ထပ်ဖြစ်ခဲ့တာပေါ့ .. အနည်း ဆုံး .. ငွေ့ ကို .. အဲဒီကိစ္စ တိုးတိုးတိတ်တိတ် သတိပေးသင့် .. ပြောပြ သင့်တာပေါ့ .. ဒါမေမယ့် မလုပ်ခဲ့ဘူးလေ .. ယုမာ ဆိုတဲ့ မိန်းမ သေလို့ ကလေးပွေ့ပြီး ဖေဖေ ဒီအဖြစ်ကိုပြောပြတော့မှ ငွေ သိရတာ .. ဒါ ကြောင့် .. ဖေဖေ မရှိတော့တဲ့အခါ .. ဖေဖေ့ ဆေါ်သတွေ ငွေ့ အပေါ်လည်း ဘယ်လိုမှ မကျလာနိုင်တော့ပြီမို့ .. အဲဒီ ဘဘယုန် ကို .. ငွေ အလုပ် ဖြုတ်လိုက်ပြီမို့ ဖုန်းဆက်ပြီး အသိပေးလိုက်တယ် .. ဖေဖေ ရှိရင်တော့ ဆဖေ့ အားကိုးနဲ့ ဘဘယုန် ဘယ်ငြိမ်ခံမလဲ .. ခုတော့ .. အားကိုးရာ ဆဖေလည်း မရှိတော့တာမို့ .. ငွေ .. အလုပ်ဖြုတ်ပစ်လိုက်နိုင်ပြီလေ.. ဆဖေ့ ဆောက်လုပ်ရေးလုပ်ငန်းလည်းရပ်ပြီ .. ဘဘယုန် က .. ငွေ့ ဆန်စက်မှာ လာလုပ်ဖို့ရှိနေတာ .. ဖေဖေက အဲသလိုစီစဉ်ထားတာလေ.. ဒါပေမယ့် ဖေဖေ ရုတ်တရက်ဆုံးသွားတော့ .. ဘဘယုန် .. ဘာမှမတတ် နိုင်တော့ဘူးပေါ့ .. စပျစ်ခြံကိုလည်း ဘဘယုန် .. ဝင်လုပ်ရမှာဆိုပဲ .. ငွေ .. အဲသလိုအလုပ်ဖြုတ်တယ်ပြောတာတောင်မှ ဘဘယုန် က .. အဲ သလိုပြောနေသေးတယ်လေ .."

စကားအရှည်ကြီးကို မိန့်မိန့်ကြီး ဆိုဖာထက်မှာထိုင်ရင်း မမငွေ အရသာတရှိရှိဖြင့် ပြောနေခိုက် ..။ သူကတော့ တည်ငြိမ်စွာ မမငွေ ကို ကြည့်နေသည်ပါပဲ။ ခုလည်း ဒေါ်ကြီးထား နှင့် ဘဘညို ကို မမငွေ အလုပ်ဖြုတ်ဖို့စဉ်းစားထားပြီဟု ထင်လာသည်။

"အခု .. နောက်ထပ်လူနှစ်ယောက်ကို .. ငွေ အလုပ်ကဖြုတ်ရ တော့မယ်လေ .. မလွှဲမရှောင်သာတော့လည်း ထုတ်ရတော့မယ်ဆိုပါ တော့ .. စိတ်ထဲမသက်သာလို့ .. တမင်တကာကို.. ဟောဒီ ထိန်သာ ကို ခြံဝမှာ ကားရပ်ပေးပြီး ဆက်မောင်းသွားတာ .. ခဏပဲနေပြီး ပြန်လှည့်



www.burmeseclassic.com

www.burmeseclassic.com



မောင်းလာတာလေ .. ထင်တဲ့အတိုင်းပဲ .. ဒေါ်ကြီးထား မြှောက်ပေး
တဲ့စကားတွေ ငွေ့ နားနဲ့ ဆတ်ဆတ်ကြားရတာပါပဲ .. ဒေါ်ကြီး
နဲ့ ဘဘညို .. ဒီနေ့ .. အလုပ်ကဖြုတ်လိုက်ပါပြီ .. လစာ ခြောက်လ
ငွေ ပေးလိုက်ပါ့မယ် .. ဒါပါပဲ .."

မမငွေ ပြောတော့ ဒေါ်ကြီးထား မျက်လွှာချနေသည်။ ဖြေရှင်းစကား
လည်း ပြောချင်ပုံမရတော့ပြီ ..။ နောက်ဆံတင်းသည့်နှယ် သူ့ကိုကြည့်
သည်။ ညီမလေးကို ကြည့်သည်။ ကလေးနှစ်ယောက် ဒုက္ခရောက်တော့
မည်ပဲဟု စိတ်ထဲလေးနေသည့်အကြည့် ..။

"မမငွေ .. ဒေါ်ကြီးထား ကို .. အလုပ်ဖြုတ်လို့မရဘူး .. ဖြုတ်
ဒေါ်ကြီးထား နောက်ကို .. သားလိုက်သွားမယ် .. ပြီးတော့ .. ဒီရွာမှာ
လူတွေအားလုံးကို တစ်ယောက်မကျန် .. မမငွေ ဘယ်လို ဒေါ်ကြီး
နဲ့ ဘဘညို ကို အလုပ်ကထုတ်လိုက်တယ်ဆိုတာ မမငွေ အရှက်ကွဲအော
ပြောပြမယ် .. ဒီမှာ မမငွေ .. သားလည်း ဆယ့်သုံးနှစ်ရှိနေပြီ .. မကြာ
ခင် .. လူကြီးဖြစ်လာမှာပဲ .. မမငွေ တစ်ယောက်တည်းသဘောနဲ့
ခုလို .. အနိုင်ကျင့်လို့မရဘူး သိလား .. ဒါ .. ဖေဖေ့သမီးပါ .. သား
ညီမလေးပါ .. အဲသလို ဖြစ်ရက်နဲ့ .. မမငွေ .. သား မသိအောင် .. ညီမ
ကို မိဘမဲ့ဂေဟာပို့တာ ကောင်းသလား .. မဟုတ်တာလည်းလုပ်
တယ် .. ဒေါ်ကြီးထား နဲ့ ဘဘညို ကိုလည်း အပြစ်လာပြောနေ
တယ် .. သားကိုလည်း မျက်နှာကြီးရှုပ်ပြီး လာပြောနေသေးတယ်
မမငွေ အဲသလို .. ဒေါ်ကြီးထား နဲ့ ဘဘညို ကို .. အလုပ်ဖြုတ်လို့
ဘူး .. သား သဘောမတူဘူး .. ဒါ .. မမငွေ တစ်ယောက်တည်းပိုင်
အိမ်မဟုတ်ဘူး .. သားလည်းပိုင်တယ် .. ဒေါ်ကြီးထား နဲ့ ဘဘ
ကို ဒီအိမ်မှာထားမယ် .. ဒါမှမဟုတ်ရင်လည်း .. စပျစ်ခြံကအိမ်
မှာ .. သားတို့လေးယောက် သွားနေမယ် .. ဒါပဲ .."

သူ ခပ်တင်းတင်းပြောတော့ ဒေါ်ကြီးထား မှ ..



"ဟဲ့ .. ထိန်သာလေး .. အဲသလို အစ်မကို မပြောရဘူးလေ .. ရှိသေ
ရမှာပေါ့ ထိန်သာလေး ရယ် .. ဒေါ်ကြီးထား တို့ ဒီမှာ မနေနဲ့ဆိုရင်
လည်း မနေရုံပါပဲ .. ဒေါ်ကြီးထား နဲ့ ဒီဂ ဘဘညို တို့အတွက် .. အစ်မ
ကို အဲသလိုမပြောရဘူးကွယ့် .."

ဒေါ်ကြီးထား ငြိမ်မနေသာ ..။ မျက်ရည်လေးတစမ်းစမ်းဖြင့် ထိထိ
ခိုက်ခိုက်ဝင်တားရှာပါ၏။ သူ ခေါင်းခါသည်။

"မဟုတ်ဘူး .. ဖေဖေက ဒေါ်ကြီးထား နဲ့ ဘဘညို တို့ကို အလုပ်
ဖြုတ်ခဲ့တာမှမဟုတ်တာ .. နောက်ပြီးတော့ .. ဒေါ်ကြီးထား နဲ့ ဘဘညို
က .. သားကို မြှောက်ပေးလို့ .. သားက ဟိုမှာသွားပြီး မမငွေ ကို ..
ဆန်စက်ရုံးခန်းမှာ ပြောခဲ့တာမှမဟုတ်တာ .. သားစိတ်နဲ့ သား .. ပြော
ခဲ့တာပဲ .. အဲဒါကရော မှားနေလို့လား .. သား ညီမ .. သား ပြန်ခေါ်တာ
ပဲဥစ္စာ .. အခု .. သားအတွက်ရော .. ဟောဒီက ညီမလေးအတွက်ရော..
ဒေါ်ကြီးထား နဲ့ ဘဘညို တို့ကရှိမှဖြစ်မှာ .. မရှိဘူးဆိုရင် .. ညီမလေး
ကို အိမ်မှာ ဘယ်သူနဲ့ထားခဲ့ရမှာလဲ .. မမငွေ ထပ်ခန့်တဲ့ ဒီအိမ်မှာ
ရောက်လာမယ့်လူတွေက ဒေါ်ကြီးထား နဲ့ ဘဘညို တို့လိုဖြစ်မှာမှ
မဟုတ်တာ .. မမငွေ စကားကိုပဲ နားထောင်ကြမှာ .. ညီမလေးကို ..
ကြည့်မှာမဟုတ်ဘူး .. သား ကျောင်းသွားတဲ့အခါ ညီမလေးကို .. ဘယ်
စိတ်ချနိုင်ပါ့မလဲ .. မရဘူး .. ဒေါ်ကြီးထား နဲ့ ဘဘညို ကို .. သား
မခွဲနိုင်ဘူး .. ညီမလေးအတွက်လည်း လိုတယ် .."

သူ ပြောတော့ မမငွေ ဝှန်းခနဲထရပ်သည်။ မကျေမချမ်းသူ့ကိုကြည့်
သည်။

"နင်ဟာ .. ဖေဖေ မရှိတော့မှ တော်တော်ချိုထောင်နေတယ် ..
ရုပ်ကမှင်စာရုပ် .. မတောက်တခေါက်အသက်လေးနဲ့ ငါ့ကို အာခံနေ
တယ်ပေါ့လေ .. ရွာထဲမှာ ငါ့ကို အရှက်လိုက်ခွဲမယ်ဆိုလို့ .. ငါ .. ဒီ
မြှောက်ထိုးပင့်ကော် မောင်နှမနှစ်ယောက်ဖြစ်တဲ့ ဒေါ်ကြီးထား နဲ့ ဘဘညို



www.burmeseclassic.com

www.burmeseclassic.com



ကို .. ဒီမှာ ဆက်ထားလိုက်ရတယ်ဆိုတာ မမေ့ပါနဲ့ .. ဒေါ်ကြီးထား လည်း .. ဆင်ဆင်ခြင်ခြင်နေပါ .. အပြောအဆိုဂရုစိုက်ပါ .. ကလေးကို သွေးထိုးမပေးပါနဲ့ .. ဒါပါပဲ .."

ဟု ပြောကာဆိုကာ ပြန်ထွက်သွားတော့ သူ ညီမလေးကိုပွေ့၍ တည်တည်ငြိမ်ငြိမ်ရပ်ကြည့်ကျန်ခဲ့သည်ပါပဲ။ မမငွေ ၏ ဗင်ကားဖြူလေး ထွက်သွားတော့ ဒေါ်ကြီးထား မှ သူ့ကိုဖက်၍ ငိုရှာသတည်း။

"အစ်ကိုလေးရေ .. အစ်ကိုလေးရဲ့ သား .. ဒီညီမလေးအတွက် သတ္တိတွေရှိနေတယ် အစ်ကိုလေးရဲ့ .. ကြည့်ပါဦး .. ပိန်တာတာနဲ့ ကောင်လေး .. အမြဲအစ်မကို လန့်နေတတ်တဲ့ကောင်လေး .. ဒေါ်ကြီးထား တို့ကို အားကိုးတတ်တဲ့ကောင်လေး .. ခုကျတော့ .. ဒီ ညီမလေးအတွက် ရင့်ကျက်လာလိုက်တာ .. သတ္တိတွေမွေးထားနိုင်လိုက်တာ .. ရင်ဆိုင်ရဲ လိုက်တာ .. ဒေါ်ကြီးထား နဲ့ ဘဘညို တို့ကိုတောင် ကာကာကွယ်ကွယ် ပြောနေတဲ့ကောင်လေး ဖြစ်နေပါရောလား .. အစ်ကိုလေးကို သတိရ လိုက်တာ အစ်ကိုလေးရဲ့ .. ဒီကလေး .. သူ့အဖေရဲ့ တာဝန် .. ဒီညီမလေး အပေါ် ကျေလှပါရောလား အစ်ကိုလေးရယ် .. ကျေလှပါရောလား .."

ဒေါ်ကြီးထား မချိတင်ကဲပြောရင်းငို ..။ ငိုရင်းလည်း သူ့ကိုပွေ့..။ ပါးကိုနမ်း။ ဆံပင်လေးတွေသပ်ပေးနှင့် ရှိရှာ၏။ ဘဘညို လည်း အခန်း ထောင့်သွားရပ်ကာ ငြိမ်ခြင်းမက ငြိမ်ကျနေရှာပါ၏။ မျက်ရည်လည်း တကျကျဖြစ်နေသည်။

"တကယ်က .. ထိန်သာလေး နဲ့ ဒီ နံ့သာလေးတို့အတွက်ပေမို့.. ဘဘတို့ ဒီမှာ မျက်နှာပြောင်တိုက်ပြီး ဆက်နေကြရမှာပါ ကလေးတို့ ရယ် .. ထိန်သာလေး ပြောတာမှန်တယ် .. ဒီ နံ့သာလေးအတွက်ရော.. ထိန်သာလေး အတွက်ရော .. ငါတို့ရှိကြဖို့လိုအပ်နေတယ် မယ်ထား.. ဒါကြောင့် .. ဆက်နေကြရဦးပေမပေါ့ .. ဒီလိုမှ မဟုတ်ရင်ဖြင့် .. သူ များမကြည်ဖြူတဲ့နေရာ .. စက္ကန့်လေးတောင် မနေပေါင် မယ်ထား





ရယ် .. ခက်သကိုးနော် .. ဒီကလေးနှစ်ယောက်အပေါ် ငါတို့ထားတဲ့ သံယောဇဉ်ကြောင့် ဒီကအထွက်ခက် .. အသွားခက်နဲ့ နောက်ဆံငင်ကြ ရပြီကောကွယ် .."

ဘဘညို ပြောကာ မျက်ရည်ထပ်ကျလာသည်။ မမငွေ ပြောသည့် စကားလုံးတိုင်းသည် ဒေါ်ကြီးထား နှင့် ဘဘညို တို့ကို စိတ်ထိခိုက် စေမည်သာ။ ခံရခက်စေမည်သာ ..။

"လူလေးရေ .. သံယောဇဉ်ဆိုတာ သိပ်ကြီးလာမိရင် .. အဲဒီ သံယော ဇဉ်က .. မာနဆိုတဲ့အရာကို ချေမှုန်းပစ်လိုက်နိုင်သကွယ့် .. ဘဘညို တို့ရဲ့ ထားအပ်တဲ့ မာနတွေကဖြင့် .. အစ်ကိုလေးပေါ်ထားရတဲ့ သံယော ဇဉ်နဲ့ .. ဟောဒီက လူလေးထိန်သာ နဲ့ နံ့သာပျိုလေး တို့အပေါ်ထားရတဲ့ သံယောဇဉ်ကြောင့် .. မာနဆိုတာ .. မေ့ထားလိုက်ရတဲ့အရာဖြစ်ကုန်ရ မှာပါပဲ .. ဒီက ဘယ်မှကို မထွက်ရက်ဘူး ထိန်သာလေး ရယ် .. ပြီး တော့ .. သွားလေသူ အစ်ကိုလေးအပေါ်မှာလည်း .. ဘဘညို တို့ တာဝန် ကျေရမယ်လေ .. သူ ချန်ထားခဲ့တဲ့အထဲမှာ .. ဒီကလေးနှစ်ယောက်ကို ဂရုတစိုက်ပြုစုစောင့်ရှောက်ရမယ့်တာဝန်လည်း ရှိနေတယ်ကွယ့် .. သူ ကပြောခဲ့တာမဟုတ်ဘူး .. အဲဒီတာဝန်ကိုယူပါလို့ ပြောဖို့ကို မလိုအပ် တော့အောင် .. ငါတို့ရင်ထဲမှာ .. အဲဒီတာဝန်ကို အပ်ထားခဲ့တာ .. အပ် ထားခဲ့တာ .."

ဘဘညို ပြောနေခိုက် ဒေါ်ကြီးထား ကလည်း ရှိုက်၍သာငိုနေရှာ ပါ၏။ သူ့နဖူးလေးကိုလည်း နမ်းနေရှာသည်ပါပဲ။ ခုထိ .. သူ့ကို ပွေ့ ပိုက်ထားတာမလွှတ်သေး ..။ သူ .. အိမ်နံရံမှာ ငွေသားဘောင်ကွပ်လျက် ရှိနေပါသည့် ဖေဖေနှင့် မေမေတို့၏ စုံတွဲဓာတ်ပုံကြီးကိုလည်းကြည့် သည်။ ဖေဖေ တစ်ယောက်တည်း တယောထိုးနေသည့်ဟန် ရိုက်ထားပါ သည့် ဓာတ်ပုံကိုလည်းကြည့်သည်။ နောက်ထပ်ကြည့်မိသည်က အလုပ် စားပွဲမှာ တယ်လီဖုန်းပြောနေသည့်ပုံစံဖြင့် ရိုက်ထားပါသည့် ဖေဖေ့



www.burmeseclassic.com

www.burmeseclassic.com



ခတ်ပုံ ..။ မြို့ပေါ်မှာ ဖေဖေ အောင်ချမ်းသာ ဆောက်လုပ်ရေးရုံးခန်းမှာ ရိုက်ထားသောပုံ ..။ ဖေဖေ့ မျက်ဝန်းတွေ လက်တောက်နေ၏။ အသက် ရှိနေ၏။ ရွှန်းလဲ့တောက်ပသော မျက်ဝန်းသည် အေးချမ်းနေသည်။ မမငွေ ၏ မျက်ဝန်းလက်လက်တွေက အမုန်းတွေဖြင့် စူးရှတောက် နေတတ်တာမို့ ရင်ပူစေသည်ပါပဲ။ ဓာတ်ပုံထဲမှ ဖေဖေသည် .. သူ့ကို စိုက်ကြည့်နေသည်ဟု ခံစားလာရသည်။

"ဖေဖေ့သား .. တော်တယ်ကွ .. ညီမလေးအတွက် .. အဲသလို နေပြမှဖြစ်မှာ သားရ .."

ဟု လှမ်း၍ပြောနေသည်ဟု ခံစားလာရတော့ ရင်ထဲမှာ ပို၍အား တက်လာသည်။ ဟုတ်သည်။ မမငွေ ကို .. သူ ရင်ဆိုင်ရဲရမည်ပေါ့ .. ဒါမှမဟုတ်လျှင် ..။ ညီမလေးကို မမငွေ ဒုက္ခပေးကိုပေးမှာ သေချာ သည်လေ ..။ သူ .. ဘယ်တော့မှ အဖြစ်မခံနိုင်၊ အကြည့်က .. ဖေဖေ့ တယောတင်ထားရာ ဗီရိုရှည်ပုပုလေးဆီသို့ရောက်၏။

ဒေါ်ကြီးထား လက်ထဲ ညီမလေးကို သူအပ်ကာ .. တယောရှိရာ သို့ လျှောက်သည်။ သူ့ကို ဖေဖေ တယောထိုးသင်ပေးထားသည်လေ .. ဖေဖေ့နှယ်ပင် .. သူ့မှာ အနုပညာကို မြတ်နိုးသည့်ဗီဇပါလာသည် ငယ်ကတည်းက .. ဖေဖေ့ တယောသံအောက်မှာ နစ်မျောတတ်သူပါ .. နောက်တော့လည်း သူ လေးတန်းတက်သည့်နှစ်မှာ ဖေဖေ သူ့ကို တယော ထိုးသင်ပေးခဲ့သည်ပါပဲ ..။

ဤနေ့မှာ .. ဖေဖေ တယောထိုးနေသည့်ဓာတ်ပုံရှေ့နေရာမှာ သူ တယောထိုးရမည်။ ဤအိမ်မှာ .. ဖေဖေ တယောထိုးနေသည့် ဓာတ်ပုံရှေ့ နေရာမှာ သူ တယောထိုးရမည်။ ဤအိမ်မှာ .. သူသည် .. ဖေဖေ့သား တစ်ယောက်အဖြစ် .. အရာရာကို ရင်ဆိုင်ရဲသောသူတစ်ယောက်အဖြစ် တယောလေးထိုးပြလိုက်မည်။ မည်သည့်ပြဿနာကိုမဆို ရင်ဆိုင်ရဲသော ထိန်သာ ..။ ဖြစ်ချင်ရာကို ရအောင်ယူနိုင်သော ထိန်သာ။ ထို ထိန်သာ





သည် .. ဖေဖေ့ သား ထိန်သာဖြစ်ကာ ..။ ဖေဖေသည် .. မည်သည့်အခက် အခဲကိုမဆို ရင်ဆိုင်ရစေ ..။ ရင်ဆိုင်ရဲသူ ..။ ပြီးလျှင် .. အိမ်ရောက် သည့်အခါ .. အေးချမ်းစွာ တယောထိုး၍ နစ်မျောစေတတ်သူဟု ..ဖေဖေ နှယ်တိုင် သူ့ကို ပြောပြဖူးသည်လေ ..။ ကြီးလာလျှင် ဖေဖေ့နှယ်ပင် ဖြစ်အောင် ကြိုးစားရမည်ဟု မှာခဲ့သည်။

"အခုတော့ .. သားငယ်ငယ်လေးပေမယ့် .. ဖေဖေ့လို ဖြစ်အောင် ကြိုးစားယူနေရပါပြီ ဖေဖေ .."

သူ ရင်ထဲမှ တမ်းတစွာပြောနေမိရင်းမှ တယောအိုးကိုယူ ..။ တယောဘိုးတံနှင့် တယောကြိုးကိုထိသည်။ ပခုံးပေါ်အသားတကျတင် ကာ မေးဖျားဖြင့် တယောအိုးကို ဖေးထိကာ တယောစတင်၍ ထိုးလိုက် မိပါ၏။ ထိုသို့ သူ တယောထိုးလိုက်မည်ဟု ဒေါ်ကြီးထား ရော ဘဘညို ရော ထင်ထားပုံမရ ..။ သူ .. ပြုံး၍ကြည့်လိုက်သည်က သူ့ကို ငေးကြည့် နေကြပါသည့် ဘဘညို နှင့် ဒေါ်ကြီးထား ကိုပါ ..။

"ဖေဖေက မှာထားဖူးတယ် ဒေါ်ကြီးထား .. ဖေဖေ့လို .. ကြိုးစား တဲ့ .."

ဟု ပြောမိသည်။ တယောသံက အခန်းတွင်းဝယ် လွင့်ပျံ့လာ၏။ ညီမလေးကလည်း ဒေါ်ကြီးထား ၏ ရင်ခွင်ထဲမှ အသံလာရာကို မျက်လုံး ဝိုင်းလေးတွေဖြင့် ကြည့်နေသည်။ နားလည်သယောင်ယောင်ဘာယောင် ယောင်လေးပင် ဖြစ်နေသေးသည်တည့် ..။

"ပင်လုံးဝေဆာဆာ ×× ရွှေကံ့ကော်မာလာပန်းဖြာလန်းရှာ ×× ရွှေကံ့ကော် မာလာပန်းဖြာလန်းရှာ ×× နိုင်ညှာယိမ်းယိုင်ကာ လေယူ သွေးလို့မွှေး ×× မွှေးတဲ့ကံ့ကော်ပါ ×× သင်းသင်းကြူကြူ ×× မွှေးရနံ့ ဖြာ ×× ပန်းရွှေကံ့ကော်ပါ ××"

ဖေဖေ ဆိုတတ်ပါသော သီချင်း ..။ သြော် .. ခြံဘေးဘက်ကံ့ကော် ပင်အောက်မှာ ဖေဖေ ခုံတန်းလေးမှာထိုင်ရင်း ထိုးကတတ်ပါသော ရွှေကံ့



www.burmeseclassic.com

www.burmeseclassic.com



ကော်သီချင်း ...။ သူ့စိတ်ထဲမှာ ဖေဖေရှိနေသည်။ ဖေဖေသည် ခုံတန်းလေးမှာထိုင်နေ၏။ တယောထိုးနေ၏။ သီချင်းဆိုနေ၏။ ဖေဖေ့ဘေးမှာ သူ ထိုင်နေသည်။ ညီမလေးက သူ့ရင်ခွင်ထဲမှာရှိနေ၏။ သူကလည်း သီချင်းလိုက်ဆိုနေသည်။ ပန်းရနံ့ကမွှေးနေသည်တည့် ...။

"သင်းသင်းကြူကြူ ×× မွှေးရနံ့ဖြာ ×× ပန်းရွှေကုံကော်ပါ××"

သူ့အသံတုန်လာ၏။ မျက်ရည်တွေက ရုတ်ခနဲထိန်းမရအောင် စီးကျလာပါသတည်း ...။ ဒါပေမယ့် တယောထိုးမပျက် ...။ ဆက်၍ထိုးနေဆဲ ...။

သား၏ အနားမှာရှိနေပေးပါ ဖေဖေရယ် ...။

ရှိနေပေးပါ ဖေဖေရယ် ...။ ဖေဖေ့ကို လွမ်းလွန်းလို့ပါ ...။ သတိရလွန်းလို့ပါ။ အားကိုးရလွန်းလို့ပါ ...။

သား .. ဘေးမှာ .. ရှိနေ .. ပေးပါ .. ဖေဖေ ...။

မျက်ရည်သည် တန့်မရချေသည်တကား ...။





## အခန်း (၈)

"ရေချိုးခန်းက အသံကြားပါတယ်လို့ ထကြည့်မိတယ် ထိန်သာရယ် .. ညီမလေး ချေးဝတ်သေးဝတ်တွေလျှော်နေသကို .."

ဒေါ်ကြီးထား ရေချိုးခန်းထဲဝင်လာရင်း ပြောတော့ သူ ပြုံး၍ အဝတ်ကို ရေစင်စင်ညှစ်နေသည်။

"ညီမလေးက သိပ်သန့်တာ ဒေါ်ကြီးထား ရဲ့ .. သေးစို .. ချေးပေဆိုရင် ငိုပြီ .. သား ငိုသံကြားလို့ ထကြည့်တော့ သေးစိုနေတယ် သိသား .. အဲဒါ .. အဝတ်လဲပေး .. နို့ဘူးတိုက် .. ညီမလေးအိပ်သွားတော့ .. ညမှာ ပေထားစိုထားတဲ့ ချေးဝတ်သေးဝတ်လေးတွေ သား လျှော်လိုက်တာပါဗျ .. ဒေါ်ကြီးထား က အလုပ်များတဲ့ဥစ္စာ .. ညီမလေးအဝတ်တွေ နေ့ခင်းဘက်ဆိုရင်လည်း လျှော်လျှော်လှမ်းနေရတာလေ .. သား ကျောင်းက ပြန်လာရင် လျှော်ပါ့မယ်ဆိုတာမှ မရတာ .. ဒေါ်ကြီးထား က အိမ်အလုပ်တွေလည်းလုပ်ရသေးတယ် .. မောတာပေါ့ဗျ .."

အဝတ်တွေ နောက်ဘက်ဝရံတာဘက်ရှိ ကြိုးတန်းမှာ သွားလှမ်း၏။ အဝတ်ညှပ်လေးတွေဖြင့် လွင့်မကျအောင်ညှပ်ပြီး သူ ဆက်ပြောသမျှ ဒေါ်ကြီးထား မှာ သူ သွားရာတကောက်ကောက်လည်း လိုက်လာမိရ၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမကောင်းဘဲ မျက်ရည်တလည်လည်ဖြင့် ကြည့်ရှုနှင့် ရှိသွားရာမှ...

"အစ်ကိုလေးကို သတိရလိုက်ပါရောလားနော် .. ဒီလောက်လိမ္မာတဲ့ သားလေး ချန်ထားခဲ့သကိုး အစ်ကိုလေးရယ် .. ဟင် .."

ဟု မချိုတင်ကဲခပ်ညည်းညည်းပြောရာသည်။ သူ့ဆံစကို လာသပ်ပေးရာ၏။

"ဒေါ်ကြီးထား တစ်ချက်အိပ်မောကျသွားတယ်ကွယ် .. နံ့သာလေးငိုသံ .. မကြားလိုက်ပဲဖြစ်သွားတယ် .. အင်း .. ထိန်သာလေး ကတော့ဖြင့် .. ညီမလေး ငိုသံ .. ချက်ချင်းကို ကြားအောင် အိပ်ကတည်းကိုက..စိတ်ထဲ အဲဒီ^ဝေကိုနှစ်ပြီး အိပ်ပုံရပါရဲ့ .. ကလေးငိုသံကြားလို့ .. ဒေါ်ကြီးထားနိုးတဲ့အခါတိုင်းမှာလည်း .. သားက နိုးနေပြီ .. ချေးဝတ် သေးဝတ်လဲနေပြီ .."

ဟု ဆက်ညည်းသည်။ သူ့ကို ပခုံးလေးပေါ် လက်တုတ်ခဲခဲကြီးကိုတင်၍ အိပ်ခန်းသို့ပြန်ခေါ်လာသည်ကလည်း ဒေါ်ကြီးသား ပါ ..။

"စာလည်းကျက်ဦး .. ညီမလေးဆိုတာပဲ စိတ်ထဲအားလုံး အာရုံနှစ်မထားနဲ့ကွယ် .. ဟုတ်လား .."

ဟုပြောတော့ သူ ခေါင်းညိတ်သည်။ အောက်ထပ်အခန်းသေမို့ ရှေ့ခန်းကိုဖြတ်တော့ ဖေဖေ့ ဓာတ်ပုံကြီးကို မော့ခနဲကြည့်မိရသည်ပါပဲ။ ဖေဖေကတော့ ပြုံး၍ ထုံးစံအတိုင်း သူ့ကိုလိုက်ကြည့်နေသည်ဟု ခံစားဖြစ်သည်။

အခန်းထဲရောက်တော့ ဒေါ်ကြီးထား ပုခက်ကိုတစ်ချက်ခပ်ဖြည်းဖြည်းလွှဲသည်။

"ဒေါ်ကြီးထား .. ကျောင်းမှာ ဖိုးစီ က ပြောတယ်သိလား .. သူလာလည်မယ်တဲ့ .. ညီမလေးကို လာကြည့်မလို့တဲ့ .. ညီမလေးက ချော လားတဲ့ .. သားက ဖြေလိုက်တာပေါ့ .. အရုပ်လေးကျနေတာပဲလို့ .. သိပ်လှတာလို့ .. အဲဒါ .. ဖိုးစီ ဆက်မေးပြန်ရော .. သားလိုမျက်နှာမှာ အမှတ်ပါလားတဲ့ .. ဟာ .. သားစိတ်ထဲ လန့်သွားတာပဲသိလား ..





အမှတ်ဆိုတာ .. ကလေးလေးမှာ မပါပဲရှိနေပေမယ့် .. ကြီးလာတဲ့အခါ.. ရုတ်ချင်းထွက်လာတတ်တယ်လို့ ဖိုးစီ က ပြောတယ်လေ .. သားစိတ်ဆိုးပြီး .. ဖိုးစီ ကို ပိတ်ထိုးပစ်လိုက်တယ် .. ဆရာမကို ဖိုးစီ သွားတိုင်တယ်သိလား .. ဆရာမက .. ဘာလို့ထိုးရတာလဲလို့မေးတော့ .. သား ဖြေလိုက်တာပေါ့ .. သား ညီမလေးကို အမှတ်ကြီးထွက်လာမယ်လို့ပြောလို့ထိုးတာလို့ .. ညီမလေးကို ရုပ်ဆိုးမယ်လို့ အပြောမခံနိုင်လို့.. ထိုးတာလို့ .. အဲဒါ .. ဆရာမက .. ဖိုးစီ ကိုလည်းဆူတယ် .. နောက်ကို အဲသလိုမပြောရဘူးလို့ ဆုံးမတယ် .. သားကိုလည်း နောက် အဲသလို မထိုးရဘူးတဲ့ .. နောက်တစ်ခါဆိုရင်တော့ .. လက်ဖဝါးကို ပေတံနဲ့ ရိုက်မယ်တဲ့.."

ဒေါ်ကြီးထား ရင်ကိုဖိကာ သူ့ကိုကြည့်၏။ ညီမလေး၏ ပုခက်ကို ဆွဝင်လွှဲနေတော့ ခေါင်းခါ၍ ဒေါ်ကြီးထား သက်ပြင်းရှိုက်သည်။

"ခက်ပါပြီ .. ဒီကောင်လေး ညီမအချစ်သည်းပုံနဲ့ .. နံ့သာပျိုလေးအပျိုဖြစ်ရင်တော့ .. သူ့ညီမ ရည်းစားစကားပြောရမလားဆိုပြီး လိုက်လိုက်ထိုးမယ့်ကောင်လေး ဖြစ်တော့မယ်ထင်ပါရဲ့ .."

ဟု ပြောရှာပါ၏။

ထိုအခိုက် တံခါးဝမှာ မမငွေ ရပ်လာသည်။

"မလွန်လွန်းကြဘူးလား ဒေါ်ကြီးထား နဲ့ ထိန်သာ .. ညအချိန်မရှိ နေ့အချိန်မရှိ .. ဒီ မှင်စာပေါက်စလေးနဲ့ပဲ အချိန်ကုန်နေကြတာပဲ .. ငွေ နည်းနည်း ကိုယ်လက်ကိုက်နေတယ် .. ကော်ဖီတစ်ခွက်လောက် ဖျော်လာပေးပါ.."

မမငွေ ပြောတော့ ဒေါ်ကြီးထား ခပ်သုတ်သုတ်ထ၏။ အခန်းမှ ထွက်၏။ မီးဖိုဆောင်ဘက် ခပ်သုတ်သုတ်သွား၏။ မမငွေ ကတော့ သွားသေး ..။ သူ့ကိုစိုက်ကြည့်နေဆဲ။

"ညီမလေး ငိုလို့ နိုးသွားကြတာပါ မမငွေ .."

သူပြောတော့ တစ်ချက်ခပ်မဲ့မဲ့ပြုံး၏။

"ငါ ကြားလိုက်ပါတယ် ထိန်သာ .. နင် .. ဒေါ်ကြီးထား ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောပြနေတာတွေလေ .. နင့်ညီမ ခုလို ပေါက်စနလေးရှိချိန်မှာတောင် နင်က .. ဖိုးစိ ကို ထိုးဟယ်ကျိုး ၄ဟယ်နဲ့ လက်သံပြောင်နေသကိုး .. အေး .. တစ်နေ့ နင့်ညီမကြီးလာတဲ့အခါ .. နင့်ကို ချန်ပြီး သူ့လင်နောက် ကို ပါသွားတဲ့အခါကျတော့မှ .. ကျရမယ့် မျက်ရည်အတွက် ကြိုတင် ပြင်ဆင်ထားပေါ့ ထိန်သာ .. စောစောက နင်ပြောပြတဲ့အထဲမှာ ပါတယ် လေ .. နင့်မျက်နှာက မှင်စာအမှတ်အမျိုး .. နင့် ညီမ ကြီးလာတဲ့အခါ ဖြစ်လာမယ်လို့ပြောတော့ .. နင်မခံဘူးဆို .. အေး .. တစ်နေ့ကျရင် နင့်မှင်စာအမှတ်ကြောင့် နင့်ညီမက နင့်ကို .. မခေါ်ချင်မပြောချင်လုပ် လာတာမျိုး နင် .. တစ်ပြန်ကြုံတဲ့အခါ .. ဖိုးစိ ကို နင် ထိုးသလို နင့်ညီမ ကို .. နင် ထိုးရက်မှာလည်းမဟုတ် .. မျက်ရည်စက်လက်နဲ့ နင် ရင်ကျိုး မှာမျိုး မကြုံရင်ဖြင့် .. နင် ကံကောင်းတာပေါ့ဟယ် ..''

ဟု ပြောတော့ သူ့ မျက်နှာ ညိုးခနဲဖြစ်၏။ ရင်ထဲမှာ ဆို့တက်လာ သည်။ လည်ချောင်းဆီသို့လည်း နင့်နင့်ခဲခဲကြီးတစ်ခုခုခံနေသလိုဖြစ် လာ၏။ တံတွေးကို အနိုင်နိုင်သူမျိုချမိကာ ညီမလေးကို ငုံ့ကြည့်မိသည်။ ဇာခြင်ထောင်ပါးလေးကို ထွင်းဖောက်၍ မြင်နေရပါသည့် ညီမလေးက တော့ လက်ကလေးတွေ စောင်နုနုလေး၏ အောက်ဆီမှ ထွက်နေကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေရှာပါ၏။ တကယ့်ကို ချစ်စရာချစ်စရာ ညီမလေး ...။ ဖြူဖြူနုနု ညီမလေး ...။

''အဲသလို မခေါ်ချင်ဘူးဆိုရင်လည်း .. ညီမလေးမှာ အပြစ်မရှိပါ ဘူး မမငွေ ရယ် .. သားက တကယ်လည်း ရုပ်ဆိုးတာကိုး .. မမငွေ တောင်မှ .. သားကို .. မှင်စာလို့ခေါ်သေးတာပဲ .. ညီမလေးက ငယ်တာ ပဲလေ .. အငယ်ဆိုတာ .. ဆိုးချင်လည်းဆိုးမှာပေါ့ .. ညီမလေး ချမ်းချမ်း သာသာနဲ့ .. စိတ်ချမ်းသာတယ် .. ပျော်တယ်ဆိုရင် .. ပြီးတာပါပဲ .. သားလို ရုပ်ဆိုးဆိုးအစ်ကိုနဲ့ နေရတာထက် .. သူချစ်တဲ့လူ .. သူ လက်ထပ် တဲ့သူနဲ့ လိုက်သွားမယ်ဆိုရင်လည်း .. သူ မမှားပါဘူး .. သားက ရုပ်ဆိုး





နေတာပဲလေ ..''

ဟု ခပ်လေးလေးပြောတော့ မမငွေ ငိုင်ခနဲဖြစ်သွားကာ ဤတစ် ကြိမ်မှာတော့ သူ့ကို ခပ်ငေးငေးကြည့်၏။ ယခင်တုန်းကနှယ် မျက်နှာ သားကြီး တင်းချီနေတာတွေ ရုတ်ခနဲ တစ်ချက်ပျောက်ကွယ်သွားရာမှ မျက်နှာမကောင်းဘဲဖြစ်သွားသည်။ နောက်တော့ ပြန်၍ ခေါင်းကိုမတ် ထိုက်ကာ မေးဖျားကို မော့ခနဲလုပ်လိုက်ရင်းမှ ..

''အေးလေ .. နင်ကတော့ .. ညီမသိုမှ ညီမပဲသိတာကိုး .. ကဲ .. ငါလည်း ကိုယ်လက်ကိုက်နေတာမို့ .. ပြန်တက်တော့မယ် .. ငါ ဆင်း လာတုန်းကတော့ .. ကော်ဖီပူပူလေးတစ်ခွက် ငါ့ဘာသာ ငါဖျော်မလို့ ပါ .. မုန့်လေးတစ်ချပ်နှစ်ချပ်လောက်စားပြီး ဆေးသောက်မလို့လေ .. ငါ့မှာက ဆန်စက်လည်းပြေးရတယ် .. စပျစ်ခြံလည်းကြည့်ရတယ် .. တစ်နေ့ နားလို့ရတာမှမဟုတ်တာ .. နေမကောင်းလို့မဖြစ်ဘူးလေ .. ဒါကြောင့် ဆေးကြိုသောက် .. အချိန်မီသောက်မှဖြစ်တော့မှာပဲဆိုပြီး ဆင်းလာတော့ .. နင်တို့အခန်းထဲ မီးလင်းနေတာရယ် .. စကားပြောသံ ကြားနေလို့ရယ် .. ငါ လာကြည့်တာ .. နင်က .. ဖိုးစိ နဲ့ ရန်ဖြစ်တာ တွေ ပြောပြနေတာ ငါ ကြားရတယ်လေ ..''

သူ ခပ်ငေးငေး မမငွေ ကို ကြည့်နေမိရင်းမှ တစ်ချက်ခပ်ဆဆ သွားကာ ငြိမ်ခနဲဖြစ်သွားမိရပြီ။ နောက်တော့ မျက်လွှာလေးပင့်မော့ ၍ မမငွေ ကို ကြည့်မိရပါ၏။

''သား .. မမငွေ ကို နင်းပေးမယ် နှိပ်ပေးမယ်လေ .. ဖေဖေ့ကို သား နှိပ်ပေးနင်းပေးနေကျပါ .. ဖေဖေက အလုပ်လုပ်ရလွန်းလို့ ကိုယ် လက်တွေ ညောင်းခဲနေတာပဲလို့ ပြောတယ် .. သားကို နင်းခိုင်းနှိပ်ခိုင်း တယ် .. နောက်တော့ .. ဖေဖေ မခိုင်းရင်လည်း .. သား နှိပ်ပေးနင်းပေး လိုက်တာပေါ့ .. ဖေဖေ့ကို သနားလို့လေ .. ဖေဖေ မြို့က .. အလုပ်က ပြန်လာတဲ့အခါ .. ပိုပြီး ညောင်းတာကိုက်ခဲတာသိလား .. အဲဒီဆောက်



www.burmeseclassic.com

www.burmeseclassic.com



အအုံမြင့်မြင့်ကြီးတွေဆောက်တဲ့ကိစ္စမှာ ဖေဖေက တာဝန်အကြီးဆုံးတဲ့ အဲသလိုပြောပြတယ် .. သားကြီး ဟာတဲ့အခါ .. ဖေဖေ့ကို လုပ်ကူမယ်ဆို ပြောတော့ ဖေဖေ ရီတယ်သိလား ..''

မမျှော်လင့်ဘဲ မောင်နှမနှစ်ယောက် ဖေဖေ့အကြောင်းပြောနေ ကြသလိုဖြစ်လာရသည်။ မမငွေ ငိုင်နေ၏။ နောက်တော့ .. သူ့ကို ငေးငေးကြည့်လာသည်။ မမငွေ ၏ မျက်ဝန်းထက်မှာ မျက်ရည်လည် နေချေသည်ကောလေ ..။ ဖေဖေ့ကို မမငွေ လွမ်းဆွတ်နေချေမည်သာ

''မမငွေ က .. ဓာတ်ပုံထဲက မေမေနဲ့ သိပ်တူတာပဲ မမငွေ .. မေ လိုပဲ မမငွေ က ချောလည်းချောတယ် .. မမငွေ ကို .. သား .. နင်းပေ မယ်လေ .. အပေါ်ထပ်က မမငွေ အခန်းကို .. သား တူတူလိုက်တက်ခဲ့ လေ .. မမငွေ ခုတင်ပေါ်မှာ လှဲနေ .. သား .. နင်းပေးနှိပ်ပေးမယ်.. နော်

ဟု ပြောတော့ မမငွေ မျက်တောင်တဖျတ်ဖျတ်ခတ်၏။ မျက်နှာ ထက်မှာ နူးညံ့ရိပ်ထင်၏။ တစ်ခုခုဖြေတော့မယောင် မျက်ရည်လည် နေရင်းရှိနေရာမှ ရုတ်ခနဲအကြည့်က ပုခက်ဆီသို့ရောက်သွားရာ ချက်ချင်း မျက်နှာပြန်တင်းလာသည်။ နူးညံ့ရိပ်တွေ လုံးဝပျောက်ကွယ် သွားသည်က မမငွေ ၏ မျက်နှာလေးပါ ..။ မာကျောကျောအကြည့် သည် သူ့ထံသို့ ချက်ချင်းသက်ဆင်း၏။

''နင်က .. အပျော့ဆွဲလေးနဲ့ ငါ့ကို စိတ်ပြောင်းသွားအောင်လုပ် နေတယ်ပေါ့လေ .. ဟိုတစ်နေ့ကပဲ .. ငါ့ဆန်စက်မှာ နင် လာသော ကျန်းတုန်းက ဒီအချိုးမဟုတ်ဘူးနော် ထိန်သာ .. နင့်အတွက် .. ညီမသာအဓိကပါ ..နင့်ညီမနဲ့ နင်နေ .. ငါ့ကိုလာပြီး နင်းပေးနှိပ် နေစရာမလိုဘူး .. နင်က အကောင်သာမကြီးသေးတာ .. ဉာဏ်တော့ တယ်ပြေးသကိုး .. ငါ့ကို .. စကားနုနုလေးတွေနဲ့ အလိမ္မာရှလေသ လာလိမ့်လို့ဘယ်ရမလဲ .. နေခဲ့ .. နေခဲ့ .. နင့်ညီမနဲ့ နေခဲ့ ..''

မမငွေ ပြော့လည်းပြော ..။ ချာခနဲလှည့်၍ အပေါ်ထပ်သို့ လှေ





ခစ်တွေကို ခပ်မြန်မြန်နင်းတက်သွားတော့ သူ အခန်းတံခါးဝထိ လိုက် ဘာရပ်မော့ကြည့်ရင်း ကျန်ခဲ့ရသည်ပါပဲ။ မမငွေ ကို .. သူ .. တကယ် စိတ်ရင်းမှန်ဖြင့် အကိုက်အခဲတွေ သက်သာစေချင်၍ ပြောခဲ့ခြင်းကို မငွေ မှ မယုံချေသည်ပဲလေ ..။ ရင်ထဲမကောင်း ..။ မမငွေ ယုံအောင် ၍ ပြော၍လည်းရမှာမဟုတ်။ သူ သိနေရသည်က မမငွေ သည် သူ့ကို လွန်မုန်းတီးနေခြင်းပဲဖြစ်လေသည်။

ဒေါ်ကြီးထား မုန့်ပန်းကန်နှင့် ကော်ဖီတို့ တင်ထားရာ လင်ပန်း သားဖြင့် မီးဖိုဆောင်ဘက်မှ ထွက်လာတော့ သူ့အခန်းဝမှာရပ်နေဆဲ..။ မငွေ နှင့် သူ ဘာတွေပြောခဲ့သည်ဆိုတာ မသိလိုက်ရှာ ..။

''အိပ်တော့လေ ထိန်သာလေး .. မနက်ကျောင်းတက်ရမယ်မဟုတ် လား .. ကဲ .. ကဲ .. အိပ် .. အိပ်တော့ .. ဒေါ်ကြီးထား .. ငွေလေး ကို အစား ည်း ဆောင့်ကျွေး .. နင်းနှိပ်ပေးခဲ့မယ် .. ဟုတ်ပလား .. ငါ့ ထိန်သာလေး က.. မှာလွန်းသကွယ် .. စောစောက .. စကားတွေ ဒေါ်ကြီးထား ကြားသ ည် .. အဲဒါ .. ဒေါ်ကြီးထား ကြားသွားတယ် ဆိုတာ ငွေလေး မသိအောင်.. ခန်းတံခါးဝမှာ ဟိုတက်ထဲဝင်ပြီး ခဏနေ နေလိုက်ရတာ ထိန်သာလေး ..''

ဒေါ်ကြီးထား ပြောနေရင်းမှ ကိုယ်ကို တစ်ချက်ကိုင်းကာ သူ့နဖူး နမ်းသည်။

''ကိုယ့်အစ်မကို .. နေကောင်းသက်သာအောင်လုပ်ပေးချင်တယ် ာ ကောင်းပါတယ် သားရယ် .. မင်္ဂလာရှိပါတယ် .. ကဲ .. ကဲ .. - အိပ်ချေတော့ ..''

ဟု ပြောပြီးမှ အပေါ်ထပ်သို့ တက်သွားတော့ သူ့အခန်းထဲ ခြေလှမ်း လးဖြင့် ပြန်ဝင်လာရပါ၏။ သြော် .. ဒေါ်ကြီးထား မကြားချေသော ူ ထင်ထားမိခဲ့ပေမယ့် ..။ တကယ်တမ်းကျတော့ .. မမငွေ ပြောခဲ့ ွလည်း ဒေါ်ကြီးထား ကြားသွားခဲ့ချေသည်တကား ..။

ညီမလေး၏ ပုခက်နေရာလေးမှာ သူ ရပ်၍ကြည့်မိသည်။ ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ အင့်အဲ့သံလေးထွက်လာတာမို့ သူ့နှုတ်မှ စုက်သပ်သံလေးထွ လာရ ..။ ပုခုက်လေးကိုလွှဲပေးရ..။ ကလေးများ သေးစိုချေးစိုဖြစ် သည်လားဟုလည်း ကြည့်မိရနှင့်ဖြစ်ကုန်ရသည်ပါပဲ ..။

"ဖေဖေ့သား ငယ်တုန်းက သိပ်အနေအေးတာကွ .. ချေးစိုသေ ရင်တော့ အသံတအဲ့အဲ့ပေးတတ်ပြန်ရော .. နို့ဆာရင်လည်း ငိုတတ် လေးပဲ လုပ်ပြရှာတယ် .. အဲဒီအခါဆိုရင် .. ဖေဖေက သေးစိုချေး အဝတ်တွေလဲပေးရတယ် .. နို့ဘူးတိုက်ရတယ် .. ဖေဖေ့ ပခုံးပေါ်မှော တင်ပြီး သီချင်းလေးညည်းပြီး သိပ်ရတယ် .. တစ်ခါတစ်ခါကျတော လည်း .. သားရဲ့ လက်ကလေးတွေ ပုခက်ပေါ်မှာ ပက်လက်မှော လေး တင်ချင်သလိုတင်ထားရင်း အိပ်ပျော်နေလို့ဖြစ်ဖြစ် .. နိုးနေ ဖြစ်ဖြစ် .. ရှိနေရင် .. ဖေဖေက .. တစ်ပြားနှစ်ပြားလင်ပန်းပြားဆို လေးကို ရွတ်ပြီး ကလေးလက်ကလေးနဲ့ ဆော့တတ်တာကွ .. သာ ဖြူဖြူလေးနဲ့ လုံးကစ်နေတာပဲ .. ချစ်စရာလေးတွေ .."

ဖေဖေ ပြောခဲ့ဖူးရာ စကားကို ပြန်၍လွမ်းမိရပြန်သည်။ ဖေဖေ့သ မှာ မျက်နှာကြီးရုပ်ဆိုးအောင် အမှတ်ပါနေတာကိုကျတော့ ဖေဖေ တ ချန်ထားမှန်း သူသိခဲ့သည်။ ဒါပေမယ့် ထိုသို့သိနေသည်ကိုလည်း ဖေ ကို သူ ဖွင့်မပြောပဲ ငြိမ်နားထောင်ခဲ့သည်ပါပဲ။ ဖေဖေ့ကို ဖက်ထာ သည်ပါပဲ။ ဖေဖေကလည်း ပက်ထားခဲ့ပါ၏။ ဩော် .. ခုတော့ .. သူ ဖက်ထားတတ်ပါသော ..။ သူက ဖက်တွယ်အားကိုးရပါသော ဖေ ရင်ခွေ့ကို .. သူ မရှူရှိုက်နိုင်တော့ ..။ ညီမလေးကို ငေးကြည့်ရင်း မျ ရည်ကျလာသည်။ သူ .. ကိုယ်ကိုကိုင်းညွတ်၍ ညီမလေးကို မွေ့လို ရပါ၏။ မျက်ဝန်းလေးတွေ ပွင့်လာရင်း မော့ကြည့်နေပြီဖြစ်သည့် ညီမ ကို မွေ့ခြင်း ..။ တစ်ချိန်က ဖေဖေသည် သူ့ကို ဤသို့နှယ် ပုခက် မွေ့ချီခဲ့သည်မှ အကြိမ်ပေါင်းများစွာရှိခဲ့သည်သာ ..။

ခု .. ဖေဖေ ရှိနေလျှင်လည်း .. ညီမလေး အိပ်ပျော်နေရာမှ မျက်လုံးလေးပွင့်လာ နိုးလာလျှင် .. မွေ့ချီမည်သာ ..။ ဩော် .. ခုထေ



ပဲ မွေ့ရချီရ ရှိရချေပြီကောလေ ..။

ညီမလေးကို မွေ့၍ ခေါင်းလေး ပခုံးပေါ် ဖေးတင်မိကာ ကျောပြင် သးကို ပုတ်ပေးရင်း အခန်းထဲခေါက်တုံ့ခေါက်တင် လျှောက်နေမိသည်။ ည်သားအပြာစင်းဘောင်းဘီနှင့် အင်္ကျီလေးကိုဝတ်လျက် .. ကောင်လေး တစ်ယောက် ညီမလေးကို ချော့သိပ်နေသည့် မြင်ကွင်းမျိုး ..။ ဖေဖေ ဤမြင်ကွင်းကို မျက်ရည်တွေဖြင့် ကြည်နူးစွာ ကြည့်နေချေမည်လား သိ ..။ သူ့လက်ဖဝါးတွေက ညီမလေး၏ ကျောပြင်ထက်မှာ စည်းချက် ညီညီကျသလို ဖွဖွကျနေ၏။ ပုတ်ပေးနေ၏။

"ရွှေလမှာ ယုန်ဝပ်လို့ .. ဆန်ဖွတ်တဲ့ အဘိုးအို .. ဟောကြည့်ပါ .. ဆိုသာဆို ပိုမိုတဲ့စကား .. ကလေးအငိုတိတ်အောင် .. အရိပ်အရောင် တယ် .. ဖိုးလနတ်သား .."

သူ ခပ်တိုးတိုးဆိုသည်။

"ကိုကိုက .. ညီမလေးရဲ့ မျက်ရည်တွေ တိတ်သွားအောင် ချော့ ယ့် ကိုကိုပါ .. ဖိုးလနတ်သားလေးပါ .. ထိန်သာ ဆိုတဲ့ ဖိုးလနတ် သားလေးပါ ညီမလေးရယ် .. ကိုကို ငိုတဲ့အခါ .. ညီမလေး ကိုကို့ က်ရည်တွေရပ်သွား တိတ်သွားအောင် မလုပ်ပေးရင်လည်း ကိစ္စမရှိပါ ဘူး .. ကိုကို့ အတွက်က ကိုကို့ မျက်ရည်တိတ်ဖို့ အရေးမကြီးပါဘူး.. မလေး မျက်ရည်တိတ်ဖို့ .. ညီမလေး မျက်ရည်မကျဖို့ အရေးကြီးတာပါ.."

သူ .. တိုးတိုးလေး ပြောမိကာ ညီမလေးကို ပုခက်ပေါ် ဖွဖွသိပ်ပေး ပါ၏။ ညီမလေး မအိပ်သေး ..။ လက်ကလေးက တစ်ဖက်တစ်ချက် လက်ဖဝါးလေးတွေ ပက်လက်လေးဖြစ်နေရင်း ပုခက်ထဲမှ သူ့ကို ကြည့်နေ၏။ သူ .. ကိုယ်ကို ကိုင်းလိုက်မိသည်။ လက်ညှိုးက ညီမလေး လက်မလက်ညှိုးလေးတွေကို တစ်ခုချင်းထိလည်းထိ ..။ နှုတ်ဆိ ည်း ရွတ်မိသည့်ကဗျာလေး ..။ ဩော် .. ဖေဖေ ဆိုတတ်ခဲ့ပါလေ သာ ကဗျာ ..။ သူ မှတ်မိနားလည်ချိန်မှာ ဖေဖေ ဤအဖြစ်ကိုအကြိမ် မ်ကြည်နူးစွာ .. သူ့လက်ကိုထိရင်း တို့ရင်း .. ဆိုတတ်ပါသည့်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



များ ..။ ခုတော့ .. ညီမလေးကို .. သူ .. ကဗျာလေးရွတ် ..။ လက်လေး
ဖြင့် လက်ချောင်းလေးတွေကို လိုက်လိုက်ထိနေမိပါပြီ ..။

"တစ်ပြားနှစ်ပြား .. လင်ပန်းပြား ..
ပြားလန်းစက္ကူ ဖလံဖြူ၊ ပိုး ရွှေကြက်တူ ..။
ပလူပလဲပိုးတောင်တဲ
ဒွေရင်ကောက်၊ နို့ရည်သောက်
တောက်တီးတောက်တဲ့ပဲနံ့သာ
နသာမင်းကြီး အောက်ကဆီး
မင်းကြီးရွှေတောင်၊ မင်းရွှေတောင်
ဒေါင်ဒင်နင်တဖက် ငါတဖက်၊ ထွက်ကြစို့လက် ..."

ညီမလေး လက်လေးတွေကို ဖွဖွ သူ့လက်တစ်ဖက်က လက်ချောင်း
လေးတိုင်း လိုက်၍ထိ ..။ သူ့လက်တစ်ဖက်ကိုလည်း ထိ ..။ ကဗျာလေး
ကိုလည်း ရွတ် ..။ ဒေါင်ဒင်နင်တဖက် ငါက ဖက်ထွက်ကြစို့လက် ..
ဆိုသည့်နေရာမှာ သူ့ လက်ညှိုးလေးရောက်နေတော့ သူ့လက်ညှိုးနေရာ
လေးကို ကွေးခေါက်ထားလိုက်ရပါ၏။

ညီမလေး၏ နှုတ်ခမ်းဆီမှ အသံလေးထွက်လာသည်။ ဂူးဝါးသံ
နောက် .. ခစ်ခနဲရယ်သံ ..။ ပုစိကွေးညီမလေး ရယ်ချေသည်တကား ..
သူ ပြုံး၍ ငုံ့နမ်းလိုက်မိရပါ၏။

နောက်တော့ ...

"တစ်ပြားနှစ်ပြား လင်ပန်းပြား .."

ဟု ကဗျာလေးကို ရွတ်မိရ ..။ လက်နုဖန့်ဖန့်လေးကို ထိမိရ ..
ပြုံး၍ နမ်းမိရနှင့် ဖြစ်ရချေသည်တကား ....။





ညီမလေးက နုနုဖြူ
ကြေွရုပ်လေးနဲ့တူ ....။

သင်းသင်းကြူလို့ကြိုင်ကာအေး
ပန်းပေါင်းစုံလို့ဝွေး ....။

မျက်လုံးဝိုင်းနဲ့ ပြုံးရီရီ
ပန်းအပေါင်းစေားသည် ....။

ပြိုင်လိုက်မည်တွယ့် ခုမနေး
အလှဆုံးညီမလေး ....။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"တစ်ပြားနှစ်ပြား၊ လင်ပန်းပြား
ပြားလန်းစက္ကူ၊ ဖလံဖြူ၊ ဖိုးရွှေကြက်တူ
ပလူပလဲပိုးတောင်တဲ
ဒဲရင်ကောက်၊ နို့ရည်သောက်
တောက်တီးတောက်တဲ့ ပဲနံ့သာ
နသာမင်းကြီး အောက်ကဆီး
မင်းကြီးရွှေတောင်၊ မင်းရွှေတောင်
ဒေါင်ဒင်နင်တဖက်ငါတဖက်၊ ထွက်ကြစို့လက် .."

ကံကော်ပင်အောက်ရှိ ခုံတန်းပြာထက်မှာ မောင်နှမနှစ်ယောက် ထိုင်နေကြသည်က လက်ဖဝါးကို မှောက်လျက်သားတင်ထားရင်းဖြင့်ပါ ..။ သူ့ ညာဘက်လက်က ဘယ်ဘက်လက်ရှိ လက်ချောင်းတွေကို ကဗျာလေးအတိုင်းရွတ်၍ရွတ်၍ထိ ..။ ဘယ်လက်ချောင်းပြည့်သွားတော့ သူ့ ညာလက်ကိုပြန်၍ လက်ဖဝါးကိုမှောက်၍ဆက်ရွတ် ..။ သူ့လက်ဖဝါး နှစ်ဖက်ပြည့်သွားတော့ ညီမလေး၏ လက်ချောင်းလေးတွေကို တစ်ခု



ချင်း သူ့လက်လိုက်၍ထိ ..။ ကဗျာအပိုဒ်အဆုံး စာသားနေရာလေးမှာ ညီမလေး၏ လက်သန်းလေးဖြစ်နေတော့ ညီမလေး၏ လက်သန်းလေးကို သူ ဖွဖွလေး ခေါက်ကွေး၍ လက်ဖဝါးဘက်ကို သွင်းထားလိုက်တော့ ညီမလေး နှုတ်ခမ်းစူ၏။

"မရဘူး .. ညီမလေး ကဗျာရွတ်မယ် .. ကိုကို့လက်က အရင် ကဗျာရွတ်ရင်း ထိထိသွားတော့ ကဗျာဆုံးသွားတော့ ညီမလေးလက်ချောင်းထိတာပေါ့ .. မရဘူး .. မရဘူး .. ညီမလေး အရင်လက်ချောင်း ထိမယ် .."

ဒေါင်ဒင်နင်တဖက်ငါတစ်ဖက်ထွက်ကြစို့လက် .. ဆိုသည့် နေရာမှာ လက် .. ဆိုသည့်ကဗျာစာသားနေရာလေးနှင့် ညီမလေး၏ လက်သန်းလေးအထိမှာ ဖြစ်သွားတာကို ညီမလေး ရင်ထဲမကျေမလည်ဖြစ်နေသည်။ ငါးနှစ်ပြည့်လုလုညီမလေး ..။ သြော် .. ကျောင်းတွေ ဖွင့်လျှင် စတင်၍ ကျောင်းတက်ရတော့မည့် ညီမလေး ..။ ဤညီမလေးနှင့် သူ အတူဖြတ်သန်းလာရသည့်နှစ်တွေထဲမှာ သူသည်လည်း ဆယ့်ရှစ်နှစ်သား ထိန်သာ ဖြစ်ရချေတော့မည်။ သူ့လက်ပေါ် ကြီးသည့် ညီမလေး ..။ သူ့ တေးသီချင်းသံကိုနားထောင်၍ အိပ်တတ်ခဲ့သော ညီမလေး ..။ သူ့ မျက်စိရှေ့မှာ တဖြည်းဖြည်း ငါးနှစ်ပြည့်ရတော့မည့် ညီမလေး ..။ ဆံပင်လေးတွေက နဖူးပြင်ထက်မှာ ခွေခွေဝိုက်ဝိုက်ဖြင့် လှိုင်းကောက်ပုံလေးဖြင့် ရှိနေသည့် ညီမ ..။ တကယ့်ကြွေရုပ်လေးနှင့်တူသော ကလေး ..။

"ရပါတယ်ဗျား .. ကဲ .. ညီမလေးလက်ကို အရင်လက်ချောင်းထိ.. ကိုကို ကဗျာရွတ်ပေးပါ့မယ်ဗျား .. ကဲ . တပြားနှစ်ပြား လင်ပန်းပြား.."

သူစတင်၍ ရွတ်ဆိုလိုက်စဉ်မှာ ဒေါ်ကြီးထား လင်ပန်းဖြင့်ရှော်လာ၏။ ရွှေရင်အေး သုံးပန်းကန်ပါလာသည်။

"ရာသီကပူတော့ ရွှေရင်အေးလေးလုပ်စားလိုက်တာပဲ ထိန်သာလေး ရယ် .. ဒါပေမယ့် .. ကိုကြီးညို သွေးတိုးရှိသမို့ အုန်းနို့တော့

www.burmeseclassic.com

www.burmeseclassic.com



မထည့်ဘူးပေါ့ .. တခြားအမယ်တွေအားလုံး ထည့်ထားတော့လည်း စားချိုပါတယ် .. ဟောဒီက နံ့သာပျိုလေး အကြိုက် ကျောက်ကျော ဖတ်များများ .. သာကူများများ .. ပေါင်မုန့်နှစ်ချပ် .. မုန့်လက်ဆောင်း ဖတ်လေးလည်းပါသတော့ .. စားတော်မူ .. စားတော်မူ .."

ဒေါ်ကြီးထား ရွှေရင်အေး ကို ခွံ့တော့ ညီမလေး ခေါင်းခါသည်။

"ကိုကို ခွံ့ .."

သူ ရယ်ကာ ရွှေရင်အေးကို ဇွန်းဖြင့်ခွံ့ခွံ့ကျွေးနေမိရပါ၏။ လောလောဆယ် ကိုယ့်ပန်းကန် ဘာမှမတို့ထိနိုင်သေးပဲ ညီမလေးကို ဝမ်းဖြည့်နေသည့် သူ့ကိုကြည့်ကာ ဒေါ်ကြီးထား သက်ပြင်းရှိုက်လိုက်မိရပါ၏။

"ကောင်းရဲ့လား မမချောလေး .."

ဒေါ်ကြီးထား ၏ အမေးကို ခေါင်းလေးညိတ်၍ ညီမလေးဖြေသည်။

"ဆယ်တန်းကို ဂုဏ်ထူးလေးဘာသာနဲ့အောင်တာ ထိန်သာ ရယ်.. တက္ကသိုလ်မတက်တာ နှမျောလိုက်ချက် .. ဆရာဝန်ဖြစ်မှာသိရဲ့လား.."

ဒေါ်ကြီးထား တစ်ချက်ညည်းကာ ရွှေရင်အေးပန်းကန်ကိုကိုင်၍ စတင်စားသည်။ ကုံ့ကော်ရိပ်အောက်မှာ သုံးယောက်သားရှိနေခြင်း ဤကျောင်းဖွင့်ရက်မှာ ညီမ့လေး ကျောင်းအပ်တော့မှာကို တွေးမိပုံဖြင့် ကျောင်းကိစ္စ ..။ ပညာရေးကိစ္စဝင်လာကာ သူ ဆယ်တန်းအောင်တုန်းက အဖြစ်ကိုပြန်၍ တမ်းတမ်းတတပြောလာသည်က ဒေါ်ကြီးထား ပါ..။

သူ ညီမလေး၏ ပါးစပ်မှ စီးလာသည့် နို့ရည်ကိုလက်ဖြင့် ဖွဖွသုတ်ပေးမိရပါ၏။ သူ၏ ညီမလေးကတော့ မြိန်မြိန်ရှက်ရှက် စားနေသည်ပါပဲ။ ကလေးပီပီ ဘာမှမသိရှာ ..။ ဒါပေမယ့် တစ်ခုတော့ သိသည်။ အရမ်းကို မျက်နှာထားတင်းသော မမငွေ ကို မကပ်ရဲ ..။ လန့်သည်။ မမငွေ ကလည်း လုံးဝစကားမပြော ..။ ထည်ထည်ကြီးနေသည်။ တင်းတင်းကြီးနေသည်။ ကင်းကင်းနေသည်။ သည်တော့လည်း ညီမလေးခမျာ .. ထိုမျက်နှာထိ မျက်နှာထားကြီးကို လန့်ပြီးကပ်ကို





မကပ်ရဲခဲ့သည်က ငယ်ကတည်းက ..။ ဪ .. လူမှန်းသိတတ်စ အရွယ်လေးကတည်းကပဲဖြစ်လေသည်။

"ကိုကို .. ဆရာဝန်မလုပ်ပါနဲ့ .. ဆေးထိုးအပ်ကြောက်တယ် .. ဥပ်နဲ့နော် .."

ဖျားတုန်းက ဆေးထိုးခံခဲ့ရတာတွေကိုမမေ့နိုင်ဘဲ ညီမလေးခမျာ.. ဆရာဝန်ဆိုလန့်နေတတ်သည်တည့် ..။

"ညည်း မတားလည်း .. သူ ဆရာဝန်မဖြစ်တော့ပါဘူး ကြီးဒေါ်လေးရယ် .. အဲဒါ .. ညည်းကြောင့် ညည်း ကိုကို တက္ကသိုလ်မတက်ဖြစ်တာ.. ဆရာဝန်လည်း မဖြစ်ရဘူး .. ဘာမှကို မဖြစ်လိုက်ရဘူး .. စပျစ်ခြံပဲ လုပ်နေရတဲ့ ထိန်သာ ဖြစ်နေတယ် .. ကလေးကို ဒေါ်ကြီးထ.. ကြည့်နိုင်ပါတယ် .. ရန်ကုန်တက်ပြီး .. ဆရာဝန်ကျောင်းတက်ပါဆိုတာ .. တကယ်ခေါင်းမာသကိုး .. ဒေါ်ကြီးထား .. ဒီကလေးကိုကြည့်နိုင်ပါသကွယ့် .. ခုတော့ .. ဆယ်တန်းအောင်တာပဲ နှစ်နှစ်ကျော်ပြီ .. အဝေးသင်တက်ပါဆိုတာလည်း .. ဟမေးပွဲဖြေတဲ့အခါ .. မြို့တက်ရမှာ .. ဟိုမှာ .. အနီးကပ်တက်ရမှာ .. ညီမလေးကို စိတ်မချဘူးလုပ်ပြီး .. အဲဒါလည်း မတက်ဘူး .. ခက်ပါ့ကွယ် .."

ဒေါ်ကြီးထား ညည်းတော့ သူ ပြုံးနေသည်ပါပဲ။ ဘာမှ ရှင်းပြမနေတော့ပါ။ သူ တက္ကသိုလ်တက်နေချိန်မှာ နောက်ပိုင်းမှာ မမငွေ ဘာမဆို လုပ်နိုင်သည်လေ ..။ ညီမလေးက ထိုအချိန်တုန်းက သုံးနှစ်ပဲရှိသေးသည်။ ဒေါ်ကြီးထား ကလည်း မမငွေ ကို လွန်ဆန်ခွင့်ရှိတာမဟုတ်..။ ညီမလေးကို ခေါ်သွားလျှင်လည်း ဒေါ်ကြီးထား တားနိုင်မည်မဟုတ်။ မိဘမဲ့ဂေဟာ မပို့ဘူးဟု မဆိုနိုင် ..။ ဒါမှမဟုတ် .. ဘယ်လိုမှ ခြေရာခံရအောင် .. မမငွေ လုပ်နိုင်သည်။ ဒေါ်ကြီးထား အလစ်မှာ ညီမလေးကို ခေါ်ပွေ့သွားပြီး ..။ တစ်နေရာရာမှာ စွန့်ပစ်ပိုက်နိုင်သည်။ ထိုအထိ သူ .. မမငွေ ကို လျှော့မတွက်ဘဲ အစစသတိထားရသည်လေ ..။ သူ..



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုနည်းနှင့်မှ ညီမလေးကို မျက်စိအောက်က အပျောက်မခံနိုင်.. သူ စပျစ်ခြံကြီးသွားလျှင်ပင် ညီမလေးကို ဖေဖေ လင့်ရိဘကားရှိမောင်း၍ တူတူခေါ်သွားခဲ့သည်ချည်း ...။

"ပွဲသွားမယ် .. လိုက်ပို့ပေး .."

တပေါင်းပွဲရှိတာမို့ ညီမလေး ပူဆာတော့ သူ ပြုံး၍ ...

"ဘုရားပွဲမှာ လူတွေအများကြီးကွ .. ညီမလေး ပျောက်သွား.. စိုးတယ် .. ညီမလေးက .. ကိုကို ပွေ့ထားရင်လည်း ငြိမ်တာမဟုတ်ဘူး.. အရမ်းလမ်းလျှောက်ချင်တာ .. ပျောက်ရင် .. ဘယ့်နှယ်လုပ်မလဲ .. မသွားသေးနဲ့နော် .. နည်းနည်းကြီးလာမှ သွားကြရအောင် .."

ရွှေရင်အေးတစ်ပန်းကန်လည်း ကုန်ပြီ။ ဘုရားပွဲသွားမည့်ကိစ္စ .. တစ်ကျော့ပြန် ပူပူဆာဆာလုပ်လာသည်က ညီမလေးပဲဖြစ်လေသည်။ ခြေထောက်ကို ခုံတန်းလေးပေါ်ဆန့်၍တင် ...။ ခြေထောက်ကိုပွတ်၍ ပွတ်၍ ငိုပြီ ...။ လက်ဖဝါးကို ပွတ်၍ မျက်မှောင်လေးလည်း ကုတ်ထားသည်။

"မပျောက်ပါဘူးဆိုမှ .. သွားမယ် .. ဒေါ်ကြီးထား .. ပို့ပေး .. ပို့ပေး အီး .. အီး .."

တအီးအီးဖြင့် အသံတွေပွင့်ကျ၍ ညီမလေးငိုကြောစရှည်လာပြီ..

"အလိုတော် .. ဝင်မပါရဲပေါင် ကြီးဒေါ်လေးရယ် .. ရှင့် ကိုကို့သာ ပြော .. သူက .. စိတ်ပူတတ်တာတစ်ခုတည်း .. ယောဒီညီမလေးအတွက် ရှိရှိနေတာ .. မတော်တဆ .. ကျုပ် ဝင်ပြီး .. ကြီးဒေါ်လေးဘက်ကပြော မိရင် .. မတော်တဆ လူအုပ်ထဲ ညည်းလေးပျောက်သွားရင် .. ကျုပ် အပြစ်ဖြစ်နေပါ့မယ် ကျေးဇူးရှင်လေးရယ် .. ကဲ .. ကဲ .. ထိန်သာလေး.. ကိုယ့်ညီမ အငို .. ကိုယ်ပဲချော့ကျန် .. ချော့ကျန် .."

ဒေါ်ကြီးထား တကယ့်ကို ပြောပြောဆိုဆို ထလစ်သွားတော့ ညီမလေး သူ့ကို လက်မောင်းကြီးလှုပ်၍ ပူဆာပါ၏။ သူကလည်း မလှုပ်မယှက်





သတေငြိမ်နေသည်။ လိုက်ပို့မည်ဟု ကတိကို မပေး ...။ ကတိပေးမိလျှင် လိုက်ပို့ရမည်လေ ...။ ညီမလေးကလည်း အခက် ...။ ကိုယ်ပေါ်ချီထား လည်း ကြာကြာမနေ ...။ အတော်လမ်းလျှောက်ဖို့ ဇောသန်နေသည့် ခလေး ...။ ပွဲခင်းထဲ ပျောက်မှာ သူ လန့်နေသည်လေ ...။

"ဒေါ်ကြီးထား က လူကလည်း ဝသကွယ့် .. ပွဲခင်းလူတွေအများ ကြီးထဲ တိုးကာတိုးကာနဲ့ မသွားတတ်ပေါင် .. ဒါကြောင့် .. ဘယ်မှ ပွဲဆို .. မသွားဖြစ်တာချည်းပဲ .."

ဟု ဒေါ်ကြီးထား က အစကတည်းက ပွဲခင်းကိစ္စ စကားပိတ်ပြော ထားခဲ့ပြီးနေတာမို့ သူတစ်ယောက်တည်း ညီမလေးနှင့် ပွဲခင်းသွားရမလို ဖြစ်နေသည်။ ဘဘညို ကလည်း မျက်စိမွဲချင်ချင်ဟု အကြောင်းပြကာ ပွဲခင်းကိစ္စ ခေါင်းရှောင်သည်။ ဤသည်ကလည်း ညီမလေးကို ထိန်းရ မှာ လန့်၍မဟုတ်။ မဆိုစကောင်းဆိုစကောင်း .. ပွဲခင်းထဲ လူအုပ်ထဲ ကလေးက ဟိုဟိုသည်သည်သွားလိုက်ချင် ...။ ကလေးပျောက်တာကို စိတ်ပူရမှာ တစ်မျိုး ...။ သူ အရမ်းစိတ်ပူနေတာတွေ အပြစ်တင်နေတာ တွေ ကြုံကြရကြားရမှာကို လန့်နေတာတစ်မျိုးဖြင့် မလိုက်ချင်ကြသည့် ကိစ္စ ...။

ညီမလေးကလည်း လွတ်လွတ်လပ်လပ် ခုန်ပေါက်ဆော့တတ် သည်။ ခြံထဲပြေးဆော့တာက ကိစ္စမဟုတ်။ ပွဲခင်းထဲပျောက်မှာကျတော့ လန့်ရသည်လေ ...။

"အရုပ်တွေဝယ်ချင်တယ် .. ပွဲခင်းထဲမှာ ချားကြီးရှိတယ်ဆို .. စီးချင်တယ် .. ဒေါ်ကြီးထား ကို ညီမလေး မေးတယ် .. ပွဲခင်းထဲမှာ ဘာရှိလည်းဆိုတော့ .. များကြီးရှိတယ်တဲ့ .. သခေါ်ကြီးလို လုပ်ထား တဲ့ဥစ္စာရှိတယ်တဲ့ .. အရုပ်သိုင်တွေရှိတယ်တဲ့ .. မုန့်ဆိုင်တွေရှိတယ် တဲ့ .. ဂါဝန်လှလှလေးတွေရောင်းတဲ့အထည်ဆိုင်တွေရှိတယ်တဲ့ .. ပို့ပေး.. ပို့ပေး .."



www.burmeseclassic.com

www.burmeseclassic.com



ကလေးကိုပွဲခင်းသာ လိုက်မပို့ဘဲ ဆင်ခြေပေးတတ်ကြပေသည့် ဒေါ်ကြီးထား နှင့် ဘဘညို ကလေးကို .. ပွဲခင်းထဲဘာတွေရှိသည်ဆိုတာကျတော့ မပြောပဲမနေကြ ..။ ကလေးသွားရည်ကျ .. သွားကိုသွားချင်အောင် ခရေစေ့တွင်းကျအားလုံး မက်မက်စက်စက် ပြောပြကြသည့်တည့် ..။ သူ သက်ပြင်းရှိုက်မိရသည်ပါပဲ။ ဘာကြောင့်ရယ်မသိ။ ပွဲခင်းပို့ရမည်ဆိုသည့်ကိစ္စ ..။ စိတ်ကိုက် .. လေးလေးနေသည်။ ညီမလေးပျောက်သွားမှာ လန့်ကိုလန့်နေသည်လေ ..။

"အရုပ်ဝယ်ပေး .. ဂါဝန်ဝယ်ပေး .. မုန့်ဝယ်ပေး .. အီး .. ချားကြီးစီးမယ် .. သင်္ဘောကြီးစီးမယ် .. ပို့ပေး .. သွားချင်တယ် .. ပွဲကမနက်ဖြန်ပြုးမှာတဲ့ .."

အံမယ် ..။ ဘယ်နေ့ပွဲပြီးမည်ဆိုတာကအစ ဒေါ်ကြီးထား စကားအဆစ်ထည့်ပေးသေးသည့်အဖြစ်။ သူ မို၍စိတ်ညစ်လာရပါ၏။ ခေါင်းကို စုံကုတ်မိရသည်။

"ပို့ပေး .. ပို့ပေး .."

သူ့ရင်ဘတ်ထဲ ခေါင်းကိုခွေ၍ခွေ၍ ပြောသည်။ ခေါင်းလေးဆောင့်၍ဆောင့်၍ ရင်ဘတ်ကို နွားပေါက်လေးလိုလို .. ဆိတ်ပေါက်လေးလိုလို ခွေ့တတ်သည့် ညီမလေး ..။ သူ .. ခေါင်းလေးကိုအုပ်ကိုင်၍ ...

"နာတယ်ကွ .. ညီမလေး ပျောက်မှာစိုးလို့ပါဆိုကွာ .. ညီမလေးက ငယ်ငယ်လေးရယ် .. လူအုပ်ကအများကြီး .. လူအုပ်ထဲ ညီမလေးပျောက်သွားရင် ဘယ့်နှယ်လုပ်မလဲ .. တစ်ယောက်ယောက်က ချစ်စရာလေးဆိုပြီး ခေါ်ပွေ့အပိုင်ယူသွားမှာကွ .. နားလည်လား .."

သူ စောစောသီပေးထားရာ ပန်းစံကားဖြူနီတို့ဖြင့် ပန်းလည်ဆွဲပန်းသရဖူတို့ဖြင့် ရှိနေသည့် ညီမလေး ..။ တကယ့်ကို ပန်းအပေါင်းအသည့် ညီမလေး ..။ အလှဆုံး ညီမလေး ..။ ဆံပင်လေးတွေက နက်မှောင်





နေထဲသည်။ လှိုင်းတွန့်လေးတွေနှင့် ဖြစ်နေသေးသည်။ မျက်ခုံးလေးကထင်းထင်းနက်နက် ..။ မျက်တောင်လေးက ထူထူရှည်ရှည်ကော့ကော့လေး ..။ ငိုလည်း ပါးချိုင့်ပေါ် ..။ ရယ်လည်း ပါးချိုင့်ပေါ်နှင့် ချစ်စရာချစ်စရာညီမလေး ..။ အကယ်၍များ .. ပွဲခင်းထဲ အစ်ကိုနှင့်ကွဲကြည့်..။ ကိုကိုရေ .. ကိုကိုရေ .. နှင့် ငို၍ခေါ်နေသည့် ညီမလေးကို ..။ တွေ့သည့်သူက .. ချစ်စရာလေးဆိုပြီး တကယ့်ကိုအပိုင်ပွေ့ခေါ်သွားနိုင်သည်လေ..။ သူ လုံးဝစိတ်မချ ..။

"ပို့ပေးပါဆို .. ဆို .."

ခြေထောက်လေးကိုအခတ် ..။ ခုံတန်းအစွန်းဘက်မှာ တင်ထားသာ ရွှေရင်အေးပန်းကန်ကိုထိ၏။ မြက်ခင်းပေါ် မှောက်ကျသွားတော့ ညီမလေး လန့်သွားပုံရသည်။ ရွှေရင်အေးကို သူ မစားရသေးချိန်မှာလို သူ့ပန်းကန်ကို ညီမလေး၏ ခြေထောက်ခတ်မိရာမှ ကျသွားတာ..။ ရွှေရင်အေးတွေ ဖိတ်ကုန်တာကို ဒေးကြည့်ရင်း လန့်ရှိုက်ဖြင့် တကယ့်ကို ငြိမ်သွားခြင်း ..။ သူ့ကို မျက်တောင်လေးပုတ်ခတ်ခတ်လပ်၍ ညီမလေးကြည့်လာသည်။ သူ .. ပြုံး၍ ညီမလေးကို ပါးလေးနမ်းကာ ...

"ကိုကို .. မဆူပါဘူး ညီမလေးရ .. ဒါပေမယ့် .. ခုလို .. ညီမလေးကြောင့် ကိုကို့ ပန်းကန်မှောက်သွားရတာဆိုတော့ .. ပွဲခင်းသွားမယ်လို့ပြောရတော့ဘူး .. ဟုတ်ပလား .."

ဟု ပြောတော့ ပွဲခင်းသွားချင်ဇောကြီးရလေသမျှ ..။ ခုလို .. ကျတော့လည်း ခေါင်းလေးညိတ်ပြရှာသည်ပါပဲ။ သူ .. ညီမလေးကို ပွေ့၍ အိမ်ထဲဝင်သည်။ ပန်းကန်ကို လက်တစ်ဖက်ပေ ကိုင်လာ၏။ ပန်းကန်ဆေးပြီးမှ မောင်နှမနှစ်ယောက် ကိုယ့်အခန်းထဲဝင်ကြပါသည့်အဖြစ်..။ ညီမလေး မျက်တောင်စင်းလာသည်။ ငိုခဲ့ရတာကြောင့်လည်း ပါမည်။ စိတ်ထဲနုံးချည့်ချည့်ဖြစ်နေရှာသည်ထင့် ..။ ပြီးတော့ .. ခုလို .. နေ့ဘယ်ဘက်.. အဆာပြေတစ်ခုခုစားပြီးချိန်ဆို ညီမလေး အိပ်စမြဲ ..။ ခုလို ..



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေ နေ့ဆို အိမ်မှာ ဒေါ်ကြီးထား ကျွေးတာမွေးတာစား ..။ အိပ်..
စပျစ်ခြံ သွားသည့်နေ့ဆို .. စပျစ်ခြံရှိ တစ်ထပ်ပျဉ်ထောင်သွပ်မိုးအိမ်
လေးမှာ သူ လုပ်လုပ်ကျွေးသည့် ကြက်ဥပူတင်း၊ ဒါမှမဟုတ် ကင်ပေါင်း
ကြော်နှင့် ကောက်ညှင်း ..။ ဒါမှမဟုတ် .. နွားနို့နှင့် ဘီစကစ် ..
တစ်ခုခုစား ..။ အိပ် ..။ သူ လုပ်တတ်တာလည်း .. ရေနွေးဆူအောင်
တည်ထားသည့်အိုးထဲမှာ နို့ကြက်ဥမွှေထားရာပုလင်းကိုထည့်၍ မလှုပ်
တတ်လုပ်တတ်ဖြင့်လုပ်သည့် ကြက်ဥပူတင်းနှင့် ..။ ကင်ပေါင်းကြော်
ကောက်ညှင်းချက်ပဲရှိ၏။ ကျန်တာကတော့ ဘီစကစ်ပုံးဝယ်ထားတာ
ကို ကျွေးလိုက်ရသည်ပါပဲ ..။ ခုလည်း ညီမလေး ငိုက်ပြီ ..။

"ကန်တော့မယ် .. ကန်တော့မယ် .. ဖေဖေနဲ့ မေမေ့ကို ကန်တော့
မယ် .."

ဤသည်ကလည်း ညီမလေး၏အကျင့် ..။ သူ .. ညီမလေးငယ်
ကတည်းက .. သိတတ်စ နားလည်စအရွယ်လေးကတည်းက ဖေဖေနှင့်
မေမေ ဓာတ်ပုံကို ညအိပ်ရာဝင်ခါနီးတိုင်း မောင်နှမနှစ်ယောက် ကန်တော့
အိပ်တာ သင်ပေးခဲ့ပါ၏။ ခက်သည်က .. တစ်လမ်းသွား ညီမလေးက
ဘယ်အချိန်အိပ်မည်ဆိုဆို ..။ နေ့ခင်းဘက်ပဲဖြစ်ဖြစ် ..။ ကန်တော့ပြီး
အိပ်သည့်အကျင့်ဖြစ်နေသည်။ ညီမလေး လိမ္မာသည်ပဲဟု သူကတော့
ကြည့်နူးရသည်ပါပဲ ..။ သူ့အခန်းမှာရော ..။ စပျစ်ခြံအိမ်လေးမှာရော
ဖေဖေနှင့် မေမေ့ဓာတ်ပုံကို .. သေချာဘောင်သွင်း၍ စားပွဲပေါ်တင်ထား
ရသည်။ ညီမလေးက နေ့ခင်းနေ့လယ် အိပ်မည်ဆိုလည်း ကန်တော့ပြီး
မှ အိပ်သည်လေ ..။ သူလည်း လိုက်၍ကန်တော့ရသည်ပါပဲ။ ခုလည်း
ညီမလေး ကန်တော့ချိန်မှာ သူလည်း လိုက်၍ ကြမ်းပေါ်မှာ ကန်တော့
ရပါ၏။

"ဟဲ့ .. ဘယ့်နှယ်ဖြစ်တာလဲ .. ကြည့်စမ်း .. ကြည့်စမ်း .. ဘယ်
တုန်းကတည်းက .. ငါ့မေမေ့ကို .. ဒီကောင်မလေးက အမေလုပ်ပြီး





ကန်တော့နေတာလဲ .. ဟင် .. ဟင် .. ဒီနေ့ ငါဆန့်စက်ပိတ်လို့ အိမ်မှာ
နေချိန် .. အောက်ထပ်ဆင်းလာတော့ .. နင့်အခန်းဟာခါးခန်းဆီးလှပ်
နေလို့ .. ကြည့်မိတာ .. အံမယ်လေးလေ .. ငါ့မေမေ့ကိုများ .. ဒီကောင်
မလေးက .. သူ့ မေမေလုပ်နေသတဲ့လား .. ဟဲ့ .. သူ့အမေ သူကန်တော့..
ငါ့အမေ ဆွဲမပါနဲ့ .. တန်ရာတန်ရာမလုပ်ဘူး .. ဒါ .. ဒါ .. ဘာလုပ်
တာလဲ ထိန်သာ .. ဟင် .. နင် .. နင်လုပ်စရာလား .. ငါ့ မေမေ့ကို ..
သူ့အမေလုပ်စရာလား .. ပေးစမ်း .. ဓာတ်ပုံ .. ဒီမှာ .. ထိန်သာ .. နင့်ကို
ပြောမယ် .. ဖေဖေ့ပုံတစ်ပုံထဲပဲ အဲဒီကောင်မ ကန်တော့ချင်ကန်တော့..
ငါ့အမေကို ထည့်ကန်တော့တာ မလုပ်စမ်းပါနဲ့ .. ငါ့အမေ စည်းစိမ်
ပေါ်မှာ တခြားမိန်းမတစ်ယောက်ရဲ့ သမီးက လာနေ .. လာစား ..
လာစားနေတာတောင် လွန်လှပြီ .. ငါ့အမေကို .. သူ့အမေတော့ အလုပ်
ခံ .. အဖြစ်မခံပါရစေနဲ့ .. ရက်စက်ပါ့ ထိန်သာ ရယ် .. ဟင် .. နင်..
သဘောထားကြီးချင်ကြီး .. ငါ့အမေနေရာမှာ .. အဲဒီ မိန်းမကို .. နင်ထား
ချင်ထား .. သူ့အမေနေရာမှာတော့ .. ငါ့အမေကို နင် ခါမပါလိုက်ချင်
စမ်းပါနဲ့ .. ဆွဲမထည့်ရက်လိုက်စမ်းပါနဲ့ .. မေမေ့ကိုယ်စား .. ငါ ..ငါ..
ရင်ထဲနာလိုက်တာဟယ် .."

ဘယ်အချိန်က ဘယ်လိုမြင်လိုက်သည် သူပင် မသိလိုက်ရ ..။
မငွေ အပြောကြောင့်သာ ခန်းဆီးလေးလှစ်ဟနေ၍ လှမ်းမြင်သည်ဆို
တာလောက်ပဲ နားလည်လိုက်ရသည်။ မြန်လိုက်သည့်အဖြစ်အပျက်တစ်
ခုကတော့ အခန်းထဲမှာဖြစ်ပြီးသွားပြီ ..။ မျက်နှာကြီးခက်ထန်မာကျော
နေရင်း သူ့ကိုလည်းကြည့် ..။ ညီမလေးကိုလည်းကြည့် ..။ စားပွဲပေါ်မှ
ဓာတ်ပုံကိုလည်းယူ ..။ ရူးရူးဝါးဝါးကြီး မုန်းတီးသည့်အကြည့်ဖြင့်
တောက်လျှောက်ဆက်တိုက် ပြောလည်းပြောဖြင့် အားလုံးသည် စိတ်မ
ချမ်းမြေ့စရာတွေချည်းဖြစ်ကုန်ရပြီ ..။ အရမ်းကို နုနယ်သေးသည့် ညီမလေး
မှာ .. မျက်နှာလေး ငိုမဲ့မဲ့ဖြစ်လာကာ သူ့ဘက်ကို ကိုယ်လေးတိုးကပ်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ မမငွေ ကို ကြောက်ကြောက်ဖြင့် ခိုး၍ကြည့်ကာကြည့်ကာဖြင့် သူ့ကို အားကိုးတကြီးဖက်ထားသည်။ မမငွေ ကတော့ မျက်သားတွေနီရဲတက်လာရင်း ဒေါသတကြီး ညီမလေးကိုရော သူ့ကိုရော မျက်တောင်မခပ် အံခဲ၍ စိုက်ကြည့်နေဆဲ ..။

"ဟဲ့ .. အမိမဲ့ အဖမဲ့ကောင်မ .. နင်သိစမ်း .. သိထားစမ်း .. ဒါငါ့အမေ .. နင့်အမေမဟုတ်ဘူး .. နားလည်ထား .. နင့်အမေက .. တခြားမှာသေတာ .. ငါတောင်မမြင်ဖူးဘူး .. နင့်အမေနဲ့ ငါ့အမေက တခြားစီ .. တစ်ယောက်စီ .."

"အဲသလောက်ကြီး မပြောပါနဲ့ မမငွေ .. ကလေးက .. ဘာသိရှာလို့လဲ .. မေမေ့ကို အမေဆိုပြီး ကန်တော့တာ ဘာများနစ်နာနေလို့လဲ .. မေမေ့ကို သူချစ်တာပဲ .. ရှိသေတာပဲ .. အမေတစ်ယောက်ရဲ့ မေတ္တာကို .. အဲဒီ ဓာတ်ပုံကြည့်ပြီး .. စိတ်ထဲကခံယူတာ .. ဘာများအပြစ်ရှိနေလို့လည်းဗျာ .. နောက်ကို .. ထိန်သာ့ ညီမလေးကို .. ဒီလိုမဆက်ဆံပါနဲ့ .. ဒါ .. ဖေဖေ့ သမီးလေးပါ .. ထိန်သာ့ လက်ပေါ်ကြီးလာတဲ့ကလေးပါ .. အမေ မေတ္တာမရတဲ့ ကလေး .. ဘယ်လောက်ခံစားရတယ် .. သိမ်ငယ်ရတယ်ဆိုတာ .. ထိန်သာ အသိဆုံးပါ .. အမေရှိတော့ပေမယ့် .. အစ်မ ကျန်ခဲ့ပေမယ့် .. အစ်မ မေတ္တာလည်းရတဲ့သူပါ .. အခု .. ညီမလေးခမျာ .. အဖေရော အမေရော .. မရှိတဲ့ကလေး .. ထိန်သာ ကမှ .. မေမေ မရှိချိန်မှာ ဖေဖေ ရှိနေသေးတယ် .. ညီမလေးခမျာ အဖေရော အမေရော .. ဆုံးရှုံးရတဲ့ကလေးပါ .. သူ ပိုအားငယ်မယ်ဆိုတာ .. စာနာပေးဖို့တော့ ကောင်းပါတယ် .. ဖေဖေ့ သမီးလေးဆိုတာလေးလောက်တော့ ထည့်တွေးပေးဖို့ ကောင်းပါတယ် .. ထိန်သာ့ မှာ .. မေမေ မရှိချိန် အစ်မ ကျန်ခဲ့ပေမယ့် .. မေတ္တာငတ်ခဲ့ရတယ် .. ထိန်သာ့ ညီမလေးမှာ .. ဟောဒီက ကလေးမှာ .. အစ်ကိုတစ်ယောက်ကျန်နေပါတယ် .. မမငွေ .. ထိန်သာ့ အပေါ် .. ဆက်ဆံသလို .. ဘယ်တော့မှ ဒီကလေးကို .. ထိန်သာ မဆက်ဆံဘူး .. မဆက်ဆံရက်ဘူး .. ထိန်သာ့ အပေါ် မမငွေ အသည်းမာနိုင်တယ် .. ဒါပေမယ့် .. အစ်ကိုဖြစ်တဲ့ ထိန်သာ ကတော့ .. ဒီ ညီမလေးအပေါ်မှာ ဘယ်တော့မှ အသည်းမမာနိုင်ဘူး .. ဒါ .. ထိန်သာ့ ညီမလေး .. အသက်ချင်းလည်း အလွန်ကွာခြားပါတယ် မမငွေ .. ဒီလောက် ကလေးလေးကို အကြီးဖြစ်ရက်နဲ့.. မမငွေ .. ဒီလောက် ကြမ်းကြမ်းတမ်းတမ်း လုပ်ရက်တယ်ဗျာ .."

ဟု ပြောစဉ်ခိုက်မှာ မမငွေ ရှေ့သို့ခြေတစ်လှမ်းတိုးသည်။ သူလည်း မထင်လိုက်မိ ..။ သူ့ရင်ခွင်ထဲမှာ ညီမလေးကို ဆောင့်ဆွဲယူသည်။ ကြမ်းပေါ် တွန်းတိုက်ပစ်သည်။ ညီမလေး၏ နဖူးကိုလက်ဖြင့်ပုတ်သည်။

"ငါ့တစ်သက် .. နင် .. ငါ့ညီမ .. ဘယ်တော့မှမဖြစ်ဖူး .. ဟဲ့.. ထိန်သာ .. နင် မြဲမြဲမှတ် .. ငါ့အမေက မွေးခဲ့ကာ .. နှစ်ယောက်ပဲရှိတယ် .. သုံးယောက်မဟုတ်ဘူး .. နားလည်လား .."

ပြောပြီးတာနှင့် ဒေါနှင့်မာန်နှင့် အခန်းထဲမှ ဝုန်းဒိုင်းကျဲ၍ ကုလားထိုင်တွေတွန်း၊ စားပွဲတင်နာရီလေးတွေ လွှင့်ပစ်၊ စာအုပ်တွေ လွှင့်ပစ်ပြီးမှ မမငွေ ထွက်သွားတော့ ညီမလေးက ငိုကျန်ခဲ့ပါ၏။ အဘယ်မျှထိ ကြောက်သွားသည်လည်းဆိုလျှင် ငိုသည်မှ အသံပင်မထွက်ရဲရှာ။ ကြမ်းပေါ်တွန်းချခံရတော့လည်း လက်ကလေးထောက်၍ ခါးလေးကုန်းကာ ခြေလေးတွေ ခွေခေါက်ကြမ်းပေါ်တင်ရင်းဖြင့် မမငွေ ကို ကြောက်လန့်တကြား မော့ကြည့်ရှာသည်။ အသံမထွက်ရဲ။ မျက်ရည်ကျနေသည်။ မျက်နှာလေးမဲ့နေသည်။ နှုတ်ခမ်းလေးမဲ့နေသည်။ မျက်တောင်လေးပုတ်ခတ်၍နေသည်။ တကယ့်ကို .. အသံလေးတစ်မျှင်မျှ ပွင့်ကိုမကျရဲရှာ..။ အော်ငိုဖို့ထွက်ရမည့် အသံလေးပင် လည်ချောင်းထဲ ကြောက်ကြောက်ဖြင့် ငုံ့လျှိုးနေရှာပြီထင့် ..။ ညီမလေးကို သူ ပြေး၍ပွေ့သည်။ ညီမလေးသူ့ရင်ဘတ်ထဲ ခေါင်းလေးဝှက်၍ထားသည်။ သူ့ကျောပြင်ကြီးကိုလက်သေးသေးလေးတွေဖြင့် ဖက်ထားသည်။ သူ .. ညီမလေး၏ကျောလေး







www.burmeseclassic.com

www.burmeseclassic.com



ကို ဖွဖွပုတ်ပေးနေမိသည်။ နဖူးလေးကို ရင်ထဲဆို့တက်နေရင်း သူ သနား စိတ်ဖြင့် နမ်းနေမိသည်။

"ကိုကို .. ဘာလို့ .. မမငွေ က .. စိတ် .. ဆိုး .. တာ .. လည်း ဟင် .. ဟင် .."

ညီမလေး ခပ်တိုးတိုး တိုးမေးလာသည်။ သူ မျက်ရည်ကျလာရပါ ပြီတည်း ...။

"ဘာလို့ .. ဘာလို့ .. ဖေဖေနဲ့ မေမေ့ကို .. ယူသွားတာလည်း ဟင် .."

ငို၍ မေးပြန်သည်။ သူ .. ရင်ထဲမကောင်းနိုင်တော့ ..။ ပါးပြင်လေး ကိုနမ်းလိုက်မိရပါ၏။ မျက်ရည်ကျနေသည့် ညီမလေးကို သူ ဖွဖွညင်ညင် သုတ်ပေးနေမိသည်။

"ညီမလေး .."

သူ .. ညီမလေး၏ မျက်နှာလေးကို လက်ဖဝါးနှစ်ဖက်ဖြင့် ဖေးညှပ် ၍ မော့စေကာ ပြုံး၍ခေါ်မိ၏။ ဒါပေမယ့် .. သူ့မှာလည်း မျက်ရည်တွေ ကျနေသည်ပါပဲ။ ပြုံးနေသည့် အပြုံးသည် ရင်ထဲမှာ ပျော်နေ၍ ပြုံးတာ မဟုတ်ဘဲ ကြေကွဲနာကျင်နေရင်း မချိတင်ကဲဖြစ်နေရသမျှ .. ဖုန်းကွယ် ယူနိုင်ဖို့ ကြိုးစားရင်း ပြုံးရသည့် အပြုံးပေမို့ ..။ နှုတ်ခမ်းသည် ဆတ် ဆတ်ခါနေ၏။ ယည်ချောင်းတနင်နင်ဖြင့် သူဖြစ်နေသည်။ သူ့ညီမလေး ကို .. သူ့မျက်စိရှေ့မှာ မမငွေ ဤမျှ .. မထောက်မရက်လုပ်ရက်တာတွေ အားလုံးသည် .. သူ့ရင်ကို နင်းချေခဲ့သည့်နှယ်ဖြစ်နေသည်။ သူ .. ဆူပင် မဆူရက် ..။ ငေါက်ပင်မငေါက်ရက်ပါသည့် ညီမလေး ..။ အရိပ်တ ကြည့်ကြည့်ဖြင့်ထားရပါသည့် ညီမလေး။ ခုကျတော့ မမငွေ ကြောင့် လန့်ဖြင်းမက လန့်ခဲ့ရရှာပြီ။ ဆောင့်တွန်းတာလည်း ခံခဲ့ရသည်။ လက် ညှိုးငေါက်ငေါက်ထိုး၍ပြောတာလည်း ခံခဲ့ရပြီ။ သူ ခေါင်းခါမိ၏။ အဖြစ်က မတရား ..။ ငါးနှစ်အရွယ် ကလေးလေးကို အသက်သုံးဆယ့်





အစ်နှစ်ထဲရောက်နေပြီဖြစ်သည့်အရွယ် အစ်မတစ်ယောက်က ဤမျှအထိ.. ကြာ်စက်တာကိုက မတင့်တယ် ..။ မသင့်လျော် ..။ မြင်ကွင်းသည် အစ်ဖက်စောင်းနင်းဖြစ်နေသည်။

"ညီမလေးကို .. ကိုကို .. ပွဲခင်းခေါ်သွားမယ်သိလား .. အခု .. ခေါ်သွားမယ် .. ညီမလေးကို သနပ်ခါးလူးပေးမယ် .. အင်္ကျီလှလှဝတ် ပေးမယ် .. ပြီးတော့ ပွဲခင်းခေါ်သွားမယ် .. အရုပ်တွေဝယ်ပေးမယ် .. မုန့်လေးတွေဝယ်ပေးမယ် .. ညီမလေးဝယ်ချင်တာတွေ ဝယ်ပေးမယ်.. ဟုတ်ပြီလား .."

စပျစ်ခြံကို သူ ဦးစီးနေတာမို့ ..။ သူ့လက်ထဲမှာ ငွေကြေးရှိတန် သလောက်တော့ရှိပါ၏။ မမငွေ လက်ထဲ စာရင်းအင်းနှင့် သူ ငွေအပ် သည်။ သူ့အတွက် အသေးသုံးအဖြစ် မမငွေ ကို အသိပေးပြီးမှ သူယူ သည့် ငွေကြေး ..။ သူ့ထံမှာရှိသည်လေ ..။ ဤသည်ကလည်း များများ စားစားတော့မဟုတ်ပါ။ သူ .. ထိုများများစားစားမဟုတ်သည့် ပိုက်ဆံ ကို အပိုမသုံး။ စုထားသည်ချည်း ..။ ထိုငွေဖြင့် ညီမလေး၏ ပညာရေးမှာ သုံးရမည်။ ညီမလေးအတွက် လိုအပ်တာဝယ်ရမည်။ ဒါကြောင့် သူ ထိုငွေကြေးကိုတော့ စာရင်းတင်ပြီး မမငွေ ကို အသိပေးပြီး ယူထားခြင်း ဖြစ်ပါ၏။

ပွဲခင်းသွားရမည်ဆိုတော့လည်း .. ညီမလေး မလှုပ်မယှက်လေးပဲ ဖြစ်နေသည်။ မျက်နှာလေးထက်မှာ လန့်ရှိန်မပျောက်သေး။ မျက်ရည် မခြောက်သေး ..။ သူ့ကို ဖက်ထားကာ ညီမလေးငိုနေသည်။ သူ .. သူ.. ရင်ထဲမကောင်းနိုင်တော့ပြီ ..။ သိုက်၍ မျက်ရည်ကျလာရပါပြီတည်း။ အသက်ဆယ့်ရှစ်နှစ်ပင် မပြည့်သေးသည့် ကောင်လေးတစ်ယောက်သည်.. ဤညီမလေးအတွက်ကတော့ .. ကြီးမားလွန်းသော ရင်ခွင်ကြီးတစ်ခု။ အားကိုးရာရင်ခွင်ကြီးတစ်ခုအဖြစ် ရှိနေရရှာသည်တကား ..။ သူ .. တမ်းတလိုက်မိသည်က ဖေဖေ ....။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေရယ် .. ရှိနေလိုက်ပါတော့ ..။ ဖေဖေ အသက်ရှင်နေလိုက် ပါတော့ ...။ ဖေဖေ မရှိတော့ .. ညီမလေး .. မျက်နှာသိမ်ငယ်လိုက် တာ ဖေဖေရယ် ...။ ဖေဖေ့ နေရာမှာ သား နေပေးလိုက်ချင်ပါတယ် သား သေပေးလိုက်ချင်ပါတယ်။ ညီမလေးအတွက် အလိုအပ်ဆုံးအရာ ဟာ .. ဖေဖေ့ ရင်ခွင်ဖြစ်ပါတယ် ..။ အလုံခြုံဆုံးကာကွယ်ပေးနိုင်တဲ့ အရာဟာလည်း ဖေဖေ့ ရင်ခွင်ပဲဖြစ်ပါတယ် ဖေဖေရယ် ..။ သား ဒီနေ့မှာ .. မမငွေ ကို .. မတားလိုက်နိုင်ဘဲဖြစ်သွားရတဲ့အတွက် ခွင့်လွှတ် ပေးပါ ဖေဖေ ..။ အဲသလို မမငွေ ရက်ရက်စက်စက် .. ညီမလေးကို တွန်းပစ်မယ် .. ဆွဲဆောင့်ပစ်မယ်မထင်မိခဲ့တာမို့ ..။ အဲဒီအဖြစ်အပျက် ကို အချိန်မီ .. သား .. မတားနိုင်မိခဲ့ဘူး ဖေဖေ ..။ အဲဒီတာဝန်မကျေဖြစ် ခဲ့ရာ သားကို .. ဖေဖေ ခွင့်လွှတ်ပေးပါ ..။ ဖေဖေ .. ခွင့်လွှတ်ပေးပါ ဗျာ ..။

ရင်ထဲမှ တစာစာပြောနေသည့်ခံစားချက်များ ..။ သူ့ရင်ကိုဖောက် ၍ .. မျက်ရည်အဖြစ် .. ဤတစ်ကြိမ်မှာ .. ဖြိုင်ဖြိုင်မိုးမိုး .. ပြိုကျလာ ရပါပြီတည်း ...။

သူ .. မထိန်းနိုင်ဘဲဖြစ်ကုန်သည်။ ယောကျ်ားအားမာန်တင်းသည် ဆိုရာမှာ .. အသက်ဆယ့်ရှစ်နှစ်ပင် မပြည့်တတ်သေးသည့်အရွယ် - ညီမလေးအတွက်သာ လူကြီးလေးလို ရှေ့မှရပ်ရပ်နေရပါသည့်အရွယ်- ရှေ့မှာ အဖ၏ အရိပ်လည်းမရှိ။ အမိ၏ အရိပ်လည်း မရှိ။ တစ်ယောက် တည်းအားဖြင့် သူ .. ဖွဲ့ခတ်၍ .. မေတ္တာကိုနှစ်၍ လူကြီးလေးလို နေနေ ရင်း .. ညီမလေးအပေါ် .. စောင့်ရှောက်ရာအဖြစ် .. ဟန်မာန်တင်း၍ နေခဲ့ရလေသမျှ ..။ ဤတစ်ကြိမ်မှာတော့ .. ဖေဖေ့ကို .. တိုင်တည်၍- တမ်းတ၍ .. အားကိုးတကြီး .. ခေါ်လိုက်မိရပါပြီတည်း ...။

"တကယ်က .. သား သေသင့်တာပါ ဖေဖေ .. သား မရှိရင် - ညီမလေးအတွက် ဘာမှမထိခိုက်နိုင်ပါဘူး ဖေဖေ .. မမငွေ အတွက်





လည်း ဘာမှမထိခိုက်နိုင်ပါဘူး .. သား မရှိတဲ့အတွက် .. မမငွေ မုန်းနေ ရတဲ့လူတစ်ယောက် လျော့သွားပျောက်ကွယ်သွားရမှာပါ .. ပြီးတော့.. ဖေဖေ ရှိနေရင် .. ညီမလေးကို .. ဖေဖေ .. မားမားမတ်မတ်နဲ့ လုံခြုံ အောင် ထားနိုင်မှာပါ .. အဖေတစ်ယောက်ရဲ့ အရိပ်ဟာ အစ်ကိုတစ် ယောက်ရဲ့ အရိပ်ထက်ပိုပြီး အရိပ်မြိုင်ပါတယ် ဖေဖေရယ် .. ဖေဖေ ရှိသင့်တာ .. ဖေဖေ ရှိနေသင့်တာ .. သား သေခဲ့ရင်ကောင်းမှာ .. သာဒီ ညီမလေးအတွက် .. ဖေဖေ အသက်ရှင်ကျန်နေဖို့ အရေးကြီးတာ ပါ .. အရေးကြီးတာပါ .."

သူ ပြောနေမိရင်း .. ငိုချလိုက်တော့ .. ညီမလေး အငိုရပ်သွားသည်။ သူ့ကိုမော့ကြည့်လာသည်။ လက်ဖဝါးလေးတွေ မမီမကမ်းဖြင့် .. သူ့ ပါးပေါ်မှ မျက်ရည်ကိုသုတ်ပေးလာရှာပါသတည်း ..။ သူ .. ညီမလေး ၏ လက်ကို ဆို့နေသည့်ရင် ..။ ရှိုက်သံတွေပွင့်ကျနေရင်းမှ သိမ်းယူ လိုက်မိရပါပြီ။ သူ့လက်ဖဝါးကြီးထဲမှာ အလွန်သေးငယ်သော လက်ဖဝါး သေးသေးဖြူဖြူနုနုလေးရှိနေသည်။ ထိုလက်လေးကို .. သူ .. မျက်ရည် ကျနေရင်း နမ်းနေမိရပါ၏။ ညီမလေး ခုလို .. မမငွေ ကြောင့် .. ထိတ် လန့်ငိုကြွေးခြင်းမဖြစ်ရအောင် .. အချိန်မီ သူ မတားဆီးနိုင်ခဲ့ ..။ မဟန့် တားနိုင်ခဲ့ ..။ ဤအတွက် သူ့ရင်ထဲမှာ မချိ ..။ ရင်သည် ကြေမွနေ၏။ ဤသည်က .. ညီမကို သနားရလွန်း၍ ..။ ချစ်ရလွန်း၍ ....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"အခုကျောင်းဖွင့်ရက်ဆိုရင်ဖြင့် .. နံ့သာပျိုလေး ကျောင်းအပ်ရတော့မယ်လို့ ကိုကြီးညို နဲ့ ဝန်းခြံထဲရှိနေတုန်း တစ်နေ့ကပြောနေမိတယ်လေ .. နံ့သာလေး ကျောင်းတက်ရတော့မယ်ဆိုတဲ့ အသိတစ်ခုက ဒေါ်ကြီးထား နဲ့ ကိုကြီးညို တို့အတွက် ပျော်စရာလည်းဖြစ် .. အစ်ကိုလေးကိုလည်း သတိပိုရစရာလည်းဖြစ်နေတော့ .. ဒီအကြောင်းကို မညည်းငွေ့စတမ်း .. ပြောချင်နေမိတဲ့စိတ်ကြောင့် .. ဒီကလေး .. ဒီနေ့ ဒီလိုအဖြစ်ကြုံရတာ .. ဘာလို့လည်းသိလား .. အဲသလိုပြောမိတဲ့တစ်နေ့ကရယ်ပေါ့ .. ငွေလေး ရောက်လာတာကို သတိမထားမိတာလည်းပါသွားသပေါ့လေ .. ဒေါ်ကြီးထား ကလည်း အိမ်ကြီးကက်ကျောပေးပြီး ပန်းတွေ ပန်းညှပ်ကပ်ကြေးတစ်လက်နဲ့ လှတာတွေ ရွေးညှပ် .. ပန်းခြံထဲထည့် .. ကိုကြီး နဲ့ အဲဒါတွေပြော .. ကိုကြီးညို ကလည်း အိမ်ကြီးဘက်ကျောပေးပြီး ပန်းပင်တွေမြေဆွနဲ့ ရှိနေကြတာမို့ ငွေလေး ပန်းခြံထဲရောက်တာကို မသိလိုက်ပဲဖြစ်ကုန်ကြရတာ .. အဲဒါ .. နောက်က ကပ်ရပ်ပြီးမေးသလေ .. ဟိုကောင်မလေး ကျောင်းတက်ရအောင် .. ငါးနှစ်ပြည့်





လို့လားဆိုတဲ့မေးခွန်း .. အဲဒီတော့မှ အလန့်တကြား နောက်ကို .. ဒေါ်ကြီးထား တို့ မောင်နှမနှစ်ယောက် ပြိုင်တူကြည့်မိကြရတော့တာ.. မဖြေလို့မဖြစ်တာမို့ .. နံ့သာလေး ငါးနှ် အခုလပဲပြည့်တာပါလို့ဖြေရတော့တာပေါ့ .. သူက စိုက်ကြည့်သကွယ့် .. ဘယ့်နှယ်လုပ်သိသလဲတဲ့ .. ဒီကောင်မလေး ဘယ်နေ့မွေးတယ်ဆို သိတာဆိုလို့ ဖေဖေပဲရှိတာတဲ့ .. ဖေဖေကလည်း ရုတ်တရက်ဆုံးတာတဲ့ .. ဟိုကောင့်ကိုပြောခဲ့နိုင်မယ် မထင်ဘူးတဲ့ .. အဲသလို ထိန်သာလေး ကို တောင်ထည့်ပြောတော့ .. ဒေါ်ကြီးထား လည်း ဖြေရတာပါပဲ .. အဲသလို နံ့သာလေး ရဲ့မွေးတဲ့နေ့ရက်ကိုသိတာ ထိန်သာလေး ပါပဲ .. ထိန်သာ ပြောတာပါလို့ဖြေတော့ .. မျက်နှာကြီးပျက်ပြီး .. ဩော် .. ဩော် .. ဖေဖေက အဲဒီဂြိုဟ်စီးဂြိုဟ်နင်းမကောင်းကြတဲ့ ဓာတ်တူနံဘက်နှစ်ကောင်ပေမို့ .. အဲဒီဂြိုဟ်ကောင်မလေးရဲ့ မွေးစာရင်းကို ဖေဖေက အဲဒီကောင်ကို ပေးခဲ့သပေါ့လေ .. ဟင် .. လို့ပြောပြီး ချာခနဲလှည့်ထွက်သွားတာ .. အဲဒီကတည်းက ရင်ထဲတော့ အလေးသား .. တစ်ခုခုတော့ ငွေလေး အပြစ်ရှာပြီး ထိန်သာလေး တို့ မောင်နှမနှစ်ယောက်ကို ရန်လုပ်တော့မယ်လို့ .. ကိုကြီးညိုက မလုပ်လောက်ပါဘူးဟာ .. နေရာတကာအစိုးရိမ်မဖက်စမ်းပါနဲ့လို့ ပြေရာဖြေရာပြောပေးတာ အဟုတ်ထင်မိတာ .. အခု .. အဲဒီ မိဘကန်တော့တဲ့ကိစ္စ .. သူ .. မြင်ဖြစ်အောင်မြင်ပြီး .. လာကြမ်းတော့တာကိုး.."

ဒေါ်ကြီးထား ပြောပြီး သက်ပြင်းရှိုက်သည်။ မမငွေ ဆူဟယ်ငေါက်ဟယ်ဖြင့် ရှိခဲ့လေသမျှ တစ်အိမ်တည်းရှိနေသည်ပဲလေ ..။ မီးဖိုဆောင်ဘက်မှ ဒေါ်ကြီးထား လည်း ကြားရချေသည်သာ ..။ မမငွေ အပေါ်ထပ်တက်သွားပြီးတာနှင့် ဒေါ်ကြီးထား လှုပ်ပဲ့လှုပ်ပဲ့ဖြင့် တုတ်ဖိုင့်ဖိုင့်ကိုယ်ကြီးနှင့် ရောက်လာရှာသည်။ သူ့ရင်ခွင်ထဲမှာ ကြက်ပေါက်စလေး မမွေ့ရင်ခွင်ထဲ ဝင်ကပ်နေသည့် ကြက်ငယ်လေးနှယ် တိုးကပ်နေရှာ မျက်နှာလေး ငိုမဲ့မဲ့ဖြစ်နေရှာသည့် ညီမလေးကို ဒေါ်ကြီးထား ထိခိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ ပြောပြလာခြင်းပါ။ သူ ဘာမျှမပြော ..။ ငိုင်နေမိရပါ၏။ တကယ်က ဖေဖေ သူ့ကို မွေးစာရင်းပေးခဲ့ခြင်းမဟုတ်ပါ။ ဘဘယုန် ထံမှာ အပ်ခဲ့ခြင်း ..။

ဖေဖေဆုံးပြီး တစ်လအကြာမှာကတည်းက ဘဘယုန် သူ့ကျောင်းသို့လိုက်လာသည်။ ညီမလေး၏ မွေးစာရင်းကိုလည်း ပေးသည်။ ညီမလေး၏ မေမေ ဒေါ်ယုမာ အမည်ဖြင့်ရှိသော အိမ်ဂရန်ကိုလည်း ပေးသည်။ နှစ်သုံးဆယ် ဂရန် ..။ နှစ်ထပ်တိုက်ကြီးဖြင့်ရှိပါသည့် အိမ်ဂရန် .. တိုက်ကြီးအတော်သစ်လွှင်လှပသည်ဆိုတာကဖြင့် ဂရန်ထဲမှာ တွဲထည့်ထားပါလေသော အိမ်၏ဓာတ်ပုံကြောင့် သူသိရခြင်း ..။

"သေချာသိမ်းထား လူလေး .. ဘဘယုန် ဆီမှာတော့ မိတ္တူဆွဲထားတဲ့အပိုနှစ်စုံရှိတယ် .. မွေးစာရင်းရော .. ဒီအိမ်ဂရန်ရော မိတ္တူဆွဲထားသေးသကွယ့် .. လောလောဆယ်တော့ ဘဘယုန် အဲဒီအိမ်ကြီးမှာ နေနေရတယ် .. လူလေးရဲ့ ဖေဖေ .. စီစဉ်ထားတာလေ .. ဘဘယုန် အဲဒီအိမ်ကို စောင့်ရှောက်ပေးပါ .. အဲဒီမှာနေပါဆိုတာပေါ့ .. သူကတော့ သူ သက်ရှိထင်ရှားရှိနေမယ်လို့ပဲ ထင်ထားတာပါ .. အစ်ကိုလေးခမျာ သူ ရွာမှာပဲနေတော့မှာမို့ .. မြို့ကအိမ်ကိုဖြင့် ဘဘယုန် ပဲနေပြီး စောင့်ရှောက်ပေါ့ .. သူလည်း မြို့တက်တဲ့အခါ အဲဒီမှာပဲနေမယ်ပေါ့ .. အဲသလို .. လာရင်းသွားရင်းနဲ့လည်း .. အိမ်ကြီးကို တစ်ခုခုပြင်ဆင်ဖို့လိုလာရင်လည်း သူ လုပ်ပါ့မယ်ပေါ့ .. ဒါ .. သူ့သမီးလေးအတွက် အမွေပေါ့ .. အဲသလို ပြောခဲ့တာ .. အခုတော့ လူလေးရဲ့ ဖေဖေ .. ဘဘယုန် ရဲ့ အစ်ကိုလေးလည်း မရှိတော့တာမို့ ဒီ မွေးစာရင်းလည်း လာပေးရင်း ဒီအိမ်ဂရန်လည်း လာပေးထားတာပါ .. ညီမလေးအတွက် သေချာထိန်းသိမ်းစောင့်ရှောက်ပါ လူလေးရယ် .. ဘဘယုန် .. အဲဒီမှာနေတာတော့ နေမယ် .. အောက်ထပ်ကို အငှားချထားလိုက်မယ် .. ဝင်ငွေလည်းရောပေါ့ .. အိမ်လည်း နှစ်ကြာလာရင် ပြင်ဖို့ဆင်ဖို့ရှိလာနိုင်မယ်လေ .. အဲ





ပိုက်ဆံနဲ့ ပြင်[redacted]လူလေးရယ် .. ဘဘယုန် ကတော့ .. လူ[redacted] ရဲ့ ဖေဖေ ရှိစဉ်[redacted]းက .. လစာကောင်းကောင်းပေး .. ဘဘယုန် အတွက် .. ငွေစုစာအုပ်လည်းလုပ်ပေး .. သူပဲ ပိုက်ဆံတွေစုအောင်းပေး .. ရှိတာမို့ .. ပြီးတော့ .. ဘဘယုန် အတွက်လည်း အိမ်ငယ်လေးတစ်လုံးနဲ့ .. ခြံကွက်လေးအပိုင်ရှိအောင် ဝယ်ပေးခဲ့တာမို့ .. အဲဒီအိမ်လေးငှားလို့ရတဲ့ပိုက်ဆံ .. ဘဘယုန် ရဲ့ ငွေစုစာအုပ်ထဲကပိုက်ဆံနဲ့ .. နေလို့လုံလောက်ပါတယ် .. ပိုလျှံပါတယ်ကွယ် .. ဘဘယုန် ရဲ့ ကျေးဇူးရှင်အစ်ကိုလေးအပေါ် သစ္စာမြဲမြဲနဲ့ .. နေသွားမှာပေါ့ .. ဘဘယုန် ကို စပျစ်ခြံမှာလုပ်ဖို့လည်း အစ်ကိုလေး ပြောခဲ့ဖူးသေးတယ် .. အဲဒါ .. လူလေးရဲ့ ဖေဖေမရှိတော့ ဘဘယုန် ကို ငွေလေး က အလုပ်ပယ်ဖြုတ်ပစ်ခဲ့တာကွယ့် .. စပျစ်ခြံကိုတော့ ကပ်လို့တောင်မရအောင်ဖြစ်ခဲ့ရတော့တာ .."

ဟု ပြောပြသမျှ သူ ကြားရ ..။ ဘဘယုန် ပေးသည့် မွေးစာရင်းနှင့် အိမ်ဂရန်ကိုယူခဲ့ရ ..။ အိမ်ရောက်တော့ ခုတင်မွေ့ရာထူကြီးအောက်မှာ အလယ်လောက်မှာ ထိုဂရန်နှင့် မွေးစာရင်းကို စက္ကူအိတ်ကြီးဖြင့်ထည့်၍ ဖွက်ထားခဲ့ရခြင်းပါ။ ထိုခုတင်သည် ဖေဖေရှိစဉ်က အောက်ထပ်မှာ နားနေချိန် .. အိပ်ချင်အိပ် ..။ လှဲရင်းစာဖတ်ချင်ဖတ်ခဲ့ပါသည့် ခုတင် ..။ ပြော် .. ဖေဖေဆုံးပြီးတော့ .. သူရော ညီမလေးရော .. ဤအောက်ထပ်ရှိ ဖေဖေ့ နားနေခန်းသို့ ပြောင်းခဲ့ရသည်ပဲလေ ..။ ဖေဖေမြေချသည့်နေ့ အိမ်ပြန်ရောက်တာနှင့် အပေါ်ထပ်ဆီမှ အောက်ထပ်ပြောင်းခဲ့ရပါသည့် သူ့ဘဝ ..။ ဖေဖေ ဆုံးပြီး တစ်လလောက်ကျတော့ .. ထိုခုတင်မှာပဲ .. မွေ့ယာအောက်မှာ .. ထိုမွေးစာရင်းနှင့် အိမ်ဂရန်ကို သူ ဖွက်ခဲ့ရသည်တည့် ..။ မမငွေ သာ မြင်လျှင်ဖြင့် ဆွဲဆုတ်ပစ်မှာ သေချာနေသည်။ အိမ်ဂရန်ရှိ တိုက်ကြီးကိုမြင်လျှင်လည်း ထိုမျှ ခမ်းခြားနားကြီး ဒေါ်ယုမာ အတွက် ဆောက်ပေးရကောင်းလားဟု ဈေ့ဈေ့ခါအောင် မမငွေ



www.burmeseclassic.com

www.burmeseclassic.com



ဒေါသဖြစ်ချေဦးတော့မည်။

"မဖြစ်ဘူး .. ငါ .. မနက်ဖြန်တနင်္လာနေ့ .. မမငွေ ဆန်စက်သွား ပြီး မှ ငါ စပျစ်ခြံသွားမယ် .. အဲဒီ စပျစ်ခြံအိမ်မှာ အဲဒီပစ္စည်းနှစ်ခု ဝှက်ရမယ်၊ ဒုက္ခပါလား .. ဒီနေ့တော့ .. အိမ်ကထွက်လို့ကို မကောင်း တော့ဘူး .. မမငွေ ငါ့အခန်းထဲဝင်မွှေမှာစိုးရတယ် .."

မမငွေ သည် အရှမ်းပိရိသူ ..။ မွေးစာရင်းကိုစွ မမငွေ ခေါင်းဂဲ ထည့်ထားပြီး ကောက်ကာငင်ကာ မွေးစာရင်းရှာမှာသေချာနေသည်။ စပျစ်ခြံအိမ်ကိုလည်း မမငွေ လာတတ်သည်ပါပဲ ..။ ဘယ်မှာဝှက်ဝှက် .. မမငွေ က‌ေတာ့ ရှာမည်သာ ..။

"ခက်ပြီပဲ .. ငါ .. ဘယ်မှာဝှက်ရပါ့ .. ငါကလည်း စပျစ်ခြံသွား သွား နေရတာ .. အိမ်မှာလည်း ထားခဲ့လို့မဖြစ်ဘူး .. စပျစ်ခြံမှာလည်း အမြဲနေရတာမဟုတ်ဘူး .. မနက်သွား .. ညနေပြန် .. အဲသလိုရှိရတာ ဟိုမှာ ရက်ကြာမယ်ဆိုရင်လည်း ငါနဲ့ ညီမလေးတို့ တူတူ ပါ့မှာကြာကြာ နေဖြစ် .. မနက်သွား ညပြန်ဆိုရင်လည်း .. ငါနဲ့ ညီမလေး .. တူတူ မနက်သွား ညပြန်နဲ့ အဲသလိုပဲ မခွဲမခွာရှိနေရတာ .. ခု .. ဒီပစ္စည်းနှစ်ခု မမငွေ ဟိုမှာလည်း ငါ မရှိတုန်း ဝင်မွှေရှာနိုင်သလို .. ဒီမှာလည်း ဝင်မွှေ ရှာနိုင်တယ် .. ဝှက်ရမယ် .. ဘယ်မှာ ဝှက်ရမလဲ .. အဲဒါပဲခက်တာ ခက်တာ .."

သူ ဦးနှောက်တွေဆူလာပွက်လာသည်။ မမငွေ သည် အရိပ်မည်း ကြီးတစ်ခုနှယ် ညီမလေးအပေါ်မှာ အမုန်းတရားတွေဖြင့် အမြဲအုပ်မိုး ထားတာ သူ သိသည်ပဲလေ ..။ သူ့အပေါ်လည်း မမငွေ သံယောဇဉ် မရှိ။ ချစ်လည်းမချစ် ..။ မေမေ့ကို သတ်သည့် ထိန်သာ ဆိုသည့် ခံစား ချက်ပဲ မမငွေ မှာရှိသည်။ ဒါပေမယ့် သူ သိထားသည်လေ ..။ သူ့ကို မုန်းသည့်အမုန်းထက်ပိုသော အမုန်းဖြင့် ညီမလေးကို မမငွေ ရန်လိုနေ သည့်ကိစ္စ။ သူ အသိဆုံး ..။ မိဘမဲ့ဂေဟာသို့ပင် ပို့ခဲ့သေးသည်ပဲလေ





သူ .. ညီမလေးကိုပွေ၍ အခန်းဝါခါးမကြီးကိုပိတ်သည်။ ဒေါ်ကြီးထား လက်ထဲ ညီမလေးကိုထည့်သည်။ မွေ့ယာကြီးကိုဖယ်၍ အလယ်ဆီမှ ကျူအိတ်ကြီးကိုယူသည်။

"ဒေါ်ကြီးထား .. ညီမလေးနဲ့ ထိန်သာ .. ခဏအပြင်ထွက်မယ်.. အရေးကြီးတယ် .. မမငွေ မေးရင် .. စပျစ်ခြံသွားမယ်လို့ပြောသွားတယ် ဒို့ပဲ ဖြေပေးပါ .."

ဟု ပြောကာဆိုကာဖြင့် လွယ်အိတ်ထဲ စက္ကူအိတ်ကိုထည့် ..။ ခပ် သုတ်သုတ်ထွက်ဖို့ပြင်သည်။

"အိပ်ရာကိုတော့ ဒေါ်ကြီးထား ပဲ သပ်သပ်ရပ်ရပ် ပြန် ်ထားပေး ပါ .. မွေးစာရင်းပျောက်လို့မဖြစ်ဘူးဗျ .. အဲဒါ .. သွားဝှက်မလို့ .. ခု သွားမှဖြစ်မှာ .. ဒီကိစ္စပြီးမှာမဟုတ်ဘူးဗျ .. မမငွေ မွေ့မှာ .. ရှာမှာ သေချာတယ် .. တွေ့လို့ကဖြင့် ဆွဲဆုတ်ပစ်နိုင်တယ် .."

သူပြောပြီးတာနှင့် ညီမလေးနှင့်အတူ ကားဖြင့်ထွက်ခဲ့ရပါ၏။ မြို့တက် ..။ ဘဘယုန် ကို တွေ့ ..။ အကျိုးအကြောင်းပြောကာ မွေး စာရင်းနှင့် ဂရန်ကိုပြန်အပ် ..။ ပြီးတော့မှ ပြန်ခဲ့ရပါ၏။ ညီမလေးကို ကြည့်ရတာ နွမ်းနေသည်။ အိပ်ချိန်မှာလည်း မအိပ်လိုက်ရ ..။ မမငွေ ဆသောင်းကျန်း၍ ဆူဟယ်ဝေါက်ဟယ်နှင့် လုပ်ခဲ့သမျှ လန့်ခဲ့ရှာပါသည့် ညီမလေး ..။ လုံးဝငြိမ်နေသည်။

"အင်း .. ငွေလေး က တယ်ပြီးအမုန်းကြီးသကိုး .. ခက်သကွယ်.. တာပဲဖြစ်ဖြစ် .. ထိန်သာလေးလို အစ်ကိုတစ်ယောက်ရှိနေခြင်းဟာ.. ဒီကလေးအတွက် .. ကြီးမားသော အရိပ်ပေပဲ .. အရိပ်ပေပဲ .."

ဟု ဘဘယုန် စက္ကူအိတ်ကိုယူခဲ့စဉ်က ကြေကြေမွှေမွှေပြောခဲ့ သည့်စကားကို ခုပြန်၍ ကြားနေမိရဆဲပါ ..။ သူ .. ကားမောင်းနေရင်း ။ ညီမလေး၏ ဆံစလေးကို လက်တစ်ဖက်ဖြင့် ပွတ်ပေးမိပါ၏။ ညီမလေးကိုယ်လေး လှဲလိုက်ကာ သူ့ ပေါင်ပေါ်မှ ခေါင်းလေးတင်ရှာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မျက်တောင်လေးစင်းလာရှာသည်။ သူ ရင်ထဲမကောင်း ...။

"ငါ့ညီမလေး .. မမငွေ လာခေါက်လိုက်ကတည်းက .. စကားကို မပြောတော့တာ .. အရမ်းလန့်သွားရှာတယ် .. မျက်နှာလေး ညှိုးချော်နေရှာတာပဲ .. ဖေဖေ့သမီးလေးဆိုတာလောက်တော့ မမငွေ့ ထည့်ပေးသင့်ပါတယ် .. ညီမလေးပဲလေ .."

သူ တွေးနေမိရာမှ ညီမလေးကို ငုံ့ကြည့်နေမိရသည်။ လက်ဖဝါးတစ်ဖက်က နဖူးလေးသပ်လိုက် ...။ ခေါင်းလေးသပ်လိုက် ...။ လက်ကလေးသပ်လိုက် ...။ ပေါင်လေးပုတ်ပေးလိုက်ဖြင့်ရှိနေရပါ၏။ နောက်တော့ ညီမလေး၏နားရွက်ဖြူဖြူလေးကို ကြည့်မိသည်။ နားပေါက်ဖောက်မထားရသေးသော ညီမလေး ...။

"ငါ့ညီမလေး ကျောင်းတက်ရင် .. နားပေါက်လည်းမရှိ .. နားဆွဲလည်းမရှိရင် ဘယ်ဖြစ်မလဲ .. ငါ စုထားတဲ့ပိုက်ဆံနဲ့ .. ညီမလေးအတွက်နားဆွဲလေးဝယ်ပေးဖို့လိုနေပြီ .. ဟုတ်တယ် .. ငါ့လွယ်အိတ်အတွင်းအိတ်ငယ်ထဲမှာ လိုရမယ်ရဆိုပြီး ခြေစောင့်လက်စောင့်ထည့်ထည့်ထားတဲ့ ပိုက်ဆံတော့ အခု ပါလာတာပဲဥစ္စာ .. ဟုတ်ပြီ .. ညီမလေးကိုနားဆွဲလေးဝယ်ပေးမယ်၊ ညီမလေးလည်း ငါနဲ့ တူတူရှိနေတာပဲဥစ္စာ-သူ ကြိုက်တာလေးရွေးပေ့စေ .. ကလေးမျက်စိနဲ့ ကလေးကြိုက်တာရွေးပေ့စေ .. ဒါဆို .. ငါ့ညီမလေး .. ဒီနေ့ဖြစ်ခဲ့တာတွေ အတန်တော့မေ့လျော့သွားရှာမယ် .. ပျော်သွားရှာမယ် .."

အတွေးဖြင့် သူ .. ကားကို မြို့လယ်ဘက်သို့မောင်းခဲ့မိရပါပြီ ...။ မြကျွန်းသာရတနာရွှေဆိုင်ကြီးရှေ့မှာ ကားကိုရပ်သည်။ လွယ်အိတ်ကြီးလွယ်ကာ ညီမလေးကိုလည်း တစ်ဖက်က ပွေ့၍ ဆိုင်ထဲဝင်မိရပါ၏။ ရွှေထည်တွေပြထားရာ ရှိုးကေ့(စ်)ကြီးတွေရှေ့မှာ သူ လျှောက်ကြည့်သည်။ ကလေးနားဆွဲလေးတွေ ပြထားရာရှေ့ရောက်တော့ ရပ်လိုက်မိရပါ၏။ ညီမလေးကို သူ ပြုံး၍ကြည့်မိရပါပြီ ...။ အံ့ဩဖို့ကောင်းသည်





... ညီမလေးသည် ကျောက်ရောင်စုံလေးတွေလှဲ့လှဲ့ဖြင့် ရှိရှိနေကြပါသည့် နားကပ်၊ နားဆွဲလေးတွေကို စိတ်ဝင်စားဖော်မရှိခြင်းပဲဖြစ်နေသည်။

"ငါ့ညီမလေး .. နားဆွဲဆိုတာလေးတောင် နားမလည်ရှာတဲ့အရွယ်လေး .. ပြီးတော့ .. လောဘစိတ် .. မက်မောစိတ်ကိုမရှိတဲ့ကလေး .. ...မက်စိတ်နည်းလိုက်တာ .. လိမ္မာလိုက်တာ .. ဒီလောက်လှလှပပ.. ...က်ဝတ်ရတနာတွေကို .. ကြိုက်ရမှန်း .. မက်ရမှန်းမသိနားမလည်ရှာ...ဲ့ ကလေး .."

သူ ရင်ထဲမကောင်း၏။ ဤသို့ဘာမျှမသိသေးသည့် ကလေးကို ...က်ညှိုးငေါက်ငေါက်ထိုး၍ ရန်လိုမာန်လိုပြောခဲ့ပါသည့် မမငွေ ၏ ...က်နှာထိမျက်နှာထားကြီးနှင့် ဟန်မာန်ပြင်းထန်မှုတွေကို ကလေးမဆို ...းနှင့် ...။ သူပင် လန့်လောက်အောင် ဆိုးဝါးသည်ပဲလေ။ သူသာ .. ...ီမလေးဖြင့် ရှေ့မှ ရင်ကိုဆီးကာ .. တုန့်ပြန်ပြောခဲ့ရခြင်းပါ ...။ သူ ငယ်ဘုန်း...ဆို .. ဖေဖေ့ မျက်ကွယ်မှာ သေးကာတာ ထိန်သာလေး ဆိုသည့် ဘဝ... အဘယ်မျှထိ မမငွေ ဆွဲဆောင့်လိုက် ...။ ကျောထုရိုက် ...။ ငေါက်...ိုက် ...။ တစ်ခါတစ်ခါကျတော့လည်း လုံးဝမကြည့်ဘဲ တမင်တကာ...ောင်ဖယ်ဖယ်နေလိုက်ဖြင့် လုပ်သမျှကို သူခံခဲ့ရသည်ပဲ။ ကြောက်ခဲ့ရ...ည်ပဲလေ ...။ ညီမလေး ရောက်လာမှ ...။ ညီမလေးဖြင့် .. သူ .. ...တွေမွေးတတ်လာခဲ့ခြင်းပါတည့် ...။ မမွေး၍လည်း မဖြစ်။ ညီမလေး...ို မမငွေ စိတ်ဓာတ်အရာ သိမ်ငယ်...ောင် လန့်အောင်လုပ်လိုက်မှာတွေ...ို သူ မခံနိုင် ...။

"ညီမလေး .. ဒီနားဆွဲထဲက .. ဘယ်ဥစ္စာ...သားကြိုက်လည်းဟင်.. ကြည့် .. ကြည့် .."

ဟု ပြောတော့လည်း သူ လက်ညှိုးထိုးရာ မှန်ရှိုးကေ့(စ်)ကြီးကို ကြည့်သည်။

ညီမလေး ငေးကြည့်နေပေမယ့် ထို လိုးလိုးလက်လက်ပစ္စည်းတွေ



www.burmeseclassic.com

www.burmeseclassic.com



သည် ဘယ်မှာသုံးသည်ဆိုတာ သဘောပေါက်နေပုံမရ ..။ သူပြုံး၍—

"ဒီက မမလေးကိုကြည့် .. တွေ့တယ်နော် .. နားဆွဲလှလှလေး ဆွဲထားတာလေ .. ညီမလေးကိုလည်း ဆွဲပေးမလို့ .. ရွှေ .. ရွှေ .."

ဟု ပြောတော့မှ ကောင်တာမှ မမလေးကိုကြည့်သည်။ နောက်တော့ .. လက်နုဖြူဖြူလေးတွေ သူ့ပခုံးကို ထိပွေ့လာသည်။

"ကိုကို .."

ခပ်တိုးတိုးခေါ်သည်။ သူပြုံး၍ ဆံစလေးကို သပ်ပေးမိကာ ...

"ပြောလေ ညီမလေး .. ဘယ်ဟာလိုချင်လည်း ပြော .."

ဟု နှုတ်ခမ်းလေးနမ်းကာပြောမိခိုက် ...

"အိမ်မပြန်တော့ဘူးနော် .. ကြောက်တယ် .."

ဟု ပြောကာ စတင်၍ ခပ်တိုးတိုးရှိုက်လာသည်။ နောက်တော့ သူ့ရင်ဘတ်မှာ ခေါင်းလေးကပ်၍ ..။ မျက်နှာလေးကပ်၍ ငိုရှာသတည်း— သူ ဘယ်လိုမှ မျှော်လင့်မထား။ ညီမလေး ပျော်သွားမည်ဟု ထင်မိခဲ့လေသမျှ ... ခုကျတော့ ငို၍ ရင်ထဲဆို့တက်လာရပါပြီတည်း။ ဩော် .. ညီမလေးခမျာ .. မမငွေ ကို ခုထိလန့်နေဆဲပါတကား ..။ ထိုလန့်နေခြင်းမှတစ်ပါး ဘာကိုမျှ အာရုံထဲမထားနိုင်ရှာ ..။ သူ .. ညီမလေး၏ နဖူးလေးကို နမ်းသည်။ ပါးလေးကိုနမ်းသည်။ ဆံစလေးကို သပ်ပေးမိသည်။ မျက်ရည်လည်းလိုက်၍ လည်လာမိရပါ၏။

"ညီမလေး ရင်ထဲမှာ မြဲသွားတဲ့ အဲဒီအကြောက်တွေကို .. ဆွဲနုတ်လို့မှမရပါတော့လား ... ဖေဖေရေ .. သားလေ .. ညီမလေးအပေါ် မကာကွယ်ပေးနိုင်ပဲဖြစ်သွားရပြန်ပြီကောဗျာ .. ညီမလေး ခံစားနေတာမြင်ရလေသမျှ .. သား .. ရင်ထဲကျေနေရပါပြီ ဖေဖေရယ် .. ကြေမွနေကြရပါပြီ .. တကယ်တော့ .. မမငွေ ရဲ့ ညီမလေးအဖြစ် .. ရောက်မလာရင် ကောင်းသားလို့ သား မတွေးချင်ဘူး ဖေဖေ .. မမငွေ ရဲ့ ညီမလေးအဖြစ် ရောက်လာမှ .. သားရဲ့ ညီမလေးအဖြစ်လည်း ရောက်လာရှာ





... တကယ်က .. တကယ်က .. မမငွေ ဟာ .. သားရဲ့အစ်မ .. ညီမလေး .. အစ်မအဖြစ် ရောက်မလာရင် ကောင်းမှာ .. ကောင်းမှာ .."

ဟု မချိတင်ကဲတွေးရာမှ ညီမလေး၏ ကျောကိုသပ်ပေးကာ ...

"ဘာကြောက်စရာရှိလို့လည်း ညီမလေးရဲ့ .. ကိုကို ရှိတယ်လေ .. တွေ့တယ်မဟုတ်လား .. ကိုကို အရပ်လည်းမြင့်တယ် .. ဗလလည်းရှိတယ် .. ညီမလေးရှေ့မှာ အမြဲရှိမှာ .. ညီမလေးကို ပွေ့ထားမှာ .."

ဟု ပြောရသည်။ အနီရောင်ကျောက်စီနားဆွဲလေးကို သူ ရွေး၍ ...သည်။ အရောင်းကောင်တာမှ တာဝန်ကျမိန်းကလေးမှာလည်း သူတို့ ...ောင်နှမကိုချစ်ကြသည်ကောလေဆိုသည့် အကြည့်ဖြင့် ငေးကြည့်ခဲ့ ..။ ... ရွေးရာ နားဆွဲလေးကိုလည်း သေချာရတနာဘူးငယ်လေးဖြင့် ထည့် ...ခဲ့ ..။ ကျသင့်ငွေရှင်းတော့လည်း ပြုံး၍ယူ ..။ ဘောက်ချာလေး ...တ်၍ သူ့ကိုပြန်ပေးခဲ့ပါ၏။ သူ .. ညီမလေးကိုပွေ့၍ ဆိုင်ထဲမှထွက် ...သည်။ ကားမောင်းတော့လည်း ညီမလေးကို ဘေးထိုင်ခုံမှာ ထိုင်စေပြီးမှ ...ခေါင်းလေးကို သူ့ပေါင်ပေါ် အုံးလှဲစေခဲ့ရသည်ပါပဲ။ လက်ဖဝါးတစ် ...ထ်က ညီမလေး၏ခေါင်းလေးကို ပွက်၍ပွတ်၍ သပ်၍သပ်၍ ချော့သိပ် ...သလိုလုပ်ပေးနေမိသည်။

"ပင်လုံးဝေဝေဆာ ×× ရွှေကံ့ကော် မာလာပန်းဖြာလန်းရှာ.."

သူ ရွှေကံ့ကော်တေးကို ဆိုနေမိရပါပြီ ..။ ကားကို တောက်လျှောက် ...မောင်းလာမိသည်။ ရွာထိပ်မှာ ပွဲခင်းရှု၏။ ရွာဦးစေတီ တပေါင်းဘုရား ...တော် ..။

သူ .. ကားနောက်ခန်းမှာရှိလေသော ထီးဂြ...ကိုယူသည်။ ဤသည် ...ဖြင့် .. စပျစ်ခြံသွားလည်း ညီမလေး နေပူမထိအောင် ကားပေါ်ကဆင်း ...ာနှင့် ထီးကြီးဖွင့် ..။ ညီမလေးကိုပွေ့၍ အိမ်ထဲဝင် ..။ ခြံထဲဟိုသို ...သည်သည်သွားလျှင်လည်း နေရာတကာ အစ်ကိုနောက် တကောက် ...ကောက်ပါသည့် ညီမလေးကို ပွေ့ ..။ ထီးကြီးဆောင်း၍ သွား ..။ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်မို့ .. ခု ပွဲခင်းလည်တော့မည်ဟု ဆုံးဖြတ်ချက်ဖြင့် ညီမလေး
စိတ်ပြောင်းအောင် ပျော်အောင် ပွဲ င်းအလည်ခေါ်မိလိုက်ရပါပြီတည်း ..
ထုံးစံအတိုင်း မောင်နှမနှစ်ယောက် ထီးကြီးတစ်လက်၏ အရိ
အောက်မှာ ရှိနေရင်း။ အစ်ကို ညီမကိုပွေ့ရင်းဖြင့် လျှောက်လာမိ
သည်။ ညီမလေး ငြိမ်နေ၏။ သူ့ ပခုံးပေါ် လက်ကလေးတင်ထားကာ
လိုက်လာရှာသည်။

ညီမလေး လိုချင်သည်ဟု ယခင်က မကြာခဏပူဆာတတ်သော
ဝယ်ပေးခဲ့ဖူးသော ပင်တာအရုပ်လေးဝယ်တော့လည်း ရယ်မောတာမ
ဘောလုံးတွေဝယ်တော့လည်း ငြိမ်နေသည်။ ဂါဝန်လှလှလေးတွေဝ
တော့လည်း မျက်နှာအညိုးမပျောက် ..။ သူသာ လက်ဆွဲအိတ်တွေမ
လာပြီ။ ညီမကို တစ်ဖက်ကပွေ့ ..။ ထီးကောက်ကြီးထဲ လက်ဆွဲအိတ်
လက်ကိုင်ကွင်းတွေ ချိတ်ချိတ်ပြီး ထီးဆောင်းသည့်ကိစ္စလည်း အပျ
မခံဘဲ မောင်နှမနှစ်ယောက် ပွဲခင်းထဲ နေပူအောက်မှာ ဟိုသည်သွား
ထီးရိုက်ဘစ်ခုအားဖြင့် နေအပူကို အံတု၍ နေခဲ့ရလေသမျှမှာ ...

"ကိုကို .."

ဟု ညီမလေး စတင်၍ခေါ်လာတော့ သူ ညီမလေးကိုကြည့်မိရ
၏။ ရင်ထဲမကောင်းနိုင်။ ငိုမဲ့မဲ့လေး မော့ကြည့်နေသည့် ညီမလေး

"အိမ်မပြန်ဘူးနော် ကိုကို .. ကြောက်တယ် .."

ဟု ပြောတော့ သူ ညီမလေးကို မကြည့်ရက် ..။ ခေါင်းသည်ငုံ
၏။ မျက်ရည်သည်ကျ၏။ ညီမလေး၏ နဖူးလေးကို နမ်းမိ၏။

"သနားလိုက်တာ ညီမလေးရယ် .. ဟင် .. ကိုကို သနားလိုက်တာ

သူ တိုးသဲ့သဲ့ပြောမိချိန်မှာ ညီမလေး ငိုလာသည်။ ကြောက်ရွံ
ခြင်း ..။ အစ်ကို၏ ရင်ဘတ်မှာ ခေါင်းလေးကပ်၍ ..။ အစ်ကိုသည်
အားကိုးရာတစ်ခုတည်းအဖြစ်ရှိနေသည့် ဘဝလေးမှာ ငိုနေခြင်း ..။

"ကြောက်တယ် .. အိမ်မပြန်ဘူးနော် ကိုကို .."





အလွတ်ကျက်ထားသော ကြက်တူရွေးလေးလို ရင်ထဲအလွတ်ကျက်
သွားပြီဖြစ်သည့် ကြောက်စိတ်ဖြင့် ပြောနေသည့် ဆက်တိုက်ပွင့်ကျလာ
နေသော့စကား ..။ ညီမလေး၏ ရင်ထဲမှာ .. စွဲထင်သွားသော အကြောက်
တရား ..။ သူ .. မျက်စိကိုမှိတ်လိုက်မိသည်။

"ဖေဖေ .. သားမှာလည်း .. ဖေဖေကလွဲလို့ တမ်းတပြောစရာမရှိ
တဲ့ဘဝပါ ဖေဖေ .. သားကိုကယ်ပါ .. ညီမလေးကိုကယ်ပါ .. ညီမလေး
ရင်ထဲက မမငွေ ကို ကြောက်တဲ့အကြောက်တွေကို .. ဖေဖေ ဆွဲထုတ်
ပေးပါ .. ဆွဲထုတ်ပေးပါဗျာ .."

သူ ရင်ထဲနင့်နင့်ပါအောင် ဆို့တက်နေရင်း ဖေဖေ့ကို တမ်းတနေမိ
သည်။ အကူအညီတောင်းနေမိသည်။ နောက်တော့ ညီမလေးကို ခေါင်း
လေးသပ်မိကာ ..

"ကောင်းပြီ .."

ဟု စတင်၍ပြောမိ၏။

"ကိုကိုတို့ .. အိမ်မပြန်ဘူး .. ဟုတ်ပလား .. စပျစ်ခြံမှာ နေကြ
မယ် .. မမငွေ လာရင် .. အိမ်တံခါးပိတ်ထားမယ် .. ဟုတ်ပလား .."

ဟု ပြတ်ပြတ်သားသား လေသံ ..။ မာမာကျွတ်ကျွတ်လေသံဖြစ်
အောင် ကြိုးစားရင်း သူ ခပ်တင်းတင်း ဟန်ကြီးပန်ကြီးတွေဖြင့် ပြောရသည်။
မှ .. မမငွေ ကို သူ ရင်ဆိုင်ရဲသည်ဟု ညီမလေး အားတက်ချေမည်ပေါ့..။

ညီမလေး သူ့ရင်ဘတ်မှာ ခေါင်းလေးကပ်ထားဆဲ ..။ ငိုနေဆဲ ..။
ညီမလေး၏ ငိုသံသည် .. သူ့နှလုံးသား၏ အရေခွံနုနုလေးကို ဆုတ်ခွာ
နေသည်သို့ ခံစားနာကျင်နေရသည်တည့် ...။

တုန်ခါနေသည့် သူ့လက်တွေက ညီမလေး၏ ကျောပြင်လေးကို
ညင်ညင်သာသာ သပ်ပေးနေမိရဆဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"တောင်ထရံက ဂျိုးဂျိုးဂျက်ဂျက်
မြောက်ထရံက ဂျိုးဂျိုးဂျက်ဂျက်
အိမ်မြှောင်ယက္ကန်းရက်သကို
ပုရွက်ဆိတ်က မလိမ်တမာ
ရက်ဖောက်တောင်း၊ ခါးစောင်းတင်လို့လာ ...
မဆိုကောင်းဘူး ယောက်ဖရယ်
တောင်သမန်သာတဲ့အင်း၊ ငါးကြင်းက ခြေသည် ..."

သူ တေးကဗျာလေးဆို၍ဆို၍ ညီမလေးကို ရင်ခွင်မှာထား[illegible] ကျောလေးပုတ်လိုက် ...။ ခေါင်းလေးသပ်လိုက် ...။ ပေါင်လေးပုတ်[illegible] ဖြင့် ချော့သိပ်ပေမယ့် ခုထိ ညီမလေးမအိပ်ရှာ ...။ စပျစ်ခြံအိမ်လေး[illegible] မောင်နှမနှစ်ယောက် ခုတင်လေးထက်မှာရှိနေခြင်း ...။ ခြေတွဲလွဲချ[illegible] နေသည့် သူ့ရင်ခွင်မှာ ညီမလေးသည် သူ့ကို မော့ကြည့်နေ၏။ ည[illegible] လည်း ညီမလေး ဟက်ဟက်စက်စက်မစား ...။ ညီမလေး ကြိုက်သ[illegible] ကြက်ဥပြုတ်ထက်ခြမ်းခွဲ ခရမ်းချဉ်သီးချက်နှင့် ပဲဟင်းချိုဟင်းရည်[illegible] ဤအခါမှာတော့ ညီမလေးအတွက် အရသာဖြစ်မနေ ...။ သူလည်း[illegible]





ထဲကောင်း ...။ သိသိသာသာ မျက်နှာလေးညှိုးနေသည်မှ .. သွေ့ချောက် ချောက်ပင်နိုင်လာသည်ဟု သူ ထင်လာသည်။ လူဆိုတာ အရမ်းထိတ် လန့်ကြောက်ရွံ့သွားချေလျှင် အသားအရေပင် ချောက်သွေ့သွေ့ဖြစ်ကုန် ဘတ်သည်ကောဟု သူ နားလည်လာနေရပါသည့်အဖြစ် ...။

သူ့ မြင်ယောင်လာမိသည်က .. သူ့ငယ်ဘဝ ...။ မျက်နှာထားကြီး အရမ်းတည်တင်းပါလေသော မမငွေ ...။ သူ ငယ်ငယ်ပဲရှိသေးသည်။ သူငယ်တန်း လပတ်အောင်လက်မှတ်လေးကိုင်၍ အိမ်ကိုဝမ်းသာအားရ ပြန်လာသည့် သူ့မှာ ...။ ဤလက်မှတ်လေးကိုပြစရာဆို၍လည်း ဒေါ်ကြီးထား တို့နှင့် မမငွေ ပဲရှိသည်လေ ...။ အဒေ့ထဲ ဒေါ်ကြီးထား က ရေချိုးနေ သည်။ ဘဘညို က ရှိမနေ ...။ အပြင်က ပြန်မရောက်သေး ...။ တိုက် တိုက်ဆိုင်ဆိုင် မမငွေ ကို အပေါ်ထပ်မှ ဆင်းလာတာနှင့် ကြုံတာမို့ အရဲစွန့်၍ ...

"မမငွေ .. သား ပထမရတယ်သိလား .. ဒီမှာ .."

ဟု မော့၍လည်း ကြည့်မိ ...။ မျှော်လင့်ချက်ကြီးတွေဖြင့် မော့ပြော မိသည်။ ခြော် .. မဝံ့တဝံ့မျှော်လင့်ချက် ...။ ဒါပေမယ့် .. ထို မဝံ့တဝံ့ မျှော်လင့်ချက်သည် ကြီးကြီးမားမား သူ့ရင်ကို လှုပ်ရှားနေစေသည်တည့်...။ မမငွေ တစ်ချက် သူ့ကို စိုက်ကြည့်သည်။ နောက်တော့ ခပ်မဲ့မဲ့ပြုံးကာ ဒီပို့ကဒ်လေးကိုယူ၍ကြည့်သည်။

နောက်တော့ သူ့လက်ထဲပြန်ထည့်သည်။

"နင့်လို မျက်နှာမှာ အမှတ်ကြီးနဲ့ .. ဘယ်ကြားထဲရောက်ရောက်.. တစွေ့ရုပ်ပေါက်နေတဲ့ဥစ္စာ .. နင် စာတော်တော့ရော .. ဘာဖြစ်မှာကျ လို့ .. ဆရာဝန်ဖြစ်ရင်လည်း နင့်မျက်နှာ လူနာတွေတွေ့တာနဲ့ .. လန့် ကုန်ကြမှာပဲ .. ဒီမှာ ထိန်သာ .. နင်ဟာ လူဖြစ်လာတာနဲ့ အမေ့ကို သေခိုင်းခဲ့တဲ့ကောင် .. နင် စာတော်လို့ ပထမပဲရရ .. နင် ညံ့လို့ အောက်ချီး ပဲရရ .. ငါကတော့ .. ဘာမှမခံစား ရဘူး .. နင် ပထမရလို့လည်း ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



မသာဘူး .. နင် ဘိတ်ချိုးရလို့လည်း ငါ ဝမ်းမနည်းဘူး .. နားလည်လား .. ငါနဲ့ .. ကင်းကင်းနေ ..''

ထိုစဉ်ကပြောခဲ့ပါသည့် မမငွေ ၏ စကား ..။ ထိုစဉ်က မျက်နှာလေး ညှိုးဖျော့ကျခဲ့ရပါသည့် ငယ်ဘဝ ..။ အခန်းပြန်ရောက်တော့ အခန်းထောင့်လေးမှာ ခြေလေးဆင်း၍ တစ်ယောက်တည်း တိတ်ဆိတ်စွာ ထိုင်ရင်း အချိန်ကြာမြင့်စွာ ငိုနေမိရပါသည့် ထိန်သာ ဆိုသည့် ကောင်လေးတစ်ယောက် ..။ ထိုခံစားချက်သည် .. ခုထိ ရင်ထဲမှ ထွက်ခွာ ခဲ့နိုင်စွမ်းမရှိ၊ ရင်ထဲမှာ တမြေ့မြေ့ကြွေနေဆဲ ..။ ခု .. ညီမလေး ကြုံ သည့်အဖြစ်က သူ့ထက်ပိုဆိုးနေသည်။ ကျောင်းပင်မနေရသေးသော အရွယ်လေး ..။ မမငွေ ၏ ဆက်ဆံမှုကလည်း .. သူ ရိုပို့ကာဒ်ပြသည့် နေ့ကထက်ပို၍ ကြမ်းတမ်းသည်။ ခက်ထန်သည်။ ညီမလေးကို လ ညှိုးငေါက်ငေါက်ထိုး၍ ပြောသည်။ ညီမလေးကို တွန်းပစ်သည်။ ဤ ခံစားချက်တွေ ညီမလေးထံမှ ဘယ်သောအခါတွင်မှ ထွက်ခွာသွားတော့ မှာမဟုတ် ..။ သူ ငယ်စဉ်က အရမ်းခံစားရလွန်း၍ ငိုရစဉ်အချိန်မှာ ရေဆာလာတတ်သည်။ လျှာတွေခြောက်သွေ့လာတတ်သည်။ သူသည် လည်း .. ဩော် .. သူသည်လည်း .. ညီမလေး ခုခံစားနေရသည့်နှယ်ပင် မျက်နှာလေးလည်း ခြောက်သွေ့သွေ့နိုင်နေချေမည်သာ ..။ သူ့မျက်နှာ သူ မှန်လည်းမကြည့်ဖြစ်ခဲ့တာမို့ မျက်နှာလေးခြောက်သွေ့သွေ့ဖြစ်နေ တာကို မသိနိုင်ခဲ့ ..။ ခု .. ညီမလေး၏ မျက်နှာလေးကိုမြင်မှ ...

''ဩော် .. ငါလည်း .. ငယ်တုန်းက .. ကြိမ်ဖန်များစွာ .. ဒီလို မျက်နှာလေးခြောက်သွေ့ညှိုးဖျော့နေတာပါပဲလား ..''

ဟု တွေးမိရသည်ပါပဲ ..။

''ကိုကို ..''

ညီမလေး ခပ်တိုးတိုးမော့ခေါ်လာသည်။ သူ့ ခေါင်းကို ငုံ့ချလိုက် ကာ ညီမလေး၏ နဖူးလေးကို သူ့ နဖူးဖြင့်ထိသည်။ ပြုံး၍လည်းကြည့်သည်





''ဘာလဲ .. ပွဲဈေးကဝယ်လာတာတွေကြည့်ချင်လား .. ကိုကိုတို့ တူတူကြည့်ကြမယ်လေ .. ပင်ဒါအရုပ်ကြီးက .. သုံးခုတောင်ဝယ်လာ တာလေ .. တစ်ခုက အဖြူနက်ကျားလေး .. တစ်ခုက အဝါရောင်မျက် ကွင်းနက်လေး .. တစ်ခုက .. လုံးဝအဖြူရောင်လေး .. မျက်ကွင်းလေး ပဲ နက်ကွင်းနေတာ .. ချစ်စရာလေးဗျ .. ဂါဝန်လေးတွေလည်း ဝတ်ကြည့် ပါလား ..''

သူ ညီမလေး အာရုံပြောင်းအောင်ကြိုးစားမိချိန်မှာ ...

''မမကြီးက .. ဘာလို့ .. မေမေ့ကို .. ညီမလေး ကန်တော့တာ စိတ်ဆိုးရတာလဲဟင် .. ဖေဖေနဲ့ မေမေ့ကို ကန်တော့တာ .. စိတ်ဆိုးတာ ဘာလို့လည်းဟင် .. ကိုကို ..''

အားယူ၍ ပြုံးပြရပါ၏။ နဖူးလေးကိုထပ်၍ နမ်းသည်။ ဆံစလေး ကို သပ်ပေးမိသည်။

''အခု ညီမလေး သိပ်ငယ်သေးတယ် .. နောက်တော့မှ .. ကိုကို.. ညီမလေးကို ပြောပြမယ်နော် .. အခု ပြောပြရင် ညီမလေး နားလည်မှာ မှာမဟုတ်ဘူး .. ကိုကို ပြောမယ် .. သေချာနားထောင် .. မိဘကို ကန် တော့တယ်ဆိုတာ .. ဘာမှ .. စိတ်ဆိုးစရာမရှိဘူး .. မမငွေ စိတ်ဆိုးရင် လည်း .. ဂရုမစိုက်နဲ့ .. ကန်တော့မြဲကန်တော့ .. နားလည်လား .. ကိုကို ရှိတယ် .. ကိုကိုက ညီမလေးရဲ့ ကိုကိုပဲဥစ္စာ .. ကဲ .. မနက်ကျတော့မှ ပွဲဈေးကဝယ်လာတာတွေကြည့်ကြမယ်နော် .. ညီမလေး အိပ် .. အိပ်.. ကိုကို .. သီချင်းဆိုသိပ်မယ် ..''

ဟု ပြောကာ ရွှေကုံ့ကော်တေးကို ဆိုပြနေမိရပါ၏။

''မွှုံမွှုံရွှေဝင်းဝါ ×× ပန်းလွှာတူဖြာဖြာ ×× ဩော် ×× နိုင်ပွင့် မာလာ ×× ဖူးတံညှာ ×× ပေါ်ထွက်သူပါ ×× ယိမ်းယိုင်ရှာ ×× ရွှေကုံ့ကော်ပင်လုံးဝေဝေဆာ ..''

သူ သီချင်းလေးဆိုလိုက် ..။ ချော့သိပ်လိုက်ဖြင့်ရှိနေရင်း စိတ်က



www.burmeseclassic.com

www.burmeseclassic.com



မငြိမ် ..။ ညီမလေးက မျက်တောင်လေးစင်းလာချိန်မှာ သူက ဘဘယု
ထံ ရောက်ခဲ့တာကိုပြန်၍ မြင်ယောင်နေမိရဆဲ ..။ ဩော် .. ဖေဖေ ထား
ခဲ့ရာအိမ် ..။ ညီမလေး၏ အိမ်။ နှစ်ထပ်အဆောက်အအုံထည်ထည်ကြီး
သည် ပန်းနုရောင်ဖြင့်ရှိ၏။ ပေါ်တီကိုတိုင်လုံးကြီးတွေဖြင့် ခန့်လည်းခန့်
၏။ အမိုးနီနီဖြင့် သစ်လွင်နေဆဲအိမ်ကြီး ..။ အောက်ထပ်မှာ လူငှားရှိ
နေသည်။ အပေါ်ထပ်သို့ သူ တက်ခဲ့ကာ ဘဘယုန် ကို သူခေါ်တော့
နောက်ဖေးဘက်ဆီမှ ဘဘယုန် ထွက်လာခဲ့ပါ၏။ သူ့ကိုမြင်တော့ အံ့ဩ
စွာ ငေးကြည့်သည်။ ညီမလေး၏ သူ့ရင်ခွင်မှာ မှေးငိုက်ငိုက်ပါလာ၏။
အိမ်၏ဧည့်ခန်းကျယ်ကြီးသည် အနီရောင်ဆိုဖာကြီးများ ..။ ကျွန်းသား
ပန်းကနုတ်ထွင်း ဆက်တီစားပွဲကြီး ..။ အိမ်ကြီးတစ်အိမ်မှာ ရှိထိုက်ရာ
မှန်ဗီရိုကြီးများ၊ အလှတင်ပန်းအိုးများ ..။ ကော်ဇောကြီး ခန်းပြည့်ခင်းထား
မှုများ ..။ ပြီးတော့ .. အိမ်၏ဧည့်ခန်းဆောင်ကျယ်ကြီး၏ နံရံမှာ မင်္ဂလာ
မောင်နှံပုံ ရိုက်ထားရာဓာတ်ပုံတို့ ..။ ပန်းချီကားတို့ဖြင့်ရှိနေကြလေ
သမျှ ..။ ဩော် .. ဒေါ်ယုမာ ဆိုတာ သူကိုး .. ဟု သိရင်း ငေးကြည့်ခဲ့
သည်မဟုတ်ပါလား။ ညီမလေးများ မတော်တဆငိုက်မှေးမှေးဖြစ်ရာ
ခေါင်းလေးထောင်လာလျှင် မြင်သွားမှာစိုးသည်မို့ ဓာတ်ပုံရှိရာဘက်
ညီမလေး၏ မျက်နှာမူရာနှင့် ဆန့်ကျင်အောင် ကိုယ်ကိုလှည့်လိုက်
သည်ပဲလေ ..။ ဖေဖေ့ ဓာတ်ပုံမြင်တာနှင့် ညစဉ်ကန်တော့ရာ ..။ နေ့
ကန်တော့ရာ ဖေဖေ၏ဘေးမှ မိန်းမဆိုတာကို ဘယ်သူလဲဟင် ..
မေးလာမှာ သေချာသည်လေ ..။ ဤမျှ နုနယ်နေသော ညီမလေး
သူ သေချာနားလည်အောင် ရှင်းပြရမှာ ခက်ခဲမည်။ အဖေတူ အမေ
မောင်နှမဆိုတာကို သဘောပေါက်အောင် ပြောပြဖို့ရာ စောလွန်းနေသေး
သည်။ နားလည်ရခက်ခဲမည့် ထိုစကားတွေကို ညီမလေး လောလောဆယ်
မသိသေးတာကောင်းသည်မို့ ..။ သူ .. ထိုဓာတ်ပုံကြီးကို အမြန်ဆုံးဖြုတ်
သိမ်းပေးဖို့ ဘဘယုန် ကို ပြောခဲ့ရသည် ..။ ဘဘယုန် နားလည်ပုံဖြင့်





ဖြုတ်လိုက်သည်ပါပဲ။ ထိုအခါကျတော့မှ သူ .. သက်ပြင်းရှိုက်နိုင်ခဲ့သည်
တည့် ..။

"ကျွန်တော်တို့မောင်နှမ ပြန်သွား ့ .. အဲဒီဓာတ်ပုံကိုပြန်ချိတ်ပေး
ပါ ဘဘယုန် .. ခုလို .. ဖေဖေ့ ဓာတ်ပုံကို .. ဒီအိမ်ဧည့်ခန်းမှာ .. ဆက်
ပြီး အစဉ်တစိုက်ချိတ်ထားပေးခဲ့တဲ့ ဘဘယုန် ကို ကျေးဇူးတင်ပါတယ်..
ခြေရာလက်ရာမပျက်အောင် ဒီအိမ်ကြီးကို ထိန်းသိမ်းပေးခဲ့တာကိုလည်း
ကျေးဇူးတင်ပါတယ် .. အခု .. ကျွန်တော် ရောက်လာရတဲ့ကိစ္စ .. ပြော
ပြပါ့မယ် .."

ဟု ပြောကာ မွေးစာရင်းကိစ္စ ..။ အိမ်ဂရန်ကိစ္စရှင်းပြခဲ့ရ ..။ အား
လုံး ဘဘယုန် လက်ထဲပြန်အပ်ခဲ့ရနှင့် ရှိခဲ့ရသည့်အဖြစ် ..။

နောက်တော့မှ .. မောင်နှမနှစ်ယောက် ပြန်ခဲ့ကြခြင်း ..။ စိတ်ပင်
ပန်းရှာသည့် ညီမလေးသည် အိပ်နိုးတစ်ဝက်ဖြင့် သူ့ရင်ခွင်ပါခဲ့ရာမှ..။
ကားပေါ် ပြန်တက်ချိန်ထိ မှေးငိုက်ငိုက်ရှိနေခဲ့ရှာသည်ပါပဲ ..။

ညီမလေး အရမ်းလန့်နေသည့် မမငွေ ရှိရာအိမ်ကြီးသို့မပြန်တော့
ပဲ စပျစ်ခြံအိမ်သို့ ရောက်ခဲ့ရချိန် ..။ သေချာတာတစ်ခုကတော့ .. မမငွေ
သည် .. သူ့ကို စိတ်ပူလက်ပူဖြင့် စောင့်မျှော်နေမှာမဟုတ်ခြင်းပဲဖြစ်လေသည်။

ညီမလေးကို သိချင်းလေးဆို ..။ ချော့သိပ်ပြီး ..။ ညီမလေး အိပ်
တော့ သူ ခုတင်ထက်မှာ ဖွဖွသိပ်သည်။ စောင်ပါးလေးခြုံရုံပေးသည်။
အိမ်၏ ဝရန်တာဆောင်ငယ်လေးဆီသို့ သူ ထွက်လာမိရပါ၏။

တပေါင်းလသည် မိုးလေတစ်ခါတစ်ခါ သည်းတတ်ပါသည့်လ..။
ဤညမှာ မိုးများရွာချေမည်လား မသိ ..။ လေခပ်ပြင်းပြင်းတိုက်သည်။
ကောင်းကင်ကြီးကလည်း မှောင်ရိပ်ရိပ်ဆင်သော မိုးသားတိမ်တိုက်ကြီး
နှင့် ဖြစ်ဖြစ်လာနေပြီ ..။ စပျစ်ပင်တွေ စီတန်းစိုက်ထားရာခြံရာ ..။
တစ်ချို့က စင်ခံ၍ စိုက်ထားရာ အပင်တန်း ..။ တစ်ချို့က အပင်တွေ
ခြုံရုံလိုက်တန်းစီစိုက်ထားရာ အပင်တန်း ..။ ခြံထဲမှာက စပျစ်သီးစုံရှိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အစိမ်းရောင်၊ ခရမ်းရောင် ...။ ဝါရိုပ်သမ်းသောအရောင် ...။ အလုံးဝိုင်းမျိုး ...။ အသီးရှည်မျိုး ...။ စပျစ်ချိန်ပေမို့ စပျစ်တွေ လှိုင်လှိုင်သီး၏။ အလွန်ချစ်စရာကောင်းသော စပျစ်ခိုင်များကို သူ ချစ်သည်။ နေ့စဉ်ခြံထဲအရောက် ဝယ်လက်တွေကားဖြင့် လာလာဝယ်ကြ .. သယ်ကြ ...။ အလုပ်သမားနိုင်နိုင်မြိုင်မြိုင်ဖြင့် သူကလည်း ရောင်းလည်းရောင်း ...။ ခြံကိုလည်း ဂရုတစိုက်ဖြင့်ရှိနေခဲ့ရသည်ပါပဲ။ အပင်မှာ ပိုးမကျအောင် ...။ အသီးအရည်အသွေးမပျက်အောင် ...။ ခြံကျယ်ကြီးက ကေသုံးဆယ်ဧမို့ ...။ ခြံသန့်ရှင်းရေး ...။ ပေါင်းကင်းစင်ရေးကအစ သူ အလုပ်သမားတွေကို နိုင်နိုင်နင်းနင်းခိုင်းရပြုရပါ၏။

ထိုစဉ်ခိုက် စတင်၍မိုးပေါက်တွေကျစပြုလာတာမို့ သူ အခန်းထဲပြန်ဝင်၏။ တံခါးတွေပိတ် ...။ ပြတင်းတွေပိတ်ဖြင့် ရှိသွားရပါ၏။ နောက်တော့လည်း ဖေဖေ့ကို တမ်းတစိတ်ဖြင့် တယောကိုယူမိသည်။

"ဖေဖေ .. ဒီနေ့ .. ညီမလေးရဲ့ အိမ်ကို ပထမဆုံးရောက်ခဲ့တယ်.. ဖေဖေ .. ညီမလေးအတွက် .. အဲသလိုအိမ်ကြီးအိမ်ကောင်းတစ်အိမ်ကို ဖေဖေ ချန်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ် ဖေဖေ .. သားရဲ့ မသိမ်ငယ်ရဘူးပေါ့ ဖေဖေရယ် .. ဒါပေမယ့် .. ဒါပေမယ့် .. ဖေဖေသာရှိနေသေးတယ်ဆိုရင် .. ညီမလေးဟာ ဖေဖေနဲ့အတူ .. ရှိနေရမှာ .. အဲဒီနှင်းဆီရိပ်ငြိမ်ဆိုတဲ့ အိမ်ကြီးကို ဖေဖေ ညီမလေးကို ပွေ့ချီရင်း ဝင်သွားတာဖြစ်နေရမှာ .. ပြီးတော့ .. မမငွေ လည်း ဒီနေ့လို .. ညီမလေးကို.. ဖေဖေ့ရှေ့မှာ ဘယ်ဆက်ဆံပြရဲပါ့မလဲ .."

စိတ်အစဉ်သည် မငြိမ်သက် ...။ သူငယ်ဘဝဆီမှ မမငွေ နှင့် ကြုံခဲ့ရသို့လည်း ရောက်ချင်ရောက်ခဲ့သည်။ ညီမလေးနှင့် မကြာမတင်လေးကမှ ရောက်ခဲ့ရာ ညီမလေး၏ နှင်းဆီရိပ်ငြိမ်သို့ ရောက်ခဲ့သည့်အဖြစ်ဆီသို့လည်း စိတ်ကပြေးချင်ပြေးသည်။ လက်ရှိဘဝမှာ .. ဖေဖေ့ကို တမ်းတစွာ ပြောချင်လည်းပြောနေမိသည်။ စိတ်သည် .. အတန်တော့ ဟိုပြေး





သည်နှင်ဖြစ်နေသည်ကောလေ ...။ တယောထိုးမည်ပြုမှ တယောကိုပြန်၍သိမ်းမိပြန်သည်။ ပျဉ်ထောင်သွပ်မိုး ခြေတံရှည်အိမ်လေး၏ အိပ်ခန်းမှာ သူသည် ညီမလေး အိပ်မောကျနေရာ ခုတင်ဘေးမှာ ရပ်နေမိပြန်၏ ။ ထိုစဉ်ခိုက် မိုးကပိုကြီးလာသည် ...။ လေပါလာသည်။ သွပ်မိုးဆီသို့ အရှိန်ဖြင့် ပစ်ပေါက်ကျလာနေသည့် မိုးပေါက်သံတွေက ပို၍ပို၍ကျယ်လာသည်။ ထိတ်ရှိန်က အင်အားပါနေ၏။

ထိုစဉ်ခိုက် ညီမလေး ငိုသံပေါ်လာပါ၏။ နှုတ်ဆီမှလည်း ...

"ကြောက်တယ် .. ကြောက်တယ် .. ကိုကိုရေ .. ကိုကိုရေ .."

ဟု အော်ခေါ်နေသည်။ သူ လန့်သွားရကာ ညီမလေးကို ပွေ့လိုက်မိရပါ၏။ ညီမလေး၏ လက်ကတစ်ခုခုကို ကာနေသည့်နှယ် ယိတ်ထိတ်လန့်လန့်ဖြင့် ဟိုသည်ဝေ့နေသည်။ မမငွေ သည် ညီမလေးကို တစ်ခုခုနှင့်များ ရိုက်နေသည်လား ...။ ထိုသို့ ညီမလေး အိမ်မက်မက်နေပြီလား...။ သူ ရင်ထဲမခံနိုင် ...။ ညီမလေးကို ပွေ့မိကာ ပါးလေးအပ်ထားလိုက်မိချိန်မှာ ပို၍လန့်လာရပါ၏။ ညီမလေး ဖျားနေချေသည်တကား ...။ သူ လန့်လန့်ဖြင့် လက်စမ်း ...။ ရင်ဘတ်စမ်း ...။ နဖူးစမ်းဖြင့် ရှိကုန်ရပြီ။ အဖျားရှိန်ကြီးနေသည်။ မျက်ဝန်းလေးတွေ ဖွင့်ကိုမလာနိုင် ...။ သူခေါ်တော့လည်း မထူး ...။ သူ .. သွေးပျက်အောင်လန့်လာသည်။ ညီမလေးအဖျားတက်ရှိန်ဖြင့် သတိမေ့နေပြီလားမသိ။ သူ့အသက်ကလည်း ခုမှဆယ့်ရှစ်နှစ် ...။ သိပ်တော့ .. သေသေချာချာ လူကြီးသူမတွေလို အကဲမခတ်တတ် ...။ ဒေါ်ကြီးထား နှင့် ဘဘညို ရှိလျှင်ဖြင့် အားကိုး၍ရမည်။

"ဒေါ်ကြီးထား ပြောဖူးတယ် .. ကလေးဆိုတာ အဖျားကြီးရင်အတွင်းတက်တက်တတ်တယ်တဲ့ .. ဒါ .. အဲသလိုဖြစ်တာလား .. ဖြစ်တာလား .."

သူ .. ခြေမကိုင်မိလက်မကိုင်မိဖြင့် ညီမလေးကို သိမ်းကျုံးပွေ့ယူသည်။ စောင်ဖြင့် ထွေးပတ်ပွေ့ယူခြင်း ...။ ခြံထဲမှ ...က ခြံစောင့် ကိုတာ

www.burmeseclassic.com



ဆိုတာကလည်း လူငယ် ..။ ဘာမှ နားလည်မှာမဟုတ် ..။ အကောင်းဆုံးကတော့ ဆရာဝန်ပြဖို့ပဲဖြစ်နေသည်။ အိမ်ရှေ့မှာ ကားရပ်ဖို့ သစ်သားပေါ်တီကိုဆွဲထားတာမို့ သူ သွပ်မိုးထားရာ ထိုပေါ်တီကိုအောက်မှာ ◌ ထားပါသည့် ကားပေါ် အလောသုံးဆယ်တက်ရသည်။ ကားကို တော◌ လျှောက်မောင်းရင်းမှ ဟွန်းသံပေးနေတာမို့ ခြံစောင့်ကောင်လေး ကိုတာ ပြေးထွက်လာပါ၏။ ခြံတံခါးဖွင့်ဖို့ သူအော်ပြောတာမို့ မိုးရေထဲ ကို◌ ပြေးကာ ခြံတံခါးဖွင့်ပေးပါ၏။ သူ တောက်လျှောက် ကားမောင်းမိရသည်က စံကားမြိုင်အိမ်ကြီးသို့ပါ။ ဘာကြောင့်ဆို .. အိမ်ချင်းကပ်နေရာမှာက ◌ါက်တာ ဘဘအောင် ၏ အိမ်ကြီးရှိသည်လေ၊ ဘဘအောင်ဆိုတာက စံကားမြိုင်၏မိသားစုဆရာဝန်အဖြစ်ရှိခဲ့သည်က ဖေဖေ့ မိဘများရှိစဉ်ကတည်းကဟု ဖေဖေ ပြောပြခဲ့တာမို့ သူ သိထားခဲ့ရသည်..။ အိမ်မှာဘယ်သူပဲနေမကောင်းဖြစ်ဖြစ် ..။ ဘဘအောင် နှင့်ပဲ ပြသကုသခံသည် ..။ ခုလည်း .. ညအချိန်မတော် ..။ မိုးထဲရေထဲ .. ဘဘအောင်ကို ခြံဝဆီမှ အော်နှိုးရတော့မည်။ ကားဟွန်းတီး၍ နှိုးရတော့မည်။ အားနာပေမယ့် ဤလမ်းပဲရှိတာမို့ ..။ ဘဘအောင် ၏ အိမ်ရှေ့အရောက်မှာ ကားရှေ့မီးကြီး ထွန်းထားရင်လည်း ဆက်တိုက်ဟွန်းလည်းတီး ..။ ဘဘအောင် ကိုလည်း တောက်လျှောက်အော်ခေါ်နှင့်ရှိခဲ့ရပါ၏။ မိုးကလည်း ကြီးသည်။ အတော်ကြာမှ ခြံစောင့်.ဖိုးစိ ကြားသွားပုံဖြင့် ထီးကြီးတစ်လက်ဆောင်း၍ ခြံတံခါးသို့ရောက်လာသည်။ ဓာတ်မီးကြီးတထိုးထိုးဖြင့် ...

"ဘယ်သူလဲ .. ဩော် .. ထိန်သာ ရဲ့ ကားပဲ .. လာ .. လာ .."

ဟု ကားနံပါတ်နှင့် ကားကို သိတာမို့ မိုးကြီးထဲရောက်လာသည့် သူ့ကို ခြံတံခါးဖွင့်ပေးလာသည်။ သူ တောက်လျှောက်ကားကိုမောင်းဝင်ခဲ့ကာ ပေါ်တီကိုကြီးအောက်မှာ ကားကိုရပ် ..။ ပျော့ဖတ်နေသည့် ညီမလေး၏ ကိုယ်လေးကို စောင်နှင့် ထွေးထားလျက်ပုံဖြင့် ပွေ့ကာ





အိမ်ထဲဝင်လာမိရပါ၏။ ကားသံဟွန်းသံကြောင့် ဘဘအောင် လည်းအိမ်မီးတွေဖွင့် ..။ တံခါးဖွင့်နှင့်ရှိနေခဲ့ပြီးနေပြီ။ ဇနီးလည်း ပြီးခဲ့သည့် ◌ နှစ်ဆယ်ကဆုံး ..။ သားသမီးလည်းမရှိတာမို့ ဘဘအောင် သည်.. စံကားမြိုင်မှ သူ့ကိုရော ..။ မမငွေ ကိုရော ..။ ညီမလေးကိုရော .. သားတွေမြေးတွေနှယ်ရှိနေရသူပါ ..။

"ဘဘ .. ညီမလေး ဖျားနေလို့ .. ကြည့်ပေးပါဗျာ .. အခု .. စပျစ်ခြံကလာတာပါ .."

ဟု သူ ပြောတော့ ဘဘအောင် ညီမလေးကို ချက်ချင်းပင် နှစ်ယောက်ထိုင်ဆိုဖာရှည်ကြီးမှာ လှဲစေသည်။ စမ်းသပ်သည်။ ဆေးထိုး သည်။

"အဖျားရှိန်ကြီးတယ် .. ဟန်ဒရက်အင်န်ဖိုးရှိတယ် .. တော်သေးတယ် .. အချိန်မီရောက်လာလို့ .."

ဟု ပြောပါ၏။ ညီမလေးကို နောက်တော့မှ လူနာစမ်းသည့် ခုတင်လေးထက်မှာ သိပ်သည်။ ကော်ဖီပူပူနှစ်ခွက်ကို ဖိုးစိ နှင့် ဖျော်ခိုင်းကာ ဘဘအောင် လည်း သောက်သည်။ သူ့ကိုလည်းတိုက်သည်။ သူ့မျက်နှာမှာ ချွေးတွေနစ်နေ၏။ ငြိမ်မနေနိုင်။ ညီမလေးကို သွားသွားကြည့်မိသည်။ လက်ကောက်ဝတ်လေးကိုင်ကြည့်လိုက် ..။ နဖူးလေးစမ်းကြည့်လိုက်ဖြင့် ရတက်မအေးနိုင်ဘဲ စိတ်မချနိုင်ဘဲ သောကတွေဖြင့် နစ်နေရသည်ပါပဲ။ မမငွေ နှင့် ညီမလေး၏ အခြေအနေကို ဘဘအောင် လည်း သိတန်သလောက် သိထားပြီးတာမို့ ..။ ဤနေ့ဖြစ်သည့်ကိစ္စကိုတော့ ဘဘအောင်ကို သူ ပြောပြလိုက်ရသည်ပါပဲ။

"ခက်တယ်ကွယ် .. လူတစ်ယောက်ရဲ့စိတ်ကို .. ပြုပြင်ဖို့ဆိုတာက .. ကာယကံရှင်ကိုယ်တိုင်က ဆန္ဒမရှိရင် ဘာမှမတတ်နိုင်ဘူးလေ.. ဘဘ စိတ်မကောင်းဘူး .. ကလေးကို သနားတယ် .. ငွေလေး ကို ◌◌ သွားနားချရင်လည်း သူက နားထောင်မှာမဟုတ်ဘူးကွယ် .."

ဘဘအောင် ပြောကာ တစ်ချက် ခပ်ထွေထွေ ◌ြီးဖြစ်နေရှာပါ၏။



www.burmeseclassic.com

www.burmeseclassic.com



''ဖြစ်ချင်တော့လည်း .. ထိန်သာလေး မမွေးခင် .. ငါးနှစ်လောက်ကတည်းက .. ဘဘ နယ်မြို့တစ်မြို့မှာ တာဝန်ကျနေတော့ .. မွေးချိုလေး ရဲ့ ကိုယ်ဝန်ကို ဘဘလည်း မစမ်းသပ်နိုင်ခဲ့ .. မွေးချိုလေး ကလည်း ဘယ်ဆေးခန်း .. ဘယ်ဆရာဝန်ကိုမှ ကိုယ်ဝန်ကိုမပြ .. မစမ်းသပ်ပဲ ငွေလေး လိုပဲ အဆင်တပြေချောချောမွေ့မွေ့ သူ့ရင်သွေးလေးကို မွေးမယ်လို့ချည်း လုပ်နေခဲ့တာလေ .. တကယ့် .. မွေးဖွားချိန်ကျတော့မကလေးက မမွေးနိုင် .. ဆေးရုံကို နောက်ကျတော့မှ ရောက် .. လူလေးကို ခွဲမွေးခဲ့ရ .. သူလည်း ဆုံးပါးခဲ့ရတယ်ပေါ့ကွယ် .. တစ်ခါတစ်ခါကျတော့လည်း .. ဘဘ .. အဲဒီတုန်းက ဒီမှာရှိနေခဲ့ရင်ကောင်းသားလို့ တွေးမိပါရဲ့ .. မွေးချိုလေး ကလည်း ဘဘဆို သူ့ဖခင်လိုပဲမှတ်ယူတာ ကိုယ်ဝန်လွယ်စဉ်တုန်းက .. ဘဘပဲ စမ်းသပ် .. ဘဘပဲ .. ဆေးထိုး အဲသလိုရှိခဲ့ရတာလေ .. မွေးချိုလေး ကလည်း တခြားဆေးခန်းဆေးရုံတို့ဆို အလွန်သွားဖို့ ဝန်လေးခဲ့တာ .. အဲသလိုကြောင့်လည်း .. လူလေး ကိုယ်ဝန်လွယ်စဉ်မှာ သူ ပေါ့ပေါ့ဆဆလုပ်ခဲ့သလိုဖြစ်ကုန်တာပေါ့ .. လူလေးရဲ့ ဖေဖေကလည်း မယားဆို အလွန်အလိုလိုက်သကိုး .. ဆရာဝန်ပြချင်တာပြောတော့ မယားက ငြင်းတာနဲ့ .. အခါခါပြော .. မရတော့တာနဲ့ .. အလိုလိုက်ပြီး မယားအလိုကျနေခဲ့တာလေ ..''

ဘဘ ပြောကာ သက်ပြင်းရှိုက်ပါ၏။ သူ ငိုင်နေသည်။ အတွေးတွေကတော့ မတန့်နား ...။ မမငွေ ၏ အမုန်းသည် မေမေ ကွယ်လွန်ခဲ့ခြင်းဆိုသည့်အကြောင်းခံတစ်ခုကြောင့် သူ့အပေါ် သည်းမဲ့ခါးသီးစွာမုန်းခဲ့ခြင်း။ ညီမလေးကိုကျတော့ ဖေဖေနှင့် တခြားမိန်းမက မွေးသည့်သမီး .. ဆိုသည့်စိတ်ဖြင့် မုန်းနေခြင်း ...။

''ဒီညတော့ ဒီမှာပဲ အိပ်တော့ လူလေး .. မိုးလည်း တိတ်ပုံမရဘူး ဒီလိုပဲ တပေါင်းမိုးဆိုတာက ဖျောက်ဆိတ်လေးရွာချင်ရင်လည်း ရွာနေပြင်းပြင်းပူပြီး .. နေ့ပူ .. ညပူနဲ့ဖြစ်ချင်ဖြစ် .. ခုလို .. မိုးကြီးလေကြီးကျချင်ကျ .. အဲသလိုရှိုတတ်သကွယ့် .. မနက်မှပဲ အိမ်ပြန်တော့ .. ဒီချင်းကင်ပဲကွယ် .. လူလေး ဒီမှာပဲနား ..''





ဘဘအောင် ဆက်ပြောချိန်မှာ သူ ခံပြင်းလာသည်။ ညီမလေးကို မမငွေ လုပ်ချင်ရာလုပ်နေ၍ ရစတမ်းတဲ့လားလေ ..။ ကြည့် ..။ ဘဘအောင် ၏ အိမ်မှာ သူက ညီမလေးကို အိပ်စေရတော့မည်။ ဤကိစ္စ..ပြတ်ရမည်။ သူ့ သွေးဆူနေခိုက် မမငွေ ကို ရင်ဆိုင်ခြင်းသည် အကောင်းဆုံးအချိန်ပဲဖြစ်ချေမည်။

''ဘဘ .. ညီမလေး စိတ်ချရပြီလားဟင် .. ထိန်သာ ဟိုဘက်ကို ကောကူးချင်လို့ပါ .. ပြီးရင် .. ထိန်သာ ပြန်လာပါ့မယ် .. ဘဘ .. ညီမလေးကို စောင့်ရှောက်ပေးပါ ဘဘရယ် .. ခဏပါ ..''

သူလက်အုပ်လေးချီ၍ ဘဘကို ခွင့်ပန်တော့ ဘဘ တစ်ချက်အကဲခတ်သလိုကြည့်သည်။ သူ့ အဘယ်မျှ ထိန်းထားထား ..။ အရမ်းစိုစူးရှသက်တောက်နေမည်ဖြစ်သည့် သူ့မျက်ဝန်းတွေကို ဘဘ မြင်ချေမည်သာ ..။ သူ မလွဲမသွေသွား၍ ရင်ဆိုင်မည့်သူသည်လည်း မမငွေ ပဲဖြစ်နေသည်ဆိုတာကိုလည်း ရိပ်မိနေပုံရပါ၏။ ဘဘ တစ်ချက်သက်ပြင်းရှိုက်သည်။ ဘာမျှမပြော။ တားလည်း မတား ..။ ခေါင်းလည်းမညိတ်..။ တကယ်ကော့ မမငွေ သည် .. ဟန့်တားထိန်းကွပ်ခြင်းကင်းလွန်းစွာဆင်ရာစိုင်းတတ်သူအဖြစ် သူ့အပေါ်မှာ .. သူ့ ညီမလေးအပေါ်မှာ .. လုပ်ပိုင်ခွင့်ရှိသူအလား .. လုပ်နေ ကို ဘဘလည်း နှစ်မြို့ခြင်းမရှိပုံ ..။ ဒါကိုတော့ သူ နားလည်သည်။ သူ .. ညီမလေး အိပ်နေရာ ခုတင်ဆီသားမှာ တစ်ချက်သွားရပ်မိ၏။ မျက်တောင်မ ပ် ငုံ့မိုး၍ အတန်ကြာကြည့်မိသည်။ နောက်တော့ ဘဘကို လှည့်ကြည့်မိရပါ၏။

''ဖေဖေ .. အဲဒီနေ့က .. ခရီးမထွက်ခင် .. ထိန်သာ့ ကိုမှာခဲ့သေးတယ် ဘဘ .. သားရဲ့ ညီမလေးကို ဂရုစိုက်ဖို့ .. ညီမလေးမှာ သားပဲရှိတာလို့ပြောခဲ့တယ် ဘဘ .. ထိန်သာ .. ညီမလေးအပေါ်မှာ တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ကျေကိုကျေမှဖြစ်မှာပါ ဘဘ .. ညီမလေးကို ချစ်လို့လည်း တာဝန်ကျေ
ရမယ် .. ဖေဖေ့ စကားကြောင့်လည်း .. ပိုပြီး တာဝန်ကျေရမယ် ဘဘ..

ဟု အသံတွေ တုန်ခါလာရင်းပြောတော့ ဘဘ စိတ်ထိခိုက်သလို
ကြီး ငိုင်နေပါ၏။

"အင်း .. လူလေးရဲ့ ဖေဖေ .. မောင်သီလ ဆုံးချိန်တုန်းကလည်း
ဘဘ .. နယ်လှည့်ဆေးကုအဖွဲ့နဲ့ ပါသွားချိန်ဖြစ်နေတာမို့ အသုဘတောင်
လိုက်မပို့နိုင်ခဲ့ဘူး လူလေးရယ် .. ကဲ .. ကဲ .. ဘဘ .. လူလေးရဲ့ ညီမလေး
ဟောဒီက ဘဘရဲ့မြေးလေးကို .. ဘဘ ကြည့်နေပါ့မယ် .. သွား
သွား .. လူလေးအိမ်ကို သွားချင်တယ်ဆို .. သွားပါ .. ဒါပေမယ့်
ကိုယ်ကအငယ် .. မလွန်စေနဲ့ .."

ဟု မှာရှာ၏။ သူ ဘဘကို လက်အုပ်ချီကာ ကျေးဇူးတတင်ကြည့်
ပြီးမှ ညီမလေး၏ နဖူးလေးကို ငုံ့နမ်းသည်။ စောင်လေးကိုပြင်၍ ခြုံပေး
သည်။ ညီမလေး၏ ကိုယ်အပူရှိန် ကျလာတာကို သူသိနေ၏။

"ကလေး .. ချွေးထွက်လာလိမ့်မယ် .. အဝတ်လဲဖို့တော့ လိုတယ်
ကွယ့် .."

ဟု ဘဘပြောလာတော့ သူ ခေါင်းညိတ်သည်။ သူ .. အိမ်ကြီးမှ
ဆင်းလာမိခဲ့ရပြီ ..။ နှစ်ဘက်ခြံကူးတံခါးရှက်ရှိရာ ခြံစည်းရိုးဆီသို့
လျှောက်၏။ ခြံကူးတံခါးက .. ဟိုဘက်သည်ဘက် အလွယ်တကူဖွင့်၍
ကူးလိုက်ရုံရှိပါသည့် သံပန်းခတ်တံခါးငယ်လေးဖြစ်ပါ၏။

သူ .. စံကားမြိုင်သို့ ကူးလာမိသည်။ ထီးလည်းယူမလာမိ ..
ဘဘအောင် လှမ်း၍ပေးတိပေးသေးသည်။ ထီးယူသွားဖို့ ..။ မြီးတော့
ကိုဖိုးစိ ကိုလည်းလှမ်းအော်နေသည်။ ထီးယူလာဖို့ ..။ သူ့ကိုပေးဖို့ ..
ဒါပေမယ့် .. သူ .. ထီးကိုစောင့်မယူနေတော့ပါ ..။ မိုးစိုတာကိုလည်း
ဂရုမစိုက် ..။ သူ့တစ်ကိုယ်လုံး ခံပြင်းကြေကွဲခြင်းတွေဖြင့် ပူထူနေသည်
သွေးဆူနေသည်။ ချမ်းရမှန်းမသိ ..။ မိုးရေစိုရွှဲကုန်ခြင်းသည်ပင်လျှင်





ရင်ထဲမှာ လောင်မြိုက်နေသည့်အပူတွေတစ်ကိုယ်လုံးအနှံ့ ကူးစက်
နေတာတွေကို မိုးပေါ်မှ မိုးရေတွေသွန်၍ လောင်းချငြိမ်းပေးနိုင်ဖို့
ကြိုးစားနေတာနှင့်ပင် ဆင်ဆင်တူနေပြီ။ ဒါပေမယ့် .. သူ့အပူသည်
ငြိမ်း ..။ မအေး။ အိမ်တံခါးမကြီးကို သူပုတ်၍ပုတ်၍ ...

"ဒေါ်ကြီးထား .. ဒေါ်ကြီးထား .."

ဟု အော်နေမိသည်။ ဘဘညို ရော ဒေါ်ကြီးထား ရော အိမ်အောက်
ခန်းမှာ တစ်ခန်းစီဖြင့်နေကြခြင်း ..။ တကယ်လာဖွင့်သည်က ဘဘညို ..။
ခက်ပါးမှာ ရပ်လာသည်က ဒေါ်ကြီးထား ..။ အိမ်ကြီးလည်း မီးလင်း
ပြီ ..။ အပေါ်ထပ်ဆီမှ ဆင်းလာနေပါသည့် မမငွေ ကိုလည်း သူ
အိမ်ထဲဝင်ရင်း မော့ကြည့်တွေ့မြင်ရပါ၏။ တစ်ကိုယ်လုံး ရေတွေရွှဲနစ်
ရင်း ရပ်နေသည့် သူ့ကို မမငွေ စိုက်ကြည့်ရင်း လှေကားထစ်တွေကို
င်းဖြတ်ဆင်းလာနေပါ၏။ ဒေါ်ကြီးထား ရော ဘဘညို ရော မျက်နှာ
ကောင်းကြ ..။ မမငွေ ရှေ့မှာမို့ သူ့ကိုလည်း ဘာမှမမေးရဲ .. မပြောရဲ..။
ပေမယ့် .. သူ .. အချိန်တန်ပြန်မလာ၍ စိတ်ထဲပူနေကြတာတော့
ရိပ်မိသည်ပါပဲ။ စပျစ်ခြံအိမ်သို့သွားနေလိုက်ပြီဟုလည်း တွေးနေကြ
မည်လားလည်းမသိ ..။ ဒါပေမယ့် .. ခုလို .. မိုးထဲရေထဲ.. သူ ..
တစ်ယောက်တည်း စိုနစ်ရောက်လာခြင်းကိုကြုံတော့ .. ပို၍ထိတ်လန့်
ရိမ်နေကြပုံက ဘဘညို နှင့် ဒေါ်ကြီးထား တို့ မောင်နှမ၏ မျက်နှာ
မှာ အထင်းသားပေါ်နေကြပြီ။ ဘာဆိုဘာမျှ မခံစားဘဲရှိနေသည်က
မငွေ ..။ မျက်နှာက အေးအေးစက်စက်နိုင်နေ၏။ သူ .. ခြေလှမ်းကြဲ
ကြီးဖြင့် လှေကားရင်းဆီသို့လျှောက်၏။ မမငွေ နှင့် လှေကားရင်းမှာ
သည်။ သူ မျက်တောင်မခပ် မမငွေ ကို ကြည့်မိ၏။ သူ့ဆံစတို့ ပြို
နေကာ မိုးရေမိုးစက်တို့က ဆံဖျားဆီမှ စက်စက်ကျ၍ သူ့ မျက်နှာ
ဖြတ်စီး၏။ သူ .. ခေါင်းခါသည်။ မမငွေ ကို စိတ်ပျက်လက်ပျက်
ခံခြင်းမကဖြစ်လာမိရပါ၏။ ခုထိ .. သူ့ကို ဘာမျှမေးဖော်မရလောက်



www.burmeseclassic.com

www.burmeseclassic.com



အောင် ခံစားချက်မဲ့ .. တာဝန်မဲ့လွန်းနေပါသည့် နှလုံးသားကိုလည်း အံ့ဩသည်။ ပြီးတော့ .. စိတ်ကုန်သည်။ စိတ်ပျက်လာရပြီ ..။

"မမငွေ ရဲ့ နှလုံးသားဟာ .. ထုံနေတယ် မမငွေ .. ခံစားချက်ကင်းနေတယ် .. ဟောဒီ ထိန်သာ ရဲ့ သွေးထဲမှာ .. ဖေဖေ့သွေး .. မေမေ့သွေးတွေစီးမျောနေကြတာပါ မမငွေ .. မမငွေ ချစ်သည်ဖြစ်စေ .. မချစ်သည်ဖြစ်စေ .. ထိန်သာ ရဲ့ သွေးထဲက .. ဖေဖေနဲ့ မေမေတို့ရဲ့ သွေးတွေကို မမငွေ ဖောက်ထုတ်ပစ်လို့မရနိုင်ပါဘူး မမငွေ .. ဒီလောက်မိုးထဲရေထဲ စိုနစ်ပြီးရောက်လာတဲ့ကိစ္စ .. မေးဖော်မရတာ .. ထိန်သာ .. ကြုံရတော့ မမငွေ ရဲ့ နှလုံးသားဟာ .. ထုံနေတယ်လို့ နားလည်နေရတယ် .. အ လို့လည်းသိလား .. မမငွေ ရဲ့ အတ္တတွေ .. မမငွေ ရဲ့ မာနတွေ .. မမငွေ ရဲ့ ခေါင်းမာမှုတွေက .. မမငွေ ရဲ့ အပြစ်မဲ့နေတဲ့ မူလပထမနှလုံးသားထဲက .. သွေးကြောမျှင်တစ်ခုတိုင်းတစ်ခုတိုင်း .. သွေးကြောမကြီးတစ်ခုတိုင်းတစ်ခုတိုင်းစီအပေါ်မှာ သြဇာညောင်းနေတယ် .. လှည့်ပတ်စီးတဲ့ သွေးတွေကို .. ပြောင်းပြန်စီးစေတယ် .. ချစ်ရမယ့်အရာဟာ အမုန်းဖြစ်ကုန်တယ် .. စာနာစိတ်ပျောက်ဆုံးစေတယ် .. ခံစားချက်တွေတိုင်းဟာ .. မမငွေ ဘက်ချည်းပဲဖြစ်စေကုန်တယ် .. မမငွေ အမြဲပြောတယ် ထိန်သာ ဟာ ရုပ်ဆိုးတယ် .. အမုတ်ကြီးနဲ့ မှင်စာကောင် .. တစ္ဆေကောင် .. အဲသလိုပြောခဲ့တယ် .. ဒါပေမယ့် .. ထိန်သာ့ နှလုံးသားဟာ ထုံမနေဘူး မမငွေ .. မိဘကိုချစ်တဲ့စိတ် .. ညီမလေးကို ချစ်တဲ့စိတ် .. ပြီးတော့ .. ပြီးတော့ .. ကိုယ့်အစ်မဆီက .. ကိုယ့်ကိုအလွန်တရာကို မုန်းနေတဲ့အစ်မဆီက .. အချစ်ကို မျှော်လင့်ချင်စိတ်တွေရှိနေတဲ့ နှလုံးသားဖြစ်နေတယ် .. ဒါပေမယ့် .. မမငွေ ဟာ .. ဘယ်တော့မှ ပြောင်းလဲမှာမဟုတ်ဘူး .. မဟုတ်ဘူး .."

သူ ဆက်တိုက်ပြောကာ ခေါင်းကိုစိတ်နှစ်၍ အံခဲ၍ခါပစ်သည်။ မမငွေ ကတော့ ထုံးစံအတိုင်း အေးစက်စက်အကြည့်ဖြင့်ကြည့်နေဆဲ.. ရပ်တည်ရာကို စွန့်လွှတ်မည့်ပုံမရှိစွာ ခပ်တင်းတင်းရှိနေမြဲ ..။





"ထိန်သာ အတိအလင်းပြောမယ် မမငွေ .. ညီမလေး ဒီနေ့ဖျားတယ် .. အပြင်းဖျားတယ် .. အဲဒါ .. မမငွေ ကြောင့် လန့်ရှိန်နဲ့ ဖျားတာ.. အခု .. ဘဘအောင် ဆီမှာ ညီမလေးကို ခဏထားခဲ့တယ် .. မမငွေ ကို သတိပေးဖို့ ထိန်သာ အခု ဒီနေရာမှာ ရပ်နေတာပါ မမငွေ၊ နောက်ဆို .. ဘယ်တော့မှ ညီမလေးကို အဲသလိုမဆက်ဆံမိပါစေနဲ့ .. ဟောဒီ လက်တွေကိုကြည့် .. ဖေဖေနဲ့ အလွန်တူတဲ့လက်ချောင်းတွေ .. လက်မောင်းလက်ဖျံတွေဆိုတာ မမေ့ပါနဲ့ .. ဖေဖေဟာ .. ဖေဖေ့သမီး နံ့သာပျိုကို ကာကွယ်စောင့်ရှောက်မှာပါ .. ဖေဖေ ရှိနေရင် ကာကွယ်မှာပါ .. ဒါပေမယ့် .. ဖေဖေဟာ .. သူ မရှိတော့ပေမယ့် .. ဖေဖေ့ လက်မောင်းလက်ဖျံလက်ချောင်းလေးတွေကို ထိန်သာ့ ဆီမှာ ချန်ခဲ့တယ် .. ဟောဒီ လက်ဟာ .. လောလောဆယ်မှာ .. ထိန်သာ့ လက်ဖြစ်မနေဘူး .. ဖေဖေ့ လက်ဖြစ်နေတယ် မမငွေ .. ဒီလက်ဟာ .. နံ့သာပျိုလေး အတွက် .. မမငွေ ပေါ် ဘာမဆိုလုပ်နိုင်တဲ့လက် .. ဖေဖေ့ လက် .."

ဟု အံခဲ၍ပြောပြီးတာနှင့် မမငွေ ၏ ပခုံးကိုဆောင့်တွန်းပစ်သည်။ မမငွေ လည်း ထိုသို့လုပ်လိုက်လိမ့်မည်ဟု ထင်ထားပုံမရ ..။ လှေကားထစ်ပေါ် ဘုန်းခနဲကျ၏။ ခါးဆောင့်မိသွားရာမှ နာနာကျင်ကျင်ညည်းသံထွက်လာသည်။ သူ တိတ်ဆိတ်စွာ စိုက်ကြည့်နေ၏။ လက်နှစ်ဘက်လုံးကို မမငွေ ၏ ရှေ့မှာ သေချာရှေ့တိုး၍ပြသည်။

"ဖေဖေ့ လက်တွေက မမငွေ ကို ဒီတစ်ကြိမ်မှာ ဒီလောက်ပဲ တွန်းမခဲ့တာဖြစ်တယ် မမငွေ .. နောက်တစ်ခါဆိုရင် .. မမငွေ ဒုက္ခရောက်မယ်ဆိုတာ နားလည်ထားပါ .. ဘယ်အထိ .. ဆိုးဆိုးဝါးဝါးဖြစ်မယ်ဆိုတာတော့ .. ထိန်သာ လည်း မပြောပြတတ်တော့ဘူး .. နံ့သာပျိုလေးကို လက်ဖျားနဲ့မထိပါနဲ့ .. စကားနဲ့ ကြမ်းကြမ်းတမ်းတမ်းမဆက်ဆံပါနဲ့ .. မပြောပါနဲ့ .. ဒါ .. သတိပေးခြင်းပဲ မမငွေ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု သူပြောတော့ မမငွေ သူ့ကို မော့ကြည့်သည်။

"နင် .. ငါ့ကို .. ငါ့ကို .. ကိုယ်ထိလက်ရောက် .. တွန်းတယ် ဟုတ်လား .. ဟုတ်လား .."

ဟုအော်သည်။ သူ ရယ်၏။ ခနိုးခနဲ့နိုင်သော ရယ်မောခြင်း

"မမငွေ က .. လူမှန်းတောင်ကောင်းကောင်းမသိသေးတဲ့ ညီမလေ ကို .. ရက်ရက်စက်စက် တွန်းပစ်ခဲ့တာပဲ မမငွေ .. လက်ညှိုးငေါ် ငေါက်ထိုး .. မျက်လုံးမျက်ဆံပြူးပြီး ငေါက်သေးတာပဲ .. အသိဉာဏ် ဆင်ခြင်တုံတရားပိုကြီးတဲ့ အကြီးလုပ်သူက .. ဘာမှမသိသေးတဲ့ ညီမလေ ကို .. အဲသလိုလုပ်တာမှန်တယ်ဆိုရင်.. မမငွေ တွန်းလို့ ရတယ်ဆိုရင် ထိန်သာ ကလည်း .. ဘာလို့ တွန်းလို့မရပဲရှိနေရမှာလဲ မမငွေ .. ကို ကိုတွန်းတော့နာတယ်ဟုတ်လား မမငွေ .. ညီမလေးကိုတွန်းပစ်တာ ဒီထက်ဆိုးပါတယ် .. ရက်စက်ပါတယ် .. ညီမလေးဟာ လူ .. လူ တယ် မမငွေ .. မမငွေ တစ်ယောက်တည်း လူဖြစ်နေတာမဟုတ်ဘူ ခံစားတတ်တယ် .. ခမျာ .. ကြောက်လည်းအလွန်ကြောက်သွားရှာတာ ဖျားတဲ့အထိဖြစ်ကုန်ရတာ .. ညီမလေးကို မမငွေ လုပ်တာဟာ တ တယ်ဆိုရင် .. မမငွေ ကို .. ထိန်သာ ခုလိုတွန်းလိုက်တာဟာလည် တရားပါတယ် မမငွေ .."

သူ ဆက်တိုက်ပြောတော့ မမငွေ ကျုံး၍ထသည်။ ဒေါကြီးထ မနေသာ ..။ ပြေး၍ထူ ..။ အပေါ်ထပ်သို့တွဲ၍ လှေကားထစ်တွေ နင်းဖြတ်တက်၏။

"ထပ်သတိပေးပါရဲ့ မမငွေ .. ညီမလေးအပေါ်မှာ .. ဘယ်တော့ လန့်သွားအောင် မဆက်ဆံပါနဲ့ဗျာ .. မချစ်ချင်နေပါ .. ချစ်ခိုင်းလို့လည် မရမှန်းသိနေတာပါပဲ .. ဒါပေမယ့် .. ကလေးကို စိတ်ပိုင်းဆိုင် စိတ္တဇလိုဖြစ်ကုန်အောင်တော့ .. နှိပ်စက်မယ်မကြံပါနဲ့ .. ရုပ်ပိုင်း ရာကိုလည်း ရိုက်ပုတ်မယ်မတွေးပါနဲ့ .. ညီမလေးမှာ ထိန်သာ ဆို





အစ်ကိုတစ်ယောက်ရှိနေတယ်ဆိုတာ သတိမြဲမြဲရှိနေပါ .."

ဟု ပြောပြီးတာနှင့် အခန်းထဲသို့ဝင်သည်။ ဗီရိုကိုဖွင့်သည်။ ကျွတ်ကျွတ်အိတ်ထဲ ညီမလေးအဝတ်လေးတွေထည့်သည်။ သူ့ အဝတ်တစ်စုံလည်း ထည့်သည်။ ထီးကိုယူသည်။ အခန်းထဲမှ ထွက်တော့ တံခါးဝမှာ ထီးကြီးကိုင်၍ ရပ်စောင့်နေသည့် ဘဘညို ကို တွေ့ရပါ၏။

"ဘဘ လိုက်ပို့ပေးမယ် လူလေး .. ပြီးတော့ နံ့သာပျိုလေး ကိုသည်း ဘဘညို လိုက်ကြည့်ချင်တယ်လေ .."

ဟု ခပ်တိုးတိုးပြောတော့ သူ ဘာမျှပြန်မပြောတော့။ လက်ထဲမှ ထီးကို တံခါးအနီးမှာထောင်လိုက်ပါ၏။ သဘောက ဘဘညို ဆောင်းပေးသည့်ထီးကို ခို၍ ဘဘအောင် ၏ အိမ်သို့သွားမည်ဆိုသည့်သဘော..။

"ထိန်သာ .."

အပေါ်ဆီမှ ခေါ်သံ ..။ မမငွေ ၏ အသံ ..။ သူ လှည့်၍မော့ကြည့်တော့ လှေကားထိပ်မှာ ရပ်နေသည့် မမငွေ ...။

"တစ်နေ့ .. နင် .. ဝဋ်ဆိုက်လိမ့်မယ် .."

ဟု အော်၏။ သူ ချက်ချင်းပြန်၍ တံခါးဘက်ကို မျက်နှာမူသည်။ အပြင်သို့ထွက်သည်။ ဘဘညို ဖွင့်သောထီးအောက်သို့ဝင်သည်။ ပေါ်တီကိုအောက်ဆီမှ နှစ်ယောက်သားမိုးထဲရေထဲ ထီးတစ်လက်ဖြင့် တစ်ဖက်ခြံဆီသို့လျှောက်၏။ သူ့ရင်ဘတ်မှာ ကျွတ်ကျွတ်အိတ်ကို ကပ်ထားသည်။ ညီမလေး အဝတ်တွေ ရေစို၍မဖြစ် ..။

"ဘာပဲဖြစ်ဖြစ်ပေါ့ ထိန်သာလေး ရယ် .. ငွေလေး ဟာ .. ထိန်သာ့ အစ်မဖြစ်တယ် .. နောက်ကို .. ကိုယ်ထိလက်ရောက် .. မလုပ်ပါနဲ့ကွယ် .."

ဟု ခပ်လေးလေး ဘဘညို ပြောရှာ၏။

သူ ငြိမ်နေသည်။ သူ့မှာ ရွေးချယ်ရန်လမ်းမှမရှိတော့သည်ပဲလေ..။ ဤလမ်းကို .. မလွှဲသာမရှောင်သာတိုးရသည်ဆိုတာ သူသိသည်။ ဆူးပဲ



www.burmeseclassic.com

www.burmeseclassic.com



စူးစူး ...။ ဆူးပဲရှရှ ...။ ဝင့်ပဲဆိုက်ဆိုက် ...။ မတာတ်ဘာပြီ ...။ ဤလမ်းသာ
ရှိသည်။

"နှံ့သာလေး က .. ထိန်သာ့ ညီမလေးဗျ .."

ဟု သူ တစ်ခွန်းသာပြောမိရပါပြီတည်း ...။

မိုးကတော့ အရှိန်မတန့် ...။ မလျော့သေး ...။ သွန်၍ရွာနေဆဲ —
ပုဆိုးအနားဆီသို့ မိုးပေါက်တို့က လေနှင့်အတူပက်၏။ ဘဘညို
ချောက်သွေ့ရာပုဆိုးလည်းစိုပြီ ...။ သူကတော့မထူး ...။ တစ်ကိုယ်လုံး
စိုနစ်နေပြီးသား ...။ သူ .. ထီးမိုးခိုရသည်က ညီမလေး၏ အဝတ်လေး
တွေပါရာ ကျွတ်ကျွတ်အိတ်လေးကို လုံခြုံစွာရင်မှာပိုက်ထားနိုင်ဖို့ရာ
ဖြစ်ပါ၏။ အပြစ်ကင်းသော ညီမလေး .. အဝတ်လဲဖို့ရာယူလာသည့်
အဝတ်ကိုတစ်ချက်ကြည့်မိသည်။

"ညီမလေးရေ .. ကိုကို .. ဒီနေ့ မိုးရေတွေရွှဲနစ်စိုလူးနေလေရဲ့ —
မမငွေ အပေါ် ကိုကို .. ကိုယ်ထိလက်ရောက်တွန်းမိခဲ့တယ် .. ကိုကို့
ကိုယ်မှာ စိုနေတဲ့ မိုးရေတွေဟာ .. ကိုကို့တစ်ကိုယ်လုံးမှာ နစ်နေပြီ
အပြစ်တွေစိုလူးနေတဲ့ လူတစ်ယောက်လိုဖြစ်နေတယ် .. ဒါပေမယ့် —
ညီမလေး အပြစ်ကင်းကင်း .. သောကကင်းကင်းနဲ့ .. ရှင်သန်ဖို့အတွက် —
ကိုကို .. အပြစ်တွေစိုနစ်နေတဲ့ ထိန်သာ အဖြစ် ရှိချင်လည်းရှိရစ်ပါစေ
တော့ .. ရှိရစ်ပါစေတော့ .."

ဟု ရင်ထဲမှပြောနေမိရပါပြီ။ မိုးကတော့ .. သည်းနေဆဲ ...။





## အခန်း (၁၂)

"ကိုကိုရေ .. မသွားပါနဲ့ .. မသွားပါနဲ့ .."

ပထမဆုံး ညီမလေး ကျောင်းစတက်သည့်နေ့ ...။ အစ်ကို လုပ်သူကို မျက်စိအောက်မှ အပျောက်မခံနိုင်စွာ ငိုယိုပြောနေကော့ သူ့မှာ မပြန်ရက် ...။ ညီမလေးနှယ်ပင် ငိုယိုနေသည့် ကလေးတစ်ချို့လည်း ရှိနေသည်။ အမေ မခွဲနိုင်၍ ငိုနေသည့်ကလေးတွေချည်းပဲဖြစ်နေပါ၏။ ညီမလေးသာ အစ်ကိုလုပ်သူကို မခွဲနိုင်၍ ငိုယိုနေခြင်း ...။

"ငါ့ညီမလေးခမျာ .. အမေရယ်လို့မှ မရှိရှာတာ .. ငါ့ကိုပဲ ချစ်စရာ .. အားကိုးစရာရယ်လို့ရှိတာ .. ဘယ်ခွဲနိုင်ပါ့မလဲ .."

သူ တွေးကာ ရင်ထဲထိခိုက်ရပါ၏။ တခြားကလေးတွေမှာတော့ အမေ ရင်ခွင်တွေနှင့် ကြီးလာကြရသည်ကိုးလေ ...။ ပြီးတော့ .. အဖေ့ ရင်ခွင်ထဲ တိုးနိုင်သည့်ကလေးတွေ။ ညီမလေးကျတော့ သူ့ရင်ခွင်မှာ ကြီးရသည်။ သူ့ရင်ခွင်ထဲတိုးခွေ့ဖက်တွယ်စရာပဲရှိရသည်။ သြော် .. တစ်ရင်ခွင်ထဲ ကြီးရသည့်ကလေး ...။ အမိအဖရင်ခွင်ဆိုတာ ဝင်မှုဆိုက်ရသည် ပင်မရှိခဲ့ရရှာပါသည့် ကလေး ...။

သူ .. တစ်နေကုန် ညီမလေးမြင်နိုင်ရာ ပြတင်းအနီးမှာရပ်၍ လူ



www.burmeseclassic.com

www.burmeseclassic.com



လုံးပြရပါ၏။ ညီမလေးကလည်း အတန်းထဲမှာသာရှိနေရသည်။ သူ့ကို တကြည့်ကြည့် ...။ မျက်စိအောက်မှ ပျောက်ကိုမပျောက်စေရ ...။ သူ့မှာ ညီမလေးကို သူ့ကိုကြည့်လာလျှင် ပြုံးပြရ ...။ လက်ဖဝါးလေးကိုဖြန့်၍ လှုပ်ပြရ ...။ ဒါပဲလုပ်နေရသည်။ ညီမလေး ဘယ်အချိန်ကြည့်ကြည့် သူ ကြည့်နေဖို့လိုနေသည်။ ညီမလေး ကြည့်လိုက်ချိန်မှာ သူ တခြားကြည့်နေလျှင် ညီမလေး ငိုယိုတာပိုဆိုးနိုင်သည်မို့ ...။ ညီမလေးဆိုမှ ညီမလေး-တကြည့်ကြည့်ဖြင့် သူ ရှိရခြင်း။ နေ့လယ်ထမင်းစားဆင်းတော့ ညီမလေး တန်းနေအောင် သူ့ထံပြေးလာတော့ သူပြုံး၍ ဆီးပွေ့ရ ...။ ပါးလေးနမ်းရ ...။ အင်္ကျီလေးသပ်ပေး ...။

"အံမယ် .. ကိုကို့ ညီမလေးက ကျောင်းဝတ်စုံလေးနဲ့ဆိုတော့-အရပ်လေးကျနေတာပဲ .. လှလိုက်တာ .. လာ .. လာ .. ကိုကိုတို့ ထမင်းစားကြမယ်နော် .. လာ .."

မနက်ကထည့်လာသည့် ထမင်းချိုင့်ကိုဖွင့်၍ မောင်နှမနှစ်ယောက် တူတူစားဖြစ်ကြသည်က .. သစ်ရိပ်အောက်မှာ ရပ်ထားသော ကားပေါ်မှာပါ ...။ ကားရှေ့ခန်း ဆိုဖာနေရာမှာ ညီမလေးနှင့်သူ .. တူတူထိုင်သည်။ ညီမလေးကို ထမင်းခွံ့သည်။ ရေတိုက်ချိန်ရေလေးတိုက်လိုက် ...။ ထမင်းလေးခွံ့လိုက် ...။ လက်သုတ်ပဝါလေးဖြင့် ပါးစပ်လေးတို့သုတ်ပေးလိုက်-အင်္ကျီလေးမပေအောင် လက်သုတ်ပဝါအကြီး တစ်ထည်ကို သုံးထောင့်ချိုးခေါက်၍ လည်မှာသိုင်းချည်ကာထားရသေးသည်။ ထမင်းစားပြီးတော့ ညီမလေးကို ဖီးကြမ်းငှက်ပျောသီးကျွေးသည်။ သူလည်း စားသည်။ နောက်တော့ .. ညီမလေး မျက်လုံးလေးဝင်းလာတာမို့ ...

"အိပ်နော် .. ကိုကို့ ပေါင်ပေါ်မှာ ခေါင်းလေးအုံးအိပ် .."

ဟုပြောတော့ ညီမလေး မော့ကြည့်သည်။ မျက်နှာလေးညိုးနေပေမယ့် တကယ်တမ်း သူ့ ကျောင်းမှာ တောက်လျှောက်ရှိနေ၍လား မသိ။ မျက်နှာလေး မသိမသာ ညိုးရိပ်လျော့စပြုလာသည်ကတော့အမှန် ...





"ကိုကို .. မပြန်ရဘူးနော် .."

တိုးတိုးလေးပြောတော့ သူ ပြုံး၍ ခေါင်းညိတ်ပြသည်။ နဖူးလေး နမ်းသည်။

"ဟာ .. ဘာလို့ပြန်ရမှာလဲကွ .. ကိုကိုက ညီမလေးကို ချန်ထားခဲ့မှာလား .. ဘယ်ချန်ခဲ့နိုင်ပါ့မလဲ .. ကိုကို့မှာ ဒီညီမလေးတစ်ယောက်ပဲရှိတဲ့ဥစ္စာ .. စိတ်ချ .. မပြန်ဘူး .. ဒါပေမယ့် .. ညီမလေးက အတန်းထဲမှာရှိတဲ့ သူငယ်ချင်းတွေနဲ့ ခင်အောင် နေရမယ်နော် .. စကားပြောရမယ် .. တူတူစာသင်ရမယ် .. ကစားချိန်ဆို .. ကစားရမယ် .. ဆရာမပြောတာကို နားထောင်ရမယ် .. ဟုတ်ပလား .. ညီမလေး ငိုနေတော့ နပ်တွေဘာတွေထွက်လာမှာပေါ့ကွ .. ရုပ်ဆိုးမှာပေါ့ .."

"အင်း .. ဟုတ်တယ် .. ညီမလေး ဘေးကတစ်ယောက်ငိုတာ .. နပ်တွေထွက်ထွက်လာတယ် .. ဆရာမလေး လာသုတ်ပေးရတယ် .."

ညီမလေးကိုလည်း ဆရာမလေးမှ မရွံမရှာနပ်ချေးတွေသုတ်ပေးရဘာရနှင့် ဖြစ်ခဲ့တာ သူလည်း အမြင် ...။ ဒါပေမယ့် .. ညီမလေးက လူလည်လေး ...။ ကိုယ့်နပ်ချေးကိစ္စ ချန်ထားသည်။

"တာတတ်ပို့အရေးကြီးတယ် ညီမလေးရ .. ညီမလေး ဆရာဝန်လုပ်ရင်ကောင်းမှာ .. ကိုကို နေမကောင်းရင် .. ဆေးကုပေးလို့ရတာပေါ့ကွ.."

ဟု သူပြောတော့ ညီမလေး ခေါင်းခါသည်။

"ဟင့်အင်း .. ဆေးထိုးအပ်ကြီးကြောက်တယ် .. ကိုကို့ကို မထိုးချင်ပါဘူး .. ကိုကို နာမှာပေါ့ .."

"ဒါဆို .. ဘာလုပ်မလဲ .. ပြော .."

ညီမလေး ကျောင်းပျော်လာအောင် ...။ နေသားတကျဖြစ်လာအောင် သူ စကားတပြောပြောဖြင့်လုပ်နေရခြင်းပါ။ အစ်ကိုလုပ်သူ ပြန်သွားမှာ စိုးသည့် စိုးရိမ်စိတ်တွေတဖြည်းဖြည်း ညီမလေးထံမှ လွင့်ပျောက်သွားအောင် သူ ကြိုးစားနေရသည်။ ကျောင်းနေခြင်းသည် ရယ်စရာအိမ်လေး



www.burmeseclassic.com

www.burmeseclassic.com



မှာ မောင်နှမနှစ်ယောက် တူတူနေကြတာနှင့် သိပ်ပြီးမခြားနားဟု ညီမလေး ထင်သွားအောင် လုပ်ယူနေရသည်။ ထမင်းစားပြီးချိန် မောင်နှမနှစ်ယောက် စကားလေးတဖောင်ဖောင်ဖြင့်ရှိကြသည့်နှယ် ဤကျောင်းနေရာလေးမှာလည်း ရှိနေစေဖို့ သူ ကြိုးစားခြင်း။

"ဘာမှမလုပ်ဘူး .. ဆရာဝန်လည်း မလုပ်ဘူး .. ကိုကိုနဲ့ပဲနေမယ်.."

"အံမယ် .. အချွဲလေး .. ကိုကိုနဲ့ပဲ နေမယ် .. ဟုတ်လား .. နေပါဦး .. ဟောဒီက ကိုကိုကလည်း ညီမလေးကို မခွဲနိုင်တဲ့ ကိုကိုပါကွ .. ဒါပေမယ့် .. စာတော့သင်ရမယ် ညီမလေးရ .. ကိုကိုလည်း ကျောင်းနေခဲ့တာပဲသိလား .. ဆယ်တန်းကို ဂုဏ်ထူးနဲ့အောင်တာ .. ညီမလေးကို မခွဲနိုင်လို့ .. စပျစ်ခြံမှာပဲနေနေတာဗျ .."

"ညီမလေးလည်း ဂုဏ်ထူးနဲ့အောင်မှာ .. စပျစ်ခြံမှာပဲနေမယ် .. ကိုကိုနဲ့နေမယ် .."

တဖြည်းဖြည်း ညီမလေး စကားလေးဖောင်ဖွဲ့စပြုလာပြီ ..။ သူ ရယ်မိပါ၏။ ညီမလေး ခေါင်းလေး သူ့ပေါင်ပေါ်တင်ကာ မျက်တောင်လေးမေးလာတော့ သူ ဖွဖွလေး ကျောကိုပုတ်ပေးသည်။

"တပေါင်းတန်ခူးလမှာ ×× ဖူးပွင့်ကြတာ ×× ရာသီပန်းအရ×× ဆွတ်ခူးလာ ×× ကြိုင့်လှိုင်ထုံသင်းတာ ××"

သီချင်းလေးညည်း၍ညည်း၍ ကျောလေးပုတ်ပေးတော့ ညီမလေး အိပ်ပျော်သွားပါ၏။ သူ ငြိမ်သက်စွာ ညီမလေးကို ငုံ့မိုး၍ကြည့်မိသည်။ မျက်ခုံးနက်နက်လေးအောက်ဆီမှ မျက်တောင်လေးတွေက ထူထူပိတ်ပိတ်နှင့်ကော့နေသည်။ နှာတန်လေးကထင်း ..။ နှုတ်ခမ်းလေးကလည်း ပုံပန်းလေးကိုကဖြင့် လှကိုလှလွန်းသည်။ ပန်းနုရောင်ဆမ်းနေသည့် နှုတ်ခမ်းနုနုလေး ..။ အသားလေးက ဖြူဥနေလျက် အကြောမျှင်စိမ်းမြမြလေးတွေပင် ပါးပြင်ထက်မှာ .. မေးဖျားလေးမှာ ရှိးရိပ်ထင်၏။ လက်လေးတွေက ဖြူဥနေကာ လက်မောင်းလက်ဖျံလေးမှာ အကြောပြာပြာလေးတွေ ရှိးရိပ်ထင်သည်။ ဤမျှ နုဖန့်ပြီး ကြွရုပ်လေးလိုလှသည့် ညီမလေး တစ်ယောက် ..။ သူ .. ချစ်၍ကိုမဝနိုင်။ ယင်မနားအောင်လက်ဖြင့် ဟိုသည်ဖေ့ယမ်းရသည်။ ခြင်တွေဘာတွေရှိနေမည်လားဟုလည်း ဂရုစိုက်ရသည်။ ညီမလေး အိပ်နေသမျှ သူ ကားရှေ့ခန်းမှာပါလာသည့် အလှူယပ်တောင်လေးဖြင့် ယပ်ခပ်ပေးနေမိရသည်။ အေးအေးမြမြရှိစေတော့ ..။ ကျောင်းတက်ခါနီးမှ ညီမလေးကို သူ ဖွဖွလေး ပုတ်နှိုးရသည်။ တစ်ချိန်လုံး ငြိမ်နေရတာမို့ ခါးတွေတောင့်နေတာ ..။ ညီမလေး ခေါင်းအုံးထားရာ ပေါင်တွေ ထုံကျင်နေတာ သူ အရေးအရာပင်မလုပ်နိုင် ..။ ညီမလေး နိုးလာတော့ ရေဘူးထဲမှ ရေထပ်တိုက်သည်။ ဆံစလေးကိုသပ်ပေးသည်။

"ကျောင်းပြန်တက်ရမယ်နော် .. ကိုကိုရှိနေမှာ .. စိတ်ချ .. ကျောင်းဆင်းမှ တူတူပြန်ကြမှာ .. လာ .. ကိုကို .. ညီမလေးကို .. အတန်းထဲလိုက်ပို့ပေးမယ် .."

ညီမလေးကို အတန်းထဲအရောက်ပွေ့၍ ခေါ်သွား ..။ ညီမလေး၏ ထိုင်ခုံနေရာမှာ ထိုင်စေပြီးမှ သူ အခန်းပြင်ပြန်ထွက်သည်။ စောစောက ရပ်နေခဲ့သည့် နေရာမှာ ပြန်ရပ်၏။ ကျောင်းတက်ခေါင်းလောင်းသံ ပေါ်လာသည်။ ညီမလေးကို သူ တပြုံးပြုံးဖြင့် မနက်ကနှယ်ပင်ကြည့်ရ..။ လက်ကလေးပြရဖြင့် ရှိနေခဲ့ရာမှ ..။ ကျောင်းဆင်းချိန်ကျတော့ နှစ်ယောက်သား ကားလေးဖြင့် တူတူပြန်လာပါ၏။ ဖေဖေ့ကားကို သူယူထားသည်။ မမငွေ ကလည်း ဘာမှမပြော ..။ မမငွေ မှာလည်း စလွန်းကားတစ်စီးရှိသည်လေ ..။

စပျစ်ခြံရောက်တော့ ဒေါ်ကြီးထား ရောက်နေသည်။ အိမ်ရှေ့ကားရပ်တော့ ဒေါ်ကြီးထား ပြုံး၍ ညီမလေးကို ပွေ့ချီခေါ်၏။

"သိလိုက်ပါရဲ့ ထိန်သာလေး ရယ် .. ဒီနေ့ ညီမလေး ကျောင်းတက်ရင်ဖြင့် ပြန်ကိုပြန်လာမှာမဟုတ်ဘူးဆိုတာလေ .. ညီမလေးက အပြန်ခံမှာမဟုတ်ဘူး .. အစ်ကိုလုပ်သူကလည်း ခပ်သည်းသည်း .. ပြန်ရက်မှာ







www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးလို့သိသပါ့ရှင် .. ဒါကြောင့် နေ့လယ်ဘက် ဟိုမှာချက်ပြုတ်ပြီးတော့ .. ကိုကြီးညို နဲ့ .. ငွေလေး အတွက် ထမင်းအပို့လွှတ် .. ဒေါ်ကြီးထားကတော့ မြင်းလှည်းငှားပြီး .. ဒီခြံကိုရောက်သပေါ့ .. ညစာချက်ထားတယ် .. အိမ်ကဘဲသားဟင်းလည်း ယူလာသေးတယ် .. ဒါပေမယ့် .. အမေ့တော့ဖြင့် သိပ်ကြာကြာ ဒေါ်ကြီးထား ဆက်မနေတော့ဘူးသိလား .. ဒီကိုရောက်တာကြာပြီလေ .. ငွေလေး ပြန်မရောက်ခင် .. အိမ်ပြန်မှဖြစ်မကွယ်..''

ဟု ပြောနေသည်။ သူကတော့ ညီမလေး၏ လွယ်အိတ်ကိုလွယ်...။ ထမင်းချိုင့်နှင့် ရေဘူးပါရာဆွဲခြင်းကိုဆွဲ၍ ဆင်းသည်။

''ကဲ .. ဒေါ်နံ့သာပျို .. ဘယ်လိုလည်း .. ကျောင်းစတက်ရပြီပေါ့.. စာကြိုးစား .. ဟုတ်ပလား .. အံမယ် .. ပါးလေးကိုမွှေးလို့ .. သနပ်ခါးကိုကိုလူးပေးတယ်ပေါ့ .. ညည်း ကိုကိုကလေ .. သူ့ကိုယ်သူသာ မဲသည်းသည်းဖြစ်အောင် ခြံထဲအပင်တွေ ဆေးဖြန်းလိုက် .. အလုပ်သမားတွေနဲ့အတူ ပေါင်းသင်လိုက် .. စပျစ်ခူးချိန်ခူးလိုက် .. နေပူမှန်းမသိ ဘာမှန်းမသိ .. သူ့ညီမအတွက် ပိုက်ဆံစုဖို့ဖောနဲ့ .. အသားတွေလည်း ဖြူရာက ညိုတိုတိုဖြစ်တော့မယ် .. မျက်နှာမှာလည်း နေလောင်ကွက်တွေထနေပြီ .. သူ့ညီမကျတော့ .. သနပ်ခါးလေးလူးပေးရ .. ရေချိုးပေးရ .. ချေးတွန်းပေးရနဲ့ .. ဖြူဥနေရော .. ညည်းလေး .. လိမ္မာနော် .. ဒီလောက်ချစ်တဲ့ အစ်ကိုကြီးကို .. ပုန်ကန်မယ်မကြံနဲ့ ..''

''ဟာဗျာ .. ဒေါ်ကြီးထား ကလည်း .. ကလေးကိုတာတွေပြောနေတာလဲ .. ညီမလေးခမျာ .. ကလေးပဲဥစ္စာ .. ဘာသိမှာလည်းဗျာ .. သူ့ကို ဆူတယ်ထင်နေပါ့မယ် .. ပိုက်ဆံကတော့ စုရမှာပေါ့ ဒေါ်ကြီးထားရာ .. သိတဲ့အတိုင်းပဲ .. ညီမလေးအတွက် တာဝန်ဆိုတာက .. ထိန်သာပဲရှိတဲ့ဥစ္စာ .. မမငွေ နေကောင်းတယ်မဟုတ်လား ..''

တဆက်တည်းလည်း မမငွေ ကို သူ မေးမိရပါ၏။ ဒေါ်ကြီးထားခေါင်းညိတ်သည်။





''ကောင်းပါတော် .. ခေါင်ခေါင်မြည်လို့ .. သူပဲနေတတ်ပေရဲ့.. တစ်ယောက်တည်း မညည်းမငြေ့ .. မျက်နှာထားကြီးချိတဲ့ဟာကြီးကို အဖော်လုပ်ပြီး နေတတ်ပါပေရဲ့ကွယ် .. ကလေးကို .. တွန်းလား ပုတ်လားလုပ်လို့ .. ကလေးလန့်ပြီး အိမ်မှာကို မနေတော့ဘဲ .. ဒီခြံမှာ ထိန်သာလေး လာနေတဲ့ကိစ္စလည်း .. ယောင်လို့တောင် စကားထဲထည့် မပြောပဲနေတတ်လိုက်ပုံများ .. ဒေါ်ကြီးထား တော့ လက်ဖျားခါပါရဲ့.. အား .. သူ့မာနနဲ့သူ .. ခေါင်းတမာမာနဲ့ နေတာတော့ဟုတ်တာပေါ့.. သူဆိုတာ အသက်ကနေတာမဟုတ်ဘူး .. သူ အသက်ကြီးလာတော့.. ဘယ်သူရှိမတုံး .. သူ့ဘေးမှာ .. ဒေါ်ကြီးထား တို့က သူ့ထက်အသက်အများကြီးကြီးတယ် .. ငါတို့မရှိရင် .. သူ .. တစ်ယောက်တည်းဖြစ်မှာ .. အဲဒါတွေးပုံမရပေါင်ကွယ် ..''

ဒေါ်ကြီးထား ပြောတော့ သူ ငိုင်နေသည်။ ခုလိုကြားတော့လည်း မငွေ ကို သနားမိပြန်၏။ အသက်အရွယ်ကြီးလာသည့်အချိန်မှာ မငွေ အချိုးပြောင်းလောက်ပေရဲ့ဟုတော့ မျှော်လင့်လိုက်ချင်ပါသည်။ ထိုအခါကျတော့လည်း .. မောင်နှမပဲလေ ...။ သူ .. မမငွေ ကို .. ခြေဆုပ်လက်နယ်ပြုစုရမည်သာ ...။

သူ .. ကျောင်းလွယ်အိတ်ကို စားပွဲပေါ်တင် ...။ ခြင်းကို မီးဖိုခန်းဆွဲယူသွားတော့ ဒေါ်ကြီးထား နောက်ကလိုက်လာသည်။ ချိုင့်တွေယူဆေးမည့်ကိစ္စ ...။ အတင်းဝင်၍ ဒေါ်ကြီးထား ဆေးနေတော့ သူ မတတ်နိုင် ...။ အားနာစိတ်ဖြင့် ငေးကြည့်မိရပါ၏။ ဒေါ်ကြီးထား ကတော့ ဖြူတုတ်တုတ်နဲ့နအိအိကြီးဖြင့် အလုပ်ကို သွက်သွက်လက်လက်လုပ်နေစမြဲ ...။ လုပ်နေနိုင်ဆဲ ...။

သူ .. ညီမလေးကို အဝတ်အစားလဲပေးသည်။ အဖြူရောင်ကြည် ထည်ဂါဝန်ရှည်ပွပွလေးကို သူ လဲဝတ်ပေးမိ၏။

''နည်းနည်းချွေးသိပ်တော့မှ .. ညီမလေးကို .. ကိုကို .. ရေနွေး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ရေချိုးပေးမယ်သိလား .. ခဏနေဦးနော် ..''

ဟု သူပြောတော့ ခေါင်းညိတ်သည်။ ဒေါ်ကြီးထား ချိုင့်တွေကို ပန်းကန်စစ်စင်လေးထက်မှာ သေချာသွားမှောက်သည်။ ခါးဆန့်၍ -

''ပြန်မယ် ထိန်သာလေး .. နေ .. နေ .. လိုက်မပို့နဲ့ .. ငွေလေး ပြန်မရောက်ခင် ဟိုကိုသွားတာတော့ဟုတ်ပါတယ် .. လမ်းမှာ .. ထိန်သာ ကားနဲ့ ဒေါ်ကြီးထား ပြန်လာတာ .. သူ အပြင်ကိုကိစ္စနဲ့ ထွက်ရင်း မြင်ရင် မကောင်းပါဘူးကွယ် .. စံကဟားမြို့မှာ ဒေါ်ကြီးထား မရှိရင် ဒီကိုလာတယ်ဆိုတာလောက်တော့ သူလည်း ရိပ်မိနိုင်တာပါပဲ .. ဒေါ်ကြီးထား ကိုယ်တိုင်က ထိန်သာလေး တို့နဲ့ မတွေ့ဘဲ မနေနိုင်ဘူး ဆိုတာလည်း သူ သိတာပါပဲ .. ဒါပေမယ့် .. သူ မကြိုက်တာကို ပေါ်ပေါ်တင်တင် .. လုပ်မပြကောင်းဘူးလေ .. လူလေးကားနဲ့ ဒေါ်ကြီးထား ရှေ့ခန်းက ကျော့ကျော့မော့မော့စီးပြန်တယ်ဆိုတာ သူ မမြင်လေ ကောင်းလေပါပဲ .. မြင်းလှည်းတစ်စီးစီးနဲ့ .. ကြုံမှာပါ .. ထခင်းစားမနေ တော့ဘူး .. ဒေါ်ကြီးထား ပြန်မယ် .. ဘဲသားဟင်း .. ဒေါ်ကြီးထား ထပ်နွှေးထားတယ်သိလား ..''

ဟု ပြောကာဆိုကာ ထီးကြီးဖွင့်ဆောင်း၍ ဒေါ်ကြီးထား ပြန်တော့ သူ ခြံပြင်အထိလိုက်ပို့ဖို့ နောက်မှလိုက်လာရသည်။ ညီမလေးက သူ့ ဘေးမှာ ကပ်ပါလာ၏။ သူ့လက်ဖဝါးထဲ လက်သေးသေးနုနုဖြူဖြူလေး ကို လာထည့်သည်။ ဤသည်ကလည်း ညီမလေး၏ အကျင့်တစ်ခု - သူ ခြံထဲဆင်းလည်း လိုက်လာတတ်သည်။ အိမ်မှာရှိလည်း ဘေးမှာရှိ နေတတ်သည်။ အိပ်တော့လည်း တူတူ ..။ သူ့ရင်ခွင်ထဲ ခေါင်းလေးတိုး ၍ အိပ်သည့်ကလေး ..။

ခုလည်း သူ့ဘေးမှာ ခုန်ပေါက်ခုန်ပေါက်လေးလုပ်၍ ညီမလေး လိုက်လာ၏။

ဒေါ်ကြီးထား ရယ်၍ကြည့်သည်။





''အံ့မယ်လေး .. သူ့အစ်ကို လက်ထဲကို လက်လေးတထည့်ထည့်နဲ့ တော်ရယ် .. ကိုကို့ကို မျက်စိအောက်က အပျောက်မခံတာမဟုတ်တော့ ဘူး တော်ရဲ့ .. လက်ကိုအဖြုတ်မခံတာ .. ဟုတ်ပါ့ရှင် .. ကြီးလာတော့ မှ .. ဒီလက်လေး .. ဒီလက်ထဲက ကိုယ့်သဘောနဲ့ကိုယ် .. ဖြုတ်ထွက် ယ်တော့ မကြာလေနဲ့ .. ညည်းကိုကို .. ရင်ကွဲနာကျကျန်လိမ့်မကွယ့်..''

ဟု ပြောတော့ .. သူ ရင်ထဲ ကြေကွဲသွားရသည်။

''ဘယ်လိုပြောလိုက်တာလည်းဗျာ ..''

ဟုလည်း ဒေါ်ကြီးထား ကို မပြောရက် ..။ ဒေါ်ကြီးထား ပြောတာ တွေက တကယ်တမ်းတစ်နေ့မှာ ဖြစ်လာနိုင်သည်ပဲလေ ..။ သူ .. မျက် ည်ဝဲလာသည်။ ညီမလေးကိုကြည့်မိသည် လက်လေးတွဲထားရင်း ခုန် ပေါက်လိုက်လာသည့် ညီမလေးကတော့ သူ့ကိုမော့ကြည့်ကာ ပြုံးပြ သည်။ ဒေါ်ကြီးထား ကိုကျတော့ မျက်မှောင်လေးကုတ်၍ကြည့်၏။

''ပျိုလေး က .. ကိုကို့လက်ကို ဘာလို့ဖြုတ်မှာလဲ .. မဖြုတ်ဘူး.. ဒေါ်ကြီးထား ကိုပဲ ဖြုတ်မှာ ..''

ဟု ဈာသည်။ သူ ပြုံးလိုက်မိရသည်ပါပဲ။ ဘာပဲဖြစ်ဖြစ် .. ညီမလေး သည် .. သူ့လက်ထဲမှ .. ညီမလေး၏လက်ကို မဖြုတ်ပါဟုတော့ ပြော တတ်နေသေးသည်တကား ..။ ညီမလေး ရင်ထဲမှာ ထိုအသိအတွေးလေး တွေရှိနေတာ သူ .. သူ .. ရင်ထဲကြည်နူးနေရသည်ပါပဲ။ သူ .. လက် တစ်ဖက်ဖြင့် ညီမလေး၏ ဆံစလေး...ို သပ်ပေးမိရပါ၏။

''ကြည့်ကြသေးတာပေါ့တော်ရယ် .. ဟောဒီမျက်စိနဲ့ .. ဒေါ်ကြီး ထောက်ကြည့်ချင်ပါရဲ့ .. တကယ်မဖြုတ်ရင်တော့ ကောင်းသပေါ့ ရှင် .. စိတ်အေးသပေါ့ရှင် .. ကဲ .. ကဲ .. ဒေါ်ကြီးထား ပြန်မယ် ..''

ဟုပြောကာ ညီမလေး၏ ပါးလေးကိုနမ်းသည်။ ဒေါ်ကြီးထား ထီးတစ်လက်ဖြင့် ပြန်သွားတော့ ခြံဝမှာ ရပ်ငေး၍ သူ ကျန်ခဲ့ရ၏။

နောက်တော့ အာရုံထဲတိုးဝင်လာသည်က ညီမလေးကို သူ မနက်

www.burmeseclassic.com



ဖြန့် ကျောင်းမှာ စောင့်ရဦးမည်။ ထိုင်ခုံတစ်လုံး အိမ်က တစ်ပါတည်း ယူသွားမည်။ ခြေသလုံးတွေ တော့ခဲနေအောင် ရပ်ရသည်က နည်းနည်းတော့ ခံရဆိုးသည်ကိုးလေ ...။ ညီမလေး သူ့ကို လှမ်းကြည့်လျှင် မြင်နိုင်ဆိုတာက ရပ်နေမှရမည်။ ကြမ်းပေါ်ထိုင်လိုက်လျှင် ပြတင်းနေရာမှ သူ့ကို မြင်စရာမရှိ။ ညီမလေး ငိုမည်ပေါ့ ...။ ထိုင်ခုံနှင့် ထိုင်သည်ဆိုလျှင် ဖြင့် သူ့ကို မြင်ကိုမြင်ရမည်။ ဒါကြောင့် .. မနက်ဖြန် .. သူ ပလတ်စတစ် ခြေတံရှည်ထိုင်ခုံတစ်လုံးကို ယူကိုယူသွားရမည် ...။

"ကိုကို .."

မောင်နှမနှစ်ယောက် ခြံထဲပြန်လှည့်လျှောက်လာစဉ် ညီမလေး မော့၍ခေါ်၏။

"ညီမလေး ကားမောင်းမယ် .."

"ကြီးလာတဲ့အခါ မောင်းပေါ့ကွ .."

"ညီမလေး .. စက်ဘီးစီးမယ် .."

"ကြီးလာတဲ့အခါ စီးပေါ့ကွ .."

သူ ကားမောင်းတာကိုကြည့်၍ ညီမလေး ကားမောင်းတတ်ချင်နေသည်။ သူ့မှာ ဟိုဟိုသည်သည်သွားဖို့ မိန်းမစီး မိကျောင်းတံဆိပ် စက်ဘီးလေးတစ်စီးလည်းရှိသည်။ ကားနှင့် မသွားချင်သည့်အခါ .. နီးနီးပါးပါးနေရာသို့သွားလျှင် .. သူ .. စက်ဘီးနှင့် သွားတတ်သည်။ ထိုအခါမျိုးမှာ .. ညီမလေး တူတူ့ပါလာသည်က စက်ဘီးကယ်ရီယာ ထိုင်ခုံလေးမှာပါ ...။

"ကိုကို သင်ပေး .. အခု သင်ပေး .."

ဟု ပူဆာတော့ သူ ရယ်၍ ..

"ညီမလေး ဆယ်တန်းအရင်အောင်မှဖြစ်မယ်ကွ .. အဲဒီအခါကျရင် စက်ဘီးစီးသင်ပေးမယ် .. စက်ဘီးအရင်စီး .. နောက်တော့မှ ဘွဲ့ရတော့မှ .. ကားမောင်းသင်ပေးမယ် .. ဟုတ်ပလား .."





ဟု ပြောတော့ ညီမလေး မှုန်တေတေလေးလုပ်လာသည်။

"ဟင် .. ဆယ်တန်းက .. ဘယ်တော့အောင်မှာလည်း ကိုကို .. အကြာကြီးလားဟင် .."

ဟု မေးလာတော့ သူ ရယ်၍ ...

"မကြာပါဘူးကွ .. ကြွေရုပ်လေးရ .."

ဟု ပြောကာ ညီမလေးကို ပွေ့ချီလိုက်မိရသည်ပါပဲ ...။

"ညီမလေး ဘွဲ့ရမှာကရော .. ကြာမှာလားဟင် .."

ရင်ခွင်ထဲမှ မော့မေးတော့ ပါးလေးကို သူ နမ်းမိသည်။

"နည်းနည်းတော့ကြာမယ်ကွ .. အဲဒီအခါကျတော့ .. ကိုကိုက .. အသက်နည်းနည်းကြီးလာပြီ .. အဲဒီ အခါကျတော့ .. ညီမလေးက ကိုကို့ကို ကားမောင်းပြီးပို့ .. စက်ဘီးနင်းပြီးပို့ .. ကိုကိုက .. စီးတဲ့လူကြီးလုပ်မယ် .. ပျော်စရာကြီးကွ .."

ဟု ပြောတော့ ညီမလေး ရယ်သည်။ ပါးချိုင့်လေးပေါ်လာတာမို့ သူ ပါးချိုင့်နေရာလေးကို လက်ဖျားဖြင့် တို့ထိလိုက်မိရသည်ပါပဲ ...။

သူ .. ငိုင်ခနဲတစ်ချက်တော့ဖြစ်သည်။ စောစောက ဒေါ်ကြီးထား ပြောခဲ့သော စကား ...။ သူ့ကို ချန်ထားခဲ့လျှင် သူ ကြေကွဲကျန်မည်တဲ့...။ ရင်ကွဲကျန်မည်တဲ့ ...။ သူ့ကို .. သူ့ကို .. ညီမလေးသည် .. ကားလေး မောင်းပို့သည့် ညီမလေး ...။ စက်ဘီးလေးနင်း၍ လိုက်ပို့သည့် ညီမလေး အဖြစ် .. သူ့ဘေးမှာ .. ရှိရောရှိပါ့ပြောလားလေ ...။

ချစ်သူ .. ဆိုတာ .. ညီမလေး .. တစ်နေ့မှာ .. တွေ့နိုင်သည်မဟုတ်ပါလား ...။ ထိုအခါ .. ထိုအခါ .. သူ .. ကျန် .. ့ .. ရ .. ချေမည်သာ...။

ရင်သည်ဆို့လာ၏။ နာကျင်လာ၏။ နှလုံးသားတို့ ဖွဲဖွဲကြွေသည်သို့ပင် - ကြို့တင်၍ .. ရင်သည်ကျေနှင့် .. နာကျင်နှင့် နေရချေသည်တကား...။



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးရေ ...

ပေးဆပ်ရချေမည်လား

အသက်အဖျားကိုနှင်းအပ်

မြင့်မြတ်ရာနှလုံးသား

ခရီးရှည်သွားတဲ့မေတ္တာ

တစ်သက်တာ မိုင်တိုင်အဆုံး၏ တစ်ဖက်

တာမလွှန်ပန်းခက်နဲ့ လှေငယ်

ချောင်းစွယ်အထိရောက်ရောက်

အစ်ကိုတစ်ယောက်ရဲ့အချစ်

ညီမရင်နှစ် ရွှေစင်နှစ်အတွက်

ထားရစ်ခဲ့လျက် ထွက်ခွာမည် ...

သစ္စာတည်ဤအချစ် ချန်ရစ်ခဲ့မည် ...။

သြော် ...

သစ္စာတည်ဤအချစ် ချန်ရစ်ခဲ့မည် ....။





## အခန်း (၁၃)

"ရပါတယ်ဆိုမှ ကိုကိုကလည်း .. ပျိုလေး စီးတတ်နေပါပြီ .. ဘာလို့ အတင်းနောက်က စိတ်မချလက်မချ ကပ်လိုက်နေရတာလည်းလေ .. ပျိုလေး တစ်ယောက်တည်းစီးမယ် .. တစ်ယောက်တည်းစီးမယ် .."

မနက်ခင်း ရှစ်နာရီလောက်ရှိနေပြီ ..။ နေကလည်း အရှိန်လေးတင်၍ယူနေပြီ။ ညီမလေးတစ်ယောက်တည်း စက်ဘီးစီးနေ၍မဖြစ်..။ ခုမှ စီးတတ်ခါစ ညီမလေး စက်ဘီးလဲမှာကို လန့်နေတာကလည်းတစ်ခု ..။ ညီမလေး နေလောင်မှာစိုးရိမ်ရတာကတစ်ခု ..။ သူ့မှာ ခုထိစိတ်ထဲတသောသောပူနေဆဲ ..။

"စက်ဘီးလဲရင် ခြေထောက်တွေ .. လက်တွေ နာကုန်မှာ ညီမလေးရ .. ဒူးတွေဘာတွေ ပွန်းကုန်မှာ .. လက်တွေဘာတွေ ပွန်းပဲ့ကုန်မှာ.. ကိုကို နောက်မှာရှိနေတော့ ညီမလေး စက်ဘီးနည်းနည်းယိုင်သွားရင် ဖမ်းထိန်းနိုင်တယ်လေ ... သေချာကျွမ်းကျင်မှ တစ်ယောက်တည်းစီးပါ ညီမလေးရယ် .. ကိုကို့ ညီမလေးက နုနုဖြူဖြူလေးရယ်.. လဲကျပြီးကျလို့ အမာရွတ်ထင်ရင် တော်တော်နဲ့ အဲဒီ အမာရွတ်တွေ ပျောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး .. အလှပျက်ကုန်မယ် ညီမလေးရ .. ကိုကို့ ညီမလေးက ရွှေအဆင်းလေး .."

သူ့မှာ အမောတကောနောက်မှ အတင်းကပ်လိုက်နေရသည်။ ညီမလေးကလည်း သူ မလိုက်မီအောင် နည်းနည်းတော့ ခပ်မြန်မြန်ကျ နင်းစပြုလာပြီဆိုတာကို သူ သိသိလာနေရင်းပို၍ စိတ်ပူလာရပါ၏။ အရှိန်မထိန်းနိုင်လျှင် စက်ဘီးလဲမည်လေ ..။

"ညီမလေးကို ပေးထားတဲ့ကတိကြောင့် .. ခု ဆယ်တန်းဖြေပြီး ချိန်မှာ ကိုကို ဒီစက်ဘီးစီးသင်ပေးရတာနော် .. ဒါပေမယ့် .. ညီမလေး ကလည်း အတင့်မရဲဖို့လိုတယ်ကွ .. လဲမယ် ညီမလေးရဲ့ .."

သူ့မှာ ရတက်ကိုမအေးနိုင်။ နောက်မှ သွန်ပြောနေရင်း အပြေးကို ပို၍ စံချိန်တင်လိုက်ရပြန်သည်ပါပဲ ..။ –

"ညီမလေး အသားတွေ နေလောင်မှာစိုးလို့ .. စက်ဘီးစီးသင်ရဲ့ တာတောင်မှ ညဘက် လသာသာလေးမှာ သင်ပေးတာနော် .. ဒီမနက် ခြောက်နာရီခွဲလောက်ကြီးမှာ မနက်ဘက် စီးချင်လှချေရဲ့လို့ ညီမလေး အတင်းပူဆာတာနဲ့ ကိုကို အလိုလိုက်မိတာ မှားပြီထင်တယ် .. အခု နေပူလာပြီ ညီမလေးရေ .. အသားတွေနေလောင်ကုန်လိမ့်မယ် .. ရပ်ပါ ကွာ .. ရပ်ပါတော့ .."

ဟု သူ တောက်လျှောက်ပြောနေတော့ ညီမလေး စက်ဘီးနင်းရပ် သည်။ စက်ဘီးပေါ်မှ ဆင်းသည်။ ဤတစ်ကြိမ်မှာတော့ ညီမလေး သူ့ကို ဆောင့်အောင့်၍ တုန့်ပြန်လာ၏။ လမ်းဘေးမန်ကျည်းပင်အောက် မှာသွား၍ စက်ဘီးကို ဒေါက်ထောက်သည်။ ပင်ခြေမှာ ဆောင့်အောင့် ၍ထိုင်သည်။ သူ့ကိုလည်း ပေစောင်းစောင်းကြည့်လာ၏။ သူ ညီမလေး ဘေးမှာ သွားထိုင်မိရပြီ။ နဖူးပေါ်မှ ချွေးတွေကို ပုဆိုးခါးပုံစဖြင့် ပွတ် သုတ်နေမိရပါ၏။ ညီမလေး သူ့ကို ကြည့်ကိုမကြည့် ..။ ရှေ့တည့်တည့် ကို စိုက်ကြည့်နေသည်။ သူ .. လွယ်အိတ်ကြီး စလွယ်သိုင်း၍ စက်ဘီး





နောက်မှလိုက်လာခြင်း ..။ လွယ်အိတ်ထဲမှာ ရေပုလင်းပါသည်။ ညီမလေး စက်ဘီးစီးရင်းမောလျှင် သောက်ဖို့ ..။ ခုလောလောဆယ်တော့ သူလည်း ဆာနေပြီ။ ပုလင်းကိုအဖုံးဖွင့်၍ ညီမလေးကို ကမ်းပေးမိရသည်။

"ရေဆာမှာပေါ့ .. ရော့ .. သောက် .."

ညီမလေး မယူ ..။ သူ ပြုံး၍ ညီမလေး ခေါင်းကိုပုတ်မိသည်။ ညီမလေး၏ လက်ဖဝါးလေးတွေက သူ့လက်ထိရာ ဆံပင်နေရာကို ထိ ပွတ်ပစ်၏။ သဘောက .. သူ့လက်ဖြင့်ထိတာကို မခံချင်သည့်သဘော..။ စက်ဘီးမနင်းရ၍ စိတ်အရမ်းဆိုးနေမှန်းတော့ သူလည်းသိသည်ပါပဲ။ ဒါပေမယ့် .. ခုလို .. ညီမလေး ပေါ်တင်ကြီး သူ့ကို ကန့်လန့်မတိုက်..။ ညစ္စာက .. စိတ်လက်တကယ့်ကို ဆိုးနေသည့်အဖြစ်။

"ကလေးပဲလေ .."

သူ စိတ်ကိုဖြေယူသည်။ ဆယ်တန်းဖြေပြီးလျှင် စက်ဘီးစီးမည်ဟု အားခဲထားသမျှ ..။ ခု .. စက်ဘီးစီးသင်ခဲ့ရာမှ စီးတက်ခါစဆိုတော့..။ ချော့ .. တစ်ယောက်တည်း ကြွားကြွားဝါဝါလေးစီးချင်နေတာလည်း ဝါချေမည်ပေါ့ ..။

"ကိုကိုလည်း ညီမလေးလိုပဲကွ .. ဘဘညို့ သင်ပေးလို့စက်ဘီးလေး စီးတက်ခါစ .. အလွန်တစ်ယောက်တည်းစီးချင်တာ .. စက်ဘီးလေး များစီးသွားရင် .. ဘေးကလူတွေက တအံ့တသြနဲ့ အထင်တကြီးကြည့် နေကြမယ်လို့ကို ထင်နေတာလေ .. အထင်ကြီးကလည်းခံချင်ပေါ့ .. အဲသလိုဖြစ်တာ .. အံမယ် .. ထိန်သာခဲလေး စက်ဘီးစီးတတ်နေပါရော လား .. စီးလိုက်တာများ ဖြောင့်လို့ .. လက်ကိုင်ကို ငြိမ်လို့ .. အဲသလို ဝိုင်းကြည့်ကြမယ်လို့ကို .. ထင်ထင်နေတာလေ .. ဒါနဲ့ .. ဖွတ်စီးတာ.. လက်ကိုင်မထိန်းနိုင်ဘဲ .. လဲတာယ်လေ .. ဒူးလည်းပေါက်ပြဲ .. လက်ဖဝါး တွေလည်း ပေါက်ပြဲ .. တံတောင်လည်း ပွန်း .. အဲသလိုကိုဖြစ် .."

"ညီမလေးက ကိုကို့လိုမှ မဟုတ်တာ .. ညီမလေးက ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



ပဲ .. ဘာလို့ စက်ဘီးလဲရမှာလဲ .. နေရာတကာမှာ ညီမလေးက ကိုကို တစ်ထပ်တည်းတူနိုင်ပါ့မလား .. ကိုကို ညှဲ့ပေမယ့် .. ညီမလေးက စက်ဘီးစီးတော်နေရင် တော်နေမှာပေါ့ .. ဘယ်တော့မဆို .. ညီမလေးကို စိတ်မချလက်မချနဲ့ .. တကောက်ကောက်လိုက်ကြည့်နေတာများလှပြီ စိတ်ညစ်လာတယ် သိလား .. လွတ်လပ်တယ်ကို မရှိဘူး .. ခုလည်း ကြည့် .. စက်ဘီးလေးတစ်ယောက်တည်း နင်းချင်ပါတယ်ဆိုမှ .. နောက်က တကောက်ကောက်ပါနေတယ် .. မြန်မြန်နင်းလည်း မြန်မြန်လိုက်လာတယ် .. ဘယ်ကောင်းတော့မလဲ .. ညီမလေး ဆယ်တန်းတောင်ဖြေထားပြီ .. အရွယ်ရောက်နေပြီသိလား ကိုကို .. ငယ်ငယ်လေးမဟုတ်တော့ဘူး .. လဲမယ် .. လိမ့်ကျမယ်နဲ့ တကဲကဲဖြစ်နေတာ ကိုကို လွန်တယ် ..''

သူ အံ့ဩမှင်တက်သွားရပါပြီ ..။ ဤသည်က .. စက်ဘီးစီးချင်ဇောတစ်ခုတည်းကပ်နေရင်းပြောနေတာမျိုး ဖြစ်မနေတော့ပြီကောလေ .. ခံစားချက်တွေ ပေါက်ကွဲလာတာမျိုးဖြစ်နေသည်။ ညီမလေး တကယ့်ကို ခုထိ သူ့ကိုမကြည့် ..။ ရှေ့တည့်တည့်ကြည့်နေရင်း ဆက်တိုက်ပြောနေခြင်း။ ဖြူဥဥမျက်နှာလေး ပန်းရိုပ်ဆမ်းနေသည်။ စိတ်လက်ဆိုးနေတာ .. မကျေမချမ်းဖြစ်နေတာ သူသိလာနေရပါ၏။ ရင်ထဲ နင့်ခနဲခံစားလာရသည်။

''ဩော် .. ညီမလေး .. ငါ့ကို .. အချိန်အတော်ကြာကတည်းက .. မကျေမနပ်ဖြစ်နေတာပါလား .. ဖွင့်မပြောရက်လို့သာ မပြောပဲ ကျိတ်မှိတ်ခံစားနေတာပါလား .. ငါ စိတ်ဆင်းရဲမှာစိုးလို့ မြိုသိပ်ထားသမျှ ဒီနေ့ကျတော့မှ ပေါက်ကွဲတာပါလား .. ဟုတ်တာပေါ့လေ .. သူက .. ဆယ်တန်းတောင်ဖြေပြီးခဲ့ပြီပဲ .. ငါက .. သူ့ကို တကောက်ကောက် လိုက်ကြည့်နေတော့ အနေကျုံ့ရှာပေမပေါ့ .. ငါက ချစ်လို့ .. သူ့ကို စိတ်ပူလို့ .. လိုက်လိုက်ကြည့်နေမိတာ .. သူ့ကို ကြီးလာတယ်လို့ကို မထင်နိုင်ပဲဖြစ်နေမိတာ ငါ့အမှားပေါ့ .. သူကလည်း .. လုပ်ပဲလေ ..





ဘစ်ခါတစ်ခါတော့လည်း .. တစ်ယောက်တည်း .. လွတ်လွတ်လပ်လပ်လေး နေချင်ရှာမှာ .. သွားလာချင်ရှာမှာပေါ့ ..''

သူ တွေးကာ ငြိမ်ကျနေစဉ်မှာ ညီမလေးကတော့ ပြောလာနေဆဲ..။

''ငယ်တုန်းကတော့ ထားပါတော့ .. ကျောင်းအထိလာလာပြီး .. ထမင်းကျွေး .. ထမင်းခွံ့နဲ့ရှိခဲ့တာထားပါ .. ရှစ်တန်းရောက်တဲ့အထိ .. လာလာကျွေး .. လာလာခွံ့နေတော့ .. ပျိုလေး ရှက်လာတာပေါ့ .. သူငယ်ချင်းတွေက .. နင့်ကိုကိုက .. နင့်ကို ထမင်းလာလာခွံ့နေရအောင် .. နင့်မှာ လက်မပါဘူးလား .. ဘာလားနဲ့ နောက်ကြတယ်လေ .. သူတို့ကိုလည်း ကိုကို လာခွံ့ကျွေးမှာလားလို့ဘာတို့ ပြောင်ကြနောက်ကြတယ် .. ညီမလေး .. ရှက်လို့ .. နေ့လယ်အိမ်မှာ ထမင်းစားမယ်လို့ပြောခဲ့ရတာသိရဲ့လား .. ကိုကို နေ့လယ်ကြီး ထမင်းချိုင့်ကြီးနဲ့ ရောက်ရောက်လာ .. ညီမလေးနဲ့တူတူ ထမင်းစားတော့လည်း .. ညီမလေးကို ခွံ့ခွံ့ကျွေးနေတာနဲ့ပဲ အချိန်ကကုန်နေတာဆိုတော့ .. ရှက်လာတာတွေ ကိုကို သိလို့လား .. အဲဒါ .. နေ့လယ်ကျောင်းလာကြို .. အိမ်ပြန်ခေါ် .. ဟိုမှာ ထမင်းတူတူစား .. ကိုကိုက ပြန်ပို့ .. ညီမလေးမှာ .. ခြေထောက်တွေ ပေါ်တာဲကျနေတာပဲ .. နေရာတကာ .. ကိုကိုက ဘေးမှာရှိနေတာချည်းပဲ .. ပြီးတော့ .. ကိုကို့ မျက်နှာမှာက အမှတ်ကြီးနဲ့ .. သူငယ်ချင်းတွေက .. မှတ်ကြီး .. မှတ်ကြီး နဲ့ .. နောက်တောက်တောက်ခေါ်ကြတာလေ .. ဘယ်လောက်စိတ်ညစ်ဖို့ကောင်းခဲ့တယ်ထင်လည်း ကိုကို .. ဘယ်တော့မှ အလိုက်ကမ်းတရားမသိ .. လူရိပ်လူကဲမသိ .. ညီမလေး တစ်ယောက်တည်းကိုပဲ ကွက်ကွက်ကြည့်ခဲ့လို့ ကိုကို့ကြောင့် ညီမလေး ကျောင်းမှာ အမြဲအနောက်ခံရတယ် .. နို့မပြတ်သေးတဲ့ ကလေးလေးတဲ့ .. သိရဲ့လား ..''

ညီမလေးကလည်း သူ့ကိုမကြည့်ပဲ ဆက်တိုက်ပြောနေသည်။ ရင်ထဲက ခံစားချက်တွေတိုင်းကို အန်ချလိုက်သည့်နှယ်ဖြစ်နေသည်။ မြိုသိပ်



www.burmeseclassic.com

www.burmeseclassic.com



မထားနိုင်တော့သည့်အသွင် ..။ သူကလည်း .. ငြိမ်ကျခံနေသည်။ အကြည့်
က ရှေ့ဆီမှ မြက်ပင်လေးတွေဆီမှာ တန့်နေ၏။ လက်ကတော့ သူ့ပါး
ပြင်ထက်သို့ရောက်၏။ သြော် .. သူ၏ ဘယ်ဘက်ဆီမှ အနီမှတ်ကြီးက
ပို၍ပင် ကြီးလာခဲ့သည်မို့ ပို၍ထင်းနေခဲ့သည်ပဲလေ ..။ ညီမလေးခမျာ
ဤအမှတ်ကြီးကြောင့် သူငယ်ချင်းတွေအလယ်မှာ မျက်နှာသိမ်ငယ်ခဲ့
ရရှာသည်ပဲ ..။ သူက မသိနိုင်ခဲ့ ..။ ညီမကို ချစ်ဖော်ဖြင့် ကျောင်းကို
ရောက်ခဲ့ရလေသမျှ ..။ ဤမျက်နှာကြီးကြောင့် သူငယ်ချင်းတို့အလယ်
မှာ မျက်နှာခဲ့ရရှာသည်ပဲ ..။ သူ .. သူ .. ညီမလေးကို တစ်လျှောက်လုံး
စိတ်ညစ်အောင် ရက်ရက်စက်စက်လုပ်မိခဲ့ချေပြီကောဟု နောင်တဖြစ်
လာနေရသည်က ရင်ထဲမဆန့် ..။ ညီမလေးကို သနားလှပါပြီ ..။ သူ
ကယောင်ကတမ်းနိုင်စွာ ရေပုလင်းကို အဖုံးပြန်ဖွင့် ..။ တမော့မော့
သောက်နေမိရသည်။ နောက်တော့ သူ့အကြည့်က ညီမလေးထံရောက်
သည်။ ညီမလေး၏ လက်လေးတွေက မြက်ခင်းပေါ်တင်နေ၏။ စိတ်
ညစ်လက်ညစ်ဖြင့် စိတ်ရှုပ်ထွေးစွာထိုင်နေသည့် ညီမလေး ..။ ညီမလေး
၏ လက်လေးတွေကို သူ တဖန်ကြည့်မိပြန်သည်။ သြော် .. ဤလက်
လေးတွေ .. တစ်ချိန်က .. သူ့လက်ကို တတွယ်တာတာ .. တဖေးကပ်
ကပ် .. တကောက်ကောက်ပါအောင် သူ့လက်ထဲလာ၍လာ၍ ထည့်တတ်
သည့်လက်လေး ..။ သူ ခြံထဲဆင်းလျှင်လည်း လက်လေးလာတွဲ၍ ..
တွဲတွဲဖြင့် တခုန်ပေါက်ပေါက်အားမှာ ညီမလေးလိုက်လာတတ်သည်။
"ခုတော့ .. ခုတော့ .. လက်လေးတွေက သေးသေးငယ်ငယ်လေး
တွေမှ မဟုတ်တော့တာ .. လက်တွဲဖို့ဆိုတာ .. မလိုတော့ဘူးလေ ..
သြော် .. ခုမှ ငါတစ်လျှောက်လုံး မတွေးမိ .. မမြင်မိတဲ့အသိတစ်ခုရ
ပေါ့လား .. ဟုတ်တယ် .. ငါ့ညီမလေး .. ငါ့လက်ကို လာလာမတွဲ
နေခဲ့တာ .. သူ .. ရှစ်တန်းလောက်ကတည်းကစခဲ့တာပဲ .. စခဲ့တာမှ
ငါကတွဲလိုက်ရင်တောင်မှ ခဏလေးပဲနေတယ် .. လက်တွဲလေးဖြုတ်





သွားခဲ့တာကိုး .. အေးပေါ့လေ .. သူ .. ငါ့မျက်နှာကြီးကြောင့် ရှက်ရှာ
ရှာပေါ့ .. ကျောင်းမှာ ညီမလေးကို သွားကြိုတဲ့အခါ .. ငါ .. လက်လေး
တွဲမိရင် .. ညီမလေး ခဏပဲနေတယ် .. ဖြုတ်တာပဲ .."
သူ ရင်ထဲ ဆို့လာသည်။ ခပ်ဖြည်းဖြည်းသူ ထရပ်မိ၏။
"ကိုကို အလိုက်မသိခဲ့တာ ခွင့်လွှတ်ပါ ညီမလေးရယ် .."
ဟုပင် ပြောမထွက် ..။ မပြောရက် ..။ သူ စိတ်ထဲခုသွားသည်မို့
ဆိုသို့ ပြောလိုက်သည်ဟု ညီမလေး ထင်သွားလျှင် စိတ်မကောင်းဖြစ်နေ
ဦးမည် ..။ ဘာမျှမပြောရက် ..။ ပြောမထွက် ..။ သူ့မှာ ညီမလေးနှင့်
ပတ်သက်လာလျှင် စိတ်ခုစရာလည်းမရှိ ..။ စိတ်ဆိုးစရာလည်းမရှိ။
စိတ်နာစရာလည်းမရှိ။ အချစ်သာရှိသည်ပဲလေ ..။
သူ .. ခပ်ဖြည်းဖြည်း ထွက်လာမိသည်။ ညီမလေးကို တစ်ခွန်းမျှ
မပြော ..။ ညီမလေး သဘော ..။ ညီမလေးတစ်ယောက်တည်း စက်ဘီး
စီးနိုင်သည်။ သွားနိုင်သည်။ လာနိုင်သည်။ ဟုတ်သည်။ ညီမလေးသည်
ကလေးမဟုတ်တော့ပြီ။ နေပူမိမှာကို သူ အစိုးရိမ်နေခြင်းသည် ညီမလေး
ကို ချုပ်ချယ်သယောင်ဖြစ်ကုန်သည့်အတွက် ညီမလေးကို သူ အားနာ
သည်။ ညီမလေး အချိန်တွေနှစ်ချီစိတ်ညစ်ခဲ့ရတာတွေအတွက် သူ
ရင်ထဲမကောင်း။ သူ .. တစ်ခွန်းမပြောပဲထွက်သွားသည်မှ နောက်ကို
လှည့်၍ပင် မကြည့်ရက် ..။ ညီမလေး ငိုနေမည်လားဟု ရင်ထဲမှာ နောက်
ဆံငင်နေသည်။ ဒါပေမယ့် .. သူသွား၍ ဘာပြောရမည်လဲ ..။
"ညီမလေးကို ချစ်လို့ ကိုကို .. စိတ်ပူလွန်းလို့ .. ခုလို .. မျက်စိ
အောက်က အပျောက်မခံဘဲရှိနေရတာပါ ကလေးရယ် .."
ဟုပြော၍လည်း ညီမလေး စိတ်ပိုထိခိုက်ဖို့ပဲရှိမည်။ စိတ်ညစ်ဖို့
ရှိမည်။ ညီမလေးကို သူ တစ်လျှောက်လုံး စိတ်အရာမှာ မလွတ်လပ်
အောင် ချုပ်နှောင်မိခဲ့သူသက်သက်ဖြစ်နေခဲ့ပြီကောဟု ရင်လှမချိ ..။
ဆိုခံစားချက်ပဲ ရင်ထဲမှာ တစ်ပါတည်းလိုက်လာသည်။ ပါလာသည်

www.burmeseclassic.com

www.burmeseclassic.com



တည့် ..။

ညီမလေး .. ဆိုသည့် နှောင်ငင်စိတ်က ကြာရှည်မတောင်းနိုင် .. နောက်ကို ကြည့်မိရပြန်သည်ပါပဲ။ ညီမလေး ခုထိ ငြိမ်၍ထိုင်နေဆဲ .. သူ့ကိုလည်း လိုက်မကြည့် ..။ သူ ထွက်သွားတာကို သိနေပါလျက်နှင့် မကြည့် ..။ လှမ်း၍လည်းမခေါ် ..။ ငြိမ်၍ထိုင်နေသည်။ သူ .. ရင်ထဲ ဘယ်လိုကဘယ်လို ဝမ်းနည်းလိုက်သည်မသိ ..။ အရှိန်နှင့် လှိမ့်တက် လာသည်။ ရင်ထဲက အဆို့အခဲကြီးသည် မျက်ရည်အဖြစ်သို့ ပြို၍ ပါးပေါ် ကျ၏။ ရှိုက်သံကို သူ ထိန်းနိုင်ဖို့ပင် အချိန်မရလိုက် ..။ ဆက်တိုက်ပွင့် ကျလာသည်။ သူ ခြေလှမ်းသုတ်သုတ်ဖြင့် ခြံဘက်ကို လျှောက်မိရသည်။ ခြံဝအရောက်မှာ မျက်ရည်ကိုစင်အောင် သူ ကြိုးစားပမ်းစားသုတ်နေမိရ ပါ၏။ နောက်တော့ အိမ်လေးပေါ်တက်သည်။

တံခါးရှေ့မှာ အနိုင်နိုင်ဖိနပ်ကိုချွတ် ..။ အိမ်ထဲဝင် ..။ တံခါးကို ပိတ်လိုက်မိကာ ဧည့်ခန်းမလေးမှာ ခြေကုန်လက်ပမ်းကျလျက် အားကုန် ကြိုးပြတ်ပုံပုံချထိုင်လိုက်မိရပါ၏။ နံရံကိုမှီထားမိသည်။ အကြည့်က ဖွင့်ထားသော ပြတင်းဆီမှာ တန့်နေ၏။ မျက်ရည်က တန့်မရ ..။ ဆည် မရ ..။ ထိန်း၍မရ ..။ တောက်လျှောက်ကျနေ၏။ ရင်သည် အသက် ပြင်းပြင်းရှူနေသည့် သူတစ်ယောက်၏ရင်ဖြစ်နေသည်။ မြန်ဆန်သော လှုပ်ရှားမှုဖြစ်နေသည်။ မြင့်ချီနိမ့်ချီ ..။

နောက်တော့ .. သူ့လက်တွေက သူ့မျက်နှာကိုထိလာ၏။ သူ့ အမှတ်ကိုထိ၏။ စိတ်နာသည့်ဖောသည် အမှတ်ဆီသို့ သက်ဆင်း၏။ လက်ဖြင့် မနားစတမ်းရိုက်ပစ်မိသည်က အမှတ်နီကြီးကိုပါ ..။

“ဟုတ်တယ် .. ငါဟာ .. ဂြိုဟ်ကောင် .. မေမေ့ကိုသတ်တဲ့ကောင် .. ငါ့ကိုမွေးလို့ .. မေမေ ဆုံးခဲ့ရတာ .. ငါဟာ .. ညီမလေးကိုလည်း လူ ပုံအလည်မှာ .. စိတ်ညစ်အောင်လုပ်နေတဲ့ကောင် .. အလိုက်ကမ်းဆိုး လည်းမသိ .. အရိပ်သုံးပါးလည်းမသိ .. ညီမကို ချစ်တာပဲစုံမှိတ်ပြီး



နေတဲ့ကောင် .. အကန်း .. မင်းရဲ့ ရင်ကလည်း အကန်း .. ဘာမှမြင်ရ မှန်းမသိတဲ့အကန်းရင် .. မျက်လုံးတွေကလည်း အကန်း .. ဘာမှမမြင် တတ်ပဲ ညီမကိုပဲ ချစ်ဖို့သိနေတဲ့အကန်း .. ပတ်ဝန်းကျင်က ငါ့ညီမလေး ဂု လှောင်ကြပြောင်ကြတာကို မမြင်တဲ့အကန်း ..”

သူ .. သူ့ နဖူးကိုထုသည်။ သူ့ရင်ဘတ်ကိုထုသည်။ သူ့အမှတ်ကို ?က်သည်။ နောက်တော့ ...

ဒူးနှစ်ဖက်ကို ထောင်၍ မျက်နှာကို ဒူးပေါ်တင်လိုက်မိသည်။ မျက်ရည်ပေါက်ကြီးတွေ ဆက်တိုက်ပိုးပိုးပေါက်ပေါက်ကျလာသည်။ သူ .. စိတ်ကိုလွှတ်ချလိုက်မိရပါပြီ။ ရှိုက်ကြီးတငင်ငိုချလိုက်မိပြီ ..။

“ကိုကိုလေ .. ညီမလေးအတွက်ဆို .. လူတစ်ယောက်ရဲ့ အထွဋ် အဖျားဖြစ်တဲ့ အသက်ကိုနှင်းအပ်ဝံ့တဲ့ ကိုကိုပါ .. ကိုကို့ တစ်သက်တာ.. ကိုကို့ အသက်တို့အဆုံးသပ်ရာ .. မိုင်တိုင်တစ်ခုရဲ့ တစ်ဖက် တမလွန် အထိ .. ဟိုဘက်ကူးရတဲ့ချောင်းအကွေ့အထိ .. ညီမလေးကို ချစ်တဲ့ပန်း ခက်တွေကို လှေငယ်လေးပေါ်ဟင်ပြီး ကူးမယ့်သူပါ ညီမလေးရယ် .. ကိုကို့အချစ်တွေကို ညီမလေးအတွက် ထားရစ်ထွက်ခွာမယ့်သူပါ ..”

သူ ရင်ထဲမှ တောက်လျှောက်ပြောနေမိသည်။

ရုတ်ခနဲ ဖေဖေ့ ပုံရိပ်သည် သူ့အာရုံမှာထင်လာ၏။ ဖေဖေ့ကို နောက် ဆုံးသက်ရှိထင်ရှားတွေ့ခဲ့ရသောနေ့ ..။ သားရေအိတ်ပြာကိုဆွဲ၍ ဖေဖေ သွားနေရာမှ ပြန်လှည့်လာသည့်ပုံရိပ် ..။ သူကလည်း ဖေဖေ့ထံ ပြေးသွား မိသည့် ပုံရိပ် ..။ သားအဖနှစ်ယောက် လမ်းပေါ်မှာ ဖက်ထားမိသည့် အဖြစ်များ ..။

ဖေဖေ့အသံက .. လတ်လတ်ဆတ်ဆတ်ကြားနေရသည့်နှယ် ပေါ် လာသည်။

“ညီမလေးကို ဂရုစိုက်ရမယ်နော် သား .. သားရဲ့ ညီမလေးမှာ သားပဲရှိတာ ..”

www.burmeseclassic.com



သူ .. ကြားယောင်နေမိရင်း ခေါင်းညိတ်နေမိသည်။ ဒူးပေါ်မေးတင်မှောက်ထားသောခေါင်းကို မတ်လိုက်မိသည်။ ရှေ့သို့တိုးလိုက်မိသည်။ ဖေဖေ့ရင်ခွင်မှာ ခေါင်းဝင်တိုးသည့်နှယ် လုပ်မိခြင်း ..။

"သားကို ခွင့်လွှတ်ပါ ဖေဖေ .. ညီမလေးကို .. နှစ်နဲ့ချီပြီး စိတ်ညစ်အောင် သားလုပ်ခဲ့မိတယ် ဖေဖေ .. အဲသလိုလုပ်နေမိတာကို .. သားကိုယ်တိုင်မသိလောက်အောင် အလိုက်ကမ်းတရားကို မသိခဲ့တဲ့သား ဖေဖေ .. ဖေဖေ ခွင့်လွှတ်ပေးပါဗျာ .. ညီမလေးကိုယ်စား .. ဖေဖေ့ကိုယ်စား .. ခွင့်လွှတ်တဲ့စကား .. ပြောပေးပါ ဖေဖေရယ် .. နောက်ကို သား .. ဆင်ခြင်ပါ့မယ် ဖေဖေ .. ဆင်ခြင်ပါ့မယ် ဖေဖေ .. ဒီလိုမဖြစ်အောင် .. ညမလေး စိတ်မညစ်ရအောင် သား .. ဆင်ခြင်ပါ့မယ် ဖေဖေ"

သူ ဆက်တိုက်ပြောနေသည်က ဆယ့်သုံးနှစ်အရွယ် ကောင်လေးတစ်ယောက်နှယ်ပါ ..။ ဖေဖေ့ ရင်ခွင်မှာ ခေါင်းလေးတိုးဝင်ဖက်တွယ်ငိုကြွေးနေသည့် ထိန်သာ ဆိုသည့်ကောင်ငယ်လေးတစ်ယောက်နှယ်ပါ ..။ ဖခင် ရင်ခွင်ကို အားကိုးတကြီး တိုးဝင်ပြောနေခြင်းမျိုးဆန်နေသည်။ သူ့လက်တွေက ရှေ့ဘက်ကို ဖေ့ယမ်းနေ၏။ အဖေ့ကိုလက်ဖြင့် စမ်းနေသည့်နှယ်ဖြစ်နေသည်။

ဩော် ..သူ အားကိုးရာ ရင်ခွင်ကိုရှာဖွေနေခြင်း ..။ ဖေဖေ့ ရင်ခွင်ကို .. ရှာဖွေနေခြင်း ...။





## အခန်း (၁၄)

ကိုကို ဘာမှမပြောဘဲထွက်သွားတာကို သိသိကြီးနှင့် ပျိုလေး ငြိမ်၍ ပေတေထိုင်နေမိသည်။ ဒါပေမယ့် .. ကြာကြာမခံနိုင် ..။ ရင်ထဲနောင်တဖြစ်လာရပါပြီ ..။ ပျိုလေး ဘဝမှာ မေတ္တာတွေ အသောမသတ်ရခဲ့ရသည်က ကိုကိုထံမှဖြစ်သည်ပဲလေ ..။ ဘာကြောင့် .. ခုလို အဆင်ခြင်မဲ့ စိတ်ကိုလွှတ်၍ ပြောမိရချေသည်လဲဟု ခုကျတော့လည်း နောင်တဖြစ်လာရပြီ။

"ငါပြောတာတွေ အရမ်းလွန်သွားပြီ .. ကိုကိုက ငါ့အတွက်ဆို.. စိတ်ပူဖို့ပဲသိတာ .. ချစ်ဖို့ပဲသိတာ .. အဲဒါကို ငါသိသိကြီးနဲ့ .. ခုလို.. သွန်ပြောမိတာ မှားပြီ .."

ပျိုလေး တစ်ယောက်တည်းငိုင်၍ အတန်ကြာမျှ မန်ကျည်းရိပ်မှာ တွေဝေငေးမောထိုင်နေမိသည်ဟည့် ..။ ကိုကို့ နောက်သို့လည်း စက်ဘီးလေးနင်း၍ လိုက်မသွားရဲ ..။ ပြောတုန်းက အပြတ်အသတ်ပြောမိခဲ့ချေသမျှ ..။ ခုကျတော့လည်း ကိုကို့မျက်နှာကို မကြည့်ရက်အောင်ဖြစ်နေရပြီ။ အဘယ်မျှထိ ကိုကို စိတ်ထိခိုက်သွားမည်ဆိုတာ ပျိုလေး သိနေသည်။

"ငါမိုက်တာ .. ငါမိုက်တာ .. ကိုကို့ကို .. အဲသလိုကို မပြောအပ်တာ .. ငါတော့ ကံကြီးထိုက်တော့မှာပဲ .. ငါ့ကို ဝုခက်လေးလွှဲသိပ်ခဲ့..



www.burmeseclassic.com

www.burmeseclassic.com



နို့ဘူးလေးတိုက်ခဲ့ .. ထမင်းခွံ့အရွယ်ကျတော့ ထမင်းလေးခွံ့ .. အာဟာရ ဖြစ်အောင် ဘယ်လိုကျွေးမွေးတယ်ဆိုတာ ဒေါ်ကြီးထား အမြဲ ကိုကို့ အချစ်တွေကို ပြောပြောပြခဲ့ဟာပဲဥစ္စာ .. ငါ လူမှန်းသိလာကတည်းက လည်း .. ငါ .. ဘယ်လို ကိုကို့အချစ်တွေနဲ့ ကြီးပြင်းလာရတယ်ဆိုတာ သိနေရတာပဲလေ .. ကျောင်းမှာ သူငယ်ချင်းတွေ နောက်ကြတာကို အဟုတ်လုပ်ပြီး .. ငါ .. ဒီနေ့မှာ ပေါက်ကွဲပြလိုက်မိပြီ .. ခုကွာပဲ .. ကိုကို အရမ်းစိတ်ထိခိုက်နေလောက်ပြီ .. ဘယ်လိုပြန်တောင်းပန်ရမှန်းတောင် မသိတော့ဘူး .."

စက်ဘီးတစ်ယောက်တည်း မစီးရကောင်းလားဟု မကျေမချမ်း ဖြစ်ရာမှ ..။ တစ်ချက်လေး စိတ်လွတ်သွားမိကာ ..။ ကျောင်းတုန်းက ကျိတ်ခံစားခဲ့တာတွေပါမချန် ကောက်ကာငင်ကာ ကိုကို့ကို ပြောမိခဲ့ သည့် စကားလုံးများ ..။ ထိုစကားလုံးတိုင်းသည် ကိုကို့ရင်ကို ကွဲကြေ နေစေလောက်ပြီ။

"ငါ .. ငါ .. ကိုယ့်ဘာသာကိုယ် .. စိတ်လွတ်လက်လွတ်လုပ်ကိုင် သမျှ .. ကိုကို နေရာတကာစိတ်ပူပြီး လိုက်လိုက်ကြည့် .. လိုက်လိုက် ပါနေတော့ .. စိတ်ထဲမွန်းကြပ်ခံစားခဲ့ရတာတွေ .. ဒီနေ့မှာ အကျယ်ချဲ့ ခံစားချက်လုပ်ပစ်ပြီး .. ပုန်ကန်မိပါရောလား .. ဒီစက်ဘီးကို .. ငါတစ် ယောက်တည်း စီးချင်တဲ့စိတ် .. ငါ့ဘာသာငါ .. ကိုကို့အကူမပါဘဲ စီးပစ်လိုက်ချင်တဲ့ ခံစားချက်တွေ ရင်ထဲအရမ်းမြင့်တက်လာနေရာက ခုတော့ .. ငါ .. ကိုကို့ကို .. စော်ကားမော်ကား ကျေးဇူးကန်းစကားတွေ ပြောမိခဲ့ပါရောလား .."

နှုတ်ခမ်းကိုလက်ဖြင့် ဖတ်ခနဲဖတ်ခနဲ ဒေါသဖြင့် ရိုက်ပုတ်လိုက် မိသည်က ပျိုလေး ပါ။ အိမ်ကိုမပြန်ရဲသေးဘဲ မန်ကျည်းရိပ်မှာ တစ် ယောက်တည်း ငေါင်းစင်းစင်းကြီး ငြိမ်ထိုင်နေမိရသည်။ နေရှိန်ပင် တက်လာပြီ ..။ အကြည့်က ဖြူဥဥလက်မောင်းလက်ဖျံဆီသို့ ရောက်ပြီး





မ်။

"ငါ့အသားနေလောင်မှာ ကိုကို အရမ်းစိုးရိမ်တာ .. ကိုကိုကျ တော့ .. အသားတွေနေလောင်လိုက်တာမှ မနည်းမနောကြီးဖြစ်နေရ တာ .. လက်တွေလည်း ကြေးနီရောင်သမ်းနေပြီ .. ငါ .. ငါ .. ကိုကို့ မျက်နှာက .. အမှတ်နီကြီးကိုလည်း စောစောတုန်းက ထည့်ပြောမိသေး တယ်၊ မှားကုန်ပြီ .. အဲဒါ ပြောစရာလား .. ကိုကို့ ရှာဖွေစာ ငါ စားနေ တာ .. ကိုကို့ အစောင့်အရှောက်အောက်မှာ ငါ ကြီးလာတာ .. ငါတော့ ဒီတစ်သက် .. ဒီအပြစ်မကျေနိုင်တော့ပါလား .."

တွေးနေရင်း ပျိုလေး စတင်၍ငိုနေမိရှာပါ၏။ နောက်တော့ မျက် ရည်ကိုသုတ်သည်။ ဒေါက်ထောက်ရပ်ထားသော စက်ဘီးလေးကိုတွန်း ၍ထွက်သည်။ ပျိုလေး တို့ ကြာကန်ရွာဆိုတာက .. ရွာလည်မကျတကျ မှာ ကြာကန်ကြီးတကယ်ရှိတာမို့ အမည်တွင်ခြင်း ..။ ကြာကန်သို့ ပျိုလေး စက်ဘီးလေးတွန်း၍ ရောက်၏။ မန်ကျည်းရိပ်နေရာနှင့် ကြာကန် က သိပ်မလှမ်းတော့ပြီပဲလေ ..။

ကန်သို့ရောက်တော့ ရေချိုးဆိပ်တံတားနေရာလေးမှာ ထိုင်မိကာ မျက်နှာသစ်နေမိသည်။ စောစောက ငိုထားသည်လေ ..။ ရေအေးအေး လေးနှင့် မျက်နှာသစ်လိုက်တော့ အပူတွေမျက်နှာမှာ ဟပ်နေသည်သို့ ခံစားရတာ တစ်ချက်တော့ အေးမြ၏။ ကိုကို့အပေါ် ဘက်ကန်ပြောမိ သမျှ ငိုမိရ ..။ ရင်ထဲကြေကွဲလောင်မြိုက်ရ ..။ အပြစ်ရှိသူအဖြစ် နေစရာ ရှာမရသလို ခုကျတော့လည်း တစ်ယောက်တည်း ခံစားနေရရင်းမှ ပျိုလေး မျက်နှာလေး နီအမ်းအမ်းဖြစ်နေသည်။ တံတားထက်မှာ ခြေ လေးတွဲလွဲချထိုင်ရင်း ရေပြင်နှင့် ခြေဖဝါးထိ၏။ ရေအေးအေး၏ အထိ အတွေ့ကို ခံစားဖြစ်သည်။

"ညီမလေး ကြာပန်းလိုချင်ရင် ကိုကို ခူးပေးမယ် .. တံတားမှာ ပဲနေရမယ် .. ကိုကို လှေနဲ့ ကြာပန်းလှလှတွေ ခူးလာမယ် .."



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့အသံ ပြန်ကြားလာမိ၏။ ငယ်တုန်းက ကြာပန်းလိုချင်သည်ဟု ပူဆာခဲ့ပါသည့် ပျိုလေး။ ခေါင်နှမနှစ်ယောက် စက်ဘီးလေးဖြင့်လာကြစဉ် ..။ နောက်ထိုင်ကယ်ရီယာလေးမှာပါလာသည့် ပျိုလေး မှ ကြာပန်းတွေလိုချင်သည်ဟု ပူဆာတော့ .. ကိုကို စက်ဘီးကိုရပ်သည်။ ပျိုလေး ကို တံတားမှာထိုင်ခိုင်းသည်။ တံတားတိုင်မှာ ချည်ထားသည့် လှေထိန်းကြိုးကိုဖြုတ်၍ တက်ဖြင့်လှော်ခပ်ကာ တကယ့်ကို ကြာပန်းတွေ ခူးလာခဲ့သည်ပဲလေ ..။ နောက်တော့လည်း ထိုနယ်ပင် မကြာမကြာ ပျိုလေး က ပူဆာ ..။ ကိုကိုက ခူးပေးဖြင့် ကာလနှစ်ရှည်ဖြတ်သန်းခဲ့ဖူးသည့်ခရီး ..။ ခုထိ .. ကိုကို .. ပျိုလေး ကို လှေပေးမလှော် ..။ ကြာပန်းပေးမခူး ..။ ထုံးစံအတိုင်း ပျိုလေး မတော်တဆလှေမှောက်ရေနစ်မှာစိုးသည့် ကိုကို ..။ ခုထိ .. ဘယ်အချိန်မဆို .. ပျိုလေး ပူဆာလျှင် ကိုကို ကြာပန်းတွ ခူးပေးနေကျ ..။

"ငါ့ကို လှေပေးမလှော်တာ .. ကြာပေးမဆွတ်တာ .. အဲဒါကိုလည်း ငါ .. တံတားလေးမှာထိုင်နေရင်း .. စိတ်ထဲမလွတ်လပ်လိုက်တာလို့ အမြဲခံစားခဲ့ရတာ .. ကိုကို့ကို ဖွင့်မပြောရက်လို့ ငြိမ်နေခဲ့ပေမယ့် - အဲဒီ ခံစားချက်တွေကလည်း ရင်ကိုမွှေနှောက်နေခဲ့တာပဲလေ .. ဘယ်သူ ကြာဆွတ်ဆွတ် .. ကြာခူးခူး .. လှေလှော်ခူးနိုင်အောင် .. ဒီကြာကန်မှာ လှေတစ်စင်းကို ဒီလှေတိုင်ကြိုးနဲ့ ချာကထားပေးထားတဲ့ဥစ္စာ .. ငါ့ တစ်ယောက်တည်းကွက်ပြီး မခူးရမဆွတ်ရနဲ့ ဖြစ်ရတာဟာ .. ကိုကို့ကြောင့် .. ဆိုပြီး ငါ မကျေနပ်ခဲ့ဘူး .. သူများကောင်မလေးတွေ ကြာဆွတ်နေကြတာမြင်ရင် .. သူတို့က လွတ်လပ်လိုက်ကြတာဆိုပြီး ငေးငေး ကြည့်မိခဲ့ရတာ .. ငါ့ဘဝ .. ကိုကို့စိတ်နဲ့ နံ့သာပျို ကြီးလာရတာပါလား လို့ မချိမဆန့်ရင်ထဲဖြစ်ဖြစ်လာရ .. ခံစားမွန်းကြပ်နေရင်း .. ငါ .. ငါ .. ဒီနေ့မှာ .. ပေါက်ကွဲမိခဲ့ပြီ .. ဟင် .. ခုကျတော့ .. ငါ့ရင်ပေါ့သွားလို့လား .."

ပျိုလေး မျက်ရည်ကျလာပြန်သည်။ အရေခွံကို ငြိမ်သက်သွားကာ





ကိုကို ဘာတစ်ခွန်းမှ ပျိုလေး ကို မဆူမငေါက်ဘဲ ထွက်သွားခဲ့တာတွေ အားလုံးသည် .. ခုကျတော့ .. ပျိုလေး ရင်ထဲမှာ နောင်တဖြစ်နေစေပြီ ..။

"ဟိုတုန်းကတော့ .. ငါ ကျိတ်မှိတ်ခံနေရပါလားဆိုပြီး ရှိနေခဲ့တယ်၊ ခု .. အဲဒီအကျိုးအခဲတွေ ဖွင့်ချလိုက်တော့ .. ခုမှ .. ခုမှ .. ဖြေဆည်ရာမရ .. ဆောက်တည်ရာမရ .. ငါ .. ခံစားနေရပြီ .. ရင်ထဲ ခုမှ အဆပေါင်းများစွာ မွန်းကြပ်လာကြရပြီ .. ငါ .. မှားပါပေါ့လား.."

ဟု တွေးမိကာ အိမ်ကိုလည်း မပြန်ရဲ ..။ ကိုကို အရမ်းစိတ်ထိခိုက်နေမှာကိုလည်း သိနေရင်း .. ကိုကို့ကို တောင်းပန်ချင် ..။ တောင်းပန်မှာကျတော့လည်း .. မရဲ ..။ အားငယ်ပါးငယ်ဖြင့် ခုကျတော့မှ .. တစ်ယောက်တည်း အထီးကျန်သလိုကြီးပင်ဖြစ်လာရသည်။ ခါတိုင်း သူ၌တွဲ၍ အမြဲဘေးမှာ အားကိုးရာအဖြစ်ရှိနေသည် ကိုကို့ အရိပ်မရှိနေခြင်းသည် အလွန်ကြီးမားသော လစ်ဟာမှုကြီးဖြစ်နေတာကို .. သဘောပေါက်လာမိချိန်မှာ ..။ ပျိုလေး အလွန်ဆိုးဝါးသော စော်ကားမော်ကားစကားတွေ ကိုကို့အပေါ် မထောက်မရက်ပြောမိပြီးသွားခဲ့ချိန်ဖြစ်နေသည်။

ရေကန်မှာထင်နေသည့် ပုံရိပ်ကိုကြည့်မိရပါ၏။ ဖြူညှဉ်ပျောင်းနဲ့ ..။ ဆံပင်ရှည်ရှည်လေးနှင့် ကောင်မလေးတစ်ယောက်၏ ပုံရိပ်..။

"ငါ့ကို .. အရိပ်တကြည့်ကြည့်နဲ့ ကိုကို တားတာ .. ငါ .. ဘယ့်နယ်လုပ်ပြီး ကိုကို့ကို တောင်းပန်ရမှန်းတောင်မသိတော့ဘူး .. အဲဒီ စက်ဘီးလို စီးချင်တာတစ်ခုကိုများ .. ရေးကြီးခွင်ကျယ်လုပ်ပြီး .. ငါ.. ရွတ်ကမ်းကမ်းစကားတွေ ကိုကို့ကို ပြောမိခဲ့ပြီ .."

ကြည့်ရင်းပင် စက်ဘီးကိုမုန်းလာမိသည့်ဖြစ် ..။

စိတ်ရှိတိုင်းသာ စက်ဘီးကို ကိုင်ပေါက်ပစ်ရအောင်ကျတော့လည်း မဖြစ်ပြန် ..။ ဤစက်ဘီးလေးကို အဝတ်လေးဖြင့် တပွတ်သပ်သပ်နှင့် ဘာသသထားသည်က ကိုကို ..။ ကိုကို့ စက်ဘီးကို ပျိုလေး လုပ်ရှုပ်ဖြစ်..။ ဤ စက်ဘီးလေးကိုလည်း ကိုကို အလွန်ချစ်သည်။ ဖေဖေ့စက်ဘီးဟု



www.burmeseclassic.com

www.burmeseclassic.com



လည်း ပြောပြသည်လေ ..။

"ငါ .. ငယ်ငယ်တုန်းက . သွားကျိုးလို့ဆိုပြီး ငိုတော့ .. ကိုကို က .. ငယ်သွားဆိုတာ အဲသလိုပဲကျိုးတတ်တယ် .. ပြီးရင် .. အသစ် ထွက်လာတတ်တယ် .. သွားလေးတွေ လှလှလေးထွက်လာအောင် .. နတ်သမီးဆီ .. တောင်းပေးမယ်ဆိုပြီး .. သွားကို ပလတ်စတစ်အိတ်လေး ထဲထည့် .. ပလတ်စတစ်အိတ်ကို မိုးပျံဘူဘောင်းလေးမှာ အပ်ချည်ကြိုး နဲ့ ချည် .. မိုးပေါ်လွှတ်ပေးခဲ့တယ်လေ .. ငါ .. တကယ့်ကို သွားလှလှ လေးတွေ နတ်သမီးဆီကရမယ်ထင်ပြီး အငိုလည်းရပ် .. သွားကျိုးတာ လည်း ဝမ်းမနည်းဘဲဖြစ်အောင် .. ကိုကို ကြံဖန်ချော့ခဲ့ရှာတယ် .."

ကိုကိုနှင့် ပတ်သက်တာတွေ တစိုက်မတ်မတ်တွေးကာတွေးကာ ဖြင့် ပျိုလေး မျက်ရည်ကျလာရပြန်၏။ နောက်တော့ ခြေလေးလေးဖြင့် ထရပ်ရ ..။ စိတ်လေးလေးဖြင့် စက်ဘီးလေးကိုနင်းလာမိရပါပြီ ..။ စောစော တုန်းက တစ်ယောက်တည်း စက်ဘီးစီးချင်သည့် ပျိုလေး ..။ ခုကျတော့ ကိုကို နင်းသည့် စက်ဘီး၏ နောက်ကယ်ရီယာထိုင်ခုံလေးမှာထိုင်လိုက် လာသည့်ဘဝကို တမ်းတလာသည်။ စကားလေးတဖောင်ဖောင်ဖွဲ့ပြော ရင်းရှိခဲ့သည့် ကာလလေးကို လွမ်းဆွတ်လာသည်။ မက်မောလာသည်။

ရေကန်လမ်းဆီမှ ဖွဲ့၍ အိမ်ဘက်ကိုသွားမည့် ကျောက်နီဂဝံလမ်း ဘက်ကို စက်ဘီးလေးကွေ့ဝင်လိုက်မိရပါ၏။ တစ်ဖက်ဆီမှ လူတစ် ယောက် ..။ ရုတ်ခနဲတိုးတော့ ပျိုလေး တစ်ဖက်ကိုရှောင်သည်။ ထိုလူ ကလည်း လွတ်မည်ထင်၍ ထိုဘက်ကို တိမ်းရှောင်တာနှင့် ကြုံတော့ ပျိုရော လက်ကိုင်ကို တစ်ဖက်သို့အလောသုံးဆယ်အရှောင် ..။ ထိုသူ ကလည်း မလွတ်ဘူးထင်၍ တစ်ဖက်ကိုလိုက်၍ ရှောင်သလိုဖြစ်ကုန် တာ ..။ စက်ဘီးက ဟိုဘက်တိမ်း ..။ သူကလည်းတိမ်း ..။ သည်ဘက် တိမ်း ..။ ထိုသူက တိမ်းဖြင့်ရှိကုန်ရင်း ..။ စက်ဘီးလေးကို ဘရိတ်ဆွဲ အရှိန်လျှော့ ..။ ဟိုဘက်ရှောင်သည်ဘက်တိမ်းဖြင့် ..။ ထိုသူနှင့် ပျိုလေး





ထုတ်ဆီးတိုးသလိုဖြစ်ကုန်ရတာ ..။ အဆုံးမတော့ .. စက်ဘီးစီး ကိုယ်က အရမ်း မကျွမ်းသေးသည့်အထဲ အရှိန်ကလည်း တန့်နေရတော့ ..။ ဟို ရှောင်သည်တိမ်းလုပ်နေရင်းမှ စက်ဘီးလဲချေရသည်တည့် ..။ စက်ဘီး နှင့် ဂဝံမြေနီလမ်း ထိမိသံ ..။ ပြိုလဲ၍ ပျိုလေးပါသွားရပြီး လက်နှင့် လမ်းထိမိ ..။ ထောက်မိ ..။ ခြေထောက်လည်း စက်ဘီးကြားထဲ ညှပ်နေ ဖြင့် အချိန်တိုအတွင်းမှာ ဝရုန်းသုန်းကားတော့ ဖြစ်ကုန်ရသည့်အဖြစ်။ ခြေမျက်စိလည်း နာနေသည်။ လက်တံတောင်လည်း သွေးထွက်နေပြီ..။ လက်ဖဝါးလည်း သွေးစို့နေ၏။ လူးလဲ၍ ပျိုလေးထဖို့ကြိုးစားချိန်မှာ ထိုသူကပို၍မြန်ဆန်စွာထသည်။ ပျိုလေး ကို စိုးရိမ်တကြီးလာတွဲသည်။ ထူပေးသည်။ စက်ဘီးကိုလည်း ဒေါက်ထောက်၍ထောင်၏။

"ဘယ်နား .. နာသွားလည်း ညီမလေး .. ဟင် .. ကြည့်ပါဦး .. ခြေသန်းက ခြေသည်းလေးလန်နေပါလား .. လက်တံတောင်မှာလည်း သွေးတွေနဲ့ .. ဖြစ်ရလေဗျာ .. ဒါ .. ကိုကြီးကြောင့်ဖြစ်ရတာ .. ကိုကြီး က ငြိမ်ရပ်မနေဘဲ .. ဟိုရှောင်သည်ရှောင်နဲ့လုပ်ရင်း .. ခုလို .. ပိုဆိုးကုန် ရတာ .."

အိတ်ကပ်ထဲမှ လက်ကိုင်ပဝါကိုထုတ် ..။ လက်တံတောင်မှ သွေး တွေကိုသုတ်ပေး ..။ ခြေထောက်မှ သွေးကိုသုတ်ပေး ..။ ခြေထောက်ကို ညည်းပေးနှင့် ရှိနေသည့် ထိုသူသည် ..။ တိုက်တိုက်ဆိုင်ဆိုင်ပင် .. ကိုကို့ နယ် ပျိုလေး အတွက် အလွန်စိတ်ပူပေးနေသူတစ်ယောက်ဖြစ်နေသည်။ ပြီးတော့ .. ညီမလေးဟုလည်း ပျိုလေး ကို ခေါ်သည့်သူတစ်ယောက် ဖြစ်နေပြန်သည်။

ပျိုလေး မျက်ရည်ကျလာရပါပြီ ..။ ဪ .. စောစောကပဲ ကိုကို ပြောခဲ့သည်။ ဘာမှုမကြာသေး ..။ ပျိုလေး ကို တစ်ယောက်တည်း စက်ဘီးမစီးပါနှင့်ဟု တားသည်။ ခွင့်မပြုခဲ့ ..။ ပျိုလေး စက်ဘီးမကျွမ်း သေးပါဟု တားသည်။ တစ်ယောက်တည်းမလွှတ်နိုင်ပဲ တကောက်ကောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် စက်ဘီးနောက်က ကပ်ပြေးလိုက်လာရှာသည့် ကိုကို ..။ ထိုစဉ်တုန်း ကကော့ ပျိုလေး ကိုကို့ စကားကို နားမထောင်ခဲ့ ..။ ပုန်ပုန်ကန်ကန် လေးပင် လုပ်ခဲ့ပြောခဲ့သေးသည်။ ခုကျတော့ .. ကိုကို စိုးရိမ်သည့်အတိုင်း ကွက်တိဒက်ထိတိုးပြီ ..။ ဒဏ်ရာက အနာထက် ပျိုလေး ပို၍ ရင် လန့်နေ .. ခံစားနေရသည်က ကိုကို အရမ်းစိတ်ပူတော့မည့်အဖြစ် ကြုံရမည့်ကိစ္စပဲဖြစ်နေသည်။ ကိုကို တွေ့လျှင် .. မျက်နှာမှာ သွေးဆုတ် ဖြူဖျော့ကုန်အောင် စိုးရိမ်ရှာရော့မည်။ ထိုအဖြစ်ကို ပျိုလေး မကြည့် ချက် ..။ လန့်နေသည်။

''အရမ်းနာနေပြီလားဟင် .. မျက်ရည်တွေကျလိုက်တာဗျာ .. ဟု ပါရဲ့ .. ဒီလောက် နုနုဖန့်ဖန့်လေး .. နာရှာတော့မှာပေါ့ .. ဒါ .. အား ကိုကြီး ပေါ့ဆလို့ဖြစ်ရတာချည်းပဲ .. ညာဘက်ကလမ်းမှန်နင်းလာ မျက်နှာချင်းဆိုင်က စက်ဘီးကို .. ဒီအကွေ့ချိုးလေးမှာ ကိုကြီးက ဝင် တာလေ .. ကိုကြီးက လမ်းမှားတဲ့လူ .. ကျေးလက်ဆိုတော့ ဘာယာ ကြော ရှုပ်ထွေးမှုမှမရှိဘူးဆိုပြီး .. တောင်ငေးမြောက်ငေးနဲ့ .. ပေါ့ ပေါ့ဆ .. လျှောက်လာမိတာလေ ..''

ဟု ထိုသူကတော့ ပြောနေသည်။

''ကိုကြီးနာမည်က .. ခန့်ထည်ဝါ တဲ့ .. ဒီရွာကို မြေပဲလာဝယ်တာ လေ .. ဖေဖေက ဝိုင်ချက်စက်ရုံတည်ချင်လို့တဲ့ .. ဒီမှာ စပျစ်ခြံတွေ တယ်ဆိုတော့ .. အဲဒါ .. ဝိုင်ချက်စက်ရုံတည်မလို့တဲ့ .. မြေကွက်ကျ ကြီးလာဝယ်တာ .. နွေဘက် .. အေးအေးလူလူနားကြမယ်ဆိုပြီး မိသားစုပါ ဖေဖေ ခေါ်လာတာလေ .. မေမေလည်းပါလာတယ် .. အဲ ကိုကြီး ဟိုဟိုသည်သည်ထွက်လည်မိ .. ထွက်ကြည့်မိတာ .. လမ်းလေး ပဲ လျှောက်ချင်တယ်ဆိုပြီး .. ကားမယူဘဲ လျှောက်လာမိတာလေ ရွာက သာယာတယ် .. ဒီဘက်မှာက ရွာပြင်ဘက်ပိုကျတယ် .. ရှု ပိုလှတယ် .. ဟိုးဘက်မှာက .. ပန်းနှမ်းခင်းတွေ တွေ့တာနဲ့ .. အဲ





ဘက်လျှောက်ပြီးတော့ .. ဒီဘက် ပြန်လာမိတာ .. တွေ့ခဲ့တဲ့ ရေကန်ကြီး ဆ ဇ်တားလေးမှာ .. ခဏနားမယ်ပေါ့ .. အဲသလိုတွေးမိတာလေ .. ကြာပန်းတွေဝေနေတဲ့ ကန်ကြီးပေါ့ ..''

ပျိုလေး ကြာကန်မှာရှိနေတုန်းက ကိုကြီးခန့်ထည်ဝါ ပန်းနှမ်းခင်း တွေဘက်ရောက်နေခဲ့တာဖြစ်မည်။ ပျိုလေး က နောက်မှ ကြာကန်ကို ရောက် ခဲ့တာဖြစ်ရမည်။ ဒါကြောင့် .. ကိုကြီးခန့်ထည်ဝါ နှင့် မတိုးခဲ့ရခြင်း ..။

ကိုကြီးခန့်ထည်ဝါ ကတော့ လဲနေသည့် စက်ဘီးကိုထောင် ..။ လက်ကိုင်ကြီးစောင်းလိမ်နေတာကို ပြန်၍ဖြောင့်နေသည်။

''ညီမလေးကို .. ကိုကြီး ပို့ပေးမယ် .. ကိုကြီး စက်ဘီးစီးတတ် တယ်လေ .. အိမ်ကိုပြောပြ .. ကယ်ရီယာမှာ နောက်ကထိုင်ရင်းပြော.. ပြောတဲ့အတိုင်း ကိုကြီး နင်းပြီးလိုက်ပို့ပေးမယ် .. ဒဏ်ရာတွေနဲ့ စက်ဘီး လည်း နင်းလို့မကောင်းတော့ဘူးလေ ..''

ဟု ပြောကော့ ပျိုလေး ထရပ်သည်။ ကိစ္စမရှိ ..။ ပျိုလေး ဘာသာ စီးသွားမည်ဟု တွေးမိသည်။ ဒါပေမယ့် ခြေထောက်က ထောက်၍မရ တော့ပြီ ..။ ကိုကြီး ခန့်ထည်ဝါ မှ ဘေးမှလာတွဲယူရပါသည့်အဖြစ် ..။ စက်ဘီးကို ကိုင်ထားကာ ပျိုလေး ကို ကယ်ရီယာမှာ ထိုင်နိုင်းတော့ တက်သာသည့်နောက်မှာ ပျိုလေး ထိုင်လိုက်ရသည်ပါပဲ ..။ ကိုကြီး ခန့်ထည်ဝါ က ရှေ့မှနင်းသည်။ ပျိုလေး ပြောသည့်အတိုင်း စပျစ်ခြံရှိ ရာသို့ နင်းခြင်း ..။ ဂဝံလမ်းလေးအတိုင်း တောက်လျှောက်နင်းလာရင်း မှ စပျစ်ခြံကိုတွေ့တော့ ဝမ်းသာသွားပုံဖြင့်ကြည့်သည်။

''ဟာ .. နည်းတဲ့ စပျစ်ခြံကြီးလား .. ဖေဖေ တွေ့ရင် .. သူ့ ဝိုင်ချက် စက်ရုံအိပ်မက်ကြီးအတွက် .. ကုန်ကြမ်းတွေအများကြီးထုတ်ပေးမယ့် ခြံကြီးဆိုပြီး ပျော်တော့မှာကွ .. ညီမလေးက ဒီမှာနေတာကိုး ..''

ဟု ပြောသည်။ ခြံစောင့် ကိုတာ မှ ခြံတံခါးကို ဖွင့်ပေးရင်းမှ အကဲခပ်ကြည့်နေပါ၏။ လူစိမ်းတစ်ယောက်နှင့် စက်ဘီးနောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



စီးရင်း ရောက်လာသည့် ပျိုလေး မှာ ခြေထောက်မှာလည်း သွေးစွန်းနေသည့် လက်ကိုင်ပဝါပတ်လျက်ရှိနေသည်။ လက်တံတောင်မှာလည်း သွေးတွေနှင့်ဖြစ်နေသည်။ ကိုတာ မျက်နှာမကောင်း ...။

"ပျိုလေး .. စက်ဘီးလဲလာတာလား .. ဟုတ်လား .. ကိုလေးထိန်သာနဲ့ တူတူမနေဘဲကိုး .. ကိုလေးထိန်သာ လည်း ပြန်လာပြီးကတည်းက ခြံထဲကိုဆင်းမလာသေးဘူး .. အိမ်မှာ ချက်ပြုတ်နေလားမသိပေါင် ပျိုလေး ရယ် .. မြင်ရင်တော့ .. ကိုလေးထိန်သာ ပျာယာခတ်တော့မှာပဲ .. သူ့ ညီမလေးမှာ ဘာအနာရွက်မှကို မရှိစေရဘူးလို့ အမြဲပြောတတ်တဲ့ ကိုလေးထိန်သာ ကွ .."

ဟု ပြောကာ ဒဏ်ရာတွေကိုကြည့်၍ စုတ်သပ်နေသည်။

"ဒဏ်ရာက မနည်းဘူး .. တော်တော်နာမှာ .. မဖြစ်ဘူး .. ကိုလေးထိန်သာ ကိုပြောမှ .. ပြောမှ .."

ဟု ပြောကာဆိုကာဖြင့် စိတ်ပူလက်ပူဖြင့် အစ်ကိုတာ ပြေးတော့ ပျိုလေး စိတ်ဆင်းရဲကျန်ခဲ့ရသည်ပါပဲ။ မကြာမတင်မှာ ကိုကို စိတ်ပူလက်ပူဖြင့် ရောက်လာတော့မည် ...။ ကိုကို့ စကားကို နားမထောင်ဘဲ ကိုယ့်ကိုယ်ကိုယ် ထင်တစ်လုံးဖြင့် စက်ဘီးအနင်းကောင်းသည့် ပျိုလေး သူများကိုလည်း တိုက်သေးသည်။ ဒဏ်ရာကလည်း တစ်ပြန် .. ပျိုလေး ကပဲ ရလိုက်သေးသည်။ ကိုကြီးခန့်ထည်ဝါ လည်း ဘယ်နေရာတွေ နာကုန်ပြီမသိ ...။ ဖွင့်မပြောရက်၍သာ မပြောဘဲနေတာဖြစ်မည်။ ပျိုလေး က သွေးတွေဘာတွေထွက်အောင် ဒဏ်ရာရထားသည်ကိုးလေ ...။

"သြော် .. နာမည်က ပျိုလေး တဲ့လား .. ကောင်းတယ် .. အလွန် လန်းဆတ်နေတဲ့နာမည်လေးပဲ .."

ကိုကြီးခန့်ထည်ဝါ ပြောကာ စက်ဘီးကို ခြံထဲဆက်နင်းလာစဉ် ခိုက်မှာပင် ထင်သည့်အတိုင်း ကိုကို အပြေးအလွှားရောက်လာပါ၏။ အကြည့်သည် ပျိုလေး တို့ထံမှာပဲဖြစ်နေသည်။ အလိုက်တသိဖြင့် ကိုကြီး





ခန့်ထည်ဝါ စက်ဘီးကိုရပ်လိုက်ပါ၏။ ပျိုလေး အားယူ၍ စက်ဘီးပေါ်မှ ဆင်းသည်။ ကိုကို့ မျက်ဝန်းတွေမှာ စိုးရိမ်ဖော့တွေပဲရှိနေတာကြည့်ရင်းမှ..

"ပျိုလေး ဘာမှမဖြစ်ဘူး ကိုကို .. ညီမလေး မနာဘူး .. ဘာမှ .. မနာဘူး .. နည်းနည်းလေးပဲဖြစ်တာ .. ထိတာပါ .."

ဟု လက်ဦးအောင်ပြောနေမိသည်။ ခေါင်းလေးလည်း ခါပြနေမိသည်။ ကိုကို ပျိုလေး ဘေးမှာရပ်သည်။ လက်ကိုကြည့်သည်။ ချက်ချင်း ထိုင်ချကာ ခြေထောက်ကိုကြည့်သည်။ ကိုကို့ လက်တွေက ဒဏ်ရာတိုင်းကို ကိုင်၍ကိုင်၍ ကြည့်နေခြင်း ...။ နောက်တော့ မော့ခနဲကြည့်ကာ...

"ဒါ .. နည်းနည်းလေးလား ညီမလေးရယ် .. ဟင် .. ဒုက္ခပဲ .. နာကုန်ပြီ .. နာကုန်ပါပြီ .. ညီမလေးကို .. ကိုကို .. ထားခဲ့ဖို့ မကောင်းဘူး .. ညီမလေး ဘာပြောပြော .. ကိုကို .. အဲဒီမှာ .. ရှိနေရမှာ .. ရှိနေရမှာ .. ကိုကို အသုံးမကျလို့ .. ဒီလိုဖြစ်ကုန်ရတာ .. မဖြစ်ပါဘူး .. ဆေးထည့်မှပါ .. ဒီက ညီလေးကိုလည်း .. ကျေးဇူးတင်ပါတယ်ဗျာ.. ညီမလေးကို လိုက်ပို့ပေးလို့ပါ .. ဘယ်မှာများ ဟောဒီကစက်ဘီးလဲနေတဲ့ ညီမလေးနဲ့ ဆုံလိုက်ပါလိမ့် ညီလေးရာ .. ဘာပဲဖြစ်ဖြစ် .. ခုလို .. ပို့ပေးမယ့်သူနဲ့တိုးတာ .. ညီမလေး ကံကောင်းတာပါပဲ .. ကံကောင်းတာပါပဲ .. ကိုတာ .. စက်ဘီးတွန်းခဲ့ .. ဒီက ညီလေးလည်း အိမ်ပေါ် တက်ပါဦး .. နေ .. နေ .. ညီမလေးကို .. ကိုကို ပွေ့ခေါ်မယ် .."

စောစောက ပျိုလေး ဘာမျှပြောမထားသည့်နှယ်ပင် ကိုကိုသည် ခွင့်လွှတ်နိုင်ခြင်းကြီးစွာဖြင့် ပျိုလေး ကို ပွေ့ချီ၍ အိမ်ရှိရာသို့လျှောက်သည်။ အိမ်ပေါ်ပွေ့တက်သည်။ ဧည့်ခန်းမှာ ပျိုလေး ကို ဆက်တီခုံမှာ ထိုင်ခိုင်းသည်။ ပြေး၍ ရေနွေးဇလုံယူ ...။ အဝတ်သန့်ယူ ...။ ဒဏ်ရာတွေ သန့်စင် ...။ အရက်ပျံဆွတ် ဝါဂွမ်းဖြင့်ပြန်၍ ဒဏ်ရာကိုသုတ်ပေး...။ မစပ်အောင် ပါးစပ်ဖြင့်မှုတ်ပေးဖြင့်ရှိနေသမျှ ပျိုလေး တိတ်ဆိတ်စွာ မျက်ရည်ဝဲနေရင်း ...။ တကောက်ကောက်ကြည့်နေမိသည်။ ဒဏ်ရာ



www.burmeseclassic.com

www.burmeseclassic.com



နာနေလည်း မညည်း ...။ အရက်ပုံကြောင့်စပ်နေလည်း မညည်း ... ကိုကို့ကိုပဲ တိတ်ဆိတ်စွာတကြည့်တည်း ကြည့်နေမိရပါသည့်အဖြစ် ... ကြည့်နေရင်းလည်း အပြစ်တွေရှိနေသမျှ မဝံ့မရဲဖြစ်နေသည့်စိတ်ဖြင့် ရှိနေရခြင်း ...။ အနေခက်ရသည်။ နောင်တဖြစ်ရသည်။ အနေမလုံ ... အကြည့်မလုံ ...။ အပြစ်ရှိသူတစ်ယောက်၏ ခံစားချက်သည် .. ယောက် ယက်ခတ်နေ၏။ ခြေသန်းနေရာလေးကို အရက်ပုံဆွတ်ကာ တဖူးဖူး မှုတ်ပေးနေသည့် ကိုကို ...။ ပျိုလေး .. ရင်ထဲဘယ်လိုမှ ထိန်းမရနိုင်တော့ ပြီ ...။ မျက်ရည်တွေဖြိုင်ကျလာသည်။ ဆက်တီခုံပေါ်မှ လျှောဆင်းကာ ကိုကို့ ရင်ခွင်ထဲ ကလေးနှယ် ခေါင်းလေးထိုး၍ထိုး၍ဝင် ...။ ကိုကို့ ကျောပြင်ကြီးကို လက်လေးဖြင့် သိမ်း၍ဖက် ...။

"ပျိုလေး မှားပါတယ် ကိုကိုရဲ့ .. ပျိုလေး မှားပါပေါ့လား ကိုကို ရဲ့ .. ကိုကို တားတာကို နားမထောင်ဘဲ .. ပျိုလေး .. ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး .. ပုန်ကန်ခဲ့သမျှ .. ခု .. ဒဏ်ရာရတာပဲ ကိုကိုရဲ့ .. ကိုကို့ ကို .. ရင်ထဲမှာဒဏ်ရာရအောင် ပျိုလေး ပြောခဲ့လို့ .. ကံကြီးထိုက်တာ ပါ .. ကံကြီးထိုက်တာပါ ကိုကိုရဲ့ .. ဒီဒဏ်ရာကသေးသေးလေးပါ ... ကိုကြီး ရင်ထဲမှာဖြစ်ခဲ့ရတဲ့ ဒဏ်ရာတွေက ပိုကြီးပါတယ် .. ပိုဆိုးပါ တယ် .. အဲဒါ .. ပျိုလေး လုပ်တာပါ .. ပျိုလေး ကန်တော့ပါတယ် ကိုကိုရဲ့ .. ပျိုလေး ကို ခြေထောက်လေးအစ .. ကိုင်ပေး .. ဒဏ်ရာသန့် ပေး .. ပါးစပ်လေးနဲ့ မှုတ်ပေးနဲ့ .. ပျိုလေး ကို ဂရု အဲသလောက်စိုက်ဖို့ မထိုက်တန်တဲ့ ညီမပါ ကိုကို .. ညီမပါ ကိုကို .."

ပျိုလေး ပြောပြောငို ...။ ငိုရင်းကန်တော့ ...။ ကန်တော့ရင်လည်း ကိုကို့ရင်ခွင်ထဲ ဝမ်းနည်းပန်းနည်းတိုးဝင်ဖြင့် လူးနေအောင် ခံစားနေ တော့ ကိုကို လိုက်၍ မျက်ရည်ကျလာသည်။ ဆံစကိုသပ်ပေးသည်။ နဖူးလေးကို နမ်းသည်။ မျက်ရည်သုတ်ပေးသည်။

"အရူးမလေး .. ဇွဲသည်ရှိနေတယ်ကွ .. အဲသလောက်ငိုရလား ...





ဒီမှာ ညီမလေး .. ကိုကို့ ရင်ထဲမှာ ဘာမှရှိမနေဘူး .. ဝမ်းနည်းရအောင် ညီမလေးက ဘာမှမလုပ်ခဲ့တာပဲဥစ္စာ .. ညီမလေး ပြောတာအမှန်တွေ ပဲကွ .. ကိုကိုက နေရာတကာ စိတ်ပူပွန်းတာကိုး .. ခု .. ကြည့်စမ်း.. အမြဲတမ်းဘေးက လိုက်လိုက်ပူနေ ထိန်းနေတဲ့ ကိုကို့ကြောင့် .. ညီမလေး မှာ .. ဘာဆိုဘာမှ ကိုယ့်ဘာသာ မလုပ်တတ်မကိုင်တတ် .. ဘေးကလူ အားကိုးနေရတာ အကျင့်ဖြစ်ကုန်ပြီးတော့ .. ခုလို .. တစ်ယောက်တည်း ရှိချိန်မှာ .. စက်ဘီးလဲတာပေါ့ .. ကိုကို့ကြောင့် ညီမလေးမှာ အဲဒီအကျင့် ဖြစ်ကုန်ရတာ .. ကိုကို့မှာပဲ အပြစ်ရှိတယ် .. ဒါ .. ငိုစရာလား .. ကိုကို ဖြင့်လေ .. ညီမလေးအတွက် .. ကြက်သားဟင်းချက် .. ပဲကြော်သား ဟင်းချိုရည်ချက် .. မြင်းခွာရွက်သုပ်နဲ့ရှိနေတုန်း .. ကိုတာ လာပြောလို့.. ရင်ထဲကို ထိတ်သွားတာပဲ ညီမလေးရာ .. ကြည့်စမ်း .. ညီမလေးလက် မှာ ဒဏ်ရာတွေဖြစ်ကုန်ပြီ .. နာတော့မှာပဲ .. နာတော့မှာပဲ .. ဖြစ်ရလေ ကွာ .. ကိုကိုပဲဖြစ်လိုက်ပါတော့ .."

ကိုကို ပြောနေသမျှ ပျိုလေး မော့ကြည့်ရာမှ ...

"ကိုကို .. ညီမလေး ကန်တော့ပါတယ် ကိုကို .. ကိုကို့ကို မျက် ရည်ကျအောင် ပျိုလေး လုပ်မိခဲ့တာပါ .. ကိုကို ငိုမယ်ဆိုတာ ညီမလေး သိတာပေါ့ .. သိနေတာပေါ့ .. နောက်ကိုလေ .. ညီမလေး .. ဘယ်တော့မှ .. ကိုကို့ကို မျက်ရည်ကျအောင်မလုပ်ပါဘူး .. ကတိပေးပါတယ် ကိုကို.."

ဟု ပြောငိုနေတော့ သူ ညီမလေး၏ ခေါင်းကို သပ်ပေးကာ ...

"ကိုကိုလေ .. ညီမလေးကို ချစ်ဖို့ပဲသိတာ .. စိတ်ထဲမှာ မျက်ဖို့ ဆိုတာ ရင်ထဲမှာ ရှိကိုမရှိတာ .. ညီမလေး ဘာမှမမှားဘူး .. မှားတာကို လည်း မလုပ်မိသေးဘူး .. ဟောဒီ ညီမလေးဟာ အလိမ္မာလေး .. နုံ့သင်း မွှေးလေး .. နုံ့သာခဲလေး .. ကိုကို မျက်ရည်ကျတယ်ဆိုရင်တောင်မှ.. ညီမလေးကို ချစ်လို့ကျတဲ့ မျက်ရည်ပဲဖြစ်စေရမယ် .. နားလည်လား.. တော်ပြီ .. အငိုရပ်တော့ .. ကိုကို ရင်ထဲမကောင်းတော့ဘူး .. တိတ် ..



www.burmeseclassic.com

www.burmeseclassic.com



တိတ် .. ကိုကို ဆေးထည့်ပေးရဦးမှာလေ ..''

ဟု ပြောကာ ဆေးသေတ္တာဘူးပြာလေးကိုယူ ..။ ဆေးထည့် ပတ်တီးစီးနှင့် အလုပ်ရှုပ်နေရာမှ ဖြတ်ခနဲသတိရလာသည်က ညွှေ့သည် .. သူ .. ကြည့်မိတော့ ပြတင်းအနီးမှာ ရပ်နေရင်း ကြည်ကြည်နူးနူးကြည့်နေသည့် ညွှေ့သည်၏ မျက်ဝန်းနှင့်ဆုံ၏။

''စက်ဘီးလဲတဲ့ ညီမလေးကလည်း .. အစ်ကိုမပါဘဲ စက်ဘီးစီးမိလို့ဆိုပြီး တောင်းပန်တယ် .. အစ်ကိုကလည်း .. ညီမလေးကို ထားခဲ့မိလို့ တောင်းပန်နေတယ် .. ချစ်လိုက်ကြကာဗျာ .. ကျွန်တော့်မှာ မောင်နှမရယ်လို့မရှိဘူးဗျ အစ်ကိုရ .. အားတောင်ကျတယ် အစ်ကိုကြီးရာ .. အဟုတ်ပြောတာ .. ဒီလောက်ချစ်ကြတဲ့ မောင်နှမဆိုတာ .. ကံကောင်းလို့ ကျွန်တော် ကြုံရဆုံရတာခင်ဗျ ..''

ဟု ပြုံး၍ ပြောလာပါသည့် ညွှေ့သည်။ အသားဖြူဖြူ အရပ်မြင့်မြင့် ဆံပင်ထူထူနက်နက်လေးနှင့် မျက်ဝန်းလေးတွေ ရွှန်းတောက်နေသည်နှင့်အမျှ ပြုံးရိပ်သမ်းနေတတ်ပါသည့် အကြည့်နှင့် လူတစ်ယောက် .. ရယ်လိုက်လျှင် ပါးချိုင့်လေးပင် ပေါ်လာသည့်လူပုံချော ညွှေ့သည် ..

''ကျွန်တော် .. ခန့်ထည်ဝါ ပါ အစ်ကို ..''

ဟု ပြောလာခိုက် သူ ပြုံး၍ ခေါင်းညိတ်သည်။ မကြာမီမှာ ထိုညွှေ့သည်ကို ဖွတ်အတင်းမငြင်းအောင်ပြောပြီး ထမင်းပါကျွေးကာ ညွှေ့ဝန်ပြုရမည်။ ညီမလေးကို ကူညီခဲ့သည်လေ။ လောလောဆယ်မှာတော့ ညီမလေး၏ ခြေသန်းလေးကို ဆေးထည့်ပတ်တီးစီးဖို့ ကျန်နေသေးသည့်အဖြစ် ..။ ထမင်းစားရင်းဖြင့် ထိုညွှေ့သည်နှင့် ပတ်သက်၍ .. သိလိုတာလေးတွေ မေးမြန်းကြည့်ရင်းဖြင့် တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးသွားရချေမည်တည့် ...။



ကောင်းကင်ဆိုတာ
မြေပြင်မှာရှိလေသမျှ
ပန်းအလှသစ်ပင်
တောင်စဉ်တောင်တန်း
တောင်ကျစမ်းရေ
မြစ်ချောင်းတွေမချန်
သစ္စာနံကျယ် သမုဒ္ဒရာ
ပင်လယ်ပြာနှင့် သတ္တဝါအားလုံး
ရေတွက်မဆုံးရာ ကမ္ဘာကြီးအတွက်
မေတ္တာယုက်နွယ် ...
ခေါင်မိုးနယ်ပင် အုပ်မိုးဆင်၏ ...။

တုနှိုင်းရာမရှိ
ကောင်းကင်၏ မေတ္တာ
ကြီးမားပါဘိ ကြီးမား၏ ...
နိုင်မြဲပါဘိနိုင်မြဲ၏ ....။

ညီမလေးရေ ...
နှိုင်းတုဖွဲ့စရာနတ္ထိ
ကောင်းကင်၏ မေတ္တာအလျှင်
ကိုကို ရင်မှာရှိနေပါသည်
ချစ်သည့် ညီမ ပိုင်ပါလေ ...
ဩော် ...
ချစ်သည့် ညီမ ပိုင်ပါစေ ....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"ရပါပြီဟယ် ထိန်သာလေး ရယ် .. အခန်းလေးလှနေပါပြီ .."

ဒေါ်ကြီးထား ရယ်၍လှမ်းပြောသည်။ မနက်ကတည်းက ဘယ်သူ့ မနေရ ..။ ဒေါ်ကြီးထား လည်း ပါနေရသည်။ ဘဘညို လည်း အလု တွေလက်မလည် ..။ ညီမလေး ပြန်လာမည်မို့ ညီမလေး၏ အခန်းကို သုံးယောက်သား အားကြိုးမာန်တက် ပြင်ကြဆင်ကြခြင်း ..။ ပြီးခဲ့သည့် တစ်ပတ်လောက်က ဆေးအသစ်သုတ်ထားသည့်အခန်းနံရံသည် အပြ ရောင်လွင်နေ၏။ သစ်နေ၏။ လတ်ဆတ်နေ၏။ ပြတင်းပေါက်ခန်းဆီး တွေက အသစ် ..။ ဤခန်းဆီးတွေကို ဒေါ်ကြီးထား ချုပ်ပေးခြင်း .. လွန်ခဲ့သည့် တစ်ပတ်လောက်ကတည်းက ဒေါ်ကြီးထား မှာ စံကားမြို့ အိမ်မှာ မနက်ဘက်လုပ်စရာရှိတာအားလုံးလုပ် ..။ ပြီးလျှင် စပျစ်ခြံသ ရောက်လာ ..။ စက်တစ်လုံးနှင့် ခန်းဆီးအသစ်တွေချုပ် ..။ ဘဘည လည်း မနေသာ ..။ မြေအိုးတွေဖြင့် သူ့ တမြတ်တနိုးကြိုတင်၍ စိုက်ထာ ရာ အလှစိုက်ရွက်စိမ်းပန်းအိုးတွေ ..။ အလှစိုက်ပန်းအိုးတွေကို အိမ်ရှေ့ မှာ စီ၍ချ ..။ သည်ပန်းအိုး ဟိုဘက်ရွှေ့ ..။ ဟိုပန်းအိုးသည်ဘက်ရွှေ့ ဖြင့်ရှိ၏။ တစ်အိမ်လုံး သစ်လွင်နေသည်။ အိမ်ရှေ့နေရာလေးမှာ သ





ိုက်ထားသော မြက်ခင်းစိမ်းသည် အနားသတ်အဖြစ် ပွင့်တူရွက်တူ အပင်အုံ့အုံ့လေးတွေ စီတန်းစိုက်ထားရာအဖြစ်ရှိနေသည်။

အိမ်၏ ပေါ်တီကိုတိုင်တွေကအစ အပြာရောင်သုတ်ထားခြင်း ..။ ကတော့ ရေနံရည်ဝနေသော လျှာထိုးပျဉ်တွေဖြင့် ပျဉ်ခင်းပျဉ်ကာ ရှိနေတာမို့ ပြတင်းရွက်တွေ တံခါးရွက်တွေသာ ညီမလေးနှစ်သက်သည့် ျာက်စိမ်းရောင် သဘော်ဆေးသုတ်ထားသည်။ ဤနေ့မှာကျပြော့ ခန်းဆီးအသစ်တွေအားလုံး တပ်ထားခြင်း။ ညီမလေး မနက်ဖြန်ပြန် ရောက်တော့မည်လေ ..။

ဆေးတက္ကသိုလ် ပထမနှစ်ပြီး၍ ပြန်လာမည့် ညီမလေး ..။ အရမ်း ကိုပျော်သွား[illegible]မည် ..။ အိမ်ခြေ့ခန်းမှာလည်း ကော်ဇောခင်းထား၏။ နီကော်[illegible]န်းကနုတ်ဆင်တွေထင်းနေသည့် အနီရောင်ကော်ဇော..။ ဆက်တီတွေ[illegible]ည်း သေချာဆေးကြော ..။ သေချာကော်ပတ်စား ..။ သေချာ ပေါ[illegible]တွေ သူကိုယ်တိုင်တင်ထားသည်။ ဆက်တီထိုင်ခုံစွပ် လေးတွေပင် အသစ် ..။ ဤသည်ကလည်း ဒေါ်ကြီးထား ၏ လက်ရာ..။ စားပွဲထက်မှာ တရုတ်ကြွေပန်းအိုးနို့နှစ်ရောင်လေးသည် အဖြူရောင် ခင်းဆီပွင့်တွေဖြင့်ရှိနေ၏။ မျက်နှာကျက်သည်ပင် အဖြူရောင်ဆေး သစ်ဖြင့် လင်းလဲ့နေသည်။ မြို့တက်၍ ကားတစ်စီးဖြင့် လိုမည်ထင်ရာ တွအားလုံး သိမ်းကျုံး၍ အနှမျောမရှိ ဝယ်သာကာ အားလုံးသစ်လွင် ပနေအောင် သူ လုပ်ခဲ့ခြင်း ..။ ဤသည်က .. ညီမလေးရောက်လာ လျှင် ပျော်စေဖို့ ..။

"ညီမလေးက .. ထိန်သာ့ ကို အလွန်လွမ်းနေတာ ဒေါ်ကြီးထား .. စာကြိုးစားနေရတဲ့ကြားထဲက ဖုန်းဆက်ဆက်လာတာ .. အိမ်မှာ ဖုန်းဖုန်းရှိဖို့လိုပြီဆိုပြီး ဖုန်းဝယ်ရသေးတာလေ .. ညီမလေးကိုလည်း ကျောင်းတက်ပြီဆိုကတည်းက ဟန်းဖုန်းဝယ်ထည့်ပေးခဲ့ရတာမို့ ဖုန်း တစ်ယောက်တစ်လုံးနဲ့ ဖြစ်ကုန်ရတာ .."



www.burmeseclassic.com

www.burmeseclassic.com



သူ ပြောပြီး ညီမလေး၏ အခန်းကို လှည့်ပတ်၍ကြည့်သည်။ မှန်တင်ခုံကအစ အသစ် ..။ အလှပြင်ပစ္စည်းတော့ သူ သိပ်နားမလည် ..။ ညီမလေး ပဲလိုတာဝယ်စေ ..။ ညီမလေးနှင့်အတူ .. ဘားနှင့် မြို့တက်မည်။ ဝယ်ကြမည် ..။

"ညီမလေးရောက်လာရင် .. အဝတ်အစားအသစ်လေးတွေလည်း ဝယ်ဖို့လိုမယ်ဗျ .. ဆရာဝန်လုပ်ရမယ့်သူဟာ .. ခုကတည်းက .. စင် လေးနဲ့ လှလှပပကျော့ကျော့မော့မော့ .. ရှိဖို့လိုတယ်သိလား .. ညီမလေး က ရုပ်ချောလေးဆိုတော့ .. ဆရာဝန်ဖြစ်တဲ့အခါ ဂျူတီကုတ်လေးနဲ့ အလွန်လှမှာ .. ထိန်သာ တော့ ရောဂါဖြစ်မယ်ဆိုရင်တောင် ဒီ ရှေ့မလှ ပါဘူး၊ ညီမလေး ရှိတယ်လေ .. သူ ကုမှာ .. ဘယ်လိုဆေးထိုးအပ် ထိုးထိုး .. နာမယ်လို့တောင် ထိန်သာ တော့ မထင်ပေါင် .."

သူ .. ခုထိ ဒေါ်ကြီးထား နှင့် ပြောဆိုလျှင် ငယ်ကျင့်လေးအတိုင်း ထိန်သာ က .. ထိန်သာ ကဖြင့် ထည့်ပြောနေတတ်စမြဲ ..။ ဒေါ်ကြီးထား ကတော့ မျက်တောင်မခတ် ခပ်ငေးငေးကြည့်သည်။ ဝိုင့်ဖိုင့် ဒေါ်ကြီးထား ၏နှစ်ထဲမှ ဆံပင်နည်းနည်းဖြူစပြုလာသည်။ ကျန်တာကတော့ မပြောင်း လဲ ..။ ကျန်းမာနေဆဲ ..။

"ဘာလိုနေသေးမယ်ထင်လဲ ဒေါ်ကြီးထား .."

အခန်းကိုလှည့်ပတ်၍ သူ ကြည့်ကာ မေးမိပြန်သည်။ စာကြည့် စားပွဲလေးသည်လည်း စားပွဲဟောင်းလေးကို ချေးချွတ်သန့်စင်ပြီး ဆေးသုတ် တင်ထားသည်မို့ အသစ်စက်စက်နှယ် တောက်ပသစ်လွင်နေသည်။ ဗိုလ် ခြံအလုပ်သမားတွေကို မခိုင်းပဲ ကိုယ်တိုင် တကုန်းကုန်းဖြင့် ချေးပြီး ပြိုက်ကျနေရင်း ဆက်တီတွေ၊ စားပွဲတွေသစ်နေအောင် ဆေးကျော် ကော်ပတ်တိုက် ..။ ပေါလစ်တင်ဖြင့် သူ ဤတစ်လအတွင်းမှာ အလုပ် များနေတတ်ပါ၏။ ခုလည်း .. ကော်ဇောအသစ်ခင်းထားသော အိပ်ခန်း တစ်ယောက်အိပ်ခုတင်လေးထက်မှာ မွေ့ယာအသစ်၊ အိပ်ရာခင်းအသစ်





ခေါင်းအုံးနှင့် ခေါင်းအုံးစွပ်တွေ၊ ဖက်အုံးတွေ၊ ခြင်ထောင်တွေအသစ် ဖြင့် တစ်ခန်းလုံး လှပနေသည့် ညီမလေး၏ အခန်း။ သူ .. ဟိုကြည့် သည်ကြည့်ဖြင့် ရှိနေဆဲ ..။ အသစ်ဝယ်ထည့်ထားသော စာအုပ်စင်လေး ကတော့ ကျွန်းသားဖြင့်ပါ။

"ဆရာဝန်ဆိုတော့ .. ဆေးစာအုပ်တွေထားရမှာလေ .. ညီမလေး က ကျောင်းပိုင်ထားပေမယ့် .. အိမ်မှာ စာတွေကျက်နေမှတ်နေမယ့် ညီမလေးဗျ .."

စာကြည့်စားပွဲထက်မှာ စာကြည့်အုပ်ဆောင်းလေးကို ဟိုဘက် သည်ဘက်ရွှေ့ကြည့်သည်။ စာဖတ်ရင်း နာရီကြည့်နိုင်အောင် စားပွဲတင် နာရီလေးတစ်လုံးပင်ရှိနေသေးသည်။ အခန်းထောင့်မှာ ပန်ကာရှိနေသည်။ အသစ် ..။ ပန်ကာအဟောင်းလေးက သူ့အခန်းထဲရောက်ပြီ။

"မနက်ဖြန်မှ ရောက်မှာတဲ့ .. အဲ့ဒါ .. ကားဆိပ်သွားကြိုရမှာလေ .. မနက်စောစောထွက်မယ်သိလား .. ဒေါ်ကြီးထား ဒီမှာအိပ်လို့ရရင် ကောင်းမှာ .. မမငွေ က ကြိုက်မှာမဟုတ်ဘူးလေ .. ဒါကြောင့် .. ထိန်သာ တစ်ယောက်တည်းသွားကြိုရမှာလေ .. ဘဘညို ရော ဒေါ်ကြီးထား ရော တူတူပါရင် ကောင်းမှာဗျ .."

သူ ပြောပြီးတာနှင့် အမောဖြေသလို ကော်ဇောပေါ်ထိုင်ချသည်။ အသစ်တွေများနေသည့်အခန်းလေးကို ကြည်နူးပီတိဖြင့် နောက်တကျော့ ကြည့်မိပြန်၏။ ဒေါ်ကြီးထား မှ သက်ပြင်းရှိုက်၍ ...

"အင်း .. မမောသေးဘူးလား ထိန်သာ ရယ် .. ပျို့လေး ဆေးတက္က သိုလ် တက်တယ်ဆိုကတည်းက .. အလုစိုက်မြက်ခင်းတွေ အိမ်ရှေ့မှာ စိုက် .. ပန်းအိုးတွေနဲ့ ပန်းတွေစိုက် .. ခြံထဲအလုပ်လည်းမပျက်စေရ လူလည်းနေပိုလောင်ပြီး ပိန်ညှိုညစ်လာပြီနော် .. အသားဖြူတာတွေကျောက် သလောက်ဖြစ်နေပြီ သိရဲ့လား .. ဝတ်တော့လည်း ချည်ချောပုဆိုးတောင် မဟုတ်တော့ဘူး .. ချည်ကြမ်းပုဆိုးရှာဝယ်ဝတ်ပြီး ဈေးပေါ်ရာနဲ့ တင်း



www.burmeseclassic.com

www.burmeseclassic.com



တိမ်နေတာဆိုးတယ်၊ ညီမလေးတော့ ညီမလေးဆေ့ ထိန်သာလေး ရယ် ကိုယ့်ကိုယ်ကိုယ်လည်း နည်းနည်း ဂရုစိုက်ပါဦး .. ခြံထဲကအလုပ်သမား တွေတောင် ထိန်သာလေး ထက် ပိုပြီး ရှိုးကောင်းနေကြသေးတယ် ..”

သူ ပြုံးမိရပါ၏။

“ညီမလေး မရှိတော့ မနေတတ်မထိုင်တတ်နဲ့ဗျာ .. နေရဆိုးကယ် ဗျ .. ညီမလေးရဲ့ ပညာရေးပေမို့ .. ခွဲရပေမယ့် .. နှလုံးသားလေးဖွဲ့ လိုက်ရသလိုပါပဲ ဒေါ်ကြီးထား ရယ် .. လွမ်းတယ်ဗျာ .. လွမ်းတော့ အလုပ်ပိုလုပ်မိရတော့တာပေါ့ .. အဲဒါမှ .. နည်းနည်းအာရုံနှစ်ထားစ ရှိသွားရတာပေါ့ .. ဒါပေမယ့် ဒေါ်ကြီးထား ရာ .. မဟာန်လှပါဘူး အလုပ်လုပ်နေရင်းလည်း .. ညီမလေးကို သတိရနေတာပါပဲ .. နေ ကောင်းပါ့မလား .. ရန်ကုန်က ပူတယ်တဲ့ .. အပူရှပ်နေမလား .. အသာ တွေ နေလောင်ကုန်မှာလား .. စားရေးသောက်ရေး အဆင်ပြေပါ့မလား အဲသလို စိတ်ပူနေရတာပါဝဲ .. ဆိုးတာက .. မခွဲစဖူးခွဲရတာ အဆိုးဆုံး ပဲ .. နေလို့ကို မတတ်တာဗျ ..”

ဟု ပြောပြီး ငိုင်နေ၏။ ဒေါ်ကြီးထား လည်း ငေးနေသည်။

“ထိန်သာ က ရွာမှာနေတာပဲ .. ခြံအလုပ်လည်းလုပ်နေရတာ ဝတ်ကောင်းစားကောင်းမလိုပါဘူး .. ဒေါ်ကြီးထား ရယ် .. ညီမလေး အတွက် စာအုပ်ဖိုး .. အဝတ်အစားကိစ္စ .. အဆောင်ကိစ္စ .. အဲဒါတွေ ငွေလိုတယ်ဗျ .. ဒီခြံထဲက ဝင်ငွေဆိုတာကလည်း မမငွေ ကို အပ်ရတာ ရှိသေးတယ်လေ .. ထိန်သာ့ အတွက်ရတဲ့ ပိုက်ဆံနဲ့ ညီမလေးအတွက် သုံးရတာ .. တစ်နှစ်ထ ာ်တစ်နှစ် ပိုက်ဆံက ပိုလိုလာမှာ ဒေါ်ကြီးထား ရ .. ဒီ ပုဆိုးကြမ်းတို့ဘာတို့က ခြံအလုပ်နဲ့လည်း အသုံးတည့်ပါတယ် လေ ..”

ဟု ဆက်ပြောသည်။ ဒေါ်ကြီးထား လည်း ခါးဆန့်ခါးချိုးလုပ်ရင်း မှ ...





“ရန်ကုန်မှာက .. မောင်ခန့်ထည်ဝါ တို့ မိသားစုကလည်း ပျိုလေး ရဲ့ အဆောင်ကိုသွားသွားတွေ့ .. လိုအပ်တာကူညီနဲ့ ရှိကြတာပဲကွယ်.. ဦးလူထက် ဆိုတာ သဘောကောင်းကြီးပါ .. ခုလည်း ဝိုင်ချက်စက်ရုံ ကြီးတည်နေတာ ပြီးလောက်ပြီပဲဉစ္စာ .. နောက်ဆို .. ထိန်သာလေး စပျစ်တွေ ရောင်းရတာတစ်ယောက်တည်းအတွက် ရောင်းပေးလိုက်ရုံ ပဲ .. စက်ရုံကလည်း ထိန်သာလေး ရဲ့ စပျစ်ခြံနဲ့ မလှမ်းမကမ်းမှာပဲရှိ တာဆိုတော့ .. နှစ်ဖက်စလုံးအတွက် အကောင်းချည်းပါပဲ .. ခန့်ထည်ဝါ လေးရဲ့ အမေ ဒေါ်စန္ဒာ ဆိုတာလည်း မိန်းမချောကြီးကွယ့် .. စက်ရုံ အတွက် မြေတွေ ကောခြောက်ဆယ်လောက်ဝယ်တဲ့ဉစ္စာပဲကွယ် .. ဒေါ်စန္ဒာ လည်း တူတူရောက်လာတာကိုးကွယ့် .. စပျစ်ခြံလည်း ရောက် လာတော့ ဒေါ်ကြီးထား သည်း ဒီအ ရောက်နဲ့ ကြုံကောမို့ မြင်ဖူးလိုက်ရ တာလေ .. ချောလိုက်တဲ့ အမျိုးသမီးကြီး .. စိတ်ထားလည်း ကောင်းပါ့.. အဲဒီတုန်းက ဆယ်တန်းဖြေထားတဲ့ ပျိုလေး ကို မြင်မြင်ချင်း ချစ်လှချေ ရဲ့ဖြစ်သွားတာပဲဉစ္စာ .. ပျိုလေး က ခန့်ထည်ဝါ ကို ေ ာ်ဘီးနဲ့တိုက် တဲ့အကြောင်း သူ့သားပြောပြတယ်ဆိုပြီး ရယ်နေသေး ..”

သူ ရင်ထဲဘာကြောင့်ရယ်မသိ ...။ ထင့်ထင့်လေးလေးဖြစ်ချင်၏။ ခန့်ထည်ဝါ တို့ သားအဖ သူ့ထံရောက်ကြသည်။ စက်ဘီးလဲ၍ ဒဏ်ရာ နှင့်ရှိနေသည့် ပျိုလေး ကို လာပို့ပေးပြီး တစ်ပတ်လောက်ကြာတော့ ခန့်ထည်ဝါ အဖေနှင့် ရောက်လာသည်။ စပျစ်တွေဝယ်မယ့်ကိစ္စ အလုပ် စကားလာပြောကြသည်။ နောက်တစ်ကျော့ ( ာ်ရောက်လာသည်က မြေကွက်ကျယ်ကြီးဝယ်ဖို့ ထပ်ရောက်လာကြခြ ။ ရန်ကုန်မှ ဒေါ်စန္ဒာ ပါ .. သားအမိ သားအဖတတွေ ရောက်လာကြခြင်း ..။ တည်းကြသည် ကတော့ ငွေကျွန်းမြို့ပေါ်မှ ဟိုတယ်မှာ တည်းကြသည်တဲ့ ..။ ထိုအချိန် မှာ .. ပျိုလေး ကို ဒေါ်စန္ဒာ မြင်သည်။ အန်ကယ်ကတော့ ပထမအစ်ကျော့ သားအဖနှစ်ယောက် တူတူရောက်လာကြကတည်းက ပျိုလေး ကို မြင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ညီမချောလေး၏အစ်ကိုဟုပင် သူ့ကို ပြုံး၍ ပြောသွားသေး၏။

ညီမလေး ဆယ်တန်းကို ‹ ဒြက်ဘာသာဂုဏ်ထူးဖြင့်အောင်ကာ ဆေးတက္ကသိုလ်တက်ရတော့ ...။ ရန်ကုန်ရှိ မြစမ်းရေဆိုသည့် ခန့်ထည်ဝါ၏ မိသားစုအိမ်မှာ နေ့ဖို့ပင် အန်ကယ် ဦးလှုထက် က ပြောသေးသည်။ သူက .. သီးသန့်ဘော်ဒါဆောင်တစ်ခုမှာနေဖို့ ဆန္ဒရှိတာပြောတော့လည်း ...။ မြစမ်းရေ နှင့် နီးသော အမျိုးသမီးသီးသန့် ဘော်ဒါဆောင်တစ်ခုမှာ နေဖို့ထိုင်ဖို့ အန်ကယ်လ်မှ စီစဉ်ပေးသည်။ သူ့ကိုပင် ရန်ကုန်သွားမနေပါနှင့်တော့ ...။ အစစ .. ရန်ကုန်မှာ ညီမလေး အဆင်တပြေဖြစ်အောင် စီစဉ်ပေးပါမည်ဟု အန်ကယ်မှ ကူညီဓောဖြင့်ပြောတာမို့ .. သူ .. ဖွတ်လိုက်သွားတော့လည်း တစ်ဖက်သား မယုံကြည်ရာရောက်မည်။ စီးပွားဘက်လုပ်ကိုင်ဘက်နှယ်လည်းဖြစ်နေရပြီမို့ ...။ ဒေါ်ကြီးထားကို ညီမလေးနှင့်အတူ ရန်ကုန်ကို သူ ထည့်လိုက်ရပါ၏။ တကယ်က .. သူ လိုက်ပို့ချင်သည်။ အန်ကယ့် စေတနာကို မယုံသင်္ကာဖြစ်ရာရောက်မှာမို့ ·လိုက်ခဲ့ရခြင်း ...။ ဒေါ်ကြီးထား ပြန်လာတော့ ဘော်ဒါဆောင်က စည်းကမ်းကြီးကြောင်း သုံးထပ်အဆောက်အအုံဖြစ်ကြောင်း၊ ဆေးကျောင်းသူတော်တော်များကြကြောင်း၊ တစ်ချို့ကျတော့ အခြားသော ဘာသာရပ် တက္ကသိုလ်ကျောင်းသူတွေဖြစ်ကြောင်းတွေ ပြောပြတာမို့ စိတ်လက်အေးရပါသည့်အဖြစ် ...။

မြစမ်းရေအိမ်ကြီးမှာ ဒေါ်ကြီးထား ကို တည်းခိုစေသည်က အန်ကယ် ဦးလှုထက် ပါ။ ဘော်ဒါဆောင်မှာ ဆားလူမတည်းရမခိုရသည့် စည်းကမ်းကြီးရှိသည်တဲ့ ...။

"မြစမ်းရေအိမ်ကြီးကတော့ဟယ် .. ကြီးပါ့ .. တခမ်းတနားရယ် ပစ္စည်းတွေလည်း အကောင်းစားချည်းရယ်သိလား .. ဒေါ်ကြီးထား က ဒီက စံကားမြိုင်အိမ်ကြီးလောက်ပဲ နေခဲ့ဖူးတာလေ .. အို .. အဲဒီထက် အဆများစွာ တခမ်းတနားကြီးရယ်သိလား .. ဒေါ်ကြီးထား ကိုလည်း အောက်ထပ်မှာ အခန်းတစ်ခန်းပေးထားတယ် .. အင်း .. တစ်ယောက်ပဲ တွေ့ခဲ့ရတာရှိတယ် .. ဓာတ်ပုံကြီးထဲတော့ မြင်ဖူးခဲ့ပါရဲ့ .. ခန့်ထည်ဝါရဲ့ ဘွားဘွားဆိုတာပေါ့ .. ဒေါ်သုန်သုန် တဲ့ .. အံမယ်လေး စိန်တွေများ ဆွတ်လို့ဝတ်ထားတာ .. ဓာတ်ပုံထဲတွေ့ခဲ့ပါရဲ့ .. စင်ကာပူဆိုလား .. ဆေးကုသွားသတဲ့ .. မန္တလေးက သူ့ညီမနဲ့ သွားသတဲ့ .. အဲဒ်တစ်ယောက်ပဲ ဒေါ်ကြီးထား မကြုံခဲ့ရတာ .. ကျန်တာကတော့ .. အဲဒီအိမ်က အစေအပါးကအစ .. သဘောကောင်းချည်းပဲ .. ဒေါ်ကြီးထား လို သူတစ်ပါးရဲ့ အစေအပါးဆိုတာကိုတောင်မှ .. ဧည့်သည်ဆိုပြီး .. ကောင်းကောင်းခွန်မွန်ဆက်ဆံကြတာ .. အဲဒီ ဦးလှုထက် တို့ သားအမိသားအဖတွေကတော့ .. တကယ့်ပေါင်းသင်းဆက်ဆံရေးကောင်းကြသူတွေချည်း သိသား .."

လွန်ခဲ့သည့် ကာလကြာရှည်ကသွားခဲ့သည့်အရာကို တမ်းတစွာ ပြောနေသည့် ဒေါ်ကြီးထား။ သူ .. ငုံ၍ကြည့်မိသည်။ ဒေါ်ကြီးထားကတော့ ပြုံးနေ၏။ အစစ ဒေါ်ကြီးထား ကို ဂရုတစိုက်ထား၍ ဧည့်ဝတ်ကျေခဲ့ပါသည့် အန်ကယ်တို့မိသားစုကို ရင်ထဲနှစ်ခြိုက်နှစ်လိုရှိနေချေသော ...။

"သူတို့က သိပ်ချမ်းသာတယ်ဗျ .. တကယ်က .. ထိန်သာ ရဲ့ စပျစ်တွေ သိမ်းကျုံးဝယ်မှာမို့သာ .. တစ်ယောက်နဲ့တစ်ယောက် ပတ်သက်ကြရတာလေ .. လူချင်းကတော့ .. ချမ်းသာအရာချင်းက အလွန်ကွာခြားလွန်းတယ် .. မရင်းနှီးကြတာ ပိုကောင်းပါတယ်ဗျာ .. အထူးသဖြင့် ညီမလေးနဲ့ပေါ့ .. ရင်းရင်းချာ ာအလွန်တရာဖြစ်လာမှာ စိတ်ပူတယ်ဗျ .."

ဒေါ်ကြီးထား အပြောဖြင့်ပင် အလွန်တရာချမ်းသာမှန်းသိနေပါသည့် အန်ကယ်တို့ မြစမ်းရေမိသားစုနှင့် ညီမလေး ရင်းနှီးကြတာ ဆန်းဟု မတွေးပေးနိုင်။ ဘဝချင်းကွာခြားလွန်းသည်။ ညီမလေးက







www.burmeseclassic.com

www.burmeseclassic.com



ရိုးစင်းဖြူစင်သူ ...။ တစ်နေ့မှာ .. စီးပွားချင်းပတ်သက်ရာတစ်ခုကြောင့်
ညီမလေးကို ဂရုတစိုက်ထားပြနေကြခြင်းဆိုတာမျိုး ဖြစ်ကုန်လျှင် ညီမလေး
သိများသိချိန်မှာ အလွန်ခံစားရမည်။ နိမ့်ကျသူဘက်က .. ငါ .. နိမ့်ကျ
၍ ဟန်ဆောင်ပန်ဆောင်ရင်းနှီးခြင်းတစ်ခုကို အညာခံ၍ အဆက်ဆံခံရ
ချေမည်ကောဟုသိလျှင် ခံရဆိုးသည်။ မကောင်း ..။ ညီမလေးကို -
ထိုဝေဒနာမျိုးမခံစားစေချင် ...။

"ညီမလေးက ဟန်ဆောင်ပန်ဆောင်သမားတွေနဲ့ ရင်းရင်းချာချာ-
လိုထိတွေ့တွေ့ရယ်လို့ ကြုံဖူးတာမဟုတ်ဘူး ဒေါ်ကြီးထား .. ညီမလေး
ရဲ့ ဝန်းကျင်ဟာ .. ထိန်သာ ရယ် .. ဒေါ်ကြီးကား ရယ် .. ဘဘညို
ရယ် .. ဟောဒီက စပျစ်ခြံအလုပ်သမားတွေနဲ့ .. ရွာကျောင်းက သူငယ်
ချင်းတွေနဲ့ပဲ တစ်လျှောက်လုံးရှိခဲ့ရတာလေ .. ဆေးတက္ကသိုလ်တက်ဖြ
ဆိုတော့မှ ဝန်းကျင်အသစ်နဲ့တွေ့ရတာ .. အရင် ညီမလေး တွေ့ခဲ့ရတဲ့
ထိန်သာ တို့ဆိုတာက ညီမလေးအပေါ် အားလုံးက ရိုးသားဖြူစင်ကြတာ
ချည်းပဲ .. မြို့ပေါ်က လူဆိုရာမှာ .. ရန်ကုန်လိုမြို့ကြီးတစ်မြို့က အလွန်
တရာကို ချမ်းသာတဲ့လူတွေနဲ့ အခုမှ ဆုံဖူးကြုံဖူးရတာလေ .. သူတို့
တကယ်မချစ်ခင်ဘဲ .. ချစ်ခင်သယောင်ဟန်ဆောင်ကြတာမျိုး ညီမလေး
ကြုံကြိုက်သွားရရင် .. အလွန်စိတ်ထိခိုက်မှာ .. ဒီမှာက .. မမငွေ ဆိုရင်
လည်း မချစ်ဘူးဆို .. မချစ်ဘူးလို့ပဲ ရှင်းရှင်းလင်းလင်းသိစေခဲ့တာ -
ဟန်ဆောင်မထားဘူးလေ .. ညီမလေးက .. သူ့ကို မမငွေ မကြိုက်ဖူးဆို
တာ ငယ်ကတည်းက သိထားတာပဲ .. အဆုံးအစွန်ပြောရရင် .. မမငွေ
တောင်မှ .. ရိုးသားတယ် .. မချစ်တာကို မချစ်ဖူးလို့ပဲသိစေတာ .."

သူ ပြောတော့ ဒေါ်ကြီးထား ငိုင်နေ၏။

"အင်း .. ထိန်သာလေး ပြောသလိုပြောရရင်ဖြင့် လူကဲခတ်ဆိုတာ
က ခက်သားပဲလေ .. ဒါပေမယ့် .. ဒေါ်ကြီးထား ရဲ့ အမြင်ကတော့ -
မြစမ်းရေက မိသားစုဟာ တကယ့်ကို စိတ်ရင်းကောင်းကြတယ်လို့ပဲ





ထင်ကြည်ချင်နေမိတယ် .. အကယ်၍ သူတို့ဟန်ဆောင်ခဲ့ကြတယ်ဆိုရင်
တော့ .. အတော်ကြီးကို အံ့သြဖို့ကောင်းလောက်အောင် ဟန်ဆောင်တတ်
ကြသူတွေပဲလို့ ပြောရမလိုဖြစ်နေပြီ .."

ဟု တစ်ချက်ခပ်ညည်းညည်းပြောသည်။ ထိုစဉ်ခိုက် ခြံတံခါးဘက်
ဆီမှ ကားဟွန်းသံပေါ်လာတာမို့ ဒေါ်ကြီးထား ရော .. သူရော အိမ်ပေါ်
မှ ဆင်းခဲ့ကြ ..။ ပေါ်တီကိုအောက် ရပ်မိကြရပါ၏။ ဟွန်းသံကိုသူ
မှတ်မိသည်။ အန်ကယ် ဦးလူထက် ၏ ကားဟွန်းသံ ...။ အန်ကယ်နှင့်
ဆက်ဆံခဲ့ရသည့် အကြိမ်အရေအတွက် အတွင်းမှာ ဤကားဟွန်းသံကို
သူ မှတ်မိအောင် ကြိုးစားထားခဲ့သည်လေ ..။ ဘာပဲဖြစ်ဖြစ် ..။ ညီမလေး
ရန်ကုန်အဆောင်မှာနေရစဉ်ကာလတစ်လျှောက်လုံး အန်ကယ်တို့ မိသားစု
က ကူညီစောင့်ရှောက်ပေးကြသည် ဆိုတာကိုတော့ သူ ငြင်း၍မှ မရနိုင်
သည်ပဲလေ ..။ အလေးစားယူတော့ အန်ကယ့် အပေါ် သူထားရချေမည်
သာ ..။

ကိုတာ ပြေး၍ ခြံတံခါးဖွင့်ပေးတာမို့ ကားနှစ်စီး ရှေ့နောက်ဆင့်
၍ ဝင်လာကြသည်။ ကြည့်ရတာ ခန့်ထည်ဝါ လည်း ပါလာပုံရပါ၏။

ရှေ့မှာ မောင်းလာသည်က အန်ကယ်ကိုယ်တိုင်ဖြစ်နေသည်။ ဘေး
မှာက ဒေါ်စန္ဒာ ပါလာ၏။ နောက်ခန်းမှန်တွေလည်း တင်ထားသည်။
နောက်ခန်းဘက်ကို မမြင်ရ ..။ ခရီးသွားကားပေမို့ နေရောင်ကာအဖြစ်
အတွင်းဘက်မှာ ခန်းဆီးလေးတွေ ကားတံခါးမှာတပ်ထားသည်။ အပန်း
ရောင် ခန်းဆီးလေးတွေဟာ အတွန့်တွန့်လေးတွေဖြင့် လှပစွာရှိနေသည့်
အဖြစ် ..။ ရှေ့မှ လင့်ခရူဇာကား ဖြူကြီးရပ်၏။ နောက်ဆီမှ ပရာဒိုကား
ကြီး ရပ်၏။ ကားပေါ်မှ ဆင်းလာကြသည်။ အန်ကယ်နှင့် အန်တီတို့က
ရှေ့ကားမှဆင်းသည်။ ခန့်ထည်ဝါ က နောက်ခန်းမှ ဆင်းသည် ..။
ပြီးတော့ သုံးယောက်စလုံးက ပြုံး၍ သူ့ကိုကြည့်နေကြ၏။ အမြဲသည်
ထူးနေသည်ဟု ခံစားရသည်။ ဘာထူးနေသည်ဆိုတာ သူ မပြောတတ် ..။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် စိတ်က အဲလိုလိုသိနေသည်။ ထူးနေသည်။ အရင်တုန်း က အန်ကယ် ခုလို .. ရောက်လာလျှင် ပြုံး၍ ကားပေါ်မှဆင်းသည်ပါပဲ။ ဒါပေမယ့် .. ခု အပြုံးနှင့် မတူ ..။ မျက်ဝန်းမျက်ဆံတွေမှာလိုက်၍ ပြုံးနေသည့် အပြုံးရိပ်သည် ဖောက်တောက်ပပရှိလွန်းနေသည်။ သူ .. အိမ်ရှင့်ဝတ္တရားအရ ခပ်သုတ်သုတ်လျှောက်သွားမိသည်က ပြုံး၍ပါ .. ဒေါ်ကြီးထား လည်း ရောက်သွားရပြီ။ မြစမ်းရေမှာ တစ်ပတ်လောက် အနေကြာခဲ့သည်ကိုးလေ ..။ မြစမ်းရေနှင့် ရင်းနှီးနေပြီ ..။ ဘာဘညို လည်း ပန်းအိုးတွေနေသားတကျချနေရာမှ ခပ်သုတ်သုတ်လျှောက်လာနေသည်။ ထိုစဉ်ခိုက် ..။ ဩော် .. ထိုစဉ်ခိုက် .. လင့်ခရုဇာကားကြီး၏ နောက်ခန်းဆီမှ ကားတံခါးလေးပွင့်လာသည်။ အလွန်လှပသော ဖြူဥဥ ခြေထောက်လေးစတင်၍ ပေါ်လာ၏။ သူ မှင်တက်သွားရပြီ ..။ ဤ ခြေထောက်ဖြူဥဥလေးတွေကို သူ အလွတ်ရနေသည်။ သူ၏ နှလုံးသား က အလွတ်ရနေသည်။ သူ၏ မျက်စိတွေက အလွတ်ရနေသည်။ ညီမလေး ၏ ခြေထောက်လေးတွေ ..။ ဒါပေမယ့် .. ခု .. သူ တွေ့ရသည်က ခြေ သည်းနီလေးဆိုးထားသော ခြေထောက်လေးဖြစ်နေသည်။ ဒေါက်မြင့် ဖိနပ်လေးစီးထားသော ခြေထောက်လေးဖြစ်နေသည်။ သူ့ ညီမလေး ထိုသို့ ခြေသည်းမဆိုးဖူး ..။ ဒေါက်မြင့်ဖိနပ်ခွာချွန် မစီးဖူး ..။ ဒါပေ မယ့်.. ကားပေါ်မှ ဆင်းလာသောသူသည် .. သူ၏ ညီမလေးပဲ ဖြစ်နေချေ သည်တကား ..။ တစ်နှစ်တာကာလအတွင်း .. ညီမလေးသည် အလွန် ခြားနားသွားပြီ ..။ လှပခေတ်မီသော အဝတ်လေးတွေဝတ်ဆင်တတ်နေ ပြီ ..။ အဝါနုရောင် ပိုးသားပန်းပွင့်ထိုးခါးရှည်အင်္ကျီလေးသည် ပုံဆန်းလေး ဖြစ်ပါ၏။ ထမီလေးကလည်း ဆင်တူ ..။ ထိုးထားသည့် ပိုးချည်ထိုးပန်း ပွင့်ပန်းခက်လေးတွေကိုက .. ဆင်တူ ..။ အလွန်လည်းလှနေသည်။ ဆံပင်ကို အားလုံးသိမ်း၍ နောက်လှန်ဖြီးထားကာ ဖဲကြိုးဖြူလေးနှင့် တစ်ချောင်းတည်းချည်ချထားသည်။ ဒူးခေါက်ကွေးတိုင် ရှည်လျားနေ





သည့် ဆံနွယ်လေးတွေက နက်မှောင်နေ၏။ ဆံပင်လေးတွေ မဖြတ်ခဲ့တာ ကို သူ ရင်ထဲအေးသွားရသည်ပါပဲ။ ဒေါက်မြင့်ဖိနပ်ကို သူ မကြိုက်ပေ မယ့် ဆေးတက္ကသိုလ်တက်နေပြီပဲလေ . ဟု ဖြေသိမ့်ယူလိုက်ရသည့် အဖြစ် ..။ ညီမလေး၏ လက်မှာ ရွှေရောင်နာရီလေး ပတ်ထားသည်။ သူ ဝယ်ပေးလိုက်သော နာရီမဟုတ်တာတော့ သေချာနေ၏။ ခု နာရီ လေးက ရွှေရောင်ဆိုရာမှာ လက်ပတ်ကြိုးနေရာလေး၌ ရောင်စုံကျောက် လေးတွေ စီခြယ်ထားသည်။ ညီမလေး ပြုံး၍လာနေသည်။ သူ ငြိမ်၍ ကြည့်နေမိရဆဲ ..။ အလွန်တရာကိုမှ ပို၍လှလာသော ညီမလေး ..။ ပို၍ ဖြူဥနုဖန့်နေသည့် ညီမလေး ..။ လက်မှာ လက်ဆွဲအိတ်လှလှလေးကို ပင် ကိုင်ထားသေးသည့် ညီမလေး ..။ အားလုံးသည် .. သူ .. ဤ စပျစ် ခြံမှာ နောက်ဆုံးမြင်ခဲ့ရသည့် ညီမလေးနှင့် ခြားနားနေပြီ ..။ တက္ကသိုလ် မတက်မီအိမ်မှ ထွက်ခွာခဲ့စဉ်က ခြေညှပ်ဖိနပ်ဖြူလေးစီးထားသည်။ အပန်းရောင်ဘလောက် အင်္ကျီလေးဝတ်ထားသည်။ ထမီလေးက ပါတိတ် ပွင့်ရိုက်လေး ..။ ပါးမှာ သနပ်ခါးပါးကွက်ကျားလေးလူးထားသည်။ ဆံပင်နှစ်ဖက် ကျစ်ထားသည်။ အဖျားမှာ ဖဲကြိုးလေးဖြင့် ချည်ထားတာ မို့ ရှည်လျားသော ဆံကျစ်ရှည်နှစ်ဘက်နှင့် ညီမလေးသည် ကလေးလေး နှင့် တူနေသည်။ ယခုတွေ့ရသည့် ညီမလေးက .. ဟန်ပန်တွေပါလာနေ ပြီ။ လွယ်အိတ်လေး လွယ်မထား ..။ ရွှေရောင်ကျောက်စီလက်ကိုင်အိတ် လေးကို ကိုင်ထားသည်။ ပြောင်းလဲကုန်ချေပြီတကား။ သူသည် .. ညီမလေး နှင့်ဝေးသော နေရာတစ်ခုမှာ ရောက်နေသည်ဟု ခံစားလာရသည်။ သူ့ အဆင့်အတန်းက အောက်မှာဖြစ်နေသည်။ ညီမလေးက .. ပင်မြင့်စံ ထိပ်ထားနွယ်ဖြစ်နေသည်ကောလေ ..။

"ကိုကို .. ကိုကို အံ့သြသွားအောင်လို့ .. ဟိုနေ့ကဖုန်းဆက်တုန်း က .. မနက်ဖြန်မှ ရောက်မှာလို့ပြောထားတာလေ .. ဒီနေ့ရောက်မယ် ဆိုတာ မပြောပြပဲနေနေတာ .. အန်ကီက အဲသလို အကြံပေးတာသိ



www.burmeseclassic.com

www.burmeseclassic.com



လား .. ရုတ်တရက် .. တွေ့ရင် .. ကိုကို အံ့ဩပြီး ပျော်သွားမှာတဲ့ .. ဟုတ်ပါရဲ့ .. ကိုကို .. ထင်ကိုမထင်ထားဘူးမဟုတ်လား .. စကားသံတောင် ထွက်မလာနိုင်တော့ဘူး .. ကိုကို့ အသားတွေပိုပြီးညိုလာတယ်နော် .. ပိန်သွားသလိုပဲ .. ဒါပေမယ့် .. ကိုကိုက .. ညီမလေးရဲ့ ကိုကိုပါပဲ .. လွမ်းလိုက်တာ ကိုကိုရယ် ..''

ညီမလေး ပြောလည်းပြော ...။ ပြေးလည်းပြေးလာသည်။ ဒေါက်မြင့်ခွာချွန်ဖိနပ်ကို စီးကာ ပြေးလာနိုင်သည်အထိ ညီမလေး ဒေါက်ဖိနပ်စီးကျွမ်းနေတာကို သူ အံ့ဩငေးနေမိသည်။ ညီမလေး သူ့ရင်ခွင်ထဲတိုးဝင်လာ၏။ ဩော် .. ဤတစ်ခုတော့ ညီမလေးသည် မပြောင်းလဲသေးပါတကား ...။ အစ်ကို၏ ရင်ခွင်မှာ ကလေးလိုပဲ ပြေးဝင်လာတတ်သည်။ အစ်ကိုကို ဖက်တွယ်ထားတတ်သည်။ မပြောင်းလဲ ...။ သူ မျက်ရည်လည်လာ၏။ ညီမလေး၏ အဖိုးတန် ပိုးထည်အဝတ်နုနုလေးတွေကိုကြည့်မိကာ ...

''ကိုကို့ အဝတ်တွေမှာ ချွေးတွေနဲ့ ညီမလေးရဲ့ .. ချွေးနံ့တွေကူးကုန်ပါ့မယ် .. ချွေးစိုတွေ အဖိုးတန်အဝတ်ကို ဘိကုန်ပါ့မယ်ကွယ် .. ကဲ .. ကဲ .. အပေါ်တက် .. အပေါ်တက် .. ညီမလေး အခန်းကိုသွား .. ဟိုမှာ .. ညီမလေး တွေ့လိမ့်မယ် .. ဒေါ်ကြီးထား .. ညီမလေးကို ခေါ်သွားပါဦး .. သူ ပျော်မှာဗျ .. နေ .. နေ .. ဘဘညို .. ညီမလေးရဲ့ သေတ္တာတို့ဘာတို့ .. ထိန်သာ သယ်ပါ့မယ် .. အန်ကယ်နဲ့ အန်တီ အပေါ်ကြွပါခင်ဗျ .. ကိုခန့်ထည်ဝါ .. အပေါ်ကြွပါ ..''

သူ .. အိမ်ရှင့်ဝတ္တရားလည်း မလစ်စေရ ...။ ညီမလေး၏ ပါလာမည့်ပစ္စည်းတွေလည်း သယ်ဖို့ ကားနောက်ခန်းသို့သွားတော့ ခန့်ထည်ဝါမှ ကားနောက်ခန်းမှ အဖိုးတန်သားရေခရီးဆောင်သေတ္တာကြီးကိုထုတ်သည်။ လှပသော ဆွဲခြင်းတွေကို ထုတ်သည်။ လက်ဆောင်ပစ္စည်းတွေဆိုတာ သူသိနေ၏။ ညီမလေး၏ အဝတ်အစားသေတ္တာသည်လည်း





ပြောင်းလဲသွားပြီ။ အိမ်က သယ်သွားသော သံသေတ္တာမဟုတ်ချေတော့ပြီကောလေ ...။

''ရတယ် အစ်ကို .. ညီလေး သယ်ပါ့မယ် .. အစ်ကို အေးအေးဆက်သာနေပါဗျာ .. ကောင်မလေးကတော့ သူ့အစ်ကိုတွေ့တာနဲ့ ပျော်ပြီး အဝတ်သေတ္တာတို့ .. လက်ဆောင်ဝယ်လာတာတွေသယ်ဖို့တို့ .. အားလုံးမေ့နေလေရဲ့ .. တစ်နေ့က .. ဝယ်ချင်တာတွေဝယ်မယ်ဆိုပြီး .. ရန်ကုန်က ကုန်တိုက်မှာ ဝယ်တာဗျ .. ညီလေး လိုက်ပို့ရတာ နေ့တစ်ဝက်ကျော်တယ် .. ကောင်မလေးက တကယ့်ကို .. သူ့အစ်ကိုတို့ .. ဒေါ်ကြီးထား နဲ့ ဘဘညို တို့ .. ကိုတာ တို့ကို ချစ်တာဗျ .. အလုပ်သမားတွေအတွက်တောင် မမေ့ဘူး .. ဝယ်လာသေးတယ် .. ခြံထဲကအလုပ်သမားတွေအတွက်လေ .. စေ့စပ်ပါရဲ့ .. ပျိုလေး က အဲသလိုဗျ ..''

သူ ငေးခနဲဖြစ်၏။ နားထဲ ဆန်းနေသည်။ ဘာတဲ့ ...။ ကောင်မလေးတဲ့လားလေ ...။ တရင်းတနှီးနိုင်လွန်းစွာ ...။ ပြီးတော့ .. ချစ်စနိုးနိုင်စွာ ခေါ်လိုက်သည့်အသံ ...။ သူ မှင်တက်သွားမိရပြီ ...။ ဒါပေမယ့် .. အလိုက်သင့်ပစ္စည်းတွေ သူ သယ်သည်။ ညီမလေး၏ သေတ္တာကိုတော့ သူ ရအောင်သယ်သည်ပါပဲ ...။ အန်တီကတော့ ခုထိ အိမ်ပေါ်မတက်[illegible] အန်ကယ်နှင့်အတူ ပေါ်တီကိုအောက်မှာ ရပ်၍ ခန့်ထည်ဝါ နှင့် [illegible] ပြုံး၍ကြည့်နေပါ၏။

''သယ်ပေ့စေ မောင်ထိန်သာ .. သူ .. အကျင့်ပါနေပြီ .. ပစ္စည်းသယ်တဲ့အလုပ် .. လိုက်ပို့ရတဲ့အလုပ် .. အလိုလိုက်ရတဲ့အလုပ် .. အားလုံးနေသားတကျဖြစ်နေပြီ .. ပျိုလေး က .. သူ့ကိုကြီး ခန့်ဝည်ဝါ ကို .. [illegible] ကိုကို အစားရသလို ဆိုးနွဲ့ပူဆာတတ်တာလေ .. ကျန်ခဲ့တဲ့ ကိုကို့ အလွမ်းပြေရှိခဲ့ရျာတာ .. ဘယ်လိုလည်း မောင်ထိန်သာ .. မင်း[illegible] က .. ပျိုလေး ကို .. ခေတ်မှီမှီလေးဖြစ်အောင် ပုံသွင်းပေး[illegible] ကြိုက်ရဲ့မဟုတ်လား .. ပျိုလေး က အလွန်ချောတာဆိုတော့ .. သူ့အန်[illegible]



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲရောက်လည်း ရောက်ရော .. အဝတ်အစားကအစ .. ဖိနပ်က အစ .. အလှပြင်ပစ္စည်းကအစ .. အားလုံး ပုံသွင်းပြောင်းလဲပေးလိုက် တော့တာပါပဲ .. သူ့ အန်တီ ဝယ်ဝယ်ပေးတာလေ .. ပျိုလေး ကတော့ အားနာလို့ အစတုန်းကတော့ ငြင်းရှာပါတယ် .. စန္ဒာ က သမီးလေးလို ချစ်နေတာဆိုတော့ .. ဖွတ်ဆင်တာပဲ ..''

ဟု အန်ကယ်ပြောနေတော့ သူ့ရင်ထဲ နားလည်စပြုလာပြီ။ ညီမလေး သည် ပြောင်းလဲသွားပြီ။ သူတစ်ပါးပေးရာကိုလည်း ယူတတ်နေပြီ။ ဪ .. သူမှတစ်ပါး အခြားချစ်ရာမရှိဟု .. ကိုကို .. ကိုကို .. နှင့် အမြဲ ရှိတတ်ပါလေသော ညီမလေးမှာ ..။ ခုတော့ .. ချစ်ရမည့်သူတွေ တိုးလာ ပြီ။ နွဲ့ရမည့်သူလည်း များလာပြီ။ ပြီးတော့ .. အထက်တန်းကျကျနေရ ခြင်းဆိုသည့်ဘဝတစ်ခုမှာ သာယာမွေ့လျော်နေတတ်ချေပြီတကား ..။

ဒါပေမယ့် .. သူ့ခံစားချက်ကို ဖွင့်မချ ..။ ဘယ်သူမှ မသိစေရ..။ ထုံးစံအတိုင်း သူ ပြုံးသည်။ ညီမလေး စိတ်ချမ်းသာဖို့ အရေးကြီးသည် လေ ..။ ညီမလေး ပျော်မွေ့ရာနေရာနှင့် ဘဝကို .. သူ .. မဖျက်ဆီးရက် ပါ ..။

သေတ္တာကြီးကို ဆွဲသယ်လာရင်းမှ ရင်ထဲမှာပါလာသည်က စော စော အန်ကယ်၏ စကား။ ခန့်ထည်ဝါ သည် ညီမလေး၏ပစ္စည်းတွေ ကို သယ်ရတာ မဆန်းဆိုသည့်သဘောပါသည့် စကား။ ထိုသို့ရှိနေတာ ကိုလည်း အန်ကယ်နှင့် အန်တီစန္ဒာ သည် ကြည်ကြည်ဖြူဖြူရှိနေသည်။

"ညီမလေးနဲ့ ခန့်ထည်ဝါ တို့ဟာ .. ဒီတစ်နှစ်အတွင်းမှာ .. အလွန် ရင်းနှီးကုန်ကြပြီထင်ပါရဲ့ .. ကုန်တိုက်အတူတူသွားကြတယ် .. အဲသလို ... တခြားလည်းတူတူသွားချင်သွားကြမှာပေါ့ .. အဲဒီ မြစမ်းရေ သည်း အချိန်တွေကုန်ချင်ကုန်မှာပေါ့ .. ကျောင်းအားရက်မှာ

တွားနေရင်း ဧည့်ခန်းသို့ရောက်၏။ ကြမ်းပြင်ပေါ် သေတ္တာ





ကိုချသည်။ ထိုစဉ်ခိုက် နောက်ပါးဆီမှ လိုက်တက်လာသည့် အန်တီနှင့် အန်ကယ်မှ ပြုံး၍ ဆက်တီမှာ ထိုင်ကြပြီ ..။ ဒေါ်ကြီးထား ယူလာသော အအေးကိုသောက်နေကြပါ၏။

"စန္ဒာ တော့ ရင်ထဲသိမ်းမထားနိုင်တော့ဘူး မောင် .. ခရီးရောက် မဆိုက်ပဲ .. ပြောချင်လှပြီမောင်ရယ် .. နောင်လည်း ပြောရမှာပဲဥစ္စာ.. အဲဒါပြောဖို့ရာကို လိုက်လာတာပဲ မောင်ရယ် .. ခဏထိုင်ပါလား မောင်ထိန်သာ .. အန်တီ ပြောပါရစေ .. ဟောဒီက အန်ကယ်ရော .. အန်တီရော .. သမီး ပျိုလေး ကို စကားလာမြန်းကြတာကွယ့် .. သမီး လေးက အလွန်လှတာ .. တက္ကသိုလ်မှာ အလှဘုရင်မပဲ .. ဂျစ်လိုကြတဲ့ သူတွေကလည်း အလွန်များတာ .. အဲဒါ .. သားလေးအတွက .. စိတ်ကို မအေးရဘူးလေ .. သားကလည်း ပျိုလေး ကို မြင်မြင်ချင်း ချစ်ခဲ့တာ တဲ့ .. စက်ဘီးနဲ့ အတိုက်ခံရတာကို .. သူက ချစ်နေသတဲ့လေ .. သူ နောက်ကျမှာစိုးလို့ဆိုပြီး .. ချစ်ခွင့်ပန် .. အဖြေစောင့်နဲ့ရှိခဲ့ရှာတာပါ.. ပျိုလေး ကလည်း သူ့ကိုကို သဘောမျှမှ လက်ခံပါရစေလို့တော့ ပြော ရှာပါတယ် .. ဒါပေမယ့် .. အန်တီလည်း မိန်းမသားပဲကွယ် .. ဒီလောက် လိမ္မာတဲ့ကလေး .. သူ့အစ်ကိုရဲ့ အဆုံးအဖြတ်ကိုခံဖို့ အဖြေမပေးရဲပေ မယ့် .. သူ့ရင်ထဲမှာ .. ထည်ဝါလေး ရှိနေတာ အန်တီသိတာပေါ့ .. အန်တီကလည်းလေ .. သမီးလေးလိုကို ချစ်ရတာပါ .. အန်ကယ်ကလည်း ချစ်တာပါပဲ .. ကျောင်းပိတ်ရက်အားရက်ဆို .. အန်တီမှာဖြင့် သမီးလေး ကို သွားသွားခေါ်ရတာ .. အိမ်မှာပဲ ချက်ပြုတ်စား .. ဈေးဝယ်ထွက်.. ရှော့ပင်ထွက်တယ်ဆိုတာပေါ့ ..''

ဟု ပြောနေတော့ သူ ငေးခနဲဖြစ်၏။ ငြိမ်ကျသွားသည်။ ဒေါ်ကြီးထား ကို သူကြည့်မိ၏။ ငေးကြည့်နေသည့်အကြည့်နှင့်ပဲတိုးသည်။ သူ့ဆီက အဖြေတစ်ခုကို စောင့်နေသည့် ညီမလေး။ ဒါပေမယ့် .. အဖြေဆိုတာက ထွက်ပြီးဖြစ်နေပြီ။ အန်တီနှင့် ရှော့ပင်ထွက်တက်သည်။ ခန့်ထည်ဝါ



www.burmeseclassic.com

www.burmeseclassic.com



နှင့်လည်း ကန့်တိုက်တွေနှစ်ယောက်သားတွဲ၍ သွားဘတ်ခဲ့ပြီ။ အန်တီ
တို့ဆင်သမျှကို ဝတ်ဆင်တာတ်နေပြီ။ သမီးလေးကို ချစ်သည်ဆိုသည့်
အန်တီစန္ဒာ ၏ မေတ္တာထဲမှာ ညီမလေး ကြည်နူးနစ်ဝင်သွားခဲ့ပြီ။ အ
၏ မေတ္တာကိုရသည်ကိုးလေ ..။ အန်ကယ့်ထံမှ .. အဖေ၏မေတ္တာ
ရသည်။ ညီမလေး .. သာယာနေပြီ။ ရုန်းထွက်ရန်မရှိ။ ဤအဖြစ်
လက်လွှတ်ဆုံးရှုံးခံရမည်ဆိုလျှင် ညီမလေး ရှုံးသွားမည်။ ချစ်သူကို
ရှုံးရမည်။ မိခင်ကို ဆုံးရှုံးရမည်။ ဖခင်ကို ဆုံးရှုံးရမည်။ ထိုအချစ်
ကို .. ညီမလေး .. အလွှတ်ခံနိုင်ဖို့ လမ်းမရှိ။ မမြင် ..။ ခုလည်း .. ခ
ရောက်မဆိုက် .. ဤစကားကို အန်တီမှ ပြောလာသည်ဆိုကတည်းက
ညီမလေးဘက်က .. မြစမ်းရေမှာ နေချင်သည့်စိတ်များနေ၍ ..။ ထိုအ
မှာ နေပျော်နေပြီဖြစ်၍ ပြောဖြစ်ခြင်းဟု သူသိသာနေရသည်။ သူ
ညင်ညှင်သာသာထရပ်၏။

"အေးအေးဆေးဆေး နားပါ အန်ကယ်နဲ့ အန်တီ .. ညီလေး
ခန့်ထည်ဝါ .. ထိုင်ပါ .. ထိုင်ပါ .."

ခုလိုကျတော့လည်း ဝင်မထိုင်ရဲပဲ သူ့ကို လန့်ရှိန်ဖြင့် ကြည့်နေသည်
ခန့်ထည်ဝါ ..။ သူ စိတ်ဆိုးမာန်ဆိုးဖြစ်မှာကို လန့်နေပုံရသည်။ ညီမလေး
ကို ဆေးတက္ကသိုလ်ပို့လိုက်ရာမှာ တစ်နှစ်ပဲရှိသေးသည်။ စကားမြ
တာတွေဖြစ်လာရသည်ဆိုတော့လည်း အလွန်မြန်လွန်းနေတာ ခန့်ထည်
လည်း နားလည်မည်သာ။ စိတ်ပူမည်သာ ..။ သူ အားယူ၍ ပြုံးပြရပါ
ဘာတတ်နိုင်မည်လဲလေ ..။ ညီမလေးက မြစမ်းရေဘက်ကို ယိမ်းနေ
မို့ ..။ မြစမ်းရေမိသားစုက .. သူတို့၏အိမ်ကြီးမှာခေါ်ထားဖို့ ..။ ချွေးမလေး
အဖြစ်ရှိစေဖို့ ပြောလာကြချေမည်သာ ...။

သူ .. ညီမလေး၏အခန်းသို့ဝင်လာမိရပါ၏။ ကော်ဇောအသစ်
အထိအတွေ့သည် သူ့နှလုံးအိမ်ကို ဖိနင်းနေသည့်နှယ်တူနေသည်။ သူ
ညီမလေးကို ချစ်ဖော်ဖြင့် ပြင်ဆင်ထားသောအခန်း ..။ ဆေးသုတ်ထား





သောအခန်း ..။ ပစ္စည်းတွေ ဖြည့်ထားသော အခန်း ..။ ဤအခန်းသည်..
မြစမ်းရေ၏ စတိုခန်းထက်ပင် သေးငယ်နေပါလိမ့်မည်။ အခင်းအကျင်း
သည် သိမ်နုတ်နေပါလိမ့်မည် ..။ သူ .. ညီမလေးကို ကြည့်မိ၏။ နားတွင်
ပ ထားသော ကျောက်စီနားဆွဲလေးလည်းမရှိတော့ပြီ ..။ စိန်နားကပ်
လေးဖြစ်နေသည်။

"သူများဆင်တာကို ညီမလေး ဝတ်တယ် .. ဟုတ်လား .. ညီမလေး
မှာ မာနဆိုတာမရှိတော့ဘူးလား .. သူများပေးတာကို လက်ခံရသလား..
စိန်နားကပ်ကို မပန်ပေးနိုင်ပေမယ့် .. ကျောက်စီနားဆွဲလေးပန်ပေးနိုင်
တဲ့ ကိုကို ရှိနေတာပဲဆိုတာ ဘာလို့ သူတို့ကို တုန့်ပြန်မပြော နိုင်ခဲ့ရတာ
လည်း ညီမလေးရယ် .. ဟင် .."

သူ .. ရင်ထဲမှ ခံစားနေရုံပဲရှိခြင်း။ နှုတ်ကတော့ ဖွင့်မပြောရက်..။
ညီမလေးကလည်း ခုတင်ဘေးမှာ ရပ်နေရင်း သူ့ကို မဝံ့မရဲလေးကြည့်
နေသည်။ အပြစ်မကင်းသည့်နှယ် ကြည့်နေသည့်အကြည့်။ အနေခက်
ကြည့် ..။ မလုံမလဲဖြစ်နေသည့်ဟန် ..။ မနေတတ်မထိုင်တတ်ဖြင့် အစ်ကို
လုပ်သူကို ရင်မဆိုင်ရဲသည့်နှယ် ဖြစ်နေတာလည်း သိသာနေသည်။

"ငါ့ညီလေးကိုယ်တိုင်က ဟန်ဆောင်တတ်နေပြီကိုး .. ဒီနေ့လာ
မယ်ဆိုတာကိုလည်း မပြောပဲ မနက်ဖြန်မှာ လာမယ်လို့ ငါ့ကိုပြော
တယ် .. ငါက .. မနက်စောစော ကားဂိတ်သွားကြိုဖို့ တစိမ့်မံ့နဲ့ ပျော်
နေရင်း မနက်ဖြန်ကိုမျှော်နေတဲ့ ထိန်သာ ဖြစ်နေခဲ့ရတယ် .. ပြီးတော့..
ဒီနေ့ .. ငါ့ကို တွေ့တော့လည်း .. ဟိုအရင်တုန်းကလို .. ပြေးလာဖက်
တယ် .. ကိုကို့ကို လွမ်းလိုက်တာလို့ပြောတယ် .. တကယ်က .. သူ..
လက်ထပ်ရမယ့်သူရှိနေပြီ .. ငါ့ကို .. ငါ့ကို .. ချန် .. ခဲ့ .. တော့ .. မှာ..
ချန်ခဲ့တော့မှာ .. အဲဒီအချိန်လေးမှာပဲ .. ညီမလေးဟာ .. ငါ့ကို ချွဲချွဲနွဲ့
နဲ့ အချိုသပ်ပြီး ပြောနိုင်သေးတယ် .. ဟန်ဆောင်တာ်နေပြီကောလေ.."

သူ ကြေကြေမြေမြေတွေးသည်။ အားယူ၍ ပြုံးကာ ညီမလေးကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍ ...

"အခန်းကို .. ကိုကို .. ပြင်ထားတာ .. ညီမလေး သဘောကျ ရဲ့ လား .. အသစ်တွေက ပိုများပါတယ် ညီမလေး .. တစ်ချို့ပစ္စည်းတွေ ဟော့ အတန်အသင့်ပါတာပေါ့လေ .. ဥပမာ စားပွဲတို့ ကုလားထိုင်တွေ ခုတင်တို့ဆိုပါတော့ .. ဒါပေမယ့် .. ကိုကို ဆေးကျောပြီး ကော်ပ တိုက် .. ပေါလစ်တိုက်ထားပါတယ် .. အသစ်လိုပါပဲ .."

ပြတင်းတံခါးခန်းဆီးတွေကအစ အသစ်တွေဖြစ်နေတာ ..။ အိပ်ရာ အိပ်ခင်းကအစ၊ ကော်ဇောအဆုံး အားလုံးအသစ်ဖြစ်နေတာ ညီမလေး သိပ်ပြီး ဘာရယ်ထားမိပုံမရ။ ဘာကြောင့်ဆို .. သူ့ကို မြင်လိုက်တာနှင့် ဤအခန်းလေး၏ အပြင်အဆင်တွေကို စကားတွေဖောင်ဖွဲ့ပြောတာ မ ရှိမလာပဲကိုးလေ ..။ ညီမလေး အာရုံမှာ တစ်ခုပဲရှိနေသည်။ ခန့်ထည် နှင့် သဘောမမျှပါဟု သူ ပြောလိုက်မှာကို လန့်နေခြင်း ..။ သူသိသည် ပေါ့။ ညီမလေးသည် သူ့လက်ပေါ်ကြီးသည့် ကလေးပေပဲလေ ..။ မျက် လုံးလေးကိုကြည့်လျှင် ..။ မျက်နှာရိပ်လေးကိုကြည့်လျှင် ..။ သူ ခွဲခြား နားလည်တတ်နေသည်။

"လုပါထယ် ကိုကို .. ညီမလေး အခန်းကို .. ရှုတ်တရက် မမှတ် မိအောင် .. ဖြစ်ကုန်တဲ့အထိ .. ကိုကို .. လုပ်ပေးထားတာ ဒေါ်ကြီးထား လည်းပြောပြပါတယ်ကိုကို .. ကိုကို အရှမ်းပင်ပန်းမှာပဲနော် .."

ညီမလေး မျက်လွှာလေးတစ်ချက်ချသည်။ နောက်တော့မှ သူ့ကို မရဲတရဲကြည့်ရင်း တိုးတိုးပြောလာပါ၏။ သူ .. ညီမလေး၏ ရှေ့တည် တည့်မှာ သွားရပ်သည်။

"ကိုကိုတို့ မောင်နှမ .. ရိုးသားကြဖို့လိုတယ် .. ညီမလေးဘာ က .. ပိုလိုနေတယ် .. ကိုကို ရိုးရိုးကြီးမေးမယ် .. ညီမလေးလည်း ရိုး လေးပဲ ဖြေပါ .. ညီမလေး .. ခန့်ထည်ပါ ကို လက်ထပ်ချင်သလား–

တည့်မေးခြင်း။ သူ .. မျက်တောင်မခတ် စိုက်ကြည့်နေသည်။





ဖြေကို စောင့်ခြင်း။ ညီမလေးမနေတတ်သလို မျက်လွှာချသည်။ ကော်ချောင်းလေးတွေကို ပွတ်နေ၏။ မျက်တောင်တဖျတ်ဖျတ်ခတ်နေ သည်။ နောက်တော့ မရဲတရဲလေး သူ့ကို မော့ကြည့်၏။ သူကတော့ ကော်တောင်မခတ်ကြည့်နေဆဲ ..။ ညီမလေး ခေါင်းလေးညိတ်ပြလာ သည်။ သူ .. ရင်ထဲတစ်ချက်ဟာခနဲဖြစ်၏။ မြန်လိုက်တာ ညီမလေး သည် .. ဟု ရင်ထဲ၌ ကြေကြေမြေမြေတွေးသည်။ သူ့ရင်ထဲမှ ဤမျှအထိ ဆန်လွန်းစွာ ထွက်ခွာသွားရက်သည်အထိ .. ညီမလေး ဆုံးဖြတ်ရက် ပြီတဲ့လား ..။ ခုမှ .. သူသည် .. ညီမလေးနှင့် တကယ်ကို ဝေးရခြင်း။ မြို့စီ ဖြစ်ကုန်ကြရတော့မည်။ တစ်အိမ်စီဖြစ်ကုန်ကြရတော့မည်။ ကတော့ ..။ သူကတော့ .. ဤ စပျစ်ခြံအိမ်လေးမှာ စပျစ်ပင်တွေနှင့် တော့ ကျန်ခဲ့ရလိမ့်မည်။ ငယ်တုန်းက ညီမလေး ပြေးဆော့ပုန်းခိုတတ် စပျစ်ပင်အုံ့အုံ့တွေကြားမှာ သူတစ်ယောက်တည်း အထီးကျန်ရှိရ တော့မည်။ စင်တင်၍ စပျစ်ပင်အုံ့အုံ့တွေကြားမှာ သူတစ်ယောက် ည်း အထီးကျန်ရှိရချေတော့မည်။ စင်တင်၍ စိုက်သော စပျစ်သီးတွေ မမီလျှင် ညီမလေး ခုန်၍ခူးစဉ်ခိုက် သူ ပွေ့ချီပေးရတတ်သည့် ာလ ..။ ထို ကာလဆီမှ .. ယခု ကာလသို့တိုင် ညီမလေးသည် သူ့ ာ်စိရှေ့မှာ ကြီးပြင်းလာခဲ့ရာမှ ..။ ခုတော့ .. ငှက်ကလေးတစ်ကောင် ပျံသန်းထွက်ခွာသွားချေဦးတော့မည်။ အလွန်လှသော ငှက်ကလေး..။ အမြင်မှာ အတောင်မစုံတတ်သေးသည့်ငှက်လေးဖြစ်နေပေမယ့် ..။ ညီမလေးကတော့ .. အတောင်စုံ၍ ပျံချေသည့်ငှက်အဖြစ် .. ရှိနေချေပြီ ကား ...။ ဝဲတက်နေသည့် မျက်ရည်ကို သူ ထိန်းသည်။ ခုထိ မြက်ခင်း မ်းစိမ်းတွေအကြောင်း ..။ သူ ကြိုးစားပမ်းစားစိုက်ပျိုးထားသော ပန်း လှအိုးတွေအကြောင်း ..။ ပန်းပွင့်တွေအကြောင်း ..။ အိမ်၏အပြင် ဆင် သစ်လွင်လာသည့်အကြောင်းတွေ .. ညီမလေးဆီမှ တစ်ခုမျှ ကြားရသေး ..။ သူ တမျှော်လင့်လင့်ဖြင့် အားစိုက်ကြိုးပမ်းခဲ့ရပါသည့်



www.burmeseclassic.com

www.burmeseclassic.com



ကာလများသည် .. ဤနေ့မှာ .. အဆုံးသပ်ပြီ ..။ သူ့အတွက် .. နေ
လေးတစ်ခု .. ညီမလေး၏ ရင်မှ အလေးအနက်ထားရာမရှိတော့ပြီ

"ငါ့ကို ချန်ခဲ့ရမှာကို ကြေကွဲဖို့ထက် .. ခန့်ထည်ဝါ နဲ့ ဝေး
ကို .. ညီမလေး လန့်နေရှာတာပါလား .."

သူ သိနေရင်းမှ ညီမလေး၏ ဆံစလေးကို သပ်ပေးမိသည်။ ညီမ
၏ ခေါင်းလေးကို ရင်မှာ ဆွဲကပ်လိုက်မိသည်။

"ညီမလေးအတွက် .. ကိုကို .. လူဖြစ်လာတာပါ ညီမလေးရဲ့
ညီမလေး စိတ်ချမ်းသာမှ ကိုကို နေတတ်တာပါ .. ကဲ .. ကိုကို .. အ
ခဏသွားမယ် .. စိတ်အေးအေးထား .. ခန့်ထည်ဝါ ဟာ .. ညီမ
ကို .. စိတ်ချမ်းသာအောင်ထားမှာ သေချာတယ်လို့ ညီမလေး တက
ယုံကြည်တယ်မဟုတ်လား .."

ညီမလေး ခေါင်းညိတ်သည်။ သူ့နှုတ်ခမ်းလေး နမ်းကာအပြင်သို့ ထွ
လာမိရပါပြီ ..။ သူသည် .. ဘယ်သောအခါတွင်မှ .. ညီမလေးကို
မျက်ရည်ကျအောင် .. မလုပ်ရက်သူပါ ..။ ညီမလေးအတွက် .. လူ
နေရသည့်သူပါတကား ...။





အခန်း (၁၆)

"ညီမလေးကို့ လူငယ်ချင်းကလည်း နှစ်သက်မြတ်နိုးကြတယ် ..
ညီလေး ခန့်ထည်ဝါ ရဲ့ မိဘများဖြစ်ကြတဲ့ .. အန်ကယ် ဦးလူထက်
အန်တီ ဒေါ်စန္ဒာ တို့ကလည်း ညီမလေးကို သမီးလေးလိုချစ်ကြ
တယ် .. အဲဒါကို .. ထိန်သာ သေချာမြင်ရသိရခဲ့တာပါ မမငွေ .. ညီမလေး
သဘောကို သူ့အခန်းထဲ ထိန်သာ သွားမေးပြီး ပြန်ထွက်လာချိန်မှာ
အန်ကယ်နဲ့ အန်တီက လက်ဝတ်ရတနာတစ်ဆင်စာစီပါတဲ့ ရတနာဘူး
လေးကို အသင့်ဖွင့်ထားပြီး .. ညီမလေးကို တင်တောင်းတာပါလို့ပြော
တယ် .. စိန်ရယ် ပတ္တမြားရယ် .. မြရယ် .. ကျောက်စိမ်းရယ် .. ပုလဲ
ရယ် တစ်ဆင်စာစီကို တင်တောင်းတာပါ မမငွေ .. စိန်သရဖူလေး
ပါပါသေးတယ် .. အဲသလောက်ကို ညီမလေးကို တန်ဖိုးထား
တာပါ .."

စံကားမြိုင်၏ ဧည့်ခန်းမှာ သူ မမငွေ နှင့် မျက်နှာချင်းဆိုင်မှာ
ထိုင်နေရသည်။ တစ်ချိန်က ဤဧည့်ခန်းဆောင်၏ လှေကားထြိပ်မှာ
မမငွေ ကို သူ ဆောင့်တွန်းခဲ့ဖူးသည်။ မမငွေ နာကျင်စွာ ညည်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



သံ ဖြစ်တည်ခဲ့ရာအခန်း ..။ ခု .. သူ .. ညီမလေးနှင့် ပတ်သက်၍ ရောက် ရပြန်ပြီ ..။ သူ .. မမငွေ ကို စပျစ်ခြံငွေကြေးကိစ္စနှင့် ပတ်သက်၍ သွားပေးလျှင်သော်မှ ဆန်စက်သို့သွားကာပေးတတ်သည်။ စံကားမြိုင် သို့ သူ မရောက်ခဲ့ ..။ ညီမလေး ငါးနှစ်သမီးမှစ၍ သူသည် စံကားမြိုင် နှင့် ဝေးခဲ့သည်။ ညီမလေးနှင့်အတူ စပျစ်ခြံအိမ်မှာပဲ နေခဲ့သည်တည်း မမငွေ ကလည်း စံကားမြိုင်သို့ သူ့ကို ပြန်လာနေဖို့ တစ်ခါမျှမခေါ် သူလည်း မသွား ..။ ခု .. ပထမဆုံးအကြိမ်ရောက်ရခြင်း။ ဤသည် လည်း ညီမလေးကြောင့် ရောက်ရခြင်း ..။

မမငွေ ပြုံး၍ သူ့ကိုကြည့်သည်။

"နင့် ညီမလေး ဖျားလို့ဆိုပြီး ငါ့ကို ဆောင့်တွန်းခဲ့ပြီးကတည်း က .. နင် ဒီအိမ်ကြီးပေါ် ခြေမချဘဲ မာနတလူလူနဲ့နေခဲ့သမျှ .. ခု နင့်ညီမကြောင့်ပဲ ငါ့ဆီ ရောက်လာတယ်ဆိုပါတော့ .. ကဲ .. ထား လေ .. ဘာလဲ .. နင်က .. ဒီအိမ်မှာ မင်္ဂလာပွဲဆင်ယင်ကျင်းပချင်တာ လို့ လာ ပြောချင်တာလား .. လုံးဝ ခွင့်မပြုနိုင်ဘူး .. ငါ့အဖေဟာ ဒီရောက်လို့သေရတာ .. ကျက်သရေမရှိတဲ့ ကောင်မလေးရဲ့ မျက် ငါ မကြည့်ချင်ဘူး .. ငါက ဒီမှာ နေသားတကျရှိနေပြီ .. တစ်ယော ကည်း နေနေရတာကို ဝမ်းမနည်းနေပါဘူး ထိန်သာ .. လက်ဖွဲ့လို့ လို့လား .. အရှင်းဆုံးပြောမယ် .. မပေးနိုင်ဘူး .. တခြားမိန်းမ ယောက်နဲ့ ဖေဖေ ဒီကောင်မလေးကို သမီးအဖြစ် မွေးဖွားလာတာ ငါက .. မေမေ့ ကိုယ်စား နာကြည်းတယ် .. နားလည်လား .. မေ စည်းစိမ် .. တပြားတစ်ချပ်မှ မပေးဘူးဆိုတာ အတိအလင်းပြောပါ ဒီမှာ ထိန်သာ .. ခုထိ ငါတို့ အမွေမခွဲရသေးဘူးနော် .. စပျစ်ခြံဟာလည ငါနဲ့ဆိုင်တယ်ဆိုတာ မမေ့နဲ့ .. ဖေဖေဟာ မေမေနဲ့ ယူလိုက်လို့ ချမ်း သာသာနေခဲ့ရတာ .. ဖေဖေ့ ကိုယ်ပိုင်ချမ်းသာ ဘာမှမရှိဘဲ မေ ညားတာ .. ဒါကြောင့် .. မေမေ့ စည်းစိမ်ဖြစ်တဲ့ .. ဒီအိမ်ကြီးရော





ဆန်စက်ရော .. စပျစ်ခြံရော .. အဲဒီကောင်မလေးနဲ့ ဘာမှမပတ်သက် စေရဘူးဆိုတာပြောပါရဲ့ .. သစ္စာရှိလို့ .. ငွေမက်လို့ .. အဲဒီ သူ့ခွေးချေးမ လေးက .. ငါ့ကို အမွေမှုစွဲရင်လည်း ရင်ဆိုင်မယ် .. သူ နိုင်ရင်တော့.. ငါ့အမေရဲ့ စည်းစိမ်ကို .. မသထာရေစာအဖြစ် ငါ ပေးမယ် .. ငါနိုင် ရင် .. သူ တစ်ပြားမှ မရဘူး .. ဒါပဲ .."

သူ စိတ်ညစ်လာ၏။ သူ ရောက်လာရခြင်းက အမွေကိစ္စကြောင့် မဟုတ်။ ညီမလေး၏ မင်္ဂလာပွဲကိစ္စ မမငွေ ကို အစ်မတစ်ယောက်အနေ ဖြင့် ခွင့်ပြုပေးနိုင်ဖို့ရာ လာခြင်း ..။ ခုကျတော့ ပစ္စည်း .. ဥစ္စာ .. ဥစ္စာ.. ပစ္စည်း .. နှင့် .. ပြော .. ပြောနိုင်လွန်းနေဆဲဖြစ်သည့် မမငွေ ကို သူ စိတ်ထိခိုက်စွာ ငေးကြည့်မိရပါ၏။ ဖေဖေ့ မျက်နှာကို မြင်လာမိရပြီ။ တစ်ချိန်က ဖေဖေနှင့်လည်း မမငွေ သည် ဤပစ္စည်းကိစ္စတွေ ပြောခဲ့ဖူး သည်။ ညီမလေးကို ဖေဖေ အိမ်သို့စတင်ခေါ်လာသည့်နေ့ ..။ ဤအိမ် ကြီး၏ ဧည့်ခန်းမှာ မမငွေ ခါးခါးသီးသီးကြီး ညီမလေးကို လက်မခံ နိုင်တာတွေ ပြောခဲ့သည်။ မေမေ့ စည်းစိမ်ကြောင့် ဖေဖေ ချမ်းသာလာ ရတာဟုလည်းပြောသည်။ သူ .. ကျောင်းပြန်ချိန်မှာ ကြားခဲ့ရသည်ပဲလေ..။

"အေး .. ငါ ပြောမယ် .. ငါ့ သဘောထားဘယ်လိုလဲဆိုပြီး .. သက်ထပ်မယ့်ကိစ္စ သဘောတူလား မတူလားဆိုတာ မေးကို မေးဖို့မလို ဘူး .. တစ်အချက် .. သူနဲ့ငါ မပတ်သက်ချင်ဘူး .. မပတ်သက်ဘူး.. အမေက မွေးတာမဟုတ်လို့ .. ငါ့ညီမလည်း မဟုတ်ဘူး .. နှစ်အချက်.. သူနဲ့ ဝေးလေ .. ငါက ပိုကြိုက်လေ .. ခုလို .. ရန်ကုန်ရောက်သွားမယ် ဆိုတော့ .. ငါ့ စိတ်ရင်းမှန်အတိုင်းပြောရရင် .. သဘောကျတယ် .. သုံးဝဝေးသွားတာပေါ့ .. နင်က .. သူ့အစ်ကိုလေ .. ကိုကို .. ကိုကိုနဲ့.. နင်လုပ်နေတာပဲ .. နင့် ညီမ .. နင့် သဘောပဲ .. နင် ကျေနပ်ရင်း သက်ထပ်ပေးလိုက် .. ဒါပဲ .."

ဟု စကားကုန် ပြောလာတော့ သူ ခေါင်းပဲညိတ်ပြရ၏။ ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ရာမှ ထလိုက်တော့ မမငွေ ကြည့်လာသည်။ တစ်ခုခုပြောတော့မယ့် တစ်ချက်ခပ်ဆဆရှိနေ၏။ နောက်တော့ ပြုံးသည်။ ခနဲ့ပြုံးဆန်သော အပြုံး ..။

"နင့်ကို ငါ ပြောစရာရှိတယ် .. ခဏထိုင် .."

ဟု ပြောလာတော့လည်း သူ ထိုင်လိုက်ရပြန်ပါ၏။

"နင် .. နင့်ညီမကိုတော့ တူတူတန်တန် လက်ဖွဲ့ချင်မှာပဲ .. တော့ .. ဒီအိမ်ကြီးရယ် .. ဆန်စက်ရယ်ကို .. နင်မပတ်သက်ဘူး .. အ မယူဘူး၊ အဲသလိုဆိုရင် .. ငါ .. နင့်ကို သိန်းငါးဆယ်ပေးမယ် .. ညီမကို .. နင် လက်ဖွဲ့လို့ရတာပေါ့ .. စာချုပ်မှာတော့ နင် လက်မှတ် ရမယ်နော် .."

ဟု ပြောတော့ သူ ငိုင်နေသည်။ အမွေကို မက်၍မဟုတ်။ မမငွေ ထံမှ ငွေကြေးယူဖို့ဆိုတာ စိတ်ထဲရှိကိုမရှိ ..။ သူပြုံး၍ မမငွေ ကို ကြည့်ကာ

"ထိန်သာ အမွေပုံကြီးကို မက်မောနေလို့မဟုတ်ပါဘူး မမငွေ စာချုပ်ချုပ်နေဖို့မလိုပါဘူး မမငွေ.. ထိန်သာ .. သွားပါရစေ .."

သူ ပြောကာ ထရပ်တော့ မမငွေ သူ့ကို စိမ်းစိမ်းကြီးကြည့်၏ ရှူးရှူးဝါးဝါးနိုင်သောအကြည့် ..။

"ဘာလဲ .. နင်က .. တစ်ခါတုန်းက ငါ့ဆန်စက်ကိုလာပြီး .. ရုံးခန်းမှာ .. နင့် ညီမဖောနဲ့ မှန်တွေရိုက်ခွဲ .. ပစ္စည်းတွေပေါက်ခွဲ လုပ်ခဲ့တဲ့နေ့က ပြောခဲ့တဲ့စကားအတိုင်း .. ဆန်စက်ကို .. နင်လာ အုပ်စီးမယ် .. အုပ်ချုပ်မယ်လို့ အရိပ်အငွေ့ လာပြတာလား .. နင့်ညီ လင့်လည်းရတော့မယ်ဆိုရော .. ငါ့ ဆန်စက် .. လာ မျက်စောင်းထိုး ဆိုပါတော့ .. ညီမ ရှိတုန်းကတော့ .. ကြက်မကြီး ဘဲပေါက်စ ထိ သလို .. ရင်အုပ်ထဲကမခွာ ရှိနေရတော့ ဆန်စက်ဘက် မလှည့်အား လေ .. ခု .. ဘဲပေါက်စ ညီမက အရွယ်ရောက်တော့ .. ရင်ကိုစွန့်က ပြီမဟုတ်လား .. နင် .. ညီမ ထိန်းရမယ့်ကိစ္စမရှိတော့ဘူးဆိုတော့ -





ဆန်စက်ဘက် မျက်စိကျလာပြီဆိုပါတော့ .."

ဟု ပြောနေတော့ သူ ခေါင်းခါသည်။ လောလောဆယ်မှာ မမငွေ နှင့် ပစ္စည်းကိစ္စ .. အမွေကိစ္စတွေပြောကိုမပြောချင် ..။ လာသည်က သည်း ပြောဖို့လာတာမှမဟုတ်ချေပဲလေ။ အိမ်ကြီးမှအထွက်မှာ ဘဘညို မျက်နှာမကောင်းဘဲ ဥယျာဉ်ထဲမှာရှိနေ၏။ ဒေါ်ကြီးထား လည်း ဘဘညို အားမှာ ပန်းခူးသယောင်ယောင်ဖြင့် ရှမယ်ရှာ၍ နေနေသည်။ ရှိနေသည်။ သူ ထွက်လာတော့ ဒေါ်ကြီးထား ခြံတံခါးလိုက်ပိတ်ဖို့ ကားဘေးနား ဘာရပ်သလိုလိုဖြင့် ရောက်လာပါ၏။ သူက .. ကားကို ခြံတံခါးနှင့် နီးနီးမှာပဲ ရပ်ခဲ့ကာ မမငွေ ကို အိမ်ကြီးမှာ လာတွေ့ခဲ့သည်ကိုးလေ ..။

"ဘာတဲ့လဲ .. ငွေလေး က .."

"သူ .. မကန့်ကွက်ဖူးတဲ့ .. လက်လည်းမဖွဲ့ဘူးတဲ့ .. အိမ်ကြီးမှာ သည်း မင်္ဂလာပွဲမလုပ်ပါနဲ့တဲ့ .. ဒါပါပဲ .. အေးလေ .. မမငွေ ကို အစ်မတစ်ယောက်အဖြစ် ညီမလေးနဲ့ ပတ်သက်လို့ လာခွင့်ပန် .. မမငွေ သဘောကိုလည်း မေးရဖို့အတွက်က .. ထိန်သာ့ မှာ တာဝန်ရှိတယ် လေ .. ခု .. မမငွေ မကန့်ကွက်ဖူးဆိုတော့ အဆင်ပြေတယ်လို့ပဲ ပြောရ မှာပေါ့ ဒေါ်ကြီးထား ရယ် .. ထိန်သာ က ဒီကိုလာပြီး လက်ဖွဲ့တောင်း နေတာမှမဟုတ်တာ .."

"အေးလေ .. သူ .. ဘာမှမပြောဘူးဆိုတော့လည်း ကိစ္စတစ်ခု ပြီးတာပေါ့လေ .. ဒါပေမယ့်ကွယ် .. ပျိုလေး ကဖြင့် .. အိမ်ထောင်ပြု ပြီး ချစ်သူ့ရှာဖို့ .. စောလွန်းနေသလိုပါပဲ .. ခုမှ .. ထိန်သာ ဆီက ကျောင်းသွား နေဖို့ ထွက်သွားတာ .. တစ်နှစ်ရယ် .. မြန်ပါ့ကွယ် .."

ဟု မျက်နှာမလန်းပဲ ညည်းသည်။

"ကိုကြီးညို လည်း အဲသလိုပဲပြောတယ် .. မယ်ထား ရယ်တဲ့ .. ငါ သနားနေရတာက ထိန်သာလေး ပါဟာတဲ့ .. ခများ .. ညီမ ထွမ်းနေ ဘာတဲ့ .. ညီမပြန်လာရင် .. ဆိုပြီး လုပ်ထားလိုက်တာတွေတဲ့ .. ခုကျ



www.burmeseclassic.com

www.burmeseclassic.com



တော့တဲ့ .. ပျိုလေး က ခဏလာတာပဲဟာတဲ့ .. ခဏလာတာ ... ကိစ္စမရှိဘူးတဲ့ .. လင်နောက်ကောက်ကောက်ပါအောင် လိုက်သွား... တဲ့ .. ရတနာတွေတစ်ထမ်းကြီး ဝတ်စားပြီး .. သူဌေးချွေးမ .. သူ... သားကတော်လုပ်ပြီး .. သွားလိုက်ချိန်မှာ .. ထိန်သာ ကတော့ .. ရင်... နာကျကျန်ပြီပေါ့တဲ့ ..''

ဟု ရင်ထဲမထားနိုင်တော့ပဲ ဖွင့်ပြောလာရင်း ဒေါ်ကြီးထား ... ရည်ကျလာတော့ သူ မျက်နှာမကောင်း ..။ သူ့အတွက် ဒေါ်ကြီး... နှင့် ဘဘညို တို့ စိတ်ထိခိုက်ကြရတာကို သူ စိတ်မချမ်းမြေ့ ..။

''မဟုတ်တာ ဒေါ်ကြီးထား ရယ် .. ညီမလေး အဲသလို ချမ်း... ချမ်းသာ .. နေရမှာ .. ဝမ်းသာရမှာပေါ့ဗျ .. ညီမလေးကလည်း ... သက်မြတ်နိုးတယ် .. မြစမ်းရေအိမ်ကလူတွေအားလုံးကလည်း .. ... ကြတယ် .. ညီလေး ခန့်ထည်ဝါ ကလည်း အလွန်ချစ်မြတ်နိုးတယ်... တော့ .. ညီမလေး ကံကောင်းတာပေါ့ဗျ .. ညီမလေးက ကံဇာတာကို... အမြင့်နဲ့ မွေးတာ .. ရုပ်လေးကိုက .. ရွှေရည်ပန်းဆက်လှတဲ့က... ထိန်သာ လို ကံမမွဲဘူးဗျ .. အဲဒါ .. ဝမ်းသာရမှာ ..''

ဟု ပြောတော့ ဒေါ်ကြီးထား မျက်ရည်ပိုကျသည်။ ညီမကို အဘယ်... ချစ်သည်ဆိုတာ ဒေါ်ကြီးသား သိနေသည်ကိုးလေ ..။ ညီမလေး... မခွဲနိုင်တာကိုလည်း ဒေါ်ကြီးထား သိနေမည်သာ ..။ ဟန်ဆယ်၍ ... ပြုံးလုပ်ပြောနေသည့် သူ့ မျက်နှာကို ဒေါ်ကြီးထား ကြည့်ရင်း ..။ ... ရင်ထဲက အစစ်အမှန်ကြေကွဲဒဏ်ကိုလည်း မြင်နေချေမည်ထင့် ... ဟုတ်သည် ..။ ကြေကွဲဒဏ် ..။ ကြေကွဲခြင်း၏ ကြီးမားသောဒဏ်ရာ... ဝေဒနာ ..။ ညီမလေးကို သူ .. လုံးဝမခွဲနိုင်ပဲဖြစ်နေတာက ရင်ထဲ... ဆောက်တည်ရာ ပျောက်နေသည့်နှယ်ပင် ဖြစ်ကုန်နေရပြီ ..။ ဒါပေမယ့်... ဘယ်သူ့ကိုမှ သူ ဖွင့်မပြော ..။ ပြောဖို့လည်းမလို ..။ အဓိကကျသည်... ညီမလေး စိတ်ချမ်းမြေ့စေဖို့ပဲဖြစ်ပါ၏။





ကားပြင့် စပျစ်ခြံသို့ သူ ရောက်တော့ ညီမလေး အဝတ်တွေမီးပူ တိုက်နေသည်။ အန်ကယ်၊ အန်တီနှင့် ခန့်ထည်ဝါ တို့၏အဝတ် ..။ ပြီးတော့ .. သူ့အဝတ် ..။ ညီမလေး လျှော်ဖွတ်မီးပူတိုက်နေတာ သူ မြင်တော့ ရင်ထဲမကောင်း ..။ ဘယ်တော့မှ သူ့အဝတ်ကို ညီမလေး မလျှော်စေခဲ့ ..။ သူပဲ လျှော်သည်။ ညီမလေး၏ အင်္ကျီတွေကအစ သူ အားသည့်အခါတိုင်း ညီမလေး အခန်းထဲ ဝင်ဝင်ကြည့် ..။ ယူ၍ လျှော် ခဲ့သည်ချည်း ..။ ညီမလေး အဝတ်ဆိုတာက ညီမလေး ငယ်တုန်းကတည်း က သူ လျှော်နေကျပဲလေ ..။ တစ်ခါတစ်ခါ .. ထမီတွေကအစ တွေ့ သမျှ သူ ယူယူလျှော်နေကျ ..။ ညီမလေး ကျောင်းကပြန်လာလျှင် .. ဆူပွတ်ပြီး ..။ ယူလျှော်ရပါမို့လားဟု တပူညံညံ ..။ အရွယ်လေးရလာ တော့ ညီမလေးက အသိတတ်သား .. ဟု ပီတိတစ်ခုတည်းဖြင့် သူ ရယ်၍သာ နေခဲ့ရသည်ပဲလေ။ ဪ .. ခုတော့ .. ညီမလေးသည် .. မြစမ်းရေရှိ အိမ်သားများ၏ အဝတ်တွေကို ခုကတည်းက ယူယူလျှော် ပေးနေရပြီတဲ့လား ..။ သူ ရင်ထဲတစ်ချက်လေး၏။ ဟိုရောက်လျှင် .. ဘာသူမဆိုပြီး ခိုင်းနေကြလျှင် အခက် ..။ ခု လောလောဆယ်မှာတော့ အလိုတလိုက်လိုက်ဖြင့် ရှိနေကြမည်ပေါ့ ..။ ချွေးမဖြစ်မှ ခိုင်းစားလျှင် ဘယ့်နှယ်လုပ်ပါ့ .. ဟု စိတ်ထဲ ခုကတည်းက လေးနေပြီ ..။

သူ .. ညီမလေးဆောမှာ ဝင်ထိုင်သည်။ ဖွတ်ဝင်၍ အဝတ်တွေ ဘျန်သမျှ မီးပူတိုက်မည်လုပ်နေတော့ ညီမလေး ခေါင်းခါသည်။

''ဒီအဝတ်တွေ ခဏထားလိုက်ကြရအောင် ကိုကိုရယ် .. ညီမလေး ကိုကို့ကို ပြောပြရှင်းပြချင်တာတွေရှိနေလို့ပါ .. အခု အန်ကယ်နဲ့ အန်တီ ရော .. မောင် .. ဟို .. ကိုခန့်ထည်ဝါ ရော .. ဗိုင်ချက်စက်ရုံဆောက်နေ တဲ့ နေရာကိုသွားနေကြတယ် .. ညီမလေးက ကိုကိုနဲ့ တွေ့ချင်ပြောချင် နေတာမို့ လိုက်မသွားတာပါ .. ညီမလေးမှာ .. ကိုကိုပဲရှိတာလေ ..''

သူ့ရင်ထဲ မကောင်း ..။ ဖေဖေ ပြောခဲ့ဖူးသောစကား ..။ ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



မှာ .. သားပဲရှိတာဟု ဖေဖေ ပြောခဲ့သည်။ ခု .. ညီမလေးက ပြောနေပြီ ညီမလေးမှာ ကိုကိုပဲရှိတာဟူ၍ ...။ ဖေဖေ့ကို လွမ်းရသည်ပါပဲ၊ တမ်းတရသည်ပါပဲ ..။ ခုလိုအချိန်မျိုးမှာ ဖေဖေ ရှိလျှင် .. ဤ သမီးလေး အတွက် ဖေဖေသည် တပြုံးပြုံးဖြင့် မင်္ဂလာပွဲတစ်ခုကို စီစဉ်နေချေလိမ့်မည် ..။ သူက ဘေးက ညီမလေးအတွက်လိုက်၍ ဖေဖေ့ကို လုပ်ကိုင်ကူ နေရချေဦးမည်။

"ညီမလေးမှာ ဖေဖေဆိုတာလည်း မသိလိုက်ရ .. မေမေဆိုတာ လည်း မသိလိုက်ရဘဲ .. ကိုကို့လက်ပေါ် ကြီးခဲ့ရတာပါ ကိုကို .. ကိုကို ပဲ ဖေဖေ .. ကိုကိုပဲ မေမေ ဖြစ်ရတာပါ .. ပြီးတော့ .. အစ်ကိုဆိုတော့ လည်း ကိုကိုပါပဲ .."

သူ ရင်ထဲဆို့နေသည်။ ငယ်ကပုံရိပ်တွေပေါ်လာသည်တည့် .. ဆယ့်သုံးနှစ်သားကောင်လေးတစ်ယောက်က ညီမလေးကိုထိန်းဟယ် ပွေ့ဟယ် ..။ ချေးနှီးလျှော် ..။ သေးနှီးလျှော် ..။ နို့ဘူးတိုက်ဖြင့် ရှိခဲ့ရသည့်အဖြစ်များ ..။

သူ .. ညီမလေး၏ ဆံစလေးကို သပ်ပေးမိရပါ၏။ နဖူးလေးကို နမ်းလိုက်မိရသည်။ ခုကျတော့လည်း ညီမလေးသည် ဆံကျစ်လေးနှစ်ခု နှင့် ဖြစ်နေပြီ။ ချည်သားအင်္ကျီပွပွလေးနှင့် ပါတိတ်ထမီလေး ဝတ်ထား၏။ သူ့ ညီမလေးပြန်ဖြစ်သွားချေသည်တည့် ..။ မနေ့က ညီမလေးတို့ ရောက်လာသည်။ အန်ကယ်တို့ကတော့ ငွေကျွန်းမြို့သို့ ပြန်သွားကာ ငွေကျွန်းဟိုတယ်မှာ တည်းခိုကြပါ၏။ မင်္ဂလာပွဲမကျင်းပမီမှာ သတို့ သမီးလောင်းအိမ်မှာ သတို့သားဘက်က တစ်မိသားစုလုံးတည်းခိုကြ .. ဝင်ဟယ်ထွက်ဟယ် .. သွားဟယ်လာဟယ် .. စားဟယ် သောက်ဟယ် ဖြင့် မရှိသင့်ဟု အန်ကယ်ကပြောသည်လေ ..။ ခု .. စပျစ်ခြံသို့ဝင်ကာ ညီမလေးကိုတော့ ဝင်ခေါ်ကြပုံရပါ၏။ ညီမလေး မလိုက်ဘဲနေခဲ့ခြင်း သူကလည်း မနက်စောစော မမငွေ ထံ ကားဖြင့်ထွက်သွားခဲ့တာမို့ အန်ကယ်





တို့နှင့် မဆုံဖြစ်လိုက်ရ ..။

"အန်တီဒေါ်စန္ဒာ က .. ညီမလေးကို သမီးလေးလိုချစ်တာ .. ကျောင်း အားရက်ဆို ကားလေးနဲ့ အန်တီစံ ကို ပ်တိုင်လာခေါ်တာ .. အိမ်မှာ ထမင်းကျွေးတယ် .. အစကတည်းက သမီးလေးတစ်ယောက်လိုချင် တာတဲ့ .. သားတစ်ယောက် သမီးလေးတစ်ယောက်လိုချင်ပေမယ့်.. သမီးမရခဲ့ဘူးတဲ့ .. အဲဒါ ကိုကိုရယ် .. အတိုချုံးပြောရရင် .. ညီမလေး လေ အမေရဲ့ မေတ္တာကို အန်တီစံ .. အန်တီစံ ဆိုတာက .. အန်တီစန္ဒာ ကိုပြောတာပါ၊ အဲသလို အန်တီစံ ဆီကရ .. အဖေရဲ့ မေတ္တာကို .. အန်ကယ့်ဆီကရ .. အစ်ကိုတစ်ယောက်လိုပဲ မောင်ကလည်း .."

မောင် .. ဟု ညီမလေးက ခန့်ထည်ဝါ ကိုခေါ်ပုံရပါ၏။ သူ ပြုံး ကာ ကြည့်သည်။ ရှက်အမ်းအမ်းဖြစ်ကာ စကားတန့်သွားပါသည့် ညီမလေး မှ အားယူ၍ စကားဆက်သည်။

"အဲသလို .. မိနဲ့ဖနဲ့ .. အစ်ကိုနဲ့ နေနေရသလိုဖြစ်လာရင်းက .. မြစမ်းရေမှာလည်း ကျောင်းအားရက်ဆို ရောက်နေရရင်း .. ညီမလေး.. အိမ်ဆိုတဲ့ဘဝတစ်ခုကို ပိုနားလည်လာတယ် .. ကိုကို တစ်ယောက်တည်း နဲ့ ညီမလေး ကြီးခဲ့ရတာလေ .. အမိအဖရဲ့ အရိပ်ဆိုတာ သိကိုမသိခဲ့ရ တဲ့ ညီမလေးပါ ကိုကိုရယ် .. အဲသလိုရှိရင်း .. မောင်နဲ့ .. မေတ္တာမျှခဲ့ ကြတာပါပဲ .. မောင်က .. ညီမလေးကို လက်ထပ်ခွင့်တောင်းတာပါ.. အန်တီစံ ကလည်း .. သူ့သားနဲ့ ညီမလေးကို အလွန်သဘောတူနေတာ ကို .. ဖွင့်ပြောတယ် ကိုကို .. မောင် ချစ်ခွင့်ပန်တဲ့နောက်ပိုင်းမှာ .. အန်တီစံ ကလည်း ဖွင့်ပြောတာ .. ကြည့်ရတာ မောင်က အန်တီစံ ကို ဖွင့်ပြောပြတာလား .. အန်တီစံ ကိုယ်တိုင်က မောင့်ကို မြှောက်ပေး တာလား မသိအောင်ပါပဲ ကိုကိုရယ် .. သူ့သား ပျိုလေး ကို ချစ်နေတာ သိပါတယ်လို့ကို အန်တီစံ က ပြောတာပါ .."

သူ ရင်ထဲနင့်ခနဲခံစားရပါပြီ။ ဪ .. ညီမလေးသည် .. စပျစ်ခြံ



www.burmeseclassic.com

www.burmeseclassic.com



အိမ်လေးကို အိမ်ဆိုသည့်ဘဝတစ်ခုအဖြစ် .. နားမလည်ခဲ့ ..။ မသိ မှတ်ခဲ့ ..။ မြစမ်းရေအိမ်ကြီးကိုရောက်မှ အိမ်ဆိုတာကို သိခဲ့ရသည် လားလေ ..။ သူ ပြင်ဆင်ထားရာအိမ်လေးကို ကြေကြေကွဲကွဲ ကြည့်မိ ပါ၏။ ညီမလေးကတော့ သူ့ရင်ထဲမှာ ဘာတွေ မွှမွှကျေနေပြီဆိုတာ သိနေပုံလည်းမရ ..။ မျက်လွှာလေးချ၍ တစ်ချက် ညီမလေး ငြိမ်နေ သည်။ သူလည်း ဖြတ်၍မမေး ..။ ဝင်လည်းမပြော။ ငြိမ်၍နားထောင်နေ နေလိုက်သည်ပါပဲ။ ညီမလေး သူ့ကိုထားခဲ့တော့မည်။ ဒါကို သိနေ ပြီးသည့်နောက်မှာ ..။ အရာရာငိုင်းသည် ခြောက်သွေ့ခြောက်ခန်းနေပြ ပြီ။ သူ့ဘဝသည်လည်း ခြောက်ခမ်းပြီ။ သူ့မှာ ဘယ်သူမှ .. မရှိတော့ ပြီ ..။ သူသည် .. ကျန်ရစ်ရမည့်သူတစ်ယောက် ..။

"အန်တီစံ က ပြောတယ် ကိုကို .. ညီမလေး ဆရာဝန်ဖြစ်တဲ့ အထိ ကိုကို တာဝန်ယူနေရရင် ပင်ပန်းမှာပေါ့တဲ့ .. ဖျိုလေး ကို ဆရာဝန် ဖြစ်တဲ့အထိ တာဝန်ယူဖို့ အန်တီနဲ့ အန်ကယ်တို့က ဆန္ဒရှိတယ်တဲ့ - ညီမလေး ,.. ကိုကို့ကို သနားလှပါပြီ ကိုကို .. ကိုကို ပင်ပန်းလှပါပြီ- အသားတွေလည်း နေလောင်လှပါပြီ .. ကိုကို နားပါတော့ .. ညီမလေး ကို .. ညီမလေးကို .. ကိုကို စောင့်ရှောက်တာဝန်ယူနေရတာ .. နှစ်တွေ ကြာလှပါပြီ ကိုကိုရယ် .. ဒါကြောင့် .. ညီမလေး .. မောင်နဲ့လက်ထပ် ဖို့ .. ဆုံးဖြတ်လိုက်တာလည်း ပါပါတယ် .. မိဘနဲ့တူတူ နေရတဲ့ဘဝ မျိုးကို တမ်းတနေတာလည်း ပါပါတယ် ကိုကို .."

ဟု ပြောကာ မျက်ရည်ကျလာတော့ သူ ရင်ထဲမကောင်း။ ညီမလေး ကို ရင်ခွင်မှာ ပွေ့ထားမိသည်။ ပါးလေးကို ပုတ်ပေးနေမိသည်။ ပုတ်ပေး နေမိရင်းမှလည်း မျက်ရည်ကို သုတ်ပေးမိပြန်၏။

"ကဲ .. ညီမလေး ထ .. ကိုကိုနဲ့လိုက်ခဲ့ .. ကိုကို ပို့ပေးရမယ့် နေရာတစ်ခုရှိတယ် .. လာ .."

ဟု ပြောပြောဆိုဆို ညီမလေးကို ခေါ်လာမိရပါ၏။ ညီမလေး





မေးခွလုတ်ကအစ သေချာပိတ်ပြီး သူ့နောက်လိုက်လာရခြင်းပါ။ ကား ဖြင့် သူ မြို့တက်ခဲ့ကာ ခေါ်လာမိသည်က နှင်းဆီရိပ်ငြိမ် ..။ လှပကျယ် ဝန်းသည့် ခြံဝန်း ..။ ပန်းမျိုးစုံသော ဥယျာဉ် ..။ ခန့်ထည်လှပနေပါလေ သော နှင်းဆီရိပ်ငြိမ်အိမ်ကြီး ..။ အားလုံးကို ညီမလေး ငေးကြည့်နေသည်။ သူ .. ကားကို ပေါ်တီကိုအောက်မှာ ရပ်ခဲ့ကာ အပေါ်ထပ်သို့ ဘေးဘက် .. ကားမှတက်လာခဲ့ပါ၏။ ဘဘယုန် ကို ဧည့်ခန်းမှာတွေ့ရပြီ ..။ သူ ညီမလေးကို လက်တွဲခေါ်လာကာ ကြမ်းပေါ်မှာ တူတူထိုင်သည်။

"ညီမလေး .. ဒါ .. ဘဘယုန် တဲ့ .. ဘဘကို ကန်တော့ကြရအောင် .. ဘဘယုန် .. ဒါ .. ညီမလေးပါ .. ဘဘယုန် နဲ့ တစ်ခါမှ သိန်သာ သေးမဆုံခဲ့ဖူးသေးတဲ့ ညီမလေးပါ .. ညီမလေး မကြာခင် လက်ထပ်ပါတော့ မယ် ဘဘ .. ဒါကြောင့် .. အိမ်ဂရန်လေးလာယူတာပါ ခင်ဗျာ .. ညီမလေးကို ပေးဖို့ပါ .. ပြီးတော့ .. သိသင့်သိထိုက်ရာတွေကိုလည်း ပြောပြဖို့ပါ .."

ဟု သူပြောကာ ကန်တော့စဉ်ခိုက် ဘာမှန်းညာမှန်းမသိနိုင်စွာ ဘဘယုန် ကို ကြည့်လိုက် .. သူ့ကိုကြည့်လိုက်ဖြင့်ရှိနေသည့် ညီမလေး မှာ ..။ သူ ဘဘယုန် ကို ကန်တော့စဉ်ခိုက်မှာလည်း တူတူလိုက်၍ ကန်တော့ရှာပါ၏။ ဘဘယုန် ကတော့ ငေး၍ကြည့်နေသည်ပါပဲ ..။

"ရုပ်လေးက အမေတူတာများသကွယ် .. အေး .. ဘဘယုန် လည်း .. လူလေးမှာထားသလိုပဲ .. လူလေးတို့နဲ့ အဝင်အထွက်မလုပ်ဘဲ နေခဲ့ရတာပါ .. ဝင်ထွက်နေရင်လည်း .. ငွေလေး တစ်ချိန်မဟုတ်တစ် ချိန်သိပြီး .. နောက်ယောင်ခံလိုက်လာရင်ဖြင့် .. ဒီနှင်းဆီရိပ်ငြိမ်ကိုပါ မြင်သွားနိုင်တယ်လေ .. ငွေလေး ငြိမ်နေမှာမဟုတ်ဘဲ ဒီအိမ်အကြောင်း သူ့နည်းသူ့ဟန်နဲ့ရအောင် သိအောင်ကြိုးစားမှာ ဘဘ သိနေတယ်လေ.. လူလေးလည်း သိနေတာမို့ .. နှစ်ယောက်တိုင်ပင်ပြီး အဆက်အသွယ် ဖြတ်ထားခဲ့ကြတာ .. နှစ်များကြာခဲ့ပြီပဲ .. ဘဏ်မှာ ဘဘယုန် အိမ်လခ တွေစုထားတယ် .. အိမ်ပြင်စရိတ်တွေလည်း စာရင်းပြုစုထားတယ် ..



www.burmeseclassic.com

www.burmeseclassic.com



လူလေးကို .. အိမ်ဂရန်လည်းပေးလိုက်မယ် .. ဘဏ်မှာစုထားတဲ့ငွေစာအုပ်ထဲကငွေကိုလည်း မနက်ဖြန်သွားထုတ်ပေးမယ် .. လူလေးတို့ယူထားပါ .. ဘဘယုန် လည်း ဘဘယုန် ရဲ့ အိမ်ဂို တစ်ပတ်အတွင်း ပြောင်းနေပါ့မယ် ..''

ဟု ပြောတော့ ညီမလေး ပို၍ နားမလည်နိုင်ပဲဖြစ်နေပါ၏။ သူ လက်ကား၍ ...

''ဒီအိမ်ကို ဘဘပဲ ဆက်ထိန်းသိမ်းပေးပါ .. ဘဘပဲ ဆက်နေပါ ဘဘရယ် .. ညီမလေးက ရန်ကုန်ပြန်မှာပါ .. ဟိုမှာ ဆေးကျောင်းဆက်တက်ရဦးမှာပါ .. ဂရန်ဆိုတာက ညီမလေးလက်ထဲအပ်ဖို့ပါ .. သူ ကလေးမဟုတ်တော့ဘူးလေ .. အိမ်ထောင်သည်ဖြစ်တော့မှာပါပဲ .. သူ ရသင့်ရထိုက်ရာကို သိထားဖို့လိုသလို .. အိမ်ဂရန်ကိုလည်း သူ သိမ်းထားဖို့လိုတာမို့ .. ထိန်သာ လာရတာပါ .. ခုထိ ညီမလေး .. အကြောင်းရင်းမှန်ကို မသိသေးပါဘူး .. ဘဘ ဂရန်သွားယူနေတုန်း .. ထိန်သာ ညီမလေးကို အဖြစ်မှန်တွေအားလုံး ရှင်းပြပြောပြလိုက်ပါ့မယ် ..''

ဟု ပြောတော့ ဘဘယုန် ခေါင်းညိတ်ကာ သူ့ကိုကြည့်သည်။

''အစ်ကိုတစ်ယောက်ရဲ့ တာဝန်ကျေပွန်ပါတယ် လူလေးရယ် .. အစ်ကိုလေးသာရှိရင် .. သူ့သားအတွက် ဂုဏ်ယူရှာမှာ .. ကြည်နူးရှာမှာ ..''

ဟု ပြောကာ အတွင်းခန်းသို့ဝင်သွားပါ၏။ သူ ညီမလေးကို ဖြုံး၍ ကြည့်သည်။ ဆွဲထူထရပ်ခိုင်းသည်။ အခန်းနံရံမှာ ချိတ်ထားသော ဓာတ်ပုံရှေ့မှာ သွားရပ်သည်။ စောစောက ညီမလေးသည် ဓာတ်ပုံတွေကို လိုက်ကြည့်ဖို့ အာရုံမထားမိနိုင်ခဲ့ ..။ ဘဘယုန် ကို ကန်တော့ခိုင်းတာကိုပဲ အာရုံနစ်ဝင်အံ့သြနေရင်း သူ့ကိုကြည့် ..။ ဘဘယုန် ကို ကြည့်နှင့်ဖြစ်ကာ တခြားဘာကိုမျှ မကြည့်နိုင်အောင် ဖြစ်ခဲ့ရသည်မို့ ..။ ဤ ဓာတ်ပုံမကြည့်ဖြစ်ခဲ့ခြင်း ..။ ဖေဖေ နှင့် ဒေါ်ယုမာ တို့၏ ဓာတ်ပုံ ..

''ညီမလေး .. ဓာတ်ပုံကိုကြည့်စမ်း ..''





ဟု လက်ညှိုးညွှန်၍ ပြောတော့ ညီမလေး မော့ကြည့်သည်။ ဓာတ်ပုံထဲမှာ ဖေဖေသည် ပြုံးနေ၏။ လှပချောမွေ့သော ဒေါ်ယုမာ သည်လည်း ပြုံးနေသည်ပါပဲ။ မင်္ဂလာမောင်နှံဝတ်စုံဖြင့်ရှိနေခြင်း ..။

''ဖေဖေ့ ဘေးနားမှာ ဘယ်သူလည်း ကိုကို .. ညီမလေးတို့ ဓာတ်ပုံကြည့်ပြီး ကန်တော့ခဲ့တဲ့ .. ကိုကိုနဲ့ တူတူ ကန်တော့ခဲ့လို့ .. မမငွေတောင်ဆုခဲ့တဲ့ ဓာတ်ပုံထဲက မေမေဟာ .. သူ .. မဟုတ်ဘူးနော် ကိုကို.. မေမေကတော့ ညီမလေးတို့ရဲ့ ဖေဖေပဲ ဖြစ်နေတယ် ကိုကို ..''

ဟု မော့မေးလာရင်း အန်တီဒေါ်ယုယုမာ ကို မနှစ်မြို့သလိုကြည့်သည်က ညီမလေးပါ။ ညီမလေး သိသည်က ညီမလေး၏ မေမေသည်.. ဒေါ်ယုမာ မှ မဟုတ်သည်ပဲလေ ..။ မေမေ ဒေါ်မွေးချိုပဲ ဖြစ်ရမည်ကိုး ..။

''ပြောပါ ကိုကိုရဲ့ .. ဒီအိမ်က ဘယ်သူ့အိမ်လဲ .. ဒီအိမ်မှာ ဖေဖေနဲ့ ဒီအမျိုးသမီးရဲ့ ဓာတ်ပုံကြီးကို ဘာလို့ချိတ်ထားရတာလဲ .. ပြီးတော့.. ဖေဖေက .. ဘာလို့ မင်္ဂလာလဝ်ဆောင်ရတာလဲ .. ဖေဖေ့မှာ မေမေ ဒေါ်မွေးချို ရှိတာပဲဥစ္စာ ..''

ဟု မခံနိုင်သလို မော့ကြည့်ရင်း သူ့ကို မေးတော့ သူ ကြမ်းပေါ်ထိုင်သည်။ ညီမလေးကိုလည်း ထိုင်ခိုင်းသည်။ ညီမလေး မထိုင် ..။ မေကာပ်ကပ်လုပ်နေ၏။ ဓာတ်ပုံထဲက ဒေါ်ယုမာ ကို မေစောင်းစောင်း ကြည့်နေသည်။

''ထိုင်ပါ ညီမလေးရယ် .. ထိုင်ပါ .. ကန်တော့ပါ .. ပြီးရင် .. ကိုကို ပြောပြပါ့မယ် .. ကန်တော့ ..''

ဟု သူ ဖွတ်ပြောတော့ ညီမလေး ထိုင်သည်။ အစ်ကိုလုပ်သူနှင့် ကပ်၍ထိုင်ကာ ...

''ဖေဖေ့ကို ကန်တော့တာနော် ကိုကို ..''

ဟု ဒေါ်ယုမာ မပါဆိုသည့်သဘောလေးပြောတော့ သူ ဆံစလေးတို့ သပ်ပေးသည်။

''လောလောဆယ် ကန်တော့လိုက်ပါ ညီမလေးရယ် .. အဖြစ်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



အောင်ပါ .. ဒဂလို့လည်းဆိုတော့ ..''

သူ သက်ပြင်းရှိုက်သည်။ ညီမလေး အရင်ကန်တော့စေချင်သည့်မို့–

''ကန်တော့ပါတယ် .. ကိုကိုတောင် ကန်တော့တာပဲဥစ္စာ ..''

ဟု ပြောကာ ကန်တော့စဉ်ခိုက် ညီမလေးလည်း လိုက်၍ ကန်တော့ပါ၏။ သူ ဖေဖေ့ကို တမ်းတမိရရင်းမှ မျက်ရည်ကျလာပါပြီတည်း...။

''ညီမလေးအပေါ်မှာ သား တာဝန်ကျေနိုင်သမျှကျေအောင် ကြိုးစားပါတယ် ဖေဖေ .. အခု .. ညီမလေး လက်ထပ်တော့မယ် ဖေဖေ– သူ မြတ်နိုးတဲ့သူနဲ့ လက်ထပ်ဖို့ သား သဘောတူခဲ့ပါတယ် .. အင်မတန်မှ ချမ်းသာတဲ့ အိမ်ထောင်တစ်စုမှာ ညီမလေး နေရမှာပါ .. အခု .. ညီမလေး ဆေးကျောင်းသူဘဝနဲ့ .. သူ့အဖေ .. အမေရင်းကို ကန်တော့နေပါပြီ ဖေဖေ–''

ဟု ပြောမိသည်။ ဟုတ်သည်။ အဖေရင်း ...။ အမေရင်း ...။ စမ်းချောင်းမြို့ အိမ်လေးမှာ ညီမလေး ကန်တော့နေသည်က .. အဖေရင်းနှင့် မေမေ ဒေါ်မွေးချို ...။ ခုကျတော့ အဖေရင်းနှင့် အမေရင်းကို ကန်တော့ရခြင်း–

''ညီမလေး .. ဒီအန်တီနာမည်က .. ဒေါ်ယုယုမာ တဲ့ .. ဒီအိမ်ကလည်း .. အန်တီ ဒေါ်ယုယုမာ အတွက် ဖေဖေ ဆောက်ပေးခဲ့တဲ့ အိမ်ပေါ့ .. ဖေဖေဟာ မေမေ ဒေါ်မွေးချို ဆုံးပြီး ဆယ့်သုံးနှစ်ကြာမှ ဒီအန်တီဒေါ်ယုမာ နဲ့ လက်ထပ်ခဲ့တာပါ .. ကိုကို ဆယ့်သုံးနှစ်ဝင်ခါမှာ ဆိုပါတော့ .. အန်တီ ဒေါ်ယုမာ က သမီးလေးတစ်ယောက်မွေးပြီး– ဆုံးသွားတယ် .. အဲဒီ သမီးလေးဟာ .. ညီမလေးပဲ .. ဒါ .. ညီမလေးရဲ့ မေမေ .. ဒေါ်ယုယုမာ ပဲ ညီမလေး .. ဒါ .. ညီမလေးရဲ့အိမ် ..''

ဟု သူပြောတော့ ညီမလေး ရုတ်တရက် နားမလည်နိုင်တော့သလို ငေးကြည့်နေသည်။ ဓာတ်ပုံကိုမော့ကြည့်သည်။ သူ့ကိုကြည့်သည်။ နောက်တော့ မျက်နှာထက်မှာ သွေးရောင်ဆုတ်သွား၏။ ဓာတ်ပုံကို မမှိတ်မသုတ်ကြည့်နေရာမှ ကိုယ်လေး တောင့်ခနဲဖြစ်၏။ ရုတ်တရက်ကြီး သိလိုက်ရသည့်အသိတစ်ခုသည် ညီမလေး၏ ဦးနှောက်ဆီသို့





ဆိုက်ရိုက်ကြီး ရောက်သွားပုံက မြန်ဆန်လွန်းနေတာမို့ ယုံပေးလိုက်ရ ဦးနှောက်နှင့် နှလုံးသားက လန့်နေသလိုဖြစ်နေသည်လား ...။ မယုံ ဘဲဖြစ်နေသည်လား ...။ ညီမလေး ရုတ်ခနဲ သူ့ရင်ခွင်မှာ ခေါင်းလေး ထိုးဝင်လာသည်။ သူ လည်းချောင်းထဲဆို့နေ၏။ ရင်တွေ ဆုပ်ညှစ်ခံ ထားရသည့်နှယ် မွန်းကြပ်နေသည်။ ညီမလေးကို သနားလှပြီ ...။ သူ့ လက်တွေက ညီမလေး၏ ဆံစကိုသပ်ပေးလိုက် ...။ ညီမလေး၏ ကျော ပြင်လေးကို သပ်ပေးလိုက်ဖြင့် ရှိနေ၏။

''ဒါ .. ညီမလေးရဲ့ .. မေ .. မေ .. မေမေ .. ဟုတ် .. လား .. ကိုကို.. မေရယ် ..''

တဖြည်းဖြည်း ညီမလေး၏ ကိုယ်လေး ပြန်မတ်သွားကာ ...။ သူ့ ရင်ခွင်မှ ခွာ ...။ ဓာတ်ပုံကြီးကို မော့ကြည့်၏။ ဓာတ်ပုံထဲမှ ဒေါ်ယုမာ သည် ညီမလေးနှင့် အတော်တူ၏။ ဖေဖေနှင့်လည်း ညီမလေးက တူ သည်ပါပဲ။ ဒါပေမယ့် .. ဒေါ်ယုမာ နှင့်လည်း တူသည်။ နှုတ်ခမ်းလေး က ပိုတူ၏။ ပါးချိုင့်လေးက တူ၏။ သွားတက်လေးကတူ၏။ ဒေါ်ယုမာ သည် ဖေဖေနှင့် ဓာတ်ပုံထဲမှ သူတို့မောင်နှမနှစ်ယောက်ကို ပြုံး၍ ကြည့် နေသည်ဟု သူ ခံစားဖြစ်သည်။ ဖေဖေကလည်း ကြည်နူးပြုံးဖြင့် ငုံ့မိုး ကြည့်နေသည်သို့ရှိ၏။ စကားလှမ်းပြောတော့မယောင် သူ ထင်လာမိ သည်ပါပဲ ...။

''ဟုတ်တယ် ညီမလေး .. ဒါ .. ညီမလေးရဲ့ မေမေ .. ဒါက .. ညီမလေးရဲ့ အိမ် .. ဒီအိမ်က ဖေဖေနဲ့ မေမေ ဓာတ်ပုံကြီးကို ညီမလေး ယူသွားပါ .. ဘယ်သူ့ကိုမှ ကြောက်စရာမလိုဘဲ .. ညီမလေး ကန်တော့ ပါ .. ရန်ကုန်အိမ်ထိ ယူသွား .. မမငွေ ကိုလည်း ကြောက်ပြီး ဓာတ်ပုံ ကို ဝှက်ထားစရာလည်းမလိုဘူး .. ညီမလေးမှာ .. ခင်ပွန်းသည်ရဲ့ အရိပ် ရှိတော့မယ် .. အဲဒီ အရိပ်မှာ ဒီ ဓာတ်ပုံကြီးကို .. တရိုတသေ တင်လေး ချိတ်ထားပါ .. ကန်တော့ပါ .. မိဘရဲ့ တမလွန်ဘဝကနေပြီး ပေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆုဆိုတာလည်း ပြည့်ပါတယ် ညီမလေးရယ် .. မငိုနဲ့နော် ..”

ဟု ပြောကာ ညီမလေး၏ မျက်ရည်ကိုသုတ်ပေးနေချိန်မှာ ညီမလေး သူ့ကို ငေးကြည့်သည်။

“ဒါကြောင့် မမငွေ က ညီမလေးကို မုန်းတာပေါ့နော် ကိုကို ညီမလေးအရင်းမှမဟုတ်တာ ..”

ဟု ကောက်ကာငင်ကာ မေးတော့ သူ လန့်ခနဲဖြစ်၏။ ညီမအရင်း မှ မဟုတ်တာတဲ့လားလေ။ ညီမလေး ခေါင်းထဲမှာ မလိုလားအပ်သော အတွေးတစ်ခု ရုတ်ချည်းမထိုးဖောက်သွားပါစေနှင့်ဟု သူ ဆုတောင်း မိရပေမယ့် ဆုတောင်းမပြည့်တော့ပါတကား ...။

“ဒါဆို .. ဒါဆို .. မမငွေ က ပျိုလေး ရဲ့ အစ်မရင်းမဟုတ်ဘူး ရှင် .. ကိုကိုကလည်း .. ကိုကိုအရင်းမဟုတ်ဘူးပေါ့ .. မဟုတ်ဘူးပေါ့ ညီမလေးက တစ်ယောက်တည်း မွေးခဲ့တာပဲ .. တစ်ယောက်တည်းပဲ ဘယ်သူမှ မရှိဘူး .. ဖေဖေလည်း မရှိတော့ဘူး .. မေမေလည်း မရှိတော့ ဘူး .. မောင်နှမအရင်းလည်းမရှိတော့ဘူး .. ကိုကိုက .. မမငွေ ရှိတယ် အစ်မအရင်းရှိတယ် ..”

ညီမလေး ငိုတော့ သူ မျက်ရည်ကျလာသည်။ ညီမလေး၏ ကိုယ် လေးကို ပွေ့ယူသည်။

“ကိုကိုဟာ ညီမလေးရဲ့ ကိုကိုအရင်းမဟုတ်လို့ ဘာဖြစ်မှာလဲ ဖေဖေက မွေးခဲ့တာပဲ .. ဖေဖေ့သားနဲ့ ဖေဖေ့ သမီးဟာ .. ဘာလို့ အရင်းမဟုတ်ရမှာလဲ ညီမလေး .. ကိုကိုက ညီမလေးကို ဟောဒီလက် တွေနဲ့ ပွေ့ချီခဲ့ .. ချစ်ခဲ့ .. ဂရုစိုက်ခဲ့တာပါ .. နောက်ကို .. နောက်ကို ညီမအရင်းမဟုတ်ဘူး .. အစ်ကိုအရင်းမဟုတ်ဘူးဆိုတဲ့စကား .. ကိုကို ကိုရှေ့ထားပြီး မပြောမိပါစေနဲ့ ညီမလေးရယ် .. ကိုကို မကြားပါရစေနဲ့ ကိုကို မခံနိုင်လို့ပါ .. ဟောဒီ ရင်ဘတ်ကြီးမခံနိုင်လို့ပါ ..”

ဟု အံခဲ၍ မချိမဆန့်ကြီးပြောရင်းမှ ရင်ဘတ်ကို သူ ထုသော





ညီမလေး ငိုရင်း သူ့လက်ကို အတင်းလိုက်ဆွဲနေသည်။ တားနေသည်။ သူ .. ခေါင်းခါနေ၏။ ရင်သည် ပွင့်ထွက်နေသည်သို့ ပေါက်ကွဲနေသည် သို့ ဖြစ်နေသည်။ ဖြန်းခနဲပါအောင် ကွဲကျေနေသည့် အသံမျိုး နှလုံး သားဆီမှ သူ ကြားနေရသည်။ ခံစားနေရသည်။ သူ .. ဤတစ်ကြိမ်မှာ ကလေး တစ်ယောက်နှယ် ညီမလေး၏ ပခုံးပေါ် ခေါင်းကိုတင်ကာ ငိုချလိုက်ပါ၏။

“နောက်ကို .. မပြောပါနဲ့ ညီမလေးရယ် .. ကိုကို့ကို သတ်သွား ပြောမယ့်အစား .. သတ်သွားလိုက်ပါ ညီမလေးရယ် .. ညီမလေး ဟာ ကိုကို့ ညီမလေးပါ .. အသက်ပါ .. အရိပ်တကြည့်ကြည့်နဲ့ ချစ်ရ တဲ့ ကလေးပါ .. ဟောဒီလက်တွေနဲ့ ညီမလေးကို ပွေ့ချီချစ်ခဲ့တာပါ .. နင်ယင်မကိုက်အောင် မောင်းပေးခဲ့တာပါ .. ချေးဝတ်သေးဝတ်တွေ ဆျှော်ခဲ့တာပါ .. ပါးလေးပုတ် .. တင်ပါးလေးပုတ် .. ခေါင်းလေးပုတ် ပြီး ချော့သိပ်ခဲ့တာပါ .. အစ်ကိုရင်းမဟုတ်ဘူးလို့ ပြောမယ်ဆိုရင် .. ဟောဒီလက်တွေကိုပါ ဖြတ်ပစ်လိုက်ပါ ညီမလေးရယ် .. ဖြတ်ပစ်လိုက် ပါ ညီမလေးရယ် .. ဒီလက်ချောင်းလေးတွေ .. လက်မောင်းလက်ဖျံတွေ ဟာ .. အစ်ကိုရင်းမဟုတ်ဘူးဆိုတဲ့ စကားကို .. ခံစားနိုင်ကြမှာမဟုတ် လို့ .. ဒီခန္ဓာ .. ဟောဒီက ကိုကို့ခန္ဓာမှာ ဆက်ပြီး ရှင်သန်နေဖို့ အားမကျန် တော့လို့ပါ .. ဖြတ်ပစ်လိုက်ပါတော့ .. ဖြတ်ပစ်လိုက်ပါတော့ ..”

သူ ပြောရင်း သူ့လက်တွေကို သူ ပုတ်နေမိသည်။ သူ့ရင်ကို သူ ထုတ်နေမိသည်။ ရင်တွေ ဖြောင်းဖြောင်းမြည်အောင် ကျေနေသည်သို့ရှိ နေသည်တည့် ...။

“ညီမလေး မှားပါတယ် ကိုကိုရဲ့ .. ညီမလေး .. ကန်တော့ပါ တယ် ကိုကိုရဲ့ .. ညီမလေးကို .. ရိုက်ပါ ကိုကိုရဲ့ .. ကိုကို့ကိုယ်ကို .. မရိုက်ပါနဲ့ .. မရိုက်ပါနဲ့ ..”

ညီမလေး လက်အုပ်လေးတချီချီဖြင့် ငိုယိုတားနေသည်။ ရှောသည့် အခိုက်မှာ .. သူ့ရင်ခွင်ထဲ အတင်းဝင်၍ ဖက်ငိုတော့မှ သူ သတိပြန်ဝင်



www.burmeseclassic.com

www.burmeseclassic.com



လာသည့်နှယ် ဖြစ်သွားရပါ၏။ မျက်တောင်တဖျတ်ဖျတ်ခတ်နေမိသည်
သူ့အသက် ရှူသံက ပုံမှန်ဖြစ်မနေ .. မောသံကြီးဖြစ်နေသည်။ သူ တစ်ကိုယ်
လုံး ချွေးတွေနစ်နေ၏။ သူ့နားစည်ထဲမှာ ညီမလေး၏ ငိုသံက နီးကပ်
တိုးဝင်နေသည်။ သူ ညီမလေးကို ငုံ့၍ကြည့်မိရင်းမှ .. လက်ဖဝါး တွေ
အလိုလို ညီမလေး၏ ကျောပြင်လေးကို သပ်ပေးနေမိသည်။ ဆံစ
တွေကို သပ်ပေးနေသည်။ လက်တွေက အကျင့်ပါနေသည်ကိုးလေ ..
ညီမလေးကလည်း ပြောမိသည့်အပြစ်အတွက် တောင်းပန်သည့်နှယ်
လက်တွေကို နမ်းနေသည်။ သူ့ရင်ခွင်ထဲ တိုးဝင်နေသည်။ သူ .. ညီမလေး
ကို ဖက်ထားမိလိုက်ရရင်းမှ ..

"ကိုကို့ကို .. အသက်ရှည်စေချင်ရင် .. အစ်ကိုအရင်းမဟုတ်
လို့ ဘယ်တော့မှ .. မပြောမိပါစေနဲ့ .."

ဟု အသံတွေ တုန်အက်နေရင်း သူ ရင်ကျေရင်ကွဲပြောမိရပါ
တည်း ...။ မျက်ရည်သည် သူ့ မျက်ဝန်းဆီမှ ဆက်တိုက်ကျနေသည်
တက ်တော့ .. တစ်ကိုယ်လုံးရှိ အားအင်တွေကို ရိုက်ချိုး၍ နှလုံး
ကို ထိုးဖောက်၍ .. ကျလာသော .. မျက်ရည် ...။

အတွင်းခန်းဆီမှ ထွက်လာပြီးသည့်နောက်မှာ .. ဖြစ်သမျှကို
သက်ရပ်ကြည့်ရင်း .. မျက်ရည်ကျနေသည်က .. ဘဘယုန် ပါ ..

"သေချာနားထောင် ညီမလေး .. ကိုကိုဟာ .. သေရမယ်ဆို
တောင်မှ .. ဟောဒီက ညီမလေးမျက်နှာကိုမြင်ရမှ .. အသေဖြောင့်
သူပါ ညီမလေးရယ် .. ညီမလေးကို မမြင်ရပဲ ကိုကို အသေလည်းမ
သလို .. သေရမှာလည်း ကြောက်နေမယ့်သူပါ .. ကြောက်နေမယ့်သူ
ညီမလေးရယ် .. ကိုကို့မှာ .. ညီမလေးပဲရှိတာပါ .."

သူ့အသံတွေ ကွဲအက်တုန်ခါနေပါ၏။





ညီမလေးရေ ...

အသေလည်း မဖြောင့်ရဲ

သေရိုလည်း ကြောက်နေဆဲ

အထီးကျန်မြူထဝအနားသင်ထဲထ

ဖြောက်တွေ့ဆဲ ထံတရားဝမ္မဲထဝ

ထယ်တော့မှ ...

လွှတ်ဖြောက်ပါ့လေလဲတွယ် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

“ဘာလို့ အဲဒီအဖြစ်တွေအားလုံးကို .. ပျိုလေး မင်္ဂလာပွဲမကျင်း
မီ ပြောပြလိုက်တာလည်း ထိန်သာလေး ရယ် .. ခုကျတော့ .. မင်္ဂလာ
တခမ်းတနားမကျင်းပပါရစေနဲ့တော့ .. ရိုးတက်လက်မှတ်ထိုးတာ
လုပ်ပါရစေဆိုပြီး ပျိုလေး က ဦးလှုထက် နဲ့ ဒေါ်စန္ဒာ တို့ကိုပြော
မောင်ခန့်ထည်ဝါ ကို ပြောနဲ့ဖြစ်ကုန်တာပဲမဟုတ်လား .. ပျိုလေး
အကြောင်းပြတာကတော့ .. သူ့ ကိုကိုနဲ့ ခွဲရတော့မှာမို့ .. မင်္ဂလာပွဲကြီး
တခမ်းတနား ပျော်ပျော်ကြီး မကျင်းပရက်လို့ပါလို့ပြောတယ်လေ -
ဦးလှုထက် တို့ဘက်ကလည်း ပျိုလေး နဲ့ ထိန်သာလေး တို့ရဲ့ မောင်နှ
အချစ်ကိုသိတော့ .. သဘောပေါက်ပေးကြပါတယ် .. ပျိုလေး ပြောသ
ပဲ ရိုးတက်လက်မှတ်ထိုး .. မင်္ဂလာလက်မှတ်ထိုးတဲ့ကိစ္စ ပြီးမြောက်တာ
နဲ့ .. ငွေကျွန်းမြို့က ငွေကျွန်းဟိုတယ်မှာ သွားတည်းခိုလိုက်ကြပြီး -
နောက်တစ်နေ့ ရန်ကုန်သွားလိုက်ကြရောမဟုတ်လား .. မသွားခင် ည
ဘက်မှာ .. လာကန်တော့ကြတယ် .. ဦးလှုထက် နဲ့ ဒေါ်စန္ဒာ ကလည်း





က်ချပါလို့ တွင်တွင်ပြောသွားကြတယ် .. ပျိုလေး စိတ်မချမ်းမမြေ့
ယ်တော့မှ မဖြစ်စေရပါဘူးလို့ ကတိပေးကြတယ် .. အဲဒါနဲ့ပဲ .. နင်တို့
ောင်နှမ ကွဲခန်းဆိုက်ခဲ့ကြတာပဲမဟုတ်လား ..”

သူ ငိုင်နေသည်။ ငြိမ်ခြင်းမက ငြိမ်နေသည်။ ရင်ထဲမှာ ဟာနေ
ည်မှ လူနှင့်စိတ် မကပ်သလိုဖြစ်ဖြစ်နေရသည်က အခက်ဆုံးဖြစ်၏။
က ကျန်နေသည်။ စိတ်က ညီမလေးထံချည်း ရောက်နေသည့်ကော
သ ..။ ညီမလေး တစ်သက် ဤအရွယ်မရောက်မီ ပြီးခဲ့သည့်နှစ်အထိ..
ခဲ့ဖူးတာလည်း မရှိ ..။ အရိပ်တကြည့်ကြည့်ဖြင့် ချစ်လိုက်ရပါသည့်
ီလေး ..။ ဆေးတက္ကသိုလ်တက်ဖို့သွားသည်ပင်လျှင် သူ့မှာ ပညာရေး
 မလွှတ်မဖြစ် လွှတ်ရသည်။ ခွဲကိုခွဲနိုင်တာမဟုတ်။ တစ်နှစ်ကျောင်း
းလျှင် ပြန်လာမည်ပဲလေ .. ဟု စိတ်ထဲထည့်ထားကာ အားအင်တွေကို
မကျအောင် သူ ထိန်းထားရသည်က မနည်းအားတင်း၍ပါ ..။ ကျောင်း
ိတ်ရက်တိုလေးတွေမှာ ကြာကန်ရွာသို့ ပြန်မလာတော့ဖို့ ..။ အဆောင်
ာ်ပဲနေပြီး စာကျက်နေဖို့ သူ မှာခဲ့သည်ကလည်း ညီမလေး ရန်ကုန်နှင့်
ကြာကန်ရွာအထိ လူးလာတုန့်ပြန် ရက်တိုလေးအတွင်း လာဟယ်သွား
ယ်ဖြင့် ပင်ပန်းမှာစိုး၍ပါ ..။

“ခုလို .. တစ်ခါပဲပြန်လာပြီး .. ခဏလေးဆိုမှ ရက်တိုလေးတွေ
တွေ့ရ .. မင်္ဂလာလက်မှတ်ထိုးပြီး ညီမလေး ခန့်ထည်ဝါ နဲ့ အိမ်ထောင်
ပြီး ရန်ကုန်ပြန်သွားမယ်မှန်းသိရင် .. အဲဒီ တစ်နှစ်ထဲက ကျောင်း
ိတ်ရက်တိုလေးတွေမှာ ညီမလေး ခဏပြန်လာချင်ပြန်လာပါစေလို့
င့်ပြုမိမှာ .. ခုတော့ .. ငါ ~~းမိခဲ့တာ မှားပါရောလား ..”

သူ ငိုင်နေဆဲ။ အတွေးဖြင့် ငိုင်နေရာမှ တစ်ချက် ရင်ထဲသိလာရ
ပြန်သည်က ...

“အို .. ညီမလေးက .. ဟိုမှာ .. ညီလေး ခန့်ထည်ဝါ နဲ့ .. ကျောင်း
ိတ်ရက်တွေမှာ မြစမ်းရေမှာ ရှိချင်ရှိ .. ရန်ကုန်မြို့ထဲ သူတို့အပြော



www.burmeseclassic.com

www.burmeseclassic.com



ရှော့ပ်ပင်ထွက်ချင်ထွက်နေမှာပေါ့ .. ချစ်သူရှိပြီဆိုရင် .. ချစ်သူက အ ရဆုံးဖြစ်သွားတတ်တာပဲလေ .. ငါ့ညီမလေးက ငယ်လည်းငယ် .. အ လည်း မိဘမေတ္တာတမ်းမက်တဲ့ကလေး .. ဟိုမှာ အားလုံးရနေ လည်း .. ဟိုမှာ ပျော်နေရှာမှာပေါ့ ..''

အပြစ်ကိုမတင်ရက် ..။ အပြစ်ကိုမပြောရက် ..။ ဘယ်တော့ ညီမလေးဘက်က ရပ်တည်ပြီး ပြန်၍ပြန်၍ ဖြေတွေး တွေးပေး သည်ကလည်း အကျင့်လိုဖြစ်နေသည်။

''ဆိုးတာကကွယ် .. ထိန်သာလေး က .. အစ်ကိုလေးနဲ့ ယု တို့ရဲ့ အိမ်ထောင်ရေးကိစ္စ .. ပျိုလေး က ယုဟုမာ ရဲ့ သမီးဆိုတာ အစ .. ဦးလှုထက် တို့ ဇနီးမောင်နှံကိုရော .. မောင်ခန့်ထည်ဝါ ကို အမှန်အတိုင်း အားလုံး အဲဒီ မင်္ဂလာလက်မှတ်ထိုးတာတွေမလုပ်ခင် ဖွင့်ပြောတာက ပိုဆိုးတာ .. ပျိုလေး က .. ဒေါ်ကြီးထား ကို အဲဒီမ ကပြောတယ် .. ကိုကိုက .. ကိုကို့ မေမေက ပျိုလေး ကိုမွေးတာ မဟု ဘူးဆိုတာကို .. မြန်မြန်ဆန်ဆန်ကြီးပဲ အန်ကယ်နဲ့ အန်တီစံ တို့ ပြောပြလိုက်တာပဲတဲ့ ..''

''အဲဒါကတော့ ဒေါ်ကြီးထား ရယ် .. အမှန်တရားတစ်ခုကို ညီမလေးနဲ့ပတ်သက်ပြီး အန်ကယ်တို့ မြစမ်းရေက အစစသိထားဖို့ တယ်လေ .. ပြီးတော့ .. ညီမလေးရဲ့ အိမ်ဆိုတာကိုလည်း .. လူသိ ကြား ပေးလိုက်ချင်တယ် .. ညီမလေးမှာ ကွယ်ဝခြင်းဆိုတာရှိတယ် သိဖို့လိုတယ်လေ .. ပြီးတော့ .. တရားရုံးမှာ လက်ထပ်စာချုပ်လက်မှ ထိုးတဲ့အခါ .. မိခင်အမည်မှန်လည်း ပါဖို့လိုမယ်လို့ ထိန်သာ ထင် ပါ .. ညီမလေးရဲ့ အတိတ်ကအဖြစ်ကို .. အားလုံးသိပြီးမှ .. မြစမ်း ဆိုတဲ့ ဘဝထဲကို .. သူတို့ ခေါ်သွားရဲတယ်ဆိုရင် .. ခေါ်ကြပါစေ ဆိုတဲ့စိတ်လည်းရှိပါတယ် .. အိမ်ထောင်ရေးဆိုတာ .. အစကနဦး တည်းက .. ရှင်းရှင်းလင်းလင်းရှိထားဖို့လိုတယ်လေ .. နောက်မှသိရင်





ချို့က ပုံကြီးချဲ့တတ်တယ်ဗျ .. ညီမလေး ဒုက္ခရောက်မှာ ..''

သူ ပြောတော့ ဒေါ်ကြီးထား သက်ပြင်းရှိုက်သည်။

''အရေးထဲကွယ် .. ငွေလေး က ..ည်း တစ်မျှောင့် .. အဲသလို .. လေး အတွက် .. သူ့အဖေက .. အိမ်ကြီးထားခဲ့တယ်ဆိုတာသိလို့.. င်ကိုထုနေတာ .. အဲသလောက်ကြီးကျယ်တဲ့အိမ်ကြီး ဆောက်ပေးရ လားပေါ့ .. ဖြစ်ကုန်ရော .. ဒေါ်ကြီးထား လည်း မခံချင့်ဖောနဲ့ ပြော မိလိုက်တယ်လေ .. ပျိုလေး ရုံးတက်လက်မှတ်ထိုးတာကို ငွေလေး သိတယ် .. သူ မေးလို့ ဒေါ်ကြီးထား ဖြေရတာပါ .. အဲဒါ ရိုသလေ .. ကြာကန်ရွာက အကောင်းဆုံးဖြစ်တဲ့ ငွေလေး ရဲ့ အိမ်မှာ လက်မထပ် နိုင်တဲ့ကောင်မလေးပဲတဲ့ .. အဲသလိုဖြစ်ရမှာပေါ့ဆိုတော့ .. ဒေါ်ကြီးထား လည်း မခံချင့်ဖောနဲ့ .. ပျိုလေး မှာ အဖေ ချန်ခဲ့တဲ့အိမ်ကြီး ဟီးနေတာ ပဲလေ .. ငွေကျွန်းမြို့မှာရှိလေရဲ့ .. အဲဒါ .. ထိန်သာလေး က အိမ်ဂရန် အစ အပ်လိုက်တာလို့ ပြောထည့်လိုက်မိတယ်ကွယ် .. အဲသလို ကြား တော့ မိုးမီးတောက်တာပါပဲ .. ထိန်သာလေး က ထိန်ချန်ထားတာကိုး ဆိုပြီး ဒေါသနဲ့ပြော .. ဒေါသနဲ့ငိုတာ .. အင်း .. မခံချင်ဖောဆိုတာ ဒေါ်ကြီးထား လို အသက်ကြီးသူမှာတောင်ရှိတာပဲလေ .. အိုးကြီးအိမ်ကြီး ညီမလေးကို ပေးလိုက်ပြီလို့ ထိန်သာလေး အပြောနဲ့ .. လိုက်ပြီး အိုးကြီး အိမ်ကြီးလို့ နင်းပြောမိတာပါ .. မြင်တောင်မမြင်ဖူးလိုက်တဲ့ အိမ်ကြီး ပါ ထိန်သာ ရယ် .. အဲဒါကွယ် .. ငွေလေး လည်း မခံချင့်ဖောတွေဖြစ် ပြန်ပါလေရော .. ထိန်သာလေး ကို အတော်စိတ်နာနေတယ်ကွယ့် .. အဖေနဲ့ သား .. ကျိတ်ကြံထားကြတာကိုးဆိုပြီး မရှိတော့တဲ့ အဖေကို တောင် ပြောပြောငိုသကွယ့် ..''

သူ ငိုင်နေသည်။ ဒေါ်ကြီးထား စကားတွေ နားထဲမဝင်တစ်ချက် ဝင်တစ်ချက် ..။ စိတ်က ရွှေတည့်တည့်မှာ လွှန်ခဲ့သည့်နှစ်လောက် က ..။ မင်္ဂလာနေ့တစ်နေ့၏ သတို့သမီးလေးဖြစ်သည့် ညီမလေး ..။



www.burmeseclassic.com

www.burmeseclassic.com



ညမှာ ခန့် သည်ဝါ နှင့် တူတူ ထိုင်ကန်တော့ခဲ့ရာ ကြမ်းပြင်နေရာကို ငေးကြည့်နေမိသည်။ ညီမလေးလာလျှင် ပျော်ဖို့ခင်းထားသည့် ကော်ဇော သစ်ကြီးကိုတော့ သူ မသိမ်းဖြစ်တော့ ...။ ဆက်၍ ခင်းထားမြဲ ...။ တစ် ခါတစ်ခါ ညီမလေး၏ အခန်းထဲဝင်၍ ဟိုဟိုသည်သည် ငေးမိတတ်စမြဲ ... ညီမလေး ကြာကြာမနေခဲ့သည့် အခန်းလေး ...။ ညီမလေး အိပ်ခဲ့ရာ ခုတင် လေး ...။ အိပ်ရာလေး ...။ အားလုံးကို သူ နေ့စဉ်သန့်စင်သည်။ အခန်းထဲ မှာ ပန်းအိုးလေးကအစ ပန်းလန်းလန်းလှလှလေးတွေ လဲလဲထည့်ပေးသည်။ စာကြည့်စားပွဲလေးသည် စားပွဲခင်းအပြာနုရောင် တစ်လှည့်၊ အပန်းရောင် တစ်လှည့် ...။ အဝါတစ်လှည့်ဖြင့် လဲလဲခင်းကျင်း ပေးနေမိတတ်သည်။ ညီမလေး ရှိနေသည်ဟု စိတ်ကိုဖွင့်နှင်၍ ထင်ပစ်မိတတ်သည်။ ဒါပေ မယ့် .. ညများမှာ .. သူသည် .. တစ်ယောက်တည်း ညီမလေး၏ အခန်း မှာ တိတ်ဆိတ်စွာ စာကြည့်ကုလားထိုင်မှာ ကြာမြင့်စွာ ထိုင်မိသည် အခါ ရှိ ...။ ခုတင်ထက်မှာ ထိုင်မိသည့်အခါရှိဖြင့် အထီးကျန်ခြင်း၏ဒဏ်ကို လူးလိမ့်၍ ခံနေရသည့် ထိန်သာ ပဲ ဖြစ်နေရတတ်သည်ပါပဲ ...။

"ကိုကို .. ကျန်းမာရေးဂရုစိုက်နော် .."

ဟု မှာခဲ့တာလေးတွေ ...။ သူ မမေ့ ...။ သူ လည်ချောင်းတနင်နင် ဖြင့်ရှိလာရရင်းမှ ဒေါ်ကြီးထား ကို ကြည့်မိရပါ၏။

"စောစောက .. ဒေါ်ကြီးထား ဘာပြောလိုက်တာလဲဟင် .."

ဟု မေးမိသည်။ ဒေါ်ကြီးထား သက်ပြင်းရှိုက်ပါသတည်း ...။

"အေး .. အဲသလို .. စိတ်နဲ့လူ မကပ်တာသိလို့ .. နေ့လယ်ဘက် ဒီကိုရောက်ရောက်လာရတာ တော်ရဲ့ .. ကဲ .. ကျုပ်ပြောတဲ့စကား မကြားမိဘူးမဟုတ်လား .. ရှိစေတော့ .. ကဲ .. ထ .. ထမင်းစား .. ဒီနေ့ ကြက်သားဟင်းချက်တယ် .. ပဲကြာဆန်ချက်တယ် .. ဟင်းရည်ကိုချို နေရောပဲ .. ကုလားပဲခြမ်းလေးတွေများ အိနေတာ သိလား .. ကြက်နှီး နဲ့ ချက်တာဆိုတော့ လိုက်ပေသပေါ့ .. မြင်းခွာရွက်သုတ်လာတယ် သိလား .. စားချိန်လည်းတန်ပြီမို့ .. စားကြစို့ရဲ့ .."

ဟု ပြောကာဆိုကာ ထမင်းပွဲပြင်ဖို့ထတော့ သူ လိုက်ကာသည်။

"ခဏနေမှ စားကြတာပေါ့ ဒေါ်ကြီးထား ရယ် .. ရင်ထဲမဆာသေး လို့ပါဗျာ .. ဒေါ်ကြီးထာ ဆာရင်စားနှင့်လေ .. ထိန်သာ့ အတွက် .. နေ့ တိုင်း ချိုင့်ကြီးနဲ့ ထမင်းဟင်းတွေ သယ်သယ်လာပြီး စားခိုင်းနေရတာ ခင်ပန်းလှပါတယ်ဗျာ .. အားနာတယ် ဒေါ်ကြီးရယ် .. မနက်ဖြန် မလာ ပါနဲ့တော့ .. ဒီမှာ ချက်ပြုတ်စားပါ့မယ် .. ညီမလေးမှ မရှိတာ .. ကြက်ဥ လေးဖောက်ကြော်စားလိုက်လည်း ထမင်းဟင်းဖြစ်တာပါပဲ .. ဖွယ်ဖွယ် ရာရာမလိုပါဘူး ဒေါ်ကြီးရယ် .. လာပို့မနေပါနဲ့တော့ .."

ဒေါ်ကြီးထား ခေါင်းခါသည်။ ထလည်းမထတော့ ...။ ဘေးမှာ ဆက်ထိုင်နေ၏။

"တကယ်ချက်ပြုတ်စားမှာ မဟုတ်မှန်းသိလို့ လာလာပို့နေရတာ ပေါ့ ရှင်ရယ် .. ထိန်သာလေး စားမှ တူတူစားမယ် .. အဲဒါမှ .. ရှင်လေး ထမင်းစားဖြစ်မှာ .. ခုလို .. ထမင်းမေ့ဟင်းမေ့ ဖြစ်နေတာ မကောင်းဘူး သိလား .. ကြာရင် .. လူထိမယ်ကွယ့် .. စိတ်ကိုပူနေလိုက်ရတာနော်.. ထိန်သာလေး အတွက် ဒေါ်ကြီးထား ရတက်ကို မအေးဘူးသိလား .. သဘက်ဟိုမှာရှိနေပေမယ့် .. ဒီကလေး .. ညမအိပ်ဖူးထင်ရဲ့နဲ့ စိတ်က ဒီရောက်နေရတာ .. ကိုယ့်ရုပ်လည်း မှန်ပြန်ကြည့်ဦး .. ပိန်ချုံးနေပြီ .. မျက်တွင်းကဟောက်ပက်နဲ့ .. အိပ်ရေးဝတဲ့မျက်လုံးကိုမဟုတ်ဘူး .. ကျုပ်စိတ်ထဲ မချမ်းသာတော့ဘူး သိရဲ့လား .. ရင်ကွဲနေသတော့ .. ရင်ကွဲသဟဲ့ .. ဟိုကဖြင့် .. သူ့လင်နဲ့သူ .. ပျော်လို့ .. လည်လို့နေမှာ .. တစ်ပတ်တစ်ခါလောက် ဖုန်းလေးဆက်ဖော်ရတာပဲရှိတော့တယ် .. နှမ်း သာ .. ဒီမှာ သေအောင်ခံစားနေ .. ခံစားနေ .. ငါ .. ငိုချင်သဟဲ့ .."

ဟု မချိသမှု စိတ်ကိုလွှတ်ချ၍ ဒေါ်ကြီးထား တကယ့်ကို ငိုချလိုက် တော့ သူ ရင်ထဲမကောင်း။ ဒေါ်ကြီးထား ကို မျက်ရည်သုတ်ပေးမိသည်။







www.burmeseclassic.com

www.burmeseclassic.com



"စားပါ့မယ် ဒေါ်ကြီးထား ရယ် .."

ဟု ခပ်ညည်းညည်းပြောမိရပါ၏။

"ညီမလေးက .. ထိန်သာ ပေးတဲ့ပိုက်ဆံဆယ်သိန်းကို မယူရ ဘူးဆိုပြီး အစ်ကိုကို ညှာတာစိတ်နဲ့ အတင်းထားရစ်ခဲ့တဲ့ ညီမလေး ဗျာ .. ကိုကို စထားတာ .. မယူရက်ပါဘူးတဲ့ .. ကိုကို သုံးပါတဲ့ လိမ္မာပုံများ .. သိတတ်ပုံများ .. အဲသလိုရှိတဲ့ ကလေးပါဗျာ .. ဟိုမှာ ပျော်နေမယ်လို့ မပြောပါနဲ့ဗျာ .. ညီမလေးမှာလည်း အစ်ကိုကို ချစ်တဲ့ စိတ်ရှိနေတာပါပဲ .. ပျောက်မသွားနိုင်ပါဘူးဗျ .. ဖုန်းထဲမှာ အမြဲမေး ပါတယ် .. ကိုကို နေကောင်းလား .. ပိုက်ဆံလိုနေလား .. ကျန်းမာ အတွက်ဆိုရင်လည်း မနှမြောပါနဲ့ .. သုံးပါ .. အအိပ်မှန်ပါ .. အစား ပါ ကိုကိုရယ်လို့ အမြဲပြောတတ်တဲ့ကလေးပါ .. သူ .. စိတ်ပူရှာပါတယ် ဗျ .. ကျောင်းတစ်ဖက်နဲ့ ဆိုတော့လည်း .. ဟိုမှာ .. ရှိနေရမှာပဲလေ ဒီကို လာလို့မှမဖြစ်တာ .."

သူ ပြောတော့ ဒေါ်ကြီးထား စိုက်ကြည့်နေသည်။ သူ့ကို ဆံစ သပ်ပေးသည်။

"အေး .. အသက်လည်း သုံးဆယ်ကျော်စပြုပြီ .. ခုထိ .. နင့်စိတ် ထဲမှာ ညီမလေးအတွက် ကာကွယ်ပြောပေးဖို့ မွေးဖွားလာသလိုပဲရှိ တုန်းပဲ .. ခွင့်လွှတ်ပေးနေတုန်းပဲ .. သူ .. ဒီလောက် အစ်ကိုကိုချစ် ရင် .. ဒီလောက်အမြန်ကြီး သူများနဲ့ လက်ထပ်လိုက်ရမလားဟဲ့ .. ရအောင်နေပါ့လား .. ဆရာဝန်ဖြစ်ပါ့စေလား .. အစ်ကိုကို ကျန်းမာ စိတ်ပူသလို .. သူ .. တူတူနေပါ့လား .. ဆရာဝန်မကြီးလုပ်ပြီး ဆေး ထိုးပေးပါ့လား .. အားဆေးပုလင်းကြီးချိတ်ပေးပါ့လား .. ခု .. လင်ယူ စေသမှ .. တစ်နှစ်ပဲရှိသေး .. ဟိုမှာ နေလိုက်ပြီ .. ကဲ .. ပြောမနေချင် သူလည်း ဒေါ်ကြီးထား ရဲ့ ချစ်ရတဲ့ကလေးပဲ .. ထိန်သာ လည်း ဒေါ်ကြီးထား ရဲ့ ချစ်ရတဲ့ကလေးပဲ .. ထိန်သာ့ အတွက် မခံနိုင်လို့ပြောမိတဲ့ကလေး





သ .. ကိုယ့်ကလေးပဲဖြစ်နေတယ် .. ရင်ထဲ နှစ်ပြန်နာရသကွယ် .. ထိန်သာ အတွက် တစ်ပြန်နာ .. သူ့ပြောမိလို့ .. ရင်ထဲမကောင်းဖြစ်ရ တော့ တစ်ပြန်နာ .. နှစ်ပြန်နာနေမှတော့ မကောင်းပါဘူးဟယ် .. ကဲ.. ထ .. ထမင်းစားမယ် .. နင် မကျန်းမာရင် .. ငါပဲ စိတ်ဆင်းရဲရမှာဟဲ့ သိရဲ့လား ကိုကိုရဲ့ .. ပျို့လေး ရဲ့ ကိုကိုရဲ့ .."

ဟု မချိတင်ကဲပြီးပြောလည်းပြောချ ..။ မီးဖိုဘက်ထွက်သွားတော့ သူ ငိုင်ကျန်ခဲ့၏။ စားပွဲပေါ် ထမင်းပန်းကန်ချသံ ..။ ဇွန်းသံပန်းကန်သံ တွေ ကြားနေရသည်။ ခက်သည်က သူ့မှာ စားချင်သောက်ချင်စိတ် ခမ်းခြောက်နေခြင်းပဲဖြစ်ပါ၏။ ချက်ပြုတ်လာသည့် ဒေါ်ကြီးထား ၏ မေတ္တာကို အားနာ၍သာ ဖွတ်မြိုချနေရခြင်း ..။ ညီမလေးနှင့ ခွဲရပြီဆို သည့် အသိတစ်ခုသည် .. သူ့ရင်ကို ဆောက်တည်ရာပျောက်နေစေသည်။ ခံနိုင်ရည်တွေ ခမ်းခြောက်နေစေပြီ။ နေ၍မရ ..။ အိပ်၍မရ ..။ ဘဝ သည် .. အထီးကျန်ယောင်ချာချာ ..။ ရင်ထဲဟာနေတာပဲရှိနေ၏။ ရင်ထဲ က နှလုံးအိမ်ကို နှုတ်သိမ်းခံထားရသည်သို့ရှိ၏။ ညအချိန်မှာ တစ်ယောက် တည်း ညီမလေး၏ စာကြည့်စားပွဲပေါ် လက်ကိုတင်၍ ကုလားထိုင်မှာ ငြိမ်သက်ထိုင်နေရင်း မျက်ရည်တွေဆက်တိုက်ပြိုကျနေသည့်အဖြစ်တွေ ကို .. သူတစ်ယောက်တည်းသာ သိစေရမည်။ ခံစားနေရမည်။ ဘယ်သူ့ ဘယ်သူကိုမှ မသိစေရ ..။ ညီမလေးမရှိပဲ သူ ဤအိမ်ကြီးမှာ ကျန်နေရခြင်း သည် .. သူ့ ခြေတွေလက်တွေကို ချိုးဖွဲ့ပေးလိုက်ရသည်သို့ရှိ၏။ သူ့နှလုံး အိမ်ကို ထုတ်ပေးလိုက်ရသည်သို့ရှိ၏။ အားအင်လည်း မကျန်သည့်နယ် ရှိ ကုန်ရသည်ပါပဲ ..။

အရာရာသည် .. ညီမလေး၏ အသံကို တမ်းတနေခြင်း ..။ ညီမလေး ၏ မျက်နှာကိုမြင်နေလိုခြင်း ..။ ညီမလေးကို တယောလေးထိုးပြနေရင်း ရွှေကုံ့ကော်သီချင်းကို ဆိုပြခဲ့ရသည့်ဘဝကို လိုချင်နေမိခြင်းတွေဖြင့် စောတင်နေရသည့်အဖြစ်သည်။ ဪ .. ဘယ်သောအခါတွင်မှ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com



အတူတကွနေရသောဘဝ .. ဖြစ်မလာနိုင်တော့ပြီကော .. ဆိုသည့် အမှန်အသိတစ်ခုဖြင့် အဆုံးသပ်ရချိန်မှာ ..။ သူသည် .. မျက်ရည်ပြိုကျနေသည့် ထိန်သာ အဖြစ် ရှိနေရသည်သာ ...။

"ဒေါ်ကြီးထား .. ညီလေး ခန့်ထည်ဝါ က ဖုန်းနဲ့ပြောတုန်းက ပြောတယ်သိလား .. လာလည်ပါတဲ့ .."

သူ ခကောက်ကာငင်ကာပြောမိသည်။ အသံသည် ဖောပါနေ၏။ အတန်မျှအားအင်ပါနေသည်။ သူ လိုက်သွားလျှင် ကောင်းမည်လား .. စတင်တွေးစပြုလာနေသည်။

"လောလောဆယ် .. ဒီမှာက ဝိုင်စက်ရုံတည်နေတုန်းဆိုတော့ .. သူတို့ရဲ့ ဂျူယံ ဘဘတစ်ယောက်နဲ့ ထားထားတယ်တဲ့ .. ဟိုမှာက .. ဝိုင်ချက်ပညာရှင်သုံးယောက်နဲ့ ဆုံဖို့ကိစ္စရှိတယ်တဲ့ .. ဘယ်သူ့ကို ခန့်မယ်မသိရသေးဘူးတဲ့ .. အဲဒါ .. ဟိုမှာ ရက်ကြာလကြာရှိနေမှာတဲ့ .. ဝိုင်ပုလင်း ဒီဇိုင်းကိုလည်း သူနဲ့ ညီမလေး ရွေးချယ်မှာတဲ့ .. အဲဒါ .. လာလည်ပါလားလို့ ညီလေးက ဖိတ်တယ်ဗျ .."

ဟု ပြောတော့ ဒေါ်ကြီးထား အသံထွက်မလာ ..။ တိုက်တွန်းသံလည်း ပွင့်မလာ ..။

"ထမင်းလာစားလှည့် .."

ဟု ခေါ်သံပဲပေါ်လာသည်။

ထမင်းဝိုင်းမှာ သူ လက်ဆေးပြီး ဝင်ထိုင်တော့ သူ့ ပန်းကန်ထဲ ကြက်သားဖတ်နှင့် အနှစ်ကို ခူးခပ်၍ ဒေါ်ကြီးထား ထည့်၏။ ပဲဟင်းချိုရည်ကို ဆမ်းပေးနေ၏။

"ဒီမှာ ထိန်သာ .. မပြောမဖြစ်လို့ပြောရမယ် .. ပျိုလေး လက်ထပ်မယ်ဆိုတုန်းက .. ခာတ်ပုံတောင် စုမရိုက်ချင်ပါဘူး .. ကိုကိုနဲ့ ခွဲရတဲ့ အထိမ်းအမှတ်ကြီးမို့ပါလို့ ပြောတယ်နော် .. အေး .. ငါကတော့ တစ်ခု ထင်သကွယ့် .. ရင်ထဲကြေကွဲမနေနဲ့ဦး .. မျက်နှာမှာ အမှတ်ကြီးနဲ့ရှိနေ





တဲ့နင့်ကို .. ဟောဒီက ခြေဖဝါးတွေအလုပ်ကြမ်းဒဏ်ကြောင့် ကွဲနေတဲ့ ထိန်သာ့ ကို .. လက်ဖဝါးကြမ်းကြီးတွေနဲ့ ရှိတဲ့ ထိန်သာ .. မျက်နှာမှာ နေလောင်ကွက်တွေနဲ့ ထိန်သာ .. အဲသလို ထိန်သာ ကို .. သူ့မင်္ဂလာ .. ခာတ်ပုံမှာ မပါစေချင်လို့ဆိုရင် .. အဲသလိုဖြစ်နေရင် .. ဘယ့်နှယ် လုပ်မလဲ .. မသွားချင်စမ်းပါနဲ့ကွယ် ရန်ကုန်ကို .. ကိုကိုက .. မမငွေ ကျတော့ မောင်နှမအရင်းတဲ့ .. သူက အရင်းမဟုတ်ဘူးတဲ့ .. မမငွေ ယ အဲဒါကြောင့် .. သူ့ကို မုန်းတာတဲ့ .. ငါ ပြောလိုက်သလေ .. တစ် ရက်စိတ်ထဲနာချင်သကိုး .. ဟဲ့ .. နင့်ကိုချည်း မုန်းတာမဟုတ်ပေါင် .. ငွေလေး က ထိန်သာ ကိုလည်း မုန်းတာပါပဲလို့ .. ထိန်သာ့ ကို မွေးလို့ သူ့ မေမေ ဆုံးရတာဆိုပြီး မုန်းသကွယ့်လို့ .. ပြောမိပါ၏ .. ဒီမှာ ထိန်သာ .. လွမ်းတာကို နာတာနဲ့ ဖြေရမယ်လို့ ငါ မပြောရက်ဘူး .. လွမ်းတာကို လျှော့စမ်းပါကွယ် .. ထမင်းစားစရာရှိစား .. အလုပ်လုပ်စရာရှိလုပ် .. သူလည်း သူ့ဘဝနဲ့သူနေ .. နင်လည်း ကိုယ့်ဘဝနဲ့ကိုယ် နေ .. မိန်းမလေးဘာလေးယူ.. ဒါပဲကောင်းမယ် သိရဲ့လား .."

ဟု ပြောတော့ သူ နယ်ဖတ်နေသည့် ထမင်းလုတ်ကိုမစားဖြစ်..။ ဒေါ်ကြီးထား ကို ကြည့်မိသည်။ မခံချင့်စိတ်ဖြင့် ပြောချလိုက်ပြီးမှ ဒေါ်ကြီးထား လည်း ငိုင်နေပါ၏။

"ညီမလေး .. အဲသလောက်တော့ မဖြစ်နိုင်ပါဘူးဗျာ .. သူက .. ထိန်သာ့ လက်ဖေါ်ကြီးတာပါ .. အစ်ကို့လက်ကို တတွဲတွဲနဲ့ .. ငယ်သေးငယ်တာဘဝလေးကတည်းက .. တကောက်ကောက်လိုက်နေတာတဲ့ ညီမလေးပါဗျာ .. ထိန်သာ ချော့သိပ်တဲ့သီချင်းနဲ့ အိပ်တဲ့ကလေးပါ .. ထိန်သာ့ ကို အလွန်ချစ်တဲ့ကလေးပါ ဒေါ်ကြီးထား ရာ .. အဲဒါကိုတော့.. ထိန်သာ .. ဒေါ်ကြီးထား ကို သက်သေထူမှဖြစ်မယ် .. ညီမလေးဟာ.. သူ့အစ်ကိုကို .. အစ်ကိုရင်းမဟုတ်ဘူးလို့တော့ .. စိတ်ထဲစွဲမထားနိုင်ပါ ဘူးဗျ .. ထိန်သာ ရုပ်ဆိုးနေလည်း .. သူ .. ဂရုမစိုက်ပါဘူး .. ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



က .. အစ်ကိုချစ်တဲ့ ညီမလေးပါ .. ထိန်သာ .. မနက်ဖြန် .. ရန်ကုန်
လိုက်သွားမယ် .. ဒေါ်ကြီး .. ညီမလေးမြင်ရှင် .. ဘယ်လောက်ဝမ်းသာ
သွားတယ်ဆိုတာတွေကို .. ထိန်သာ လာပြောပြမယ် .. သိလား
ညီမလေးကို .. အဲသလောက်တော့ .. မပြောသင့်ပါဘူး ဒေါ်ကြီးရာ
သူက .. ကလေးပဲ .. သူ့ရင်ထဲ ခံစားရလွန်းလို့ မိတူဖတူအစ်ကိုဖြစ်လို
ပါတော့လား .. ရယ်လို့ မချိတဲ့စိတ်နဲ့ အားငယ်ပြီးပြောခဲ့တာပါ .. နှင်း
နိုင်ငြိမ်းမှာ ညီမလေး ဘယ်လောက်ငိုတယ်ဆိုတာ ဒေါ်ကြီးထား မှ မမြင်
တာပဲကိုး .. ခုလို ပြောထွက်တာပေါ့ .. သောင်နုမချင်းသွေး မခွဲပါနဲ့ ဒေါ်ကြီးရာ

ဟု ...ကာ မျက်ရည်ကျလာတော့ ဒေါ်ကြီးထား သက်ပြင်းရှိုက်သည်။

"အေးပါလေ .. ငါလည်း နင့်ချစ်ဇောနဲ့ ပြောမိတာပါကွယ် .. ကဲ
..ကဲ .. ဒေါ်ကြီး မှားပါတယ် .. ထမင်းစား .. ထမင်းစား .. မျက်ရည်မ
နဲ့ .. ငါ .. ရင်ထဲ .. မကြည့်ရက်လွန်းလို့ပါ .."

ဟု တောင်းပန်တော့ သူ တစ်ချက်မျက်ရည်သုတ်သည်။ ဒေါ်ကြီးထား
ကိုလည်း အားနာမိရပြန်၏။ သူ့အတွက် ချစ်စိတ်ဖြင့်ပြောတာကိုလည်း
သူ သိနေသည်ပါပဲ ..။

ဒေါ်ကြီး စိတ်မကောင်းမဖြစ်အောင် .. သူ .. ထမင်းတစ်လုတ်စ
စားသည်။ သူ့ကို စားစေချင်ဇော်ဖြင့် တကန်တက မြင်းလှည်းစီး၍ ထမင်း
နေ့စဉ် လာလာပို့ရှာသည့် ဒေါ်ကြီးထား ဆိုတာလည်း အသက်
တော့တာမဟုတ်။ နဖူးစပ်မှာ ဆံစတို့ မသိမသာဖြူစပြုနေသည်ပဲလေ

သက်ကြီးရွယ်ကြီးက ချက်ပြုတ်၍ လာပို့သည့် ထမင်း ..။ သူ
စားစေချင်၍ စောင့်ကာစောင့်ကာ ဓူတူစားပါသည့် ဒေါ်ကြီးထား ၏
လက်ရာထမင်း ..။ သူ မစားရ၍မဖြစ်။ စားရသည်ပါပဲ ..။

ဒေါ်ကြီးထား ခမျာ .. သူ့ကို ဟင်းတွေထပ်၍ ခူးခပ်ထည့်ပေးရှာပါ





## အခန်း (၁၈)

တက္ကစီပေါ်မှ သူ ဆင်းလိုက်ပြီးချိန်မှာ ဝတ်ထားသည့် အဝတ်ကို
ဆွဲဆန့်မိသည်။ သံပန်းခတ် ရွှေရောင်ခြံတံခါးကြီးကတော့ ဟည်းနေ
သည်ပါပဲ။

ရွာမှ ဘတ်စ်ကားဖြင့်ထွက်ခဲ့ကာ ..။ ရန်ကုန်ရောက်တော့ ကက္ကစီ
တစ်စီးငှား၍ ညီမလေး၏ မြစမ်းရေလိပ်စာအတိုင်း ရောက်လာရခြင်း..။
တက္ကစီ ကတော့ ထွက်သွားပြီ ..။ သူသာ စိတ်လှုပ်ရှားစွာ ရပ်နေမိရဆဲ..။
ခြံဝန်းကျယ်ကြီး၏ အတွင်းဘက်ကို သူ ဟိုဟိုသည်သည် ကြည့်နေမိရ
၏။ လူရိပ်လူရောင်တော့ မမြင်ရသေး ..။ ကားမောင်းဝင်သည့် ရောင်စုံ
ကျောက်ကရစ်တုံးခင်းလမ်းသည် လှလှပပရှိ၏။ အဝင်လမ်း၏ တစ်ဖက်
တစ်ချက်မှာ ရွက်စိမ်းကျောက်ခက်ပင်တွေ စီတန်း၍ စိမ်းစိမ်းလန်းလန်း
ရှိတ်ထားသည်။ အမြင်သည် အေးမြမြနိုင်နေသည်တည့် ..။ ပြီးတော့
ရောင်စုံပန်းတွေရှိနေရာ ပန်းဥယျာဉ် ..။ ရောင်စုံကြာတို့ ပွင့်ဝေရာ
ကျောက်ကရစ်ဘောင်အနားသပ်ရေကန် ..။ ထိုကန်မှာ နဂါးကြီးတစ်ကောင်
ထောင်တက်နေသည့်နှယ်ရှိ၍ ထိုနဂါး၏ နှုတ်ခမ်းဆီမှ ရေပန်းငွေ့ ဖွား
ဖွားကျနေအောင် စိတ်ကူးပုံဖော်အလှဆင်ထားသည့် ရေပန်းကလည်းရှိ

www.burmeseclassic.com



နေသေးသည်။ သုံးထပ်အဆောက်အအုံနီနီကြီးသည် အနောက်တိုင်းဟန်ဘက်သို့ ပိုနွယ်သည်။ ထုကြီးထည်ကြီးနှင့် ဆောက်ထားသည့် အိမ်ကြီးမှာ ရဲတိုက်ကြီးနှယ် ခမ်းနားလှပါဘိ ...။

"ဩော် .. ငါ့ညီမလေး .. ကံကောင်းရှာတယ် .. ဒီလိုအိမ်မှာ လုံလုံခြုံခြုံ .. မေတ္တာတွေအောက်မှာနေရတယ် .. ချမ်းသောင့်ချမ်းသာနေမယ့် နက္ခတ်နဲ့ မွေးလာတဲ့ ငါ့ညီမလေး .. ကံကောင်းလိုက်တာ .. ကောင်းလိုက်တာ .."

သူ ရင်ထဲမှာ ပီတိဖြစ်နေရသည်ပါပဲ။ ခုထိ လူတစ်ယောက်မှ မမြင်ရသေး ...။ တိတ်ဆိတ်စွာ လှပနေသည့် ခြံကျယ်ကြီးကိုကြည့်ကာ သူ ဘာဆက်လုပ်ရမည်မသိဘဲဖြစ်နေသည်။ ခြံတံခါးမှာ ခေါင်းလောင်းလေးတွေ လှလှပပစုစည်းတွယ်ထားသည့်အရာ ...။ ထိုခေါင်းလောင်းကြိုးကို ဆွဲလိုက်လျှင် .. ခေါင်းလောင်းလတ်လေးတွေပေါင်းစုံဆီမှ သာယာသော ခေါင်းလောင်းမြည်သံအစုံ ထွက်လာမည်သာ ...။ ဒါပေမယ့် .. သူ အရဲမလုပ်ရဲ ...။ ခေါင်းလောင်းကြိုးဆွဲမိချိန်မှာ အိမ်သားတွေဘာလုပ်နေကြသည်မသိ ...။ အနှောက်အယှက်ဖြစ်မှာ သူ စိုးသည်။ လူခေါ်ခေါင်းလောင်းကြိုးဆိုတာ မှန်ပေမယ့် အရမ်းဆွဲ၍မဖြစ် ...။ အထူးသဖြင့် ညီမလေး၏ အစ်ကိုဖြစ်သည့် သူ့ကြောင့် အိမ်ကြီးမှာရှိသည့် လူတွေ စိတ်ရှုပ်ကြမှာကို သူ မလိုလား ...။ အချိန်ကလည်း နေ့လယ်စာစားချိန်လောက်တော့ နီးနေပြီ။ ထမင်းစားနေကြလျှင် အခက် ...။ အနှောင့်အယှက်ဖြစ်ကုန်မည်။ သူ .. ဝင်းထရံအုတ်တိုင်မြင့်မြင့်ကြီးကို အားကိုး၍ နေကွယ်ရာကိုရှာရပ်မိသည်။ လက်ကိုင်ပဝါကိုထုတ်၍ မျက်နှာချွေးကိုသုတ်မိ၏။ အကြည့်က ခြေထောက်ဆီသို့ရောက်သည်။ မနေ့က သေသေချာချာရေချိုး ချေးတွန်းထားသည့် ခြေထောက် ...။ ခြေသည်းတွေလည်း သူ ညှပ်ထားသည်။ လက်သည်းလည်း ညှပ်ထားသည်။ ရေမချိုးမီ ပြေး၍ ခါပင်တွေဘာတွေညှပ်ခဲ့သေးတာမို့ တော်တော်ကြီးကို သပ်သပ်





ရပ်နှင့် ဖြစ်နေတာတော့အမှန် ...။ ဝတ်ထားသည်ကလည်း ဖေဖေ့အဝတ်တွေပါ ...။ ဒေါ်ကြီးထား ကို ဖေဖေ့ အဝတ်တွေထဲက ကောင်းနိုးရာ သုံးလေးစုံလောက် ဖေဖေ့ အခန်းဗီရိုထဲမှ ယူလာပေးဖို့ သူ ပြောတာမို့ ဒေါ်ကြီးထား ခမျာ တကျော့ပြန်သွား ...။ ပြန်လာဖြင့်ရှိခဲ့ရကာ...။ သူ့အတွက် ဖေဖေ့ အဝတ်တွေ ယူလာပေးခဲ့ခြင်းပါ။ ညီမလေးထံ သူသွားရချိန်မှာ ဖေဖေ့ အဝတ်ကို သူ ဝတ်ချင်သည်။ ဖေဖေ့ အငွေ့အသက်တွေ အတူတကွပါလာသည်ဟု သူ ခံစားရသည်လေ ...။ ညီမလေးထံ ချမ်းချမ်းသာသာနေရသည်ကို ဖေဖေ့ ဝိညာဉ်လေးလည်း မြင်ချေမည်သာ။ ဖေဖေ ကြည်နူးရှာပေလိမ့်မည် ...။

"ဖေဖေရေ .. အခု .. သားတို့နှစ်ယောက် .. ညီမလေးရဲ့ အိမ်ကြီးမှာက .. လမ်းပေါ်ကိုတော့ ရောက်နေကြပြီ ဖေဖေ .. ခြံတံခါးရှေ့မှာတော့ ရပ်ဖြစ်ကြပြီ .. သား .. တစ်ယောက်ယောက်ကိုမြင်တဲ့အထိ ဒီနေရာကပဲ ရပ်စောင့်လိုက်မယ်နော် .."

သူ ခပ်တိုးတိုးပြောမိရပါ၏။ ဖေဖေ ဘေးမှာရပ်နေသည်ဟု ခံစားရသည်လေ ...။ မိနစ်နှစ်ဆယ်နီးပါး ကြာတော့မှ လူတစ်ယောက်ကို မြင်တွေ့ရသည်။ အသားညိုညို .. အရပ်မြင့်မြင့်နှင့် ပုဆိုးခပ်တိုတိုဝတ်ထားသော သူတစ်ယောက် ...။ ပန်းအိုးတွေ ဟိုဟိုသည်သည်ရွှေ့နေသည်။ ခြံတံခါး၏ အနားသပ်နေရာမှာ အလုပ်များနေခြင်း...။ သူ .. တတ်နိုင်သမျှ လက်ကိုထိန်းကာ ခေါင်းလောင်းကြိုးကို ဆွဲမိရပါ၏။ အသံအရမ်းကျယ်မလာအောင် ထိန်းနေခြင်း ...။ ခေါင်းလောင်းသံကြောင့် လူကြီးက မော့ကြည့်သည်။ နောက်တော့ သူ ရပ်နေသည့် ခြံတံခါးသို့ လျှောက်လာပါ၏။

"ဘာကိစ္စလဲ .."

ဥယျာဉ်မှူးဖြစ်ပုံရသော ဘဘ မေးလာတော့ သူ ပြုံး၍ ...

"ညီမလေး နဲ့ သာပျို ရှိလားဟင် .."



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးတော့ ဘဘ ခေါင်းခါ၏။

"မရှိဘူး .. အပြင်သွားကြပါယ် .. ဒီနေ့ ခန့်လေး ရဲ့ မွေးနေ့ အဲဒါ .. မိသားတစ်စု အပြင်ထွက်စားကြလေရဲ့ .. အပျော်သဘောပေ အပြန်မှာ ကုန်တိုက်ဝင်ကြမယ်လို့လည်း ပြောတယ် .. အိမ်မှာ .. မေ ကြီးပဲ ကျန်တယ် .."

သူ စိတ်ထဲမောသွားရသည်ပါပဲ။ ညီမလေးမရှိ ..။ ရန်ကုန်ရော ချိန် နေပူကျဲတဲထဲမှာ သူ ခေါင်းစင်းစင်းရပ်နေရင်း ငြိမ်နေမိသည် ဘဘကို အကျိုးအကြောင်းပြောပြလျှင် ကောင်းမည်လားဟု စတ သူ တွေးရပါ၏။

"ဘာကိစ္စလဲ .. ဘယ်သူလာတယ်လို့ မေမေကြီးကို ပြောပေး မလဲ .."

မေးဖော်ရလာတော့မှ သူ ပျော်သွားရကာ ...

"ဒီလိုပါ .. ကျွန်တော် ကြာကန်ရွာကပါ .. ညီမလေး နဲ့သ ရဲ့ အစ်ကိုပါ .. ညီမလေးကို တွေ့ရအောင်လာတာပါခင်ဗျာ .."

ဟု ပြောတော့ အံ့သြသလို ကြည့်လာသည်က ဘဘပါ။

"ကောင်းပြီလေ .. ငါ သွားပြောကြည့်မယ် .. မေမေကြီး ဝင် ပြုရင်တော့ ဝင်ရမှာပေါ့ မောင်ရင် .."

ဟု ပြောကာ ထွက်သွား၏။ သူလည်ကိုဆန့်၍ ငေးကြည့်ကျ ရပြန်သည်။ ကြည့်ရတာ ဘဘ သူ့ကို သိပ်ယုံပုံမရ။ ညီမလေးက အ ချောသည့် ညီမလေး။ နုဖန့်ဖန့် ညီမလေး ..။ သူက ရုပ်ကလည်းမ ခြေဖဝါးတွေ ဖနောင့်တွေကွဲနေသည့် လူတစ်ယောက် ..။ အသာ ကလည်း နေလောင်ထားသည်။ မျက်နှာမှာကလည်း နေလောင်ကျ တွေနှင့် ဖြစ်နေသည်။ အမှတ်နီကြီးကလည်း အနားမှာ အသီးငယ် တွေ သီးထရင်းရှိနေသေးသည့်အဖြစ်။ ဘဘ ယုံနိုင်ဖွယ်မရှိသည် လေ ..။ သူ စိတ်ထဲ သိမ်ငယ်သည်သို့ ခံစားရပြန်သည်။ သူ .. တ





အောင်ဖြင့် ရှိနေရပါ၏။ ဘဘ အိမ်ကြီးဆီမှ ပြန်ထွက်လျှောက်လာတာ မြင်ပြော့ လည်ကိုဆန့်၍ မျှော်စောင့်ရပြန်သည်။

"မမေကြီးက မေးတယ် .. ဘယ်လိုပုံစံလဲတဲ့ .. အဲဒါ ပြောပြ ဆော့ .. အရှမ်းမယုံရဲဘူးတဲ့ .. အပြင်ကပဲ စောင့်ပါတဲ့ .."

ဟု ပြောတော့ သူ ခေါင်းပဲညိတ်ပြရသည်။ တာဝန်ကုန်ပြီဆိုသည့် သဘောဖြင့် ဘဘကတော့ ဥယျာဉ်ဘက်ဆီသို့ ပြန်လျှောက်သွား၏။ ကိုက်ရိပ်အောက်မှာ ထိုင်နေတာကို သူ လှမ်းမြင်နေရသည်။ ထိုအရိပ် သားအောက်မှာ ဘဘနှင့် အတူတူထိုင်ခွင့်ရလျှင် ကောင်းလေစွဟု အောင့်တမိ၏။ ရုတ်ခနဲ သတိရမိသည်က ဖုန်းလေးပါလာသည့်ကိစ္စ ..။

ဝမ်းသာအားရ လွယ်အိတ်ထဲမှ ဖုန်းလေးကို ထုတ်မိသည်။ ညီမလေး ကို ဖုန်းဆက်ပြောပြလိုက်လျှင် .. ညီမလေး ချက်ချင်းပြန်လာလိမ့်မည်။ ဝမ်းသာအားရဖြစ်ရင်း စိတ်လှုပ်ရှားစွာ အစ်ကိုဓောဖြင့် ရောက်လာချေ ည်သာ ..။ အိမ်ကြီးမှာရှိနေသည့် မေမေကြီးဆိုသူကိုလည်း ညီမလေး ဖြင့် လှမ်းပြောပြနိုင်သည်။ ထိုအခါ .. ထိုမေမေကြီးသည်လည်း .. ကို အားနာစွာ ချက်ချင်း ထိုဥယျာဉ်မှူးဘဘနှင့် အခေါ်လွှတ်လိုက်ပေ မ့်မည်။ သူလည်း အိမ်ကြီးထဲမှာ အေးအေးလူလူထိုင်ရချေမည်။ မလေး ရောက်အလာကို အပျော်တွေဖြင့် စောင့်နေရုံသာ ...။

စိတ်ထဲ ပေါ့ပါးလာသည်။ ညီမလေးကို ဖုန်းခေါ်ဖို့ စိတ်ဆောင် ရင်း ဖုန်းနံပါတ်လေးတွေကို နှိပ်နေရာမှ အဆုံးထိမနှိပ်ဖြစ်တော့ ..။ တ်က တန့်သွားပြီ။ ဖုန်းကို စိတ်မောမောဖြင့် လွယ်အိတ်ထဲပြန်ထည့် က်ကာ နေပူထဲ ခြံစည်းရိုးအရိပ်ကိုရှာ၍ နေခိုကာ စောင့်လိုက်ရသည် ပဲ ..။ ခု တစ်ကြိမ်လည်ဆန့်မျှော်သည်က လမ်းဘက်ကိုမျှော်ခြင်း..။ ကာယ်နှင့် ညီလေး ခန့်ထည်ဝါ တို့၏ ကားတွေကို သူ မှတ်မိသည် သာ ..။ ထိုကားတွေ မောင်းလာတာတွေ့ရပြီဆိုလျှင် သူ ဘာမှ နေပူထဲ နေရာမလိုတော့ ..။ မကြာမီ အိမ်ကြီးထဲ ရောက်ချေဦးတော့မည်သာ..။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးကို ဖုန်းဆက်လိုက်လို့မဖြစ်ဘူး .. ဟိုမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ စားသောက်နေကြချိန်ဆိုရင် အားနာစရာဖြစ်ကုန်မယ် .. ညီမ... က ဆက်စားနိုင်တော့မှာမဟုတ်ဘူးလေ .. ချက်ချင်း ငါ့ဆီလာ... ဒီတော့ ကျန်တဲ့လူတွေ အစားအသောက်ရပ်ကုန်ရ .. ပြန်ခဲ့ကြ... ကုန်ရင် အားနာစရာဖြစ်နေလိမ့်ဦးမယ် .. အကယ်၍ ကုန်တို... တစ်ခုခုဝယ်နေချိန်မျိုးနဲ့ ငါ့ ဖုန်းအခေါ် တိုက်ဆိုင်နေရင် သူတို့တ... စိတ်လက်ပေါ့ပါးပါးနဲ့ ဝယ်ကြပြုကြတဲ့ကိစ္စ ပျက်ကုန်မယ် .. ဖုန်းမ... ဘဲ နေမှကိုဖြစ်မှာကိုး .."

သူ စောစောက ဖုန်းကို ပြန်သိမ်းမိရခြင်းမှာ ညီမလေးတို့အတွ... အနှောက်အယှက်မလုပ်မိအောင်ပါ။ ထိုင်လိုက် ...။ ထရပ်လိုက် ...။ ... ကို ဟိုဘက်သည်ဘက်ကြည့်၍ကြည့်၍ မျှော်လိုက် ...။ ချွေးတွေ မျက်... ထက်မှသုတ်လိုက် ...။ ကုတ်ပိုးကိုသုတ်လိုက်ဖြင့် သူ တစ်နာရီနည်း... အပြင်မှာရှိနေပြီ ...။ ဘဘ နောက်တစ်ခေါက်လာ၍ သူ့ကို အကဲခတ်... နေပူထဲ ခုလို သူရှိနေတာကို သနားလာပုံလည်းရသည်။

"ငါက အိမ်ရှင်မဟုတ်တော့လည်း ဖွင့်မပေးရဲဘူးကွ .. နေကလ... ပူတယ် .. ထီးယူမလား .. ငါ ယူလာပေးမယ် .. ထီးဆောင်းထား... ကောင်းမယ်ထင်တယ် .."

ဟု မေးဖော်ရလာရုံဖြင့်ပင် သူ ရင်ထဲပျော်သွားရသည်ပါပဲ။ သူ... ၍ ခေါင်းယမ်းပြသည်။ တစ်ခုပဲပြောမိရပါ၏။

"ရေတော့ သောက်ချင်တယ် ဘဘရယ် .."

သူပြောတော့ ဘဘ ခေါင်းညိတ်သည်။ ဤ တစ်ကြိမ်မှာ... အိမ်ကြီးထဲ ဝင်မသွား ...။ ဘေးဘက်ကိုဖဲ့၍ လမ်းငယ်လေးအတိုင်း... လျှောက်သည်။ နောက်ဘက်မှာ ဘဘ၏အိမ် ရှိမည်ထင့် ...။ တစ်ခေ... ကြာတော့ ဘဘ ရေသန့်ဘူးဖြင့် ရောက်လာပါ၏။

"သောက်လိုက် .. ခက်တယ်ကွာ .. အိမ်မှာက ပျိုလေး က မရှိ...



...ဖြစ်နေတယ် .."

ဟု ခပ်ညည်းညည်းပြောချိန်မှာ သူ ဟန်မဆောင်နိုင်ဘဲ ရေသန့်ဘူး...ဖွင့်၍ တကျိုက်ကျိုက်မော့သောက်နေမိရပါ၏။ ရေသောက်နေစဉ်...ပင် နားထင်ဆီမှ .. နဖူးဆီမှ ဆံပင်တွေကြားစီမှ .. ချွေးတွေက...ျက်နှာထက်သို့ ချွေးစီးကြောင်းတွေအဖြစ် စီးကျနေကြပါ၏။

ဘဘ သူ့ကို ငေးကြည့်နေသည်။

အဝါနုရောင် ပိုးပုဆိုး ...။ နုသာရောင် ရှပ်အင်္ကျီလက်တိုလေးဖြင့်...နေသည့် သူ့ကို အကဲခတ်သလိုကြည့်နေခြင်း။ ပြီးတော့ .. မကြည့်ရက်...သလိုလည်းရှိလာနေသည်။ နေပူထဲ သူ ကြာနေသည်ကိုးလေ ...။

"ဒီလိုလုပ်ပါလား .. ပျိုလေး ကို ဖုန်းဆက်မလား .. ဘဘဆီမှာ...ဖုန်းဖုန်းရှိသကွယ့် .."

အံမယ် ...။ ညီမလေး၏ အိမ်ကြီးမှာ ဥယျာဉ်မှူးမှာပင်လျှင် ဟန်း...ဖုန်းတွေဘာတွေနှင့် ခမ်းနားနေသည်ကော .. ဟု ရင်ထဲတကြွားဝင့်ဝင့်...ဖြစ်ဖြစ်လာသေးသည့်အဖြစ်။ သူ ခေါင်းခါသည်။

"ညီမလေးတို့ ဟိုမှာ သွားချိန်လာချိန် .. စားချိန်သောက်ချိန် ...ပျက်ကုန်ပါ့မယ် ဘဘရယ် .. ရပါတယ် .. နေပူထဲနေရတာ အကျင့်...နေပါပြီ .. ကျွန်တော် နေတတ်ပါတယ် .. ညီမလေးတို့ ပြန်ရောက်...လာကြမှပဲ .. အထဲဝင်ပါ့မယ် ဘဘ .."

ဟု ပြောတော့ ဘဘ မျက်နှာမကောင်း။ ညီမကို ညာတာသည့်...ချစ်ကိုအဖြစ် နားလည်သွားပုံဖြင့် သက်ပြင်းရှိုက်သည်။

"ပျိုလေး ရဲ့ ဖုန်းနံပါတ်တော့ အလွတ်ရမှာပေါ့ .. ရွတ်ပြစမ်းပါ့...သူလေးရယ် .."

ဟု ပြောတော့ ...

"ဟာ .. ဘယ်မေ့မလဲဗျ .. ညီမလေး ဖုန်းနံပါတ်ဥစ္စာ .."

ဟု ပြောကာ နံပါတ်ကို သူ တောက်လျှောက်ရွတ်ပြလိုက်တော့

www.burmeseclassic.com

www.burmeseclassic.com



ဘဘ သူ့ကို ကြည့်သည်။

"ဟုတ်တယ် .. အဲဒါ .. ပျိုလေး ရဲ့ ဖုန်းနံပါတ်ပဲ .. ဘဘက ကား လည်း မောင်းတယ်လေ .. ပျိုလေး ကျောင်းပို့ကျောင်းကြိုကိစ္စ ဘဘ လုပ်ရတာ .. ပျိုလေး က လာကြိုတော့ဆိုပြီး ဖုန်းဆက်ရင် .. ဘဘ သွားသွားကြိုရတယ် .. လောလောဆယ် ခဏပေါ့လေ .. ပျိုလေး ကား မောင်းသင်ပြီးရင်တော့ .. သူ့ကားသူမောင်းပေမပေါ့ .. ပျိုလေး ဖုန်းနံပါတ် ကတော့ .. ဘဘ အလွတ်ရနေသလေ .. တစ်နေ့တစ်နေ့ .. ပျိုလေး ရဲ့ ကျောင်းက ခေါ်ခေါ်နေတဲ့ဖုန်းက .. ဘဘ ဖုန်းထဲ ဝင်ဝင်နေတာကိုး-"

ဟု ပြောကာ ပြုံး၍ သူ့ကိုကြည့်သည်။ သူကလည်း ဝမ်းသာအား ဖြင့် ...

"ညီမလေး ကားမောင်းသင်မလို့ .. ဟုတ်လား .. ကျွန်တော် သင်မပေးခဲ့မိဘူးဗျာ ဘဘရာ .. ညီမလေးကို စက်ဘီးစီးသင်ပေးမိတာ- စက်ဘီးလဲလိုက်ကတည်းက .. ကားမောင်းမသင်တော့ဘူးဆိုပြီး ဆုံး ဖြတ်မိတာဗျ .. အိမ်မှာက ဖေဖေ့ လင့်ရိုဘာရှိတယ်လေ .."

ဟု သူ စိတ်လိုလက်ရပြောတော့ ဘဘ ပြုံး၍ နားထောင်သည်။

"သြော် .. သြော် .. ခန့်လေး ကို ပျိုလေး က စက်ဘီးနဲ့တိုက်မိတဲ့ ကိစ္စ မဟုတ်လား .. ခန့်လေး က .. ပျိုလေး နဲ့ ပတ်သက်ပြီး .. ဘဘရဲ့ အတူ ခြံထဲမှာ လာလာပြောပြတတ်တယ်လေ .. သူ ပြောတဲ့အထဲမှာ ပျိုလေး က သူ့ကို စက်ဘီးနဲ့တိုက်မိလို့ .. ဖူးစာဖက်ရတယ်ဆိုတာပါ ပြော နေတတ်သကွယ့် .. ကဲ .. ကဲ .. ခဏစောင့် .. မေမေကြီး ကို ဘဘသွား ပြောပြလိုက်မယ် .. လူလေးက ပျိုလေး ရဲ့ ဟန်းဖုန်းနံပါတ်လည်း ပြောပြနိုင်တယ်လို့ .. ပျိုလေး က ခန့်လေး ကို စက်ဘီးနဲ့တိုက်တာ လည်း ပြောပြတယ်လို့ .. အဲဒါ .. အထဲခေါ်ထားမယ်လို့ပြောပြလိုက် မယ် .. ပျိုလေး ရဲ့ အစ်ကိုဆိုတာ မေမေကြီး လက်ခံမှာပါ .. အပြင်မှာ နေရှိန်ပြင်းသကွယ့် .."





ဟု မကြည့်ရက်နိုင်စိတ်ဖြင့်ပြောကာ သူ အိမ်ထဲဝင်ရဖို့အရေး နောက်တစ်ကျော့အိမ်ကြီးထဲ ဘဘ ဝင်သွားပြန်ပါသတည်း ..။

သူ ရပ်နေသည်။ မကြာလိုက် ..။ ဘဘ ခပ်သုတ်သုတ်လျှောက် လာ၏။ မျက်နှာထက်မှာ ဝမ်းသာရိပ်တွေပြည့်နေသည်။

"တော်သေးတာပေါ့ .. မေမေကြီးက .. အဲသလိုဆို .. အထဲခေါ်ခဲ့ တဲ့ကွ .. နေပူထဲရပ်နေရတာ ကြာလှပြီလေ .. ဘဘ သနားနေမိရတာ ကွယ့် .."

ခပ်လောလောနိုင်စွာပင် ဘဘ ခြံတံခါးကို သော့ဖွင့်သည်။ သူလည်း ဆားမှာချထားသော ဆွဲခြင်းကြီးကိုပြန်ဆွဲကာ လိုက်လာရပါ၏။ လွယ် အိတ်တစ်လုံး၊ ဆွဲခြင်းကြီးတစ်ခြင်းဖြင့် ရောက်လာသည့် ပိုးပုဆိုးနှင့် ရှပ်အင်္ကျီမီးပူကျကို ဝတ်ထားသော သူ့ကို .. ဘယ်သူ့ဘယ်သူကမှ ညီမလေး၏ အစ်ကိုဟု မြင်မြင်ချင်းတော့ ယုံရဲကြမည်မဟုတ်။ ဒါကို.. သူ အပြစ်မမြင်ရက်ပါ။ သူကိုက .. ရပ်ရည်ချင်း ညီမလေးနှင့် ကွာလွန်း နေသည်ကိုးလေ ..။

ဘဘ ဧည့်ခန်းထိပို့သည်။ ဧည့်ခန်းရှိ နှစ်ယောက်ထိုင်ဆိုဖာကြီး မှာ မေမေကြီးတစ်ယောက်ထိုင်နေသည်။ ရွှေဆွဲကြိုးတုတ်ခဲခဲကြီးဆွဲ ထားသည်။ ရွှေဘီးကြီးဖြင့် ဘီးကျော့ပတ်ထားသည် ..။ ရင်ဖုံးအင်္ကျီမှာ စိန်ကြယ်သီးတပ်ထား၏။ လက်မှာက ရွှေလက်ကောက်ထူထူကြီး ဝတ် ထားသည်။ နဂါးရုပ်ပါသော လက်ကောက်နှစ်ကွင်းစီဆင့်၍ လက်တစ် ဖက်တစ်ချက်မှာ ဝတ်ထားခြင်း ..။ အညိုရောင် ပိုးထမီနှင့် အဝါရောင် ပိုးရင်ဖုံးအင်္ကျီကို ဝတ်ဆင်ထားသော မေမေကြီးဆိုတာ အသားဖြူဖြူနှင့် ဖြင့် ရုပ်ရည်တော်တော်ချောသည်ပါပဲ။ ဖြတ်ခနဲ သတိရမိသည်က ဒေါ်ကြီးထား ကိုပါ ..။ ဒေါ်သုန်သုန် ဆိုသည့်သူ ..။ ခန့်ထည်သူ ၏ အွားဘွားဆိုတာနှင့် သူ ဆုံရပြီ ..။ ဒေါ်ကြီးထား ပြောသည့်အထဲမှာ ပါခဲ့ဖူးသည့် စိန်တွေညှတ်အောင်ဝတ်ထားသော ခုတ်ပုံထဲက ဒေါ်သုန်သုန်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ..၊ ခေါ်ကြီးထား လူကိုယ်တိုင်အပြင်မှာ မမြင်ဖူးရခဲ့သော ခေါ် သုန်သုန် ဆိုတာ .. ဤ မေမေကြီးပဲဖြစ်ချေမည်။ ဘဘတို့က မေမေကြီး ဟု ခေါ်ပုံရပါ၏။

"ထိုင်ပါ .. ထိုင်ပါ .. အေးလေ .. လာမယ်ဆိုရင်လည်း အစက တည်းက ကိုယ့်ညီမ လှမ်းဖုန်းဆက်ပေါ့ကွယ် .. စုလို .. ကြိုတင်အကြောင်း ကြားတာပျက်ကွက်ပြီး .. ရောက်လာတော့ .. ငါ့မှာ အရမ်း ဘယ်တံခါး ဖွင့်ပေးရမလဲကွယ့် .. ဒီအိမ်က .. ပေါက်လွှတ်ပဲစားလာသမျှ တံခါးဖွင့် လို့ကောင်းတဲ့အိမ်မျိုးမဟုတ်ဘူးလေ .. လူချမ်းသာလေ .. သတိပိုရှိ လေပဲ .. မင်း .. မင်းညီမ ကြာကန်သူကို .. အစကတည်းက .. မင်းလာ မယ်ဆိုတာလေးလောက်တော့ ဖုန်းလေးဘာလေးလှမ်းဆက်ထားသင့် တာပေါ့ .."

အပြစ်တင်တော့လည်း သူ ငြိမ်နေမိရသည်။ ဟုတ်တော့လည်း ဟုတ်သည်ပါပဲ။ ဤကဲ့သို့သော ရဲတိုက်ကြီးပမာရှိနေသည့် အိမ်ကြီးဆို တာက .. ချမ်းသာတကာ့ ချမ်းသာတွေထဲကသာ နေနိုင်ကြသည်ပဲလေ။ လူဆိုတာက .. လူဆိုးလူကောင်း ချိုပါသည်မှမဟုတ်ချေသည်ပဲ။ အစ်တို့ တော်ပါသည်ဆိုတာနှင့် ချက်ချင်း ဘယ်တံခါးဖွင့်ပေးဝံ့ပါ့မည်တဲ့လဲ လေ ..။ မေမေကြီးပြောတာ မှန်နေသည်တည့် ..။

"ဟဲ့ .. ခင်မေ .. အအေးတစ်ခွက်ယူလာစမ်း .. ဧည့်သည်တိုက်ဖို့ အောင် .. နေစမ်းပါဦး .. မင်း မျက်နှာမှာ အနီကွက်ကြီးလား .. ဘာတွေ လဲဟဲ့ .. ရောဂါတော့မဟုတ်ပါဘူးနော် .."

အတွင်းဘက်ကို တစ်ချက်လှမ်းအော်ပြီးတာနှင့် သူ့ကို ရုတ်ခနဲ မေးလာတော့ ရင်ထဲ ဤတစ်ကြိမ်မှာတော့ ကြေကွဲ၏။ နေပူထဲကြာကြာ နေရတော့ သူ့ ဘယ်ဖက်ပါးမှ အနီမှတ်ကြီးကပို၍ ရဲတက်လာမည် သာ ..။ နီပုတ်ပုတ်အရောင်ပင်ဖြစ်နေလောက်ပြီ ..။ အမှတ်၏ အနား သတ်တွေဆီမှ အသီးတွေဆီမှ ပူစပ်စပ်ခံစားချက်က ပို၍ပင်နီပုတ်မှုတ်





ဖြစ်နေပြီဆိုတာ သူ အလိုလိုသိနေရပါသည့်အဖြစ်။ စပျစ်ခြံမှာ နေပူထဲ အလုပ်လုပ်ချိန်တိုင်းမှ ခုလို သူ ခံစားရစမြဲ ..။ အနီမှတ်ကလည်း ပို၍ ပူစပ်စပ်ဖြစ်သည်။ အသီးလေးတွေလည်း ပို၍ပူစပ် ဖြစ်သည်။ နေပူ မီလေ ချွေးထွက်လေဖြစ်နေရင်းမှ အသီးငယ်လေး ပို၍ ပွားလာ တတ်တာကိုလည်း သူ သိခဲ့ရပြီးသား ..။ မတတ် သူ .. နေပူထဲ စပျစ်ခြံကိုစွမ်းမလုပ်၍မဖြစ်တာမို့ လုပ်လုပ်နေခဲ့ရ ကျိုးဆက် ..။ ခုကျတော့ .. ညီမလေး၏အိမ်မှာ ..။ မေမေကြီး ကြည့်ထဲမှာ .. ရောဂါသည်လိုလိုပင် အထင်ခံရသည့်ဘဝသို့ ရောက်ရချေပြီ တကား ..။

"ကျွန်တော် မွေးလာကတည်းက အနီမှတ်ပါလာတာပါ မေမေ ကြီး .."

ဟု တရိုတသေ သူ ရှင်းပြပါသည်။ ခင်မေ ဆိုသည့် ကောင်မလေး လာပို့သည့် အအေးခွက်ကို တရိုတသေ သူ ယူသည်။ ရေငတ်နေတာမို့ လည်း ထပ်သောက်မိပြန်၏။ ခင်မေ ဆိုသည့် ကောင်မလေးကလည်း သူ့ကို တကြည့်ကြည့်လုပ်နေသည်။ အထူးသဖြင့် မျက်နှာထက်မှ အနီ မှတ်ပဲဖြစ်ဖြစ်နေတာက သူ့အတွက် နေရထိုင်ရကြပ်လာစေပါ၏။ အနေ ကျုံ့လာစေသည်။ ငယ်တုန်းက ကျောင်းမှာ သူငယ်ချင်းတွေ လှောင်ကြ တာ ခံရခိုက် စိတ်ထဲသိမ်ငယ်ခဲ့ရသည့် ခံစားချက်မျိုး ရင်ထဲပြန်ရောက် လာရပြန်သည်။

"ဟဲ့ .. ဘာကြည့်နေတာလဲ .. နင့်အကြည့်ကလည်း .. သရဲတွေ့ ဘာကျနေတာပဲ .. သွား .. မီးဖိုထဲ ခေါ်မြိုင် ကို သွားလုပ်ကိုင်ကူ .."

ဖြူသေးသေးနှင့် ကောင်မလေး သူ့ကို တစ်ချက်ကြောက်ရွံ့သည့် အကြည့်ဖြင့်ကြည့်သည်။ ရုပ်ဆိုးဆိုးလူတစ်ယောက်ကို တွေ့သည့်နှယ် ရှိနေ၏။ သူ .. ရင်ထဲနှင့်ခနဲခံစားရသည်ကဖြင့် စောစောက မေမေကြီး ပြောလိုက်လေသော စကား ..။ ဘာတဲ့ ..။ တစ္ဆေတွေ့တာကျနေတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့်စကား ...။ ဟုတ်သည် ...။ သူ့ကို .. တစ္ဆေဟု မမငွေ ကလည်း ခေါ်သည်။ ခု .. ဆာမကြီးကလည်း ခေါ်ပြီ။ ခင်မေ ဆိုသည့် ကောင်မလေး ကလည်း တစ္ဆေ့ကိုနှင်သည့်နှယ် တကြည့်ကြည့်ဖြင့်ရှိခဲ့ပြီးပြီ ...။ သူ .. စတင်၍သိပြီပါ .. ဟာ .. မှားပြီ .. ဆိုသည့်အသိ။ သူ .. မလာသင့် ..။ ညီမလေးကိုယ့်ညီမ ဖိုလားသည်ထား ...။ သူ မလာသင့် ...။ ခုတော့ လွန်ကုန်ပြီ။ ခွဲကွက်၍မလေး၏ အိမ်ထဲပင်ရောက်နေပြီ ...။ သူ့ကြောင့် ညီမလေး မျက်ခွယ့် သိမ်ငယ်စရာတွေဖြစ်ကုန်ရတော့မည် ...။ သူ့ကို လောလောဆယ်အိမ် ကြည့်နေသည့် မေမေကြီး၏ အကြည့်တွေထဲမှာ ခုလို သူရောက် .. မင်္ဂလာကို ဟက်ဟက်ပက်ပက်ဖြစ်မနေတာ သိသာနေ သည်။

"ရုပ်ချင်းကလည်း တခြားစီပဲကိုး .. အင်း .. ပျိုလေး ပြောပြတဲ့အ ထဲမှာပါတဲ့ .. သူ့ရဲ့ အဖေတူအမေကွဲအစ်ကိုဆိုတာ .. ခုလို .. ရောက် လာလိမ့်မယ်လို့တော့ မထင်မိခဲ့ဖူးလေ .. ရောက်လာတော့လည်း ပျိုလေး မျက်နှာနဲ့ လက်ခံရတော့မှာပေါ့ .. အဖေတူပေမယ့် အမေမတူတော့ လည်း .. အမေချင်းခြားတော့ ရုပ်ချင်းလည်းခြားတာပေါ့လေ .. ဘယ်တူ နိုင်ပါ့မလဲ .. ပျိုလေး အမေက ငွေကျွန်းမြို့မှာ ခြံကျယ်တိုက်ကျယ်ကြီးနဲ့ နေတဲ့အမျိုးပေကိုး .. မတူနိုင်ဘူးလေ .. ဟဲ့ ခင်မေ .. ဒီခွက်လာသိမ်း ပြီးရင် .. စတိုခန်းဘေးကအခန်းလွတ်မှာ .. ဧည့်သည်အတွက် အိပ်ရာ တွေဘာတွေပြင်ပေးလိုက် .."

ဟု အော်ပြောနေပြန်တော့ ခင်မေ အအေးခွက်ကိုသိမ်းသည်။ နောက် ဘက်အခန်းထဲဝင်သွားပြန်၏။

"ဟဲ့ .. ခင်မေ .. ဧည့်သည်လည်း ခေါ်သွားလေ .. သူလည်း .. သူ နေရမယ့်အခန်း .. ညည်းကို ကူညီပြီး လုပ်ကိုင်ကူသင့်တာပေါ့ .. ကဲ .. မောင်ရင် .. လိုက်သွား .."

ဟု ပြောနေတော့ သူ ထရပ်လိုက်သည်။ ခင်မေ ခပ်သုတ်သုတ်





လျှောက်တော့ သူ နောက်မှလိုက်ရသည်။ မေမေကြီးလည်း အပေါ်ထပ် တက်သွားပြီ ...။ ရုတ်ခနဲ သူ မြင်လိုက်ရသည်က အိမ်ကြီး၏ နံရံမှာရှိ နေသည့် မင်္ဂလာဆောင်နံ့ဓာတ်ပုံများ ...။ အန်ကယ်နှင့် အန်တီ၏ ပုံလည်း ရှိသည်။ ပြီးတော့ .. သြော် .. ပြီးတော့ .. ညီမလေးနှင့် ခန့်ထည်ဝါ တို့ ၏ ပုံ ...။ သူ ကြည့်ရာကိုလိုက်၍ ခင်မေ ကြည့်ကာ ...

"အဲဒါ .. ဟိုတယ်ကြီးမှာ အစ်ကိုလေးနဲ့ မမပျိုလေး တို့ လက်ထပ် တုန်းကပုံပေါ့.. တခမ်းတနားကြီးရယ် .. မင်္ဂလာပွဲကြီးကို .. အဲဒီတုန်း က .. ခင်မေ ဖြင့် မြင်ဖူးချင်လိုက်တာမှ စွေ့စွေ့ခုန်ပဲ .. မလိုက်ရဘူး လေ၊ ဓာတ်ပုံပဲမြင်ရတာ .."

ဟု ကလေးပီပီ လွှတ်ခနဲပြော၏။ နောက်တော့ သူ့ကို လန့်နေတာ ပြန်၍ ရင်ထဲအမှတ်ရလာပုံဖြင့် ခပ်သုတ်သုတ်ရှေ့မှ ဆက်လျှောက်ပြန် ၏။ ခင်မေ ခေါ်လာသည့် အခန်းသို့ သူလည်း လိုက်ဝင်ရသည်။ အခန်း လေးက ကျယ်ကျယ်လွန့်လွန့်တော့ရှိသည်ပါပဲ။ သံခုတင်ဟောင်းတစ် လုံးက အခန်းထောင့်မှာရှိနေသည်။

"ဟဲ့ .. ခင်မေ .. သူက ဘယ်သူတုန်း .."

ဟင်းချက်နေသည့် အဒေါ်ကြီးက လှမ်းမေးသည်။ သူ .. ပြုံး၍ ဝင်ဖြေရပါ၏။

"ကျွန်တော် .. ပျိုလေး ရဲ့ အစ်ကိုပါ .. ရွာကလာတာပါ .."

ဟု ဖြေတော့ ပိန်သေးသေး ညိုညက်ညက်ဖြင့် အဒေါ်ကြီးမှ ဟင်းအိုး မွှေနေရင်း ...

"ဟဲ့ .. ပျိုလေး ရဲ့ အစ်ကိုတဲ့ ခင်မေ .. ညည်း နားကြားလွဲပြီး ဒီ အခန်းထဲခေါ်လာတယ်ထင်ရဲ့ .. ခက်ပါ ရဲ့နော် .. ဟဲ့ .. ဒီအခန်းက .. ငါတို့လို အစေအပါးရဲ့အမျိုးတွေ တောကခဏလာတဲ့အခါ .. တည်းခို ဖို့ထားတဲ့ အခန်းဆိုတာ ညည်း သိရက်နဲ့အေရယ် .. ဒါတောင်မှ .. ငါ့ဘကြီးအရင်းလိုမျိုး ဘုရားဖူးလာရင်း လာတည်းလို့ရတာ .. ဆွေစပ်



www.burmeseclassic.com

www.burmeseclassic.com



စပ် .. မျိုးစပ်ပပ်ဆိုရင်တော့ အတည်းမခံဘူး .. ပျိုလေး ရဲ့ အစ်ကိုကိုတော့ မေမေကြီးက ဒီအခန်းမပြင်ခိုင်းလောက်ပါဘူး .. ညည်း .. နားကြားလွဲနေပြီထင်တယ် .. အပေါ်ထပ်က အခန်းဖြစ်မှာပါ .. သေချာသွားမေးစမ်းပါ့အေ .. ပျိုလေး ရောက်လာရင်လည်း .. စိတ်ဘယ်ကောင်းပါ့မလဲ .. ညည်း ပျာတိပျာယာနဲ့ အခန်းမှားပြီး ဒီမှာ လာထားတာ ဟိုက စိတ်ဆိုးလိမ့်မယ် ..''

သူ ကြားနေရရင်း ရင်ထဲဆို့လာရပြီ။ ဪ .. အစေအပါးတို့နှင့် ပတ်သက်ရာအခန်းမှာ သူ့ကို မေမေကြီးက အိပ်ဖို့ အခန်းပြင်စေခဲ့သည် တကား ..။ ခုကျတော့မှ .. သူ့မျက်နှာကို တုန်ခါနေသည့် လက်ချောင်းလေးတွေဖြင့် စမ်းနေမိသည်။

''ငါ့ရုပ်အဆင်းကိုက .. ညံ့ဖျင်းတာ .. ညံ့ဖျင်းတာ ..''

ဟု တနင့်နင့်ခံစားနေမိရသည်တည့် ...။

''ဟာ .. ဒေါ်လေးမြိုင် ကလည်း .. ဒီအခန်းကို ပြင်ခိုင်းတာပါ– နားကြားမမှားပါဘူး .. မယုံရင် .. ဒီက ဒေါ်ခင်သည်ကြီးကို မေးကြည့်ပါလား ..''

ဟု ပြောစဉ်ခိုက် အိမ်ရှေ့မှ ကားသံကြောင့် ...

''ဟဲ့ .. ပျိုလေး တို့ ပြန်လာပြီထင်တယ် .. ကြိုစမ်း .. ကြိုစမ်း..''

ဟု ပြောတော့ ခင်မေ ပြေး၏။

''ဟဲ့ .. အစ်ကိုရောက်နေတယ်လို့လည်း ပြောပြလိုက် .. ပြောပြလိုက် ..''

ဟု တဆက်တည်း ဒေါ်ကြီးမြိုင် မှ လှမ်းအော်သည်။ နောက်တော့ သူ့ကို လှမ်းကြည့်၏။ သူ အခန်းပြင်ထွက်ငိုင်ရပ်နေသည်ပါပဲ။ သူ့ကို ဤအခန်းမှာ တည်းစေသည့် မေမေကြီး၏ အစီအမံကြောင့် ဒေါ်ကြီးမြိုင်လည်း မျက်နှာမကောင်း။ သူ့ကို သနားသလိုကြည့်နေသည်။ ဒါပေမယ့် အစေအပါးပေပဲလေ ..။ ဘာမျှ အိမ်ကြီးရှင်ကို မဝေဖန် ..။ သူ့အလုပ်





သာ ဆက်လုပ်၍ ချက်ပြုတ်နေသည့်အဖြစ် ..။

မကြာလိုက် ..။ ပျိုလေး ရောက်လာသည်။ ဘေးမှာကလည်း ခန့်ထည်ဝါ ပါ ပါလာ၏။ အန်ကယ်နှင့် အန်တီကလည်း နောက်မှ ပြုံးပြုံးဖြင့်လိုက်လာကြသည်။

''ကိုကို ရောက်လာတယ် .. ပျိုလေး ကို ဖုန်းအရင်ဆက်တာ မဟုတ်ဘူး၊ ပျိုလေး လာကြိုမှာပေါ့ ..''

ဟု ပြောတာတစ်ခုတည်းဖြင့်ပင် စောစောက ကြေကွဲခံစားနေရသေသမျှ အားလုံး ပြေပျောက်အေးမြကုန်ရသည်ပါပဲ။ သူ ပြုံး၍ ညီမလေး၏ ဆံစကို သပ်ပေးမိသည်။

''ကိုကို ခဏလာတာပါ .. ညမအိပ်တော့ပါဘူး .. ခဏဝင်တွေ့ရုံပါ .. ညီမလေး .. ဒါ .. ဒေါ်ကြီးထား ထည့်ပေးလိုက်တဲ့ ငါးပိကြော်ဘူလင်းနဲ့ ဘာလချောင်ကြော်ပုလင်း .. ဒါက .. ခြံထွက် စပျစ်သီးတွေ.. ဒါက .. တောကြက်ဥတွေလေ .. ရန်ကုန်မှာ မွေးမြူရေးကြက်ဥတွေပဲ ရသတဲ့ .. ဒေါ်ကြီးထား ပြောပြလို့ .. ကိုကို ဈေးထဲကဝယ်လာခဲ့တာ .. တောကြက်ဥစစ်စစ်တွေ .. ဒါက .. သနပ်ခါးတုံး .. ဒါက .. ဒီကျွတ်ကျွတ်အိတ်ထဲမှာက .. ရွာက ယက္ကန်းစင်ကဝယ်လာတဲ့ ပုဆိုးစတို့ .. အင်္ကျီစတို့ .. အန်ကယ်နဲ့ အန်တီအတွက်ရော .. ညီမလေးနဲ့ .. ညီလေးအတွက်ရောပါလာတာ .. ရန်ကုန်က ပူတယ် .. ဒေါ်ကြီးထား ပြောတာကဖြင့် ရွာနဲ့မတူဘူးတဲ့လေ .. ချည်သားလေးတွေဝတ်ရအောင် ကိုကို ဝယ်လာတာ .. တစ်ယောက်အတွက် လေးစုံလောက်ပါတယ် .. မိန်းမဝတ်တွေက လက်ယက္ကန်းထည် .. ချည်ပန်းပွင့်ထိုးလေးတွေနဲ့ သိရဲ့လား ..''

သူ ဆက်တိုက်ပြောကာ ပစ္စည်းတွေပေးနေတော့ ညီမလေးယူသည်။ စပျစ်သီးထည့်ရာ ကျွတ်ကျွတ်အိတ်ကို ခင်မေ လက်ထဲ ညီမလေး ပေးသည်။

''ကဲ .. ညီမလေး .. ကိုကို ပြန်မယ် .. နောက်တစ်ခေါက်မှာ ကြာကြာနေမယ်လေ .. ခုက .. ရောက်ပြန်ပဲဖြစ်ရတာ ..''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ မလုံမလဲကြည့်မိသည်က မီးဖိုထဲမှ ဒေါ်ကြီးမြိုင်ကိုပါ ..။ ဒေါ်ကြီး၏ ခပ်ငေးငေးအကြည့်မှာ စိတ်ထိခိုက်ရိပ်တွေ ဖြည်နေသည်။ သူ .. ဘာကြောင့် .. ညအိပ်ညနေ .. မနေဖြစ်တော့တာ ဒေါ်ကြီးနှင့် ခင်မေ တို့ သိကြချေမည်သာ ..။

"ဟာ .. မဟုတ်တာ .. အပေါ်ထပ်က အခန်းသွားပြင့်စမ်း ခင်မေ ဘာလို့ အစ်ကိုကြီးက ချက်ချင်းပြန်ရမှာတဲ့လဲ .. မဟုတ်တာဗျာ ရောက်လာတာနဲ့ မီးဖိုခန်းထဲဝင် .. ပါတဲ့ဥစ္စာတွေချထားခဲ့ပြီး .. ပြန်ထွ ရမလား‌ဗျ .. တစ်ပတ်လောက်တော့ အနည်းဆုံးနေရမှဖြစ်မယ် .."

ခန့်ကည်ဝါ အတင်းတား ..။ ခင်မေ့ ကို အခန်းပြင်ခိုင်းနှင့် ရှိစဉ်မှာ ..

"ဟုတ်တယ် မောင်ထိန်သာ .. ရောက်မှတော့ ညှိသည်လာ ညှိသည်ပြန် .. ဘယ်လုပ်လို့ဖြစ်မလဲ .. ဒါ .. ပျိုလေး ရဲ့ အိမ်ပဲ ညီမလေးအိမ် .. ညီလေးရဲ့ အိမ် .. အဲဒါ သိရမှာပေါ့ကွယ် .. အန်ကယ်ကလည်း အပြန်မခံနိုင်ပေါင်ဗျာ .. ကဲ .. စန္ဒာ .. မောင်ထိန်သာ့ ကိုအောင် တားစမ်းပါ .. ကိုယ် အပေါ်ခဏတက် .. အဝတ်လဲလိုက်ဦးမယ် .. မေမေနဲ့လည်း မောင်ထိန်သာ မတွေ့ရသေးဘူးထင်တယ် .."

ဟု ပြောနေတော့ သူ ပြုံး၍ ...

"မေမေကြီးကို တွေ့ပြီးပါပြီ .. မေမေကြီးပဲ အိမ်ထဲဝင်ထိုင်ခိုင်း ညှိဝတ်ပြုခဲ့တာပါ အန်ကယ် .."

ဟု ဖြေရပါ၏။ သူ .. မလုံမလဲထပ်ကြည့်မိသည်က ခင်မေ့ ကိုပါ အစစအတွင်းသိထားသည်က ခင်မေ နှင့် ဒေါ်ကြီးမြိုင် ပဲ ဖြစ်နေသည်ကိုးလေ ..။ ခင်မေ သူ့ကိုမကြည့် ..။ အပေါ်ထပ်သို့တက်သွား၏။ သသေးက အခန်းသွားပြင်ပေးမည့်သဘော ..။ သူလည်း ပြန်၍ဖြစ်တော့မည်မဟုတ်။ အနည်းဆုံး တစ်ညတော့ အိပ်မှဖြစ်ချေမည်သာ ..။

"ကဲ .. ကဲ .. ပျိုလေး .. သမီးရဲ့ကိုကို့ကို .. အပေါ်ထပ်ကအခန်း





ခေါ်သွား .. ညှိသည်တည်းတဲ့အခန်းလေ .."

ဟု ပြောနေခိုက် အပေါ်ထပ်ဆီမှ ..

"ပျိုလေး .. ဘွားဆီ ခဏလာစမ်း .."

ဟု မေမေကြီး ထွက်ခေါ်နေတော့ သူ ပြုံး၍ ...

"သွားလိုက် .. မေမေကြီး ခေါ်နေတာ သွားလိုက် .."

ဟု စောစောက မေမေကြီး မနှစ်မမြို့ဖြစ်ခဲ့တာတွေ ဘာမျှ သူ့အပေါ် သက်ရောက်ခဲ့သည့်နှယ် ပေါ့ပေါ့ပါးပါးဟန်ဆယ်၍ ပြောလိုက်ရပါပြီ ..။

"လာ .. လာ .. အန်တီ လိုက်ပို့မယ် .. ကဲ .. ပျိုလေး .. ဘွားဆီကို သွားလိုက် .. သွားလိုက် .."

အန်တီစန္ဒာ လည်း အပေါ်မော့ကြည့်လိုက်သည်မို့ မျက်နှာတင်းနေသည့် မေမေကြီးကို မြင်ချေမည်သာ ..။ တစ်ချက်တော့ အန်တီစန္ဒာ မျက်နှာပျက်ချင်၏။ ဒါပေမယ့် ချက်ချင်း ဟန်ဆယ်၍ ပြုံးကာ ညီမလေးကို ပြောသည်။ သူ့ကိုလည်း ပြုံး၍ကြည့်သည်။ ညီမလေး မေမေကြီးခေါ်ရာသို့ သွားလိုက်ချိန်မှာ ..။ သူ့ကို အန်တီစန္ဒာ က အပေါ်ထပ်သို့ခေါ်လာပါ၏။ သူ တိတ်ဆိတ်စွာ နောက်မှလိုက်လာရသည်။ ရင်ထဲမှာ အနေကျုံ့ခြင်းနှင့် မွန်းကြပ်ခြင်းတွေ ပါလာနေသည်ပါပဲ။ မေမေကြီးက အတိအလင်းအောက်ထပ်ရှိ စတိုခန်းဘေးမှ အခန်းမှာ သူ့ကို နေခိုင်းတာ ပြောင်ပြောင်တင်းတင်းပြောထားခဲ့ပ လျက် ..။ သူက .. မသိဆိုးဝါးနိုင်စွာ အပေါ်ထပ်သို့ မော့တော့မော့တော့ဖြင့် တက်လာသည့်နှယ် ဖြစ်ကုန်ပြီ။ မေမေကြီး ပျိုလေး ကို ခေါ်ပြီးတစ်ချက် ခဏ ချုပ်ကာ သူ့ကို မျက်နှာတင်း၍ ကြည့်တာကိုလည်း သူရော ပျိုလေး ရော ..။ အန်တီစန္ဒာရော မြင်ကြသည်သာ ..။ ပျိုလေး မျက်နှာ မလန်းပဲ မေမေကြီးနောက်သို့ လိုက်သွားရသည်။ သူလည်း မျက်နှာမလန်းဘဲ အန်တီစန္ဒာ နောက်သို့ လိုက်လာရပြီ ..။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲထိ အန်တီ ခေါ်လာကာ သူ့ကို အားယူပြုံးကြည့်သည်။

"မေမေက .. သား ခန့်လေး ရဲ့ ဘွားဘွားပေါ့ .. ကိုလူထက် ရဲ့ မေမေပါ .. ပျိုလေး ကတော့ ဘွားလို့ပဲခေါ်တယ်လေ .. အလုပ်သမား တွေကတော့ မေမေကြီးလို့ခေါ်ကြတယ် .. မေမေက .. စည်းကမ်းနည်း နည်းကြီးတယ်ကွယ့် .. ဒါပါပဲ .."

ဟု ဖြေပြေရာစကားကိုရှာ၍ ပြောရှာသည်။ ခင်မေ မှ ဗီရိုကြီးထဲ မှ အိပ်ရာခင်းတွေဘာတွေထုတ်၍ ခင်းကျင်းနေတော့ အန်တီဝင်၍ ခင်းကျင်းကူသည်။ သည်တော့လည်း သူ ငြိမ်၍ မကြည့်နိုင် ..။ လိုက်၍ လုပ်ကိုင်ကူရပြန်၏။ မကြာလိုက် ..။ သပ်ယပ်သော အိပ်ရာအခင်းအကျင်း တစ်ခုသည် လှပသော ဖဲတွေဖြင့် ရှိသွားရပါ၏။ ခေါင်းအုံးစွပ်တွေ ဖက်အုံးတွေ၊ အိပ်ရာခင်းတွေက အားလုံးအပြာရောင်ဖဲသားတွေချည်း ဖြစ်သည်။ ခြင်လုံဇကာတွေရှိသည့် အခန်းပြတင်းတံခါးတွေကြောင့် လားမသိ ..။ ခြင်ထောင်မရှိ ..။ အခန်းသည် ကျယ်ကျယ်လွင့်လွင့်ရှိ သည်။ တီဗီတွေ၊ အောက်စက်တွေ၊ ဘာတွေနှင့် ဖြစ်၏။ သူ့မှာ လွယ် အိတ်တစ်လုံးပဲ လွယ်ထားတာရှိနေတာမို့ ..။ အဝတ်အစားထည့်ရာ ဗီရို ကြီးကိုပင် အားနာမိသည်။ အဝတ်က သုံးစုံလောက်ပဲပါလာသည်လေ။

"နားလိုက်နော် .. ကဲ .. ခင်မောင် .. ဒီအစ်ကို့အတွက် .. နွားနို့ တစ်ခွက်ရယ် .. ပေါင်မုန့်ရယ် ယူလာပေး .. တစ်အောင့်လောက် မောင် ထိန်သာ နား .. ရေမိုးချိုး .. ပြီးရင် .. ထမင်းစားနော် .. နေ့လယ်စာ မစားရသေးဘူးမဟုတ်လား .. အန်တီလည်း အခန်းခဏပြန်မယ် .. ပြီးရင် .. မောင်ထိန်သာ နဲ့ ဧည့်ခန်းမှာ တွေ့မယ်လေ .. အန်ကယ်က လည်း ဝမ်းသာနေတယ်ဆိုတာ မောင်ထိန်သာ သိမှာပါ .. ဒီမှာ တစ် ပတ်လောက်တော့ နေစေချင်တယ် .. ဘုရားလည်း ဖူးပေါ့ကွယ် .. သား ကလည်း နေစေချင်တယ်ဆိုတာ ယုံမယ်ထင်ပါရဲ့ .. ပျိုလေး လည်း ပျော်နေတာပဲကွယ် .. ကျန်တာတွေကို ခေါင်းထဲထည့်မထားနဲ့ .."





မေမေကြီးကိုများ ရည်ရွယ်၍ပြောခြင်းလားဟု သူ တစ်ချက်တွေး ဖြစ်၏။ မေမေကြီးဘက်က သိပ်ပြီး ဟက်ဟက်ပက်ပက်မရှိတာကို အန့်ဝ ရိပ်မိနေပြီထင့် ..။ ဘာကြောင့်ဆို .. စောစောက ခပ်တင်းတင်း အပေါ်ထပ်စကြံန်ဆီမှ ပျိုလေး ကို မေမေကြီး လှမ်းခေါ်တာ ..။ သူ့ကို မျက်နှာတင်း၍ကြည့်တာတွေကို .. အန်တီလည်း မြင်သည်ကိုးလေ ..။

"စပျစ်ခြံအလုပ်တွေ ခေါင်းထဲထည့်မထားနဲ့ပေါ့ကွယ် .. အလုပ် ကိစ္စ .. ခေါင်းထဲက ဖျောက်ထားလိုက်ပါ .."

ဟု အန်တီ စကားကို ပြန်၍ဖြေပြေစေသည်။ နောက်တော့ အခန်း ထဲမှ ထွက်သွားပါ၏။ သူ .. ခုတင်ထက်မှာထိုင်သည်။ လက်နှစ်ဖက် ကို ပေါင်ပေါ်တင်ထားကာ ငြိမ်နေမိ၏။ ပျိုလေး ရောက်လာတော့ သူ အနေခက်စွာကြည့်မိရပါ၏။ ပျိုလေး ၏ မျက်နှာ .. စောစောကလို မဟုတ်တော့ပြီ။ သူ့ဘေးမှာ လာထိုင်သည်က ခြေပစ်လက်ပစ်နိုင်နေ၏။ သူ့ကိုလည်း ညီမလေး ကြည့်သည်က ပဆောင်းဆောင်းဖြစ်နေပြီ။ ဤ အကြည့်ကို သူ သိသည်ပေါ့။ မကျေမနပ် စိတ်ကောက်စဉ်တိုင်း ညီမလေး လုပ်နေကျ ..။ ဒါပေမယ့် .. ဤတစ်ကြိမ်က စပျစ်ခြံအိမ်မှာမဟုတ်။ မြစမ်းရေအိမ်ကြီးမှာ ဖြစ်နေသည်။ စိတ်ကောက်ကြည့်မဟုတ်သော ပဆောင်းဆောင်းအကြည့်လည်းဖြစ်နေပြီ။ အပြစ်တင်ကြည့်ဆန်နေသည်။ ခရီးရောက်မဆိုက်မှာ အစ်ကိုဖြစ်သူကို ကြည့်သည့်အကြည့်သည် အပြစ် တင်ကြည့် ဖြစ်နေချေပြီတကား ..။

"ကိုကို သိပ်ခက်တာပဲ .. လာမယ်ဆိုရင် ဖုန်းဆက်ပြောပြရော ပေါ့ .. ဘွားက အဲဒါ ခေါ်ပြောတာ .. ကြိုတင်မပြောဘဲလာတော့ .. ခက်တာပေါ့တဲ့ .. ကိုကိုက .. လူဆိုးရုပ်ကြီးတဲ့ .. အရှမ်းမဖွင့်ပေးရဲဘူး တဲ့ .. အဲဒါ .. ကိုကိုကလည်း အရိပ်သုံးပါးနားမလည်ဘူးတဲ့ .. တခြား မှာ ခဏသွားတည်းပေါ့တဲ့ .. တည်းခိုခန်းဇတွေ ရန်ကုန်မှာ ပေါမှပေါပဲ ဥစ္စာပဲ .. လူမြင်မကောင်းအောင် ခြံပေါက်ဝမှာ တမျှော်မျှော်နဲ့ ဆောလု

www.burmeseclassic.com



မြင်မကောင်းအောင် ပေကပ်ပြီးနေနေတယ်တဲ့ .. တကယ်ဆိုရင် .. နောက်မှ သပ်သပ်တစ်ခါလာ .. လာခင် ညီမလေးကို ဖုန်းဆက်ပြော ပြီးရင် .. ဒီမှာ တည်းပေါ့တဲ့ .. ဘယ်သူကမှလည်း တည်းခိုခန်း ဆက်မထားကြပါဘူးတဲ့ .. ခဏလေးလောက်ပဲ .. ဟိုမှာ သွားတည်း ရတာပါပဲတဲ့ .. ခုကျတော့ .. ဒီအိမ်ကြီးမှာပဲ တည်းဖို့ဖောကပ်ပြီး .. ခြံဝမှာ နာရီနဲ့ချီပြီး နေပူထဲပေကပ်ပြီး အလိုက်မသိ .. နေနေတာတဲ့ .. အဲဒါပေါ့ .. ကိုကို လုပ်ပုံမဟုတ်တော့ .. ပျိုလေး အဆူခံရတယ် .. တကယ်က ကိုကို ကြိုပြီး ဖုန်းဆက်ထားရင် .. ဒါတွေ ဘာမှကိုဖြစ်ထ စရာမရှိတာ၊ ကိုကို ဗြုန်းစားကြီးရောက်လာချိန်မှာ ပျိုလေး ကလည်း အိမ်မှာမရှိဘဲ ဖြစ်နေတော့ .. အားလုံးရှုပ်ကုန်ကာပါပဲ .. ဒီ မြစိမ်း အိမ်က .. ကြာကန်ရွာက စပျစ်ခြံလိုမဟုတ်ဘူး ကိုကိုရဲ့ .. ဘွား အရမ်းစည်းကမ်းကြီးတာ .. စည်းကမ်းသမား .. ခက်တာပါပဲ .."

ဟု ညီမလေး ခေါင်းကုပ်ကာ ညည်းသည်။ ပျော်ရမယ့်အစား စိတ်ညစ်လက်ညစ်ဖြစ်စရာတွေ ကြုံနေရသည့် ညီမလေးကို သူ အား သည်။ တောင်းပန်ကြည့်လည်း ကြည့်မိရပါပြီ။ ဆံစလေးကို သူ သပ်ပေး တော့ ညီမလေး မခံ ..။ စိတ်ရှုပ်ပုံဖြင့် ခေါင်းကိုတိမ်းသည်။ သူ့ရင် ထိခိုက်ရပါ၏။ ညီမလေး တကယ့်ကို သူ့အပေါ် စိတ်ပျက်လက်ပျက် ဖြစ်နေသည်တကား။ ကြည့်ရတာ .. မေမေကြီးကလည်း ညီမလေး တော်တော်လေး ပြောခဲ့ဆိုခဲ့ပုံရသည်။

"အေးလေ .. ငါ အနေမတတ်လို့ .. ညီမလေးခမျာ .. အပြောအဆို ခံရတာ .. ကြားထဲက မျက်နှာပျက်ရတာ .. ငါ့ကြောင့် .. ငါ့အမှားကြောင့် ငါ အဆင်ခြင်ကင်းလို့ဖြစ်ရတာ .. တကယ်ဆို .. ငါ .. ညီမလေးပြော သလို .. တခြားမှာ ခဏသွားတည်းခိုလိုက်ရမှာပေါ့ .. ဒီအိမ်ကြီး ဘယ်ထွက်ပြေးမှာမို့လို့လဲ .. နောက်မှ တစ်ခေါက်ထပ်လာရင်လည်း ရတာပဲဥစ္စာ .."





ညီမလေး ပြောသည့်လေသံအတိုင်း သူလိုက်၍ သူ့ကိုယ်သူအပြစ် တင်နေမိရပေမယ့် ..။ ရင်ထဲမှာ .. ကြေကွဲဆို့နင့်နေခြင်းတွေက ဆင့်ကဲ ဆင့်ကဲကြီး နှလုံးအိမ်ကို ထိုးဆောင့်နေကြချေသည်တကား ..။ ကြေကွဲ ခြင်းကို မည်သို့သော ဆင်ခြေတွေနှင့်မှ သူ ကာဆီး၍မရနိုင်ပဲဖြစ်နေ သည်။ ညီမလေး သူ့ကိုမြင်လျှင် ပျော်မည်ဆိုသည့်အဖြေဖြင့် သူ လာမိ ခြင်း ..။ ရင်ဆိုင်ကြုံရသည်က တခြားစီဖြစ်နေသည်လေ ..။

"ဟုတ်သားပဲ .. ကိုကို့ရုပ်ကလည်း .. လူဆိုးကြီးကျနေတာပဲ .. ပြီးတော့ .. လူရှိသေအောင် လက်ဆွဲအိတ်တွေဘာတွေနဲ့ မလာဘူး .. လွယ်အိတ်နဲ့လာတယ် .. ခြစ်းတောင်းကလည်း အဟောင်းကြီး .. ပြီး တော့ ကြီးလည်းကြီးသေးတယ် .. တောသားဂိုက် .. ရုပ်ကလည်း လူဆိုး ရုပ် .. ဘွားက .. ဘယ်ဖွင့်ပေးရဲပါ့မလဲ .. ပျိုလေး ရဲ့ ကိုကိုဆိုတာကြို တင်သိရရင်တော့ တစ်မျိုးပေါ့ .. ကိုကိုကိုက .. ဖုန်းမဆက်တာ အဆိုး ဆုံးပဲ .."

"ဟုတ်တယ်နော် .. ကိုကို သတိလွတ်သွားတာ .. ဆက်ရမှာပေါ့ .. စိတ်မဆိုးပါနဲ့ ညီမလေးရယ် .. ပြီးတော့ .. ကိုကို့ ရုပ်ဆိုးတာက .. မွေးရာပါလေ .."

"အဲသလိုသိရင်လည်း အစကတည်းက ဆင်ခြင်ပေါ့ ကိုကိုရဲ့ .. တော်ပြီ .. နောက်ကို .. ကိုကို မလာနဲ့ .. ပျိုလေး ပဲ ရွာကိုလာခဲ့မယ် .. ကိုကို့ကြောင့် ပျိုလေး အဆူခံရတာကိစ္စမရှိပါဘူး .. ကိုကို့ကို အထင် သေးတာလည်း .. မြင်ရတော့ .. ပျိုလေး စိတ်ထဲထိခိုက်ရတယ် .. သိပ် စိတ်ညစ်တာပဲ .. ကိုကိုကလည်း .. ကိုယ့်ရုပ်ကိုယ်သိပြီး .. ဆင်ခြင်ပါ သား .. ခုလို .. လိုက်လာတော့ .. ကိုကိုလည်း မကောင်းဘူး .. ညီမလေး လည်း .. ကိုကို့ ညီမဖြစ်နေတော့ .. ကိုယ့်အစ်ကို .. ခုလိုဆက်ဆံခံရ တာ .. ရင်ထဲနာတယ်သိလား .. နောက်မလာနဲ့ ကိုကိုရယ်"

ဟု ပြောကာ ညီမလေး မျက်ရည်ကျသည်။ အခန်းထဲမှ ပြေးထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားတော့ သူငိုင်၍ကျန်၏။ ညီမလေး ထွက်သွားပြီး မကြာလိုက် ခင်မေ နွားနို့ဖန်ခွက် .. ပေါင်မုန့်တို့နှင့် ရောက်လာသည်။ သူ ငိုင်နေဆဲ ..။ ငြိမ်နေမြဲ ..။ စားပွဲပေါ် စားသောက်စရာချနေစဉ်မှာ ခန့်ထည်ဝါ ဝင်လာ၏။

''အစ်ကိုကြီး .. စားနော် .. ညီလေး ခဏအပြင်ပြေးရဦးမယ် .. အလုပ်ကိစ္စပေါ်လာလို့ အစ်ကိုကြီး .. ဖေဖေလည်း တူတူလိုက်ရမှာ .. ညနေမှ တွေ့ကြမယ်နော် အစ်ကို .. နေ့လယ်စာစားပြီးရင် .. တစ်ရေးအိပ်ပြီး နားပေါ့ အစ်ကို .. ဒီနေ့ .. ညီလေး မွေးနေ့လေ၊ မွေးနေ့မှာ အိမ်မှာ အားလုံး ညစာစားကြမှာလေ .. မွေးနေ့ပေမယ့်လည်း အလုပ်ကိစ္စပေါ်လာရင် မနားရဘူးဗျ .. ပြေးရတာပဲ အစ်ကိုရ .. အစ်ကိုရောက်တုန်းဗျာ .. အားနာတယ် .. ညနေမှ တွေ့မယ်နော် အစ်ကို ..''

ဟု ပြောကာ ထွက်သွားပါ၏။

''ညီလေး .. မေမေကြီးနဲ့ .. ဪ .. ညီလေးရဲ့ ဘွားနဲ့ တွေ့ပြီးပြီလား ..''

ဟု တစ်ချက် သူမေးတော့ ခန့်ထည်ဝါ မျက်နှာမကောင်း။ ခေါင်းတော့ညိတ်ပြသည်။ သေချာပြီ ..။ ခေါ်ဆူပြီးလောက်ပြီ ..။ သူ ပြုံးရွှဲ

''သွားလေ ညီလေး .. အလုပ်ကိစ္စဆိုတာ .. နောက်ကျလို့မကောင်းဘူးလေ ..''

ဟု ပြောတော့ ခပ်ငေးငေးကြည့်သည်။

''အစ်ကို .. ညနေမှ ညီလေး တွေ့မယ်နော် .. သက်သောင့်သက်သာနေပါ အစ်ကိုကြီးရယ် .. မနက်ဖြန် .. ဘုရားဖူးလိုက်ပို့မယ်နော်..''

ဟု ပြောရှာ၏။ သူ ခေါင်းညိတ်သည်။ ခန့်ထည်ဝါ ထွက်သွားတော့ သူ စတင်၍ နွားနို့ဖန်ခွက်ကြီးကိုယူသည်။ အိမ်ရှင်က စားဖို့လာချသည့် အစားအစာ ..။ ချေ့သည်က ချန်ထား၍ မကောင်း ..။ သည်တိုင်းထားခဲ့လျှင် ရိုင်းရာကျမည် ..။ သူ .. နှုတ်ခမ်းတွေတုန်နေ၏။ နွားနို့





နှံ့အောင်သောက်နေရင်း မျက်ရည်တွေကျကျလာနေသည်။ ငိုနေရင်းသည်း သူ ပေါင်မုန့်ကိုဆက်စား၏။

''နောက်ကို .. ကိုကို မလာနဲ့ .. ပျိုလေး ပဲ .. ရွာကိုလာမယ် .. ကိုကိုကလည်း ကိုယ့်ရုပ်ကိုယ်သိပြီး ဆင်ခြင်ပါ့လား .. ခုလို လိုက်လာတော့ .. ကိုကိုလည်း မကောင်းဘူး .. ညီမလေးလည်း .. ကိုကို့ ညီမဖြစ်နေတော့ .. ကိုယ့်အစ်ကို .. ခုလို ဆက်ဆံခံရတာ ရင်ထဲနာတယ်သိလား .. နောက် .. မလာနဲ့ ကိုကိုရယ် ..''

သူ ကြားယောင်နေမိဆဲ ညီမလေး၏အသံ ..။ မုန့်စားနေရင်းသူ ငိုသံထွက်နေသည်။ ငိုနေရင်း ပေါင်မုန့်ကိုဝါးနေသည်။ ကလေးတစ်ယောက် ချောင်လေးတစ်ချောင်မှာ ငိုနေရင်း မုန့်စားနေသည့်နှယ်ဖြစ်နေသည်။ တအင့်အင့်ငိုသံက ရင်ကို ဆောင့်နေ၏။ စားသောက်ပြီးတော့.. သူ ခဏ ခုတင်ထက်မှာ ထိုင်နေမိရပါ၏။ လက်ဖဝါးနှစ်ဖက်ကို ဒူးပေါ်တင်ထားသည်။ ကြမ်းပြင်ကိုငြိမ်၍ တွေ၍ကြည့်နေ၏။ ဖေဖေ့ပုဆိုးကို ဝတ်ထားတာမို့ ပုဆိုးကိုကြည့်မိသည်။ ဖေဖေ့ အင်္ကျီကိုဝတ်ထားတာမို့ အင်္ကျီကိုကြည့်မိသည်။ ဖေဖေ ဘေးမှာရှိနေသည်ဟု ခံစားဖြစ်လာ၏။

''ညီမလေးက .. ကလေးပါ ဖေဖေ .. သူ စိတ်ထဲကပါလို့ပြောတာမဟုတ်ပါဘူး .. ဒီကိုမလာနဲ့လို့ပြောတာ .. စိတ် .. ထဲ .. က .. ပါလို့.. မဟုတ် .. ပါဘူး ..''

သူ့အသံတွေ တုန်ခါနေသည်။ အက်အက်ကွဲကွဲနိုင်နေသည်။ ရင်သည် ဖုတ်လှိုက်လှိုက်ဖြစ်နေ၏။ ဖေဖေ့ကို တိုင်တည်ရင်း ညီမလေးကိုအကာကွယ်ကွယ်ပြောနေမိရပေမယ့် .. သူ့ရင်တွေ ဍ်တစ်ကြိမ်မှာတော့ နင့်နင့်ပါအောင် ကျေနေကြသည်။ သူ .. သူ .. ညီမလေးကို .. ဍ်အိမ်ကြီးမှာ မျက်နှာပျက်စေဖို့သက်သက် ရောက်လာသူတစ်ယောက်ဖြစ်နေသည်မို့ ..။ ရင်ထဲမှာ ဖြေဆည်ရာမရ နောင်တဖြစ်ရပါ၏။ သူ.. သူ .. အလိုက်ကမ်းဆိုးမသိသည့် လူတစ်ယောက်ဖြစ်ခြင်းမှာ ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်ကောလေ ..။ တကယ်ဆို .. သူ မကျွမ်းသည့်နေရာသစ်တစ်ခုတွင် ခုလို .. ကိုယ့်သဘောတစ်ခုတည်းဖြင့် ရောက်လာဖို့ကို မကောင်း .. ညီမလေးပြောသလို .. သူ .. ကြိုတင်၍ ဖုန်းဆက်ကိုဆက်ရမည့်ကိစ္စ .. သူ့ကိုမြင်လျှင် ညီမလေး အံ့သြသွားမှာ ..။ အရမ်းပျော်သွားမှာတွေကို သူ ပီတိဖြင့် ကြည့်ချင်နေသည့် စိတ်တစ်ခုတည်းကို ဦးစားပေးမိခဲ့သည်။ ရုတ်တရက်မြင်အောင် .. သူ .. စိတ်ကူးတွေယဉ်ခြင်းမက ယဉ်မိခဲ့သည်။ သူ .. မှားခြင်းမကမှားခဲ့ပြီ။ နှုတ်သိမ်း၍လည်း မရနိုင်တော့သည့်ကိစ္စ

"ငါ့ကြောင့် .. ငါ့ညီမလေး .. မေမေကြီးရဲ့ အပြောအဆိုကိုခံရတယ် .. မျက်နှာသိမ်ငယ်ရဟယ် .. နောက်ကို .. နောက်ကို .. ကိုကို-ဘယ်တော့မှ .. မ .. လာ .. တော့ .. ပါ .. ဘူး .. ညီမလေးရယ် .. ဒီလို-ဘယ်တော့မှ .. မဖြစ် .. စေ .. ရ .. ပါ .. ဘူး .."

သူ တွေးနေရင်း ယူကျုံးမရစိတ်ဖြင့် သူ့ခေါင်းကို တစ်ချက်ထုသည်။ သူ .. သူ .. အဆင်ခြင်ကင်းလွန်းခဲ့သည့်အပြစ်အတွက် ယူကျုံးမရ ..။ သူ့မျက်ရည်စက်တွေက ဖေဖေ့ ပုဆိုးပေါ်ပေါက်ပေါက်စက်စက်-ဖျောက်ဖျောက်စက်စက် .. ဆက်တိုက်ကျနေသည်။ သြော် .. သူ့ကြောင့်-ဖေဖေသည်လည်း စိတ်ထိခိုက်ရချေမည်။ ဖေဖေ့ ပုဆိုးပေါ် မျက်ရည်စက်ခြွေချနေသည့်အဖြစ်တစ်ခုသည် သူ့ ပယောဂမကင်းဘဲဖြစ်တည်ခဲ့ရချေသည်ကိုး ..။

"သားကို .. ခွင့်လွှတ်ပါ ဖေဖေရယ် .. သားကြောင့် .. ဖေဖေလည်း စိတ်ညစ်နေရမှာ .."

ဟု တိုးတိုးပြောနေမိသည်။

အာရုံထဲတိုးဝင်လာသည်က .. ဧည့်ခန်းမှာ ညီမလေး၏ မင်္ဂလာ မောင်နှံဓာတ်ပုံကြီး ..။ ဓာတ်ပုံလေးတစ်ပုံသော်မျှ ညီမလေး ပို့မလာခဲ့-

ပြီးတော့ .. ထိုမင်္ဂလာပွဲကိစ္စကိုလည်း ညီမလေးသည် သူ့ကို ဖုန်းဖြင့် ပြောပြတာမျိုးပင် ရှိမလာခဲ့ ..။ ညီမလေးသည် .. သူ့မျက်နှာရှုပ်





အဆင်း ကံခေခြင်းတစ်ခုအပေါ် လူကြားထဲမခေါ်ဝံ့ပြီလားမသိ ..။ ဒါသည်း ညီမလေး အပြစ်မဟုတ်ပါလေ ..။ သူ အပြစ်မပြောရက်ပါ။ သူ့ရုပ်ကံကိုက ညံ့ဖျင်းလွန်းလှသည်ကို လေ ..။

သူ .. ဘာမျှ သယ်လာစရာများများစားစား ပါမလာတာမို့ လွယ်အိတ်လေးကို ကောက်လွယ်သည်။ စားထားသည့် ပန်းကန်တွေကိုသိမ်း၍ အောက်ထပ်သို့ဆင်းလာသည်။ စောစောက သူ ဝင်ခဲ့ရာ မီးဖိုဆောင်ခန်းကျယ်ကြီးဆီသို့ ဝင်လာမိရပါ၏။

"အေးဟယ် .. မျက်နှာကတော့ တူကိုမတူကြဘာ .. ဒါပေမယ့်ဘယ် .. မေမေကြီးကလဲ အဲသလောက်တော့ မလုပ်သင့်တာအမှန်ပါပဲ.. ချိုလေး ရဲ့ အစ်ကိုတစ်ယောက်ပဲ ခင်မေ ရယ် .. ဒီလိုစတိုခန်းဘေးက အခန်းမှာ ထားခိုင်းရသတဲ့လား .. အေး .. ငါ ရင်ထဲမနေသာလွန်းလို့ ညည်းကို ပြောမိတာနော် .. အာချောင်မနေနဲ့ .. ဘယ်သူ့ကိုမှ ငါ ပြောတဲ့စကား လေလုံးတထွားထွားနဲ့ ညည်း အာမချောင်မိစေနဲ့ .. အထုပ်ပိုက်ပြီး ရှာပြန်ရမှာသိရဲ့လား .."

"ဒေါ်လေးမြိုင် ရယ် .. ခင်မေ တော့ဖြင့် စိတ်ထဲသိပ်မရှင်းဘူးသိလား .. မမပျို ရဲ့ အစ်ကိုဆိုတာကို .. မမပျို တကယ့်ကို မင်္ဂလာပွဲကြီးတက်ဖို့ဖိတ်မှ ဖိတ်ရဲ့လားလို့လေ .. အစ်ကိုလေးက အဲဒီမင်္ဂလာပွဲဆိုင်ခင် တစ်ပတ်လောက်ကတည်းက .. ဒီထမင်းစားစားပွဲမှာ လူတွေရှိနေတုန်း .. မနက်စာစားနေတုန်း မေးတယ်လေ .. ပျိုလေး .. ပျိုလေးရဲ့ ကိုကို့ကို ဖိတ်စာပို့ပြီးပြီလား .. ဖုန်းနဲ့ရော ပြောပြီးပြီလားနဲ့မေးတော့.. ပြီးပြီ .. ပြောပြီးပြီလို့ဖြေတာလေ .. အဲဒီလို ဖိတ်ထားတယ်ဆိုရင် ဒီအစ်ကိုရုပ်ဆိုးက ဘယ်မလာဘဲနေပါ့မလဲ ဒေါ်လေးရယ် .. ခုတောင်မှ ဒီကလက်ဆောင်တွေ ခြင်းနဲ့အပြည့်သယ်ပြီး တကူးတက သူ့ခရီး.. ရောက်လာသေးတာပဲဥစ္စာ .. မဟုတ်မှလွဲရော .. မမပျိုလေး .. သူ့အစ်ကို ရုပ်ဆိုးတာ လူတွေအမြင်မခံချင်လို့ဖြစ်ရမယ် .. ဟုတ်တော့ဟုတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးရဲ့ .. ခြေထောက်တွေကလည်း ကွဲနေသေးတယ် .. ရုပ်ကလည်း မျက်နှာမှာ အသီးတွေလည်းရှိတယ် .. နီညိုညိုဥစ္စာကြီးကလည်း ဘာမှန်း မသိဘူးရှိနေတာ .."

"အို .. အဲဒါ .. အမှတ်ပါ အေရယ် .. ညည်းကလည်း .. စွတ်မပြော စမ်းပါနဲ့ .. ပျိုလေး က သူ့အစ်ကိုကိုတော့ ဖိတ်တယ်ဆိုတာပြောခဲ့တာ ပဲလေ .. ဖိတ်မှာပါ အေရယ် .."

"ဟင် .. ဖိတ်တယ်ဆိုရင် .. အဲဒီအစ်ကိုက .. ဒီညွှန်းက .. အဲဒီ ဓာတ်ပုံကြီးမြင်တော့ .. ဘာလို့ .. တအံ့တသြကြီး ကြည့်နေတာတဲ့ လဲ .. ကဲ .. ခင်မေ သေချာမြင်တာပါနော် .. သူ့မှာဖြင့် သိကိုမသိတဲ့ပုံ ရယ်ပါ ဒေါ်လေးရဲ့ .. သိရင် .. ဘာအံ့သြစရာရှိမလဲ .. ကဲ .. သူ ဘာ ကြောင့် .. မင်္ဂလာဧည့်ခံပွဲကြီးကို မလာဖြစ်တာ ဘာညာနဲ့တောင် ခင်မေ ကို .. ပြန်ရှင်းပြချင်ပြန်ရှင်းပြနေမှာပေါ့ .. ခုကျတော့.. ငြိမ်လို့ .."

"ကဲ .. ကဲ .. စကားရပ် .. ရပ် .. အိမ်ရှင်တွေ အပြင်ကပြန်လာလို့ ခဏနားကြ .. အခန်းထဲ အဲကွန်းလေးနဲ့ လှဲနေကြဖြစ်နေတုန်းမို့သာ ငါ .. ဒီလောက်ပဲပြောရဲတာနော် .. တော်နေကြာ သူတို့ဆင်းလာကြ ရင် .. ကြားသွားကြလိမ့်မယ် .. မကောင်းဘူး သိရဲ့လား .."

"အို .. ပြောလက်စနဲ့ ပြောလိုက်မယ် ဒေါ်လေးရာ .. သူတို့လည်း အအေးခွက်ရယ် .. စပျစ်သီးရယ် .. စားပြီးနားနေကြတုန်းရှိမှာပါ .. ခင်မေ စောစောကတွေ့ခဲ့တာ ဒေါ်လေးကို ပြောပြချင်လွန်းလို့ လျှာရှေ့ ယားနေတာပဲ သိလား .. ခင်မေ .. အဲဒီ အစ်ကိုရုပ်ဆိုး အတွက် မှာ ရယ် ပေါင်မုန့်ရယ် သွားပို့တော့လေ .. မမပျိုလေး က အခန်းထဲက ငိုထွက်သွားတာ .. အစ်ကိုရုပ်ဆိုးလည်း မျက်နှာမကောင်းဘူး .. ငိုင်နေ တာပဲသိလား .. ဘာတွေဖြစ်ကြလည်းမသိဘူး ဒေါ်လေးရယ် .. အဲ အစ်ကို သနားပါတယ် .. သူ့ကို စားစရာချပေးတော့လေ .. ပြုံးပြ တယ်သိလား .. မျက်လုံးမှာ မျက်ရည်တွေဝဲနေပေမယ့် .. ခင်မေ့ ကို





ပြုံးပြတယ်သိလား .. ဘာမှမဖြစ်ထားတဲ့အတိုင်းပဲ .. နေပေးရှာတာ.. ခင်မေ တို့က ရှာသူဆိုတော့ .. ရှာသားတွေဘက်က နာတယ် ဒေါ်လေး ရယ် .. သူ့ခမျာ .. သနားပါတယ် .."

"ဟဲ့ .. ငြိမ်စမ်း .. ကလေးလိုနေတာမဟုတ်ဘူး .. အေးလေ .. ငါကိုက .. အဲဒီကိစ္စ .. ပါးစပ်ဆော့ပြီး စပြောမိတာကိုး .. ညည်း အကျင့် ဆိုက .. တစ်ယောက်ယောက်က .. စ .. လိုက်ပြီဆိုရင် .. ညည်းမှာ ခင်ဝင်ပြောရတာ အဆုံးမသတ်နိုင်ဘူးချည်းပဲ .. ကဲ .. ရပ် .."

ဟု ပြောနေသမျှ သူ ကြားနေရပါ၏။ တူဝရီးတော်ပုံရသည့် နှစ် ယောက်သားကတော့ သူ့ဘက်ကျောပေးကာ စားပွဲဝိုင်းပေါ်မှာ ကြက်သွန် နွှာသူကနွှာ ..။ မုန်လာဥနီ လှီးသူကလှီးဖြင့် ရှိနေကြတာမို့ သူ ဝင်လာတာ ကို မမြင်ကြ ..။ သူ .. ပန်းကန်ကို စားပွဲပေါ်လာတင်လိုက်မှ မော့ကြည့် ကာ မျက်နှာတွေအမ်းကုန်ကြသည်။ မလုံမလဲဖြစ်နေကြပါ၏။ စောစော က စကားတွေကိုများ သူ ကြားသွားပြီလားဟု စိတ်ပူနေကြတာလည်း သိသာနေသည်။ ဒေါ်ကြီးမြိုင် ၏ အကြည့်က ခင်မေ့ ထံ မျက်စောင်းဖြင့် ရောက်၏။ ခင်မေ ကတော့ ကလေးပီပီ မနေတတ်ပုံဖြင့် နောက်ဖေး တံခါးဆီမှ ခြံထဲလစ်လေ၏။ သူလည်း နောက်မှ ခြေလှမ်းသုတ်သုတ် ဖြင့် လိုက်လာမိရသည်ပါပဲ ..။ ခင်မေ နှင့် သူ ဆုံတော့ မနေတတ်သလို ခင်မေ မျက်လွှာချ၏။ ဧရာတ်ခင်းလေးဘေးမှာ သူ ရပ်နေသည်။

"ခင်မေ .. ဒီ ခြံကြီးမှာ နောက်ဖေးကထွက်တဲ့ မလွယ်တံခါးတစ် ခုတော့ ရှိမှာပါ .. ရှိတယ်မဟုတ်လား .."

သူ ပြုံး၍မေးတော့ ကလေးပီပီ အမှန်အတိုင်းခေါင်းညိတ်ပြသည်။

"လိုက်ပြပါလား ခင်မေ .."

ဟု သူပြောတော့လည်း လိုက်ပြရှာသည်။ ဘာမှန်းညာမှန်းခွဲခြား သတ်ပုံမရ ..။ ခိုင်းတာပြောတာ လိုက်လုပ်တတ်သည့်အရွယ်ပေကိုး ဆ ..။



www.burmeseclassic.com

www.burmeseclassic.com



ဟုဂ်သည်။ အတွင်းဘက်မှာ ချက်ချပိတ်ထားသော သံထုပြားဖြင့် ရှိနေသည့်တံခါး ...။ ခြံစည်းရိုးအမြင့်ကြီးထက်ပင် ပို၍မြင့်အောင် ဘလိတ်ပါသည့် သံဆူးကြိုးဖြင့် ခွေဝန်းထားပါသည့် တံခါး ...။ ဒါပေမယ့် အတွင်းကပဲ ဖွင့်၍ရသော သံထုပြားအပိတ်တံခါးပေမို့ သော့ခပ်မထား.. သူ .. ခြေလှမ်းမှန်မှန်ဖြင့် ဟန်မပျက် အေးအေးဆေးဆေးပုံစံကြီးနှင့် ခြံတံခါးကို ချက်ဖွင့်သည်။ အပြင်ထွက်သည်။ တံခါးကို ပြန်၍စေ့ပေးလိုက်ကာ ..

"တံခါးကို သေချာအတွင်းဘက်က ချက်ပြန်ပိတ်လိုက်နော် - ခင်မေ ရဲ့ အစ်ကိုလေးကိုလည်း တောင်းပန်တယ်လို့ပြောလိုက်သိလား မင်္ဂလာပွဲကြီးလာဖို့ ဖိတ်တာ မလာဖြစ်ရလို့ တောင်းပန်တယ်လို့ပြောလိုက်နော် .. ခင်မေ ရဲ့ မမပျိုလေး ကိုလည်းပြောလိုက် .. ရွာမှာ - အလုပ်ကိစ္စမပြတ်တာမို့ .. ပြန်သွားတာလို့ပြော .. နောက်မှ .. အေးအေးဆေးဆေးထပ်လာမယ်လို့ မှာသွားတယ်လို့ပြောပေး .. သူတို့ကို .. အစ်ကို ကိုယ်တိုင်ပြောရင် .. ပေးပြန်ကြမှာမဟုတ်ဘူး ခင်မေ ရဲ့ .. ဒါကြောင့် သူတို့မသိအောင် တိတ်တိတ်လေးပြန်ရတာ .. ပျိုလေး လည်း စိတ်ကောင်းမှာမဟုတ်ဘူး .. အတင်းတားနေမှာလေ .. အခုတစ်ခေါက်က .. ခဏဆိုပြီး ဝင်လာရုံဝင်လာတာမို့ .. မဖြစ်လို့ပြန်သွားတယ်လို့ပြော .. ဟုတ်ပလား .."

သူ အားလုံးကို အဖတ်ဆယ်ပေးခဲ့သည်။ ညီမလေးကိုလည်း အဖတ်ဆယ်ပေးခဲ့သည်။ ညီမလေး၏ သိက္ခာကိုလည်း အဖတ်ဆယ်ပေးခဲ့သည်။ သူ့သိက္ခာကိုလည်း ဆယ်ခဲ့သည်။ မဖြစ်၍ ပြန်သွားရတာကို တောင်းပန်ခဲ့သည့်သူတစ်ယောက်အဖြစ်ပဲ သူ ဤအိမ်ကြီးမှာ ထိန်သ ဆိုသည့် လူတစ်ယောက်၏ရောက်လာခြင်းတစ်ခုကို အဆုံးသပ်ပေး ရမည့် ဝတ္တရားရှိသည်လေ။ ခင်မေ ငေးနေချိန်မှာ သူ ပြုံးပြကာ ချာခနဲ လှည့်လိုက်မိရပါပြီတည်း ...။ နောက်တော့ ခြေလှမ်းသုတ်သုတ်ဖြင့်



နောက်ပေးလမ်းအတိုင်း မြန်မြန်လျှောက်သည်။ လျှောက်နေရင်း မျက်ရည်ကျနေသည်။ သူ .. မထင်မိခဲ့ ..။ သူ့ဘဝသည် .. လမ်းပေါ်မှာ လျှောက်နေရင်း မျက်ရည်ကျသည်အထိ .. ကြုံကြိုက်ရမည်ဟုတော့ .. ဉှာ်လင့်မိခဲ့ ...။ တစ်ယောက်တည်း လျှောက်နေသည့် ခြေအစုံကို သူ့ဘာသာသူလည်း ကြည့်နေမိသည်။ ခြော် .. ဆက်၍လည်း .. အဖော်မရှိ .. တစ်ယောက်တည်း .. အထီးကျန် .. သိမ်ငယ်စွာ .. ကြေကွဲစွာ.. အဖော်မဲ့စွာ .. ရင်ကွဲရင်ကျေ .. ခံစားနေရင်း .. လျှောက်လှမ်းပေဦးတော့ ခြေလှမ်းများရေ .. ဟု မျက်ဝန်းတွေက ခြေထောက်တွေကိုကြည့်နေရင်း ရင်ထဲမှ ပြောနေမိသည်။

သူ .. အပြင်သွားအပြင်လာကျတော့မှ .. ထုတ်ထုတ်ပ .တတ်ပါသော .. အနက်ရောင် ကတ္တီပါဖိနပ်လေးကတော့ ဖနောင့်ကွဲခြေအစုံ၏ ခြေလှမ်းတွေနှင့်အတူ မြန်ဆန်စွာ လျှောက်လှမ်းနေဆဲ ...။

သူသည် .. ပွဲနေ့ .. ပွဲထိုင် .. မင်္ဂလာဆောင် .. အလှူကြီးတစ်ခုကို.. သာသည့်နယ် .. ဆံပင်ကို ဆီပူးထားကာ အဝတ်သန့်သန့် ..။ ဖိနပ်သစ်သစ်ဖြင့် ညီမလေး၏ အိမ်သို့ လာမိခဲ့ပြီးပြီ ...။ ပြန်သည့်အခါကျတော့ .. ကိုယ့်သက်မဲ့ခန္ဓာတစ်ခုကို .. ကိုယ့်ခြေထောက်က ထမ်းပြီး သယ်သွားနေသည့်နယ် ခံစားရချေသည်တကား ...။

ဒါပေမယ့် .. သူ့ရင်ထဲမှာ .. ညီမလေးကို .. ချစ်သည့်စိတ်သည်.. ကြီးမားခိုင်မြဲနေဆဲပါတည့် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"ညီမလေးက မထင်မှတ်ဘဲ ထိန်သာ့ ကို တွေ့တော့ အံ့ဩလည်း
အံ့ဩ .. ဝမ်းလည်းသာ .. ကလေးလေလို ကိုကိုရေ .. ဆိုပြီး ပြေးလာ
တာဗျ .. ထိန်သာ အဲဒီ မြစမ်းရေကို ရောက်တဲ့အချိန်မှာ ညီမလေးရော
အန်ကယ်နဲ့ အန်တီရော .. ညီလေး ခန့်ထည်ဝါ ရော မရှိကြဘူးသိလား
အပြင်သွားနေကြတာလေ .. အဲဒါ .. ညီလေး ခန့်ထည်ဝါ ရဲ့ ဘွားဘွား
ဖြစ်တဲ့ ဒေါ်သုန် ဆိုတာလေ .. အိမ်ထဲထိုင်ခိုင်း .. ပျိုလေး ရဲ့ အစ်ကို
ပြီး ဂရုစိုက်လိုက်တာမှဗျာ .. အားနာရတော့တာပါပဲ .. သက်ကြီးရွ
ကြီးက ထိန်သာ့ ကို အရေးတယူလုပ်နေတာကိုး ဒေါ်ကြီးထား ရ
အဲဒါ .. မေမေကြီးက ချက်ချင်း ပျိုလေး ဆိုပြီး ဖုန်းဆက်ပြော .. ဟို
တစ်အုပ်လုံး ချက်ချင်းကားနဲ့ ပြန်လာကြ .. အို .. ဝိုင်းဝိုင်းကိုလည်း
လို့သိလား .. ထိန်သာ့ ကို .. အပေါ်ထပ်အခန်းကျယ်ကြီးမှာ အိပ်ခိုင်း
တယ်လေ .. အံ့မယ် .. ခြင်လုံဇကာရှိလို့ဆိုပြီး ခြင်ထောင်တောင်မှ မထော
ဘူးလေ .. ခြင်ထောင်မရှိဘဲ အိပ်ရတော့ .. တောသားပဲဗျာ .. တစ်မျိုးကြီး

သူ တပြုံးပြုံးဖြင့် တောက်လျှောက်ပြောနေတော့ ဒေါ်ကြီးထား
ရော ဘဘညို ရော မျက်နှာလေးတွေ ဝင်းကြည်နေကြသည်ပါပဲ။ မ
ဆန်စက်သွားပြီးချိန်လောက်ကျမှ .. သူ စကားမြိုင်သို့ ကားဖြင့် ရော
လာရခြင်းပါ။ ပါလာသည့် လက်ဆောင်တွေကိုလည်း ဘဘညို





ဒေါ်ကြီးထား တို့မောင်နှမကိုပေးနေမိသည်။ ရန်ကုန်ရောက်ပြီး ပြန်လာ
သည့် အပြန်လက်ဆောင်ဆိုတာတွေက မနည်း ..။ ဒါပေမယ့် .. သူ
ဝယ်သည်ဟုမပြော။ ညီမလေးတို့ ထည့်ပေးလိုက်တာဟု တပြောပြောဖြင့်
စက်ဘပ် ဆာလာလက်ဆွဲအိတ်ကြီးထဲမှ တစ်ခုပြီးတစ်ခု ထုတ်ပြနေမိ
ခြင်း ..။

"ဟောဒါက ဒေါ်ကြီးထား အတွက် .. ပါတိတ်ထမီရယ် .. အင်္ကျီစ
တွေရယ် .. အားဆေးရယ် .. ဟောလစ်ပုလင်းရယ် .. ညီမလေးထည့်ပေး
တာ .. ဒါက ညီလေး ခန့်ထည်ဝါ က .. ဒေါ်ကြီးထား အတွက်တဲ့ ဘုရား
ကျောင်းကန်သွားဖို့တဲ့ ယောဂီထမီရယ် .. တဘက်ရယ် .. အဖြူရောင်
အင်္ကျီစရယ် .. စိပ်ပုတီးနဲ့ တရားစာအုပ်ဝယ်ထည့်ပေးတယ် .. အန်ကယ်
နဲ့ အန်တီကလည်း ဟောဒီအင်္ကျီထူနဲ့ သိုးမွေးခြုံပဝါကို ထည့်ပေးကြ
တယ်လေ .. ဘဘညို အတွက်က .. ဟောဒီအင်္ကျီတွေ .. ပုဆိုး
ဟောဒီ နာရီ .. အားဆေး .. ဟောလစ်ပုလင်း .. ပန်းခြံထဲဆောင်းဖို့
ဦးထုပ်ကြီး .. အို .. စုံလို့ .. သူတို့ .. သူတို့ .. စိတ်ထဲပေးချင်
တာဝယ်ဝယ်ထည့်နေကြတာလေ .. တားလို့ကိုမရတာ .. ဒီမှာကြည့် ..
ဒါက .. ထိန်သာ ဝယ်လာတဲ့ ဆေးအိုးတံ .. ဘဘညို အတွက် လက်ဆောင်..
ဟောဒါက .. ဒေါ်ကြီးထား အတွက် .. ထိန်သာ ဝယ်လာတဲ့ နံ့သာစိပ်
ပုတီး .. ထိန်သာ က ပိုက်ဆံသိပ်ပါမသွားတော့ .. လက်ဆောင်သိပ်
များများ မဝယ်လာနိုင်ဘူးပေါ့ .. သူတို့က ဈေးသကိုး .. ထည့်ပေးလိုက်
တာ မြင်တဲ့အတိုင်းပဲ .. ဒီဇစ်တပ်အပြာစပ်ကြား ပီနန်အိတ်ကြီးပါဝယ်ပြီး
ထည့်လိုက်ကြတာလေ .. ဒီထဲမှာ မမငွေ အတွက်တောင် ညီမလေးက
ဝယ်ထည့်လိုက်တာရှိသေး .. မမငွေ က ပစ္စည်းကောင်း ကြိုက်တာ
ဆိုတော့ .. ပိုးချည်ထိုးထမီနဲ့ အင်္ကျီဝမ်းဆက်ဗျ .. ပိုက်ဆံ အိတ်လှလှ
လေးလည်းပါသေး .. ဖိနပ်လည်းပါတယ်ဗျ .. ဒေါက်ဖိနပ်ကြီး ဝယ်မ
ပေးတဲ့ .. မမငွေ မစီးတတ်မှန်းသိလို့ .. ကတ္တီပါဖိနပ်ဝယ်လာရတာ
လေ .. သူတို့ဘာသာသူတို့ သွားကြ .. ဝယ်လာကြ .. ရောက်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



ပေးလာကြတာတွေပေါ့ .. ထိန်သာ့ အတွက်လည်း ဒီစပို့ရှပ်တွေ - ပုဆိုးတွေဝယ်ထည့်ပေးလိုက်တယ်လေ .. မနည်းဘူးဗျာ .. ညီမလေး ဝိုက်ဆံတွေလည်း ထပ်ပေးသေးတယ်ဗျ .. မလိုပါဘူးဆိုပြီး မနည်း ပြောယူရတယ် .. ထိန်သာ က ဘာမှငွေသုံးစရာမလိုတာပဲလေ .."

သူပြောကာပြောကာဖြင့် ပစ္စည်းတွေထုတ်လိုက် ..။ ပေးလိုက်ပြီး မျက်နှာသက်မှာ ကြည်နူးရိပ်တွေ အပျော်တွေဖြင့် ပြည့်သိပ်နေအောင် ကြိုးစားယူနေရသည်။

"ဒါက .. မုန့်ပုန်းတွေ .. အိမ်မှာ စားဖို့တဲ့ .. ခန့်ထည်ဝါ .. ထည့် ပေးလိုက်တာလေ .."

သူ ဖြုးလိုက် .. ပြောလိုက် .. ဒေါ်ကြီးထား ရှေ့မှာ ပစ္စည်းတွေ သပ်သပ်စီထပ်၍ ချ ..။ ဘဘညို ရှေ့မှာချဖြင့် သူရှိနေခိုက်မှာ ဒေါ်ကြီးထား ခပ်ငေးငေးကြည့်နေသည်။ မျက်ရည်ဝဲနေ၏။

"ထိန်သာ ပြောတယ်မဟုတ်လား .. ညီမလေးက .. ထိန်သာ ညီမလေးပဲဥစ္စာ .. ထိန်သာ့ ကို သိပ်ချစ်တာဗျ .. မပြန်ရဘူးဆိုပြီး ငိုလို့ မနည်းချော့ခဲ့ရတယ် .. ဟိုမှာ သုံးရက်ကြာတယ် .. ခြံအတွက် စိုး ပူတာနဲ့ပြန်လာမိတော့တာ .. မသွားခင်ကတော့ ဟိုကိုသွားချင်နေ ဇောကြီးနေပေမယ့် .. ဟိုရောက်တော့လည်း .. စပျစ်ခြံကို လွှတ်မထား နိုင်ပဲ နောက်ဆံငင်နေပြန်ရော .. ဒါကြောင့် .. ပြန်လာတာ .."

သူ ပြောသနေမှု ဒေါ်ကြီးထား ခုထိ ဘာမှုမပြောသေး။ စိုက်ကြည့် နေသည်။ ဘဘညို ကတော့ လူအေးကြီးပီပီ ပျော်နေသည်။ ညီမလေး က ပေးလိုက်တာဆိုသည့် ခံစားချက်ဖြင့် ပိုပျော်နေပုံရပါ၏။ ဆေးအိုး ကြီးတခဲခဲလုပ်ကြည့်နေသေးသည်။ ပုဆိုးတွေကိုင်ကြည့်လိုက်၊ အင်္ကျီ တွေကိုင်ကြည့်လိုက်ဖြင့်ရှိနေ၏။

"ညီမလေး လာလည်လိမ့်မယ်ဗျ .."

ဟုလည်း သူ ဆက်ပြောနေမိသည်။

သုံ့ .. ရန်ကုန်မှာ သုံးရက်ကြာသည်။ တည်းခိုခန်းတစ်ခုမှာ တည်း





သည်။ လက်ဆောင်ပစ္စည်းတွေ ကုန်တိုက်မှာ သွားဝယ်သည်။ ဝယ်နေ ရင်းလည်း မျက်စိကိုလျှင်လျှင်ထားရသည်။ ညီမလေးတို့နှင့် တိုးမှာ စိုးရိမ် ည်လေ ..။ သော်သေးသည်။ မြစမ်းရေအိမ်ကြီးရှိ ဘယ်သူ့ဘယ် သူနှင့်မှ သူမတိုးခဲ့ ..။ သူ .. ဝယ်ချင်တာတွေအားလုံးဝယ်။ စစ်တပ် အိတ်ကြီးပါဝယ် ..။ အားလုံးထည့် ..။ တည်းခိုခန်းသို့ပြန် ..။ ကားလက် မှတ်ဖြတ်ကာ ရွာပြန်ခဲ့ခြင်းပါ ..။ ရွာရောက်တာနှင့် စံကားမြိုင်သို့ဝင် ကာ ဘဘညို နှင့် ဒေါ်ကြီးထား တို့ကို ညီမလေး ဘို့မှ ပေးလိုက်သည့် လက်ဆောင်တွေအဖြစ် .. သူ ဝယ်ခဲ့သမျှတွေကို .. ဟန်ဆယ်၍ပေး ..။ ဟန်ဆောင်၍ ပြောဖြင့် ရှိနေရင်း လိမ်ညာတတ်သည့် ထိန်သာ ဘဝသို့ သက်ဆင်းလာနေချေသည်ကောလေ ..။ သူ့ ညီမလေးကို .. အပြစ်တင် ခံနိုင် ..။ အပြစ်ပြောမခံနိုင် ..။ အစ်ကိုလုပ်သူ တစ်ညမှ မအိပ်ဖြစ်တော့ ဘဲ ပြန်လိုက်ရသည့်အဖြ ျိုး ကြုံရသည့်ကိစ္စ ..။ ဒေါ်ကြီးထား သိ၍ မဖြစ် ..။ ဘယ်သူ့ဘယ်သူမှလည်း သိ၍မဖြစ် ...

"ညီမလေးက မှာလိုက်သေးတယ် .. ဘဘညို နဲ့ ဒေါ်ကြီးထား ကို လွမ်းတယ်တဲ့သိလား .. ဒေါ်ကြီးထား လက်ရာ ငါးဖိကြော်များ မြှုပ်လင်းရတာကျနေရော .. ယူလိုက်ဖော့ မ်းသာအားရ .. ညီမလေး ထည့်ပေးလိုက်တဲ့ မုန့်ပုံးတွေလည်း စားဦးနော် ဒေါ်ကြီးထား .."

ဟု ပြောခိုက်မှာ ...

"နှင့်လည်ပင်းက ဆွဲကြိုးလေ ထိန်သာ .."

ဟု ရုတ်ခနဲ ဖြတ်မေးလာသည့် ဒေါ်ကြီးထား ၏ အသံ ..။ သူ ထန့်သွားသည်။ အမှတ်တမဲ့ဖြင့် ရှပ်အင်္ကျီကိုလည်ပင်းနားအထိ ကြယ်သီး စေတပ်မိလိုက်ခဲ့ ..။ ခုကျတော့ .. သူ့လည်မှာ အမြတ်တနိုးဆွဲထားတတ် ပါလေသော ဆွဲကြိုးမရှိတော့တာကို ဒေါ်ကြီးထား မျက်စိရှင်ရှင်ဖြင့် သိမြင်သွားခဲ့ချေပြီတကား ...။

"သွားပြီ .. ငါ့ ဆွဲကြိုးရောင်းပြီး .. ဒါတွေဝယ်လာတာကို .. ဒေါ်ကြီးထား သိတော့မှာပါပဲ .. သိတော့မှာပါပဲ .."



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ စီပုံထပ်နေသည့် ပုဆိုးတွေ၊ အင်္ကျီစတွေ၊ ဆေးဝါးတွေ ထမီစတွေ ...။ စပို့ရှပ်အင်္ကျီတွေ ...။ အားလုံးကို သူ ငေးကြည့်နေမိသည်။ ညီမလေး ဝယ်ထည့်ပေးလိုက်သည့် သူ့အတွက် အပြန်လက်ဆောင် ရှပ်အင်္ကျီတွေနှင့် ပုဆိုးတွေက အထပ်လိုက်ရှိနေသေးသည်တည့်။ ချည်ချောပုဆိုးကွက်စိပ်၊ ကွက်ကြဲ၊ ပိုးပုဆိုးပင်ပါသေးသည်တည့် ...။ ညီမလေးက ချမ်းသာနေပြီလေ ...။ ခုလို .. အစ်ကိုလုပ်သူကို ဈေးကြီးတာတွေဝယ်ပေးချေမည်ပေါ့ ...။ ဒါကြောင့် ယုတ္တိရှိအောင် .. ဈေးကြီးအထည်တွေ ဝယ်ခဲ့ရခြင်းပါ။ ငွေလိုချင်သည်မို့ .. ဆွဲကြိုးကို သူ ရွှေဆိုင်တစ်ဆိုင်ဝင်ကာ ရောင်းခဲ့ခြင်း ...။ သူ .. ရင်ထဲ နာမျောမျောဖြင့် ရောင်းရခြင်းပါ။ ဘာကြောင့်ဆို .. သူ လေးတန်းအောင်စဉ်က ဖေဖေ သူ့ကို တစ်ကျပ်သား ဆွဲကြိုးတစ်ကုံး ဆုချခဲ့သည်လေ ...။ ခုကျတော့ .. ဖေဖေ့ လက်ဆောင်ဖြစ်သည့် ဆွဲကြိုးလေးသည် သူ့လည်မှာ မရှိတော့ပြီ။ ညီမလေး၏ သိက္ခာအတွက် ...။ ညီမလေး၏ နေထိုင်ရာမိသားစု၏သိက္ခာအတွက် .. သူ .. ဖေဖေ ပေးရာ ဆုချသည့် ဆွဲကြိုးကို အဆုံးရှုံးခံခဲ့ရပြီးပြီ။ အစားထိုး၍မရနိုင်သည့် ဆွဲကြိုး ...။

"ဘယ်တုန်းက လိမ်တတ်ဖူးလို့လည်း ထိန်သာလေး ရယ် .. အခု အသက်သုံးဆယ်ကျော်ပြီ .. လိမ်တတ်ဖူးလို့လား .. ဟင် .. ငါ့လက်ထဲ နင်လည်း ကြီးလာရတာပါ ထိန်သာ ရယ် .. နင် ဘယ်လိုဖုံးဖုံး .. ငါ သိသဟဲ့ .. ငါ သိသဟဲ့ .. နင် .. မလိမ်ချင်စမ်းပါနဲ့ .."

ဒေါ်ကြီးထား ပြောနေရင်း မျက်ရည်ကျလာသည်။

"နင့်ကို နင့်အဖေက အဲဒီဆွဲကြိုးလေး ဂုဏ်ပြုဆုချခဲ့တာ .. နင်အလွန်တန်ဖိုးထားပြီး .. တရိုတသေဆွဲထားတာ ငါသိတာပေါ့ ထိန်သာခုတော့ .. ညီမ သူ့ဌေးအိမ်က ဘယ်လိုပြန်ထွက်လာတယ်တော့ မသိဘူး .. ဆွဲကြိုးရောင်းပြီး .. ငါတို့ကို ဒီလက်ဆောင်တွေ သူတို့ကပေးလိုက်သလိုလိုတွေပြော .. ငါတို့ကိုပေး .. အဲသလိုလုပ်တယ်ပေါ့ .. နင် .. ပိုက်ဆံယူမသွားဘူးထင်ပါရဲ့ ထိန်သာ ရယ် .. ဒါကြောင့် .. ဆွဲ





ကြိုးလေး နင် ဖွတ်မိုတ်ရောင်းခဲ့ရတာမဟုတ်လား .. ငါ .. ငါ .. ဒီဥစ္စာတွေ မယူရက်ဖူးဟဲ့ ထိန်သာ .. နင့် နှလုံးသားကို ချေမွပစ်ရင်း .. ပေးတာတဲ့ ဒီလက်ဆောင်ဆိုတာကြီးတွေ ငါ မယူရက်ဘူး .. သိလား .. သိရဲ့လား ထိန်သာ ရဲ့ .. ဟင် .."

ဟု ငို၍ပြော ...။ သူ့ကို ခေါင်းယမ်း၍ကြည့် ...။ ရင်ကိုထု၍ ပြောသည့် ဒေါ်ကြီးထား အရမ်းငိုနေတော့ သူ မနေတတ်မထိုင်တတ်ဖြစ်လာသည်။

"ကြီးမားလိုက်တဲ့ မေတ္တာ .. ကြီးမားလိုက်တဲ့အချစ် .. ညီမဆိုမှ ညီမ .. တစ်သက်လုံး .. နင့်ဘဝ အနစ်မွန်းခံ .. ဆေးတက္ကသိုလ်မတက်ခဲ့ရ .. ညီမကိုကျတော့ ဆေးတက္ကသိုလ်တက်ခိုင်းတဲ့အစ်ကို .. ခု ကောင်းစားသေးရဲ့လား .. နင် .. ဆွဲကြိုးရောင်းပြီး .. ဒီဟာတွေဝယ်လာရလောက်အောင် .. သူတို့ဘက်က .. ဧည့်ဝတ်တော်တော်ကျေကြပုံပါပဲကွယ် .."

ဟု ခနဲ့စကားလေးငင်စွက်၍ ကြေကြေကွဲကွဲ ဒေါ်ကြီးထား ပြောချိန်မှာ သူ မျက်လွှာချထားသည်။ မျက်ရည်လည်ချင်နေသည်။ ရင်ထဲဆို့ခဲနေသည်။ တံတွေးက တနင်နင်ဖြင့်ဖြစ်နေ၏။ ဘဘညို လည်း ကျတော့မှ ခပ်တွေတွေဖြစ်နေကာ သူ့ကို ငေးကြည့်နေပါ၏။ သူ့လည်ပင်းကိုလည်း ဘဘညို ကြည့်သည်။ ဆွဲကြိုးမရှိတော့ပြီဆိုတာ ဘဘညို လည်း သေချာပေါက် နားလည်သွားရင်း ခေါင်းခါနေ၏။

"နင့်ညီမ .. အခု .. နင့်မေတ္တာကို ခလုတ်တိုက်လွှတ်လိုက်ပြီပေါ့ဆဝ .. လူတွေဟာ .. ငွေမရှိရင် ငွေနောက်လိုက်ကြတယ် .. ငွေရှိလာရင် ငွေကို ခလုတ်တိုက်ကြတယ် .. ဘဝမေ့ပြီး ဘဝမြင့်ပြီကိုး .. ခုလည်း .. နင့်မေတ္တာနောက် တကောက်ကောက်ပါနေခဲ့ ကလေး .. အခု .. နင့်မေတ္တာကို .. သူ ခလုတ်တိုက်ပါရောလား .."

ဒေါ်ကြီးထား မချိတရိပြောကာ ရှေ့မှာရှိနေသည့် လက်ဆောင်အထည်တွေ၊ မုန့်ပုံးတွေ၊ အားဆေးနှင့် ထွေထွေရာရာတွေအားလုံးကို သူ့ရှေ့သို့ တွန်းပေးနေပါသတည်း ...။

"ခု .. ကြုံလာပြီမဟုတ်လား .. ဘဝမေ့ .. ဘဝမြင့်သွားပြီး ..



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုလုပ်သူရဲ့ မေတ္တာကို .. အချစ်ကို .. ငှေ့ ာ်တိုက်ပြလိုက်ပြီမဟုတ်
လား၊ ဖြစ်ရလေ ထိန်သာ ရယ် .. ညီမချစ်ကြီးရယ် .. နင် .. နင် .. ရင်ကွဲ
ခံ အရှက်ကွဲခံပြီး .. ပြန်လာပြီပေါ့ .. ဖြစ်ရလေ ..''

ဟု ပြောကာ ငိုကာဖြင့် ဒေါ်ကြီးထား သူ့ကို ပွေ့ပိုက်လာပါသတည်း
သူ မျက်လွှာချ၍ ငြိမ်နေရာမှ အားယူ၍ ...

''ညီမလေးက .. သိပ်ငယ်သေးတယ် .. ကလေးပါပဲ ..''

''ဟင် .. ဆရာဝန်ဖြစ်နိုင်ပါရက်ကယ်နဲ့ .. တက္ကသိုလ်မတက်နိုင်
ဘဲ .. ညီမအတွက် စိတ်မချဘူးဆိုတဲ့ ထိန်သာ .. အခု .. နင့်မှာ ..
သမားကြီးကိုဖြစ်လို့ .. ခြေဖဝါးလေးနုနု .. လက်ဖဝါးလေးနုနုနဲ့
ကြိပ်ကိုင်ရမယ့်လက်တွေ .. ပေါက်ပြားကိုင် .. ဆေးဖျန်းပုံး ကျော
ပြီး ဆေးဖျန်း .. မြေပေါက်မြေဆွနဲ့ လုပ်ရလေသမျှ .. ခြေဖဝါးလည်း
ကြမ်း .. လက်ဖဝါးလည်းကြမ်းပြီး .. နေပူထဲလုပ်ရတဲ့အလုပ်နဲ့ ကျန်
ခဲ့ရပါပေါ့လား ထိန်သာ ရယ် .. ညီမကို ငဲ့တဲ့ကလေး .. ခုလို .. ရင်
ရင်ငွေ့ ပြန်လာတာကို .. မြင်ရတော့ .. ဒေါ်ကြီးထား ရင်မောတော
ရပါပေါ့လား .. အနစ်နာခံတဲ့အစ်ကို .. နင့်မေတ္တာထဲ နင်နစ်ပြီးကျ
ရပါပေါ့လားဟယ် .. ငါ .. ငါ .. ရင်ထဲဆာလိုက်တာနော် .. ငါ့မျက်
နဲ့ တစ်လျှောက်လုံးမြင်ခဲ့ရတာလေ .. ဒီညီမ .. ဒီညီမနဲ့ .. အသက်
နေတဲ့ ထိန်သာ .. ခု .. ဒီညီမ .. လင်မျက်နှာ .. လင်အသိုင်းအဝိုင်းမှ
ဘဝမေ့နေသကိုး .. ငါ .. ငါ .. ငိုက်ချင်သကွယ် အဲဒီ ဖျိုလေး ကို
သိရဲ့လား .. ဟင် ..''

ဒေါ်ကြီးထား ျက်ရည်သုတ်ပြီး အံခဲ၍ ဒေါသသံဖြင့်ပြောသည်
ပြောနေရင်း ငိုသံပါလာပြန်၏။ ဘဘညို ကတော့ငိုင်နေသည်။

''တစ်ဘဝစာလုံး မြှုပ်နှံထားတဲ့ အစ်ကိုကို .. သူ .. သူ .. ဒီလို
ရမလား .. ဟင် .. ဒီကောင်မလေး .. ကံကြီးထိုက်လိမ့်မယ် .. ကံကြီး
ထိုက်လိမ့်မယ် .. တစ်သက်လုံး .. ဘယ်တော့မှ .. စိတ်ချမ်းသာ ..
အေးငြိမ်း .. နေရမှာမဟုတ်ဘူး .. ဒီလောက် မထောက်မရက်လုပ်ရက်





လေး .. ခွေးဖြစ်မှာ ..''

သူ အလန့်တကြား ဒေါ်ကြီးထား ကိုကြည့်မိရပါပြီ။ လက်တကာကာဖြင့်..

''အဲသလို .. ညီမလေးကို မပြောပါနဲ့ ဒေါ်ကြီးထား ရယ် .. အာဆိပ်
ဆိပ်တက်ပါ့မယ် .. ခမျာ .. သူများအိမ်မှာ နေရရှာတာ၊ သူများ
က်နှာတော့ ကြည့်ရမှာပေါ့ ဒေါ်ကြီးထား ရယ် .. ဖွ .. လွဲစေ .. ဖယ်စေ..
ယ်တော့မှ ညီမလေး ကံကြီးမထိုက်ပါစေနဲ့ .. ကံလည်းမြင့်ပါစေ..
လေးလည်း အေးချမ်းပါစေ .. ကြံတိုင်းအောင်ပါစေ .. ထိန်သာ
ညီမလေးအပေါ်ထားတဲ့အချစ်ကို တိုင်တည်ပြီး အဲဒီဆုကို တောင်းမိ
ရဲ့ဗျာ .. ဒီဆု .. ဒီဆု .. ပြည့်မှာပါ .. ထိန်သာ က .. ညီမလေးကို
မွန်ချစ်တာမို့ .. ဒီသစ္စာတည်မှာပါ .. ဒီဆုပြည့်မှာပါ ..''

သူ စိုးရိမ်တကြီး ဒေါ်ကြီးထား ကိုလည်းပြော ..။ လက်အုပ်တချီချီ
ဘုရားမှာ ဆုတောင်းဖြင့် ရှိနေရသည်မှ ညီမလေးအပေါ် မည်သည့်
ကြီးထိုက်မှုတွေဖြစ်မလာဖို့ ဖောဖြင့်ပါ ..။

''မယ်ထား .. နောက်ထပ် ကလေး စိတ်မကောင်းဖြစ်မယ့်စကား
ထပ်မပြောမိစေနဲ့ .. ညည်း စိတ်ထိခိုက်လို့ပြောတယ်လို့ ဆင်ခြေ
နဲ့ .. ညည်းထက် .. ဒီကလေး ပိုခံစားနေရတယ်ဆိုတာ နားလည်
ပါ .. ညည်း လုပ်ပုံက .. ဒဏ်ရာတွေနဲ့လဲနေတဲ့လူကို ဆားပက်နေ
သို့ပဲသိရဲ့လား .. ခက်တယ် ..''

ဘဘညို လှမ်း၍ ဒေါ်ကြီးထား ကို ပြောတော့ ဒေါ်ကြီးထား
ငိုညည်ကျနေသည်။

''ကျွန်မ .. ရင်ထဲ .. ခံစားရလွန်းလို့ပါ ကိုကြီးညို ရယ် ..''

ဟု ငိုသံဖြင့် အစ်ကိုဖြစ်သူကို တိုင်တည်ပြောနေပုံကြီးဖြင့် ရင်ကွဲ
လက်ပြောရှာသတည်း ..။ သူ .. ငေးကြည့်နေမိရပါပြီ။ မချမ်းသာ
မယ့် ဘဘညို နှင့် ဒေါ်ကြီးထား တို့ မောင်နှမမှာ တစ်ယောက်
တစ်ယောက် သံယောဇဉ်ကြီးကြသည်။ ခုထိလည်း မောင်နှမနှစ်
ယောက် အိမ်ထောင်မပြုကြဘဲ ဤအိမ်ကြီးမှာ အလုပ်တူလုပ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



နေကြရင်း မခွဲမခွာရှိနေကြဆဲ ..။ အေးချမ်းလှသည့် ကာလေ ..
အားကျစိတ်ဖြစ်ရပါ၏။ နောက်တော့ သူ .. ကြမ်းပေါ်မှာထိုင်၍ ဘဘည
နှင့် ဒေါ်ကြီးထား ကို ကန်တော့သည်။

"ထိန်သာ .. ဘဘညို နဲ့ ဒေါ်ကြီးထား တို့အပေါ်မှာ အမှားများ
ခဲ့ရင် .. ခွင့်လွှတ်ပေးကြပါ .. သား .. ကန်တော့ပါတယ် .."

ငယ်တုန်းက .. သား .. သား .. ဟု ကိုယ့်ကိုယ်ကိုယ် ထည့်ထည့်
တတ်သည့် ငယ်သုံးတစ်ခုကို ခု .. သူ ထပ်သုံးမိသည်။ သူ .. ဘဘညို
ဒေါ်ကြီးထား တို့ လက်ပေါ်ကြီးရသည်ပဲလေ။ ဘဘညို မှာ သူ့ကို ကြည့်

"ထိန်သာလေး ရယ် .. ဘယ်တုန်းကမှ .. ဘဘတို့အပေါ်မှာ
ဘာအမှားမျိုးမှ မတင်မရှိခဲ့တာ အမှန်ပါ .. အလွန့်လိမ္မာတဲ့ ထိန်
လေးပါကွယ် .. ခွင့်လွှတ်ပါတယ်လို့ပြောရတယ်ဆိုတာက .. ခွင့်မလွှ
ချင်စရာကောင်းတဲ့ အပြစ်ကို ကျူးလွန်တဲ့သူတစ်ယောက်ကို သ
ထားပြည့်ပြည့်နဲ့ .. ခွင့်လွှတ်ပေးရတဲ့အချိန်မျိုးမှာ ပြောရတဲ့စကာ
ပါ .. ထိန်သာလေး က ဘယ်တုန်းကမှ ဘာအမှားမှ မပြုခဲ့တဲ့သူ
ဘဘရော .. ထိန်သာလေး ရဲ့ ဒေါ်ကြီးထား ကရော .. လူလေးအ
ခွင့်လွှတ်တယ်လို့ပြောဖို့ကို မလိုတာပါ .. ဒါပေမယ့် .. လူလေးစိတ်
သာအောင် ဘဘ ပြောပေးပါ့မယ် .. ခွင့်လွှတ်ပါတယ် လူလေးရယ်

ဟု ပြောတော့ ဒေါ်ကြီးထား မျက်ရည်ကျနေသည်ပါပဲ။ သူ
အိတ်လေး ကောက်လွယ်၍ ထရပ်တော့ ဒေါ်ကြီးထား သူ့ကိုမော့ကြည့်သ

"ထမင်းစားသွားဦးလေ .. အို .. လောလောဆယ် .. နွားနို့လေး
ခွက်လောက် အရင်သောက်လိုက် .. ခရီးရောက်မဆိုက်ကြီး ထိန်သာ
ကလည်း ပစ္စည်းတွေပြ .. ဟိုပြောသည်ပြောနဲ့ .. လိမ်နေတော့ ..
နေတော့ .. ရင်ထဲထိလွန်းလို့ မဆင်မခြင် .. ပြောမိတယ်ကွယ် .. က
ကို ကျွေးမွေးဖို့ သတိတောင်မရဘဲဖြစ်ကုန်တာ .. အဲသလိုပဲ .. အဲသ
ဒေါ်ကြီးထား မဆင်ခြင်ပုံကြီးက .. ခက်ပါလေရောကွယ် .."

"အဲဒါ .. အမှန်ဆုံးပဲ .. ညည်း .. ကလေးကို .. အရင်အစား





ကျေးရမှာပေါ့ကွ .. ခုဥစ္စာ .. တောင်ပြောမြောက်ပြောနဲ့ .. ဘယ်သူမှ
စိတ်ချမ်းသာမှာမဟုတ်တဲ့စကားတွေကို ငိုကာယိုကာပြောနေတာဆိုး
ဘယ် .. ကဲ .. လူလေး ခဏထိုင် .. တစ်ခုခုစား .."

ဟု ပြောတော့ သူ ဘာမျှစားချင်သောက်ချင်စိတ် မရှိပေမယ့်
ငြင်းရက် ..။ သူ ငြင်းလိုက်လျှင် ..။ မစားမသောက်ဘဲ သွားလိုက်လျှင်..။
ဘဘညို ရော ဒေါ်ကြီးထား ရော ဤတစ်သက် ဘယ်တော့မှ စိတ်ကောင်း
ကြမှာမဟုတ်။ ဖြေမဆည်နိုင်ပဲ တစိမ့်စိမ့်ကြေကွဲနေကြမှာ သူ သိနေ
သည်။ ဤနေ့ကို အမြဲအမှတ်ရနေမှာ သေချာနေသည်။ ဒါကြောင့် ..
သူ ပြုံး၍ ပြန်ထိုင်ရပါ၏။ ဒေါ်ကြီးထား မီးဖိုဆောင်သို့ ခပ်သုတ်သုတ်
ဝင်လာ၏။ ပြန်လာတော့ နွားနို့ဖန်ခွက်နှင့် ပေါင်မုန့်ထောပတ်သုတ်
ပန်းကန်ကို လင်ဗန်းဖြင့်သယ်လာသည်။ သူ့ရှေ့ချတော့ သူ ပြုံး၍ ပေါင်
မုန့်ကို အရင်စား၏။ တစ်ချပ် ..။ နှစ်ချပ် ..။ သုံးချပ် ..။ လေးချပ် ..။
ဆက်တိုက်စားနေခြင်း။ ဒေါ်ကြီးထား မျက်နှာ ရှိအခါမှ အနည်းငယ်
သန်းလာနိုင်ရှာ၏။ သူ နွားနို့ပူပူကို သောက်ပြီး ထရပ်လိုက်ပါ၏။

"ထိန်သာ .. မမငွေ ဆီ သွားမလို့ .."

ဟု ပြောတော့ ဘဘညို တူတူလိုက်ရပ်သည်။

"ဘဘညို စက်ဘီးနဲ့ လိုက်ပို့ပေးမယ်လေ .. ကားဂိတ်ကနေပြီး ..
ဒီထိ ခြေကျင်လျှောက်လာရတာ .. မောရောပေါ့လူလေးရယ် .. ထပ်ပြီး..
ဆန်စက်သွားဦးမယ်ဆိုရင် .. မောဦးမယ် .. စပျစ်ခြံကိုလည်း ပြန်မှာ
ဆိုတော့ .. တောက်လျှောက် လမ်းလျှောက်နေရမှာ .. မောမှာပေါ့ကွယ်..
စိတ်လည်းပင်ပန်းထားတာမို့ .. ဘဘညို လိုက်ပို့ပေးမယ် .. လူလေးရဲ့
အားကလည်း စပျစ်ခြံမှာ ခရီးမထွက်ခင်ကတည်းက .. ချန်ထားခဲ့တာကိုး .."

ဟု ပြောနေတော့ သူ ခေါင်းခါသည်။

"ဘဘညို တို့ဆီ အရင်ဝင်တယ်ပေါ့လေ .. ဆိုပြီး မမငွေ ခနဲ့နေပါ့
မယ်ဗျာ .. ဘဘညို က လိုက်ပို့တယ်ဆိုကတည်းက .. ဒီကနေပြီး
ဘဘညို .. ပါလာတာ မမငွေ သိကိုသိမှာလေ .. နေပါစေ ဘဘညို..



www.burmeseclassic.com

www.burmeseclassic.com



သား သွားမယ် .. တစ်လမ်းလုံး ကားစီးလာရတာ ညောင်းလည်းညော င်း နေတာမို့ .. အညောင်းပြေအညာပြေလျှောက်ရမြောက်ပါတယ်ဗျာ .. ဘဘ လိုက်မပို့ပါနဲ့တော့ ..''

ဟု သူတားသည်။ နောက်တော့ တံခါးမကြီးသို့ လျှောက်၏။ တံခါးဝအရောက်မှာ သူ တစ်ချက်လှည့်ကြည့်မိ၏။ ဘဘညို နှင့် ဒေါ်ကြီးထား ကို လက်အုပ်ချီပြသည်။

''ခြံဝအထိ လိုက်မပို့ပါနဲ့ ဘဘညို .. ခြံတံခါးကို သား စေ့ခဲ့ပါ့ မယ် .. နောက်မှ ခြံတံခါးကို ဘဘညို ပိတ်ပါဗျာ .. သားတစ်ယောက် တည်းပဲ သွားချင်လို့ပါ ..''

ဟု ပြောကာ သူ ချက်ချင်း ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်လာ မိရပါ၏။ လှည့်မကြည့်မိတော့ ..။ ဪ .. ချန်ခဲ့ရပြီကောလေ ..။

သူ .. ခြံထဲမှ ထွက်ခဲ့ကာ ခြံတံခါးကိုစေ့ခဲ့ပြီး ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သည်။ ဆန်စက်သို့ရောက်တော့ သူ ချွေးနစ်နေပြီ ..။ ရုံးခန်း မှာ မမငွေ ကို သူ သွားတွေ့ရပါ၏။ စာရင်းစာအုပ်ဖြင့် အလုပ်ရှုပ်နေသည့် မမငွေ လူရိပ်ကြောင့် လှမ်းကြည့်တော့ သူ့ကို မြင်တော့ ခပ်မှဲ့မှဲ့ ပြုံးသည်။

''ရန်ကုန်သွားတယ်လို့တော့ ကြားလိုက်ပါရဲ့ .. ဒေါ်ကြီးထား ပြောပြတယ်လေ .. ဘယ့်နှယ်လဲ .. ပျော်ခဲ့တယ်ပေါ့ ..''

ဟု မေးတော့ သူ ဘာမျှမပြော ..။ မမငွေ ၏ ခြေရင်းမှာ သူသွား ထိုင်သည်။ ကန်တော့သည်။ ထိုသို့ မပြောမဆို သူလာထိုင်ကန်တော့ မည်ဟု ထင်ထားပုံမရသည့် မမငွေ တစ်ချက်ငေးကြည့်၏။ သူ လက်အုပ် ချီ၍ မော့ကြည့်ကာ ...

''တစ်ချိန်က .. ဒီအခန်းမှာ .. သား .. မမငွေ ကို .. စိတ်ဆင်းရဲ အောင် .. စားပွဲပေါ်က မှန်တွေရိုက်ခွဲ .. ပစ္စည်းတွေပစ်ပေါက်နဲ့ လုပ်မိ ခဲ့ဖူးပါတယ် .. တစ်ချိန်က .. မမငွေ ကို .. သား .. စံကားမြိုင်အိမ်ကြီး မှာ .. ဆောင့်တွန်းခဲ့ဖူးပါတယ် .. မမငွေ ကို သား ကန်တော့တောင်း ပန်ပါတယ် မမငွေ .. ဒါ .. သား .. မမငွေ အတွက် ဝယ်လာတာပါ..





အား ကြိုတင်တောင်းပန်ပါရစေ .. မယူချင်ဘူးလို့မပြောပါနဲ့ မမငွေ ရယ် .. မမငွေ ကို .. ကန်တော့ဖူးတယ်ရှိလိုက်ရအောင် .. လက်ခံပေး ပါ .. မငြင်းပါနဲ့ဗျာ .. သား .. မမငွေ ကို ဒီတစ်ခါပဲ .. ကန်တော့ရတာ ပါ .. ကန်တော့ရတာပါဗျာ ..''

သူ ပြောကာ မျက်ရည်ဝဲလာသည်။ မမငွေ ကို ကန်တော့မိပြန် သည်။ မမငွေ ငိုင်နေ၏။ သူ့ကို ဤတစ်ကြိမ်မှာတော့ ခပ်ငေးငေးကြီး ကြည့်နေသည်။ ဆုပေးသံတော့ ထွက်ကျမလာ။

''မမငွေ .. တစ်ခါက မမငွေ ပြောဖူးတယ် .. သားရဲ့ အမွေအနှစ် ကို မယူဘူးဆိုရင် .. သိန်းငါးဆယ်ပေးမယ်ဆိုတာလေ ..''

ဟု ပြောတော့ မမငွေ မျက်နှာထားပြောင်းသွား၏။ စောစောက ငေးငူငူကြီးဖြစ်နေသည့် အကြည့်တွေထဲမှာ တင်းမာရိပ်ဝင်လာသည်။ လောင်ရိပ်ဝင်လာသည်။

''ဘာလဲ .. ပိုက်ဆံအယူကောင်းအောင် အရင်ကန်တော့လိုက် တယ်ဆိုပါတော့ ထိန်သာ .. ဟင် .. ဘာလဲ .. သိန်းငါးဆယ်ယူမလို့ လား .. နင့်ညီမ ငွေလိုနေတယ်ပေါ့လေ .. ဟင် .. ပြောစမ်းပါဟဲ့ ..''

ဟု မေးတော့ သူ ခေါင်းခါသည်။ ကတ္တီပါကြိုးနီဖိနပ်လေးကို စီးထားပါသည့် မမ်ငွေ ၏ ဖြူဥဥခြေထောက်လေးတွေကို သူ ငေးကြည့် မိသည်။ နောက်တော့ သူ့နဖူးဖြင့် ဦးခိုက်ထိလိုက်ရပါပြီ။ မမငွေ သည် မမေနှင့် အတော်ကြီးကို တူသည်လေ ..။ မမေ့ ဓာတ်ပုံထဲမှ အပြုံး သည် မမငွေ ပြုံးလိုက်လျှင် အတော်ကြီးကိုတူသည်။ မျက်နှာကျလည်း တူသည်။ မျက်ခုံးမျက်လုံးလည်းတူသည်။

''သား .. ပိုက်ဆံလာတောင်းတာမဟုတ်ပါဘူး မမငွေ .. အဲဒီအမွေ ဆိုတာကို သား ဘာတစ်ခုမှမယူဘူးဆိုတာ မမငွေ ကို လာအသိပေးတာ ပါ .. စာချုပ်မလိုပါဘူး မမငွေ ရယ် .. သစ္စာတည်ခြင်းသာလိုတာပါ.. သားအတွက် .. အမွေအနှစ်တို့ .. ချမ်းသာခြင်းတို့ မလိုပါဘူးဗျာ .. ခု.. အဲဒီ .. ကိစ္စ .. မမငွေ ကို ပြောပြတာပါ.. စိတ်ချပါ မမငွေ .. သား ..



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမယူပါဘူး .. တကယ်ပြောတာပါ .. သား သွားမယ် မမငွေ -

သူ ပြောကာ ထရပ်သည်။ လွယ်အိတ်လေးခင်း၍ စောစော အပေါ်မှာ တင်ထားကာ ကန်တော့ပါသည့် ပိုးထည်ဝတ်စုံပါသည့် အိတ် လေးကို သူယူ၍ မမငွေ ၏ စားပွဲပေါ်တင်သည်။ ခုထိ မမငွေ ငေးငေး ကြီးဖြစ်နေ၏။ သူ့ကို အကဲခပ်သလို .. စူးစမ်းသလို ကြည့်နေသည်။ သူ ပြုံးကာ အခန်းထဲမှထွက်တော့ ..

''ထိန်သာ .. ခဏရပ်စမ်း ..

ဟု မမငွေ ပြောလာတာမို့ သူ ရပ်လိုက်ရပါ၏။ မမငွေ ကို သူ လှည့်ကြည့်သည်။ သူ့ရင်ဘတ်ထဲထိ ဖောက်မြင်နိုင်လောက်အောင် ကြီး စားနေသည့်အကြည့်နှင့်တိုး၏။

''မင်း .. တစ်ခုခု .. ဖြစ်လာသလား ထိန်သာ .. ဟင် .. ငါ့ကို - ပြောစမ်း .. ဟိုမှာ .. ဘာဖြစ်လာသလဲ .. ငါ့မောင်ကို .. သူတို့ .. ဘာလုပ် လွှတ်လိုက်သလဲ .. ဟင် .. ဟင် ..''

ခုလိုကျတော့လည်း မခံချင့်ဖေဖြင့် မေးသံဖြစ်လာနေသည်။ အရင်း အချာဆိုတာ .. ခုလိုပါပဲလား .. ဟု .. သူ ရင်ထဲမှာကြည်နူး၏။ ခြော် မမငွေ ၏ ရင်ထဲမှာလည်း မောင်တစ်ယောက်အပေါ် ချစ်သည့်အချစ်ဆို တာတော့ အငုံစိတ်တစ်ခုအဖြစ် ရှိနေခဲ့သည်ပဲ။ သူ .. ဘာမျှမဖြေ - ခေါင်းပဲခါပြသည်။ တံခါးဝအရောက်မှာ .. စံကားမြိုင်အိမ်ကြီးမှာတုန်း ကလိုပင် .. သူ .. တစ်ချက်တန့်ရပ်၏။ စံကားမြိုင်အိမ်ကြီးမှာ ဘဘည် နှင့် ဒေါ်ကြီးထား ကို ပြုံး၍ကြည့်သည့်နှယ် မမငွေ ကိုလည်း ကြည့်မိ သည်။ ပြီးတော့ လက်အုပ်ချီပြပြီးမှ နေရာမှချာခနဲလှည့်ထွက်လာမိရပါပြီ - မျက်ရည်ပေါက်သည် .. ထိုအခါမှ .. ဆက်တိုက်ပြိုချေသတည်း - သူ လွယ်ထားရာ လွယ်အိတ်ထဲမှာ .. ဖေဖေ့ အဝတ်တွေပါလာသည်၊ ခြော် .. သူ့ဘေးမှာ .. ဖေဖေ ပါလာနေသည်ဟု ခံစားဖြစ်၏။







ညီမလေးရေ ...

ပေးဆပ်ရချေမည်လား

အသက်အဖျားကို · နှင်းအပ်

မြင့်မြတ်ရာနှလုံးသား

ခရီးရှည်သွားတဲ့မေတ္တာ

တစ်သက်တာ မိုင်တိုင်အဆုံး၌ တစ်ဖက်

တမလွန်ပန်းခက်နဲ့ လှေငယ်

ချောင်းစွယ်အထိရောက်ရောက်

အစ်ကိုတစ်ယောက်ရဲ့အချစ်

ညီမရင်နှစ်ရွှေစင်နှစ်အတွက်

ထားရစ်ခဲ့လျက် ထွက်ခွာမည် ...

သစ္စာတည်ဤအချစ် ချန်ရစ်ခဲ့မည် ...။

ခြော် ..

သစ္စာတည်ဤအချစ် ချန်ရစ်ခဲ့သည် ....။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

မေမေနှင့် ဖေဖေ့ အုတ်ဂူသည် သူ နှစ်စဉ် ထုံးဖြူသုတ်ထားတတ်ကာ ..။ မကြာမကြာ အုတ်ဂူကို သန့်ရှင်းရေးလုပ်ပေးတတ်သည်မို့ ဖွေးဖွေး သန့်ရှင်းနေသည်ပါပဲ ..။ မေမေ့ကို သူ အရင်သွားကန်တော့ပြီးမှ ဖေဖေ့ကို သူ ကန်တော့သည်။ မျက်ရည်စက်သည် ဆက်တိုက်ကြွေ၏။

"သား .. နောက်တစ်ခေါက် ထပ်ရောက်နိုင်ပါ့မလား မသိတော့ပါဘူး ဖေဖေ .. သား .. ဒီနေ့ .. ခေါ်ကြီးထား နဲ့ ဘဘညို ကိုလည်း ကန်တော့ခဲ့တယ် .. မမငွေ ကိုလည်း ကန်တော့ခဲ့တယ် .. မေမေ့ကိုလည်း သားကန်တော့ခဲ့ပြီးပါပြီ .. အခု .. ဖေဖေ့ကို ကန်တော့နေရပါပြီ ဖေဖေ .. ညီမလေးနဲ့ ပတ်သက်လာရင် .. သားဘက်က .. ညီမလေးကို စိတ်ဆင်းရဲအောင်လုပ်မိသလို ဖြစ်ကုန်ကြတာရှိခဲ့ဖူးပါတယ် ဖေဖေ.. အဲဒီအတွက် .. ဖေဖေ .. သားကို ခွင့်လွှတ်ပေးပါ .. တမင်ရည်ရွယ်ပြီး ညီမလေးကို စိတ်ညစ်အောင်လုပ်မိတာ မဟုတ်ပေမယ့် .. သား .. အဆင်ခြင်ကင်းလို့ ညီမလေး .. သူ့အသိုင်းအဝိုင်းမှာ မျက်နှာသိမ်ငယ်ရတယ် အခ[illegible] သား .. ဒီရွာကအပြီးတိုင်ထွက်ခွာတော့မှာပါ ..



ညီမလေးကို ဝေးစေနေရာရာက မြင်ရုံနဲ့ ကျေနပ်တဲ့စိတ် ဖြစ်ရ ..မို့.. ရန်ကုန်ကိုသွားမလို့ပါ ဖေဖေ .. မမငွေ ကိုလည်း သား ဘာအမွေမှ မယူဘူးဆိုတာ ပြောခဲ့ပါပြီ ဖေဖေ .. မမငွေ လည်း စိတ်ချမ်းသာတော့မှာပါ .. မမငွေ မမြင်ချင်တဲ့သားရဲ့ မျက်နှာကို .. မမြင်ရတော့ဘူးလေ.."

သူ ပြောရင်းငိုနေမိသည်။ ဖေဖေ့ ခြေရင်းမှာ မျက်နှာကိုထိအပ်၍ ငိုနေမိခြင်း ..။ နောက်တော့ မေမေနှင့် ဖေဖေ့ ဂူပတ်ဝန်းကျင်ကို သူ သန့်ရှင်းရေးလုပ်သည်။ မကြာမကြာ သူလာလာပြီး မေမေနှင့် ဖေဖေ့ ဂူနေရာလေးကို နွယ်မြက်သစ်ပင်ကင်းအောင် သန့်အောင် လုပ်ပေးတတ်သည်။ ဂူပတ်လည်မြေနေရာမှာ ကွန်ကရစ်ခင်းခဲ့သည်ကလည်း ပြီးခဲ့သည့် ဆယ်နှစ်လောက်ကဝည်းကပါ ..။ ပြီးတော့ .. စံကားပင်လေးတွေ သူ စိုက်ခဲ့သည်ကလည်း ဖေဖေ ဆုံးသည့်နှစ်ကတည်းကပေမို့..။ အပွင့်ဝေဝေ အပင်ကြီးကြီးဖြင့်ရှိနေသည့် ပန်းစံကားဖြူနီတို့က ဖေဖေ့ ဂူပတ်လည်နေရာမှာရှိနေကြသည့်အဖြစ် ..။ ပန်းစံကားတို့၏ ရနံ့က သင်းပျံ့နေသည်။ မေမေ့ဂူနေရာမှာ ဖေဖေ စိုက်ခဲ့သော ပန်းစံကားဖြူနီပင်တို့ကလည်း အပွင့်ဝေ .. အပင်ကြီးကြီးနှင့်ရှိနေပါ၏။ သူ .. ဖေဖေ့ အဝတ်တွေပါသော လွယ်အိတ်လေးကိုလွယ်ကာ ထွက်ခွာရစဉ်နိုက်မှာ ရင်သည်ဆို့၏။ ယခင်တုန်းက မေမေနှင့် ဖေဖေ့ထံ သူ ရောက်ချိန်..။ ဂူနေရာကို သန့်စင်အောင် တဘက်ဖြင့် ဂူကိုပွတ်သပ် ..။ ဂူပတ်လည် ကွန်ကရစ်ခင်းနေရာကို တဘက်ဖြင့် ပွတ်တိုက်ခဲ့ရစဉ်တုန်းက .. နောက်တစ်ခေါက်ဆိုတာ ရင်ထဲမှာ ကျန်သည်လေ ..။ ရှိသည်လေ ..။ ခုကျတော့ .. အပြီးတိုင်ထွက်ခွာခြင်းဆိုတာ ရင်ထဲမှာသိနေတော့မရှိ ..။ ရင်သည်ဆို့၏။ လှိုက်ခဲ၏။ ဖေဖေ့ထံ မမငွေ မရောက်တတ် ..။ မမငွေသည် မေမေနှင့် ဖေဖေ့ထံ ရောက်နေဖို့ထက် ဆန်စက်ကို ဦးစီးဖို့ အာကပ်နေတတ်သည်။ အိမ်ကြီးကို ပိုင်စိုးနေဖို့ပဲ အရေးကြီးနေတတ်သည်။ စပျစ်ခြံမှ ဝင်ငွေတွေကို စစ်ဆေးနေဖို့ပဲ စိတ်သောကဖြစ်နေတတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ .. ကြာကန်ရွာမှာ မရှိတော့လျှင် ..။ မေမေနှင့် ဖေဖေ့နေရာလေးမှာ သစ်ရွက်ခြောက်တွေ ..။ ပန်းကြွေအခြောက်တွေ၊ ဒင်းကြမ်းပြည့်နေတော့မည်လား ..။ ဟုတ်သည် ..။ ထိုသို့ဖြစ်နေတော့မည်သာ..ရင်သည်လှိုက်၏။ မျက်ရည်သည် ထိန်းမရ ..။ စိတ်သည် သော့သော့နင်၍ မေမေနှင့် ဖေဖေ့ထံရောက်ပြန်ကာ နောက်တစ်ကျော့ မေမေနှင့်ဖေဖေ့ ခြေရင်းတွေမှာ ထိုင်နေမိရပြန်သည်။ ကန်တော့နေမိရပြန်သည်။ တစ်သက်တာအတွက် .. ခွဲခွာခြင်းဆိုတာ ကွယ်လွန်သူနှစ်ယောက်နှင့်ရှင်သန်သူတစ်ယောက်တို့ကြားမှာ ..။ ရှင်သန်သူက ဆုံးဖြတ်ရတတ်သည်ကောဟု နားလည်လာမိရသည်။ ဟုတ်သည် ..။ ခု .. မေမေနှင့်ဖေဖေ့ကို သူခွဲခွာဖို့ ဆုံးဖြတ်ခဲ့ရပြီကောလေ ..။ ခု .. ရွာမှထွက်ခွာသွားခြင်းသည် .. အားလုံးနှင့် ခွဲခွာခြင်းပဲဖြစ်နေသည်။ ညီမလေးထံမှ သူပြန်လာရသည့်နောက်မှာ ..။ ထိုအဆုံးအဖြတ်ကို သူ ဆုံးဖြတ်သည်။ လမ်းပေါ်မှာ နောက်ဖေးလမ်းကြားလေးထက်မှာ .. မျက်ရည်တွေကျနေရင်း .. သူ ထိုသို့ဆုံးဖြတ်ခဲ့ခြင်းပါ ..။ ရွာရောက်တော့လည်း အားလုံးကိုသူ ကန်တော့နှုတ်ဆက်ပြီးခဲ့ပြီ။ သူ .. သူ .. ဘယ်သောအခါမှ ပြန်မလာတော့ပြီ။ သူ့ကို ဆက်ဆံရမှာ ခက်ခဲနေတတ်ပြီဖြစ်သော ညီမလေးသည်လည်း သူ မရှိတော့သည့် ဤရွာကို ဘာအကြောင်းနှင့်မျှ ရောက်လာတော့မှာ မဟုတ်။ သူ ရှိနေလျှင် .. ညီမလေးသည် မကောင်းတတ်၍ဟန်ဆောင်ပန်ဆောင်ဖြင့် လာနေရဦးမည်။ ဤ ရုပ်ဆိုးအစ်ကိုတစ်ယောက်၏ အလိုက်ကမ်းတရားမသိမှုကို .. စိတ်ပျက်လက်ပျက်ဖြင့် ကြုံနေရဦးမည်။ သူသည် .. ပျောက်ကွယ်သွားသူတစ်ယောက်ဖြစ်နေသင့်ပြီ။ ပျောက်ကွယ်ခြင်းဆိုတာ .. အသက်ရှင်လျက်ဖြင့် ပျောက်ကွယ်သွားခြင်းလည်း ဖြစ်နိုင်သည်ပဲလေ ..။ သူ .. ဖေဖေ့ဂူမှာ အတန်ကြာ ဂူခြေရင်းကိုခေါင်းမှို၍ ငြိမ်နေပြီးမှ ဂူကိုလက်ဖြင့် ဖွဖွပွတ်သပ်နေမိသည်။ ဘယ်သူမှသူ့ကို ခြေရာမခံနိုင်အောင် လမ်းမှာ ကားကြုံတစ်စီးကိုတား၍ သူ ရန်ကုန်





သို့သွားမည့် ..။ အားယူကျုံး၍ လျှောက်ချိန်မှာ ကျောဘက်ဆီမှ ခေါ်သံပေါ်လာ၏။

"သား .. ထိန်သာ .."

သူ ချက်ချင်း လှည့်ကြည့်မိတော့ ဖေဖေ ရပ်နေသည်။ ဖေဖေ့ကို ဂြိုဟ်စဉ်မှာ ဝတ်ဆင်ခဲ့ပါသည့် အဝါရောင်ပိုးပုဆိုးခေါင်စင်းနှင့် အဖြူရောင်ပိုးရှပ်လက်ရှည်လည်ကတုံးအင်္ကျီကိုဝတ်ထားသည်။ ဖေဖေ သူ့ကို ၍ကြည့်နေ၏။ မျက်ရည်လည်းလည်နေသည်။

"သား ပင်ပန်းလှပါပြီကွယ် .. ဖေဖေနဲ့အတူ နေလိုက်ပါလား.. သား .. ဖေဖေ့ ရင်ခွင်မှာ နားလိုက်ပါလားကွယ် .."

ဟု ပြောတော့ သူ ဖေဖေ့ထံ ပြေးလာမိသည်။ ဖေဖေ ပြုံး၍ လက်ဆန့်န်းချိန်မှာ ဖေဖေ့ ရင်ခွင်မှာ သူ ခေါင်းတိုးဝင်မိသည်။ ဆယ့်သုံးနှစ်ရွယ် ထိန်သာလေး ၏ ခံစားချက်တွေရင်ထဲပြန်၍ ဖြစ်တည်၏။ လေးလို ငိုနေမိသည်။ ညီမလေးအပေါ် စိတ်ဆင်းရဲအောင် သူ လုပ်ိုက်မိသည်ဟုလည်း ဖေဖေ့ကို ယူကျုံးမရပြောပြနေမိသည်။ ဖေဖေ၍ နားထောင်နေ၏။ သူ့ဆံစတွေကို သပ်ပေးနေ၏။ သူ့ နဖူးကိုနမ်း၏။ ထိုစဉ်ခိုက် ပန်းစံကားပင်ဆီမှ ပန်းကြွေတစ်ချို့ကြွေသက်လာကြမှ သူ့ ပခုံးပေါ်လာထိ၏။ သူ .. ဆတ်ခနဲဖြစ်သွားရာမှ ..။ မျက်ဝန်းပွင့်လာတော့ ခြင်ထောင်အမိုးကိုမြင်သည်။ သူ .. အိပ်မက်မက်နေင်းပါတကား ..။ သူ .. ရွာမှမထွက်ခွာမီမှာ မေမေနှင့် ဖေဖေ့ထံ သွားန်တော့ခဲ့စဉ်က ခံစားချက်များသည် ရင်ထဲမှ ထွက်ခွာမသွားနိုင် ..။ - အိပ်မက်ထဲသို့တိုင် လိုက်လာနေကြသည်ကောလေ ..။ ကိုယ်ကိုင်းလိုက်မိသည်။ သင်ဖြူးခင်းအိပ်ရာထက်မှာ ကလေးတစ်ယောက် သူ ခြေကိုကွေး၍ တစောင်းလှဲနေရင်း မျက်ရည်ကျလာ၏။ ဖေဖေ..ကို သတိရနေချေပြီလား ..။ ဟုတ်သည်။ သတိရနေပြီ ..။ ဒါကြောင့်..ထံရောက်လာခြင်း ..။



www.burmeseclassic.com

www.burmeseclassic.com



သူ ထထိုင်လိုက်မိကာ လက်အုပ်ချီ၍ ဖေဖေ့ကိုပြည့်စုံးကန်တော့ပါ၏။ အလုပ်သမားတန်းလျားရှိ တစ်ဖက်ခန်းဆီမှ ကိုမြင့် ၏ ဟောက်သံကို သူ ကြားနေရသည်။

"သား .. ဒီရန်ကုန်မှာ အလုပ်ရနေပြီ ဖေဖေ .. ပထမတစ်ခေါက် သား ရန်ကုန်ရောက်ပြီး .. ညီမလေး အိမ်ကထွက်ခဲ့တော့ .. သစ္စာ တည်းခိုခန်းမှာတည်းခဲ့တာပါ ဖေဖေ .. အဲဒီမှာ နှင်းဆီပန်းအိုး တိုးထိုးထား မြင်နေရတော့ ကောင်တာက ကိုစိုး ဆိုတဲ့ လူငယ်လေးကို .. ရန်ကုန်မှာ ပန်းဈေးကြီးလားလို့ မေးမိရာက .. တည်းခိုခန်းပိုင်ရှင် အန်ကယ်တော့ ဆိုတာက .. မြို့ပြင်ဘက်မှာ နှင်းဆီခြံရှိတယ်ဆိုတာ သူ ပြောပြလို့သိတာပါ ဖေဖေ .. နောက်တစ်ခေါက် ရန်ကုန်ရောက်တော့ .. အဲဒီမှာ ထပ်တည်းပြီး .. ကိုစိုး နဲ့ တဆင့် .. ဧရာတရဲ့ .. အလုပ်လေးတောင်းမိခဲ့ရာက .. အန်ကယ်က သားကို တည်ခိုခန်းက သူ့ရုံးခန်းမှာ ခေါ်တွေ့တယ် .. သား ဘာအလုပ်လုပ်ဖူးလဲလို့မေးတယ် .. စပျစ်ခြံမှာလုပ်တယ်လို့ဖြေခဲ့ရတယ် ဖေဖေ .. အရင်တစ်ခေါက် ရန်ကုန်ကိုလာပြီး အလုပ်လာရှာခဲ့ပေမယ့် အလုပ်မရလို့ ရွာပြန်သွားတော့ ရွာကစပျစ်ခြံမှာလည်း အလုပ်သမားအသစ် ခန့်လိုက်တာမို့ .. နောက်တစ်ကျော့ ရန်ကုန်ကို လာရတာပါလို့ လိမ်ပြောခဲ့ရတယ် ဖေဖေ .. လိမ်ပြောတာ ဖေဖေ မကြိုက်မှန်းသိပါတယ် ဖေဖေရယ် .. ဒါပေမယ့် .. အမှန်အတိုင်းပြောရင် .. ညီမလေးနဲ့ပတ်သက်တာတွေပါကုန်မှာမို့ပါ၊ ညီမလေးဆီလာရင်း .. တည်းခိုခန်းမှာ တည်းတာလို့ဖြေကြည့်ရင်ဖြင့် .. ညီမလေးက ဘယ်သူလဲ .. ဘယ်မှာနေသလဲနဲ့ အန်ကယ်မေးမှာပေါ့ .. ဒါကြောင့် .. အရင် တစ်ခေါက်ကတည်းက ရန်ကုန်ကို အလုပ်ရှာလာတာပါလို့ပဲ လိမ်ရတော့တာပါ ဖေဖေ .."

သူ တိုင်တည်၍ ပြောနေမိခြင်း ..။ ဖေဖေ အားမှာလာထိုင်နေသည်ဟု ခံစားဖြစ်၏။ အိပ်မက်ထဲမှာ နမ်းလိုက်သည့် ဖေဖေ့ အနမ်းသည် ခုထိ သူ့နဖူးထက်မှာ နွေးထွေးစွာသော အငွေ့အသက်တွေကျန်နေ





ဟု သူထင်နေသည်။

"အဲဒါ .. အန်ကယ်က .. သားနေတဲ့ရွာကိုမေးတယ် .. တည်းခိုခန်းမှာ တည်းခိုစဉ်အပ်ထားရတဲ့ သားရဲ့မှတ်ပုံတင်ကို .. ကိုစိုး နဲ့ ယူတာခိုင်းပြီးကြည့်တယ် .. နောက်တော့ .. စပျစ်ခြံမှာ ဘယ်လောက်ကြာခဲ့ပြီလဲဆိုတာ မေးတယ် .. နောက်ထပ်ဘာလုပ်တတ်သလဲလို့လည်း မေးတယ် ဖေဖေ .. သား စပျစ်ခြံလုပ်သက်ဘယ်လောက် .. ဆိုတာရယ် .. ကားလေးဘာလေး မောင်းတတ်တယ်ဆိုတာရယ်ဖြေတော့ .. အန်ကယ် သဘောကျပြီး .. အစမ်းခန့်မယ်လို့ပြောတာ .. အခု .. သားတစ်လရှိပြီ ဖေဖေ .. ဒီမှာ အလုပ်လုပ်နေတာ .. တစ်လကို ငါးသောင်းရတယ် ဖေဖေ .. မနက်စာထမင်းကြော် .. နေ့လယ်စာနဲ့ ညစာ ထမင်းကျွေးတယ် .. နေဖို့ တန်းလျားပေးတယ် .. သားအတွက်က .. နေစရာ စားစရာမပူရတာပဲ ကံကောင်းလှပါပြီ ဖေဖေ .. သား .. တစ်ပတ်တစ်ခါလောက်တော့ ညီမလေးကို သွားသွားကြည့်တယ် ဖေဖေ.. တစ်ခါပဲတိုးပါတယ် ဖေဖေရယ် .. ညီမလေးက .. ပန်းခြံဘေးမှာ ရှိနေတာ .. ခွေးကလေးတစ်ကောင်လည်းရှိတယ် ဖေဖေ .. အဖြူရောင်အမွေးဖွားလေးနဲ့ ခွေးလေးက ချစ်စရာလေး .."

ဟု ပြောနေမိပြန်သည်။ တဖြည်းဖြည်း သူ ခံစားလာရသည်က .. သူတို့သားအဖနှစ်ယောက် အရမ်းကိုနီးနေသည်ဟု ..။ စကားတွေရာပြောနေသည့် ခံစားချက်ကလည်း ဖေဖေဘေးမှာ ကျကျနနထိုင်နားထောင်နေသည့်နှယ် ဖြစ်နေသည်။ ရင်သည် နွေးထွေးလာ၏။ ဖေဖေ ရှိနေသည်ကော .. ဆိုသည့် ခံစားချက်က လုံခြုံလာစေသည်။

"သား .. အလုပ်လုပ်လိုက်ဦးမယ် ဖေဖေ .."

သူ ပြောပြီး တစ်ချက်ငိုင်၏။ သူ .. ဖေဖေ့ အုတ်ဂူသို့မရောက်နိုင်သော့တာ တစ်လကျော်လာပြီမို့ .. ဖေဖေ လိုက်လာခြင်းများလား ..။ သူ့ကို အိပ်မက်ပေးခြင်းများလားလေ။ ရင်ထဲမှာ မကောင်းနိုင် ..။ သူ..



www.burmeseclassic.com

www.burmeseclassic.com



တာဝန်တစ်ခု မကျေသည့်နှယ် ခံစားလာရပြန်သည်။ မေမေနှင့် ဖေဖေ ထံ တစ်လကို အနည်းဆုံး ဆယ်ကြိမ်လောက်တော့ ရောက်တတ်သည့် သူ အလေ့အထတစ်ခုသည် တစ်လကျော်လောက် ပျက်ယွင်းသွားခဲ့ရသည်ကိုး။

သက်ပြင်းရှိုက်ကာ ရေစည်ရှိရာ နောက်ဖေးဘက်သို့သွားကာ မျက်နှာ သစ် ..။ အဝတ်အစားလဲကာ ပထမဆုံး ကားဂိုဒေါင်သို့သွားသည်။ တံခါး ဖွင့်၍ ကားကိုမောင်းထွက်ကာ အဝတ်ဖြင့် ထပ်၍ ပွတ်သုတ်နေမိရပါ ၏။ သူ ရောက်ပြီးသည့်နောက်မှာ ဒရိုင်ဘာကိုမြင့် မနက်စောစောထ ကာ ကားထုတ်ရ ..။ ကားကို ပြောင်လက်အောင် ပွတ်သုတ်ရသည့် အလုပ်သက်သာရာရခဲ့သည်ပါပဲ။ ညနေတိုင်း သူ ကားကို ရေပိုက်ဖြင့် ဆေးသည်။ သုတ်သည်။ နောက်ထပ်လည်း မနက်တိုင်း ထပ်၍ပွတ်သုတ် သည်။ အန်ကယ်ကျော် ကလည်း ပန်းဈေးသို့ ပန်းပို့သည့် လိုက်ထရပ်ကား ကို ပြောင်လက်နေတာမျိုးမှ သဘောကျသည်လေ ..။ စီးပွားရေးလုပ်ငန်း တစ်ခုအဖြစ် ပန်းပို့သည့် ဤကားကိုလည်း တောက်ပသန့်စင်နေမှ ကျက်သ ရေတိုးမည်။ လာဘ်လာဘတိုးမည်ဟု အန်ကယ်ကျော် က မှတ်ယူသည်။ ခံယူသည် ..။ သူ .. ကားကိုအဝတ်သန့်ဖြင့်ပွတ်သုတ်ပြီး ကားဘီးခွေ တွေကအစ လိုက်သုတ် ..။ အစစ စိတ်ကျေနပ်မှ ပန်းခြင်းတွေထားရာ အခန်း သို့ထွက်ခဲ့ပါ၏။ မနေ့ညနေကမှ ခူးထားသော ပန်းတွေသည် ရေဖျန်းဘူး လေးတွေဖြင့် တစ်ဆက်တည်း ဖျန်းထားခဲ့တာကြောင့်ရော ..။ ပန်း၏ အောက်ခြေပန်းရိုးတံနေရာတွေမှာ အဝတ်သန့်ဖြင့် ရေဆွတ်ပတ်ထား၍ရော- အားလုံး လန်းဆတ်မွှေးပျံ့နေသည်ပါပဲ ..။

ပန်းခြင်းတွေအလုပ်သမားတွေဖြင့် သူ ဝိုင်းတင်သည်။ ကိုမြင့် ရောက်လာ၏။ ဤနေ့ပန်းခြင်းပို့မည့် အလုပ်သမားသုံးယောက်ရှိသည်။ သူလည်းပါသည်။ ပန်းခြင်းပို့ ..။ အလုပ်သို့ပြန်လာ ..။ ပန်းခြံထဲအလုပ် ဆင်း ..။ ဒါ .. နေ့စဉ်ဖြတ်သန်းနေကျကာလများပါတည့် ..။ တစ်ခုတော့ ရှိသည် ..။ ပန်းခြင်းကို ပန်းဈေးလိုက်ပို့ရသည့် အလုပ်သမားအနေဖြင့်





အပြန်မှာ လိုချင်တာတွေ ဝယ်ချင်တာဝယ် ..။ ပြီးလျှင် .. ကားရပ်စောင့် သည့်နေရာသို့ ပြန်လာ ..။ ပြီးလျှင် ပန်းခြံသို့ပြန်လိုက်ပါရမည်။ ဤ အခွင့်အရေးကို အန်ကယ်ကျော် ပေးထားသည်။ အပြန်မှာ ကြိုက်သည့် လက်ဖက်ရည်ဆိုင်မှာဝင်၍ လက်ဖက်ရည်သောက်၊ မုန့်စားရမည် ..။ ထိုက်ဆံကို အန်ကယ်ကျော် မှ ကိုမြင့် ထံပေးထားသည်။

ဤနေ့မှာက သူ လိုက်ရမည့်နေ့ပေမို့ ရင်ထဲမှာ လှုပ်ရှားနေရသည် ပါပဲ။ ညီမလေးကို အဝေးမှ တိတ်ဆိတ်စွာ မြင်ရနိုးနိုးဖြင့် စောင့်ကြည့် ရမည်လေ ..။ အရင်အပတ်က မတွေ့ရ ..။ သူ့မှာ .. အုတ်တစ်ဝက်ကာ၊ သံပန်းခက်အလှတွေတစ်ဝက်ကာထားပါသည့် အုတ်နံရံ၏ ကွန်ကရစ် အုတ်တိုင်နေရာမှာ ကွယ်၍ကွယ်၍ အတွင်းဘက်ကိုကဲ၍ ချောင်းကြည့် ခြင်း ..။ အချိန်ကလည်း ကြိုက်သလောက်မရ ..။ သတ်မှတ်ချိန်အတွင်း ကားရပ်စောင့်နေမည့် ပန်းဈေးကားပါကင်နေရာသို့ ပြန်ရမည်လေ ..။

မနက်စာ ထမင်းကြော်နှင့် ကော်ဖီတစ်ခွက်စီသောက်ပြီးကြတာ နှင့် အားလုံး ပန်းကားဖြင့် ထွက်ခဲ့ကြသည်ပါပဲ။ ကားနောက်ခန်းမှာ ပန်းခြင်းတွေ စနစ်တကျ စီတင်ထားသည်။ အလုပ်သမားတွေလည်း ကားနောက်ခန်းမှာပဲထိုင်၍ ပါလာကြသည်ပါပဲ ..။ မနက်စောစောကြီး မှာ ပန်းဈေးသို့ကားဆိုက်တော့ ဖောက်သည်အဝယ်သမားပန်းဆိုင်များ သို့ ပန်းခြင်းတွေထမ်း၍ အပို့သွားကြရပါ၏။

ပန်းဆိုင်တွေက ဖွင့်နှင့်နေကြပြီ ..။ ပန်းခြင်းတွေချ ..။ ပန်းဘယ် နှခြင်းဆိုတာ စာရင်းစာအုပ်မှာဖြည့်၍ ဆိုင်ရှင်က လက်မှတ်ထိုးပေး..။ ပြီးလျှင် နောက်တစ်ဆိုင်သို့ ထမ်း၍ပို့ ..။ ပန်းခြင်းတွေက မကုန်သေး..။ မနက်စောစော နေအပွင့်ရေးရေး ထင်လင်းစအချိန်မှာ သူ ပုဆိုးလေးတိုတို ဝတ်ကာ ရှပ်လက်တိုလေးဖြင့် ပန်းခြင်းတွေထမ်းနေရဆဲ ..။ သူ ဝတ်ထား သော အဝတ်တွေက ရန်ကုန်ရောက်မှ ထပ်ဝယ်ခဲ့သည့်အဝတ်များ၏ ..။ ဈေးသက်သာသည့် ချည်ကြမ်းပုဆိုးသုံးထည်ဝယ်သည်။ အတည်ဟောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှ ရှပ်အင်္ကျီသုံးထည်ဝယ်သည်။ ဖေဖေ့အဝတ်တွေပဲပါလာတာမို့ သူ ချမဝတ်ရက် ..။ ချည်ကြမ်းပုဆိုးသုံးထည်ကို လှည့်ပတ်ဝတ်ထား ရလျှော်နေရတာမို့ အရောင်ကတော့ မလွင်တော့ပြီ ..။ ခြံထဲဆင်းလိုက်၊ အလုပ်လုပ်လိုက် ..။ ချွေးတွေသံတွေနှင့် ပုဆိုးအင်္ကျီတွေ လျှော်လိုက်ဖြင့် မြန်ဆန်လွန်းစွာပဲ အဝတ်တွေက အရောင်မွဲလွင့်လွင့်ဖြစ်ကုန်ရပြီ..

အလုပ်ကိစ္စပြတ်တော့ ထုံးစံအတိုင်း အလုပ်သမားထဲက သူတစ် ယောက် ငါတစ်ယောက် ကြိုက်ရာသို့သွားကြ၏။ ကိုမြင့် မှ နာရီကို ကြည့်ကာ ...

“ခုနစ်နာရီနဲ့ မိနစ်လေးဆယ်မှာ ဆုံကြမယ် ..”

ဟု အချိန်ကိုသတ်မှတ်သည်။ သူ .. ဘတ်စ်ကားစီး၍ မြစမ်းဘေ ဘက်ကို ရောက်ရသည်ပါပဲ။ ခြံရှေ့ရောက်တော့ ဟိုဟိုသည်သည်ကြည့် သည်။ ခြံထဲခါးရှေ့မှာတော့ မရပ်ရဲ ..။ ခြံစည်းရိုးအုတ်တိုင်ကို ကွယ်၍ ကွယ်၍ ကြည့်နေမိရပါ၏။ ဦးထုပ်လေးကို ငိုက်အောင်ဆောင်းကာ ကိုယ့်ကိုမမြင်အောင်လည်း ဂရုစိုက်ရသည်။ ညီမလေး ဘယ်နေရာမှ များ ရောက်လာချေမည်လဲဟုလည်း ဟိုဟိုသည်သည်ရှာနေမိသည်။ ရင်ထဲ မှာ ဟာလာသည်။ မတွေ့ရချေသည်ကောလေ ..။ မျက်ရည်ကဝိုင်းလာ၏။

“ငါ .. ညီမလေးကို မြင်ချင်လိုက်တာ .. မြင်ရုံလေးပါ ညီမလေး ရယ် .. ဟိုဘက်ပန်းရုံအောက ထွက်လာလိုက်ပါလား .. ဟိုဘက်ပန်းခြံ ထဲကို ရောက်လာလိုက်ပါလား .. မြက်ခင်းမှာ ခွေးလေးနဲ့ ဆော့နေပါ လားကွယ် .. ကိုကို .. အဝေးကမြင်ရရင် .. ရင်ထဲအေးမြရပါပြီ .. ကိုကို့ ညီမလေး မျက်နှာကို မြင်ချင်လွန်းလို့ [illegible] လွမ်းလွန်းလို့ .. လာရတာပါ .. လာမိတာပါ ..”

သူ ရင်ထဲမှ [illegible]နေမိသည်။ ဒါပေမယ့် အချိန်တွေကုန်လာ သည့်တိုင် မတွေ့[illegible]ည်း မျက်ရည်တဝဲဝဲဖြင့် နောက်ကြောင်းပြန် ရပါပြီတည်း ..။ [illegible]ကို မမြင်ရလျှင် တမြေ့မြေ့ပါအောင် ကြေကွဲ နေရလွန်းဟ[illegible]မှ သူ့ရင်ထဲက ဖျောက်မရနိုင်တော့သည့် ခံစား





ချက်ဖြစ်နေသည်။

ငယ်ဘဝကို သူ လွမ်းရသည်။ ငယ်တုန်းက .. သူ့လက်ကို တွဲတွဲ ဖြင့် လက်သေးသေးလေးဖြင့် လာလာတွဲတတ်သည့် ညီမလေး ..။ အရုပ် လေး သော့ပေးလမ်းလျှောက်နိုင်သည့်နှယ်ချစ်စရာ ချစ်စရာကောင်းလှ ပါသည့် သူ့ ညီမလေး ..။ ဩော် .. ခုတော့ .. အရွယ်ရောက်လာလျှင်.. ကြွေရုပ်လေးနှယ် လှလိုက်ပါသည့် ညီမလေး ..။ သူ .. တွေ့ခွင့်ကို လူသိ လူမြင် .. မရနိုင်သည့်ဘဝထဲမှာရှိနေရင်း .. တိတ်တဆိတ်သာ .. လာ၍ လာ၍ ချောင်းကြည့်ရပါသည့် ဤဘဝထဲမှာ .. ဘယ်တော့မှလည်း လွတ် မြောက်နိုင်တော့မှာမဟုတ် ..။ ဘာကြောင့်ဆို .. သူ .. ညီမလေးကို .. အမြဲချစ်နေမည်ကိုးလေ ..။

ရပ်ထားသော ကားသို့ သူရောက်တော့ ကိုမြင့် ရောက်နှင့်နေပြီ..။

“ဟိုကောင် အောင်စိန် လေ.. မဝင်း ဆိုင်က ပန်းခြင်း ဘယ်လောက် လက်ခံထားတယ်ဆိုတာ ရေးထားတဲ့ဥစ္စာ .. မဝင်း လက်မှတ်မထိုးပဲနဲ့ ယူလာသတဲ့ .. မဝင်း ကလည်း ပန်းဘယ်နှစ်ခြင်း .. ဆိုတာ လက်ရေး နဲ့တော့ ရေးပေးလိုက်တယ် .. လက်မှတ်ထိုးမလွှတ်လိုက်ဘူး .. ပြီးရင်.. အရမ်းအငြင်းသန်တဲ့ မဝင်း သိရဲ့လား .. ဟိုတစ်ခါကလည်း ပန်းခြင်း တွေ ငါတို့ပြန်သိမ်းပြီး .. နောက်တစ်နေ့ ပိုက်ဆံအရှင်းကို သွားယူတော့.. ငြင်းတယ်လေ .. သူ့လက်မှတ်လည်းမပါဘူးတဲ့ .. သူ ကိုယ်တိုင်ရေးတဲ့ စာကို ခံငြင်းတဲ့ဟာ .. စကားအချေအတင်ပြောရဖူးတယ်ဗျ .. ကျွန်တော် လည်း သူ့ကို သွားမပြောချင်ဘူးဗျာ .. အခု .. ပို့ထားတဲ့ ပန်းခြင်းအလွတ် တွေလည်း သူတို့ဆိုင်မှာရှိနေဦးမှာ .. ပန်းတွေလှယ်ယူထားပြီး ပန်းခြင်း တွေ ပြန်ယူဖို့ စီထပ်ထားတဲ့ဥစ္စာကို .. ရေတွက်ယူလိုက်ဗျာ .. ပြီးရင်.. သူ လက်မှတ်မထိုးပေးပဲထားတဲ့စာရင်းစာအုပ်ကိုပေးပြီး လက်မှတ်ထိုး နိုင်းလိုက် ..”

ဟု ပြောတော့ သူ စိတ်နည်းနည်းညစ်သည်။ ညီမလေးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ခဲ့ရ ..။ ကားရပ်ထားရာသို့ ရောက်တော့လည်း မဝင်း ထံသွား ဖို့ကိစ္စက ပေါ်လာပြန်သည်။ မဝင်း ဆိုတာက အသံလေးတစာစာဖြင့် အလွန်စကားများသည့်သူ ..။ အငြင်းကလည်း သန်သည်။ သူ .. မသွား ချင် ..။ ဒါပေမယ့် မတတ်နိုင် ..။ ကိုမြင့် နိုင်းသည်မို့ သွားရသည်ပါပဲ မဝင်း ထံရောက်တော့ အရင်ဆုံး ပန်းထည့်လာခဲ့ရာ ပန်းခြင်းအလွတ် တွေစီထပ်ထားရာကိုယူရသည်။ ပလတ်စတစ်ဆန်ကာခြင်းကြီးတွေ ရေတွက်ပြီးတော့ ပန်းခြင်းဘယ်နှစ်ခြင်းဆိုတာ လက်မှတ်ထိုးဖို့ကျွန်တော် ပြောပြီး လက်မှတ်ထိုးခိုင်းရပြန်၏။ ပန်းတစ်ခြင်းမှာ ပန်းစည်းဘယ် လောက် ..။ ပန်းတစ်စည်းမှာ ပန်းပွင့်ဘယ်လောက်ဆိုတာက ပုံသေ ပြီးသား ..။

"သြော် .. မေ့လို့ပါဟယ် .. ပေး .. ပေး .. လက်မှတ်ထိုးပေးလိုက် ပါ့မယ် .. ကိုမြင့် ကလည်းလေ .. မနက်စောစောကြီးမှာ .. ဒီလက်မှတ် ကိစ္စ .. အလောဆုံးဆယ်လုပ်နေရတယ်လို့ .."

ဟု ပြောကာဆိုကာ လက်မှတ်ထိုးပေးတော့ သူ ဝမ်းသာသွားရ၏။ အငြင်းအခုံမဖြစ်လိုက်ရပဲ ကိစ္စပြတ်ပြီကိုးလေ ..။ ပန်းခြင်းတွေ စီထပ်ထားရာကို ကောက်၍ ပခုံးမှာ ထမ်းကာအလှည့် ..။ ဘွားခနဲ ရင်ဆိုင်တိုးလိုက်ရသည်က .. ညီမလေးပါတကား ...။

"ဟင် .. ညီမလေး .."

သူ ရုတ်ခနဲဝမ်းသာသွားသည်။ ငယ်ဘဝကနယ် .. ညီမလေးနှင့် ဆုံရသည်သို့ ခံစားရင်း ရင်ထဲလွတ်သွားကာ ခေါ်မိခြင်း ..။ ညီမလေး ကလည်း မော့ကြည့်နေသည်။ ညီမလေး၏ လည်တိုင်မှာ စိန်လော့ကက် သီးပါသော ရွှေကြိုးတုတ်တုတ်လေးကို ဆွဲထား၏။ လက်ကောက်တွေ ကလည်း ဆင့်ဆင့်စီ၍ တလင်းလဲ့လဲ့ဝတ်ထားသည်။ စိန်လက်စွပ်နှင့် စိန်နားကပ်နှင့် ထက်အောက်ပိုးဝတ်စုံနက်ပြာရောင်လေးဖြင့် မှုံမှုံဥ သည့် ညီမလေး ..။ လက်ထဲမှာ ရွှေရောင်လက်ကိုင်အိတ်လေးကိုင်ထား





သည်။ နောက်ပါးမှာ ရပ်နေသည်က ခင်မေ ..။ ပလတ်စတစ်လက်ဆွဲ ခြင်းကိုင်ထားသည့် ခင်မေ ကလည်း တအံ့တသြဖြင့် သူ့ကိုကြည့်လိုက်..။ ညီမလေးကို ကြည့်လိုက်ဖြင့်ရှိနေ၏။ ခုလို .. ပန်းဈေးထဲမှာ .. ပန်းခြင်း အလွတ်ကိုထမ်း၍ စုတ်ဖတ်ဖတ်ဖြင့် သူ ရှိနေတာကို ညီမလေး မဆိုထား နှင့် ခင်မေ ပင် အံ့သြခြင်းမက .. အံ့သြမှင်တက်နေသည့်အဖြစ် ..။ သူ.. ချက်ချင်းသတိဝင်လာသည်။ မှားပြန်ပြီကော .. ဟု နောင်တဖြစ်ရပါပြီ..။ ညီမလေး .. ဟု .. သူ့ နှုတ်ကခေါ်မိခဲ့ပြီးပြီကောလေ ..။ ပန်းဈေးတန်း မှာ .. ပန်းဆိုင်တန်းမှာမို့ ဆေးလူတွေလည်း ကြားကြချေမည်သာ ..။ အထူးသဖြင့် မဝင်း ၏ အကြည့်က နားမလည်ကြည့်ဖြင့် ညီမလေးနှင့် သူ့ထံမှာ ရောက်နေ၏။ ညီမလေး .. ဟိုဟိုသည်သည် ငဲ့ကြည့်သည်။ မျက်နှာလေး ရဲနေ၏။ ရှက်နေရှာပြီဆိုတာ သူသိနေသည်။ ညီမလေး သူ့လက်ကိုဆွဲ၍ အပြင်ဘက်သို့ခေါ်လာ၏။ ဈေးထောင့်နေရာလေးမှာ ရပ်သည်။ သူ့ကို မျက်ရည်တွေဖြင့် မျက်တောင်မခတ် မော့ကြည့်နေ ၏။ သူ .. ခေါင်းငုံ့ထားမိသည်။ ညီမလေးကို မကြည့်ရက် ..။ စိတ်အရမ်း ဆင်းရဲရှာချေပြီကောဟု သိနေရင်း ညီမလေးကို သနားနေမိရတာက ရင်ထဲမှာ မွှေနှောက်နေသည်။ မနေတတ်မထိုင်တတ်ဖြစ်လာနေရသည်။ မျက်လုံးကို စိုက်ဆင်း၍ ခေါင်းကိုမဖော်ဖြစ်တော့ ..။

"ကိုကို .. ဘာအညိုးအတေးတွေနဲ့ .. ပျိုလေး ကို ဒီလောက်ထိ လိုက်လိုက်ပြီး အရှက်ခွဲနေရတာလည်းဟင် .. ပြောစမ်းပါ .. ပြောပြစမ်း ပါ .. ကိုကို မြစမ်းရေ ကနေပြီး မပြောမဆိုထွက်သွားတယ် .. အလုပ် ကိစ္စကြောင့်ပါဆိုပြီး သွားလိုက်တာ .. ညီမလေးလည်း စိတ်ထဲပေါက် ပေါက်ရှိတာနဲ့ .. ကိုကို့ဆီကို ဖုန်းတောင်မဆက်ခဲ့မိဘူး .. တစ်ပတ် လောက်နေမှဆက်တာ .. မောင်ကဆော့ ကိုကို ပြန်သွားတာနဲ့ .. ချက်ချင်း ကိုကို့ဟန်းဖုန်းကိုဆက်သေးတယ် .. ဖုန်းက စက်ပိတ်ထားတယ်ချည်း ဖြစ်နေတယ် .. စံကားမြိုင်ကိုတော့ ကိုကိုလည်း မဆက်ဖူး .. မမငွေ



www.burmeseclassic.com

www.burmeseclassic.com



ဘက်က .. ကိုကို့ကို .. အဖက်မတန်ထားတယ်ဆိုတာ မောင့်ကို ပျိုလေး ပြောပြထားတာရှိဖူးတယ်လေ .. အဲဒါ .. နောက်ဆုံးတစ်ပတ်လောက် ကြာမှ .. ကိုကို့ ဟန်းဖုန်းကိုဆက်တော့လည်း စက်ပိတ်ထားတယ်ချည်း ဖြစ်နေ .. ကြာလာတော့ .. မောင်က .. စံကားမြိုင်ကိုဆက်မယ်လို့ပြော တယ် .. ပျိုလေး တားသေးတယ် .. ပျိုလေး ပဲ ဆက်ပါ့မယ်လို့ပြော တာ .. မရဘူး .. မောင်က သူဆက်မယ်တဲ့ .. မမငွေ က ပျိုလေး ကို လည်း ကြည့်ရတာမှမဟုတ်တာတဲ့ .. စကားအကောင်းပြန်မပြောရင် စိတ်ထဲ ပျိုလေး ပဲ ခံစားရမှာတဲ့ .. အဲဒါ .. ဆက်တယ် .. မမငွေ ရဲ့ လည်း တိုးတယ် .. ဘာပြန်ပြောတယ်ထင်လဲ .. သူ့မောင်ကို ဘာလုပ် လွှတ်လိုက်ကြသလဲတဲ့ .. သူ့မောင် ပြန်လာပြီး .. လက်ဆောင်တွေပေး ကန်တော့ပြီး သွားလိုက်တာ .. လုံးဝ အဆက်ပြတ်ပဲတဲ့ .. သူက စပျစ်ခြံပြန်မယ်ထင်ခဲ့တာတဲ့ .. ဒေါ်ကြီးထား တို့ နောက်တစ်နေ့ စပျစ်ခြံ ရောက်တော့မှ .. သူ့မောင် .. ပြန်ကိုမလာတော့တာသိကြရတာတဲ့ .. ကားဂိတ်သွားစုံစမ်းတော့လည်း .. ခရီးသည်စာရင်းထဲမှာ သူ့မောင် မပါ နေဘူးတဲ့ .. အဲဒါ .. မောင့်ကို ပြောထည့်လိုက်တာမှ .. သူ့မောင်ကို သူ မုန်းသလိုလုပ်ခဲ့သမျှ .. ခုကျတော့ ရင်ထဲမကောင်းဘူးတဲ့ .. နှလုံး ကျိတ်ခံစားပြီး .. ဘယ်သူ့ကိုမှ အပြစ်မပြောဘဲ ထွက်သွားလိုက်တာ ပြန်ပြန်တွေးရင်း .. ရင်ထဲ .. မချိဘူးတဲ့ .. ခုကိစ္စက .. သူ့ကြောင့် သူ့ မောင် ထွက်ရတာမဟုတ်ဘူးတဲ့ .. ပျိုလေး တို့ မြစ်မင်းရေကို အသွား ကောင်းလို့ .. ဘာတွေဖြစ်ခဲ့တယ်မသိဘူးတဲ့ .. ခု .. ပျောက်နေပြီတဲ့ .. အဲသလိုပြောထည့်တာ .. အဲဒါ .. မောင်ကလည်း ပျိုလေး ကို မေးတာ ပေါ့ .. ပျိုလေး တစ်ခုခုပြောလိုက်သလားပေါ့ .. အဲသလို .. အမေးခံရ တာ .. ကိုကို့ကြောင့်သိလား .. မောင် အပြောခံရတာလည်း ကိုကို့ ကြောင့်ပဲ .. အဲသလို တိတ်တိတ်လေး ပြန်ချင်တယ်ဆိုရင် .. ဘာလို့ အစကတည်းက လာချင်နေရသလဲ .. ဟင် .. ဟင် ..''





ညီမလေး ဆက်တိုက်ပြောနေသည်။ မျက်နှာလေးအမ်းရနေ၏။ နီမြန်းမြန်းဖြစ်နေသည်။ လက်မွေ့အိတ်လေးကို ကိုင်ထားသည့် လက်လေး တွေ မသိမသာတုန်နေကြ၏။

"ခုလည်းကြည့် .. ဘွားရဲ့ မွေးနေ့မို့ .. ပန်းလာဝယ်တာ .. ပန်း လန်းလန်းလှလှ .. စိတ်တိုင်းကျရွေးနိုင်အောင် ပန်းဈေးကိုလာဝယ်ရ တာ .. ဘွားကပြောတယ် .. ပျိုလေး က တောသူတဲ့ .. ပန်းလက်ရွေးစင် တွေ ရှာဝယ်နိုင်မှာပါတဲ့ .. ဘွားက နှင်းဆီပန်းအဖြူတွေချည်းလိုချင် တယ် .. ဘုရားစုံဖူးပြီး လှူမယ်လို့ပြောတာမို့ .. မြစ်မင်းရေ ပန်းခြံထဲမှာ က နှင်းဆီပန်းအဖြူက နည်းတယ် .. ဒါကြောင့် နှင်းဆီအဖြူတွေချည်း လှူချင်တဲ့ ဘွားအတွက် .. မနက်စောစော .. ပန်းဈေးကို လာခဲ့ရတာ.. တော်သေးတယ် .. မောင် မနေ့ညက .. အလုပ်တွေများနေလို့ အိပ်ချိန် နောက်ကျတာနဲ့ .. မနိုးတာမို့ .. အိမ်ကဒရိုင်ဘာ ကိုသက် နဲ့ ကားမောင်း ပို့နိုင်းလို့ပေါ့ .. မောင်သာပါလာရင် .. ကိုကို့မြင်ပြီး .. ဘာပြောမလဲ.. ဘာလို့ .. ခုလို .. စုတ်ပြတ်ပြတ်ဖြစ်နေတဲ့ ကိုကိုအဖြစ် နေပြနေရတာ လဲ .. ဘာလို့ .. ညီမလေးနေတဲ့မြို့ကိုမှ တမင်လာပြီး ဒီလိုလုပ်ပြနေရ တာလဲ .. ဘာလဲ ကိုကိုက .. တစ်နေ့မဆုံတစ်နေ့ဆုံ .. ကိုကို့ကို မြစ်မင်းရေ ကလူတွေ တွေ့ကြုံကြရင် .. ပျိုလေး ရဲ့ အစ်ကိုဆိုတာ မွဲပြာပြာနေ တဲ့လူ .. ရုပ်ကလည်းဆိုးသေး .. မွဲတေတေလည်းနေသေးဆိုတာမျိုးဖြစ် အောင် .. လူပုံအလည်မှာ အရှက်ခွဲပြချင်နေတာလား .. ဟုတ်လား .. ဘာလဲ ကိုကို .. ဒါ .. ဒါ .. ကလဲ့စားချေတာလားဟင် ..''

သူ အံ့ဩသွားသည်။ ညီမလေး တောက်လျှောက်ပြောနေသမျှ သူ ခေါင်းကို မဖော်ဘဲ ငုံ့ခံနေမိရာမှ ညီမလေးကို ကြောင်ကြောင်ကြီး ကြည့်မိရပါပြီ။ ကလဲ့စားချေသည်တဲ့လားလေ ..။ ဤမျှ .. ညီမလေးကိုချစ် သည့်အစ်ကိုတစ်ယောက်ထံမှာ .. ကလဲ့စား .. ဆိုသည့်ခံစားချက်တွေ ရှိမလာနိုင်ဆိုတာလေးလောက်တော့ ညီမလေး တွေးပေးဖို့ကောင်းပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်သက်တာလုံး အစ်ကို့လက်ပေါ် ကြီးသည့်ကလေး ..။ အစ်ကို ချစ်သည့် ကလေး ..။ ခု .. အချိန်မှာ .. ဤမျှအထိ .. သူ့အပေါ် မသက်သာ ဖြစ်နေပြီတဲ့လား ..။ သံသယဝင်နေပြီတဲ့လား ..။ သူ့ရင်ကို မမြင်တတ်ပြီ တဲ့လား ညီမလေးရယ်လေ ..။ ရွာမှ ထွက်ခဲ့စဉ်က သူ့ကို ဘယ်သူမှ ခြေရာခံမရအောင် လမ်းဘေးသစ်ရိပ်မှာ ကားကြုံစီးခဲ့သည်ပဲလေ .. ဒါပေမယ့် .. သူ .. ပြန်၍ ရှင်းမပြနေတော့ပါ ..။ စိတ်ဆောင်ရာအတိုင်း ညီမလေး ပြောနေခိုက်မှာ ဘေးဘီမှာ လူသွားပြတ်နေသည်မှမဟုတ်ဘဲ လေ ..။ လူနည်းနည်းလေးရှင်းတာပဲ ရှိတာမို့ ..။ ဈေးထောင့်နေရာလေး မှာ သွားလာဖြတ်သန်းသူတစ်ချို့ ကွက်ကြည့်ကွက်ကြည့် ဖြစ်လာနေ ကြပြီ။ ညီမလေး အာရုံထားမိပုံမရ ..။

"နုလည်း .. ခင်မေ ကြောင့် .. အိမ်ရောက်ရင် .. ကိုကို .. ဘယ်လို မွဲတေနေတယ်ဆိုတာ အားလုံးသိကုန်ကြတော့မှာပဲ .. ဘာလဲ .. ဒီဈေး မှာ ကိုကို .. ကူလီလုပ်နေတာလား .. ဟုတ်လား .."

ကူလီ ..။ ရင်ထဲဆို့နေသည်။ ကြေကွဲနေရပြီ။ ပန်းခြင်းအလွတ်တွေ စီထပ်၍ ထမ်းပြန်သည့် သူ့ကို ကူလီဟု ညီမလေးထင်နေပုံရပါ၏။

"ဘာလို့ .. ဒီလိုအောက်ကျနောက်ကျအလုပ်ကို .. ဒီမြို့မှာမှ ကိုကို တမင်ရွေးပြီး လာလုပ်ပြနေရတာလည်း ကိုကို .. ကိုကို့မှာ စပျစ်ခြံရှိနေ တာပဲဥစ္စာ .. ဟင် .. ဟင် .."

ဟု မေးနေခိုက် ..

"ညီမလေးကို .. မြင်ချင်လို့ပါကွယ် .. ညီမလေး မသိအောင် .. ကိုကို .. လာလာပြီး .. ခိုးကြည့်ချင်လို့ပါကွယ် .."

သူ ရှင်းပြချင်သည်။ သူ့ရင်ထဲမှ ညီမလေးကို ချစ်သည့်အချစ်တွေ ပဲရှိနေကာ ထိုအချစ်၏ စိတ်စေရာကို လိုက်လိုက်လုပ်မိနေသမျှ နောင်တ ဖြင့် ကိုယ့်စကားကို ပွင့်မကျလာအောင် ပြန်၍ထိန်းရသည်ကလည်း သူပဲဖြစ်နေပါ၏။





"ခု .. ကြည့်စမ်းပါဦး .. ပန်းဝယ်ဖို့လာတုန်း .. ရင်ဆိုင်တိုးတော့.. ကိုကို ခေါ်လိုက်တဲ့ ညီမလေးဆိုတာ .. ဘေးကကြားတော့ .. ဘာပြော ကြမလဲ .. ဟင် .. ဒီလောက်ထိကွာခြားနေတဲ့သူနှစ်ယောက်ကို ဘာ မဝေဖန်ကြမလဲ .. ကိုကို .. ဘာသဘောနဲ့လုပ်တာလဲ .. ဒီကို .. လာတယ် ဆိုရင်တောင်မှ .. ဒီလိုအလုပ်ကိုလုပ်ပြရမလား .. ဒီလိုလုပ်ပြဖို့ တမင် သက်သက်လာတာမဟုတ်လား .. မဟုတ်လား .. ဒါ .. ဒါ .. ပျိုလေး ရဲ့ မေမေက .. ကိုကို့ ဖေဖေကို ယူခဲ့လို့ .. ပျိုလေး ရဲ့ ဖေဖေ .. ဖြစ်လာ လိုက်ရလို့ .. ပြီးတော့.. ဖေဖေ့ ဘဝထဲကို .. ကိုကိုတို့မောင်နှမ နှစ်ယောက် ထဲမဟုတ်ရတော့ပဲ .. ပျိုလေး ရဲ့ မေမေ ပတ်သက်လာလို့ .. ပျိုလေး ကို .. ကလဲ့စားချေတာလား .. ဟုတ်လား .."

ဟု ဆက်တိုက်မေးလာတော့ သူ ဤတစ်ကြိမ်မှာ နှလုံးအိမ်ဖျန်းဖျန်း ပါအောင် ကွဲကုန်သည်သို့ ခံစားရပါပြီတည်း ..။ သူ .. လက်ကမချချစ် ရပါသည့် ညီမလေး ..။ သူလည်း အသက်ဆယ့်သုံးနှစ်သားလေးပဲ သေးသည်။ ဤညီမလေးကို .. သူ ထိန်းခဲ့ခြင်း ..။ ဆယ့်သုံးနှစ်သား ထိန်သာ က .. ခင်နှီးထုပ်လေးနှင့် ညီမလေးကို ထိန်းခဲ့ခြင်း ..။ ချစ်ခဲ့ ခြင်း ..။ တစ်လျှောက်လုံးလည်း သူ ချစ်၍မဝ ..။ ရင်ထဲထုတ်၍ကိုမရ..။ အရိပ်တကြည့်ကြည့်ချစ်ရပါသည့် ညီမလေး ..။ သူ၏ ညီမလေး၏ နှုတ်မှ .. လက်စားချေခြင်းဆိုတာကို .. သူ့အပေါ် တပ်အပ်စွပ်စွဲလာတတ် နေချေပြီတကား ..။

သူ .. မယုံနိုင်သလို ညီမလေးကို ဤတစ်ကြိမ်မှာတော့ ရင်ကွဲပက် လက်ကြည့်မိရပါ၏။ သူ့နှုတ်ခမ်းတွေ တုန်နေသည်။ လက်တွေတုန်ခါ နေသည်။ လည်ချောင်းတနင်နင်ဖြင့် ဖြစ်နေသည်။ နှလုံးအိမ်ရှိ သွေးကြော မျှင်တို့ပြတ်တောက်ခံနေရသည်သို့ ခံစားနေရသည်။ ပြင်းပြနာကျင်ပွန်း နေသော ခံစားမှု ..။ ဒါပေမယ့် .. သူ .. ညီမလေးကို အပြစ်မမြင်ရက်.. ကလေးပေပဲလေ .. ဆိုသည့်ဇောဖြင့် .. ညီမလေး၏ ခေါင်းကို ဖွဖွပုတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။ ခွင့်လွှတ်ခြင်း၏ အမှတ်အသား ...။ ချစ်ခြင်းတို့၏ သင်္ကေတ ...။ ဒါပေမယ့် တစ်ချက်ပဲ အပုတ်ခံသည်။ ညီမလေး ခေါင်းကိုတိမ်း၏။ သူ့လက်ထဲ ပိုက်ဆံအိတ်ကို ဆတ်ခနဲထည့်ပေး၏။

"ကိုကို .. ငွေရဖို့ ကုလီထမ်းစရာမလိုပါဘူး ကိုကို .. ပိုက်ဆံယူပါ .. ပျိုလေး ရဲ့ ပိုက်ဆံကိုယူပါ .. ရွာကိုပြန်ပါ .. ဟိုမှာ .. ကိုကို့မမငွေ က မေတ္တာတွေနဲ့ စောင့်နေတာပါ .. ပျိုလေး သာ မိတူဖတူ မောင်နှမမရှိတဲ့ နံ့သာပျို အဖြစ် .. အပြစ်တင်ခံအဖြစ် .. ရှိနေရစ်ရမှာပါ.."

ဟု ပြောကာ လှည့်ထွက်သွားတော့ သူ လက်ထဲမှ ရွှေရောင်အဖိုးတန် ပိုက်ဆံအိတ်ကို ငေးစိုက်ကြည့်မိရ ...။ ကျန်ရစ်ခဲ့ရပါပြီ ...။ လိုက်သွား၍လည်း မဖြစ်တော့ပြီ ...။ ညီမလေးသည် အရှက်လွန်နေသည့် ညီမလေးဖြစ်နေသည်။ လောလောဆယ်မှာ .. ဤပိုက်ဆံကို သူ လိုက်ပေးလျှင် ဘေးကကြည့်ကြဦးမည်။ အဖိုးတန်ရွှေရောင်ပိုက်ဆံအိတ်တစ်ခုသည် ကုလီရုပ်ပေါက်နေသူတစ်ယောက်နှင့် ဘယ်လိုမှ အပ်စပ်သောပစ္စည်းမဟုတ် ...။ ထိုသို့သော ပိုက်ဆံအိတ်ကို ကိုင်ကာ .. ကိုင်ကာဖြင့် ညီမလေးကို ပြန်လိုက်ပေးနေလျှင် ...။ ညီမလေးကို ပို၍အရှက်ကွဲအောင်လုပ်နေတာနှင့် မခြား ...။ ဘေးကကြည့်ကြချေမည်သာ ...။ ဘယ်လိုတွေလဲ .. ဟု အကဲခတ်ကြချေမည်သာ ...။ သူ ခေါင်းငိုက်စိုက်ကျကာ မျက်ရည်ကျလာသည်။ ကလှဲ့စားချေသည်တဲ့လားလေ ...။ သူ့လက်တွေကို ငေးစိုက်ကြည့်မိသည်။ ဤလက်တွေဖြင့် ညီမလေးကို သူ မွေ့ချီခဲ့သည်။ ချော့မြူခဲ့သည်။ ချေးဝတ်သေးဝတ်လျှော်ခဲ့သည်။ ချေးဝတ်သေးဝတ် လဲခဲ့သည်။ တင်ပါးလေးကိုပုတ်၍ .. ကျောလေးကိုပုတ်၍ .. ဆံစလေးကို သပ်၍ ချော့သိပ်ခဲ့သည်။ ခြင်ယင်တို့ မနားအောင် ယပ်တောင်လေး တယမ်းယမ်းဖြင့် ရှိခဲ့သည်။ ဩော် .. ခုတော့ .. သူ့လက်ထဲမှာ .. ချမ်းသာရာ ညီမ၏ ပိုက်ဆံအိတ်ကရှိနေပြီ။ ကလှဲ့စားချေသူတစ်ယောက်၏ လက်ထဲသို့ထည့်ခဲ့သည့် သက်ရောက်မှုဖြင့်ရှိနေပါသည့် ပိုက်ဆံအိတ်...။





သူ .. ဤအရာကို .. ဤစွပ်စွဲမှု .. ဤသံသယ .. ဤမြား နက်ရှိုင်းကြေကွဲနေသည့် ညီမလေး၏ အရှက်သည်းမှုတွေကို .. ဤ ပိုက်ဆံအိတ်ထဲထည့်၍ သယ်ဆောင်နေရတာနှင့် မခြား ...။ နေရာမှ သူ ရွေ့သည်။ မျက်ရည်သည် အတောမသတ် ...။ ခြေလှမ်းသည် ပထမတော့ လေးနေသည်။ နောက်တော့ ကြေကွဲရှိန်ဖြင့် မြန်လာနေသည်။ အထိန်းမရှိ ...။ အပြေးဖြစ်လာသည်။ မျက်စိတွေပြာနေသည်။ မျက်ရည်တွေ ဖုံးနေသည်။ ဈေးအပြင်သို့ရောက်ပြီး .. လမ်းတစ်ဖက်ပါကင်မှာ ကားရပ်ထားသည်။ ဒါပဲ စိတ်ထဲမှာသိနေသည်။ ကားလမ်းကို ဖြတ်ကူးသည်မှ အပြေးအလွှား...။ မြင်ကွင်းထဲမှာ လမ်းသည် ဘာမျှမရှိတော့သည့်လမ်း ...။ ကားသံတွေလည်း သူ့နားထဲမှာ ပျောက်နေသည်။ မျက်ဝန်းမှာလည်း မျက်ရည်တွေပဲ ဖုံးနေသည်။ အရမ်းကို မြန်ဆန်လွန်းစွာ ကားလမ်းကိုဖြတ်အကူး ...။ သူ့ကို အရှိန်ပြင်းစွာ တစ်ခုခုက တိုက်လိုက်တာကို မပီဝိုးဝါးဖြစ်နေသည့် လက်ကျန်သတိဖြင့် သူ သိနေရသည်။ သူ့ကိုယ်ကြီး လေထဲမြောက်တက်သွားချိန်မှာ သတိကပြန်ဝင်လာနေပြီ ...။ ငါ .. ကားတိုက်ခံရပြီဟု သိလာခြင်း ...။ လက်ထဲမှာ ပါလာသည့် ပိုက်ဆံအိတ်ကတော့ တင်းခဲစွာ ဆုပ်ကိုင်လျက်သားရှိနေဆဲ ...။ ပခုံးပေါ်ထမ်းလာသည့် ခြင်းတွေကတော့ ပြန့်ကျဲကုန်ပြီ ...။ လူတွေ စုစုရုံးရုံးဖြစ်လာကြ၏။ ကိုမြင့် ပြေးလာနေတာကို သူ သွေးတွေစီးကျနေသည့် နဖူး ...။ ပါးတို့ကိုသုတ်နေရင်း ဝိုးတဝါးမြင်နေရသည်။

နောက်တော့ .. ဖေဖေ ...။ ဖေဖေ လာနေသည်တကား ...။ ဈေးဘက်ဆီမှလည်း လူတွေအုတ်အုတ်ကျက်ကျက်ဖြင့် ထွက်ကြည့်နေကြပြီတည့်...။ သူ .. ရုတ်ခနဲ ဆုတောင်းနေမိသည်။ ညီမလေး မမြင်ပါစေနှင့် ...။ မသိပါစေနှင့် ...။ မခံစားရပါစေနှင့် ...။ မျက်ရည်မကျပါစေနှင့် ...။

သူ့ကို လူတွေဝိုင်းမွေ့ကြတာသိနေသည်။ ဖေဖေကလည်း နားလာနေပြီ ...။ သူ့အာရုံမှာ လက်ဆွဲအိတ်လေးဆွဲ၍ လျှောက်သွားသူမှ ရုတ်ခနဲ



www.burmeseclassic.com

ပြန်လှည့်လာသော ဖေဖေ ..။ ဖေဖေ့ကို နောက်ဆုံးသူတွေ့ခဲ့ရပါသော နေ့ ..။ ဖေဖေ့ထံသို့လည်း သူ ပြေးသွားမိသည်။ ဖေဖေကလည်း ပြေးလာနေသည်။ ဖေဖေ့ ရင်ခွင်မှာ သူ ခိုဝင်မိရင်း ဖေဖေ့ကို အားကုန်ဖက်ထားမိသည့်အဖြစ်များ ..။

"ညီမလေးကို စောင့်ရှောက်ရမယ်နော် သား .. ညီမလေးမှာ .. သားပဲရှိတာ .. သားတစ်ယောက်ပဲရှိတာ .."

ဖေဖေ ပြောခဲ့ပါလေသော စကား ...။

သူလည်း ခေါင်းညိတ်ခဲ့သည်။ ဖေဖေ့ ရင်ခွင်မှာ ဆယ့်သုံးနှစ်သား တစ်ယောက်၏ ကတိပေးသော ခေါင်းလေးတစ်ညိတ် ..။ ခုထိ .. သူ ထိုကတိကို ကျေပွန်ပါရဲ့လားလေ ..။

"ညီမလေး အပေါ် .. သား .. တာဝန်မကျေခဲ့ဖူး ဖေဖေ .. ညီမလေးကို စိတ်ဆင်းရဲအောင် .. အခုလေးတင်မှာပဲ .. သား လုပ်ခဲ့မိပြန်ပြီ ဖေဖေရယ် .. သားကို ခွင့်လွှတ်ပါ .. သားကို ခွင့်လွှတ်ပါ .. ဒါပေမယ့် ဖေဖေရယ် .. သား .. ပင်ပန်းလှပါပြီ .. သား .. ရင်ထဲမှာ မငိုနေချင်တော့ဘူး ဖေဖေရယ် .. သား .. အေးလာလိုက်တာ ဖေဖေရယ် .. သိပ်ချမ်းသာတာပဲ ဖေဖေ .. သားကို ဖက်ထားပါ ဖေဖေရယ် .. ဖက်ထားပါ ဖေဖေရယ် .."

သူ .. ပြောနေမိသည်။ စကားသံတွေ လုံးထွေးနေမှန်း သူသိနေရပါ၏။ ဖေဖေ သူ့ကို ပွေ့ပိုက်လိုက်သည့်နှယ် ခံစားလိုက်ရပြီ ..။ ဖေဖေ့ ရင်ခွင်မှာ ခေါင်းကိုတိုးဝင်မိလိုက်ရပါ၏။ ရုတ်ခနဲတိုးဝင်လာသည်က အသိတစ်ခု ..။ သူ့ကို ရပ်ထားသော ကားတစ်စီးပေါ်တင်နေသည်။ အို .. ပန်းပို့သည့်ကားပါလားလေ ..။ ကိုမြင့် ကို မြင်နေရသည်ဟု သိလာနေရပြန်သည်။ ဖြုတ်ဆို .. ဖေဖေ ရှိနေသည်ဟု ထင်လာပြန်၏။

"သားကို ဖက်ထားပါ ဖေဖေ .. ဖက်ထားပါ ဖေဖေ .."

ဤတစ်ကြိမ်မှာ သူ့လက်တွေရှေ့ကို ကယောင်ကတမ်းနိုင်စွာ





ဆွဲယမ်းလာနေကြသည်။ ဖေဖေ့လက်က သူ့ကို ဖမ်းအဆုပ် ..။ ရှေ့မှာ မြင်လိုက်ရသည်က ကိုင်ထားဆဲ ပိုက်ဆံအိတ်။ ရွှေရောင်အဖိုးတန် ကျောက်စီလက်ကိုင်အိတ်လေး ..။

"အဲဒါ .. ပျိုလေး ရဲ့ ကိုကိုပါ .. ပျိုလေး ရဲ့ ကိုကိုပါ .. ဘုရား ရေ .. ဘယ်လိုဖြစ်တာလဲ .. ဘယ်လိုဖြစ်ကုန်တာလဲ .. လူတွေအုတ်ကျက် နှုတ်ကျက်မို့ လာကြည့်တာ .. ဖြစ်ရလေ .. ဖြစ်ရလေ .. ကိုကို .. ကိုကို.."

ညီမလေး ပြေးလာနေသည်။ တကယ်လား ..။ ညီမလေး တကယ် ပြေးလာနေသည်လား။ ညီမလေး ငိုနေသည်လား ..။ ဟုတ်ပါရဲ့လား..။ သူ စိတ်ထဲစွဲနေ၍ ထင်မိထင်ရာမြင်နေမိခြင်းလား ..။ ဖေဖေ့ကို သူ မော့ကြည့်မိ၏။ ဖေဖေ ပြုံး၍ ခေါင်းညိတ်ပြသည်ဟု သူ ထင်လာသည်။ ထိုစဉ်ခိုက် လက်ထဲမှ ပိုက်ဆံအိတ်သည် လွတ်ကျ၏။ လက်ကိုထိန်းမရ နိုင်တော့ပြီ။ အားအင်မကျန်တော့ပြီ ..။ ချမ်းလှပြီ ..။ အေးစက်စက်ခံစား နောက်က .. တစ်ကိုယ်လုံးကို ဝါးမြိုထားသည်။ ကိုမြင့် ၏ ခေါ်သံကို လည်း ကြားနေရသည်။ ညီမလေး၏ ခေါ်သံကိုလည်း ကြားနေရသည်။ သူ .. ပြုံးပြလိုက်မိပါ၏။ တကယ်များ .. ညီမလေးရှိနေတာမှန်နေလျှင်.. ညီမလေးကို .. ကိုကို ပြုံးပြခဲ့ခြင်းဟု မှတ်ပါလေ ညီမလေး ..။ အကယ် ၍ .. ကိုကို .. ညီမလေးကိုစွဲနေသည့်စိတ်ဖြင့် .. လာနေသည်ဟု .. ထင် ယောင်ထင်မှားဖြစ်နေလျှင်လည်း .. ညီမလေးကို နှုတ်ဆက်ခဲ့သည့် အပြုံး ဟု ကိုကို မှတ်ယူခဲ့ပါသည် ညီမလေးရယ်လေ ..။ ဒါပေမယ့် .. ကိုကို ၏ .. သစ္စာတည်၍ အချစ်ကိုတော့ .. ချန်ထားရစ်ခဲ့ပါမည် ..။ ချန်ထား ရစ်ခဲ့ပါသည် ညီမလေး ..။ သူ့ နှုတ်ခမ်းမှ အပြုံးသည် .. ပျက်ပြယ်ခြင်း ရှိစွာ ကျန်ရစ်ခဲ့ချေသည်တကား ..။

ညီမလေးရေ ...

ပေးဆပ်ရချေမည်လား

အသက်အပျားကို နှင်းအပ်

www.burmeseclassic.com



မြင့်မြတ်ရာနှလုံးသား
ခရီးရှည်သွားတဲ့မေတ္တာ
တစ်သက်တာ မိုင်တိုင်အဆုံး၏ တစ်ဖက်
တမလွန်ပန်းခတ်နဲ့ လှေငယ်
ချောင်းစွယ်အထိရောက်ရောက်
အစ်ကိုတစ်ယောက်ရဲ့အချစ်
ညီမရင်နှစ်ရွှေစင်နှစ်အတွက်
ထားရစ်ခဲ့လျက် ထွက်ခွာမည် ...
သစ္စာတည်ကြ၍အချစ် ချန်ရစ်ခဲ့မည် ...။
ဪ ..
သစ္စာတည်ကြ၍အချစ် ချန်ရစ်ခဲ့သည် ....။

မှူဝေခံစားခြင်း ရှုစွာဖြင့် ...



မတူရာ (ရွှေဒိုင်းသော်)
(၂၃-၄-၂၀၁၅)

အမှတ်–၉၀၊ အုန်းတောလမ်း
ဒေါ်ဥရူရပ်ကွက်၊ လွိုင်ကော်မြို့
ကယားပြည်နယ်။
ဖုန်း–၀၈၃–၂၁၃၂၃



www.burmeseclassic.com